ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်

# EDU2104

## သင်ရိုးညွှန်းတမ်းနှင့်
## သင်ပြနည်းဆိုင်ရာလေ့လာမှုများ -
## မြန်မာစာ

ကျောင်းသားကိုင်စာအုပ်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများအား မြန်မာနိုင်ငံမူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံသင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးဒီဂရီကောလိပ် ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာ ကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်းကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ပညာရေးဒီဂရီကောလိပ်ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာအသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည် သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား များကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်း များဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့်အခါ တွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည့်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)

၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်

၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ် အကဲဖြတ်ခြင်း)

ပညာရေးဒီဂရီကောလိပ်၌ ပညာသင်ယူပြီးမြောက်ပြီးချိန်တွင်လည်း ပညာရေးဒီဂရီကောလိပ် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့ပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ် တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာနက အကြံပေးလမ်းညွှန်မှုပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို - UNESCO) ၏ “မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး” (Strengthening Pre-service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။

# မာတိကာ

နိဒါန်း ....................................................................................................................................က

မာတိကာ ..................................................................................................................................ဃ

ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။..................................................................၁

အခန်း ၁။ မြန်မာစာဘာသာရပ် မိတ်ဆက် .................................................................................၁၈

၁.၁။ ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်းအကျဉ်း .................................................. ၂၀

၁.၁.၁။ အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်း.................. ၂၀

၁.၁.၂။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်း
မိတ်ဆက် ................................................................................. ၂၆

၁.၁.၃။ အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်းနှင့်
ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်းတို့၏
ချိတ်ဆက်မှု ..............................................................................၃၄

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ....................................................................၄၁

အခန်းဆုံးအနှစ်ချုပ် ......................................................................................................၄၂

အဓိကအချက်များ..................................................................................................၄၂

အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ....................................................................၄၃

ဆက်လက်ဖတ်မှတ်စရာများ ....................................................................................၄၃

အခန်း ၂။ ဘာသာစကားဖွံ့ဖြိုးမှုနှင့် သင်ယူမှု.......................................................................၄၄

၂.၁။ ဘာသာစကားဖွံ့ဖြိုးမှု..............................................................................................၄၇

၂.၁.၁။ ဘာသာစကား၏ လုပ်ငန်းတာဝန်များ ..................................................၄၇

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ....................................................................၅၅

၂.၂။ ဒုတိယဘာသာစကား တတ်မြောက်မှု...........................................................................၅၆

၂.၂.၁။ ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့်အထက်
သင်ယူတတ်မြောက်ခြင်း ....................................................................၅၆

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၆၃
၂.၃။ ဘာသာစကား သင်ယူမှုကို ပံ့ပိုးခြင်း ........................................ ၆၄
၂.၃.၁။ ပညာသင်ယူရေးဘာသာစကား ဖွံ့ဖြိုးမှုကို ပံ့ပိုးခြင်း ........................................ ၆၄
၂.၃.၂။ ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသော ကလေးများအား ပံ့ပိုးကူညီခြင်း .... ၇၀
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၇၈
အခန်းဆုံးအနှစ်ချုပ် ........................................ ၇၉
အဓိကအချက်များ ........................................ ၇၉
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................ ၈၀
ဆက်လက်ဖတ်မှတ်စရာများ ........................................ ၈၁
အခန်း ၃။ မြန်မာစာ မြန်မာစကား ........................................ ၈၃
၃.၁။ မြန်မာဘာသာစကား ဖြစ်ထွန်းတိုးတက် ပြောင်းလဲလာပုံ ........................................ ၈၆
၃.၁.၁။ ခေတ်သုံးမြန်မာစကား ........................................ ၈၆
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၉၅
၃.၂။ မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများ ........................................ ၉၆
၃.၂.၁။ စကားသံပြောင်းလဲမှု ........................................ ၉၆
၃.၂.၂။ ဝေါဟာရကြွယ်ဝမှု ........................................ ၁၀၃
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၁၁၁
၃.၃။ မြန်မာစာ အရေးအသားစနစ် ........................................ ၁၁၂
၃.၃.၁။ စာလုံးပေါင်းသတ်ပုံ ........................................ ၁၁၂
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................ ၁၁၉
၃.၄။ မြန်မာသဒ္ဒါ ........................................ ၁၂၀
၃.၄.၁။ မြန်မာသဒ္ဒါအခြေခံ ........................................ ၁၂၀
၃.၄.၂။ နာမ်အစု ........................................ ၁၂၆

၃.၄.၃။ ကြိယာအစု ........ ၁၃၇
၃.၄.၄။ အထူးပြုအစု ........ ၁၄၅
၃.၄.၅။ အဆက်ပစ္စည်းများ ........ ၁၅၅
၃.၄.၆။ ဝါကျရိုး ........ ၁၇၁
၃.၄.၇။ ဝါကျရောနှင့် ဝါကျကဏ္ဍ ........ ၁၇၉
၃.၄.၈။ မြန်မာသဒ္ဒါသင်ကြားနည်း ........ ၁၈၇
၃.၄.၉။ သင်ခန်းစာပြင်ဆင်ခြင်း ........ ၁၉၂
၃.၄.၁၀။ လက်တွေ့သင်ကြားခြင်း ........ ၁၉၈
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........ ၂၀၂
အခန်းဆုံးအနှစ်ချုပ် ........ ၂၀၃
အဓိကအချက်များ ........ ၂၀၃
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........ ၂၀၇
ဆက်လက်ဖတ်မှတ်စရာများ ........ ၂၀၈
အခန်း ၄။ အပြောဘာသာစကား (အနာအကြားနှင့် အပြောအဆို) ကျွမ်းကျင်မှုများ ........ ၂၁၂
၄.၁။ အပြောဘာသာစကား ဖွံ့ဖြိုးမှု ........ ၂၁၅
၄.၁.၁။ အနာအကြား၏ သဘောသဘာဝ ........ ၂၁၅
၄.၁.၂။ အပြောအဆို၏ သဘောသဘာဝ ........ ၂၂၁
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........ ၂၂၈
၄.၂။ အပြောဘာသာစကား စွမ်းရည်များကို သင်ကြားသင်ယူခြင်း ........ ၂၂၉
၄.၂.၁။ အနာအကြားစွမ်းရည်များ ဖွံ့ဖြိုးရန် သင်ကြားခြင်း ........ ၂၂၉
၄.၂.၂။ အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးရန် သင်ကြားခြင်း ........ ၂၄၁
၄.၂.၃။ သင်ခန်းစာပြင်ဆင်ခြင်း ........ ၂၅၂
၄.၂.၄။ လက်တွေ့သင်ကြားခြင်း ........ ၂၅၉

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........ ၂၆၄
အခန်းဆုံးအနှစ်ချုပ် ........ ၂၆၅
အဓိကအချက်များ........ ၂၆၅
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........ ၂၆၆
ဆက်လက်ဖတ်မှတ်စရာများ ........ ၂၆၆
အခန်း ၅။ အဖတ်အရွတ်နှင့် အရေးအသား ကျွမ်းကျင်မှုများ........ ၂၆၈
၅.၁။ စာဖတ်ကျွမ်းကျင်မှုများ ........ ၂၇၁
၅.၁.၁။ စာဖတ်တတ်ကျွမ်းမှု........ ၂၇၁
၅.၁.၂။ စာသားပုံစံအမျိုးမျိုး........ ၂၇၆
၅.၁.၃။ စာဖတ်ခြင်းပုံစံအမျိုးမျိုး........ ၂၈၃
၅.၁.၄။ စာဖတ်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ (သို့မဟုတ်) လုပ်ငန်းစဉ်များ ၂၈၈
၅.၁.၅။ မီဒီယာတတ်ကျွမ်းမှု........ ၂၉၅
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........ ၃၀၂
၅.၂။ စာဖတ်ကျွမ်းကျင်မှုများကို သင်ကြားသင်ယူခြင်း........ ၃၀၃
၅.၂.၁။ စာပါအကြောင်းအရာကို ယေဘုယျနားလည်သဘောပေါက်ရန် သင်ကြားခြင်း ........ ၃၀၃
၅.၂.၂။ ဝေါဟာရကြွယ်ဝရန်အတွက် သင်ကြားခြင်း ........ ၃၁၃
၅.၂.၃။ သတင်းအချက်အလက်များ ရယူနိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း ........ ၃၂၀
၅.၂.၄။ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း ........ ၃၂၇
၅.၂.၅။ ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်နိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း ........ ၃၃၄
၅.၂.၆။ ရသခံစားမှုအတွက် စာဖတ်ခြင်းကို သင်ကြားခြင်း........ ၃၄၁

၅.၂.၇။ စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီပေးခြင်း ...............၃၄၉
၅.၂.၈။ သင်ခန်းစာပြင်ဆင်ခြင်း ..................................................................... ၃၅၈
၅.၂.၉။ လက်တွေ့သင်ကြားခြင်း .......................................................................၃၆၄
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........................................................................ ၃၇၀
အခန်းဆုံးအနှစ်ချုပ် ......................................................................................................၃၇၁
အဓိကအချက်များ......................................................................................................၃၇၁
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း .....................................................................၃၇၄
ဆက်လက်ဖတ်မှတ်စရာများ ........................................................................................ ၃၇၅
ခက်ဆစ်အဘိဓာန် ........................................................................................................ ၃၇၉
ကျမ်းကိုးစာရင်း............................................................................................................. ၃၈၆

# ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။

## မြန်မာစာ ကျောင်းသားကိုင်စာအုပ်ကို မည်သူအသုံးပြုမည်နည်း။

ဤပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ကျောင်းသားကိုင်စာအုပ်ကို မြန်မာစာ ဘာသာရပ် သင်ယူရာတွင် အထောက်အကူပြုစေရန် ပြင်ဆင်ရေးဆွဲထားပါသည်။ ဤကျောင်းသားကိုင်စာအုပ်တွင် မြန်မာစာဘာသာရပ်နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို တွေ့ရှိရမည် ဖြစ်သည်။ ထိရောက်စွာ သင်ကြားပို့ချပေးနိုင်သည့် မြန်မာနိုင်ငံ၏ ဆရာကောင်းတစ်ဦး ဖြစ်လာစေရေးတွင် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ဖွံ့ဖြိုးစေမည့် သင်ယူမှုလုပ်ငန်းများနှင့် ဆက်လက်ဆည်းပူးစရာများကိုလည်း ဤကျောင်းသားကိုင်စာအုပ်တွင် တွေ့ရှိရပါလိမ့်မည်။ သင်သည် ဤကျောင်းသားကိုင်စာအုပ်ကို စာသင်ခန်းအတွင်း အဓိက ဆည်းပူးစရာစာအုပ် အဖြစ်လည်းကောင်း၊ ကိုယ်တိုင်လေ့လာ ဆည်းပူးစရာစာအုပ် အဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

ဤကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော အကြောင်းအရာများကို ကျောင်းသားများ[၁] အတွက်ဟု အမည်တပ်ထားသော်လည်း သင်တို့အား မြန်မာစာဘာသာရပ်မှ အခြေခံတတ်ကျွမ်းမှုများရအောင် ပံ့ပိုးကူညီပေးပြီး အနီးကပ်ကြည့်ရှု၊ ထောက်ပံ့ကူညီကြမည့် ဆရာများ[၂] အတွက်လည်း ဆည်းပူးစရာ အကြောင်းအရာများ ဖြစ်ပါသည်။ ဤဘာသာရပ် တစ်ခုလုံးတွင် သင်တို့နှင့် သင်တို့၏ ဆရာသည် ကျောင်းသားကိုင်စာအုပ်အား သင်ယူရေး ကိရိယာ တစ်ခုအဖြစ် အသုံးပြုပြီး အတူပူးပေါင်း လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

## မြန်မာစာကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ကြားရေးအစီအစဉ်တွင် ဒုတိယနှစ် မြန်မာစာ ဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၄၈ ချိန်၊ ဒုတိယစာသင်နှစ်ဝက်တွင် ၄၀ ချိန်) တစ်နှစ်လျှင် စုစုပေါင်းစာသင်ချိန် (၈၈) ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့် နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

## ဒုတိယနှစ် မြန်မာစာ ကျောင်းသားကိုင်စာအုပ်တွင် မည်သည့်အရာများပါဝင်သနည်း။

ဤမြန်မာစာ ကျောင်းသားကိုင်စာအုပ်၏ ဖွဲ့စည်းထားပုံနှင့် အကြောင်းအရာများသည် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် မြန်မာစာဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

---

[၁] ဤကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။

[၂] ဤကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

# ဒုတိယနှစ် မြန်မာစာ ကျောင်းသားကိုင်စာအုပ်တွင် မည်သည့်အရာများ ပါဝင်သနည်း။

ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းပုံနှင့် ပါဝင်သည့် အကြောင်းအရာများသည် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် မြန်မာစာ သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

ဒုတိယနှစ် မြန်မာစာဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

၁။ မြန်မာစာဘာသာရပ် မိတ်ဆက်

၂။ ဘာသာစကားဖွံ့ဖြိုးမှုနှင့် သင်ယူမှု

၃။ မြန်မာစာ မြန်မာစကား

၄။ အပြောဘာသာစကား (အနားအကြား နှင့် အပြောအဆို) ကျွမ်းကျင်မှုများ

၅။ အဖတ်အရွတ်နှင့် အရေးအသား ကျွမ်းကျင်မှုများ

၆။ မြန်မာစာပေ သင်ကြားခြင်း

၇။ စစ်ဆေးအကဲဖြတ်ခြင်း

အခန်းတစ်ခုစီတွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများအား လုပ်ဆောင်ရာတွင် သင်ခန်းစာ ခေါင်းစဉ်နှင့် ဆိုင်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ နက်နဲစွာ တတ်မြောက် ရရှိသွားစေရန် တစ်ဦးချင်း (သို့မဟုတ်) အတန်းဖော်များ၊ အတန်းဆရာနှင့် ပူးပေါင်းပြီး ပါဝင် လုပ်ဆောင်ကြရပါမည်။ အောက်တွင် ဖော်ပြထားသော မာတိကာအကြောင်းအရာဇယားတွင် အခန်းတစ်ခန်းစီအတွက် မျှော်မှန်းထားသော သင်ယူမှုရလဒ်နှင့် အချိန်သတ်မှတ်ချက်ကို ပေးထားပါသည်။

## ဇယား (က)။ ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်၊ မြန်မာစာ မာတိကာအကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၁။ မြန်မာစာဘာသာရပ်မိတ်ဆက် | ၁.၁။ ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းအကျဉ်း | ၁.၁.၁။ အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း | • အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ နှင့် ဖွဲ့စည်းပုံကို ရှင်းပြတတ်မည်။ | (က)(၄.၁) | (က)(၄.၁.၁) | ၁ |
| | | ၁.၁.၂။ ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း မိတ်ဆက် | • ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံတို့ကို ရှင်းပြတတ်မည်။ | (က)(၄.၁) | (က)(၄.၁.၁) | ၁ |
| | | ၁.၁.၃။ အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း နှင့် ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း တို့၏ ချိတ်ဆက်မှု | • အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်းနှင့် ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းတို့၏ ချိတ်ဆက်မှုကို နှိုင်းယှဉ်တတ်မည်။ | (က)(၄.၁) | (က)(၄.၁.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၂။ ဘာသာစကားဖွံ့ဖြိုးမှုနှင့်သင်ယူမှု | ၂.၁။ ဘာသာစကားဖွံ့ဖြိုးမှု | ၂.၁.၁။ ဘာသာစကား၏ လုပ်ငန်းတာဝန်များ | • ဘာသာစကား၏ လုပ်ငန်းတာဝန်များကို ရှင်းပြတတ်မည်။<br>• ပညာရှင်သုံးဦးက ဖော်ထုတ်ထားသည့် ဘာသာစကား၏ လုပ်ငန်းတာဝန် အမျိုးမျိုးကို နှိုင်းယှဉ် သုံးသပ်တတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | ၂.၂။ ဒုတိယ ဘာသာစကား တတ်မြောက်မှု | ၂.၂.၁။ ဘာသာစကား နှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့်အထက် သင်ယူ တတ်မြောက်ခြင်း | • ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့် အထက် သင်ယူ တတ်မြောက်ရန် ပံ့ပိုးနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။ | (က)(၅.၂) | (က)(၅.၂.၁) | ၁ |
| | ၂.၃။ ဘာသာစကား သင်ယူမှုကို ပံ့ပိုးခြင်း | ၂.၃.၁။ ပညာ သင်ယူရေး ဘာသာစကား ဖွံ့ဖြိုးမှုကို ပံ့ပိုးခြင်း | • ပညာသင်ယူရေး ဘာသာစကား ဖွံ့ဖြိုးလာရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၂.၃.၂။ ဘာသာစကား ဖွံ့ဖြိုးမှု အားနည်းသော ကလေးများအား ပံ့ပိုးကူညီခြင်း | • ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများအား ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။ | (က)(၁.၂) | (က)(၁.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၃။ မြန်မာစာ မြန်မာစကား | ၃.၁။ မြန်မာ ဘာသာစကား ဖြစ်ထွန်းတိုးတက် ပြောင်းလဲလာပုံ | ၃.၁.၁။ ခေတ်သုံး မြန်မာစကား | • ခေတ်သုံး မြန်မာစကားတွင် အပြောနှင့်အရေး၏ ကွာခြားချက်များကို သာဓကများဖြင့် ရှင်းပြတတ်မည်။<br>• ကျောင်းသားများ စံမြန်မာစကား သင်ယူရန် အရေးကြီးပုံကို ဆွေးနွေးတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | ၃.၂။ မြန်မာ ဘာသာစကား၏ သွင်ပြင် လက္ခဏာများ | ၃.၂.၁။ စကားသံ ပြောင်းလဲမှု | • မြန်မာဘာသာ စကား၏ စကားသံ ပြောင်းလဲပုံများကို သာဓကများဖြင့် ဆွေးနွေးတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၃.၂.၂။ ဝေါဟာရ ကြွယ်ဝမှု | • မြန်မာ ဘာသာစကား၏ ဝေါဟာရ ကြွယ်ဝပုံကို သာဓကများဖြင့် ရှင်းပြတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | ၃.၃။ မြန်မာစာ အရေးအသား စနစ် | ၃.၃.၁။ စာလုံးပေါင်း သတ်ပုံ | • မြန်မာ ဘာသာစကားတွင် စာလုံးပေါင်းသတ်ပုံ အရေးကြီးပုံကို ဆွေးနွေးတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | ၃.၄။ မြန်မာသဒ္ဒါ | ၃.၄.၁။ မြန်မာသဒ္ဒါအခြေခံ | • မြန်မာသဒ္ဒါ အခြေခံဖြစ်သော ဝါစင်္ဂ (၉) ပါးကို ဆီလျော်သည့် သာဓကများဖြင့် ဖော်ပြတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၃.၄.၂။ နာမ်အစု | • နာမ်အစု အကြောင်းကို သာဓကများဖြင့် စိတ်ကူးပုံဖော် ရေးဆွဲတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၃.၄.၃။ ကြိယာအစု | • ကြိယာအစု အကြောင်းကို စိတ်ကူးပုံဖော် ရေးဆွဲတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၃.၄.၄။ အထူးပြုအစု | • အထူးပြုအစုတွင် ပါဝင်သော နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့ကို ခွဲခြား ဖော်ပြ တတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၃.၄.၅။ အဆက် ပစ္စည်းများ | • အဆက်ပစ္စည်းများကို သာဓကများဖြင့် ခွဲခြား ဖော်ပြ တတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၃.၄.၆။ ဝါကျရိုး | • ဝါကျရိုး ဖွဲ့စည်း တည်ဆောက်ပုံများကို သာဓကများဖြင့် ဖော်ပြတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၃.၄.၇။ ဝါကျရောနှင့် ဝါကျကဏ္ဍ | • ဝါကျရောတွင် ဝါကျကဏ္ဍ ပါဝင်ဖွဲ့စည်းနေပုံကို သာဓကများဖြင့် ဖော်ပြတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၃.၄.၈။ မြန်မာသဒ္ဒါ သင်ကြားနည်း | • မြန်မာသဒ္ဒါ သင်ကြားနည်းများကို အုပ်စုဖွဲ့ ဆွေးနွေး တင်ပြတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁) | ၁ |
| | | ၃.၄.၉။ သင်ခန်းစာ ပြင်ဆင်ခြင်း | • မြန်မာသဒ္ဒါ သင်ကြားရန် သင်ခန်းစာ တစ်ခုကို ပြင်ဆင်တတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၃) | (က)(၅.၁.၁)<br>(ခ)(၁.၃.၁) | ၁ |
| | | ၃.၄.၁၀။ လက်တွေ့ သင်ကြားခြင်း | • ပြင်ဆင်ထားသော မြန်မာသဒ္ဒါ သင်ခန်းစာကို လက်တွေ့ သင်ကြားတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁)<br>(ဃ)(၂.၁) | (က)(၅.၁.၁)<br>(ခ)(၁.၁.၁)<br>(ဃ)(၂.၁.၁) | ၁ |
| ၄။ အပြော ဘာသာစကား (အနာအကြား နှင့် အပြောအဆို) ကျွမ်းကျင်မှုများ | ၄.၁။ အပြော ဘာသာစကား ဖွံ့ဖြိုးမှု | ၄.၁.၁။ အနာအကြား၏ သဘောသဘာဝ | • အနာအကြား၏ သဘောသဘာဝကို ရှင်းပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၄.၁.၂။ အပြောအဆို၏ သဘောသဘာဝ | • အပြောအဆို၏ သဘောသဘာဝကို ရှင်းပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | ၄.၂။ အပြော ဘာသာစကား စွမ်းရည်များကို သင်ကြား သင်ယူခြင်း | ၄.၂.၁။ အနာအကြား စွမ်းရည်များ ဖွံ့ဖြိုးရန် သင်ကြားခြင်း | • အလယ်တန်းဆင့် ကလေးများ၏ အနာအကြားဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ကြားနည်းများကို ဖော်ထုတ်တတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၂ |
| | | ၄.၂.၂။ အပြောအဆို စွမ်းရည်များ ဖွံ့ဖြိုးရန် သင်ကြားခြင်း | • အလယ်တန်းဆင့် ကလေးများ၏ အပြောအဆိုဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ကြားနည်းများကို ဖော်ထုတ်တတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၄.၂.၃။ သင်ခန်းစာပြင်ဆင်ခြင်း | • အလယ်တန်းဆင့် ကလေးများ၏ အနာအကြားနှင့် အပြောအဆို စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာကို ပြင်ဆင်တတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၃) | (က)(၅.၁.၁)<br>(ခ)(၁.၃.၁) | ၂ |
| | | ၄.၂.၄။ လက်တွေ့သင်ကြားခြင်း | • အလယ်တန်းဆင့် ကလေးများ၏ အနာအကြားနှင့် အပြောအဆို စွမ်းရည်များ ဖွံ့ဖြိုးစေရန် ပြင်ဆင်ထားသည့် သင်ခန်းစာကို လက်တွေ့သင်ကြားတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁)<br>(ဃ)(၂.၁) | (က)(၅.၁.၁)<br>(ခ)(၁.၁.၁)<br>(ဃ)(၂.၁.၁) | ၂ |
| ၅။ အဖတ်အရွတ်နှင့် အရေးအသားကျွမ်းကျင်မှုများ | ၅.၁။ စာဖတ်ကျွမ်းကျင်မှုများ | ၅.၁.၁။ စာဖတ်တတ်ကျွမ်းမှု | • စာဖတ်တတ်ကျွမ်းမှု၏ အခြေခံသဘောများကို ရှင်းပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၅.၁.၂။ စာသားပုံစံအမျိုးမျိုး | • စာသားပုံစံ အမျိုးမျိုးကို ခွဲခြားတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၅.၁.၃။ စာဖတ်ခြင်းပုံစံအမျိုးမျိုး | • စာဖတ်ခြင်းပုံစံ အမျိုးမျိုးကို ခွဲခြားတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ<br>အနိမ့်ဆုံး လိုအပ်ချက်များ | ဆရာ့တတ်ကျွမ်းမှုစံ<br>အညွှန်း ကိန်းများ | စာ သင် ချိန် |
|---|---|---|---|---|---|---|
| | | ၅.၁.၄။ စာဖတ်ခြင်း ဆိုင်ရာ သွင်ပြင်လက္ခဏာ များ (သို့မဟုတ်) လုပ်ငန်းစဉ်များ | • စာဖတ်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ (သို့မဟုတ်) စာဖတ်သည့် ရည်ရွယ်ချက်အလိုက် ကွဲပြားသည့် စာဖတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ခွဲခြားတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၅.၁.၅။ မီဒီယာ တတ်ကျွမ်းမှု | • မီဒီယာမှ ရရှိသော သတင်း အချက်အလက်များကို စိစစ်အကဲဖြတ် တတ်မည်။ | (က)(၂.၂) | (က)(၂.၂.၃) | ၁ |
| | ၅.၂။ စာဖတ် ကျွမ်းကျင်မှုများကို သင်ကြား သင်ယူခြင်း | ၅.၂.၁။ စာပါ အကြောင်းအရာကို ယေဘုယျ နားလည် သဘောပေါက်ရန် သင်ကြားခြင်း | • စာပါ အကြောင်းအရာ များကို ယေဘုယျ နားလည် သဘောပေါက်ရန် သင်ကြားနိုင်မည့် နည်းလမ်းများကို ရှင်းပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၅.၂.၂။ ဝေါဟာရ ကြွယ်ဝရန် အတွက် သင်ကြားခြင်း | • အလယ်တန်းဆင့် ကလေးများ မြန်မာ ဝေါဟာရ ကြွယ်ဝရန် သင်ကြားနိုင်သော နည်းလမ်းများကို ရှင်းပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၅.၂.၃။ သတင်း အချက်အလက်များ ရယူနိုင်ရန် အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း | • စာဖတ်ခြင်းဖြင့် သတင်း အချက်အလက်များ ရယူရန် သင်ကြားပေးသော နည်းလမ်းများကို ဖော်ပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာ သင် ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်း ကိန်းများ | |
| | | ၅.၂.၄။ အဓိပ္ပာယ်ကို ဆက်စပ် ကောက်ယူ နိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း | • စာဖတ်ပြီး အဓိပ္ပာယ်ကို ဆက်စပ် ကောက်ယူနိုင်ရန် သင်ကြားပေးသော နည်းလမ်းများကို ဖော်ပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၅.၂.၅။ ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင် နိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း | • စာဖတ်ခြင်းဖြင့် စာပါ အကြောင်းအရာများ အပေါ် ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်နိုင်ရန် သင်ကြားပေးနိုင်သော နည်းလမ်းများကို ဖော်ပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၅.၂.၆။ ရသခံစားမှု အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း | • စာဖတ်သည့် အလေ့အကျင့်ကောင်း များ ရင့်သန်လာစေရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၅.၂.၇။ စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီပေးခြင်း | • စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။ | (က)(၁.၂)<br>(က)(၅.၁) | (က)(၁.၂.၂)<br>(က)(၅.၁.၁) | ၁ |
| | | ၅.၂.၈။ သင်ခန်းစာပြင်ဆင်ခြင်း | • အလယ်တန်းဆင့်ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများကို ပြင်ဆင်တတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၃) | (က)(၅.၁.၁)<br>(ခ)(၁.၃.၁) | ၂ |
| | | ၅.၂.၉။ လက်တွေ့သင်ကြားခြင်း | • အလယ်တန်းဆင့်ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများကို လက်တွေ့သင်ကြားတတ်မည်။ | (က)(၅.၁)<br>(ခ)(၁.၁)<br>(ဃ)(၂.၁) | (က)(၅.၁.၁)<br>(ခ)(၁.၁.၁)<br>(ဃ)(၂.၁.၁) | ၂ |
| **စုစုပေါင်း စာသင်ချိန်** | | | | | | ၄၈ |

ဤမြန်မာစာသင်ရိုး၏ ယေဘုယျ ဦးတည်ချက်များမှာ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းတွင် ပါဝင်၍ မြန်မာနိုင်ငံ၏ အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် သတ်မှတ်ထားသည့် မြန်မာစာဘာသာရပ်တွင် ပါရှိသော သင်ရိုးအကြောင်းအရာများကို သင်ကြားနိုင်သောဆရာများအဖြစ် ပြင်ဆင်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ကျောင်းသား (သို့မဟုတ်) ဆရာလောင်းများသည် ဘာသာရပ်နှင့်ဆိုင်သော အခြေခံ ကျွမ်းကျင်မှုများ ကောင်းမွန်စွာရရှိစေရန်အတွက် မူလတန်း၊ အလယ်တန်းအဆင့်နှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည်ဖြစ်ပြီး အလယ်တန်းကျောင်းသားများကို ထိရောက်စွာ သင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန် ရည်ရွယ်ပါသည်။

ထိုရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက် ဤဘာသာရပ်တွင် ကျောင်းသားများကို ၎င်းတို့ သင်ကြားမည့် အလယ်တန်းကျောင်းသားများ၏ ဘက်စုံတိုးတက်မှုကို ကူညီဆောင်ရွက် ပေးနိုင်မည့် လိုအပ်သောစွမ်းရည်များ တိုးတက်လာစေရန် ပံ့ပိုးပေးမည်ဖြစ်သည်။ ဤဘာသာရပ် သင်ယူပြီးမြောက်ပါက ကျောင်းသားများသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတများ၊ သင်ကြားသင်ယူမှုဖြစ်စဉ်များနှင့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ စသည့် ကျွမ်းကျင်မှုများ ရရှိမည်ဖြစ်သည်။ ထိုကျွမ်းကျင်မှုများသည် ၎င်းတို့၏ အလယ်တန်းကျောင်းသားများကို မြန်မာစာဘာသာရပ်အတွက် ချမှတ်ထားသော သင်ယူမှု ဦးတည်ချက်များကို ပေါက်မြောက်အောင်သင်ကြားနိုင်ရန် ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

အခြေခံပညာအလယ်တန်းဆင့်တွင် မြန်မာစာ သင်ကြားခြင်းနှင့် စပ်လျဉ်းသည့် ရည်ရွယ်ချက် များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

၁။ ဝေါဟာရများ ပိုမို နှံ့စပ်ကြွယ်ဝပြီး လက်တွေ့ပြောဆိုရေးသားတတ်ရန်။

၂။ မြန်မာသဒ္ဒါ အခြေခံစည်းမျဉ်းများကို နားလည်၍ လက်တွေ့ပြောဆို ရေးသား တတ်ရန်။

၃။ စာပေနှင့် ဘာသာစကား ကျွမ်းကျင်မှုကို အခြေခံ၍ အခြားဘာသာရပ်များကိုလည်း ထိရောက်စွာ သင်ယူနိုင်ရန်။

၄။ စာပေပုံစံအမျိုးမျိုးနှင့် ပိုမိုရင်းနှီးလာပြီး အစဉ်အလာနှင့် ယဉ်ကျေးမှုအနှစ်သာရ များကို တန်ဖိုးထားတတ်ရန်။

၅။ ရသစာပေများမှတစ်ဆင့် လူ့သဘော၊ လောကသဘောကို သတိပြုမိရန်။

ဤကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်စ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) မှ မြန်မာစာ ဘာသာရပ်နှင့် ကိုက်ညီသည့် သိသင့်တတ်သင့်သည်များနှင့် စာသင်ခန်းအတွင်း လုပ်ဆောင်နိုင်သည့် အဓိကတတ်ကျွမ်းမှုစံများကို အခြေခံထားပါသည်။ မြန်မာစာဘာသာရပ်ဆရာများအတွက် အဓိကကျသော တတ်ကျွမ်းမှုစံသတ်မှတ်ချက်များကို အောက်ဖော်ပြပါ ဇယား (ခ) တွင် ဖော်ပြထားပါသည်။

**ဇယား (ခ)။ ဒုတိယနှစ် မြန်မာစာဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။** | (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေး အတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများ အပါအဝင် နောက်ခံအကြောင်းအရာ အမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည် အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။<br>(က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |
| **(က-၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား သိသည်။** | (က) (၂.၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို သင်ကြားသင်ယူမှုတွင် သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၂.၃) မီဒီယာ (media) နှင့် သတင်းအချက်အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရား အယူအဆများနှင့် မူများကို နားလည်ကြောင်း ဖော်ပြ၊ သရုပ်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၄) သင်ရိုးညွှန်းတမ်း အကြောင်းသိသည်။** | (က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။ |
| **(က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များအလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |
| | (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။ |
| **(ခ-၁) သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာ များကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၁.၁.၁) သင်ယူမှုစွမ်းရည်များနှင့် ကိုက်ညီမှုရှိပြီး ရည်မှန်းထားသော သင်ယူမှုရလဒ်များ ရရှိစေရန် ဘာသာရပ်ပါ အကြောင်းအရာ၊ ဆက်နွှယ်မှုရှိသော အတွေးအခေါ်များနှင့် အသိသညာများကို ရှင်းပြရာတွင် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဃ-၂) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။ |

*ရင်းမြစ်* - မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ (၂၀၂၀ ခုနှစ်) (စာ. ၁၀၉-၁၄၀)

## ဤကျောင်းသားကိုင်စာအုပ်ကို မည်သို့ အသုံးပြုမည်နည်း။

ဤကျောင်းသားကိုင်စာအုပ်ကို မိမိကိုယ်တိုင် သင်ယူလေ့လာနိုင်ရန်နှင့် စာသင်ခန်းအတွင်း ဆရာကူညီပံ့ပိုးပေးသော သင်ယူမှုလုပ်ငန်းများတွင် ကိုးကားရန် အသုံးပြုနိုင်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းတစ်ခန်းစီကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ။** သင်ယူမှုရလဒ်များကို အခန်းတစ်ခန်းစီ၏ အစနှင့် သင်ခန်းစာတစ်ခုချင်းစီ၏ အစတွင် ဖော်ပြထားသည်။ မျှော်မှန်းထားသော ရလဒ်များသည် သင်ခန်းစာတစ်ခုနှင့် အခန်းတစ်ခု သင်ယူပြီးစီးသည့် အချိန်တွင် သင် မည်သည်တို့ကို သိသင့်သည်နှင့် မည်သည်တို့ကို လုပ်နိုင်စွမ်းရှိလာမည် ဆိုသည်ကို ညွှန်ပြသည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**သင်ယူရမည့်အကြောင်းအရာများ။** အခန်းတစ်ခန်းစီတွင် သင်ယူရမည့် အကြောင်းအရာများကို အခန်းငယ်များနှင့် သင်ခန်းစာများအဖြစ်ပိုင်း၍ ဖော်ပြသည်။ ၎င်းတို့တွင် အရေးပါသည့် ဘာသာရပ်အကြောင်းအရာများ ခြုံငုံပါဝင်သည်။

**သင်ယူမှုလုပ်ငန်းများ။** ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ခေါင်းစဉ်နှင့်ပတ်သက်၍ သင်တို့တစ်ဦးချင်း သင်ယူရရှိလိုက်သော အသိပညာနှင့် နားလည်သဘောပေါက်မှုအပေါ် ပိုမိုနက်ရှိုင်းစွာ စွဲမြဲသွားရန် ထည့်သွင်းထားခြင်းဖြစ်သည်။ သင်တို့၏ ဆရာကလည်း စာသင်ခန်းအတွင်း သင်ယူမှုလုပ်ငန်းများကို ပံ့ပိုးကူညီပေးမည် ဖြစ်သည်။ ထိုလုပ်ငန်းများသည် တစ်ဦးချင်း၊ နှစ်ဦးတစ်တွဲ၊ အုပ်စုငယ်ဖွဲ့၊ တစ်တန်းလုံးပါဝင်သော လုပ်ငန်းများ ဖြစ်နိုင်သည်။ သင်ယူမှုလုပ်ငန်း အားလုံးသည် သင်ခန်းစာ၏ မျှော်မှန်းထားသော သင်ယူမှုရလဒ် အောင်မြင်ပေါက်မြောက်စေရန် အတွက် ရည်ရွယ်ပြီး ရေးဆွဲထားသော လုပ်ငန်းများ ဖြစ်ကြသည်။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ။** အခန်းတွင်ပါဝင်သော အကြောင်းအရာများ အပေါ် သင်တို့၏နားလည်မှုကို စစ်ဆေးရန် (သို့မဟုတ်) စာမေးပွဲအတွက် လေ့လာရာတွင် အထောက်အကူပြုရန်အတွက် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို လေ့လာနိုင်ပါသည်။

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** သင်တို့လေ့လာ သင်ယူခဲ့သည်များ အပေါ် အချိန်ယူ၍ ပြန်လည်သုံးသပ်စဉ်းစားခြင်းဖြင့် သင်ယူမှုများကို မှတ်မိရန်၊ အသုံးချရန်၊ အခြားဘာသာရပ် သင်ယူမှုနယ်ပယ်များ၊ နေ့စဉ်ဘဝများနှင့် ဆက်စပ်ကြည့်ရန် အထောက်အကူပြုပါသည်။ အခန်းတစ်ခန်းစီ၏ အဆုံးတွင် အဆိုပါအခန်းမှ သင်ယူလေ့လာခဲ့သည်များကို မည်သို့ပြန်လည်သုံးသပ်၍ မည်သို့ ဆက်လက်လေ့လာရမည်ကို အကြံပြုထားသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** အခန်းတိုင်းတွင် သင်ယူရသည့် အကြောင်းအရာအလိုက် ဖတ်စရာ ထပ်ဆောင်းရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင်ပိုမိုသိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် အကြံပြုလိုပါသည်။

**အဓိကအသုံးအနှုန်းများ။** အခန်းတစ်ခန်းစီ၏ အစတွင် ထိုအခန်းမှ အရေးကြီးသော ဝေါဟာရများ (သို့မဟုတ်) အကြောင်းအရာများကို အလေးပေးဖော်ပြထားသော အသုံးအနှုန်းများ ပါရှိသည်။

ကျောင်းသားကိုင်စာအုပ်၏ နောက်ဆုံးတွင် **ခက်ဆစ်အဘိဓာန်** ပါရှိပြီး သင်တို့အတွက် အသစ်အဆန်းဖြစ်နိုင်သော အဓိကဝေါဟာရများကို အက္ခရာစဉ်အလိုက် အဓိပ္ပာယ်ရှင်းလင်းချက်နှင့်တကွ ဖော်ပြထားသည်။ ကျောင်းသားကိုင်စာအုပ် တစ်အုပ်လုံးတွင် အသုံးပြုခဲ့သော **ကျမ်းကိုးစာရင်း**ကို မူလရင်းမြစ်များနှင့်တကွ ဖော်ပြထားကြောင်း တွေ့ရပါလိမ့်မည်။

ဤဘာသာရပ်ကို သင်ယူရန် သင်တို့၏ ဆရာက ပံ့ပိုးကူညီပေးပါလိမ့်မည်။ အကယ်၍ သင်နားမလည်သော အကြောင်းအရာရှိပါက သင်တို့၏ ဆရာကို မေးရန် (သို့မဟုတ်) အတန်းဖော်များကို မေးရန် သတိရပါ။ ပညာရေးဒီဂရီကောလိပ် ကျောင်းသားတစ်ဦးအနေဖြင့် ပညာရေးဒီဂရီကောလိပ်၏ ပူးပေါင်းဆောင်ရွက်သည့် သင်ယူမှုဝန်းကျင်တွင် ရွယ်တူအဖော်များနှင့် ဆရာ၏ လမ်းညွှန်မှုဖြင့် သင်ကြားမှုအရည်အသွေးများကို ရယူရန်ဖြစ်ပါသည်။

# အခန်း ၁

## မြန်မာစာဘာသာရပ် မိတ်ဆက်

မြန်မာနိုင်ငံတွင် မူလတန်းမှစ၍ တက္ကသိုလ်၊ ကောလိပ်အထိတိုင် မြန်မာစာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် သင်ယူကြရသည်။ မြန်မာစာ၊ မြန်မာစကားသည် မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကား ဖြစ်ရုံသာမက နိုင်ငံအတွင်း မတူကွဲပြားသည့် လူမျိုးစုများအကြား ဆက်သွယ်ပြောဆိုရာတွင် အသုံးပြုရသည့် အများသုံးဘာသာစကားလည်းဖြစ်သည်။ မြန်မာစာကို ကောင်းစွာတတ်ကျွမ်းသော နိုင်ငံသားများမွေးထုတ်ပေးရန် နိုင်ငံတော်တွင် တာဝန်ရှိသည့်အလျောက် အခြေခံပညာကျောင်းများတွင် မြန်မာစာကို မသင်မနေရ ဘာသာရပ်အဖြစ် သင်ကြားပေးရပါသည်။ သို့ဖြစ်ရာ ဆရာများကို လေ့ကျင့်သင်ကြားပေးသည့် ပညာရေးဒီဂရီကောလိပ်များတွင် မြန်မာစာသင်ကြားရေးသည် အရေးပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -**

- အခြေခံပညာအလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံကို ရှင်းပြတတ်မည်။
- ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံတို့ကို ရှင်းပြတတ်မည်။
- အခြေခံပညာအလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်းနှင့် ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းတို့၏ ချိတ်ဆက်မှုကို နှိုင်းယှဉ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## အဓိကအသုံးအနှုန်းများ

နယ်ပယ်၊ နယ်ပယ်ကြီး၊ နယ်ပယ်ခွဲ၊ ရည်ရွယ်ချက်၊ သုံးချောင်းထောက် သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု ချဉ်းကပ်နည်းများ၊ သင်ယူမှုရလဒ်၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံ။

# ၁.၁။ ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်းအကျဉ်း

ပညာရေးဒီဂရီကောလိပ်များတွင် ကျောင်းသားတိုင်းသည် မြန်မာစာကို ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်ယူကြရမည်။ ပထမနှစ်နှင့် ဒုတိယနှစ်များတွင် ကျောင်းသားအားလုံးအတွက် လိုအပ်သော မြန်မာစာအခြေခံများကို သင်ယူကြရမည်ဖြစ်ပြီး တတိယနှစ်နှင့် စတုတ္ထနှစ်များတွင်မူ မူလတန်းသင်ကြားရေး အထူးပြုနှင့် အလယ်တန်း သင်ကြားရေးအထူးပြုဟု လမ်းသွယ်နှစ်ခု ရှိပါသည်။ အဆိုပါ လမ်းသွယ်နှစ်ခုအနက် မိမိနှစ်သက်ရာ လမ်းသွယ်နှင့် လျော်ညီသည့် မြန်မာစာသင်ကြားရေးကို လေ့လာသင်ယူရန်ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ်၌ အခြေခံပညာ အလယ်တန်းဆင့်တွင် သင်ကြားပြသရေး နှင့်ဆိုင်သော အခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ ဖွံ့ဖြိုးလာစေရေးကို သင်ယူရန် စီစဉ်ထားပါသည်။ သို့ဖြစ်ရာ ဤအပိုင်းတွင် အခြေခံပညာအလယ်တန်း မြန်မာစာသင်ရိုးညွှန်းတမ်းနှင့် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းတို့ ချိတ်ဆက်ပုံကို လေ့လာသင်ယူရန် စီစဉ်ထားပါသည်။

## ၁.၁.၁ | အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံကို ရှင်းပြတတ်မည်။

### မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်

မြန်မာစာသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ရုံးသုံးစာ၊ ရုံးသုံးစကားဖြစ်သည်နှင့်အညီ နိုင်ငံသားတိုင်း မြန်မာစာ၊ မြန်မာစကားကို ကောင်းစွာတတ်မြောက်ရန် လိုအပ်ပါသည်။ ရုံးသုံးဖြစ်သော မြန်မာစာကို ကောင်းစွာတတ်မြောက်မှသာ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် မိမိတို့၏ အခွင့်အရေးများ ရရှိခံစားရေး၊ နိုင်ငံသားတာဝန်နှင့် ဝတ္တရားများ ကျေပွန်ရေးနှင့်

လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူ့အဖွဲ့အစည်းအတွင်းတွင် ထိရောက်စွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ နိုင်ငံသားတိုင်း မြန်မာစာကို ကောင်းစွာတတ်ကျွမ်းစေရန် ဖြည့်ဆည်းပေးရေးမှာ နိုင်ငံတော်၏ တာဝန်ဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံသားတိုင်း မြန်မာစာကို အခြေခံခိုင်မာစွာ တတ်မြောက်ပြီး မိမိတို့၏ နေ့စဉ်ဘဝတွင် လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် အခြေခံပညာကျောင်းများတွင် မြန်မာစာကို အတန်းစဉ်အားလုံး၌ မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းသင်ကြားပေးလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံသားများ အနေဖြင့် ရေရှည်တည်တံ့ပြီး ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းအတွက် လိုအပ်သည့် အသိပညာများကိုရယူနိုင်ပြီး စိတ်နေသဘောထားများ၊ တန်ဖိုးထားမှုများနှင့် စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုများကိုလည်း ဖွံ့ဖြိုးစေနိုင်မည်ဖြစ်သည်။

## အခြေခံပညာအဆင့် မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်

နိုင်ငံသားတိုင်း တတ်မြောက်ရမည့် မြန်မာစာကို အခြေခံပညာကျောင်းများတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် သင်ကြားပေးလျက်ရှိပါသည်။

၁။ မြန်မာဘာသာစကား အသိပညာကြွယ်ဝပြီး လူမှုဆက်ဆံရေးနယ်ပယ်တွင် အပြန်အလှန် ဆက်သွယ်နိုင်ရန်။

၂။ ဘာသာစကားနှင့်စာပေ အဆက်အစပ် အခြေခံသဘောကို သိရှိနားလည်ပြီး မြန်မာဘာသာဖြင့် ရေးသားထားသော အခြားဘာသာရပ် အသိပညာရပ်များကို ထိရောက်စွာ သင်ယူလေ့လာနိုင်ရန်။

၃။ စာပေမှပေးသော သုတ၊ ရသများဖြင့် လက်တွေ့ဘဝတွင် ဆက်စပ်အသုံးချတတ်ရန်။

၄။ စာပေနှင့် ယဉ်ကျေးမှုကို လေးစားတန်ဖိုးထား ထိန်းသိမ်းနိုင်သော နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်။

အထက်ပါ ရည်ရွယ်ချက်များ ပေါက်မြောက်စေရန်အတွက် အခြေခံပညာအဆင့်အလိုက် မြန်မာစာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များနှင့် အလေးပေးသင်ကြားရမည့် နယ်ပယ်များကို ခွဲခြားသတ်မှတ်ကာ သင်ကြားပေးပါသည်။

## အလယ်တန်းဆင့် မြန်မာစာဘာသာရပ် သင်ကြားရခြင်းရည်ရွယ်ချက်

အခြေခံပညာ မူလတန်းဆင့်တွင် မြန်မာစာကို သင်ကြားသည့်အခါ ဘာသာစကား အခြေခံ ကျွမ်းကျင်မှုများဖြစ်သည့် အနာအကြားနှင့် အပြောအဆို ဖွံ့ဖြိုးစေရန်နှင့် စာရေးစာဖတ် အခြေခံ ခိုင်မာစွာရရှိစေရန်တို့အတွက် အလေးပေးသင်ကြားပါသည်။ အခြေခံပညာ အလယ်တန်းဆင့်တွင်မူ မူလတန်းတွင် တည်ဆောက်ထားခဲ့သည့် အခြေခံအုတ်မြစ်ပေါ်တွင် ထပ်ဆင့်အားဖြည့်ပြီး ဘာသာစကားနှင့် စာရေးစာဖတ် တတ်ကျွမ်းမှုသာမက မြန်မာစာပေကို ချစ်မြတ်နိုးကာ တန်ဖိုးထားတတ်စေရန်လည်း သင်ကြားပေးပါသည်။ အခြေခံပညာ အလယ်တန်းဆင့်တွင် မြန်မာစာသင်ကြားခြင်းနှင့် စပ်လျဉ်းသည့် ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

၁။ ဝေါဟာရများ ပိုမို နှံ့စပ်ကြွယ်ဝပြီး လက်တွေ့ ပြောဆိုရေးသားတတ်ရန်။

၂။ မြန်မာသဒ္ဒါ အခြေခံစည်းမျဉ်းများကို နားလည်၍ လက်တွေ့ပြောဆိုရေးသား တတ်ရန်။

၃။ စာပေနှင့် ဘာသာစကား ကျွမ်းကျင်မှုကိုအခြေခံ၍ အခြားဘာသာရပ်များကိုလည်း ထိရောက်စွာ သင်ယူနိုင်ရန်။

၄။ စာပေပုံစံ အမျိုးမျိုးနှင့် ပိုမိုရင်းနှီးလာပြီး အစဉ်အလာနှင့် ယဉ်ကျေးမှုအနှစ်သာရ များကို တန်ဖိုးထားတတ်ရန်။

၅။ ရသစာပေများမှတစ်ဆင့် လူ့သဘော၊ လောကသဘောကို သတိပြုမိရန်။

## အလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံ

အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံကို ချဉ်းကပ်သည့် နည်းမှာ မူလတန်းနှင့် သိသာစွာကွဲပြားပါသည်။ မူလတန်းတွင် သင်ယူမှုနယ်ပယ်များကို သမားရိုးကျအတိုင်း အနာအကြား၊ အပြောအဆို၊ အဖတ်အရွတ်နှင့် အရေးအသားတည်း ဟူသော ကျွမ်းကျင်မှုလေးရပ်ကို အခြေတည်ကာ ဖွဲ့စည်းထားသော်လည်း အလယ်တန်းဆင့် သင်ရိုးညွှန်းတမ်းတွင်မူ ဖတ်ရွတ်မှုနှင့် စဉ်းစားနားထောင်မှုစွမ်းရည်၊ မှန်ကန်ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှုစွမ်းရည်၊ သင်ယူခြင်းနှင့် ဘဝအတွေ့အကြုံကို အထောက်အပံ့ ပေးနိုင်သော စွမ်းရည်ဟူသည့် စွမ်းရည်သုံးရပ်ကို အခြေခံကာ ချဉ်းကပ်ဆောင်ရွက်ထား ပါသည်။ သို့ရာတွင် ထည့်သွင်း သင်ကြားမည့် အကြောင်းအရာများကို လေ့လာကြည့်လျှင်မူ ဘာသာစကား၊ စာရေးစာဖတ်နှင့် စာပေဟူ၍ ကဏ္ဍသုံးခုကိုအခြေတည်ကာ သင်ကြားမည့်

သမားရိုးကျ သုံးချောင်းထောက် သင်ရိုးညွှန်းတမ်း (Tripod curriculum) သဘောလည်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အခြေခံပညာ အလယ်တန်းမြန်မာစာ သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံကို လေ့လာကြည့်လျှင် ဘာသာစကား၊ ဖတ်ရှုတတ်မှုနှင့် စဉ်းစားနားထောင်မှုစွမ်းရည်၊ မှန်ကန်ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှုစွမ်းရည်၊ ပညာသင်ယူခြင်းနှင့် ဘဝအတွေ့အကြုံကို အထောက်အပံ့ပေးနိုင်သော စွမ်းရည်ဟူသည့် အဓိက နယ်ပယ်ကြီး (၄) ရပ်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ အကြောင်းအရာများကို ထည့်သွင်းသည့်အခါတွင်မူ မြန်မာစာပေကို ဗဟိုပြုကာ ဖွဲ့စည်းထားသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ မြန်မာစာပေတွင် တွေ့ရသည့် စကားပြေအမျိုးမျိုး၊ ကဗျာအမျိုးမျိုးကို အဓိက ဖတ်ရှုလေ့လာရန်စာများအဖြစ် ထည့်သွင်းပြဋ္ဌာန်းထားပြီး၊ ထိုဖတ်စာများကို အသုံးပြုကာ အနာအကြား၊ အပြောအဆို၊ အဖတ်အရှုတ်နှင့် အရေးအသားဟူသော ကျွမ်းကျင်မှုလေးရပ် ဖွံ့ဖြိုးစေရေး သင်ကြားပေးရန် စီစဉ်ထားသည်ဟု ယူဆနိုင်ပါသည်။ မြန်မာသဒ္ဒါနှင့် ဝါကျဖွဲ့ထုံးကိုလည်း သီးခြားသင်ကြားရန် ထည့်သွင်းထားသည်ဖြစ်ရာ ဤသင်ရိုးညွှန်းတမ်းသည် သုံးချောင်းထောက် သင်ရိုးညွှန်းတမ်းအသွင်ကို ဆောင်သည်ဟု ဆိုနိုင်ပါသည်။

**ဇယား ၁.၁။ အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်း သင်ရိုးဝင်နယ်ပယ်များနှင့် အဓိက အကြောင်းအရာများ**

| စဉ် | နယ်ပယ်ကြီး | နယ်ပယ်ခွဲ | အဓိကအကြောင်းအရာများ |
|---|---|---|---|
| ၁ | ဘာသာစကား | သဒ္ဒါစကားလုံး | နာမ်အစု၊ ကြိယာအစု၊ နာမဝိသေသန၊ ကြိယာဝိသေသန စသည့် အထူးပြုအစုနှင့် အဆက်ပစ္စည်းများ |
| | | ဝါကျ | အခြေခံဝါကျတည်ဆောက်ခြင်း ဝါကျရိုး |
| ၂ | ဖတ်ရှုတတ်မှုနှင့် စဉ်းစား နားထောင်မှုစွမ်းရည် | ဖတ်ရှုတတ်မှုစွမ်းရည် စကားပြေ | သုတစကားပြေများ၊ ရသစကားပြေများ (အတ္ထုပ္ပတ္တိ၊ စကားထာ၊ စကားပုံ၊ ဆိုရိုးစကား၊ ပုံပြင်၊ ဝတ္ထု၊ ပြဇာတ်၊ ရသစာတမ်း) |
| | | ဖတ်ရှုတတ်မှုစွမ်းရည် ကဗျာ | ရှေးကဗျာ၊ ခေတ်ကဗျာ ပုံစံအမျိုးမျိုး၊ ကဗျာ၏ ကာရန်၊ အသံ၊ အဖြတ်အတောက်၊ သံစဉ်၊ ပုံသဏ္ဌာန် |
| | | နားထောင်နိုင်မှုစွမ်းရည် စကားပြေ | သုတစကားပြေများ၊ ရသစကားပြေများ (အတ္ထုပ္ပတ္တိ၊ စကားထာ၊ စကားပုံ၊ ဆိုရိုးစကား၊ ပုံပြင်၊ ဝတ္ထု၊ ပြဇာတ်၊ ရသစာတမ်း) |
| | | နားထောင်နိုင်မှုစွမ်းရည် ကဗျာ | ရှေးကဗျာ၊ ခေတ်ကဗျာ ပုံစံအမျိုးမျိုး၊ ကဗျာ၏ ကာရန်၊ အသံ၊ အဖြတ်အတောက်၊ သံစဉ်၊ ပုံသဏ္ဌာန် |
| ၃ | မှန်ကန်ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှု စွမ်းရည် | အပြောစွမ်းရည် - စကားပြေ | သုတစကားပြေများ၊ ရသစကားပြေများ (အတ္ထုပ္ပတ္တိ၊ စကားထာ၊ စကားပုံ၊ ဆိုရိုးစကား၊ ပုံပြင်၊ ဝတ္ထု၊ ပြဇာတ်၊ ရသစာတမ်း) |
| | | အပြောစွမ်းရည် ကဗျာ | ရှေးကဗျာ၊ ခေတ်ကဗျာ ပုံစံအမျိုးမျိုး၊ ကဗျာ၏ ကာရန်၊ အသံ၊ အဖြတ်အတောက်၊ သံစဉ်၊ ပုံသဏ္ဌာန် |
| | | အရေးအသားစွမ်းရည် စကားပြေ | သုတစကားပြေများ၊ ရသစကားပြေများ (အတ္ထုပ္ပတ္တိ၊ စကားထာ၊ စကားပုံ၊ ဆိုရိုးစကား၊ ပုံပြင်၊ ဝတ္ထု၊ ပြဇာတ်၊ ရသစာတမ်း) |
| | | အရေးအသားစွမ်းရည် ကဗျာ | ရှေးကဗျာ၊ ခေတ်ကဗျာ ပုံစံအမျိုးမျိုး၊ ကဗျာ၏ ကာရန်၊ အသံ၊ အဖြတ်အတောက်၊ သံစဉ်၊ ပုံသဏ္ဌာန် |
| ၄ | ပညာသင်ယူခြင်းနှင့် ဘဝအတွေ့အကြုံကို အထောက်အပံ့ပေးနိုင်သော စွမ်းရည် | သင်ရိုးပြင်ပစာပေများ | စုဆောင်းနိုင်သမျှကို အသုံးပြုသင်ကြားရန် |

သို့ရာတွင် ဤသင်ရိုးညွှန်းတမ်းတွင် သမားရိုးကျ သင်ရိုးညွှန်းတမ်းများနှင့် မတူသော ထူးခြားချက်တစ်ရပ်လည်းရှိပါသည်။ ၎င်းမှာ ပညာသင်ယူခြင်းနှင့် ဘဝအတွေ့အကြုံကို အထောက်အပံ့ပေးနိုင်သော စွမ်းရည်ဟူသည့်နယ်ပယ်ကို ထည့်သွင်းထားခြင်းဖြစ်ပြီး၊ သင်ခန်းစာများနှင့် ဆက်စပ်ကာ သင်ရိုးပြင်ပစာပေများ ဖတ်ခြင်းကို အားပေးသည့်အချက်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျောင်းသားများအား စာရေးစာဖတ်သင်ကြားပေးရာတွင် စာကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ခြင်း (Extensive reading) က သင်ကြားသင်ယူမှု လုပ်ငန်းတစ်ရပ်အနေဖြင့် ပါဝင်လာခြင်း ဖြစ်သည်။ အခြေခံပညာ အလယ်တန်းဆင့်သည် မူလတန်းဆင့်တွင် တည်ဆောက်ပေးခဲ့သည့် စာရေးစာဖတ် အခြေခံကိုခိုင်မြဲစေရန် ထပ်ဆင့်တည်ဆောက်ပေးရသည့်နည်းတူ စာကို နှံ့နှံ့စပ်စပ်ဖတ်ခြင်း (Intensive reading) နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ခြင်း (Extensive reading) ဟူသည့် အလေ့အထနှစ်ခုကိုလည်း စွဲမြဲအောင် လေ့ကျင့်ပျိုးထောင်ပေးရသည့် အဆင့်ဖြစ်ပါသည်။

## သင်ကြားသင်ယူမှု ချဉ်းကပ်နည်းများ

အလယ်တန်းဆင့် မြန်မာစာ သင်ကြားသင်ယူနည်းများမှာ ယေဘုယျအားဖြင့် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းများကို အခြေခံသည်ဆိုသော်လည်း အလေးပေးမှု အနေဖြင့်မူ ဖတ်သည့်စာ၏ အဓိပ္ပာယ်ကို နားလည်ရုံသာမက အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ ဝေဖန်သုံးသပ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် တီထွင်ဖန်တီးစိတ်ကူးနိုင်စွမ်း အစရှိသည့် အဆင့်မြင့်စဉ်းစားနိုင်စွမ်းများကို မြှင့်တင်ပေးသည့် နည်းလမ်းများဖြင့် သင်ကြားပေးရန် လိုအပ်ပါသည်။ ထို့ပြင် ကျောင်းသားများအနေဖြင့် မိမိ၏စိတ်ကူးတွင် ဖြစ်ပေါ်သည့်ထင်မြင်ချက်၊ ခံစားချက်များကို ထုတ်ဖော်ပြောဆို ဆက်သွယ်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် စာပေက ပေးသည့် ဘဝအသိ၊ လောကအသိများကို သိမြင်နားလည်တတ်ရုံသာမက သဘာဝအလှ၊ ဘဝအလှ၊ စိတ်အလှများကိုလည်း မြင်တတ်၊ ကြည့်တတ်၊ ခံစားတတ်စေရန် သင်ကြားပေးရမည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာစာ တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ခြင်းသည်လည်း ဖတ်စာပါ အကြောင်းအရာများကို စစ်မေးခြင်းထက် အထက်တွင်ဖော်ပြခဲ့သည် စွမ်းရည်များ မည်သည့်အတိုင်းအတာအထိ ဖွံ့ဖြိုးတိုးတက်မှုရှိသည်ကိုသာ အဓိကထား စစ်ဆေးအကဲဖြတ်ရမည် ဖြစ်ပါသည်။

## အလယ်တန်းဆင့်သင်ခန်းစာများကို I-T-P-R ပုံစံဖြင့်ချဉ်းကပ်ရေးဆွဲထားခြင်း

အခြေခံပညာ အလယ်တန်းဆင့် သင်ခန်းစာများကို သင်ကြားသည့်အခါ ယေဘုယျ သင်ပြမှု ပုံစံတစ်ခုအနေဖြင့်

- နိဒါန်းပျိုးခြင်း(သင်ခန်းစာ မိတ်ဆက်ခြင်း) (Introduction)
- သင်ကြားခြင်း (Teaching)
- လေ့ကျင့်ခြင်း (Practice) နှင့်
- ပြန်လည်သုံးသပ်ခြင်း (Review)

ဟူ၍ အဆင့်လေးဆင့်ပါဝင်သော သင်ပြမှုပုံစံ (I-T-P-R Model) ကို အသုံးပြုထားပါသည်။[၃] မြန်မာစာ သင်ခန်းစာများကိုလည်း တတ်နိုင်သမျှ အဆိုပါပုံစံနှင့် လိုက်လျောညီထွေစွာ စီစဉ်လုပ်ဆောင်ကြရန် အကြံပြုထားပါသည်။ နိဒါန်းပျိုးခြင်းအဆင့်သည် ကလေးများ၏ စိတ်ပါဝင်စားမှုကို လှုံ့ဆော်ပေးရန်ဖြစ်ပြီး၊ ကလေးများ၏ ရှိပြီးအသိကို ဖော်ထုတ်ခြင်း၊ သိလိုစိတ်ကို နှိုးဆွပေးခြင်း၊ ယခင်သင်ခန်းစာနှင့် ချိတ်ဆက်ပေးခြင်း၊ ဝေါဟာရအသစ်များကို မိတ်ဆက်ပေးခြင်း စသည်တို့ပါဝင်ပါသည်။ သင်ကြားခြင်း အဆင့်တွင်မူ သင်ခန်းစာပါ အချက်အလက်အသစ်များ၊ အသိသညာအသစ်များ၊ ကျွမ်းကျင်မှုအသစ်များကို ကလေးများ နားလည်သဘောပေါက်စေရန် ရည်ရွယ်လျက် သင်ယူမှုလုပ်ငန်းများကို စီစဉ်ပေးရမည် ဖြစ်သည်။ လေ့ကျင့်ခြင်းအဆင့်မှာမူ ကလေးများရရှိသွားသည့် အသိသညာအသစ်များ၊ ကျွမ်းကျင်မှုအသစ်များ ရေရှည်စွဲမြဲရန်နှင့် အခြေအနေသစ်တွင် လွှဲပြောင်းအသုံးပြုတတ်ရန် တို့အတွက် ဆီလျော်သော သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြစ်သည်။ ပြန်လည် သုံးသပ်ခြင်း အဆင့်တွင်မူ မိမိတို့သင်ယူရရှိသည်များကို ပြန်လည်သုံးသပ်ပြီး မရှင်းလင်းသည့် အချက်များကို ဖော်ထုတ်ကာ ရှင်းလင်းအောင်ပြုလုပ်ခြင်း၊ သင်ယူရရှိသည့် အချက်များကို အနှစ်ချုပ်ခြင်းနှင့် အဆိုပါသင်ယူရရှိမှုများကို လွှဲပြောင်းအသုံးပြုနိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ခြင်းတို့ ပါဝင်ပါသည်။ သင်ကြားချိန်တိုင်းတွင် ဤလုပ်ငန်းစဉ်လေးရပ်လုံး ပါဝင်ရမည် မဟုတ်သော်လည်း သင်ခန်းစာတစ်ခုလုံးကို ခြုံကြည့်လျှင် ဤအဆင့်လေးဆင့် ပါဝင်သည့် သင်ကြားသင်ယူမှု ဖြစ်စဉ်တစ်ခုဖြစ်စေရန် စီစဉ်ဆောင်ရွက်သင့်သည်ဟု အကြံပြုထားခြင်း ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် အဆင့်လေးဆင့်ပါ သင်ပြမှုပုံစံကို ယေဘုယျချဉ်းကပ်နည်းအဖြစ် အသုံးပြုထားသော်လည်း အလယ်တန်းဆင့် မြန်မာစာ သင်ကြားသင်ယူနည်းများမှာ

---

[၃] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။

ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းများကို အခြေခံပါသည်။ ကလေးများ၏ တက်ကြွစွာ ပါဝင်လုပ်ဆောင်မှု၊ အများနှင့်ပူးပေါင်းဆောင်ရွက်မှု၊ အချင်းချင်းအတုံ့အလှယ် ပြုမူပြောဆိုမှုတို့ကို အားပေးသည့် သင်ယူမှုလုပ်ငန်းများဖြင့် စီစဉ်ဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အလေးပေးမှုအနေဖြင့်မူ ဖတ်သည့်စာ၏ အဓိပ္ပာယ်ကို နားလည်ရုံသာမက အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ ဝေဖန်သုံးသပ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် တီထွင်ဖန်တီးစိတ်ကူးနိုင်စွမ်း အစရှိသည့် အဆင့်မြင့် စဉ်းစားနိုင်စွမ်းများကို မြှင့်တင်ပေးသည့် နည်းလမ်းများဖြင့် သင်ကြားပေးရန်လိုအပ်ပါသည်။ ထို့ပြင် ကျောင်းသားများအနေဖြင့် မိမိ၏စိတ်ကူးတွင် ဖြစ်ပေါ်သည့် ထင်မြင်ချက်၊ ခံစားချက်များကို ထုတ်ဖော်ပြောဆို ဆက်သွယ်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် စာပေကပေးသည့် ဘဝအသိ၊ လောကအသိများကို သိမြင်နားလည်တတ်ရုံ သာမက သဘာဝအလှ၊ ဘဝအလှ၊ စိတ်အလှများကိုလည်းမြင်တတ်၊ ကြည့်တတ်၊ ခံစားတတ်စေရန် သင်ကြားပေးရမည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာစာ တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ခြင်းသည်လည်း ဖတ်စာပါ အကြောင်းအရာများကို စစ်ဆေးခြင်းထက် အထက်တွင် ဖော်ပြခဲ့သည့် စွမ်းရည်များ မည်သည့် အတိုင်းအတာအထိ ဖွံ့ဖြိုးတိုးတက်မှုရှိသည်ကိုသာ အဓိကထား စစ်ဆေးအကဲဖြတ်ရမည်ဖြစ်ပါသည်။

**ပြန်လည်ကိုးကားရန်**

**မူလတန်းဆင့် မြန်မာစာ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ**

၁။ မြန်မာစာ မြန်မာစကားဆိုင်ရာ အခြေခံသဘောတရားများကို စနစ်တကျ သိရှိနားလည်ရန်။

၂။ မြန်မာစာ မြန်မာစကားဆိုင်ရာ အနားအကြား၊ အပြောအဆို၊ အဖတ်အရွတ်၊ အရေးအသား အခြေခံကျွမ်းကျင်မှုများရရှိရန်။

၃။ အကြောင်းအရာ၊ အချက်အလက်များကို စနစ်တကျ ပြန်လည်တင်ပြခြင်း၊ စဉ်းစားတွေးခေါ် တီထွင် ဖန်တီးတတ်ခြင်း အပါအဝင် မြန်မာစကားဆိုင်ရာ ကျွမ်းကျင်မှုများရရှိရန်။

၄။ မြန်မာနိုင်ငံသားအားလုံး မြန်မာစာ မြန်မာစကားဖြင့် ကောင်းမွန်စွာ ရေးသားပြောဆိုဆက်သွယ်နိုင်ရန်။

၅။ နိုင်ငံသားကောင်း ဖြစ်လာစေရန်။

## သင်ယူမှုလုပ်ငန်း (၁)။ မြန်မာစာ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များကို နှိုင်းယှဉ်လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့် မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်များကို ကျောင်းသားများ ပိုမိုသိရှိသွားရေးအတွက် မူလတန်းဆင့်နှင့် ယှဉ်တွဲ၍ လေ့လာရန်ဖြစ်သည်။ ထိုသို့နှိုင်းယှဉ်လေ့လာနိုင်ရန် ပထမနှစ်က လေ့လာခဲ့သည့် မူလတန်းဆင့် မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်များကို ဖော်ပြပေးထားပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ ရည်ရွယ်ချက်၊ သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံနှင့် ချဉ်းကပ်နည်းများ၏ ချိတ်ဆက်နေမှုကို လေ့လာခြင်း


ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့် မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်ရန်အလို့ငှာ ချမှတ်ထားသည့် ရည်ရွယ်ချက်များ၊ သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံများ၊ သင်ကြားသင်ယူမှု ချဉ်းကပ်နည်းများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေကြောင်းကို ကျောင်းသားများ ကောင်းစွာသိရှိ နားလည်ကြရန်ဖြစ်သည်။ ချိတ်ဆက်အကောင်အထည်ဖော်သည့် အပိုင်း (၄) ပိုင်းမှာ -

(၁) အခြေခံပညာအဆင့် မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်

(၂) အလယ်တန်းဆင့် မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်

(၃) သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံ

(၄) သင်ကြားသင်ယူမှု ချဉ်းကပ်နည်း တို့ဖြစ်သည်။




**ပုံ ၁.၁။ မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်များ ပေါက်မြောက်ရေးအတွက် ချိတ်ဆက်အကောင်အထည်ဖော်မှု**

# ၁.၁.၂ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း မိတ်ဆက်

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံတို့ကို ရှင်းပြတတ်မည်။

## ပညာရေးဒီဂရီကောလိပ် လေးနှစ်သင်ဘွဲ့အစီအစဉ်

ပညာရေးဒီဂရီကောလိပ် လေးနှစ်သင်ဘွဲ့အစီအစဉ်၏ အဓိကရည်မှန်းချက်မှာ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းဆင့်တို့တွင် ထိရောက်စွာ သင်ကြားပေးနိုင်မည့် ဆရာများကို ပြင်ဆင်ပေးရန်ဖြစ်သည်။ သို့ဖြစ်ရာ လေးနှစ်သင်ဘွဲ့အတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲသည့်အခါ ယေဘုယျအားဖြင့် ပထမနှစ်တွင် မူလတန်းဆင့်၌ သင်ကြားပြသခြင်းနှင့်ဆိုင်သောအခြေခံ အသိပညာများ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ ဖွံ့ဖြိုးစေရန် ရည်ရွယ်ထားသည်နှင့်အညီ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ်၊ မြန်မာစာ သင်ရိုးညွှန်းတမ်းကိုလည်း အထက်ဖော်ပြပါ ယေဘုယျဖွဲ့စည်းပုံနှင့်လိုက်လျောညီထွေစွာ ဖွဲ့စည်းထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ပညာရေးဒီဂရီကောလိပ်များတွင် မြန်မာစာဘာသာရပ်သည် လေးနှစ်တာတစ်လျှောက်လုံးတွင် လေ့လာသင်ယူရမည့် ဘာသာရပ်ဖြစ်ပြီး လေးနှစ်တာ ပြီးဆုံးသည့်အခါတွင် ကျောင်းသားများ အနေဖြင့် အောက်ပါသင်ယူမှုရလဒ်များ ရရှိသွားရန် မျှော်မှန်းပါသည် -

သင်ယူမှုရင်းမြစ်များ အပါအဝင် အခြေခံပညာ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ပညာရေးဒီဂရီကောလိပ် မြန်မာစာဘာသာရပ်တို့၏ ပေါင်းစည်းချိတ်ဆက်မှုကို ကောင်းစွာ နားလည်သဘောပေါက်ပြီး၊ ကျောင်းသားများ၏ တတ်ကျွမ်းမှုများ အတန်းစဉ်အလိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရေးအတွက် အသုံးပြုတတ်မည်။

အခြေခံပညာအဆင့်အလိုက် သတ်မှတ်ထားသော မြန်မာစာ ဘာသာရပ်၏ ရည်ရွယ်ချက်များ အတိုင်း တတ်မြောက်စေရန် ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းစဉ်ကို ထိရောက်စွာ ပံ့ပိုး

နိုင်ရေးအတွက် ပညာရေးဒီဂရီကောလိပ် မြန်မာစာဘာသာရပ်မှ ရရှိသည့် ဆရာအတတ်ပညာ တတ်ကျွမ်းမှုများကို လက်တွေ့သင်ကြားရေးတွင် အသုံးချတတ်မည်။

## ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ

အထက်ဖော်ပြပါ သင်ယူမှုရလဒ်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် မြန်မာစာ ဘာသာရပ် သင်ရိုးညွှန်းတမ်းများကို နှစ်အလိုက်ရေးဆွဲကာ အကောင်အထည်ဖော်လျက် ရှိသည်။ ပထမနှစ်တွင် မူလတန်းဆင့်၌ သင်ကြားပြသခြင်းနှင့်ဆိုင်သော အခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများကို အဓိကထားသင်ကြားပြီး ဒုတိယနှစ်တွင်မူ အလယ်တန်းဆင့်၌ သင်ကြားပြသမှုနှင့်ဆိုင်သော အခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများကို ထည့်သွင်းသင်ကြားရန် စီစဉ်ထားပါသည်။

## သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံ

အဆိုပါ သင်ယူမှုရလဒ်များ ပေါက်မြောက်စေရန် ရည်မှန်းလျက် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းကို နယ်ပယ်ကြီး (၇) ခုဖြင့် ဖွဲ့စည်းကာ ရေးဆွဲထားပါသည်။ စုစုပေါင်းသင်ယူချိန် (၈၈) ချိန်ဖြစ်ပြီး ပထမနှစ်ဝက် စာသင်ကာလတွင် သင်ယူချိန် (၄၈) ချိန်ရှိပြီး၊ ဒုတိယနှစ်ဝက် စာသင်ကာလအတွက်မူ သင်ယူချိန် (၄၀) ချိန် ရှိပါသည်။


**ဇယား ၁.၂။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာသင်ရိုးဝင်နယ်ပယ်များ**

| အခန်း | နယ်ပယ် | အကြောင်းအရာ | စာသင်ချိန် |
|---|---|---|---|
| **ပထမနှစ်ဝက် စာသင်ကာလ** | | | **၄၈** |
| ၁ | မြန်မာစာ ဘာသာရပ် မိတ်ဆက် | • အခြေခံပညာအလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း<br>• ပညာရေးဒီဂရီကောလိပ်ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းနှင့် အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း ချိတ်ဆက်ပုံ | ၄ |
| ၂ | ဘာသာစကားဖွံ့ဖြိုးမှုနှင့် ဘာသာစကား သင်ယူမှု | • ဘာသာစကား၏ လုပ်ငန်းတာဝန်များ<br>• ဘာသာစကားနှစ်မျိုးနှင့်အထက် သင်ယူတတ်မြောက်ခြင်း<br>• ဘာသာစကားသင်ယူဖွံ့ဖြိုးမှုကို ကူညီပံ့ပိုးခြင်း | ၄ |

| အခန်း | နယ်ပယ် | အကြောင်းအရာ | စာသင်ချိန် |
|---|---|---|---|
| ၃ | မြန်မာစာ မြန်မာစကား | • ခေတ်သုံးမြန်မာဘာသာစကား<br>• စကားသံပြောင်းလဲမှု၊ ဝေါဟာရကြွယ်ဝမှု<br>• မြန်မာစာလုံးပေါင်းသတ်ပုံ<br>• မြန်မာသဒ္ဒါ | ၁၄ |
| ၄ | အပြောဘာသာစကား ကျွမ်းကျင်မှုများ | • အပြောဘာသာစကားဖွံ့ဖြိုးမှု<br>• အပြောဘာသာစကားစွမ်းရည်များကိုသင်ကြားပေးခြင်း<br>• လက်တွေ့သင်ကြားခြင်း | ၁၀ |
| ၅ | အဖတ်အရွတ်နှင့် အရေးအသား ကျွမ်းကျင်မှုများ | • စာဖတ်ကျွမ်းကျင်မှုများ<br>• စာဖတ်ကျွမ်းကျင်မှုများကို သင်ကြားသင်ယူခြင်း<br>• လက်တွေ့သင်ကြားခြင်း | ၁၆ |
| **ဒုတိယနှစ်ဝက် စာသင်ကာလ** | | | **၄၀** |
| ၅ | အဖတ်အရွတ်နှင့် အရေးအသား ကျွမ်းကျင်မှုများ | • စာအရေးကျွမ်းကျင်မှုများ<br>• စာရေးသားမှု ပုံစံအမျိုးမျိုး<br><br>• စာအရေးကျွမ်းကျင်မှုများကို သင်ကြားသင်ယူခြင်း<br>• စာရေးသားပုံအမျိုးမျိုးအတွက်သင်နည်းများ<br>• လက်တွေ့သင်ကြားခြင်း | ၉ |
| ၆ | မြန်မာစာပေ သင်ကြားခြင်း | • မြန်မာစာပေ<br>• ဂုဏ်၊ အလင်္ကာ၊ ရသ<br>• ကဗျာဖွဲ့နည်းများ<br>• သုတ၊ ရသစာပေအမျိုးမျိုး<br><br>• မြန်မာစာပေ သင်ကြားသင်ယူခြင်း<br>• စကားပြေ သင်ကြားနည်းများ<br>• ကဗျာသင်ကြားနည်းများ<br>• လက်တွေ့သင်ကြားခြင်း | ၂၅ |
| ၇ | စစ်ဆေးအကဲဖြတ်ခြင်း | • အလယ်တန်းဆင့် ကလေးများ၏ မြန်မာစာသင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း | ၆ |

ပညာရေးဒီဂရီကောလိပ်၊ ဒုတိယနှစ်၊ မြန်မာစာ သင်ရိုးညွှန်းတမ်းသည် အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်းနှင့် တိုက်ရိုက်ချိတ်ဆက်ထားသည်ကို တွေ့ရမည် ဖြစ်သည်။ ဘာသာစကားဆိုင်ရာအသိပညာများ၊ ကျွမ်းကျင်မှုများ၊ စာရေးစာဖတ်ကျွမ်းကျင်မှု၊ စာပေလေ့လာမှု စသည့် အဓိကကဏ္ဍအားလုံးကို လွှမ်းခြုံမိအောင် ရေးဆွဲထားသော်လည်း

မြန်မာစာအဖတ်အရွတ်နှင့် အရေးအသားကျွမ်းကျင်မှုများကို သင်ကြားနည်းများအပေါ် ပို၍အာရုံစိုက် လေ့လာနိုင်ရန် စီစဉ်ထားသည်။ ထို့ပြင် မြန်မာစာ၊ မြန်မာစကား၊ မြန်မာစာပေနှင့်ဆိုင်သော အကြောင်းအရာများနှင့် သင်ကြားနည်းများကိုလည်း အလေးပေးသင်ကြားရန် ထည့်သွင်းရေးဆွဲထားပါသည်။ ပါဝင်သည့် အကြောင်းအရာပိုင်း အလေးပေးမှုကိုကြည့်လျှင် အဖတ်အရွတ်နှင့် အရေးအသားကျွမ်းကျင်မှု သင်ကြားနည်းများအတွက် သင်ကြားချိန်အားလုံး၏ ၂၉ ရာခိုင်နှုန်း အသုံးပြုထားပြီး မြန်မာစာပေ သင်ကြားခြင်းအတွက်လည်း စာသင်ချိန်အားလုံး၏ ၂၈ ရာခိုင်နှုန်းကို အသုံးပြုထားပါသည်။




**ပုံ ၁.၂။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်း**

## သင်ကြားသင်ယူမှုချဉ်းကပ်နည်းများ

သင်ကြားသင်ယူမှု နည်းလမ်းများနှင့် စပ်လျဉ်း၍မူ ပထမနှစ်မှာကဲ့သို့ပင် သင်ယူသူကို ဗဟိုပြုပြီး၊ တက်ကြွစွာပါဝင် လုပ်ဆောင်ရင်း သင်ယူရသည့်နည်းလမ်းများကို အများဆုံးအသုံးပြုရန် စီစဉ်ထားသည်။ ကျောင်းသားများအနေဖြင့် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာများကို ကိုယ်တိုင်ဖတ်ရှုလေ့လာပြီး ဆင်ခြင်စဉ်းစားခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ လက်တွေ့လုပ်ဆောင်နိုင်မည့် အလားအလာများကို တီထွင်၊ ဖန်တီး၊ စိတ်ကူးခြင်းစသည့်

နည်းလမ်းများဖြင့် သင်ယူကြရမည်ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်မှာ အခြေခံပညာအလယ်တန်းတွင် သင်ကြားပြသနိုင်ရေး အတွက် အခြေခံအဖြစ် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ဖွံ့ဖြိုးရုံသာမက မိမိတို့တာဝန်ထမ်းဆောင်သည့် ကျောင်းများသို့ ရောက်ရှိသည့်အခါ အခြေခံပညာ အလယ်တန်းဆင့် စာသင်ခန်းများတွင် သင်ကြား၊ ပြသနိုင်ရန်လည်း ရည်ရွယ်ပါသည်။ သို့ဖြစ်ရာ ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုများဖြစ်သည့် အနာအကြား၊ အပြောအဆို၊ အရေးအဖတ် စွမ်းရည်များနှင့်ဆိုင်သော သင်ကြားနည်းများသာမက မြန်မာစာပေဆိုင်ရာ သင်ကြားနည်းများကိုလည်း ထည့်သွင်းထားပါသည်။ ပညာရေးဒီဂရီ ကောလိပ် စာသင်ခန်းများတွင် အသုံးပြုသည့် သင်ကြားနည်းများကို အလယ်တန်းဆင့် စာသင်ခန်းများတွင် ပြန်လည်အသုံးပြုနိုင်စေရန်လည်း ထည့်သွင်းစီစဉ်ထားပါသည်။ မြန်မာစာ သင်ရိုးညွှန်းတမ်း၏ နယ်ပယ်တိုင်းတွင် အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာသင်ခန်းစာ များနှင့် ချိတ်ဆက်စဉ်းစားရသည့် သင်ယူမှုလုပ်ငန်းများ၊ သင်ခန်းစာပြင်ဆင်ခြင်းနှင့် လက်တွေ့ သင်ကြားခြင်းများကိုလည်း ထည့်သွင်းပေးထားပါသည်။ ကျောင်းသားများအနေဖြင့် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းကို ပြီးပြည့်စုံအောင် လေ့လာသင်ယူပြီးပါက အလယ်တန်းဆင့်တွင် လက်တွေ့သင်ကြား ပြသနိုင်မည်ဟု မျှော်မှန်းထားပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ မြန်မာစာ သင်ရိုးဝင်နယ်ပယ်များ စီစဉ်ထားပုံကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့် မြန်မာစာ သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံ၊ နယ်ပယ်များ စီစဉ်ထားပုံတို့ကို ကျောင်းသားများ ယှဉ်တွဲလေ့လာကာ သိရှိနားလည်သွားရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ သင်ရိုးနယ်ပယ်အလိုက် အကြောင်းအရာများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၁) နှင့်ချိတ်ဆက်ပြီး ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသည့် သင်ရိုးနယ်ပယ် အလိုက် အကြောင်းအရာများကို ကျောင်းသားများ လေ့လာသိရှိသွားရန်ဖြစ်သည်။

# ၁.၁.၃ အခြေခံပညာအလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်းနှင့် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်းတို့၏ ချိတ်ဆက်မှု

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်းနှင့် ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်းတို့၏ ချိတ်ဆက်မှုကို နှိုင်းယှဉ်တတ်မည်။

သင်ခန်းစာ (၁.၁.၂) - ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်း မိတ်ဆက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒုတိယနှစ် ကျောင်းသားများသည် ယေဘုယျအားဖြင့် အခြေခံပညာအလယ်တန်းဆင့်၌ မြန်မာစာ ဘာသာရပ်ကို သင်ကြားပြသနိုင်ရေးအတွက် အခြေခံအသိပညာများကို သင်ယူလေ့လာကြရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် လက်တွေ့သင်ကြားပြသရေးနှင့်ဆိုင်သော အတွေ့အကြုံများကိုလည်း အထိုက်အလျောက် ရရှိသွားစေရန် စီစဉ်ထားပါသည်။ အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း နှင့် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းတို့ကို နှိုင်းယှဉ်ကြည့်ပါက ထိုရည်မှန်းချက်များကို ပေါက်မြောက်စေရန် စီစဉ်ထားခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထိုသို့နှိုင်းယှဉ်ကြည့်ရာတွင် အောက်ပါအခြင်းအရာများကို အဓိကထား၍ နှိုင်းယှဉ်ကြည့်နိုင် ပါသည် -

- ရည်ရွယ်ချက်
- သင်ရိုးဝင်အကြောင်းအရာ
- သင်ကြားသင်ယူမှု ချဉ်းကပ်နည်း

# မြန်မာစာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များ

အခြေခံပညာ အလယ်တန်းဆင့်၌ မူလတန်းတွင် တည်ဆောက်ထားခဲ့သည့် အခြေခံ အုတ်မြစ်အပေါ် ထပ်ဆင့်အားဖြည့်ပြီး ဘာသာစကားနှင့် စာရေးစာဖတ်တတ်ကျွမ်းမှုသာမက မြန်မာစာပေကို ချစ်မြတ်နိုးကာ တန်ဖိုးထားတတ်စေရေးအတွက်လည်း သင်ကြားပေးရန် မျှော်မှန်းထားသည်။ သို့ဖြစ်ရာ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ်တွင် အလယ်တန်းဆင့်၌ သင်ကြားပြသမှုနှင့်ဆိုင်သော အခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများကို ထည့်သွင်းသင်ကြားရန် စီစဉ်ထားပါသည်။ ပညာရေးဒီဂရီကောလိပ် မြန်မာစာသင်ရိုးညွှန်းတမ်းတွင်မူ နှစ်အလိုက် ရည်ရွယ်ချက်များ ချမှတ်ထားခြင်းမရှိဘဲ လေးနှစ်သင်ကာလတစ်ခုလုံး ပြီးဆုံးသည့်အခါ ရရှိသွားမည့်သင်ယူမှုရလဒ်ကိုသာ ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ရာတွင် သင်ခန်းစာတစ်ခုချင်းအလိုက် ဖော်ထုတ်ထားသည့် သင်ယူမှုရလဒ်များကို ကြည့်ပါက အခြေခံပညာ အလယ်တန်းဆင့် သင်ရိုးညွှန်းတမ်းတွင် ပြဋ္ဌာန်းထားသည့် အကြောင်းအရာစုံကို သင်ကြားပို့ချနိုင်ရေးအတွက် လိုအပ်သော အခြေခံအသိပညာနှင့် ကျွမ်းကျင်မှုများ စုံလင်စွာရရှိသွားစေရန် စီစဉ်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။

**ဇယား ၁.၃။ မြန်မာစာ သင်ရိုးညွှန်းတမ်း ရည်ရွယ်ချက်များ နှိုင်းယှဉ်ချက်**

| အခြေခံပညာအလယ်တန်းဆင့် မြန်မာစာ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ | ပညာရေးဒီဂရီကောလိပ် မြန်မာစာသင်ရိုးညွှန်းတမ်း၏ မျှော်မှန်းရလဒ်များ |
|---|---|
| ၁။ ဝေါဟာရများ ပိုမိုနှံ့စပ်ကြွယ်ဝပြီး လက်တွေ့ပြောဆိုရေးသားတတ်ရန်။<br>၂။ မြန်မာသဒ္ဒါအခြေခံစည်းမျဉ်းများကို နားလည်၍ လက်တွေ့ ပြောဆိုရေးသားတတ်ရန်။<br>၃။ စာပေနှင့်ဘာသာစကား ကျွမ်းကျင်မှုကို အခြေခံ၍ အခြားဘာသာရပ်များကိုလည်း ထိရောက်စွာ သင်ယူနိုင်ရန်။<br>၄။ စာပေပုံစံအမျိုးမျိုးနှင့်ပိုမိုရင်းနှီးလာပြီး အစဉ်အလာ နှင့် ယဉ်ကျေးမှု အနှစ်သာရများကို တန်ဖိုးထားတတ်ရန်။<br>၅။ ရသစာပေများမှတစ်ဆင့် လူ့သဘော၊ လောကသဘောကို သတိပြုမိရန်။ | • သင်ယူမှုရင်းမြစ်များအပါအဝင် အခြေခံပညာ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ပညာရေးဒီဂရီကောလိပ် မြန်မာစာဘာသာရပ်တို့၏ ပေါင်းစည်းချိတ်ဆက်မှုကို ကောင်းစွာနားလည်သဘောပေါက်ပြီး၊ ကျောင်းသားများ၏ တတ်ကျွမ်းမှုများ အတန်းစဉ်အလိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရေးအတွက် အသုံးပြုနိုင်ရန်။<br>• အခြေခံပညာအဆင့်အလိုက် သတ်မှတ်ထားသော မြန်မာစာဘာသာရပ်၏ ရည်ရွယ်ချက်များအတိုင်း တတ်မြောက်စေရန် ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းစဉ်ကို ထိရောက်စွာ ပံ့ပိုးနိုင်ရေးအတွက် ပညာရေးဒီဂရီကောလိပ် မြန်မာစာဘာသာရပ် မှရရှိသည့် ဆရာအတတ်ပညာ တတ်ကျွမ်းမှုများကို လက်တွေ့သင်ကြားရေးတွင် အသုံးချတတ်ရန်။ |

## သင်ရိုးဝင်အကြောင်းအရာများ

အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာဘာသာရပ်၏ သင်ရိုးဝင် အကြောင်းအရာများမှာ ကျောင်းသားများ ဖတ်ရှုလေ့လာသင့်သည့် မြန်မာစာပေမှ ကောက်နုတ်ချက်များကို ရွေးချယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကဗျာနှင့် စကားပြေဟူသော စာပေပုံသဏ္ဌာန်နှစ်မျိုးကို အခြေခံထားပြီး ရွေးချယ်ထားပါသည်။ ကဗျာအမျိုးအစားများတွင် အချိုးကဗျာနှင့် လေးလုံးစပ်ပုံသဏ္ဌာန် ကဗျာအမျိုးအစားများပါဝင်ပြီး စကားပြေတွင်မူ သုတ၊ ရသစကားပြေအမျိုးမျိုး ပါဝင်ပါသည်။ ထို့ပြင် စကားပုံ၊ ဆိုရိုးစကားနှင့် ပြဇာတ်ဟူသည့် စာပေအမျိုးအစားများကိုလည်း ထည့်သွင်းသင်ကြားရန် စီစဉ်ထားပါသည်။[၄] ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ကျောင်းသားများအနေဖြင့် အဆိုပါ စာပေကောက်နုတ်ချက်များကို တိုက်ရိုက်သင်ယူလေ့လာကြရမည် မဟုတ်ပါ။ သို့ရာတွင် အဆိုပါ စာပေအမျိုးအစား တစ်ခုချင်းစီ၏ နောက်ခံသမိုင်းကြောင်း၊ သဘောသဘာဝနှင့် သွင်ပြင်လက္ခဏာများကိုမူ ခြုံငုံနားလည်စေရန် သင်ယူကြရမည်ဖြစ်ပါသည်။ မြန်မာကဗျာများနှင့် စပ်လျဉ်း၍မူ ကဗျာ၏ သဘောသဘာဝကို ပိုမိုနားလည်စေရန် ဒုတိယနှစ် မြန်မာစာ၌ ကဗျာဖွဲ့နည်း သင်ခန်းစာများ ထည့်သွင်းထားပါသည်။ အခြေခံပညာ အလယ်တန်းဆင့်တွင် မြန်မာစာပေ ကောက်နုတ်ချက်များအပြင် မြန်မာသဒ္ဒါကိုလည်း ထည့်သွင်းထားသည့်အလျောက် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာတွင်လည်း မြန်မာဘာသာစကားနှင့် မြန်မာသဒ္ဒါဆိုင်ရာ အကြောင်းအရာများကို ထည့်သွင်းသင်ကြားရန် စီစဉ်ထားပါသည်။

ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ကျောင်းသားများအနေဖြင့် အခြေခံပညာ အလယ်တန်းဆင့်တွင် ပြဋ္ဌာန်းထားသည့် မြန်မာစာပေ ကောက်နုတ်ချက်များကို တိုက်ရိုက်သင်ယူလေ့လာရန် မလိုအပ်သော်လည်း မြန်မာစာ ကျောင်းသုံးစာအုပ်များ၊ ဆရာလမ်းညွှန်များနှင့် ထိတွေ့ရင်းနှီးမှုရှိစေရန်အတွက်ကိုမူ အခွင့်အလမ်းအမျိုးမျိုး ဖန်တီးပေးထားပါသည်။ မြန်မာဘာသာ စကားစွမ်းရည်လေးရပ်ဖြစ်သည့် အနာအကြား၊ အပြောအဆို၊ အဖတ်အရွတ်နှင့် အရေးအသားသင်ကြားရေး၊ မြန်မာစာပေ သင်ကြားရေးတို့နှင့် စပ်လျဉ်းသည့် ချဉ်းကပ်နည်းများ၊ သင်ကြားသင်ယူမှုနည်းများ၊ သင်ယူမှုလုပ်ငန်းများကို ဆွေးနွေးသည့်အခါတွင် အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာကျောင်းသုံး စာအုပ်များနှင့် ဆရာလမ်းညွှန်များကို ဖတ်ရှုလေ့လာပြီး ဆွေးနွေးရသည့် သင်ခန်းစာများနှင့် သင်ယူမှုလုပ်ငန်းများ များစွာထည့်သွင်းထားပါသည်။ အလားတူပင် နယ်ပယ်အလိုက် သင်ခန်းစာ ပြင်ဆင်ခြင်းနှင့် လက်တွေ့သင်ကြားခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရာတွင်လည်း အခြေခံပညာ အလယ်တန်းဆင့်တွင် ပြဋ္ဌာန်းထားသည့် သင်ခန်းစာများကိုသာအခြေခံပြီး ဆောင်ရွက်ရန်

[၄] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ကျောင်းသုံးစာအုပ်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။

စီစဉ်ထားပါသည်။ သို့ဖြစ်ရာ ဒုတိယနှစ်အပြီး၌ ပညာရေးဒီဂရီကောလိပ်ကျောင်းသားများ အနေဖြင့် အခြေခံပညာ အလယ်တန်းဆင့်တွင် ပြဋ္ဌာန်းထားသည့် မြန်မာစာပေ ကောက်နုတ်ချက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီးဖြစ်နေမည် ဖြစ်ပါသည်။

## သင်ကြားသင်ယူမှု ချဉ်းကပ်နည်း

အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာသင်ကြားသင်ယူမှုတွင် ယေဘုယျအားဖြင့် ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းများကို အခြေခံသည်ဆိုသော်လည်း အလေးပေးမှု အနေဖြင့်မူ ဖတ်သည့်စာ၏ အဓိပ္ပာယ်ကို နားလည်ရုံသာမက အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ ဝေဖန်သုံးသပ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် တီထွင်ဖန်တီး စိတ်ကူးနိုင်စွမ်း အစရှိသည့် အဆင့်မြင့် စဉ်းစားနိုင်စွမ်းများကို အားပေးသည့်နည်းလမ်းများဖြင့် သင်ကြားပေးရန်လည်း လိုအပ်ပါသည်။ သို့ဖြစ်ရာ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာတွင်လည်း အဆိုပါစွမ်းရည်များဖွံ့ဖြိုးစေရန် ပံ့ပိုးပေးနိုင်မည့်နည်းလမ်းများကို နယ်ပယ်အလိုက် ပြည့်စုံစွာ ထည့်သွင်းထားပါသည်။ ထို့ပြင် အလယ်တန်းဆင့် မြန်မာစာ ဘာသာရပ်သည် မြန်မာစာပေ ကောက်နုတ်ချက်များကို ဖတ်စာအဖြစ် ပြဋ္ဌာန်းကာ သင်ကြားခြင်းဖြစ်သည့်အတွက် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ်တွင်လည်း မြန်မာစာပေ သင်ကြားသင်ယူခြင်းနှင့် စပ်လျဉ်းသည့် ချဉ်းကပ်နည်းအမျိုးမျိုးကို ထည့်သွင်းသင်ကြားရန် စီစဉ်ထားပါသည်။

အလယ်တန်းဆင့် မြန်မာစာသင်ခန်းစာများကို သင်ကြားရန်စီစဉ်သည့်အခါ နိဒါန်းပျိုးခြင်း (သင်ခန်းစာ မိတ်ဆက်ခြင်း)၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ဟူသည့် အဆင့်လေးဆင့်ပါပုံစံကို ယေဘုယျသင်ပြမှု ပုံစံတစ်ခုအနေဖြင့် အသုံးပြုကြရန် အကြံပြုထားပါသည်။ ပညာရေးဒီဂရီကောလိပ် မြန်မာစာ သင်ရိုးညွှန်းတမ်းတွင်မူ အထက်ပါ အဆင့်လေးဆင့်ပုံစံကို ယေဘုယျသဘောသာ အသုံးပြုရန်ဖြစ်ပြီး မြန်မာဘာသာစကား ကျွမ်းကျင်မှုနယ်ပယ်အလိုက် ပိုမိုတိကျပြီး ဆီလျော်သည့်လုပ်ငန်းစဉ်များဖြင့် ချဉ်းကပ် ဆောင်ရွက်ရန် အကြံပြုထားပါသည်။ ဥပမာအားဖြင့် အနာအကြားစွမ်းရည်ဖွံ့ဖြိုးစေရန် သင်ကြားပေးသည့်အခါ နားမထောင်မီ၊ နားထောင်နေစဉ်နှင့် နားထောင်အပြီးဟူသော လုပ်ငန်းစဉ်သုံးဆင့်ဖြင့် စီစဉ်ဆောင်ရွက်ရန် အကြံပြုသကဲ့သို့ အရေးအသားစွမ်းရည် ဖွံ့ဖြိုးစေရန် သင်ခန်းစာများကို စီစဉ်သည့်အခါ စာရေးသားခြင်း လုပ်ငန်းစဉ်အဆင့်ဆင့် နှင့်အညီ စီစဉ်ဆောင်ရွက်ရန် အကြံပြုထားပါသည်။ အလားတူပင် မြန်မာစာပေ သင်ကြားရာတွင်လည်း သင်ကြားမည့် စာပေအမျိုးအစားနှင့် သင်ကြားသည့်ရည်ရွယ်ချက်ကို မူတည်ပြီး မတူကွဲပြားသော လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ရန် အကြံပြုထားပါသည်။

သို့ဖြစ်ရာ အလယ်တန်းဆင့် မြန်မာစာ ဆရာလမ်းညွှန်များတွင် ဖော်ပြထားသည့် နိဒါန်းပျိုးခြင်း (သင်ခန်းစာ မိတ်ဆက်ခြင်း)၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသည့် အဆင့်လေးဆင့်နှင့် အမြဲတစ်ထပ်တည်းဖြစ်နေမည် မဟုတ်သည်ကို သတိပြုစေလိုပါသည်။


အလယ်တန်းဆင့်တွင် သင်ကြားသင်ယူနည်းများ၊ သင်ယူမှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရာ၌ ကလေးများ၏ ဘာသာစကားစွမ်းရည်များ ဖွံ့ဖြိုးရေးကို ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သဖြင့် ကလေးများအချင်းချင်း အပြန်အလှန် အတွဲ့အလှယ်ပြုကာ ပူးပေါင်းလုပ်ဆောင် သင်ယူရသည့် နည်းလမ်းများ၊ လုပ်ငန်းများဖြင့်ဆောင်ရွက်ရန် အကြံပြုထားပါသည်။ ထိုအကြံပြုချက်နှင့်ထပ်တူပင် ပညာရေးဒီဂရီကောလိပ် မြန်မာစာ သင်ရိုးညွှန်းတမ်းတွင်လည်း ကလေးများ၏ ပူးပေါင်းလုပ်ဆောင်မှုနှင့် ပါဝင်လုပ်ဆောင်မှုတို့ကို မြှင့်တင်ပေးရင်း ၎င်းတို့၏ မြန်မာဘာသာစကားစွမ်းရည်များ ဖွံ့ဖြိုးစေမည့် သင်ကြားသင်ယူမှုနည်းများ၊ သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းသင်ကြားထားပါသည်။ အဆိုပါသင်ကြားနည်းများကို သင်ခန်းစာများတွင် ထည့်သွင်းသင်ကြားသည့်အပြင် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများကိုယ်တိုင်ပင် ပူးပေါင်းလုပ်ဆောင်မှုနှင့် ပါဝင်လုပ်ဆောင်မှုတို့ဖြင့် သင်ယူကြစေရန် စီစဉ်ထားသည့်အတွက် ထိုသင်ယူမှုအတွေ့အကြုံများကို စာသင်ခန်းများတွင် ဆရာအဖြစ် လုပ်ကိုင်ဆောင်ရွက်သည့် အခါ ပြန်လည်အသုံးချနိုင်ရေးကိုလည်း မျှော်မှန်းထားပါသည်။

စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာ အဆင့်အတွက် အမျိုးသား ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒကို သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အခြေခံပညာ အလယ်တန်းဆင့် ကျောင်းသားများ၏ မြန်မာစာတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို အဆိုပါမူဝါဒနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ စာသင်ခန်းတွင်းမှ ဆရာများအနေဖြင့်မူ ကလေးများ၏ သင်ယူတတ်မြောက်မှုကို မြှင့်တင်ပေးရန်အတွက် စာသင်ခန်းအတွင်းသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို အလေးထား ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ပညာရေးဒီဂရီကောလိပ် မြန်မာစာသင်ရိုးညွှန်းတမ်းတွင် ကလေးများ၏ မြန်မာစာ သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဉ်းပြီး အဆိုပါအချက်ကို အလေးပေးကာ စာသင်ခန်းတွင်း စစ်ဆေးအကဲဖြတ်ခြင်းအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းအချို့ကို အကြံပြုထားပါသည်။ သမားရိုးကျ နည်းလမ်းများ ဖြစ်သည့် မေးခွန်းများမေးခြင်း၊ လေ့ကျင့်ခန်းများပေးခြင်း၊ ကြည့်ရှုလေ့လာခြင်းစသည့် နည်းလမ်းများအပြင် ကိုယ်ရည်ကိုယ်သွေး စစ်ဆေးခြင်း၊ လုပ်ဆောင်မှုစစ်ဆေးခြင်း၊ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) များကို အသုံးပြုစစ်ဆေးအကဲဖြတ်ခြင်း၊ သင်ယူမှုအထောက်အထားမှတ်တမ်း (Portfolio) ကို အသုံးပြုစစ်ဆေးအကဲဖြတ်ခြင်း စသည့်

သမားရိုးကျ မဟုတ်သော နည်းလမ်းများကိုပါ အကြံပြုထည့်သွင်းထားပါသည်။ ထိုနည်းလမ်းများသည်လည်း အခြေခံပညာသင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြောင်းလဲရမည့် ပညာရည် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းလမ်းများဖြစ်ပါသည်။

ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းကို ပြုစုသည့်အခါ အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်းနှင့် ချိတ်ဆက်ရေးဆွဲပြုစုထားခြင်းဖြစ်သော်လည်း အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်းမှာ ပြုစုရေးဆွဲနေဆဲ အဆင့်သာ ရှိသေးသည့်အတွက် အခြေခံပညာ အလယ်တန်းဆင့် တစ်ခုလုံးကို လွှမ်းခြုံချိတ်ဆက်ထားခြင်း မရှိနိုင်သေးပါ။ သို့ရာတွင် အခြေခံထားသည့်မူများနှင့် ချဉ်းကပ်နည်းများ၊ အလေးပေးသည့်နယ်ပယ်များ၊ ကလေးများ သင်ယူတတ်မြောက်စေရန် ထည့်သွင်းသင်ကြားသွားရမည့် မြန်မာဘာသာစကား၊ မြန်မာစာပေနှင့်ဆိုင်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများမှာမူ သိသိသာသာပြောင်းလဲမှု မရှိနိုင်ဟု ယူဆလျက် အလယ်တန်းဆင့် တစ်ခုလုံးနှင့်ဆိုင်သော သင်ကြားသင်ယူမှုသဘောတရားများ၊ နည်းနာများကို ထည့်သွင်းသင်ကြားရန် စီစဉ်ထားပါသည်။ အခြေခံပညာအလယ်တန်းဆင့် သင်ရိုးညွှန်းတမ်းများ အတန်းအလိုက် ပြီးပြည့်စုံစွာ ရေးဆွဲပြုစုပြဋ္ဌာန်းပြီးသည့်အခါတွင် ပညာရေးဒီဂရီကောလိပ်များမှ မြန်မာစာပြဆရာများ အနေဖြင့် လိုအပ်သလို လိုက်လျောညီထွေစွာ ပြုပြင်သင်ကြားကြရန် လိုအပ်မည်ဖြစ်ပါသည်။

**စာသင်ချိန် (၁)**



## သင်ယူမှုလုပ်ငန်း (၁)။ အခြေခံပညာ အလယ်တန်းဆင့် ကျောင်းသုံးစာအုပ်များ ဆရာလမ်းညွှန်များကို လေ့လာစိစစ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် အခြေခံပညာအလယ်တန်းဆင့် မြန်မာစာ ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန် တစ်တွဲစီမှ နှစ်သက်ရာ သင်ခန်းစာ တစ်ခုကို ရွေးချယ်ပြီး ပေးထားသည့်မေးခွန်းကို နှစ်ယောက်တစ်တွဲ ဆွေးနွေးဖြေဆိုရင်း သင်ယူလေ့လာကြရန် ဖြစ်သည်။

မေးခွန်း - သင် ရွေးချယ်ထားသော သင်ခန်းစာကို သင်ကြားပြသနိုင်ရန် ပညာရေးဒီဂရီကောလိပ်တွင် မည်သည်တို့ကို လေ့လာသင်ယူရန် လိုအပ်မည်ဟု ထင်ပါသနည်း။

## သင်ယူမှုလုပ်ငန်း (၂)။ ပညာရေးဒီဂရီကောလိပ်၊ မြန်မာစာ စာသင်ခန်းများတွင် သင်ကြားသင်ယူရန် မျှော်မှန်းထားသော အကြောင်းအရာများကို ဖော်ထုတ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၁) တွင် ဆွေးနွေးဖော်ထုတ်ခဲ့သည်များကို အခြေခံကာ ပညာရေးဒီဂရီကောလိပ် မြန်မာစာ စာသင်ခန်းများတွင် သင်ယူရန် မျှော်မှန်းထားသော အကြောင်းအရာ/ ခေါင်းစဉ်များကို အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်ပြီး ပေးထားသောဇယားတွင် ဖြည့်စွက်မှတ်တမ်းတင်ခြင်းဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ အုပ်စုအလိုက် ဖော်ထုတ်ထားသည်များကို ကြည့်ရှု လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အုပ်စုအလိုက် ဆွေးနွေးဖော်ထုတ်ထားသည့် အချက်များကို စာသင်ခန်းနံရံတွင် နေရာခွဲ၍ ချိတ်ဆွဲထားသည်ဖြစ်ရာ ကျောင်းသားများသည် ပြခန်းလှည့်လည် ကြည့်ရှုခြင်းနည်းဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၄)။ အုပ်စုအလိုက် ပြန်လည်စုစည်းခြင်းနှင့် အားလုံးနှင့် ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လှည့်လည်ကြည့်ရှုခဲ့ကြသည့် ကျောင်းသားများက ကျန်နေရစ်ခဲ့ရသည့် အုပ်စုကိုယ်စားလှယ်များအား ၎င်းတို့ လေ့လာတွေ့ရှိချက်များကို ပြန်လည်ပြောပြခြင်း၊ အုပ်စုတစ်စုလျှင် အချက်တစ်ချက်စီဖြင့် အားလုံးသို့ အလှည့်ကျ တင်ပြခြင်း၊ အုပ်စုတစ်စုတင်ပြပြီးလျှင် ကျန်အုပ်စုများက မတူသည့်အချက်ကိုသာ ဖြည့်စွက် ပြောကြားခြင်းတို့ဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၅)။ အုပ်စုအလိုက် ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာ (၁.၁.၃) ၏ ခေါင်းစဉ်ဖြစ်သည့် အခြေခံပညာအလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်းနှင့် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ သင်ရိုးညွှန်းတမ်းတို့၏ ချိတ်ဆက်မှုကို အုပ်စုအတွင်း ဖတ်ရှုဆွေးနွေးပြီး ကျောင်းသားများ မျှော်မှန်းထားသည့်အရာများ ပါဝင်ခြင်း ရှိ/မရှိ ဆွေးနွေးကြရင်း သင်ယူလေ့လာကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၆)။ အားလုံးနှင့် ပြန်လည်ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အုပ်စုကိုယ်စားလှယ်တစ်ဦးက တင်ပြ၍ ဆရာက ဇယားတွင် မှတ်တမ်းတင်သည့် အချက်များကို လေ့လာခြင်း၊ မေးခွန်းများဖြေဆိုခြင်းတို့ဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ အလယ်တန်းဆင့် မြန်မာစာပြဆရာတစ်ဦးသည် အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံတို့ကို ကောင်းစွာ နားလည်သဘောပေါက်ထားရန် လိုအပ်သည်။ အဘယ်ကြောင့်နည်း။

၂။ အခြေခံပညာအလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်းနှင့် ပညာရေးဒီဂရီ ကောလိပ် ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်းတို့၏ ချိတ်ဆက်မှုကို မည်သည့် အချက်များပေါ်မူတည်၍ နှိုင်းယှဉ်ကြည့်နိုင်သနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ရုံးသုံးစာ၊ ရုံးသုံးစကားဖြစ်သည့် မြန်မာစာ၊ မြန်မာစကားကို နိုင်ငံသားတိုင်း ကောင်းစွာတတ်မြောက်စေရန် ဖြည့်ဆည်းပေးရေးမှာ နိုင်ငံတော်၏ တာဝန်ဖြစ်ပါသည်။
- အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာသင်ကြားရာ၌ မူလတန်းဆင့်တွင် တည်ဆောက်ခဲ့သည့် အခြေခံအုတ်မြစ်ပေါ်တွင် ထပ်ဆင့်အားဖြည့်ပြီး ဘာသာစကား နှင့် စာရေးစာဖတ် တတ်ကျွမ်းစေရန်သာမက မြန်မာစာပေကို ချစ်မြတ်နိုးကာ တန်ဖိုးထားတတ်စေရန်လည်း သင်ကြားပေးပါသည်။
- ပညာရေးဒီဂရီကောလိပ် လေးနှစ်သင်တန်းအစီအစဉ်၏ ဒုတိယနှစ်တွင် အခြေခံပညာ အလယ်တန်းဆင့်၌ မြန်မာစာသင်ကြားပြသမှုနှင့်ဆိုင်သော အခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများကို ထည့်သွင်းသင်ကြားရန် စီစဉ်ထားပါသည်။ အထူးသဖြင့် အဖတ်အရွတ်၊ အရေးအသား ကျွမ်းကျင်မှု သင်ကြားနည်းများနှင့် မြန်မာစာပေ သင်ကြားနည်းများကို အလေးပေးထားပါသည်။
- အခြေခံပညာအလယ်တန်းဆင့်အတွက် နိဒါန်းပျိုးခြင်း (သင်ခန်းစာ မိတ်ဆက်ခြင်း)၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသည့် အဆင့်လေးဆင့်ပါပုံစံ (I-T-P-R Model) ကို ယေဘုယျသင်ပြမှုပုံစံတစ်ခုအနေဖြင့် အသုံးပြုကြရန် အကြံပြုထားသော်လည်း မြန်မာစာ သင်ကြားပြသရေးအတွက်မှာမူ အခြားသော ချဉ်းကပ်နည်းများဖြင့်လည်း ပေါင်းစပ်သင်ကြားပြသနိုင်ရန် အကြံပြုထားပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

- ဤအခန်းတွင် အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်းနှင့် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်းတို့၏ ရည်ရွယ်ချက်များ၊ ဖွဲ့စည်းပုံနှင့် ၎င်းတို့အချင်းချင်းချိတ်ဆက်မှုကို နှိုင်းယှဉ်လေ့လာခဲ့ပြီးဖြစ်ပါသည်။
- အခြေခံပညာအဆင့် မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်များတွင် "ဘာသာစကားနှင့် စာပေအဆက်အစပ် အခြေခံသဘောကို သိရှိနားလည်ပြီး မြန်မာဘာသာဖြင့် ရေးသားထားသော အခြားဘာသာရပ် အသိပညာရပ်များကို ထိရောက်စွာ သင်ယူလေ့လာနိုင်ရန်" ဟုဖော်ပြပါရှိရာ အလယ်တန်းဆင့် ကလေးများ၏ မြန်မာစာတတ်ကျွမ်းမှုသည် အခြားဘာသာရပ်များကို သင်ယူတတ်မြောက်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။ သို့ဖြစ်ပါ၍ အခြေခံပညာကလေးများ၏ မြန်မာစာအခြေခံခိုင်မာတောင့်တင်း၍ ကျွမ်းကျင်စွာတတ်မြောက်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းများသည်လည်း အရေးကြီးလှပါသည်။

## ဆက်လက်ဖတ်မှတ်စရာများ

### ၁.၁။ ဒုတိယနှစ် မြန်မာစာသင်ရိုးညွှန်းတမ်းအကျဉ်း

ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။

# အခန်း ၂

# ဘာသာစကားဖွံ့ဖြိုးမှုနှင့် သင်ယူမှု

ပညာရေးဒီဂရီကောလိပ် ပထမနှစ်တွင် ကလေးများ၏ မိခင်ဘာသာစကား (သို့မဟုတ်) ပထမဘာသာစကားသင်ယူမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သဘောတရားများ၊ ထပ်ဆောင်းဘာသာစကား (သို့မဟုတ်) ဒုတိယဘာသာစကား သင်ယူခြင်းနှင့်ဆိုင်သော သဘောတရားများနှင့် ကလေးများ၏ ဘာသာစကား သင်ယူဖွံ့ဖြိုးမှုကို လူကြီးများကပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို လေ့လာဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ဒုတိယနှစ်တွင်မူ အဓိကအားဖြင့် အခြေခံပညာအလယ်တန်းဆင့် ကလေးများ၏ဘာသာစကား သင်ယူတတ်မြောက်မှုအတွက် အရေးကြီးသော အကြောင်းအရာအချို့ကိုသာ ထပ်ဆောင်းလေ့လာရန် စီစဉ်ထားပါသည်။ ၎င်းတို့ အထဲတွင် အဓိကအားဖြင့် ဘာသာစကား၏ လုပ်ငန်းတာဝန်များ၊ ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့်အထက် သင်ယူတတ်မြောက်ခြင်းနှင့် စပ်လျဉ်းသည့် သဘောတရားများ၊ ပညာသင်ယူရေး ဘာသာစကား ဖွံ့ဖြိုးလာရေးနှင့် ဘာသာစကား ဖွံ့ဖြိုးမှုအားနည်းသည့် ကျောင်းသားများအား ပံ့ပိုးပေးနိုင်ရေးတို့အတွက် နည်းလမ်းများပါဝင်မည် ဖြစ်ပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဘာသာစကား၏ လုပ်ငန်းတာဝန်များကို ရှင်းပြတတ်မည်။
- ပညာရှင်သုံးဦးက ဖော်ထုတ်ထားသည့် ဘာသာစကား၏ လုပ်ငန်းတာဝန် အမျိုးမျိုးကို နှိုင်းယှဉ်သုံးသပ်တတ်မည်။
- ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့်အထက် သင်ယူတတ်မြောက်ရန် ပံ့ပိုးနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။
- ပညာသင်ယူရေးဘာသာစကား ဖွံ့ဖြိုးလာရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။
- ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများအား ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှု လိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## အဓိကအသုံးအနှုန်းများ

ပြမ်းဆင်ပေးခြင်း၊ စကားစဉ်ခြင်း၊ စကားပြောအင်္ဂါ၊ စကားသင်္ကေတပြောင်းခြင်း၊ စကားသင်္ကေတရောခြင်း၊ ဆက်သွယ်ပြောဆိုရေးပုံစံ၊ ဒြပ်မဲ့အသိသညာ၊ နှစ်ဘာသာ တတ်မြောက်ခြင်း၊ နှစ်ဘာသာ တစ်ခုပြီးမှတစ်ခု သင်ယူတတ်မြောက်ခြင်း၊ နှစ်ဘာသာ တစ်ပြိုင်တည်း သင်ယူတတ်မြောက်ခြင်း၊ ပညာသင်ယူရေး ဘာသာစကား၊ ဘာသာစကား၏ လုပ်ငန်းတာဝန်၊ သွင်းအားစု၊ အသိသညာ။

# ၂.၁။ ဘာသာစကားဖွံ့ဖြိုးမှု

ဤအပိုင်းတွင် ဘာသာစကားပညာရှင်အချို့ ဖော်ထုတ်ခဲ့သည့် ဘာသာစကား၏ လုပ်ငန်းတာဝန်များ အကြောင်းကို ဆွေးနွေးရန် စီစဉ်ထားပါသည်။

## ၂.၁.၁ ဘာသာစကား၏ လုပ်ငန်းတာဝန်များ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဘာသာစကား၏ လုပ်ငန်းတာဝန်များကို ရှင်းပြတတ်မည်။
- ပညာရှင်သုံးဦးက ဖော်ထုတ်ထားသည့် ဘာသာစကား၏ လုပ်ငန်းတာဝန် အမျိုးမျိုးကို နှိုင်းယှဉ်သုံးသပ်တတ်မည်။

နေ့စဉ်ဘဝတွင် မိမိတို့၏ လိုအင်ဆန္ဒနှင့် လိုအပ်ချက်များ ပြည့်မြောက်ရေးအတွက် ပြောဆိုဆက်သွယ်ရာ၌ ဘာသာစကားကို အသုံးပြုကြရသည်။ ထိုသို့ ဆက်သွယ်ပြောဆိုရသည့် ရည်ရွယ်ချက်များကို ဘာသာစကား၏ လုပ်ငန်းတာဝန်များ[၅] ဟု ခေါ်ခြင်းဖြစ်သည်။ ထိုလုပ်ငန်းတာဝန်များကိုပင် ဘာသာစကား၏ အသုံးဟုလည်း ခေါ်ဆိုနိုင်ပါသည်။[၆] ဘာသာစကားတစ်ခုကို တတ်ကျွမ်းနားလည်ခြင်းဆိုသည်မှာ ထိုဘာသာစကားရှိ အသံများ၊ စကားလုံးများ၊ ဝါကျများ၊ သဒ္ဒါစည်းမျဉ်းများကို သိရှိနားလည်ခြင်းသာမက ထိုဘာသာစကား၏ လုပ်ငန်းတာဝန်များကိုပါ သိရှိနားလည်ပြီး အသုံးပြုတတ်ခြင်းဖြစ်သည်။ ဘာသာစကား၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းပြီး ပညာရှင်များက အမျိုးမျိုးဖော်ထုတ်သတ်မှတ်ထားကြရာ ၎င်းတို့အထဲတွင် ထင်ရှားသောပညာရှင်သုံးဦးဖြစ်သည့် ရိုမန် ဂျေကော့ဘ်ဆန် (Roman Jacobson)၊ မိုက်ကယ်ဟာလီဒေး (Micheal Halliday)နှင့် ဂျက်ဖရီ လိချ် (Geoffrey Leech) တို့၏ ဖော်ထုတ်သတ်မှတ်ထားချက်များကို တင်ပြဆွေးနွေးလိုပါသည်။

---

၅ ခင်မင် ၊မောင် (ဓနုဖြူ)။ (၂၀၁၉)။ *ဘာသာဗေဒဝေါဟာရများ* ။ ရန်ကုန်၊ ဒေါင်းစာပေ။

၆ ခင်မင် ၊မောင် (ဓနုဖြူ)။(၂၀၁၉)။ *အသက်ဆက်ရှင်သန်မှုအတွက် ဘာသာစကားနှင့် မြန်မာစာ ထိန်းသိမ်းစောင့်ရှောက်ရေး* ။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

## ဂျေကော့ဘ်ဆန်နှင့် ဘာသာစကား၏ လုပ်ငန်းတာဝန် (၆) ရပ်

အပြန်အလှန်ပြောဆိုခြင်း၊ ဟောပြောပို့ချခြင်း၊ ဆွေးနွေးခြင်း စသည့် စကားပြောဖြစ်ရပ်များတွင် ပြောသူနှင့် ကြားနာသူတို့ အပြန်အလှန် သတင်းစကားဖလှယ်ကြရာ၌ ဆက်သွယ်ပြောဆိုမှုအပေါ်တွင် အခြေခံအကြောင်းရင်း အမျိုးမျိုး၏ သက်ရောက်မှုရှိကြောင်း ဂျေကော့ဘ်ဆန်က တင်ပြခဲ့သည်။ ထိုအခြေခံအကြောင်းရင်းများမှာ ပြောသူ၊ ကြားနာသူ၊ စကားပြောသည့် အဆက်အစပ်၊ ပြောသည့် သတင်းစကား၊ ထိုသတင်းစကားကို ဖော်ပြသည့် သင်္ကေတ၊ ထိတွေ့မှု (ဥပမာ - မျက်နှာချင်းဆိုင် သို့မဟုတ် စာဖြင့် စသည်) တို့ဖြစ်သည်။ ထိုအခြေခံအကြောင်းရင်းများကို အမှီပြုပြီး ဘာသာစကား၏ လုပ်ငန်းတာဝန်များ ပေါ်ထွက်လာသည်ဟု ဆိုပါသည်။

၁။ ခံစားမှုပြတာဝန် (Expressive or emotive function)။ ။ပြောသူ၏ ခံစားချက်များကို ထုတ်ဖော်ပြသရန် အသုံးပြုသည့် ဘာသာစကားဖြစ်သည်။ မကျေနပ်ချက်များကြောင့် ကျိန်ဆဲခြင်း၊ ဗျစ်တောက်ဗျစ်တောက်ပြောခြင်း စသည်တို့ဖြင့် စိတ်ဖိစီးမှုကို ဖြေဖျောက်ရန် ထုတ်ဖော်ပြသခြင်းများ ပါဝင်သကဲ့သို့ နှစ်သက်ကျေနပ်မှု၊ ဝမ်းမြောက်မှုတို့ကြောင့် ဖြစ်လာသည့် "လှလိုက်တာ၊ သိပ်တော်တာပဲ" စသည်တို့လည်း ပါဝင်သည်။ ထို့အတူ "အို"၊ "ဟယ်"၊ "ဟင်"၊ "အား"၊ "အမယ်လေး" စသည့် အာမေဍိတ်စကားများလည်း ပါဝင်ပါသည်။ စကားသံအမျိုးမျိုးကို အသုံးပြုပြီး မိမိ၏ခံစားချက်ကို ဖွင့်ထုတ်ဖော်ပြရသည့် လုပ်ငန်းတာဝန်ပင် ဖြစ်သည်။

၂။ လမ်းညွှန်မှုတာဝန် (Directive or conative function)။ ။အပြောခံပုဂ္ဂိုလ်များကို ရည်ညွှန်းပြီး အသုံးပြုခြင်းဖြစ်ပြီး ဆောင်ရွက်စေလိုသည့် ဆန္ဒကို ထုတ်ဖော်ပြသရန်လည်းဖြစ်သည်။ သိသာထင်ရှားသည့် ဘာသာစကား ပုံသဏ္ဌာန်များတွင် ညွှန်ကြားချက်၊ လမ်းညွှန်ချက်များအတွက် အသုံးပြုသော ဝါကျများနှင့် အာလုပ်စကားများ ပါဝင်ပါသည်။ "ပြတင်းပေါက်ကလေး ပိတ်ပေးပါလား"၊ "မြန်မြန်လုပ်"၊ "သွားစို့" "ဘကြီးရေ" စသည် အပြောမျိုးများသည့် လမ်းညွှန်မှုတာဝန်ကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃။ အညွှန်းပြတာဝန် (Referential function)။ ။အရာဝတ္ထုများ၊ အချက်အလက်များ၊ အဖြစ်အပျက်များကို ညွှန်းဆိုဖော်ပြရန် အသုံးပြုခြင်းဖြစ်ပြီး ဘာသာစကား၏ အထင်ရှားဆုံး လုပ်ငန်းတာဝန်တစ်ခုဖြစ်သည်။ တစ်စုံတစ်ခုနှင့် စပ်လျဉ်းသည့် စိတ်ကူးစိတ်သန်းများကို အသိပေးမျှဝေနိုင်စွမ်းနှင့် ဆိုင်ပါသည်။ ဥပမာ - "၁၉၄၇ ခုနှစ်မှာ ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့တယ်။" "ရေဟာ ၁၀၀ဒီဂရီ စင်တီဂရိတ်မှာ ဆူပါတယ်။"

စသည့် ဖော်ပြချက်မျိုးများဖြစ်သည်။ ဤလုပ်ငန်းတာဝန်၏ ထူးခြားချက်တစ်ရပ်မှာ အဆိုပြုချက်တိုင်းတွင် အမှန် (သို့မဟုတ်) အမှားတန်ဖိုးရှိခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ "ရေဟာ ၁၀၀ ဒီဂရီ စင်တီဂရိတ်မှာဆူပါတယ်။" ဟုဆိုလျှင် မှန်ပြီး "ရေဟာ ၉၀ ဒီဂရီ စင်တီဂရိတ်မှာ ဆူပါတယ်။" ဟု ဆိုလျှင် မှားခြင်းဖြစ်သည်။ ထို့ပြင် ဤလုပ်ငန်းတာဝန်တွင် စကားပြောခြင်းအမှုနှင့် ဆက်စပ်နေသော အခြေအနေကိုလည်း ကြည့်ရပါသည်။ ဥပမာ - "သူက ကျွန်တော့်တပည့်လေ။" ဟူသော စကားတွင် "သူ" ဆိုသည်မှာ မည်သူဖြစ်သည်ကို စကားပြောသည့် အဆက်အစပ်နှင့် နားလည်ရန် လိုအပ်ခြင်းမျိုးဖြစ်သည်။

၄။ ကဗျာ၊ လင်္ကာဆန်မှု တာဝန် (Poetic function)။ ။ထုတ်ဖော်ပြောဆိုသည့် သတင်းစကားကို လှပအောင် ဖန်တီးခြင်းနှင့်ဆိုင်သည့် လုပ်ငန်းတာဝန် ဖြစ်သည်။ ကာရန်၊ နရီစည်းဝါး အပါအဝင် အသံများကို နားပျော်ဖွယ်ဖြစ်အောင် စီကုံးခြင်း သာမက စကားလုံးအထားအသို၊ စကားပရိယာယ်၊ စကား အလင်္ကာများသုံးခြင်း အပါအဝင် ဘာသာစကားကို စိတ်ကူးဉာဏ် ကွန့်မြူး တီထွင်ဖန်တီးမှုဖြင့် အသုံးပြုခြင်းဖြစ်သည်။ မြန်မာဘာသာစကားတွင် ကဗျာ၊ လင်္ကာဆန်မှုကို အများအပြားတွေ့နိုင်ပါသည်။ ဥပမာ - "ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိကြပါစေ။" "နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်ညီပါပေတယ်။" စသည်တို့ ဖြစ်သည်။

၅။ လောကဝတ်တာဝန် (Phatic function)။ ။မြန်မာလူမျိုးများအနေဖြင့် လမ်းတွင် မိတ်ဆွေချင်းတွေ့သည့်အခါ "နေကောင်းလား၊" "ထမင်းစားပြီးပြီလား၊" "ဘယ်သွားမလို့လဲ" စသည်ဖြင့် မေးမြန်းပြောဆိုခြင်းသည် အမှန်တကယ် သိလိုသည့်အတွက် မေးခြင်းမဟုတ်ဘဲ ပဋိသန္ဓာရ စကားအဖြစ်သာ ပြောဆိုကြခြင်း ဖြစ်သည်။ အမှန်တကယ် သတင်းအချက်အလက် ဖလှယ်ရန်ထက် တစ်ဖက်လူနှင့် ဆက်သွယ်ပြောဆိုရေးလမ်းကြောင်း ဖွင့်နိုင်ရန် အစပျိုးသည့်အနေဖြင့် ပြောဆိုခြင်း သာဖြစ်သည်။ ထိုကဲ့သို့သော အသုံးအနှုန်းများကို ဘာသာစကား၏ လောကဝတ် တာဝန်ဟုခေါ်ခြင်း ဖြစ်သည်။

၆။ ဘာသာစကားအကြောင်း ဖွင့်ဆိုရှင်းပြမှုတာဝန် (Metalinguistic function)။ ။ ဘာသာစကားဆိုင်ရာ သင်္ကေတများကို အာရုံစိုက်ရသည့် လုပ်ငန်းတာဝန်ဖြစ်သည်။ နာမ်၊ ကြိယာ၊ ဝါကျ၊ ဝိဘတ်၊ ပစ္စည်း အစရှိသော ဘာသာစကားဆိုင်ရာ ဝေါဟာရများကို အသုံးပြုကာ ဘာသာစကားအကြောင်းကို ဖော်ပြခြင်းသည် ဘာသာစကားအကြောင်း ဖွင့်ဆိုရှင်းပြမှု တာဝန်ပင်ဖြစ်သည်။ ဥပမာ - "စာအုပ်၊ နာမ် - စုပေါင်းချုပ်ထားသော စာရွက်များ" ကဲ့သို့သော ဖွင့်ဆိုရှင်းပြထားမှုများ ဖြစ်သည်။ သဒ္ဒါစာအုပ်၊ အဘိဓာန်စာအုပ်များကိုကြည့်လျှင် ဘာသာစကား အကြောင်း ဖွင့်ဆိုရှင်းပြမှုတာဝန်ကို အလွယ်တကူ မြင်တွေ့နိုင်မည်ဖြစ်သည်။

## မိုက်ကယ်ဟာလီဒေးနှင့် ဘာသာစကား၏ လုပ်ငန်းတာဝန် (၇)ရပ်[၇]

ဘာသာစကား၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းပြီး တင်ပြဆွေးနွေးခဲ့သည့် ပညာရှင်များ အနက် ထင်ရှားသူတစ်ဦးမှာ အင်္ဂလိပ်လူမျိုး ဘာသာဗေဒပညာရှင် မိုက်ကယ်ဟာလီဒေး ဖြစ်သည်။ ဟာလီဒေးက လူမှုအသိုက်အဝန်းတစ်ခုအတွင်းတွင် ကဏ္ဍအမျိုးမျိုး၌ ပါဝင် ဆောင်ရွက်နိုင်ရန် ဘာသာစကားကို မည်သို့မည်ပုံ အသုံးပြုကြသည်ကို အထူးအားဖြင့် လေ့လာခဲ့သည်။ မတူကွဲပြားသည့် အသုံးပြုပုံအမျိုးမျိုးကို ဘာသာစကား၏ လုပ်ငန်းတာဝန် များဟု သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ဟာလီဒေးက ကလေးများ ဘာသာစကားတစ်ခုကို တတ်မြောက်လာသည်ဆိုသည်မှာ အဆိုပါလုပ်ငန်းတာဝန်များကို ဆောင်ကျဉ်းနိုင်ရန် ဘာသာစကားကို အသုံးပြုတတ်ခြင်းဖြစ်သည်ဟု ဆိုပါသည်။[၈] ဟာလီဒေး၏ အဆိုအရ ကလေးသူငယ် ဘဝမှစတင်ကာ ဖွံ့ဖြိုးလာသည့် ဘာသာစကား၏ လုပ်ငန်းတာဝန်(၇)ရပ် ရှိပါသည်။

၁။ အသုံးခံတာဝန် (Instrumental function)။ ။မိမိ၏ လိုအပ်ချက်၊ လိုအင်ဆန္ဒနှင့် လိုလားမှုများကို ဖြည့်ဆည်းနိုင်ရန် ဘာသာစကားကို ဆက်သွယ်ရေးကိရိယာ တစ်ခု အဖြစ် အသုံးပြုခြင်းဖြစ်သည်။ ဘာသာစကားကို လိုအပ်ချက် ဖြည့်ဆည်းရန် လက်နက်ကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်းဟုလည်း ဆိုနိုင်ပါသည်။ ဘာသာစကား သင်ယူစကလေးများအတွက်မှာ ပထမဆုံးတတ်မြောက်ရသည့် အသုံးတစ်ခုလည်း ဖြစ်သည်။ ဥပမာ - "မုန့်မုန့်ပေး။"

၂။ ထိန်းချုပ်မှုတာဝန် (Regulatory function)။ ။အခြားသူများ၏ အပြုအမူများ၊ စိတ်နေသဘောထားများနှင့် ခံစားချက်များအပေါ် လွှမ်းမိုးထိန်းချုပ်နိုင်ရန် ဘာသာစကားကို အသုံးပြုခြင်းဖြစ်သည်။ "အိမ်ပြန်ချင်တယ်" "ကျနော် ပြောပါရစေ" "ထွက်သွား" စသည့် အပြောများသည် ဘာသာစကား၏ လွှမ်းမိုးထိန်းချုပ်မှုတာဝန်ကို ဖော်ပြနေပါသည်။

၃။ တုံ့လှယ်မှုတာဝန် (Interactional function)။ ။ အခြားသူများနှင့် မိတ်ဖွဲ့ထားသည့် အခြေအနေကို ထိန်းသိမ်းရန်အတွက် ဘာသာစကားကို အသုံးပြုခြင်းဖြစ်သည်။ အခြားသူများကိုသိပြီး မိမိနှင့် အခြားသူများအကြား ဆက်နွှယ်မှုကိုလည်း သိစေသည့် လုပ်ငန်းတာဝန် ဖြစ်သည်။ အခြားသူများနှင့် လိုက်လျောညီထွေစွာ

---

[၇] Halliday, M. A. K. (2007). *Language and education. Volume 9 in the Collected Works of M. A. K. Halliday.* London and New York: Continuum.

[၈] Williams, T. (1981). *The functions of language. In Communication and the teacher, B. Hodge, Ed.* Melbourne: Longman Cheshire.

နေထိုင်လုပ်ကိုင် ဆောင်ရွက်သွားနိုင်စေရန် အသုံးပြုခြင်းလည်းဖြစ်သည်။ ဥပမာ - ကလေးတွေ ဘယ်အတန်း ရောက်ကြပြီလဲ။

၄။ ပုဂ္ဂလတာဝန် (Personal function)။ ။မိမိအကြောင်း၊ မိမိ၏ ကိုယ်ရည်ကိုယ်သွေး စသည်တို့နှင့် စပ်လျဉ်းသည့်အကြောင်းများကို ဖော်ပြရန် အသုံးပြုခြင်း ဖြစ်သည်။ မိမိ၏ စိတ်ဝင်စားမှု၊ နှစ်သက်မှု၊ မနှစ်သက်မှု၊ ခံစားချက် စသည်တို့ကို ဖော်ပြသည့် ဘာသာစကားများ ဖြစ်သည်။ ဥပမာ - "ဒါ ငါ့ဥစ္စာ။" "ဒီပုံ သား ဆွဲထားတာ။" စသည့် အပြောမျိုးများ ဖြစ်သည်။

၅။ စူးစမ်းလေ့လာမှုတာဝန် (Heuristic function) ။ ။ပတ်ဝန်းကျင်လောကကြီးကို စူးစမ်းရှာဖွေရန်နှင့် လေ့လာသင်ယူရန်အတွက် ဘာသာစကားကို အသုံးပြုခြင်း ဖြစ်သည်။ ကလေးသည် ကျောင်းသို့မရောက်မီကပင် "အမေး"၊ "အဖြေ"၊ "နားလည်"၊ "သိ" စသော သဘောတရားများကို သိရှိအကျွမ်းဝင်ပြီးဖြစ်ကာ အသုံးပြုတတ်နေပြီ ဖြစ်ပါသည်။ "အဲဒါကြီးက ဘာကြီးလဲ။" "ဒီမှာ အသီးတွေ" စသည်အားဖြင့် ပြောပုံမျိုးသည် ဘာသာစကား၏ စူးစမ်းလေ့လာမှုတာဝန်ကို အသုံးချခြင်းပင် ဖြစ်သည်။

၆။ စိတ်ကူးဉာဏ်ကွန့်မြူးမှုတာဝန် (Imaginative function)။ ။ ကလေးများအဖို့ အတုလုပ်တမ်း ကစားခြင်းဟူသော အယူအဆနှင့် ယှဉ်တွဲနေတတ်သည့် ဘာသာစကား အသုံးဖြစ်သည်။ ဘာသာစကားကို အသုံးပြုပြီး မိမိ၏ပတ်ဝန်းကျင်၊ မိမိ၏ကမ္ဘာကို ဖန်တီးခြင်းလည်းဖြစ်သည်။ "ပုံပြင် / ဇာတ်လမ်း"၊ "အတုခိုး"၊ "ဟန်ဆောင်" စသည့် အယူအဆများကို နားလည်ပြီးဖြစ်သည့် ကလေးများသည် ဘာသာစကားကို စိတ်ကူးဉာဏ် ကွန့်မြူးမှုတာဝန်အတွက် အသုံးပြုနိုင်ပြီဖြစ်သည်။ "နင်က မင်းသမီးလေးလုပ်၊ ငါက ဘုရင်ကြီးလုပ်မယ်။" စသည့် အပြောမျိုးဖြစ်သည်။

၇။ အသိပေးမှုတာဝန် (Informative function) ။ ။သတင်းအချက်အလက်များ ပေးရန်၊ အဆိုပြုချက်များကို ပြောပြရန်၊ မိမိပတ်ဝန်းကျင်ကမ္ဘာကို ဆက်စပ် ရည်ညွှန်းပြီး သတင်းစကားပါးရန် စသည်တို့အတွက် ဘာသာစကားကို အသုံးပြုခြင်း ဖြစ်သည်။ "ဝံပုလွေကြီး အကြောင်း ငါပြောပြမယ်။" စသည့် စကားမျိုးကို ဆိုလိုပါသည်။ ကလေးများတွင် ထိုလုပ်ငန်းတာဝန်နှင့် ပတ်သက်သည့် စကားများများစားစား တွေ့ရမည် မဟုတ်သော်လည်း လူကြီးများ၏ စကားများထဲတွင်မူ အဆိုပါတာဝန်ကို အဓိကအဖြစ် တွေ့ရမည်ဖြစ်သည်။

## ဂျက်ဖရီလိချ်နှင့် ဘာသာစကား၏ လုပ်ငန်းတာဝန် (၅)ရပ် [၉]

အခြား အင်္ဂလိပ်လူမျိုး ဘာသာဗေဒပညာရှင်တစ်ဦးဖြစ်သော ဂျက်ဖရီလိချ် (ပါမောက္ခလိချ်) ကမူ ဘာသာစကား၏ လုပ်ငန်းတာဝန်များကို (၅) မျိုး ခွဲခြားသတ်မှတ်ပြီး ဆွေးနွေးတင်ပြခဲ့သည်။ ပါမောက္ခလိချ်သည် အတ္ထဗေဒ (အနက် အဓိပ္ပာယ်ပညာ)ကို အထူးပြုလေ့လာခဲ့ပြီး လူ့အဖွဲ့အစည်းအတွင်း ရှုပ်ထွေးလှသည့် အပြန်အလှန် တုံ့လှယ်လုပ်ဆောင်မှုများအကြားရှိ ဘာသာစကား၏ အခန်းကဏ္ဍကို အာရုံစိုက်ခဲ့သည်။ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အနက်အဓိပ္ပာယ်ဆိုင်ရာ တတ်ကျွမ်းမှုများကို မည်သို့ထိန်းချုပ်အသုံးချရမည်ကို စဉ်းစားခဲ့သည်။ ထိုအချက်များကို ထည့်သွင်းစဉ်းစားပြီး ဂျေကော့ဘ်ဆန်၏ မူလအဆိုပြုချက်များကို အခြေခံလျက် အောက်ဖော်ပြပါလုပ်ငန်းတာဝန် (၅) ရပ်ကို ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

၁။ အသိပေးမှုတာဝန် (Informational function)။ ။သတင်းအချက်အလက်များ ပေးခြင်းနှင့် ရယူခြင်းတို့ ပါဝင်သည့် လုပ်ငန်းဖြစ်သည်။ လူတိုင်းက ယေဘုယျအားဖြင့် အရေးအကြီးဆုံး လုပ်ငန်းတာဝန်ဟု မှတ်ယူထားကြသည်။ ဥပမာများ - မီးသတိပြု၊ ဖို့အား ၅၀၀၀။

၂။ ခံစားမှု ဖွင့်ထုတ်ဖော်ပြရေးတာဝန် (Expressive function)။ ။ခံစားချက်များ၊ စိတ်နေသဘောထားများကို ဖွင့်ထုတ်ဖော်ပြရန်အသုံးပြုသည်။“ဟင်”၊ “ဟယ်”၊ “အို”၊ “အား” စသည့် ခံစားချက်များကို ထုတ်ဖော်ပြသည့် အာမေဍိတ်စကားလုံးများ၊ ကျိန်ဆဲသည့် အသုံးအနှုန်းများသည် သိသာလွယ်သည့် ဥပမာများဖြစ်သည်။ ပြောသူ၏ စိတ်အခြေအနေ၊ ခံစားချက် စသည်တို့နှင့် ဆိုင်သော သတင်းစကားများကိုပါ ဖော်ပြခြင်းဖြစ်သဖြင့် အရေးကြီးပါသည်။

၃။ လမ်းညွှန်မှုတာဝန် (Directive function) ။ ။အခြားသူများ၏ အပြုအမူနှင့် စိတ်နေသဘောထားများကို လွှမ်းမိုးထိန်းချုပ်ရန် အသုံးပြုသည့် ဘာသာစကားဖြစ်သည်။ အမိန့်ပေးစေခိုင်းသည့် စကားများ၊ မေတ္တာရပ်ခံသည့် စကားများသည် အထင်ရှားဆုံး ဥပမာများဖြစ်သည်။ သတင်းစကား ပြောသူထက် နားထောင်သူ (သို့မဟုတ်) လက်ခံရယူသူကို ပိုမိုအလေးထားသည့် အသုံးမျိုးဖြစ်သည်။ ဥပမာများ - တိုးတိုးပြောခြင်းဖြင့် ကူသိုလ်ယူပါ။ ဤနေရာတွင် အမှိုက်မပစ်ရ။

---

[၉] Leech, G. (1974). *Semantics*. Harmondsworth, Middlesex, England: Penguin Books.

၄။ အလှဖန်တီးမှုတာဝန် (Aesthetic function) ။ ။ဘာသာစကားကို အခြားသော ရည်ရွယ်ချက်များထက် စကားအလှဆင်ရန် သက်သက်အတွက်သာ အသုံးပြုခြင်း ဖြစ်သည်။ မိမိပြောဆိုသည့် ဘာသာစကားကို အလှပစ္စည်းတစ်ခုအဖြစ် ဖန်တီးရန် အတွက် အသုံးပြုခြင်းဟုလည်း ဆိုနိုင်ပါသည်။ ဥပမာ - အမည်ပေး ကင်ပွန်းတပ် မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါရန် ဖိတ်ကြားခြင်း။

၅။ လောကဝတ်တာဝန် (Phatic function)။ ။ဆက်သွယ်ပြောဆိုရေးလမ်းကြောင်းကို စတင်နိုင်ရန်၊ လမ်းကြောင်းပွင့်နေစေရန်နှင့် လူမှုဆက်ဆံရေး ပုံစံကောင်းများကို ထိန်းသိမ်းထားရန်တို့အတွက် ဘာသာစကားကို အသုံးပြုခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဘတ်စ်ကားပေါ်တွင် ကလေးနှင့် မိခင်တစ်ဦးကို တွေ့သည့်အခါ အသိအကျွမ်းမဟုတ်သော်လည်း “ကလေးလေးက ချစ်စရာကောင်းလိုက်တာ” စသည်ဖြင့် စကားစခြင်းမျိုး ဖြစ်သည်။

ပါမောက္ခလိချ်က ထိုလုပ်ငန်းတာဝန်များသည် မည်သည့် ပြောဆိုဆက်သွယ်မှု အခြေအနေတွင်မဆို ပဓာနကျသည့် အကြောင်းအချက် (၅) ရပ်နှင့် ဆက်နွှယ်နေသည်ဟု ဆိုပါသည်။ ထိုအချက် (၅) ရပ်မှာ -

၁။ ဘာသာရပ် အကြောင်းအရာ

၂။ ကနဦးအစပျိုးသူ (ပြောသူ/ရေးသူ)


၃။ လက်ခံရယူသူ (နာသူ/ဖတ်သူ)

၄။ ဆက်သွယ်ရေးလမ်းကြောင်း

၅။ သတင်းစကား

တို့ဖြစ်သည်။ ပါမောက္ခလိချ်က အဆိုပြုသည့် ဘာသာစကား၏ လုပ်ငန်းတာဝန် (၅) ရပ်နှင့် ပဓာနကျသည့် အကြောင်းအချက် (၅) ရပ်တို့ ဆက်စပ်ပုံကို အောက်ဖော်ပြပါ “လိချ်၏ ဆက်သွယ်ပြောဆိုရေး ပုံစံ” တွင် တွေ့မြင်နိုင်ပါသည်။

**လိချ်၏ဆက်သွယ်ပြောဆိုရေးပုံစံ**




**ပုံ ၂.၁။ လိချ်၏ ဆက်သွယ်ပြောဆိုရေးပုံစံ**

ဘာသာစကား၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ဘာသာဗေဒပညာရှင်များက ဖော်ထုတ်သတ်မှတ်ထားသည်မှာ အမျိုးမျိုးကွဲပြားပါသည်။ တူညီသည့် သဘောထားအမြင်များ ရှိသကဲ့သို့ မတူကွဲပြားသည်များလည်း ရှိပါသည်။ ပါမောက္ခ ဂျက်ဖရီလိချ်ကမူ မည်သည့် စကားကိုမျှ လုပ်ငန်းတာဝန်တစ်ခုတည်းနှင့်သာ ယှဉ်တွဲသတ်မှတ်ရန် မဖြစ်နိုင်ဟုဆိုပါသည်။ ဥပမာအားဖြင့် “ကော်ဖီ သောက်ချင်လိုက်တာ” ဟူသောစကားသည် အသိပေးမှုတာဝန်၊ ခံစားမှုဖွင့်ထုတ်ဖော်ပြရေးတာဝန်နှင့် လမ်းညွှန်မှုတာဝန်တို့ကို ပေါင်းစပ်ထမ်းဆောင်ခြင်း ဖြစ်နိုင်သည်ဟု ဆိုပါသည်။

ဘာသာစကားကို သင်ကြားပြသသူများအနေဖြင့်မူ ဘာသာစကား၏ လုပ်ငန်းတာဝန်များကို သိနားလည်ထားရန် လိုအပ်ပါသည်။ အသံစနစ်၊ သဒ္ဒါ၊ ဝါကျဖွဲ့ထုံးစသည့် ဘာသာ စကား၏ ဖွဲ့စည်းတည်ဆောက်ပုံများကို သင်ကြားပေးရုံဖြင့် ဘာသာစကားကို ဆက်သွယ်ပြောဆိုရေး အတွက် အသုံးပြုနိုင်မည်မဟုတ်ပါ။ ကျောင်းသားများအနေဖြင့် ဘာသာစကား၏ လုပ်ငန်းတာဝန်အမျိုးမျိုးအလိုက် အသုံးပြုရမည့် ဆီလျော်သည့် စကားအသုံးအနှုန်းများကို တတ်ကျွမ်းရန် လိုအပ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း ဆက်စပ်အခြေအနေအမျိုးမျိုးတွင် မျှော်မှန်းထားသည့်ရလဒ်များ ပေါက်မြောက်ရေးအတွက် ဘာသာစကားကို ရွေးချယ် အသုံးပြုကြရပါသည်။ ထိုသဘောကိုနားလည်ပြီး ဘာသာစကားကို ရည်ရွယ်ချက်အမျိုးမျိုး အတွက် အသုံးပြုနိုင်စွမ်း ပိုမိုဖွံ့ဖြိုးရေးအတွက် သင်ယူမှုအတွေ့အကြုံအမျိုးမျိုးကို ဖန်တီးပေးရမည် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ ဘာသာစကား၏ လုပ်ငန်းတာဝန်များကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ဘာသာစကား၏ လုပ်ငန်းတာဝန်များကို ယေဘုယျအားဖြင့် လေ့လာ၍ ရှင်းပြတတ်ရန် ဖြစ်သည်။ ထိုသို့ခြုံငုံရှင်းပြနိုင်ရန် ပညာရှင်သုံးဦးဖြစ်သော ဂျေကော့ဘ်ဆန် (Jakobson)၊ မိုက်ကယ် ဟာလီဒေး (Michael Halliday)နှင့် ဂျက်ဖရီလိချ် (Geoffrey Leech) တို့က ဖော်ထုတ် သတ်မှတ်ခဲ့သည့် ဘာသာစကား၏ လုပ်ငန်းတာဝန်အမျိုးမျိုးကို လေ့လာကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ဘာသာစကား၏ လုပ်ငန်းတာဝန်အမျိုးမျိုးကို နှိုင်းယှဉ် သုံးသပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ပညာရှင်သုံးဦးက ဖော်ထုတ်ထားသည့် ဘာသာစကား၏ လုပ်ငန်းတာဝန်အမျိုးမျိုးကို နှိုင်းယှဉ်သုံးသပ်တတ်ရန် ဖြစ်သည်။ ထိုသို့ နှိုင်းယှဉ်သုံးသပ်တတ်ရန် အတွက် ပညာရှင်အသီးသီးက ဖော်ထုတ်သတ်မှတ် ခဲ့သည့် ဘာသာစကား၏ လုပ်ငန်းတာဝန်အမျိုးမျိုးကို အသေးစိတ် လေ့လာ၍ အုပ်စုလုပ်ငန်း များကို ပြခန်းလှည့်လည်ကြည့်ရှု သင်ယူကြရန်ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ဘာသာစကား၏ လုပ်ငန်းတာဝန်များကို ဖော်ပြပါ။

၂။ ဘာသာစကားပညာရှင်သုံးဦးက ဖော်ထုတ်ထားသည့် ဘာသာစကား၏ လုပ်ငန်း တာဝန်များကို နှိုင်းယှဉ်ဖော်ပြပါ။

# ၂.၂။ ဒုတိယဘာသာစကား တတ်မြောက်မှု

ဤအပိုင်းတွင် ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့်အထက် သင်ယူတတ်မြောက်ရန် ပံ့ပိုးနိုင်သည့် နည်းလမ်းများအကြောင်းကို ဆွေးနွေးထားပါသည်။

## ၂.၂.၁ | ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့်အထက် သင်ယူတတ်မြောက်ခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့်အထက် သင်ယူတတ်မြောက်ရန် ပံ့ပိုးနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။

မြန်မာနိုင်ငံသည် မတူကွဲပြားသော ဘာသာစကားအမျိုးမျိုး ပြောဆိုကြသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော ပြည်ထောင်စုကြီးတစ်ခု ဖြစ်ပါသည်။ မြန်မာစာ၊ မြန်မာစကားသည် နိုင်ငံတော်၏ ရုံးသုံးဘာသာစကားဖြစ်သည့်အလျောက် နိုင်ငံသားများအနေဖြင့် မြန်မာစာ၊ မြန်မာစကားကို ကျောင်းများတွင် သင်ယူကြရသည်။ ထို့ပြင် အင်္ဂလိပ်စာကိုလည်း မူလတန်းမှ စတင်ကာ သင်ယူကြရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသားတိုင်းသည် ဘာသာစကားနှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုကာ သင်ယူကြရသူများဖြစ်ပြီး နိုင်ငံသားအတော်များများသည် နှစ်ဘာသာ တတ်မြောက်သူများ ဖြစ်နေသည်ဟု ဆိုနိုင်ပါသည်။ ယနေ့ခေတ်တွင် နှစ်ဘာသာ တတ်မြောက်ခြင်းသည် ကမ္ဘာ့နိုင်ငံအများစုတွင် တွေ့မြင်နေရသည့် လက္ခဏာတစ်ရပ် ဖြစ်လာနေပါသည်။ ယခုအခါ ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် နှစ်ဘာသာ သင်ယူတတ်မြောက် ပြောဆိုသုံးစွဲကြသူများ ဖြစ်သည်ဟုဆိုပါသည်။[၁၀] ထိုကဲ့သို့သော ပုဂ္ဂိုလ်များထဲတွင် ကျောင်းသို့ရောက်မှ မြန်မာစာ၊ မြန်မာစကားကို စတင်သင်ယူကြရသည့် တိုင်းရင်းသားကလေးများ ပါဝင်နေပါသည်။ ၎င်းတို့အနေဖြင့် ဘာသာစကားနှစ်မျိုးနှင့်အထက် သင်ယူကြရသည်ဖြစ်ရာ အလယ်တန်းသို့ရောက်သည့်တိုင် လိုအပ်ချက်များ ရှိနေဦးမည် ဖြစ်သဖြင့် မြန်မာစာပြဆရာများက အလေးထားပံ့ပိုးရန် လိုအပ်ပါသည်။

[၁၀] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၉)။ *ဘာသာဗေဒဝေါဟာရများ*။ ရန်ကုန်၊ ဒေါင်းစာပေ။

## နှစ်ဘာသာတတ်မြောက်ခြင်းဆိုင်ရာ သဘောတရားများ

ယခင်က ဘာသာစကားနှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုကာ သင်ယူကြရသူများအနေဖြင့် သိမှုဆိုင်ရာ ရှုပ်ထွေးမှုဖြစ်ပေါ်ပြီး ကလေးများ၏ သင်ယူမှုတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု ယူဆခဲ့ကြသော်လည်း သုတေသနတွေ့ရှိချက်များက အဆိုပါအယူအဆ မမှန်ကန်ကြောင်း သက်သေပြထားပါသည်။ ကလေး၏ဦးနှောက်တွင် ဘာသာစကား နှစ်မျိုးနှင့်အထက်ကို သင်ယူတတ်မြောက်နိုင်သည့် အစွမ်းပါလာပြီးဖြစ်သည်ဟု ဆိုကြပါသည်။ ထို့ပြင် ဘာသာစကား နှစ်မျိုး၊ သုံးမျိုး သင်ယူတတ်မြောက်ခြင်းကြောင့် ကလေးများအနေဖြင့် ဘာသာစကားများ၏ အလုပ်လုပ်ပုံကို ပိုမိုနားလည်ကြသည့်အပြင် မတူကွဲပြားသည့်ယဉ်ကျေးမှုများကို နားလည် လက်ခံနိုင်စွမ်းနှင့် တုံ့ပြန်နိုင်စွမ်းလည်း ပိုမိုကောင်းမွန်ကြပါသည်။ သို့ဖြစ်ရာ ဘာသာစကား နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုကာ သင်ယူကြရသည့်ကလေးများကို ကောင်းစွာတတ်ကျွမ်းမှု ရှိအောင် ပံ့ပိုးပေးရန် လိုအပ်ပါသည်။

နှစ်ဘာသာ တတ်မြောက်ခြင်းနှင့် စပ်လျဉ်းပြီး ပညာရှင်များကြားတွင် မည်၍မည်မျှ တတ်မြောက်ခြင်းကို ဆိုလိုသနည်းဟူသော မေးခွန်းရှိလာပါသည်။ ဘာသာစကားနှစ်မျိုးလုံးကို မိခင်ဘာသာစကားကဲ့သို့ တတ်ကျွမ်းသူများ ရှိသကဲ့သို့ ပထမဘာသာစကားတစ်ခုကို မိခင်ဘာသာစကားကဲ့သို့ တတ်ကျွမ်းပြီး ကျန်ဘာသာစကားတစ်ခုကိုမူ သင်ယူဆဲ အခြေအနေမျှသာ ရှိသူများလည်း ရှိပါသည်။ ဘာသာစကားနှစ်မျိုးကို မည်၍မည်မျှ တတ်ကျွမ်းသည်ဆိုသည့်အချက်နှင့် အဆိုပါဘာသာစကားများကို မည်သို့သင်ယူသည်ဟူသော အချက်မှာ ဆက်စပ်မှုရှိပါသည်။ သို့ဖြစ်ရာ ဘာသာစကား နှစ်မျိုးကို သင်ယူတတ်မြောက်သည့် ဖြစ်စဉ်ကို သိရှိထားရန် လိုအပ်ပါသည်။ မည်သို့မည်ပုံ သင်ယူတတ်မြောက်သည်ဟူသော ဖြစ်စဉ်ကိုလိုက်၍ နှစ်ဘာသာတစ်ပြိုင်တည်း သင်ယူတတ်မြောက်ခြင်း (Simultaneous bilingualism) နှင့် နှစ်ဘာသာ တစ်ခုပြီးမှတစ်ခု သင်ယူတတ်မြောက်ခြင်း (Sequential bilingualism) ဟု ခွဲခြားနိုင်ပါသည်။

(က) နှစ်ဘာသာတစ်ပြိုင်တည်း သင်ယူတတ်မြောက်ခြင်းဆိုသည်မှာ မွေးစမှ (သို့မဟုတ်) စကားစသင်သည့် အရွယ်မှစတင်ကာ ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးထက်ပို၍ တစ်ပြိုင်နက်တည်း သင်ယူကာ တတ်မြောက်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူ (သို့မဟုတ်) အနီးကပ် ပြုစုစောင့်ရှောက်သူများထံမှ ဘာသာစကား သွင်းအားစုများကို ရရှိကြပြီး ဘာသာစကား အခြေခံကို သင်ယူတတ်မြောက်လာကြသူများဖြစ်သည်။[၁၁]

---

[၁၁] Liddicoat, A. (1991). Bilingualism: An introduction. In Bilingualism and bilingual education. NLA Occasional paper No. 2.

ဥပမာအားဖြင့် ဖခင်က ကရင်စကား ပြောပြီး မိခင်က မြန်မာစကားပြောသော မိသားစုတွင် ကြီးပြင်းရသည့် ကလေး အနေဖြင့် ကရင်စကားရော မြန်မာစကားပါ တစ်ပြိုင်နက်တည်း တတ်မြောက်လာပုံမျိုးဖြစ်သည်။ သို့ရာတွင် ထိုသို့ဘာသာစကား နှစ်မျိုးကို အသက် (၃) နှစ် မပြည့်မီ တစ်ပြိုင်နက်တည်း စတင်သင်ယူမှသာ နှစ်ဘာသာတစ်ပြိုင်တည်း သင်ယူတတ်မြောက်သူဟု ခေါ်နိုင်မည်ဖြစ်ကြောင်း ပညာရှင် ပီတာမစ်လောလင်က ဆိုပါသည်။ ဥပမာ - ကချင်ပြည်နယ် ကချင်ရွာတွင် ကချင်စကား စတင်သင်ယူခဲ့သည့် ကလေးက အသက် (၂) နှစ် မပြည့်မီ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာသဖြင့် မြန်မာစကား စတင်သင်ယူရပါက ထိုကလေးသည်လည်း နှစ်ဘာသာတစ်ပြိုင်တည်း သင်ယူတတ်မြောက်သူ ဖြစ်ပါသည်။ သို့ဖြစ်ရာ ထိုကလေးမျိုးတွင် ပထမဘာသာစကားနှင့် ဒုတိယဘာသာစကားဟု ခွဲခြားရန် မဖြစ်နိုင်ဟု မစ်လောလင်က ဆိုပါသည်။

(ခ) နှစ်ဘာသာ တစ်ခုပြီးမှတစ်ခု သင်ယူတတ်မြောက်ခြင်း ဆိုသည်မှာမူ မွေးစမှ စတင်ကာ ဘာသာစကားတစ်ခုကို စတင်သင်ယူခဲ့ပြီး အသက် (၃) နှစ်ကျော်မှ နောက်ထပ် ဘာသာစကားတစ်ခုကို ထပ်ဆင့်သင်ယူ တတ်မြောက်ခြင်းဖြစ်သည်။ ကလေးများ အနေဖြင့် အသက် (၃) နှစ်ကျော်ပြီးပါက ပထမဘာသာစကားကို သင်ယူတတ်မြောက် နိုင်ရန် အခြေခံခိုင်မာသွားပြီဖြစ်သည်။ သို့ဖြစ်ရာ နောက်ထပ်ဘာသာစကား တစ်ခုကိုမူ ဒုတိယဘာသာစကားအဖြစ်သာ သင်ယူရခြင်း ဖြစ်ပါသည်။ အိမ်တွင် မြန်မာစကားမပြောသော ကလေးများအနေဖြင့် ကျောင်းသို့ရောက်ရှိသည့်အခါမှ မြန်မာစာ၊ မြန်မာစကားကို စတင်သင်ယူကြရသည်ဖြစ်ရာ ဘာသာစကားနှစ်မျိုးကို တစ်ခုပြီးမှတစ်ခု သင်ယူတတ်မြောက်ကြသူများဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဤသို့ ခွဲခြားထားသဖြင့် နှစ်ဘာသာတစ်ပြိုင်တည်း သင်ယူရသူများက တစ်ခုပြီးမှတစ်ခု သင်ယူရသူများထက် တစ်ပန်းသာသည်ဟု မယူဆနိုင်ပါ။ လိုအပ်သော ဘာသာစကား သွင်းအားစုကို အလုံအလောက်ရရှိရန်နှင့် ဘာသာစကားနှင့် ထိတွေ့နေသည့်အချိန် အလုံအလောက်ဖြစ်နေရန်သာ အရေးကြီးပါသည်။ သို့ဖြစ်ရာ မြန်မာစာပြဆရာများအနေဖြင့် ကျောင်းသို့ရောက်မှ မြန်မာစာ၊ မြန်မာစကားကို စတင်သင်ယူရသည့် ကလေးများအား အထူးဂရုစိုက်ကာ မြန်မာစကား၊ မြန်မာစာနှင့်ထိတွေ့ချိန် လုံလောက်စေရန် စီစဉ်သင်ကြား ပေးရန် လိုအပ်ပါသည်။

## နှစ်ဘာသာ တတ်မြောက်ခြင်းအတွက် စိန်ခေါ်မှုများ

ကလေးများအနေဖြင့် ဘာသာစကားနှစ်မျိုးနှင့် အထက်ကို တစ်ပြိုင်နက် သင်ယူတတ်မြောက်နိုင်စွမ်းရှိကြသည်ဟုဆိုသော်လည်း နှစ်ဘာသာ သင်ယူကြသူများအနေဖြင့် ဘာသာစကားနှစ်မျိုးလုံးကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သည်အထိ တတ်မြောက်ရန်မှာ အကြောင်းရင်းခံအမျိုးမျိုးအပေါ်တွင် မူတည်နေပါသည်။ ကလေးများအနေဖြင့် ဘာသာစကားတစ်ခုခုကို သင်ယူရာတွင် ဘာသာစကား သွင်းအားစု လုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ ထိုဘာသာစကားနှင့် ထိတွေ့ရင်းနှီးမှုရသည့် အချိန်သည်လည်း အရေးကြီးပါသည်။ ဘာသာစကားနှင့် ထိတွေ့ရသည့်အချိန်သည် ကျောင်းစာသင်ချိန်အတွင်းရှိ ဘာသာစကားသင်ချိန်အတွင်းမှာသာ ဖြစ်နေပါက လုံလောက်သော ထိတွေ့ရင်းနှီးမှု မဟုတ်သည့်အပြင် ဘာသာစကား သွင်းအားစုကိုလည်း အလုံအလောက် ရရှိနိုင်မည်မဟုတ်ပါ။ သို့ဖြစ်ရာ ထိုဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ရန် ခက်ခဲနိုင်ပါသည်။ မြန်မာစကားကို ကျောင်းသို့ရောက်မှ စတင်သင်ယူကြရသော ကလေးအများစုအနေဖြင့် အဆိုပါစိန်ခေါ်မှုကို ရင်ဆိုင်နေကြရပါသည်။

တစ်ချိန်တည်းမှာပင် ဘာသာစကားကျွမ်းကျင်မှုများအနက် မည်သည့်ကျွမ်းကျင်မှုကို အလေးပေး သင်ယူကြရသည် ဟူသောအချက်ကလည်း ကလေးများ၏ ဘာသာစကား တတ်ကျွမ်းမှုအပေါ်တွင် သက်ရောက်မှုရှိပါသည်။ မြန်မာစကားကို ကျောင်းတွင် စတင်သင်ယူရသူများအနေဖြင့် ဘာသာစကား ကျွမ်းကျင်မှုလေးမျိုးကို တစ်ပြိုင်တည်း သင်ယူရသည်ဆိုသော်လည်း လက်တွေ့တွင် စာသင်ခန်းတွင်း၌ ဖတ်စာအုပ်တွင်ပါသည့် စာကိုသာ အဓိကထား သင်ကြားပေးပါသည်။ တစ်နည်းအားဖြင့် အရေးစကားကိုသာ အလေးပေးသင်ယူကြရသဖြင့် အပြောစကားနှင့် ထိတွေ့မှုနည်းပြီး အပြောစကား အားနည်းလေ့ရှိပါသည်။ အိမ်တွင် မြန်မာစကားပြောလေ့မရှိသော ကလေးများအနေဖြင့် အလယ်တန်းရောက်သည့်တိုင် နေ့စဉ်သုံး ဘာသာစကားကိုပင် ကျွမ်းကျင်စွာ ပြောနိုင်သည့်အဆင့်သို့ မရောက်သည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ အပြောစကားကို လက်တွေ့အသုံးပြုနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ပါမည်။

အခြေခံပညာ အလယ်တန်းတွင် အင်္ဂလိပ်စာမှတစ်ပါး ကျန်ဘာသာရပ်အားလုံးအတွက် မြန်မာစာ၊ မြန်မာစကားသည် သင်ကြားသင်ယူမှုသုံး ဘာသာစကားဖြစ်ပါသည်။ ကလေးအားလုံး မြန်မာဘာသာစကားကို ပညာသင်ယူရာတွင် အသုံးပြုနိုင်သည့်အဆင့်ထိ ရောက်ရှိရန်လည်း ပံ့ပိုးပေးရပါမည်။ ဘာသာစကားတစ်ခုကို ပညာသင်ယူမှုအတွက် တတ်ကျွမ်းမှုအဆင့်အထိ ရောက်ရှိရန် ကလေးများအနေဖြင့် (၅) နှစ်မှ (၇) နှစ်အထိ လိုအပ်သည်ဟု ဘာသာစကား ပညာရှင် ဂျင်ကမ်းမင်က ဆိုထားပါသည်။ အချို့ကမူ (၁၀) နှစ်ခန့် အထိ သင်ကြားပေးရန်

လိုသည်ဟု ထောက်ပြကြသည်များလည်း ရှိပါသည်။ သို့ဖြစ်ရာ မြန်မာစကားကို ကျောင်းရောက်မှ စတင်သင်ယူရသည့် ကလေးများအနေဖြင့် မူလတန်းတွင် သင်ယူခဲ့ရုံဖြင့် ထိုအဆင့်သို့ ရောက်နိုင်မည်မဟုတ်ပါ။ အလယ်တန်းတွင်လည်း ဆက်လက်ပံ့ပိုးနေရန် လိုအပ်ပါသည်။

နှစ်ဘာသာ သင်ယူတတ်မြောက်သူများ ကြုံတွေ့ရသည့် အခြားစိန်ခေါ်မှုတစ်ရပ်မှာ ဘာသာစကားနှစ်မျိုးလုံးတွင် အရေးအဖတ်တတ်မြောက်ရေးဖြစ်သည်။ ယေဘုယျအားဖြင့် ဘာသာစကား နှစ်မျိုးလုံး၏ ကျွမ်းကျင်မှု လေးမျိုးလုံးကို သင်ယူကြရသော်လည်း သင်ယူရာတွင် အလေးပေးမှု၊ လက်တွေ့အသုံးဝင်မှုတို့အပေါ် မူတည်ကာ စာရေးစာဖတ် တတ်မြောက်မှု အနေအထား ကွာခြားပါသည်။ အချို့မှာ ဘာသာစကားနှစ်မျိုးလုံးတွင် အရေးအဖတ် ကောင်းစွာတတ်မြောက်ကြသော်လည်း အချို့မှာမူ ဘာသာစကားတစ်မျိုး၏ အရေးအဖတ်ကိုသာ ကောင်းစွာတတ်ကျွမ်းကြသည်။ ပညာရှင်များ၏ အဆိုအရ ဘာသာစကားနှစ်ခု၏ အရေးအသားစနစ်က ဆင်တူသော အက္ခရာစာလုံးများကို အသုံးပြုပါက နှစ်ဘာသာလုံးတွင် အရေးအဖတ်တတ်မြောက်ရန် ပိုမိုလွယ်ကူပါသည်။ ဥပမာ - မြန်မာစာနှင့် အက္ခရာစာလုံး ဆင်တူသော စာအရေးအသားစနစ်ရှိသည့် ရှမ်းကလေးများက စာအရေးအသားစနစ် မတူသော ကချင်ကလေးများထက် မြန်မာစာအရေးအဖတ် သင်ယူရာတွင် ပိုမိုမြန်ဆန်မည်ဟု ဆိုလိုသည့်သဘော ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာစာ၊ မြန်မာစကားကို ကျောင်းသို့ရောက်မှ စတင်သင်ယူရသည့် ကလေးများကို ဘာသာစကားနှစ်မျိုးလုံးတွင် အရေးအဖတ် တတ်ကျွမ်းစေရန် သင်ကြားပေးရန်မှာ ကျောင်းများ၏တာဝန် ဖြစ်နေပါသည်။

ဘာသာစကားနှစ်မျိုး အသုံးပြုသူများ၏ စရိုက်လက္ခဏာတစ်ခုမှာ မကြာခဏ စကားသင်္ကေတ ရောခြင်း (Code mixing) နှင့် စကားသင်္ကေတပြောင်းခြင်း (Code switching) တို့ ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာစကားပြောရာတွင် အင်္ဂလိပ်စကားလုံးများ ညှပ်ပြောခြင်းသည် စကားသင်္ကေတရောခြင်းဖြစ်ပြီး၊ မြန်မာစကားပြောနေရာမှ အင်္ဂလိပ်စကားသို့ ပြောင်းပြောခြင်းသည် စကားသင်္ကေတ ပြောင်းခြင်းဖြစ်သည်။ ထိုကဲ့သို့သော အပြုအမူမျိုးသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်သည် ဟုဆိုသော်လည်း ဘာသာစကား နှစ်မျိုးပြောသည့် စာသင်ခန်းများတွင်မူ မိမိပြောဆိုနေသည့် ဘာသာစကားတစ်ခုတွင် လိုအပ်သောဝေါဟာရ ရှာမတွေ့သည့်အခါ အခြားဘာသာစကားတစ်ခုမှ ဝေါဟာရဖြင့် အစားထိုးပြောလေ့ရှိသည်ဟု ဆိုပါသည်။ ယေဘုယျအားဖြင့် နှစ်ဘာသာသင်ယူ တတ်မြောက်သူများအနေဖြင့် ဘာသာစကားတစ်ခုစီအတွက် တတ်မြောက်ထားသည့် ဝေါဟာရအရေအတွက်မှာ ပုံမှန်ထက် နည်းကြသည်ဟု ဆိုပါသည်။ သို့ဖြစ်ရာ ပြောဆိုဆက်သွယ်ရေး ပေါက်မြောက်စေရန် စကားသင်္ကေတရောခြင်းနှင့် စကားသင်္ကေတပြောင်းခြင်းတို့ကို မကြာခဏ ပြုလုပ်လေ့ရှိကြသည်။

ထိုအချက်ကို ပြဿနာတစ်ရပ်အနေဖြင့် မယူဆကြသော်လည်း နှစ်ဘာသာသင် ပညာရေး ပညာရှင်များကမူ စကားသင်္ကေတများကို ကြုံရာကျပန်း ရောခြင်း၊ ပြောင်းခြင်းထက်၊ စာသင်ခန်းအတွင်း ဘာသာစကားနှစ်မျိုး တစ်ပြိုင်တည်းအသုံးပြုခြင်းကို ရည်ရွယ်ချက်ဖြင့် စနစ်တကျ စီစဉ်လုပ်ဆောင်သင့်သည်ဟု ဆိုပါသည်။[၁၂]

## နှစ်ဘာသာတတ်မြောက်ခြင်းအတွက် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများ

နှစ်ဘာသာသင်ယူကြရသည့် ကလေးများကြုံတွေ့ရတတ်သော အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် မြန်မာစာပြဆရာများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ပါသည်။

**(က) ဘာသာစကား ကျွမ်းကျင်မှုအမျိုးမျိုးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးစေရန်ပံ့ပိုးခြင်း။** ။
မူလတန်းတွင် အနည်းဆုံး (၅) နှစ် ကြာမြင့်သည်အထိ မြန်မာစာကို သင်ယူခဲ့ပြီးသည့်တိုင် လက်တွေ့အသုံးချနိုင်သည်အထိ တတ်ကျွမ်းမှုမရှိသေးသည့် ကလေးအများအပြား ရှိနိုင်ပါသည်။ ဤအချက်မှာလည်း သဘာဝကျပါသည်။ ပညာရှင်များ၏ အလိုအရ ဒုတိယ ဘာသာစကား တစ်ခုကို သင်ယူသူကလေးများအနေဖြင့် (၅) နှစ်ခန့် သင်ယူရုံမျှဖြင့် ပညာ သင်ယူရေးတွင် အသုံးပြုနိုင်သည်အထိ တတ်ကျွမ်းမှုမရှိနိုင်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ထိုကလေးများ၏ ဘာသာစကား ကျွမ်းကျင်မှုများကို အလယ်တန်းတွင်လည်း ဆက်လက် ပံ့ပိုးပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် ထုတ်ဖော်ပြောဆိုရေး ကျွမ်းကျင်မှုများ ပိုမိုဖွံ့ဖြိုးလာစေရန် အခွင့်အလမ်းများ ဖန်တီးပေးရပါမည်။

**(ခ) အရေးအဖတ် အားနည်းသူများကို ဖော်ထုတ်ပံ့ပိုးခြင်း။** ။ဘာသာစကား နှစ်မျိုးကို သင်ယူကြရသူ ကလေးများအနေဖြင့် အဆိုပါဘာသာစကား နှစ်မျိုးလုံး၏ အရေးအဖတ်ကို တတ်မြောက်နိုင်ရန် ပိုမိုအားထုတ်သည့်သဘောရှိပါသည်။ မြန်မာစာ၊ မြန်မာစကားကို ကျောင်းသို့ရောက်မှ သင်ယူကြရသည့် ကလေးများအနေဖြင့် မြန်မာစာ အရေးအဖတ်ကို မူလတန်းမှစတင်ကာ သင်ယူခဲ့သည့်တိုင် ကျွမ်းကျင်မှုအားနည်းနိုင်ပါသည်။ သို့ဖြစ်ရာ မြန်မာစာပြ ဆရာများအနေဖြင့် အဆိုပါကလေးများ၏ လိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖြည့်ဆည်းသင်ပြခြင်း၊ ထပ်ဆောင်းသင်ခန်းစာများ စီစဉ်ဆောင်ရွက်ခြင်း စသည့် ပံ့ပိုးမှု အစီအစဉ်များ လုပ်ဆောင်ပေးသင့်ပါသည်။

**(ဂ) ကလေးများ၏ ပညာသင်ယူရေး ဘာသာစကား တတ်ကျွမ်းမှု တိုးတက်ဖွံ့ဖြိုးစေရန် အခြားဘာသာရပ်ပြ ဆရာများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။** ။နှစ်ဘာသာ သင်ယူသည့် ကလေးများကြုံတွေ့ရသော စိန်ခေါ်မှုများထဲတွင် ဒုတိယ ဘာသာစကားတစ်ခုကို

[၁၂] Liddicoat, A. (1991). Bilingualism: An introduction. In Bilingualism and bilingual education. NLA Occasional paper No. 2.

ပညာသင်ယူရေး ဘာသာစကားအဖြစ် အသုံးပြုနိုင်သည်အထိ တတ်မြောက်ရေးပါဝင်ပါသည်။ ဘာသာရပ်ဆိုင်ရာ ဝေါဟာရများကို နားလည်ရန်နှင့် ဘာသာရပ်တစ်ခုချင်းစီ၏ ဖတ်စာများကို ဖတ်ရှုလေ့လာနိုင်ရန်တို့အတွက် စာဖတ်တတ်ကျွမ်းမှု အရေးကြီးပါသည်။ သို့ဖြစ်ရာ အလယ်တန်းဆင့် ကလေးများ၏ စာရေးစာဖတ် တတ်မြောက်မှုအတွက် မြန်မာစာပြ ဆရာများက အခြားသောဘာသာရပ်ပြ ဆရာများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကလေးများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးရပါမည်။

(ဃ) **စာသင်ခန်းအတွင်း ဘာသာစကားနှစ်မျိုး အသုံးပြုမှုကို စနစ်တကျ စီစဉ်ဆောင်ရွက်ခြင်း။** ။ဘာသာစကားနှစ်မျိုး အသုံးပြုသင်ယူရသည့် စာသင်ခန်းများတွင် မူလတန်းအဆင့်၌ ဘာသာစကားနှစ်မျိုး ရောသုံးခြင်းသည် ရှောင်လွှဲ၍မရသော အခြေအနေဖြစ်သည်။ အထူးသဖြင့် ဆရာက ဘာသာစကားနှစ်မျိုးလုံးတတ်ကျွမ်းပါက ဆရာရော ကျောင်းသားများပါ မကြာခဏ ဘာသာစကားနှစ်မျိုးကို ရောသုံးတတ်ကြပါသည်။ ဥပမာ - မြန်မာစကားဖြင့် နားမလည်နိုင်သည့် အကြောင်းအရာများကို ကလေးများ၏ မိခင်ဘာသာစကားဖြင့် ရှင်းပြခြင်း၊ ဘာသာပြန်ပေးခြင်း စသည်တို့ကို မလွဲမသွေ ပြုလုပ်ကြရပါသည်။ သို့ရာတွင် အလယ်တန်းအဆင့်သို့ ရောက်သည့်အခါတွင်မူ ဘာသာစကားနှစ်မျိုး အသုံးပြုမှုကို စနစ်တကျ စီစဉ်ဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် ဘာသာပြန်ပေးခြင်း၊ မိခင်ဘာသာ စကားဖြင့် ရှင်းပြခြင်းတို့ကို မဖြစ်မနေလိုအပ်သည့်အခါမှသာ ပြုလုပ်ပေးသင့်ပါသည်။ ဒုတိယဘာသာစကား အသုံးပြုမှုကို ပိုမို လုပ်ဆောင်ပေးခြင်းဖြင့် ကျောင်းသားများအဖို့ ဒုတိယဘာသာစကားနှင့် ထိတွေ့မှုပိုမိုရရှိကာ ပိုမိုတတ်ကျွမ်းလာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အခြေခံပညာ အလယ်တန်းအဆင့်အထိ အင်္ဂလိပ်ဘာသာမှအပ ကျန်ဘာသာရပ်အားလုံးကို မြန်မာစာ၊ မြန်မာစကားဖြင့်သာ သင်ကြားသင်ယူကြရပါသည်။ သို့ရာတွင် မြန်မာစကားကို ကျောင်းသို့ရောက်မှ စတင်သင်ယူရသည့် ကလေးများအတွက် မူလတန်းပြီးသည့်တိုင် မြန်မာစာ မြန်မာစကားကို ပညာသင်ယူရေး ဘာသာစကားအဖြစ် ကျွမ်းကျင်စွာ အသုံးပြုနိုင်သည်အထိ တတ်မြောက်ရန် မလွယ်ကူပါ။ သို့ဖြစ်ရာ အလယ်တန်းအဆင့်တွင်လည်း အဆိုပါကလေးများ၏ မြန်မာစာတတ်မြောက်မှုကို အထူးအာရုံစိုက်၍ ဆက်လက်ပံ့ပိုးပေးရန် လိုအပ်ပါသည်။ ထိုသို့ ပံ့ပိုးပေးရာတွင် မြန်မာစာပြဆရာများက သာမက အခြားသော ဘာသာရပ်ပြ ဆရာများကပါ ကလေးများ၏ လိုအပ်ချက်များကို နားလည်သဘောပေါက်ပြီး ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ ဘာသာစကားနှစ်ခု သင်ယူတတ်မြောက်ခြင်းအကြောင်း ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ ဘာသာစကားနှစ်ခု သင်ယူတတ်မြောက်ခြင်းဆိုင်ရာ အခြေခံ သဘောတရားများကို ကျောင်းသားများ နားလည်သဘောပေါက်စေရန် မေးခွန်းများ မေး၍ ဆွေးနွေးရန်ဖြစ်သည်။

(ဤသင်ယူမှုလုပ်ငန်း ၁ ကို လုပ်ဆောင်နိုင်ရန် သင်ခန်းစာ ၂.၂.၁ "ဘာသာစကားနှစ်မျိုး သို့မဟုတ် နှစ်မျိုးနှင့်အထက် သင်ယူတတ်မြောက်ခြင်း" ကို အိမ်စာပေး၍ ကြိုတင်ဖတ်ရှု လေ့လာစေလိုပါသည်။)

## သင်ယူမှုလုပ်ငန်း (၂)။ ဘာသာစကားနှစ်ခု သင်ယူတတ်မြောက်ရန် ပံ့ပိုး ပေးနိုင်မည့် နည်းလမ်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ယူမှုလုပ်ငန်း (၁) တွင် ဘာသာစကားနှစ်မျိုး (သို့မဟုတ်) နှစ်မျိုးနှင့်အထက် သင်ယူတတ်မြောက်ခြင်းနှင့် စပ်လျဉ်းသည့် သဘောတရား များကို မိတ်ဆက်အနေဖြင့် လေ့လာခဲ့ကြပြီးနောက် ၎င်းတို့ကို ပံ့ပိုးနိုင်မည့် နည်းလမ်းများ (သို့မဟုတ်) လုပ်ငန်းများကို ဖော်ထုတ်ရန်ဖြစ်သည်။ ထိုသို့ဖော်ထုတ်နိုင်ရန် ကျောင်းသား များသည် ခေါင်းစဉ် (၄) ခုကို လက်ဖက်ရည်စကားဝိုင်းပုံစံဖြင့် ဆွေးနွေးခြင်းဖြင့် သင်ယူကြရန် ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ဘာသာစကားနှစ်မျိုး သင်ယူတတ်မြောက်ရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ဖော်ပြပါ။

၂။ ဘာသာစကားစုံ သင်ယူတတ်မြောက်ခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို မည်သို့ အထောက်အပံ့ပြုနိုင်သနည်း။

# ၂.၃။ ဘာသာစကား သင်ယူမှုကို ပံ့ပိုးခြင်း

ဤအပိုင်းတွင် အလယ်တန်းဆင့် ကလေးများ၏ ပညာသင်ယူရေးဘာသာစကား ဖွံ့ဖြိုးရန် အတွက် ပံ့ပိုးခြင်းနှင့် ဘာသာစကား ဖွံ့ဖြိုးမှုအားနည်းသော ကလေးများအား ပံ့ပိုးခြင်း အကြောင်းတို့ကို ဆွေးနွေးတင်ပြထားပါသည်။

## ၂.၃.၁ | ပညာသင်ယူရေး ဘာသာစကား ဖွံ့ဖြိုးမှုကို ပံ့ပိုးခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ပညာသင်ယူရေး ဘာသာစကား ဖွံ့ဖြိုးလာရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။

**ပညာသင်ယူရေး ဘာသာစကား ကျွမ်းကျင်မှု**

ပညာသင်ယူရေး ဘာသာစကား ဟူသော အယူအဆသည် ပါမောက္ခဂျင်ကမ်မင်း၏ ဘာသာစကား ကျွမ်းကျင်မှု (၂) မျိုးဟူသော အယူအဆမှလာခြင်းဖြစ်သည်။ ပါမောက္ခ ဂျင်ကမ်မင်းက ဒုတိယဘာသာစကား သင်ယူသူများ၏ ဘာသာစကားတတ်မြောက်မှုကို (၁) ပုဂ္ဂိုလ်အချင်းချင်း ဆက်သွယ်ပြောဆိုရေး အခြေခံကျွမ်းကျင်မှုများ (Basic Interpersonal Communication Skills – BICS) နှင့် (၂) စဉ်းစားဉာဏ်၊ ပညာရပ်ဆိုင်ရာ ဘာသာစကား ကျွမ်းကျင်မှု (Cognitive Academic Language Proficiency – CALP) ဟူ၍ (၂) မျိုး ခွဲခြားပြခဲ့သည်။ ဘာသာစကားသင်ယူသူများအနေဖြင့် ပုဂ္ဂိုလ်အချင်းချင်း ဆက်သွယ်ပြောဆိုရေး အခြေခံကျွမ်းကျင်မှုများကို အချိန်တိုအတွင်း သင်ယူတတ်မြောက် နိုင်သော်လည်း ပညာရပ်ဆိုင်ရာ (သို့မဟုတ်) ပညာသင်ယူရေး ဘာသာစကား ကျွမ်းကျင်မှုကိုမူ အချိန်ယူပြီး သင်ယူကြရသည်ဟု ကမ်မင်းက ဆိုပါသည်။ ထိုအယူအဆကို နိုင်ငံခြားဘာသာစကား (သို့မဟုတ်) ဒုတိယဘာသာစကား သင်ယူသူများအတွက် ရည်ညွှန်းပြောဆိုခဲ့ခြင်း ဖြစ်သော်လည်း ယခုအခါတွင်မူ မည်သည့်ကလေးမဆို ဘာသာရပ်အသီးသီးကို ပိုင်နိုင်စွာ သင်ယူတတ်မြောက်ရေးအတွက် ပညာသင်ယူရေး ဘာသာစကားကျွမ်းကျင်မှု လိုအပ်ကြောင်း လက်ခံလာကြပါသည်။

## ပညာသင်ယူရေး ဘာသာစကား

ပညာသင်ယူရေး ဘာသာစကား ဆိုသည်မှာ ကျောင်းများတွင် သင်္ချာ၊ သိပ္ပံ၊ ပထဝီ၊ သမိုင်း စသည့် ဘာသာရပ်များကို သင်ကြားသင်ယူကြသည့်အခါများတွင် အသုံးပြုရသည့် ဘာသာစကား ဖြစ်သည်။ ပြင်ပလောကတွင်မူ စီးပွားရေး၊ ဘဏ္ဍာရေး၊ သိပ္ပံနှင့် နည်းပညာ ဆိုင်ရာ ကိစ္စများကို ဆွေးနွေးရေးသား ပြောဆိုကြသည့်အခါတွင် အသုံးပြုသည့် ဘာသာစကား လည်းဖြစ်သည်။ မြန်မာစကားမှာပင် နေ့စဉ်လူမှုဘဝတွင် ပုံမှန်ပြောဆိုနေကျ ဘာသာစကား နှင့်မတူဘဲ ဘာသာရပ်အကြောင်းအရာအလိုက် သီးသန့်ဝေါဟာရများ၊ စကားအသုံးအနှုန်းများ၊ ပုံစံတကျ ရေးသားပြောဆိုဟန်များရှိသည့် ဘာသာစကားလည်းဖြစ်သည်။ ထိုပညာသင်ယူရေး ဘာသာစကား၏ ထူးခြားသည့် အခြင်းအရာများကို ယေဘုယျအားဖြင့် သွင်ပြင်လက္ခဏာ (၂) ခုတွင် အများဆုံးတွေ့နိုင်ပါသည်။ ၎င်းသွင်ပြင်လက္ခဏာ (၂)ခု မှာ-

(က) ဝေါဟာရများနှင့်

(ခ) ဝါကျဖွဲ့ထုံးတို့ ဖြစ်သည်။

(က) **ဝေါဟာရများ**။ ။ပညာသင်ယူရေး ဘာသာစကားနှင့် စပ်လျဉ်း၍ ကျောင်းသားများ အတွက် စိန်ခေါ်မှုအကြီးမားဆုံးမှာ ဘာသာရပ်အလိုက် အသုံးပြုထားသည့် ပညာရပ် ဝေါဟာရများကို နားလည်သဘောပေါက်ရေးဖြစ်သည်။ အဆိုပါဝေါဟာရများတွင် အောက်ပါတို့သည် ထင်ရှားပါသည်။

(၁) အဆက်ပစ္စည်း(ရှေ့ဆက်၊ နောက်ဆက်) များဖြင့် ပေါင်းစပ်ထားပြီး ဝဏ္ဏတစ်လုံး ထက်ပိုသော ဝေါဟာရများ (ခေတ်ပြုခြင်း၊ သိပ်သည်းမှု၊ အထပ်ထပ်၊ အခွင့်ထူးခံ၊ အနေအထား စသည်အားဖြင့်)

(၂) ပညာရပ်နယ်ပယ် (သို့မဟုတ်) ပညာသင်ယူရေးနယ်ပယ်တွင် အသုံးများသည့် ယေဘုယျဝေါဟာရများ (ဥပမာ - သက်သေပြ၊ ရှင်းလင်းဆွေးနွေး၊ ဝေဖန်သုံးသပ်၊ ဖော်ထုတ်၊ ခန့်မှန်း၊ အကဲဖြတ်၊ ချိုယူဆင်ခြင် စသည်အားဖြင့်)

(၃) ဘာသာရပ်အလိုက် တစ်မူထူးခြားသည့် ပညာရပ်ဝေါဟာရများ

- မြန်မာဘာသာ စကားတွင် ဖန်တီးတီထွင်ထားသည့် ဝေါဟာရများ (ဥပမာ - အစာကွင်းဆက်၊ လေဟာနယ်၊ ပြတ်ရွေ့၊ သက်ဦးဆံပိုင်၊ အသိသညာ စသည်အားဖြင့်)


- နိုင်ငံခြားဘာသာစကား (အထူးသဖြင့် ပါဠိနှင့် အင်္ဂလိပ်ဘာသာစကားများ) မှ မွေးစားထားသည့် ဝေါဟာရများ (ဥပမာ - ဒြပ်ဝတ္ထု၊ ကေရာဇ်၊ ဂုဏ်သတ္တိ၊ နယူကလိယ၊ အင်ပါယာ၊ ပါဝါပွိုင့် စသည်အားဖြင့်)

(ခ) **ဝါကျဖွဲ့ထုံး။** ။ပညာသင်ယူရေး ဘာသာစကားတွင် ဝါကျဖွဲ့ထုံးများနှင့် စပ်လျဉ်း၍မူ ပိုမိုရှုပ်ထွေးသည့် ဝါကျရောများနှင့် အညွှန်းစကားအသုံးများကို တွေ့ရမည်ဖြစ်သည်။ ဥပမာ - "ကျွန်ုပ်တို့သည် လျှပ်စစ်ကိုအသုံးပြုခြင်းဖြင့် လျှပ်စစ်မီးသီး၊ မီးချောင်း စသည်တို့မှ အလင်းကိုရရှိသည်။" "ဂရိလူမျိုးများသည် မြေထဲပင်လယ်အတွင်းမှ ရရှိသော ပယင်းကို အဝတ်စနှင့်ပွတ်တိုက်ခြင်းဖြင့် သစ်ရွက်ခြောက်ငယ်များ နှင့် ချည်မျှင်ငယ်များကို ဆွဲငင်နိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။" ဟူသော ဝါကျ (၂) ကြောင်းလုံးသည် ဝါကျရောများ ဖြစ်ကြသော်လည်း ဒုတိယဝါကျမှာ အလယ်တန်း ကျောင်းသားများအတွက် အားထုတ် ဖတ်ရှုရမည့် ရှုပ်ထွေးလှသည့် ဝါကျရောပုံစံတစ်ခု ဖြစ်နေပါသည်။ ဘာသာရပ်ဆိုင်ရာ စာများကို ဖတ်ရှုသည့်အခါ ထိုကဲ့သို့သော ဝါကျများကို မလွဲမသွေ တွေ့ရမည်ဖြစ်သည်။

ပညာသင်ယူရေး ဘာသာစကား၏ ဝါကျဖွဲ့ထုံးအပိုင်းတွင် ရှုပ်ထွေးသည့် ဝါကျရောများအပြင် ဝါကျတစ်ခုအတွင်းဖြစ်စေ၊ ဝါကျများအကြားတွင်ဖြစ်စေ ရှေ့နောက်ဆက်စပ်ပြီး အဓိပ္ပာယ် ကောက်ယူနိုင်ရန် အသုံးပြုထားသည့် အညွှန်းပုဒ်များသည်လည်း အရေးကြီးပါသည်။ ဥပမာ - ပညာရပ်ဆိုင်ရာ စာသားများတွင် ဤ၊ ထို၊ ယင်း၊ ၎င်း စသည့် အညွှန်းနာမ်စား/ အညွှန်း နာမဝိသေသနများကို မကြာခဏ တွေ့ရမည်ဖြစ်သည်။ ထို့ကဲ့သို့သော အညွှန်း ပုဒ်များနှင့် ရှေ့တွင်ဖော်ပြခဲ့ပြီးသည့် စကားများ၏အဆက်အစပ်ကို ကလေးများနားလည်မှသာ စာတစ်ပုဒ်လုံးကို နားလည်နိုင်မည်ဖြစ်သည်။ ဘာသာစကား သင်ကြားရေးပညာရှင်များ ဖြစ်ကြသော ခရရှင်နှင့် ဘရောင်းတို့ကမူ ပညာရပ်ဆိုင်ရာ (သို့မဟုတ်) ပညာသင်ယူရေး ဘာသာစကားကျွမ်းကျင်မှုအတွက် ဘာသာစကားဆိုင်ရာ အသိပညာသာမက ဘာသာရပ် ဆိုင်ရာအသိပညာလည်း လိုအပ်သည်ဟု အဆိုပြုခဲ့ပါသည်။[၁၃] ဥပမာ - အခြေခံပညာ အလယ်တန်း ကလေးတစ်ယောက်အနေဖြင့် "အရာဝတ္ထု၏ ဒြပ်ထုဆိုသည်မှာ ယင်းအရာဝတ္ထုတွင် ပါဝင်သော ဝတ္ထုသား၏ ပမာဏဖြစ်သည်။" ဟူသောဝါကျကို နားလည်ရန် အတွက် ဝေါဟာရများကို နားလည်ရုံသာမက ဘာသာရပ်ဆိုင်ရာ အသိသညာများကိုပါ ကောင်းစွာ နားလည်နေရန် လိုအပ်ပါလိမ့်မည်။ ကလေးများသည် ထိုအသိပညာများကို ဖြည့်ဆည်းပေးရန် သင်ယူနည်း အမျိုးမျိုးကို အသုံးပြုရသည်။ စာမဖတ်မီ ဖတ်စာတွင်ပါဝင်သည့် ဝေါဟာရအသစ် များကို သင်ယူခြင်းက ဘာသာစကားဆိုင်ရာ အသိပညာများကို ဖြည့်ဆည်းပေးပါသည်။ သို့ရာတွင် ဖတ်စာပါ အကြောင်းအရာနှင့် စပ်လျဉ်းသည့် ကလေးများ၏ ရှိပြီးအသိကို

[၁၃] Krashen, S., & Brown, C. L. (2007). What is academic language proficiency?

စာမဖတ်မီ ဖော်ထုတ်ဆွေးနွေးခြင်းဖြစ်ပါက ဘာသာစကား အသိပညာထက် ဘာသာရပ် အသိပညာကို ပိုမိုဖြည့်ဆည်းပေးခြင်းဖြစ်သည်။ စာဖတ်ခြင်း လုပ်ငန်းတစ်ခုလုံး အနေဖြင့် ကြည့်လျှင်မူ ဘာသာစကားဆိုင်ရာ အသိပညာကိုရော ဘာသာရပ်ဆိုင်ရာ အသိပညာကိုပါ ရရှိတိုးပွားစေပါသည်။ တစ်ချိန်တည်းမှာပင် ခရရှင်နှင့် ဘရောင်းတို့၏ အဆိုပြုချက်က ပညာသင်ယူရေး ဘာသာစကား ကျွမ်းကျင်မှုအတွက် မြန်မာစာပြ ဆရာများသာမက အခြားသော ဘာသာရပ်ပြဆရာများ၏ ပူးပေါင်းဆောင်ရွက်မှုလည်း လွန်စွာလိုအပ်သည်ဟု ဆိုလိုသည့်သဘောလည်း ဖြစ်နေပါသည်။




**ပုံ ၂.၂။ ပညာသင်ယူရေး ဘာသာစကားကျွမ်းကျင်မှုအတွက် လိုအပ်သာအသိပညာများ**

*ရင်းမြစ်* - Krashen, S. & Brown, C. L., 2007 ကို မှီးပါသည်

## ပညာသင်ယူရေး ဘာသာစကား ဖွံ့ဖြိုးမှုအတွက် ပံ့ပိုးရန် နည်းလမ်းများ

အခြေခံပညာ အလယ်တန်းဆင့် ကျောင်းသားများအတွက် ပညာသင်ယူရေး ဘာသာစကား ကျွမ်းကျင်မှုများ လုံလောက်စွာ ဖွံ့ဖြိုးရေးသည် အခြားသောဘာသာရပ်များကို သင်ယူပေါက်မြောက်စေရန် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်မှုတစ်ရပ် ဖြစ်ပါသည်။ ထိုကျွမ်းကျင်မှုထဲတွင် ပညာရပ်ဆိုင်ရာ စာအရေးအဖတ်တတ်မြောက်မှုလည်း အပါအဝင် ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာစာပြ ဆရာများကသာမက အခြားသော ဘာသာရပ်ပြ ဆရာများကပါ ပူးပေါင်းပံ့ပိုးပေးသင့်ပါသည်။ ပညာသင်ယူရေး ဘာသာစကားဖွံ့ဖြိုးမှုအတွက် အထူးတလည်အနေဖြင့် စီစဉ်ပံ့ပိုးပေးနိုင်မည့် နည်းလမ်းအချို့ကို အောက်တွင် ဖော်ပြထားပါသည်။[၁၄]

[၁၄] Friedberg, C., Mitchell, A. & Brooke, E. (n.d.) Understanding academic language and its connection to school success. www.lexialearning.com

(က) စာဖတ်ခြင်းသည် ပညာရပ်ဆိုင်ရာ / ပညာသင်ယူရေးဆိုင်ရာ ဘာသာစကား ကျွမ်းကျင်မှုအတွက် လိုအပ်သော သွင်းအားစုများကို ဖြည့်ဆည်းပေးနိုင်ပါသည်။ စာများများဖတ်လျှင် ပညာသင်ယူရေးဆိုင်ရာ ဘာသာစကား၏ နယ်ပယ်တိုင်းအပေါ် အကျိုးသက်ရောက်မှုရှိပါသည်။ သို့ဖြစ်ရာ ဖတ်စာအုပ်ပါ စာသားများအပြင် ဘာသာရပ်အကြောင်းအရာများကို ရေးသားထားသောစာများထဲမှ ကလေးများ၏ အဆင့်နှင့် လျော်ညီသော စာကောက်နုတ်ချက်များကိုဖတ်ရန် စီစဉ်ပေးခြင်းဖြင့် အကျိုးများနိုင်ပါသည်။

(ခ) စာဖတ်ခြင်းကို အားပေးခြင်းနှင့်အတူ ယှဉ်တွဲဆောင်ရွက်နိုင်သည့် အခြားနည်းလမ်း တစ်ခုမှာ စာမဖတ်မီ ဖတ်သည့်စာနှင့်ဆိုင်သော ကလေးများ၏ ရှိပြီးအသိပညာများကို ဖော်ထုတ်ပေးခြင်းဖြစ်သည်။ ရှိပြီးအသိပညာများကို ဖော်ထုတ်ပေးခြင်းသည် နားလည်သဘောပေါက်မှုအတွက် များစွာအထောက်အကူဖြစ်ကြောင်း သုတေသန များက ပြသထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ ကလေးများ၏ ရှိပြီးအသိကို ရုပ်ပုံများ၊ သရုပ်ဖော်ပုံများ အသုံးပြုပြီး မေးမြန်းဆွေးနွေး ဖော်ထုတ်စေခြင်းဖြင့် ဖတ်သည့်စာကို နားလည်သဘောပေါက်စေရန် များစွာအထောက်အကူပြုသည့်အပြင် ဘာသာရပ် ဝေါဟာရများ၊ ဝါကျပုံစံများ၊ စကားအသုံးအနှုန်းများကို ထပ်တလဲလဲ ထိတွေ့ခွင့်ရသည့်အတွက် ပညာသင်ယူရေး ဘာသာစကား ကျွမ်းကျင်မှုကို များစွာအထောက်အကူပြုနိုင်ပါသည်။

(ဂ) စာတစ်ပုဒ်ကို ဖတ်ရှုလေ့လာပြီးနောက်တွင်လည်း ထိုအကြောင်းအရာနှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲလုပ်ငန်းများ၊ ဆွေးနွေးမှုများကို ရုပ်ပုံ၊ ဓာတ်ပုံ၊ ဗီဒီယို နှင့် အခြားအထောက်အကူများ အသုံးပြုပြီး လုပ်ဆောင်နိုင်ရန် စီစဉ်ပေးပါကလည်း ပညာသင်ယူရေး ဘာသာစကားကို ပိုမိုဖွံ့ဖြိုးစေနိုင်မည်ဖြစ်သည်။

(ဃ) ဘာသာရပ်ဆိုင်ရာ ဝေါဟာရများအနက် ကလေးများနားလည်ရန် ခက်ခဲနိုင်သည့် အသိသညာများနှင့် ဆက်စပ်နေသော ဝေါဟာရများကို သီးခြားသင်ကြားပေးသင့် ပါသည်။ စာမဖတ်မီ ဝေါဟာရများကို ကြိုတင်ရှင်းပြခြင်း၊ အသိသညာများကို ဆွေးနွေးခြင်းတို့သည် ဖတ်စာကို နားလည်သဘောပေါက်မှု အတွက် များစွာ အထောက်အကူပြုပါသည်။ ထို့ပြင် အဆိုပါဝေါဟာရများကို အခြား သိပြီးဝေါဟာရ များနှင့် ချိတ်ဆက်ပြီး စကားလုံးမိသားစုများ (word families)၊ အသိသညာကွန်ရက် များ (concept maps) ဖန်တီးခြင်း၊ ဂရပ်ဖစ်ပုံများအသုံးပြုကာ အသိသညာများကို ချိတ်ဆက်စုစည်းခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ရန် စီစဉ်ပေးနိုင်ပါက ဝေါဟာရများ တိုးပွားစေရုံသာမက၊ ဝေါဟာရတတ်မြောက်မှုကိုလည်း ပိုမိုခိုင်မာ စေနိုင်ပါသည်။

(c) စာဖတ်နေစဉ်အတွင်း ရှည်လျားရှုပ်ထွေးသည့် ဝါကျရောမျိုးကို တွေ့ရှိသည့်အခါ တွင်မူ ထိုဝါကျများကို အဓိပ္ပာယ်ရှိသည့်အပိုင်းများ၊ ဝါကျကဏ္ဍများအဖြစ် ပိုင်းဖြတ်ပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာစေပါက ဝါကျများကို ပိုမိုနားလည်စေနိုင်သည့်အပြင် ဖတ်စာ၏ အဓိပ္ပာယ်ကိုလည်း ပိုမိုနားလည်စေနိုင်မည်ဖြစ်သည်။

ကလေးများသည် အခြေခံပညာ အလယ်တန်းဆင့်သို့ရောက်သည့်အခါ ဘာသာရပ် အကြောင်းအရာများကို မူလတန်းဆင့်မှာထက် ပိုမိုနက်ရှိုင်းစွာ လေ့လာသင်ယူကြရပြီ ဖြစ်သည်။ ထိုလေ့လာသင်ယူမှု အောင်မြင်ပေါက်မြောက်စေရန်အတွက် ကလေးများ၏ ပညာသင်ယူရေး သာသာစကားကျွမ်းကျင်မှုသည် လွန်စွာအရေးကြီးပါသည်။ မြန်မာစာပြ ဆရာများအနေဖြင့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို ဖတ်ရှုရာတွင် တွေ့ရမည့် ဝေါဟာရများ၊ အသုံးအနှုန်းများနှင့် ဝါကျပုံစံများကို ကလေးများ ကျွမ်းကျင်စွာနားလည် သဘောပေါက်ပြီး အသုံးပြုနိုင်ရန် ရည်ရွယ်လျက် ပံ့ပိုးပေးရမည်ဖြစ်သည်။ ထိုသို့ပံ့ပိုးရာတွင်လည်း မြန်မာစာပြ ဆရာများသာမက အခြားသောဘာသာရပ်ပြ ဆရာများကလည်း ကလေးများ၏ လိုအပ်ချက်များကို ဖော်ထုတ်ကာ ဝိုင်းဝန်းပံ့ပိုးပေးရမည်ဖြစ်သည်။ ဤနည်းဖြင့် ကလေးများ၏ ပညာသင်ယူရေး ဘာသာစကားဖွံ့ဖြိုးမှုကို တစ်ကျောင်းလုံးက ပူးပေါင်း ဆောင်ရွက်ပေးပါက ဘာသာစကားဖွံ့ဖြိုးမှုသာမက ဘာသာရပ်အသီးသီး၏ တတ်မြောက်မှုအတွက်ပါ များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။

### သင်ယူမှုလုပ်ငန်း (၁)။ ပညာသင်ယူရေး ဘာသာစကား ကျွမ်းကျင်မှု အကြောင်း လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်ပါ "ပညာသင်ယူရေး ဘာသာစကားကျွမ်းကျင်မှု" အကြောင်းနှင့်စပ်လျဉ်း၍ ဆရာက ဦးဆောင်ဟောပြောသည့် အချက်များကို ကျောင်းသားများ စိတ်ဝင်စားစွာ နားထောင်ခြင်း၊ မေးသည့် မေးခွန်းများကို ဖြေဆိုခြင်းတို့ဖြင့် သင်ခန်းစာကို လေ့လာသင်ယူကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ ပညာသင်ယူရေး ဘာသာစကား ဖွံ့ဖြိုးလာရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကိုလေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်မှ "ပညာသင်ယူရေး ဘာသာစကားဖွံ့ဖြိုးမှုအတွက် ပံ့ပိုးရန်နည်းလမ်းများ" ခေါင်းစဉ်တွင်ပါရှိသော နည်းလမ်း (၅) ခု အကြောင်းကို ကျောင်းသားတစ်ဦးချင်း လေ့လာရုံသာမက အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် မျှဝေ တင်ပြခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် လေ့လာသင်ယူကြရန် ဖြစ်သည်။

# ၂.၃.၂ ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသော ကလေးများအား ပံ့ပိုးကူညီခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများအား ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။

## ဘာသာစကားဖွံ့ဖြိုးမှု အားနည်းခြင်း

မိမိ၏ စိတ်ကူးစိတ်သန်းများ၊ ခံစားချက်များကို အခြားသူများသိရှိစေရန်နှင့် နားလည်ခံစားစေရန် ထုတ်ဖော်ပြောဆိုနိုင်ခြင်းနှင့် အခြားသူများ၏ ဆိုလိုရင်းကို လက်ခံရယူပြီး နားလည်ခံစားနိုင်ခြင်း စသည့်ဘာသာစကားစွမ်းရည်များ အားနည်းခြင်းကို ဘာသာစကားဖွံ့ဖြိုးမှု အားနည်းခြင်းဟု ယေဘုယျအားဖြင့် သတ်မှတ်နိုင်သည်။ ဘာသာစကား ဖွံ့ဖြိုးမှု အားနည်းသော ကလေးများသည် စာရေးစာဖတ်အပါအဝင် ဘာသာစကား အခြေခံကျွမ်းကျင်မှုများကို ပုံမှန်ဖွံ့ဖြိုးမှုရှိသော သက်တူရွယ်တူ ကလေးများနည်းတူ ကောင်းမွန်စွာ နားလည်လက်ခံ အသုံးချနိုင်စွမ်း မရှိကြပေ။ ဥပမာ - ကလေးတစ်ဦးသည် အလယ်တန်းအရွယ် ရောက်ရှိနေပြီဖြစ်သော်လည်း ဘာသာစကားတစ်ခုအပေါ် သူ၏နားလည်နိုင်မှုနှင့် ပြန်လည်အသုံးချနိုင်မှုမှာ မူလတန်းအရွယ် ကလေး၏အဆင့်မျှသာ ရှိနေနိုင်ပါသည်။ ကလေးတိုင်း ပညာသင်ယူခွင့် တန်းတူညီမျှစွာရရှိစေရန် ဆောင်ရွက်ရာတွင် ထိုကဲ့သို့သော ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများကို အထူးသတိပြုပံ့ပိုးပေးရန် လိုအပ်ပါသည်။

## ဘာသာစကားဖွံ့ဖြိုးမှု အားနည်းရသည့် ယေဘုယျအကြောင်းရင်းများ

ဘာသာစကားဖွံ့ဖြိုးမှု အားနည်းရသည့် အကြောင်းရင်း အများအပြားရှိသည့်အနက် အောက်ဖော်ပြပါ အကြောင်းရင်းများသည် ယေဘုယျအားဖြင့် အတွေ့များသည့် အကြောင်းရင်းများဖြစ်သည်။

ပထမအကြောင်းရင်းမှာ အနာအကြား၊ အပြောအဆိုလုပ်ငန်းများကို လုပ်ဆောင်ပေးရသည့် ခန္ဓာကိုယ် အစိတ်အပိုင်းများ အားနည်းခြင်းဖြစ်သည်။ ဥပမာအားဖြင့် အကြားအာရုံ

အားနည်းသည့်အတွက် နားထောင်မှုစွမ်းရည် အားနည်းကာ အပြောဘာသာစကားအပေါ် တွင်ပါ သက်ရောက်မှုရှိပြီး ဘာသာစကား ဖွံ့ဖြိုးမှုတစ်ခုလုံးကို အားနည်းစေပါသည်။

ဒုတိယ အကြောင်းရင်းမှာ မျိုးရိုးဗီဇကြောင့်ဖြစ်စေ၊ ဦးနှောက်ထိခိုက် ဒဏ်ရာကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင်လွှမ်းမိုးမှု တစ်ခုခုကြောင့်ဖြစ်စေ ဉာဏ်ရည်ဖွံ့ဖြိုးမှု အားနည်းသွားပြီး ထိုအားနည်းချက်က ဘာသာစကား ဖွံ့ဖြိုးမှုအပေါ် သက်ရောက်ခြင်းဖြစ်သည်။ ထိုကလေးများ အနေဖြင့် အာရုံမစိုက်နိုင်ခြင်း၊ ပြောသည့်စကားကို မမှတ်မိခြင်း၊ အများနှင့် ဝိုင်းဖွဲ့စကားပြောရန် ခက်ခဲခြင်း စသည့် အကြောင်းရင်းများကြောင့် ဘာသာစကားဖွံ့ဖြိုးမှု အားနည်းရခြင်းဖြစ်သည်။

တတိယအကြောင်းရင်းမှာ ထိခိုက်ဒဏ်ရာ ရရှိခြင်းကြောင့် ဦးနှောက်အတွင်းရှိ ဘာသာစကား ဆိုင်ရာ ရပ်ဝန်းများ ချို့ယွင်းခြင်းဖြစ်သည်။ အထူးသဖြင့် ဦးနှောက်၏ ဘယ်ဘက်ခြမ်းရှိ “ဘရိုကာ” နယ်ပယ်နှင့် “ဝါနစ်ကေး” နယ်ပယ်တို့ ထိခိုက်မှုရှိပါက ဘာသာစကားဖွံ့ဖြိုးမှု သိသာစွာ အားနည်းနိုင်ပါသည်။

စတုတ္ထအကြောင်းရင်းမှာ ကလေးများ ဘာသာစကား ပတ်ဝန်းကျင်နှင့် လုံလောက်သော ထိတွေ့မှု မရရှိခြင်းဖြစ်သည်။ အထူးသဖြင့် ကျောင်းတွင် အဓိကအသုံးပြုသည့် ဘာသာစကားကို အိမ်၌မပြောသည့် ကလေးများအဖို့ ထိုဘာသာစကားကို ကျောင်းရောက်မှသာ သင်ယူရသည် ဖြစ်ရာ လုံလောက်သော ထိတွေ့ရင်းနှီးမှု မရရှိနိုင်ပါ။ ထိုကလေးမျိုးသည်လည်း ဘာသာစကားဖွံ့ဖြိုးမှု အားနည်းနိုင်ပါသည်။ မြန်မာစကားကို ကျောင်းသို့ရောက်မှ စတင်သင်ယူရသည့် ကလေးများသည် ထိုကဲ့သို့သော ကလေးများထဲတွင် ပါဝင်ပါသည်။ ထိုကလေးများကို ပံ့ပိုးနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍မူ အခြားသင်ခန်းစာများတွင် ထည့်သွင်းဆွေးနွေးထားပါသည်။

ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများသည် လူမှုဆက်ဆံရေး ဘာသာစကားတွင် သော်လည်းကောင်း ပညာသင်ယူရေးဘာသာစကားတွင် သော်လည်းကောင်း အားနည်းသည့် အလျောက် အခြေအနေအမျိုးမျိုးတွင် လူအများနှင့် ပေါင်းသင်းဆက်ဆံခြင်း၊ ဆက်သွယ် ပြောဆိုခြင်းတို့တွင် အားနည်းလျက်ရှိတတ်ပါသည်။ ထို့ကြောင့် ဆရာများအနေဖြင့် စာသင်ခန်းတွင်း လုပ်ငန်းများကို လုပ်ဆောင်ရာတွင်ဖြစ်စေ၊ လုပ်ငန်းပေးရာတွင်ဖြစ်စေ၊ အများနှင့် ပူးပေါင်းလုပ်ဆောင်စေရာတွင်ဖြစ်စေ အဆိုပါကလေးများအတွက် ထည့်သွင်း စဉ်းစား၍ သီးသန့်ပံ့ပိုးသည့် အစီအစဉ်များဖြင့် အချိန်ပေး လုပ်ဆောင်သင့်ပေသည်။

## အကြောင်းရင်းကိုလိုက်၍ ပံ့ပိုးဆောင်ရွက်ရန် နည်းလမ်းများ

(က) **အကြားအာရုံအားနည်းသူများ။** ။အကြားအာရုံသည် ပေါင်းသင်းဆက်ဆံရေးနှင့် လေ့လာသင်ယူရေးတို့တွင် အဓိကအရေးကြီးသောအရာ ဖြစ်သည်။ အကြားအာရုံ အားနည်းသည့်အခါ ပြောဆိုဆက်ဆံခြင်းနှင့်ဆိုင်သော ဦးနှောက်အစိတ်အပိုင်းများ ကောင်းမွန်စွာ မဖွံ့ဖြိုးနိုင်တော့ပါ။ အကြားအာရုံ အားနည်းမှု အခြေအနေကိုလိုက်၍ ဘာသာစကား ဖွံ့ဖြိုးမှုမှာလည်း အားနည်းနိုင်သဖြင့် စောစီးစွာသိရှိရန် အရေးကြီး ပါသည်။ သို့မှသာလိုအပ်သော ကုသမှုရယူနိုင်မည်ဖြစ်သည်။ စာသင်ခန်းတွင် အကြားအာရုံ အားနည်းသည့် ကျောင်းသားများရှိပါက အခြားကျောင်းသားများ နှင့်အတူ ကောင်းမွန်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် အထောက်အကူ ဖြစ်စေမည့် နည်းလမ်းများကို စီစဉ်ထားရှိရပါမည်။ အထူးသဖြင့် စာသင်ချိန်တွင် ရှင်းရှင်းလင်းလင်းမြင်နိုင်ပြီး ကောင်းကောင်းကြားနိုင်သောနေရာတွင် ထိုင်စေခြင်း၊ အနီးကပ်မျက်နှာချင်းဆိုင် စကားပြောပေးခြင်း၊ အခြားကလေးများကိုပါ ထိုသို့ပြုလုပ်ရန်အားပေးခြင်း၊ လက်ဟန်ခြေဟန် အမူအရာများကို အသုံးပြု၍ သင်ကြားခြင်း၊ စုပေါင်းလုပ်ငန်းများတွင် အဆိုပါကလေးများကို ဆရာ့အနီးမှာထား၍ ကြီးကြပ်လမ်းညွှန်ပေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း တို့အပြင် ၎င်းတို့ တုံ့ပြန်ပြောဆိုနိုင်ရန် အချိန်လုံလောက်အောင်ပေးခြင်းတို့ကိုပါ အထူးဂရုပြုလုပ်ဆောင်သင့်ပါသည်။

(ခ) **စကားပြောအင်္ဂါ ပုံမှန်မဟုတ်သူများ။** ။အပြောဘာသာစကား အားနည်းသူများတွင် စကားပြောအင်္ဂါ ပုံမှန်မဟုတ်သူများလည်း ပါဝင်သည်။ ထိုသို့သော ကလေးများသည် မိမိတို့၏အတွေးများ၊ စိတ်ကူးများ၊ ခံစားချက်များ၊ ပြောလိုသည့်အရာများကို သိနားလည်နိုင်သော်လည်း ၎င်းကလေးများ၏ စကားပြောအင်္ဂါမှာ ပုံမှန်မဟုတ် သောကြောင့် ထုတ်ဖော်ပြောဆိုသည့် စကားများသည် အများနားလည်ရန် ခက်ခဲသော စကားများဖြစ်တတ်ပါသည်။ စာသင်ခန်းတွင် ထိုသို့သော ကျောင်းသား များကို တွေ့ကြုံရပါက လိုအပ်သောပံ့ပိုးကူညီမှုများပေး၍ အခြားကျောင်းသားများ နှင့်အတူ လေ့လာသင်ယူစေခြင်းဖြင့် ၎င်းတို့၏ အပြောစွမ်းရည် ဖွံ့ဖြိုးတိုးတက် လာစေရန် အထောက်အကူပြုနိုင်ပါသည်။ အထူးသဖြင့် အပြုသဘောဆောင်သော နှစ်လိုဖွယ်စာသင်ခန်း ဝန်းကျင်တစ်ခုကို ဖန်တီးရန်လိုအပ်ပါသည်။ ၎င်းတို့အတွက် လုံခြုံစိတ်ချပြီး တန်ဖိုးထားဆက်ဆံသော စာသင်ခန်းမျိုးဖြစ်ရပါမည်။ ၎င်းတို့၏ ထူးခြားသည့် အသံထွက်၊ လေယူလေသိမ်းများအတွက် အရှက်မရစေရန် (နောက်ပြောင်ခြင်း လုံးဝလုံးဝ မပြုလုပ်စေရန်) ဆရာများက ကြပ်မတ်ဆောင်ရွက် ပေးရပါမည်။ ၎င်းတို့အား ပြောဆိုရန် အခွင့်အရေးပေးရမည်။ သို့ရာတွင်

အသံထွက်ထက် (မှားယွင်းသောအသံထွက်ကို ပြင်ဆင်ပေးခြင်းထက်) ပြောဆိုလာသည့် စကား၏အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကိုသာ အလေးထားရပါမည်။ ကျောင်းသားအများစုရှေ့ထက် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုငယ်တွင် သော်လည်းကောင်း ပြောဆိုဆက်သွယ်လာအောင် စီစဉ်ဖန်တီးပေးရပါမည်။ ထိုသို့သော ကလေးများအတွက် သက်သာပျောက်ကင်းအောင် ကုသနိုင်သည့် အစီအစဉ်များရှိပါက ဆက်သွယ်ညှိနှိုင်းဆောင်ရွက် ပေးသင့်ပါသည်။

(ဂ) **သွက်လက်မှုနည်းသူများ (စကားထစ်သူများ)**။ ။စကားထစ်ခြင်းသည် အများဆုံးတွေ့ရှိရသော အပြောဘာသာစကားအားနည်းသည့် လက္ခဏာတစ်မျိုးဖြစ်သည်။ မိမိတို့ ပြောဆိုလိုသည့် စကားလုံးကိုသိသော်လည်း ထုတ်ဖော်ပြောဆိုရာတွင် အခက်အခဲရှိသူများကို စကားထစ်သူများဟု အများကနားလည်လက်ခံကြသည်။ သို့သော် ထိုကဲ့သို့သော ကျောင်းသားများကို လိုအပ်သော ပံ့ပိုးကူညီမှုများ ပေးပါက ပေါင်းသင်းဆက်ဆံရေးတွင်သာမက ကျောင်းသင်ခန်းစာများတွင်လည်း အောင်မြင်သူများဖြစ်လာနိုင်သည်။ ပံ့ပိုးကူညီနိုင်သော နည်းလမ်းများမှာ မေးခွန်းများ မေးမြန်းသောအခါ စကားလုံးအနည်းငယ်ဖြင့်သာ တုံ့ပြန်ရသည့် မေးခွန်းများ မေးခြင်း၊ စကားထစ်သူ ကလေးကို အရင်မေး၍ စကားလုံးများကို မိမိကိုယ်တိုင် ပုံဖော်နိုင်သည်အထိ အချိန်ပေးခြင်း (လိုအပ်ပါက အရိပ်အမြွက်ပေးခြင်း)၊ အုပ်စုတွင်း မေးခွန်းဖြစ်ပါက အခြားကလေးများကိုလည်း အလျင်စလို မဖြေဘဲ အချိန်ယူရန် အသိပေး ပြောကြားခြင်း၊ နှစ်ယောက်တွဲစာဖတ်ခြင်းကို ပြုလုပ်ရန် အားပေးခြင်း၊ စာသင်ခန်းတွင် လူအများနှင့် ဆက်ဆံရေးအခြေအနေကို လေ့လာ၍ လိုအပ်သော ပံ့ပိုးကူညီမှုများပေးခြင်း၊ ကျီစားနှောက်ပြောင်ခြင်း မပြုလုပ်စေရန် အခြားကျောင်းသားများအား သတိပေး တားမြစ်ခြင်း စသည်တို့ဖြစ်သည်။

(ဃ) **စကားပြောနောက်ကျသူများ** (Specific Language Impairment-SLI/Delayed language)။ ။မိမိအသက်အရွယ်အလိုက် ပြောဆိုလိုသည့် အကြောင်းအရာများ၊ နားလည်သည်များကို အပြောစကားဖြင့် ကောင်းမွန်စွာ ထုတ်ဖော်ပြသနိုင်မှု မရှိခြင်းကို စကားပြောနောက်ကျခြင်းဟု ယေဘုယျသတ်မှတ်နိုင်သည်။ သို့ရာတွင် အဆိုပါကလေးများမှာ အကြားအာရုံ၊ ဉာဏ်ရည် စသည်တို့တွင် ချို့ယွင်းမှုမရှိဘဲ ပုံမှန်ကလေးများနည်းတူ ဖွံ့ဖြိုးကြသူများဖြစ်သည်။ သို့ရာတွင် ဘာသာစကားဖွံ့ဖြိုးမှု နောက်ကျခြင်းကြောင့် အများနှင့်ဆက်ဆံပြောဆိုမှု အတွက် ရှိသင့်သည့် ကျွမ်းကျင်မှုများမရှိသဖြင့် ပညာသင်ယူရေးတွင် အခက်အခဲရှိကြသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ စာသင်ခန်းများတွင် ထိုကဲ့သို့သောကလေးများ ပါဝင်နေပါက ၎င်းတို့၏ လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေမည့် နည်းလမ်း

များဖြင့် ပံ့ပိုးလုပ်ဆောင်ပေးသင့်သည်။ အထူးသဖြင့် ကလေးများ၏ ဆက်သွယ်ပြောဆိုမှု ဆိုင်ရာကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်သည့် အပြုသဘောဆောင်ပြီး နှစ်လိုဖွယ်ကောင်းသော စာသင်ခန်းဝန်းကျင်တစ်ခုကို ဖန်တီးပေးရပါမည်။ အပြန်အလှန် ဆက်သွယ်ပြောဆိုခြင်းနှင့် မေးခွန်းများမေးမြန်းခြင်းတို့တွင် အဆိုပါ ကလေးများ၏ ပြောစကားကို အထူးအာရုံစိုက် နားထောင်ပေးရန်လိုအပ်သည်။ ကလေးများ၏ ဘာသာစကား ကျွမ်းကျင်မှုကို အထောက်အကူဖြစ်စေမည့် စကားစဉ်ခြင်း (verbal mapping)နှင့် ဘာသာစကား ငြမ်းဆင်ပေးခြင်း (linguistic scaffolding) နည်းများကို သုံးသင့်ပါသည်။ အဖွင့်မေးခွန်းများဖြင့် စကားပြောဆိုမှုတွင် ပါဝင်လာအောင် လုပ်ပေးရန်လိုအပ်သည်။ နှစ်ယောက်တွဲ စာဖတ်ခြင်းကို ပြုလုပ်ရန် အားပေးတိုက်တွန်းကာ စီစဉ်ပေးသင့်ပါသည်။

( င) **ဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းသူများ။** ။ဉာဏ်ရည်ဖွံ့ဖြိုးမှု အားနည်းခြင်း၊ နောက်ကျခြင်းကြောင့် ကြောင်းကျိုးဆက်စပ်စဉ်းစားမှု၊ ပြဿနာဖြေရှင်းမှုနှင့် ဒြပ်မဲ့ အသိသညာများကို နားလည်မှုတို့တွင် အားနည်းတတ်ပါသည်။ အကျိုးဆက်အားဖြင့် ဘာသာစကားဖွံ့ဖြိုးမှုတွင်လည်း အားနည်းကြပါသည်။ ဘာသာစကားကို မိမိတို့၏ လက်တွေ့လိုအပ်ချက်များအတွက် အသုံးပြုတတ်ရန် ကျောင်းမှသာမက အိမ်မှာလည်းသင်ယူနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးသင့်ပါသည်။ လုပ်ငန်းတစ်ခုကို ထပ်ခါထပ်ခါ လုပ်ဆောင်စေခြင်း (ဥပမာ - စာအုပ်တစ်အုပ်တည်းကို ထပ်ခါထပ်ခါ ဖတ်စေခြင်း) က ထိုကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို တိုးတက်စေနိုင်ပါသည်။ ထိုကဲ့သို့သော ကလေးများနှင့် ဆက်ဆံပြောဆိုသည့်အခါနှင့် လုပ်ငန်းများ လုပ်ဆောင်သည့်အခါ စိတ်ရှည်ရှည်ထားကာ အားပေးကူညီပံ့ပိုးရပါမည်။ အခြားကလေးများကိုလည်း ထိုသို့လုပ်ဆောင်ရန် တိုက်တွန်းရပါမည်။ သင်ခန်းစာနှင့် အုပ်စုလုပ်ငန်းများပြီးဆုံးပါက နားလည်မှု ရှိမရှိကို သုံးသပ်ရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။ လိုအပ်ပါက လမ်းညွှန်ပံ့ပိုးပေးရပါမည်။

(စ) **စာရေးစာဖတ်သင်ယူရန် ခက်ခဲသူများ။** ။ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများသည် စာရေးစာဖတ်သင်ယူရန် ခက်ခဲသူများ ဖြစ်နိုင်ပါသည်။ သို့ရာတွင် အပြောဘာသာစကား ကောင်းစွာဖွံ့ဖြိုးသည့်တိုင် စာရေးစာဖတ်သင်ယူရန် အခက်အခဲရှိသူများလည်း များစွာရှိနိုင်ပါသည်။ အဆိုပါ ကလေးများတွင် အာရုံစိုက်နိုင်စွမ်းချို့တဲ့ခြင်းနှင့် တက်ကြွမှုလွန်ကဲခြင်း (Attention Deficit/ Hyperactivity Disorder- ADHD)ရှိသည့် ကလေးများလည်း ပါဝင်ပါသည်။ ထို့ပြင် ဉာဏ်ရည်နိမ့်သောကြောင့် မဟုတ်ဘဲ ဦးနှောက်ချို့ယွင်းမှု တစ်ခုခုကြောင့် စာရေးစာဖတ်သင်ယူရန် ခက်ခဲသူများလည်း ရှိနိုင်ပါသည်။ ထိုအခြေအနေကို စာဖတ်နိုင်စွမ်းချွတ်ယွင်းခြင်း

(Dyslexia) ဟု ခေါ်ပါသည်။ စာဖတ်နိုင်စွမ်း ချွတ်ယွင်းခြင်းပုံစံ အမျိုးမျိုးရှိရာတွင် စာလုံးများကို ပြောင်းပြန်မြင်ခြင်း (Strephosymbolia) (ယေဘုယျအားဖြင့် အရာဝတ္ထုများကို မှန်ထဲတွင် မြင်ရသကဲ့သို့ မြင်ခြင်း)နှင့် စကားလုံးများကို တစ်လုံးချင်းသာ မှတ်မိပြီး စာသားအဖြစ် တွေ့ရသည့်အခါ မမှတ်မိ၊ မဖတ်တတ်၊ နားမလည်ဖြစ်ခြင်း (Hyperlexia) တို့လည်းပါဝင်သည်။ ထိုကဲ့သို့ စာရေးစာဖတ် သင်ယူရန် အခက်အခဲရှိသည့် ကလေးများအတွက်ကိုမူ တစ်ခါတစ်ရံတွင် သီးခြားနည်းဗျူဟာများ အသုံးပြုကာ ပံ့ပိုးသင်ကြားပေးရန် လိုအပ်ပါသည်။

## ဘာသာစကားသင်ယူရန် ခက်ခဲသည့် ကလေးများနှင့် လုပ်ကိုင်ခြင်း

ဆရာ၊ ဆရာမများအနေဖြင့် ဘာသာစကားသင်ယူရန်ခက်ခဲသည့် ကလေးများနှင့်အတူ သင်ကြား သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်သည့်အခါ ၎င်းတို့၏ လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေမည့် အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်တစ်ခု ဖန်တီးစီစဉ် ထားရှိရမည့်အပြင် ထိုကလေးများ၏ သင်ယူလေ့လာမှုကို ထိရောက်စေနိုင်သည့် အောက်ပါ အချက်များကိုလည်း အထူးအလေးထားထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်ပါသည်။

- သဘာဝအတိုင်းချဉ်းကပ်ခြင်း (Naturalistic approach) - ကလေးတစ်ဦးချင်းစီ၏ စိတ်ဝင်စားမှုနှင့် စရိုက်လက္ခဏာအလိုက် စိတ်ရှည်စွာ အလိုက်သင့်တုံ့ပြန်ပေးသည့် နည်းလမ်းများကို အသုံးပြုခြင်း။
- အလိုက်သင့် တုံ့ပြန်ပြီး အပြန်အလှန်ပြောဆိုလုပ်ကိုင်ခြင်း (Responsiveness) - ကလေး၏ လိုအပ်ချက်ကိုသိပြီး တတ်နိုင်သမျှ ချက်ချင်းတုံ့ပြန်ဖြည့်ဆည်းပေးခြင်း။
- လေးနက်ထက်သန်မှုရှိခြင်း (Intensity) - သင်ကြားသင်ယူသည့် အချိန်ကာလ သာမက၊ သင်ယူမှုလုပ်ငန်းများ၏ အရည်အသွေးပါ ကောင်းမွန်စေရန် အလေးထား ဆောင်ရွက်ခြင်း။

ထို့ပြင် ကလေးများ၏ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းချက်များအလိုက် စောစီးစွာသိရှိရန် အရေးကြီးသကဲ့သို့ ဉာဏ်ရည်ဖွံ့ဖြိုးမှု အထူးအားနည်းသူများနှင့် စာရေးစာဖတ်သင်ယူရန် အထူးခက်ခဲသူများအတွက်ကိုမူ ကျွမ်းကျင်သူများနှင့်တိုင်ပင်ရန် လိုအပ်မည်ဖြစ်ပါသည်။



**ဆဋ္ဌမတန်းကျောင်းသူလေး ဒီးဒီး**

ဒီးဒီးတို့အိမ်မှာက မြန်မာစကား သိပ်မပြောဖြစ်ကြဘူး။ မြန်မာစကားကို ကျောင်းရောက်မှ စသင်ရတာ။ အခု ဆဋ္ဌမတန်းတက်နေပေမဲ့ မြန်မာစာ အရေးအဖတ် အလွန်ညံ့တာပဲလို့ အချို့ဆရာ၊ ဆရာမတွေ ပြောတာခံရတိုင်း ဝမ်းနည်းမိတယ်။ ဆရာတွေ စာရှင်းပြတာကို နားထောင်ပေမဲ့ နားမလည်တာတွေများလို့ စာမေးရင် မဖြေနိုင်ဘူး။ ဒီကြားထဲ မြန်မာစကားပြောရင် အသံဝဲလို့တဲ့ အတန်းဖော်တွေက နားမလည်ကြပြန်ဘူး။ သူပြောတာကို စိတ်ရှည်ရှည်နဲ့ နားထောင်ပေးမယ့်သူမရှိတော့ မြန်မာ စကားကိုတောင် ကောင်းကောင်း မပြောတတ်တော့ပါဘူး။



**ဆဋ္ဌမတန်းကျောင်းသားလေး မောင်ငယ်**

မောင်ငယ်လေးဟာ စကားနည်းနည်းထစ်တဲ့အပြင် အမြင်အာရုံကြော အားနည်းတာကြောင့် စကားပြောရင် မျက်နှာတစ်ပြင်လုံး ရှုံ့စောင်းသွားတယ်။ ဆရာစာမေးမှာကို အမြဲလိုစိုးရိမ်နေတတ်ပြီး အလှောင်အပြောင်ခံရမှာ ကြောက်တာမို့ သူငယ်ချင်းတွေနဲ့လည်း စကားသိပ်မပြောဖြစ်ဘူး။ စာမေးပွဲမှာ သင်္ချာအမှတ် (၈၀) ကျော်ပေမဲ့ မြန်မာစာကတော့ အောင်မှတ်တောင် မရဘူး။ စာကို အာရုံမထားဘဲ အားငယ်၊ ဝမ်းနည်းစိတ်နဲ့ တွေးနေ၊ ငေးနေမိတဲ့အချိန်က များတယ်ဆိုတော့။

**ပုံ ၂.၃။ ဖြစ်ရပ်တို နှစ်ခု လေ့လာခြင်း စာရွက်ပိုင်း**

## ဖြစ်ရပ်ဆိုင်ရာ မေးခွန်းများ

- “စာသင်ခန်းမှာ ဒီးဒီး /မောင်ငယ်ရဲ့ အခက်အခဲတွေက ဘာတွေဖြစ်မယ်ထင်သလဲ။”
- “ဒီးဒီး / မောင်ငယ် ဘာသာစကားဖွံ့ဖြိုးအောင် မြန်မာစာ ဆရာတစ်ဦးဖြစ်တဲ့ သင့်အနေနဲ့ ဘယ်လို ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်သလဲ။”
- “အခြားဘာသာရပ်ပြဆရာတွေက ဘာတွေကူညီပေးနိုင်သလဲ။”
- “အတန်းဖော်တွေကရော ဒီးဒီးကို / မောင်ငယ်ကို ဘယ်လို ကူညီပေးနိုင်သလဲ။”

## သင်ယူမှုလုပ်ငန်း (၁)။ ဘာသာစကားဖွံ့ဖြိုးမှု အားနည်းခြင်းအကြောင်း မိတ်ဆက်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်ပါ "ဘာသာစကားဖွံ့ဖြိုးမှု အားနည်းရသည့် ယေဘုယျအကြောင်းရင်းများ" အကြောင်းကို ဆရာက ဦးဆောင်ပြီး ဟောပြောပို့ချခြင်း၊ ကျောင်းသားများနှင့် မေးမြန်းဆွေးနွေးခြင်းတို့ဖြင့် ကျောင်းသားများ သင်ယူကြရန် ဖြစ်သည်။ တစ်နည်းအားဖြင့် ဘာသာစကားဖွံ့ဖြိုးမှု အားနည်းရသည့် ယေဘုယျ အကြောင်းရင်း (၄) ရပ်ကို မိတ်ဆက်ပေးရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသူများအား ပံ့ပိုးသည့် နည်းလမ်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသည့် "ဘာသာစကားဖွံ့ဖြိုးမှု အားနည်းရသည့် ယေဘုယျအကြောင်းရင်းကိုလိုက်၍ ပံ့ပိုးဆောင်ရွက်သည့် နည်းလမ်းများ" အကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်အောင် အုပ်စုဖွဲ့ကာ ဖတ်ရှုလေ့လာဆွေးနွေးခြင်းဖြင့် သင်ယူလေ့လာကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ အလယ်တန်းကလေး နှစ်ဦး၏ ဖြစ်ရပ်ကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသည့် ဘာသာစကား ဖွံ့ဖြိုးမှုအားနည်းသည့် အလယ်တန်းကလေးနှစ်ဦး၏ ဖြစ်ရပ်များကို ဖတ်ရှုလေ့လာပြီး မေးခွန်းများ ဖြေဆိုကြရန်ဖြစ်သည်။ အဆိုပါမေးခွန်းများကို ဖြေဆိုရန် ကျောင်းသားများသည် အုပ်စုတွင်း ဆွေးနွေးတိုင်ပင်ခြင်းဖြင့် သင်ယူလေ့လာကြရန် ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ပညာသင်ယူရေး ဘာသာစကား၏ အဓိပ္ပာယ်နှင့် အဆိုပါ ဘာသာစကား ဖွံ့ဖြိုးရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကိုဖော်ပြပါ။

၂။ အလယ်တန်းဆင့် ကလေးများ ဘာသာစကားဖွံ့ဖြိုးမှု အားနည်းရသည့် ယေဘုယျအကြောင်းရင်းများကို ဖော်ပြပါ။

၃။ ဘာသာစကား သင်ယူရာတွင် အားနည်းချက်ကြောင့် အခက်အခဲရှိသော ကလေးတစ်ဦးသည် ရေရှည်တွင် မည်သည့်အကျိုးဆက်များ ဖြစ်လာနိုင်သနည်း။ ထိုသို့သော ကလေးအရေအတွက် များပြားပါက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် မည်သည့်အကျိုးဆက်များ ဖြစ်လာနိုင်သနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- လူတို့သည် မိမိတို့၏ လိုအင်ဆန္ဒနှင့် လိုအပ်ချက်များ ပြည့်မြောက်ရေးအတွက် ဘာသာစကားကိုအသုံးပြုပြီး ပြောဆိုဆက်သွယ်ကြရသည်ဖြစ်ရာ ဘာသာစကားသည် လုပ်ငန်းတာဝန်အမျိုးမျိုးကို ထမ်းဆောင်ရပါသည်။ ဘာသာစကားကို သင်ကြားပြသသူ ဆရာများအနေဖြင့် ဘာသာစကား၏ လုပ်ငန်းတာဝန်အမျိုးမျိုးကို နားလည် သိရှိပြီး လုပ်ငန်းတာဝန်အလိုက် ဆီလျော်သည့် စကားအသုံးအနှုန်းများကို အသုံးပြုတတ်စေရန် သင်ကြားပေးရမည်ဖြစ်သည်။
- ဘာသာစကားနှစ်မျိုးကို အသုံးပြုကာ သင်ယူရသူများအနေဖြင့် ဘာသာစကား နှစ်မျိုးလုံး ကျွမ်းကျင်စွာတတ်မြောက်နိုင်ရန် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရပါသည်။ သို့ဖြစ်ရာ မြန်မာစာကို ကျောင်းသို့ရောက်မှ စတင်သင်ယူပြီး အသုံးပြုရသည့် ကလေးများအား အခြေခံပညာအလယ်တန်းဆင့်သို့ ရောက်နေသည့်တိုင် အထူးသတိပြု ပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ပါသည်။
- သင်္ချာ၊ သိပ္ပံ၊ ပထဝီ၊ သမိုင်းစသည့် ဘာသာရပ်များကို သင်ကြားသင်ယူကြသည့်အခါ များတွင်ဖြစ်စေ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ စသည့်ကိစ္စများကို ဆွေးနွေးရေးသား ပြောဆိုကြသည့်အခါတွင်ဖြစ်စေ အသုံးပြုသည့် ဘာသာစကားသည် နေ့စဉ်လူမှုဆက်ဆံရေးအတွက် အသုံးပြုသည့် ဘာသာစကားထက် ပိုမိုနက်နဲ ရှုပ်ထွေးသည့် ဝေါဟာရများ၊ ဝါကျဖွဲ့ပုံများကို အသုံးပြုရသည်။ ၎င်းကို ပညာသင်ယူရေး ဘာသာစကားဟု ခေါ်ခြင်းဖြစ်သည်။
- အခြေခံပညာအလယ်တန်းဆင့်တွင် မြန်မာစာကို သင်ကြားသည့်အခါ ပညာသင်ယူရေး ဘာသာစကားဖွံ့ဖြိုးမှုကို ပိုမိုအလေးထား သင်ကြားပေးသင့်သည်။ ပညာဆက်လက် သင်ယူဆည်းပူးနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် မြန်မာစာအရေးအဖတ်ကို ကျွမ်းကျင်စွာတတ်မြောက်ရန်အတွက် မြန်မာစာပြ ဆရာများကသာမက အခြားသော ဘာသာရပ်ပြ ဆရာများကပါ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည်။
- အချို့သော ကလေးများအနေဖြင့် အနာအကြား၊ အပြောအဆိုလုပ်ငန်းများကို လုပ်ဆောင်ပေးရသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများအားနည်းခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု အားနည်းခြင်း၊ ဦးနှောက်အတွင်းရှိ ဘာသာစကားဆိုင်ရာ ရပ်ဝန်းများ ချို့ယွင်းခြင်းနှင့်

ဘာသာစကား ပတ်ဝန်းကျင်နှင့် လုံလောက်သောထိတွေ့မှု မရရှိခြင်းတို့ကြောင့် ဘာသာစကားဖွံ့ဖြိုးမှု အားနည်းလေ့ရှိကြသည်။ ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများအား တစ်ဦးချင်းစီ၏ စိတ်ဝင်စားမှုနှင့် စရိုက်လက္ခဏာအလိုက် စိတ်ရှည်စွာ အလိုက်သင့်တုံ့ပြန်ပေးသည့် နည်းလမ်းများကို အသုံးပြု၍ တတ်နိုင်သမျှ ချက်ချင်း ဖြည့်ဆည်းပံ့ပိုး သင်ကြားပေးရန် လိုအပ်ပါသည်။

- ကလေးများ၏ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းချက်များအလိုက် စောစီးစွာသိရှိရန် အရေးကြီးသကဲ့သို့ ဉာဏ်ရည်ဖွံ့ဖြိုးမှု အထူးအားနည်းသူများနှင့် စာရေးစာဖတ် သင်ယူရန် အထူးခက်ခဲသူများအတွက်ကိုမူ ကျွမ်းကျင်သူများနှင့် တိုင်ပင်ရန် လိုအပ်ပါမည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

- ဤအခန်းတွင် ကလေးများ ပညာသင်ယူရေး ဘာသာစကားဖွံ့ဖြိုးလာရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများ၊ လုပ်ငန်းများကို သဘောတရားအားဖြင့် သင်ယူလေ့လာခဲ့ကြပြီးဖြစ်ပါသည်။ ဆရာများအနေဖြင့် အဆိုပါသင်ယူရရှိလိုက်သည့် သဘောတရားများ၊ အသိပညာများကို မိမိတို့တာဝန်ယူရသည့် စာသင်ခန်းတွင် ဆီလျော်သလို ပြုပြင်မွမ်းမံကာ လက်တွေ့ကျင့်သုံးနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။
- ယခုအခါ ကလေးသူငယ် အခွင့်အရေး၊ တန်းတူညီမျှ၊ သာတူညီမျှ၊ ကျား၊မ(လိင်)ခွဲခြား ဆက်ဆံမှုပပျောက်ရေး၊ အားလုံးအကျုံးဝင် ပညာရေး၊ မည်သည့်ကလေး တစ်ဦး တစ်ယောက်မျှ နောက်ကျကျန်ရစ်မနေရေး စသော အသံများကို ယခင်ကာလကထက် ပိုမိုကျယ်လောင်စွာ ကြားလာရပါသည်။ သို့ဖြစ်ရာ အိမ်တွင် မြန်မာဘာသာစကား ပြောဆိုသုံးစွဲမှု အခွင့်အလမ်းနည်းသော ကလေးများနှင့် ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများအပါအဝင် အလယ်တန်းဆင့် ကလေးများ၏ မြန်မာ ဘာသာစကား ဖွံ့ဖြိုးမှုနှင့် သင်ယူမှု ဖြစ်ထွန်းရေးအတွက် လေ့ကျင့်သင်ကြားခြင်း၊ လိုအပ်သော ပံ့ပိုးမှုပေးခြင်းတို့ကို ဆရာများက လုပ်ဆောင်ကြရပါသည်။ သို့ဖြစ်ပါ၍ ဘာသာစကားဖွံ့ဖြိုးမှု အားနည်းသည့် ကလေးများအား ထိရောက်အောင်မြင်သော ပံ့ပိုးမှုပေးနိုင်ရန် အောက်ပါမေးခွန်းများဖြင့် ဆန်းစစ်ကြည့်ရန် အကြံပြုပါသည်။
- ဘာသာစကား ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ မည်သည့်ကလေးတွင် မည်သို့သော အားနည်းချက်ရှိသနည်း။
- စာသင်ခန်းတွင် အားနည်းချက်ရှိသည့်ကလေးများကို မည်သည့်နည်းလမ်းများဖြင့် ဖော်ထုတ်မည်နည်း။

- လိုအပ်ချက်အလိုက် ကလေးတစ်ဦးချင်းအား မည်သို့ကူညီပံ့ပိုးသင့်သနည်း။
- မည်သည့် ခေတ်မီ အထောက်အကူပြုပစ္စည်းများ၊ ရင်းမြစ်များကို အသုံးပြု၍ ပံ့ပိုးနိုင်သနည်း။
- မည်သို့သော သင်ယူမှုဝန်းကျင်မျိုး ဖန်တီးပေးရန် လိုအပ်သနည်း။
- မည်သို့သော ကြိုတင်ပြင်ဆင်မှုများ လိုအပ်သနည်း။
- ကျောင်းရှိ စီမံအုပ်ချုပ်သူများ၊ အခြားဘာသာရပ်ပြ ဆရာများ၊ မိဘအုပ်ထိန်းသူများ စသည့် ဆက်စပ်ပုဂ္ဂိုလ်များနှင့် မည်သို့ပူးပေါင်း ညှိနှိုင်းလုပ်ဆောင်သင့်သနည်း။

## ဆက်လက်ဖတ်မှတ်စရာများ

### ၂.၁။ ဘာသာစကား ဖွံ့ဖြိုးမှု

ခင်မင် (မောင်)(ဓနုဖြူ)။ (၂၀၁၉)။ *ဘာသာဗေဒဝေါဟာရများ* ။ ရန်ကုန်၊ ဒေါင်းစာပေ။

ခင်မင် (မောင်)(ဓနုဖြူ)။ (၂၀၁၉)။ *အသက်ဆက်ရှင်သန်မှုအတွက် ဘာသာစကားနှင့် မြန်မာစာ ထိန်းသိမ်းစောင့်ရှောက်ရေး* ။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

Halliday, M. A. K. (2007). *Language and education. Volume 9 in the Collected Works of M. A. K. Halliday*. London and New York: Continuum.

Leech, G. (1974). *Semantics.* Harmondsworth, Middlesex, England: Penguin Books.

Williams, T. (1981). The functions of language. In *Communication and the teacher,* B. Hodge, Ed. Melbourne: Longman Cheshire.

## ၂.၂။ ဒုတိယဘာသာစကား တတ်မြောက်မှု

ခင်မင် (မောင်) (ဓနုဖြူ)။ (၂၀၁၉)။ ဘာသာဗေဒဝေါဟာရများ။ ရန်ကုန်၊ ဒေါင်းစာပေ။

Liddicoat, A. (1991). Bilingualism: An introduction. In *Bilingualism and Bilingual Education.* NLA Occasional paper No. 2.

## ၂.၃။ ဘာသာစကား သင်ယူမှုကို ပံ့ပိုးခြင်း

Friedberg, C., Mitchell, A., & Brooke, E. (n.d.) *Understanding academic language and its connection to school success.* Retrieved from www.lexialearning.com

Hearing impairment and deafness. Retrieved from https://www.adcet.edu.au/inclusive-teaching/specific-disabilities/deaf-hearing-impaired/

Krashen, S., & Brown, C. L. (2007). What is academic language proficiency?

Specific language impairment. Retrieved from https://www.sciencedirect.com/topics/medicine-and-dentistry/specific-language-impairment

# အခန်း ၃

## မြန်မာစာ မြန်မာစကား

ဤအခန်းတွင် မြန်မာစာ၊ မြန်မာစကားနှင့်ပတ်သက်၍ ခေတ်သုံးမြန်မာစကား ဖြစ်ထွန်းတိုးတက်ပြောင်းလဲလာပုံ၊ မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများတွင် စကားသံပြောင်းလဲမှုနှင့် ဝေါဟာရကြွယ်ဝမှု၊ မြန်မာစာ အရေးအသားစနစ်တွင် စာလုံးပေါင်းသတ်ပုံအရေးကြီးပုံ၊ မြန်မာသဒ္ဒါတွင် မြန်မာသဒ္ဒါ အခြေခံ (ဝါစင်္ဂ ၉ ပါး)၊ နာမ်အစု၊ ကြိယာအစု၊ အထူးပြုအစု၊ အဆက်ပစ္စည်းများ၊ ဝါကျရိုး၊ ဝါကျရောများနှင့် ဝါကျကဏ္ဍ စသည့် မြန်မာ သဒ္ဒါဆိုင်ရာ သိမှတ်ဖွယ်ရာများအပြင် မြန်မာသဒ္ဒါ သင်ကြားနည်း၊ သင်ခန်းစာ ပြင်ဆင်ခြင်းနှင့် လက်တွေ့ သင်ကြားခြင်းများကိုလည်း ဆွေးနွေးတင်ပြထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -

- ခေတ်သုံး မြန်မာစကားတွင် အပြောနှင့်အရေး၏ ကွာခြားချက်များကို သာဓကများဖြင့် ရှင်းပြတတ်မည်။
- ကျောင်းသားများ စံမြန်မာစကားသင်ယူရန် အရေးကြီးပုံကို ဆွေးနွေးတတ်မည်။
- မြန်မာဘာသာစကား၏ စကားသံ ပြောင်းလဲပုံများကို သာဓကများဖြင့် ဆွေးနွေးတတ်မည်။
- မြန်မာဘာသာစကား၏ ဝေါဟာရကြွယ်ဝပုံကို သာဓကများဖြင့် ရှင်းပြတတ်မည်။
- မြန်မာဘာသာစကားတွင် စာလုံးပေါင်းသတ်ပုံ အရေးကြီးပုံကို ဆွေးနွေးတတ်မည်။
- မြန်မာသဒ္ဒါအခြေခံဖြစ်သော ဝါစင်္ဂ (၉) ပါးကို ဆီလျော်သည့် သာဓကများဖြင့် ဖော်ပြတတ်မည်။
- နာမ်အစုအကြောင်းကို သာဓကများဖြင့် စိတ်ကူးပုံဖော်ရေးဆွဲတတ်မည်။
- ကြိယာအစုအကြောင်းကို စိတ်ကူးပုံဖော် ရေးဆွဲတတ်မည်။
- အထူးပြုအစုတွင်ပါဝင်သော နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့ကို ခွဲခြားဖော်ပြတတ်မည်။
- အဆက်ပစ္စည်းများကို သာဓကများဖြင့် ခွဲခြားဖော်ပြတတ်မည်။
- ဝါကျရိုး ဖွဲ့စည်းတည်ဆောက်ပုံများကို သာဓကများဖြင့် ဖော်ပြတတ်မည်။
- ဝါကျရောတွင် ဝါကျကဏ္ဍ ပါဝင်ဖွဲ့စည်းနေပုံကို သာဓကများဖြင့် ဖော်ပြတတ်မည်။
- မြန်မာသဒ္ဒါ သင်ကြားနည်းများကို အုပ်စုဖွဲ့ဆွေးနွေးတင်ပြတတ်မည်။
- မြန်မာသဒ္ဒါ သင်ကြားရန် သင်ခန်းစာတစ်ခုကို ပြင်ဆင်တတ်မည်။
- ပြင်ဆင်ထားသော မြန်မာသဒ္ဒါသင်ခန်းစာကို လက်တွေ့သင်ကြားတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

## အဓိကအသုံးအနှုန်းများ

ကာရိုက်ကြိယာ၊ ကာလ၊ ကံပုဒ်၊ ကတ္တားပုဒ်၊ ကြိယာထောက်၊ ကြိယာနာမ်၊ ကြိယာပုဒ်၊ ခြုံယူဆင်ခြင်နည်း၊စကားပုံ၊စကားလုံးသွင်ပြင်၊စကားသံပြောင်းလဲမှု၊မွေးစားစကားလုံး၊ ဝါကျကဏ္ဍ၊ ဝါကျဖွဲ့ထုံး၊ ဝါကျရော၊ ဝါကျရိုး၊ ဝါစင်္ဂ၊ ဝဂ်ဗျည်း၊ သံညင်းဗျည်း (အဃောသ)၊ သံတူကြောင်းကွဲ၊ သံပြင်းဗျည်း (ဃောသ)၊ စကားသင်္ကေတရောသုံးခြင်း၊ စာလုံးပေါင်း၊ နမူနာပြလုပ်ဆောင်မှု၊ နာမ်ပေါင်းကြိယာ၊ ပေါရာဏ၊ ပိုမှု လိုမှု၊ ပုဒ်စပ်၊ ပုဒ်စပ်ပိတ်၊ ပုဒ်စပ်ပွင့်၊ ပြောဟန်ရေးဟန်လွန်ဆွဲမှု၊ ဘာသာစကားစံသွေခြင်း၊ သတ်ညွှန်း၊ အစု၊ အဆက်ပစ္စည်း၊ အထူးပြု၊ သတ်ပုံ၊ သတ်အင်း၊ သုဒ္ဓကြိယာ၊ အနက်အဓိပ္ပာယ်၊ အမှီဝါကျ ကဏ္ဍ၊ အမှီခံဝါကျကဏ္ဍ။

# ၃.၁။ မြန်မာဘာသာစကား ဖြစ်ထွန်းတိုးတက် ပြောင်းလဲလာပုံ

မြန်မာဘာသာစကားသည် မြန်မာလူမျိုးနှင့်အတူ စတင်ပေါ်ပေါက်လာခဲ့ပြီး မြန်မာတို့သည် မိမိတို့ပြောဆို အသုံးပြုနေသော မြန်မာစကားကို ပုဂံ အနော်ရထာမင်း လက်ထက် ခရစ်နှစ် ၁၁ ရာစုတွင် စတင်၍ အက္ခရာတင်ခြင်းဖြင့် မြန်မာစာဟူ၍ ပေါ်ပေါက်လာရသည်။ ခေတ်အဆက်ဆက် လူမှုကိစ္စ အသစ်အသစ်များ ပေါ်ပေါက်လာရသည်နှင့်အမျှ ထိုလူမှုကိစ္စများကို ဖော်ပြရာ စကားလုံးများသည်လည်း ပေါ်ပေါက်လာရပါသည်။ ထိုသို့စကားလုံးအသစ်များ တီထွင်သုံးနှုန်းခြင်း၊ ရှိပြီးသားစကားလုံးများကို အနက်အဓိပ္ပာယ် ချဲ့ထွင်သုံးနှုန်းခြင်းဖြင့် မျက်မှောက်ခေတ်သုံး မြန်မာစကားအဖြစ် တိုးတက်ပြောင်းလဲလာပုံကို ဆွေးနွေးထားပါသည်။

## ၃.၁.၁ | ခေတ်သုံးမြန်မာစကား

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ခေတ်သုံး မြန်မာစကားတွင် အပြောနှင့်အရေး၏ ကွာခြားချက်များကို သာဓကများဖြင့် ရှင်းပြတတ်မည်။
- ကျောင်းသားများ စံမြန်မာစကားသင်ယူရန် အရေးကြီးပုံကို ဆွေးနွေးတတ်မည်။

**ဘာသာစကားပြောင်းလဲခြင်း**[၁၅]

မျက်မှောက်ခေတ်သုံး မြန်မာစကားသည် ပုဂံခေတ်မြန်မာစကားမှ နှစ်တစ်ထောင်ခန့်ကို ဖြတ်ကျော်လျက် ရွေ့လျောပြောင်းလဲလာခြင်းဖြစ်သည်။ ခေတ်သုံးမြန်မာစကားသည် ပုဂံခေတ် မြန်မာစကားနှင့် စကားလုံး၊ အဓိပ္ပာယ်၊ အသုံးအနှုန်း၊ ဝါကျဖွဲ့ထုံးတို့၌ သိသိသာသာ ပြောင်းလဲကွာခြားမှုများ ရှိနေပါသည်။

---

[၁၅] လှဘော၊ ဒေါက်တာနှင့်အများ။ (၂၀၁၂)။ *စည်းနဲ့ကမ်းနဲ့ မြန်မာစာ* ။ ရန်ကုန်၊ ရွှေပြည်ဟိန်းပုံနှိပ်တိုက်။

(၁) စကားလုံး သွင်ပြင်ပြောင်းလဲမှု - ပုဂံခေတ် ကျောက်စာရေးထုံးမှ မျက်မှောက်ခေတ် ရေးထုံးသို့ ပြောင်းလဲလာပုံကို စကားလုံးသွင်ပြင် ပြောင်းလဲမှုဟု ဆိုလိုပါသည်။ ပုဂံခေတ်က လုံးကြီးတင်၊ ယ ပက်လက်သတ်ဖြင့် (ပိယ်) ဟုရေးသည်ကို ယခုခေတ် တွင် သဝေထိုး / သဝေထိုး၊ ဝစ္စနှစ်လုံးပေါက်ဖြင့် (ပေ၊ ပေး)၊ (ိ- ယ် > ေ- ၊ ေ-း) - (စိယ် > စေ၊ နိယ် > နေ၊ နေ့၊ လိယ် > လေ၊ လေး) ဟုရေးသည်။ ပုဂံခေတ်တွင် ဝစ္စပေါက် မသုံးသော်လည်း ဝစ္စပေါက်သံရှိသည်ဟု ဆိုနိုင်ပါသည်။ ပုဂံခေတ်က တစ်ချောင်းငင်၊ ယ ပက်လက်သတ်ဖြင့် (ခုယ်) ဟုရေးသည် ကို ယခုခေတ်တွင် သဝေထိုး၊ ဝဆွဲ / သဝေထိုး၊ ဝဆွဲ၊ ဝစ္စနှစ်လုံးပေါက်ဖြင့် (ခွေ/ခွေး)၊ ( ု ယ် > ေ-ွ ၊ ေ-ွး) - (ငုယ် > ငွေ၊ ရှုယ် > ရွှေ၊ မိထုယ် > မိထွေး) ဟုရေးသည်။ ထို့ပြင် ကဝဂ် ဗျည်းများ ဖြစ်ကြသည့် က၊ ခတို့ကို လဆွဲ (-္လ) ကပ်/ယှဉ်လိုက်လျှင် ယခုခေတ်တွင် ယပင့် ( -္လ > -ျ) - (အက္လို > အကျိုး၊ က္လောင် > ကျောင်း၊ ခ္လ > ချ၊ ခ္လင် > ချင်) သို့ ပြောင်း၍ ပဝဂ်ဗျည်းများ ဖြစ်ကြသည့် ပ၊ ဖ၊ မ တို့ကို လဆွဲကပ်လိုက်လျှင် ယခုခေတ်တွင် ရရစ် ( -္လ > ြ) - (ပ္လု > ပြု၊ အပ္လစ် > အပြစ်၊ ဖ္လစ် > ဖြစ်၊ ဖ္လု > ဖြူ၊ မ္လိယ် > မြေ၊ မြေး၊ မ္လတ် > မြတ်) သို့ အသံသာမက အရေးပါပြောင်းသွားကြောင်း တွေ့ရသည်။ "ပုဂံခေတ်နှင့် မျက်မှောက်ခေတ် စာလုံးပေါင်းမတူခြင်းမှာ ထိုခေတ်က အသံထွက်ပုံအတိုင်း စာဖြင့်မှတ်တမ်းတင်ခြင်း ဖြစ်သည့်အတွက် ထိုစာလုံးပေါင်း များသည် ထိုခေတ်မြန်မာတို့၏ အသံထွက်ပုံကို အနီးစပ်ဆုံး ဖော်ပြနေသည်ဟု ယူဆရပါသည်။"[၁၆] "ထိုခေတ်က မြန်မာတို့သည် ယပင့်၊ ရရစ် အသံများ၊ အသတ်၊ အဆွဲ စသည်တို့ကို ပီပီသသ ရွတ်ဆိုခဲ့ကြသည့်အတွက် ရေးရာတွင် သတ်ပုံ မမှားခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။ ရခိုင်၊ ထားဝယ်၊ မြိတ်၊ တောင်ရိုး၊ အင်းသား၊ ဓနု၊ ယော စသော ဒေသိယစကား (အသံကွဲမြန်မာစကား)များတွင် အဆုံးသံ ရွတ်ဆိုခြင်းမျိုး ရှိကြောင်း တွေ့ရသည့်အတွက် ထိုအယူအဆမှာ လက်ခံနိုင်ဖွယ် ရှိသည်။"[၁၇] ဟု ဆရာ မောင်ခင်မင်(ဓနုဖြူ)က ပုဂံခေတ် မြန်မာတို့ ယပင့်၊ ရရစ်သံနှင့် အသတ်၊ အဆွဲ တို့ကို ပီပီသသ အသံထွက်ရွတ်ဆိုဟန်ရှိပုံကို ဆွေးနွေးတင်ပြထားပါသည်။

(၂) အနက်အဓိပ္ပာယ်ပြောင်းလဲမှု (ရည်ညွှန်းချက်ပြောင်းလဲမှု) - စကားလုံး၏ သွင်ပြင် မပြောင်းလဲဘဲ အနက်အဓိပ္ပာယ်/ရည်ညွှန်းချက် ပြောင်းလဲခြင်းကို အနက်အဓိပ္ပာယ် ပြောင်းလဲမှုဟု ခေါ်ပါသည်။ ပုဂံခေတ်က 'မိယ်မ နှင့် အမ္ဘိသ္မီ' ဟူသည့် အသုံးအနှုန်း နှစ်မျိုးလုံးကို အနက်တစ်မျိုးစီဖြင့် အသုံးပြုခဲ့သည်။ မိယ်မ > မိန်းမ = 'မည်သည့်

---

[၁၆] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယအကြိမ်)။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

[၁၇] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယအကြိမ်)။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

လူမိန်းမ’ ကိုမဆို ယေဘုယျသဘော ရည်ညွှန်းသည်။ အမျိုးသမီး > အမျိုးသမီး = ‘ဂုဏ်သရေရှိ လူကြီးလူကောင်း၏သမီး’ ဟု အဓိပ္ပာယ်ရပြီး ပုဂ္ဂိုလ်တစ်ဦးဦးကို ရည်ညွှန်းသည်။ မျက်မှောက်ခေတ်တွင် မိန်းမဟူသော အသုံးသည် ‘မည်သည့် လူမိန်းမ’ ကိုမဆို ရည်ညွှန်းသကဲ့သို့ ‘ယောကျ်ားတစ်ဦး၏ ဇနီး’ ကိုလည်း ရည်ညွှန်းသည်။ အမျိုးသမီး ဟူသော အသုံးသည် ‘မည်သည့် လူမိန်းမ’ ကိုမဆို ရည်ညွှန်းသည့်အပြင် ‘ယောကျ်ားတစ်ဦး၏ ဇနီး (သို့မဟုတ်) ရည်းစား’ကိုလည်း ရည်ညွှန်းသည်။ ထိုဝေါဟာရတို့သည် မျက်မှောက်ခေတ်တွင် စကားလုံးမပြောင်းဘဲ ယေဘုယျသဘောသို့ ရည်ညွှန်းချက်သာ ပြောင်းသွားသည်။ အနက်အဓိပ္ပာယ် မပြောင်းလဲဘဲ စကားလုံး သွင်ပြင်သာ ပြောင်းလဲသွားသော စကားလုံးမျိုးလည်း ရှိပါသည်။ “လင်နှင့်မယား ပတ်သက်မှုအတွက် ပုဂံခေတ်ကျောက်စာများတွင် ‘လင်(လင်)၊ မယား (မိယာ)၊ လင်မယား (အနှစ်လင်မိယာ၊ အနှစ်မောင်နှံ)’ ဟူသည့် ဝေါဟာရတို့ကို တွေ့ရှိရပြီး ယနေ့တိုင် ဆက်လက်သုံးစွဲလျက်ရှိသည်။ ထိုဝေါဟာရ များအပြင် အင်းဝခေတ်၌ ‘ဇနီး၊ ဇနီးသည်၊ ခင်ပွန်း၊ ခင်ပွန်းလင်၊ ခင်ပွန်းသည်၊ ဇနီးမောင်နှံ၊ သမီးမောင်နှံ၊ မျောက်သား’ တို့ကိုလည်းကောင်း၊ ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် ယောကျ်ား၊ မိန်းမတို့ကိုလည်းကောင်း၊ နှောင်းခေတ်များ၌ အိမ်သား၊ အိမ်ဦးနတ်၊ အိမ်သူ၊ အိမ်ရှင်မဟူသည့် ဝေါဟာရတို့ကိုလည်းကောင်း အမျိုးမျိုး အသုံးပြုခဲ့ကြသည်။ မျက်မှောက်ခေတ်တွင် အမျိုးသား၊ အမျိုးသမီးဟူ၍ ယဉ်ကျေး ဖွယ်ရာအဖြစ် သုံးနှုန်းပြောဆိုလာကြပြီး လင် - မယားဟူသည့် ရည်ညွှန်းချက် တစ်ခု တည်းကိုပင် ဝေါဟာရအမျိုးမျိုးဖြင့် ခေတ်အဆက်ဆက်တွင် အလှယ်လှယ်သုံးစွဲခဲ့ ပါသည်။[၁၈]

(၃) အသုံးအနှုန်းပြောင်းလဲမှု - ဘာသာစကားတို့ရှိ ဝေါဟာရ စကားလုံးများ အသုံးနည်း၍ တိမ်မြုပ်ပျောက်ကွယ်သွားခြင်း၊ ယင်းတို့ကို ပြန်လည်ဖော်ထုတ်ခြင်းနှင့် ဝေါဟာရ စကားလုံးအသစ်များ ထပ်မံတိုးပွားလာခြင်းတို့ကို အသုံးအနှုန်းပြောင်းလဲမှုဟု ဆိုလိုပါသည်။ ကြေးမုံ / ကြေးမြင်သည် အင်းဝခေတ်မှ မန္တလေးခေတ်ထိ ယနေ့ ခေတ် ကြည့်မှန်ကဲ့သို့ အသုံးပြုခဲ့ကြသည်။ မျက်မှောက် ခေတ်တွင်မူ ကြေးမုံ/ ကြေးမြင်၏ နေရာကို မှန်က စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာ နေရာယူပြီးဖြစ်သည်။ ထိုဝတ္ထုပစ္စည်း ကွယ်ပျောက်သကဲ့သို့ အသုံးအနှုန်းသည်လည်း အပြောစကားမှ ကွယ်ပျောက် သွားပြီဖြစ်သည်။ “ပုဂံခေတ်က ဣသည္ဘာ၊ ဆိုဝ်ငြယ်၊ မွစ်အောက် တို့သည် ယခုခေတ်တွင် ကျေးဇူး၊ ဆင်းရဲ၊ မြောက် ဟူ၍ ပြောင်းလဲနေပါပြီ။

---

[၁၈] မာလေး။ (၁၉၇၇)။ *မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများ* ။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

အင်းဝခေတ်က အောက်တောကျိုက်သည် ယခုခါးတောင်းကျိုက်သို့ ပြောင်းလဲနေပါပြီ။ စကားသံချင်းအဆက်အစပ်ရှိသော စကားအသုံးအနှုန်း ပြောင်းလဲပုံသာဓကများ ဖြစ်ပါသည်။"[၁၉] အပြောစကား၊ အရေးစကားထဲမှ ပျောက်ကွယ်သွားသဖြင့် ပေါရာဏ စကား (ရှေးစကား) အဖြစ် သတ်မှတ်လိုက်သော စကားလုံးတို့သည် မြန်မာစာပေတွင် အမြောက်အမြားရှိသည်။

(၄) ဝါကျဖွဲ့ပုံ ပြောင်းလဲမှု - အရေးအသား စတင်ပေါ်ပေါက်ခဲ့သည့် ပုဂံခေတ်ဦး ထိုးကျောက်စာ မင်စာများတွင် ဝါကျတိုများ သုံးစွဲခဲ့ကြောင်းတွေ့ရသည်။ နိဿယ ပြန်ဆိုမှု၊ ဘာသာပြန်ဆိုမှုအရှိန် ရလာသည့်အခါတွင် ဝါကျရှည်ကြီးတွင် အထူးပြုပုဒ် ဝေဝေဆာဆာဖြင့် ရေးထိုးထားသော နိဿယပြန်၊ ဘာသာပြန် စွမ်းရည်ထူးကို တွေ့နိုင်သည်။ ဝါကျရှည်သောအခါ ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့ အလှမ်းဝေးသွားသဖြင့် ဆိုလိုရင်းကို အလွယ်တကူမသိနိုင်တော့သည့် အဖြစ်မျိုးလည်းရှိသည်။ ၁၉၃၀ ပြည့်နှစ်ဝန်းကျင် ခေတ်စမ်းစာပေကာလတွင် ဝါကျရှည်များ မသုံးတော့ဘဲ ဝါကျတိုများ သုံးလာကြသည်။ ယခုအခါ ဝါကျတိုသာမက ဝါကျရှည်ပါ အသုံးပြုကြသည်။ ဝါကျဖွဲ့ပုံမှာ တိုရာမှရှည်၊ ရှည်ရာမှတို အမျိုးမျိုးပြောင်းလဲခဲ့သည်ကို ဝါကျဖွဲ့ပုံပြောင်းလဲမှုဟု ဆိုလိုပါသည်။

ဤအချက်များသည် ပုဂံခေတ်မှ မျက်မှောက်ခေတ်ထိဖြစ်ပေါ်ခဲ့သည့် ပြောင်းလဲမှုအမျိုးမျိုး ဖြစ်ပါသည်။

## ခေတ်သုံးမြန်မာစကား၏ သွင်ပြင်များ

**(၁) အပြောနှင့်အရေး ကွာခြားချက်များ။** ။ဖွံ့ဖြိုးပြီး ဘာသာစကားတိုင်း အပြောစကားနှင့် အရေးစကား နှစ်မျိုးလုံးအသုံးပြုကြပါသည်။ **စကား** (အပြောစကား) ကို မြင်သာသော အမှတ်အသားများဖြင့် မှတ်တမ်းတင်ခြင်းဖြင့် **စာ** (အရေးစကား) ပေါ်ပေါက်လာသည်။ လူတို့သည် အပြောစကားအရ တစ်ဦး၏ဆန္ဒကို တစ်ဦးက သိရသည်။ နှုတ်မှ ပြောပြီးသည့်နောက် ယင်းအသံကို ဦးနှောက်က မှတ်ပေးမထားလျှင် စကားပြောမှုသည် ပြောပြီးပျောက် ဖြစ်နေမည်မှာ ဧကန်ဖြစ်ပါသည်။ ထို့ကြောင့် ပြောပြီးပျောက် မဖြစ်စေရန် ရွှံ့တုံး၊ သစ်ရွက်၊ ကျောက်ပြား စသည်တို့အပေါ်တွင် အပြော (စကား) ကို သင်္ကေတအဖြစ် မှတ်သားရာမှ အက္ခရာ အရေးအသား ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဘာသာစကားကို **အပြော (စကားသံ)** နှင့် ပုံဖော်လျှင် **အပြောဘာသာစကား** ဟုခေါ်သည်။ သစ်ရွက်၊ ကျောက်တုံး စသည်တို့အပေါ်တွင်

---

[၁၉] ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၉၀)။ *မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာ* ။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြင်သာသော **အမှတ်အသား (စာ)** များဖြင့် ပုံဖော်လျှင် **အရေးဘာသာစကား** ဟု ခေါ်သည်။ စာအရေးအသားသည် စကားသံကိုအခြေခံ၍ ဖန်တီးထားရာ စကားသံနှင့်စာ (အပြောနှင့် အရေး) တို့သည် တိုက်ရိုက်ဆက်နွယ်မှုရှိသည်။ **အပြော**တွင် ပြောသူက ပြောလိုသောအချက်ကို နာသူထံ **စကားသံ**ဖြင့် ပို့ပေးသည်။ **အရေး**တွင် ရေးသူက ရေးလိုသောအချက်ကို စာဖတ်သူထံ**စာ**ဖြင့် ပို့ပေးသည်။ ပြောသူနှင့် နာသူတို့က စကားသံဖြင့်ဆက်သွယ်၍ ရေးသူနှင့် ဖတ်သူတို့ကစာဖြင့် ဆက်သွယ်သည်။ ဆက်သွယ်ပုံ ခြားနားသော်လည်း ရည်ရွယ်ချက်မှာ အတူတူပင်ဖြစ်သည်။ ဤသဘောကို '<u>စကားသံ</u>သည် **နှုတ်ဖြင့်ရေးသောစာ**၊ <u>စာ</u>သည် **လက်ဖြင့်ပြောသော စကား**' ဟူ၍ တင်စားလေ့ရှိသည်။ အရေးမှာအပြောကဲ့သို့ ပြောပြီးပျောက် မဟုတ်တော့ပါ။ မှတ်တမ်းတင်ထားသည့်ပစ္စည်း ကြေပျက်မသွားသမျှ အရေးသည် တည်ရှိနေမည်ဖြစ်သည်။ အပြောနှင့်အရေးကို နှုတ်ပြောဟန်နှင့် စာသုံးဟန် (သို့မဟုတ်) နှုတ်ပြောစကားနှင့် စာသုံးစကားစသည်ဖြင့် အမျိုးမျိုးခေါ်ကြပါသည်။ **"အပြောနှင့်အရေး သိသိသာသာ ကွဲပြားသော စကားလုံးများမှာ ဝါကျထဲတွင် သဒ္ဒါသဘောအရ ဆက်သွယ်မှုကိုပြသော စာသုံးစကားလုံးများနှင့် အပြောသုံး စကားလုံးများ ဖြစ်ပါ**သည်။ 'သည် = ဟာ၊ ၏ = ရဲ့၊ နှင့် = နဲ့၊ ၍ = လို့၊ ၌ = မှာ၊ သော = တဲ့၊ မည် = မယ်၊ မည့် = မဲ့၊ မှ = က၊ သို့ = ကို၊ များ = တွေ၊ ဤ = ဒီ၊ ထို = ဟို၊ နည်း = လဲ၊ လော = လား၊ လည်းကောင်း...လည်းကောင်း = ဖြစ်ဖြစ်... ဖြစ်ဖြစ်၊ ရော...ရော' စသည်တို့ ဖြစ်ပါသည်။ ထူးခြားချက်မှာ အပြောသုံးစကားလုံးများကို အရေး၌တွေ့ရသော်လည်း စာသုံးစကားလုံးများကိုမူ အပြော၌ သုံးလေ့မရှိခြင်းဖြစ်ပါသည်။"[၂၀]

(၂) **ပြောဟန်ရေးဟန်လွန်ဆွဲမှု။** ။"အရေးသည် ပြောင်းလဲတတ်သော်လည်း အပြောထက် အပျက်နှုန်း၊ အပြောင်းနှုန်း နှေးသည်ဟုဆိုနိုင်သည်။ အပြောနှင့်အရေး ပြောင်းလဲနှုန်း မတူညီ၍ အမြဲကွာခြားမှုရှိနေသည်။ **စကား**သည် ပါးစပ်ကထွက်သည့် **လေ** ဖြစ်သည့်အတွက် **ခိုင်မာမှုမရှိ**။ စာထက် **ပြောင်းလဲနှုန်းမြန်သည်**။ **စာ**မှာ ကျောက်ပြား၊ ကြေးပြားပေါ်တွင် စွဲထင်နေသော**အမှတ်အသား** ဖြစ်သဖြင့် စကားထက် **ပြောင်းလဲနှုန်းနှေးသည်။ စကားသံ ပြောင်းသလောက် စာက လိုက်မပြောင်းသဖြင့် အချိန်ကြာလေလေ စကားနှင့် စာကြားတွင် ကွာဟချက် ပို၍ များလာလေလေ ဖြစ်သည်။"**[၂၁] အပြောစကားကို အပြောင်းနှုန်း၊ အပျက်နှုန်း နှေးသွားစေရန် စံအသံ လုပ်ထားရန် လိုအပ်ပါသည်။ အင်္ဂလန်နိုင်ငံတွင် BBC မှ ထုတ်လွှင့်သောအသံ၊

---

[၂၀] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၆)။ *မြန်မာစကားအကြောင်း တစေ့တစောင်း* ။ ရန်ကုန်၊ ခိုင်ရဝေပုံနှိပ်တိုက်။

[၂၁] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ *သက်တံ့ရောင်စုံ ဘာသာစကား* ။ ရန်ကုန်၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်။

ဂျပန်နိုင်ငံတွင် NHK မှ ထုတ်လွှင့်သော အသံတို့သည် သက်ဆိုင်ရာနိုင်ငံနှင့် ဘာသာစကားတို့၏ စံအသံများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာ့အသံမှ ထုတ်လွှင့်သောအသံကို စံအသံလုပ်ထားလျှင် အပြောစကားသည် အပြောင်းအလဲဖြစ်ပြောင်း နေးသွားမည်ဖြစ်သည်။ **ယခင်က 'ကျွန်တော်' ဟုရေးပြီး 'ကျွန်တော်' ဟုပင် ပီပီသသ အသံထွက်ခဲ့သော်လည်း ယခုအခါ အပြောစကားက 'ကျနော်'ဟု ပြောင်းလဲပြီး အသံထွက်သဖြင့် အရေးစကားကလည်း 'ကျနော်'ဟု လိုက်ရေးနေသည်ကို တွေ့မြင်နေရသည်။** တစ်ချိန်က လူထုဦးလှ၊ ဒေါ်အမာ၊ သမိုင်း ပါမောက္ခ ဒေါက်တာသန်းထွန်းတို့ အပါအဝင် အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းက အရေးကို အပြောစကားနှင့် အနီးစပ်ဆုံးဖြစ်အောင်ရေးရန် အဆိုတင်သွင်းခဲ့ဖူးပါသည်။ ယခုအခါ ပညာရပ်ဆိုင်ရာ စာအုပ်များကိုပင် ပြောဟန်ဖြင့် ရေးသားထုတ်ဝေသည်ကို တွေ့နေရပါသည်။ **ပြောဟန်သည် ရှုံးသုံးမဟုတ်သည့်တိုင် အထိုက်အလျောက် နေရာရလာပြီး စာနယ်ဇင်း မျက်နှာစာတွင် နေရာပို၍ရနေပြီ ဖြစ်သည်။** စာကို ပေါ့ပါးသွက်လက်အောင် အပြောစကားပြေဟန်ဖြင့် ရေးသားခြင်းဖြစ်သည်။ ဝတ္ထု၊ ပုံပြင်၊ ပြဇာတ်၊ ပေးစာ၊ ဟောပြောချက်၊ ဆွေးနွေးချက်တို့ကို အပြောဟန် စကားပြေဖြင့် အရေးများ၍ ဘာသာရေး၊ နိုင်ငံရေးစသည့် လေးနက်သော အကြောင်းအရာများ၊ ဘာသာရပ်ဆိုင်ရာများ၊ ကျောင်းသုံးစာအုပ်များကို အရေးဟန် စကားပြေဖြင့် အရေးများပါသည်။

(၃) **မွေးစားစကားလုံးများ။** ။ခေတ်သုံးမြန်မာစကားတွင် မွေးစားစကားလုံးများကိုလည်း သုံးစွဲပြောဆိုသည်။ ကမ္ဘာ့ရွာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသောကြောင့် **လူမှုကိစ္စ အမျိုးမျိုးအတွက် ဝေါဟာရအသုံးအနှုန်း စကားလုံးအသစ်အဆန်းများ ထပ်မံတိုးပွားလာကာ သုံးစွဲနေသော ဘာသာစကားထဲသို့ ဝင်ရောက်လာသည်။** သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်သည့်ခေတ် ဖြစ်သည်နှင့်အညီ ကွန်ပျူတာ၊ ပရင်တာ၊ ကီးဘုတ်၊ အင်တာနက်၊ အီးမေးလ်၊ မက်ဆင်ဂျာ စသည့် အိုင်တီဆိုင်ရာ ဝေါဟာရများ၊ တီဗီ၊ ဝါတာကူလာ၊ အဲယားကွန်း စသည့် လူ့အသုံးအဆောင်ပစ္စည်း ဆိုင်ရာ ဝေါဟာရများ တိုးပွားလာသည်။ သို့ရာတွင် ထိုဝေါဟာရများသည် **ပညာရပ် ဆိုင်ရာ ဝေါဟာရမဖွံ့ဖြိုးမှု၊ မပြည့်စုံမှု အခက်အခဲကြောင့် အင်္ဂလိပ်အသံထွက် အတိုင်း တိုက်ရိုက်ယူ၍ သုံးထားသော မွေးစားစကားလုံးများ** ဖြစ်ပါသည်။

(၄) **စကားသင်္ကေတ ရောသုံးခြင်း**[၂၂] **- ဘာသာစကားတစ်မျိုးကို အခြေခံအားဖြင့် သုံးစွဲနေစဉ်အတွင်း အခြားဘာသာစကား၏ အစိတ်အပိုင်းများကို တိုက်ရိုက်ယူပြီး**

---

၂၂ အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၅)။ *ဘာသာစကားသုတ* ။ ရန်ကုန်၊ စူဝံစာအုပ်တိုက်။

**ရောသုံးခြင်းကို စကားသင်္ကေတ ရောသုံးခြင်းဟု ခေါ်သည်။** မြန်မာဘာသာဖြင့် ပြောဆိုရာတွင် အင်္ဂလိပ်စကား ညှပ်၍ ပြောခြင်းမျိုးကိုဆိုလိုသည်။ မွေးစားစကားလုံး အသုံးပြုခြင်းနှင့် သဘောသဘာဝ မတူညီပါ။ ဘာသာစကားရောသုံးခြင်းမှာ ကောင်းကျိုးနှင့် ဆိုးပြစ် ဒွန်တွဲနေပါသည်။ ဘာသာခြား စကားကို လိုအပ်သည့် အတိုင်းအတာထိ ရောသုံးလျှင် ကောင်းကျိုးများ ရနိုင်မည်ဖြစ်သော်လည်း လွန်လွန်ကြူးကြူး အသုံးပြုလာလျှင် မိခင်ဘာသာစကား၏ သွင်ပြင်လက္ခဏာကို ထိပါးမည့် ဆိုးပြစ်များ ဖြစ်ပေါ်လာနိုင်ပါသည်ဟု ဖော်ပြထားရာ ဘာသာခြားစကားကို မိမိဘာသာစကား၏ လိုအပ်ချက် တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းရန် အသုံးပြုရသည် မှန်သော်လည်း လွန်လွန်ကြူးကြူး အသုံးမပြုမိစေရန် သတိထားသင့်ပေသည်။

(၅) **ဘာသာစကား စံသွေခြင်း**[၂၇] - ဘာသာစကားတစ်ခုကို မိခင်ဘာသာစကားအဖြစ် အသုံးပြုနေသူများ၏ ကြားတွင် ဖြစ်ပေါ်နေသော **စကားအသွင်ကွဲ အမျိုးမျိုးထဲမှ စံအဖြစ် သတ်မှတ်ခြင်းခံရသည့် အသွင်ကွဲတစ်မျိုးကို စံဘာသာစကားဟုခေါ်သည်။ ကျောင်းသုံး ရုံးသုံးစာ အရေးအသားအဖြစ် အသုံးပြုခြင်းခံရသည့် ဘာသာစကား အသွင်ကွဲတစ်မျိုးလည်း ဖြစ်သည်။** ယနေ့ခေတ်လူငယ် အတော်များများသည် အသံထွက်၊ စာလုံးပေါင်း၊ အသုံးအနှုန်းတို့ ၌ စံမြန်မာစကားနှင့် သွေဖည်မှုများ ရှိနေသည်ကို မြင်နေရကြားနေရပါသည်။ **စ** နှင့် **ဆ** အသံမကွဲခြင်း၊ **ဆ သံအစား စ ဟုပင် အသံထွက်ခြင်းကြောင့် စာလုံးပေါင်းမှားခြင်းမျိုး ဖြစ်ပါသည်။** 'အဆင်ပြေ' ကို 'အစင်ပြေ'၊ 'ဆုတ်ဖြဲ' ကို 'စုတ်ဖြဲ'၊ 'ဆင်ပေါ်ကလူ' ကို 'စင်ပေါ်ကလူ'ဟု **မှားရေးခြင်း**မျိုးနှင့် စ နှင့် ဆ ကို အသံချင်းမကွဲဘဲ နှစ်သံစလုံးကို 'စ' သံဖြင့်ပင် အသံထွက်၍ 'ဆရာ' ကို 'စရာ'၊ 'ထမင်းဆာ'ကို 'ထမင်းစာ'၊ 'ဆောက်လုပ်'ကို 'စောက်လုပ်' စသည်ဖြင့် **မှားပြောခြင်း**မျိုး ဖြစ်ပါသည်။ ထိုဗျည်းနှစ်လုံးတို့သည် အက္ခရာ ပုံသဏ္ဍာန်ချင်းလည်း မတူ၊ အသံထွက်လည်း မတူကြောင်း ကွဲကွဲပြားပြားနားလည်၍ မှန်မှန်ကန်ကန် အသံထွက် ဖတ်တတ်စေရန် လေ့ကျင့်ပေးသင့်ပါသည်။ ကလေးများကို မြန်မာဗျည်းများ စတင်သင်ကြားချိန်၌ စ နှင့် ဆ တို့အား ခွဲခြားမှတ်မိသည်ထိ အက္ခရာ ပုံသဏ္ဍာန်နှင့် ရွတ်ဆိုရမည့် အသံထွက်ကို ယှဉ်တွဲ၍ အရေးနှင့်အဖတ်အကြိမ်ကြိမ် လေ့ကျင့် သင်ကြားပေးရန် လိုအပ်ပါသည်။

---

[၂၇] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၃)။ *မြန်မာစာ ကိုယ်ခံ တည်ဆောက်ရေး (အခြေခံ စာအရေးအသားဆိုင်ရာ စာစု)* ။ ရန်ကုန်၊ သင်းစာပေ။

ထို့ပြင် လူငယ်တော်တော်များများသည် **အသံထွက်ပုံလွဲမှားနေခြင်း** ကိုလည်း တွေ့ရပါသည်။ အသံနှစ်သံကို တစ်ဆက်တည်းပြောလျှင် နောက်အသံသည် သံညင်းမှ သံပြင်းသို့ ပြောင်းသွားသည့် သဘာဝအရ ပါး**ပါး**လိမ်း**ပါ** > ပါး**ဗား**လိမ်း**ဗာ**။ သူ့**ထက်**သာ**တယ်** > သူ့**ဒက်**သာ**ဒယ်**။ ထမင်း**ချက်** > ထမင်း**ဂျက်** စသည်တို့ကဲ့သို့ **သံပြင်းသံဖြင့် ထွက်ရမည်ကို သံညင်းသံဖြင့် ထွက်ဆိုခြင်းဖြစ်သည်။** အသံထွက်ပုံ နောက်တစ်ချက်မှာ မြန်မာသရသံ မှန်အောင် ထွက်ဆိုခြင်းမရှိဘဲ အင်္ဂလိပ်သရသံကဲ့သို့ ထွက်သောကြောင့် **အသံထွက်ဝဲနေခြင်း** ဖြစ်သည်။ ပုဂံ > ဗ**ဂယ်န်**၊ အခမ်းအနား > အ**ခဲန်း**အနား၊ လွတ်လပ်ရေး > လွတ်**လက်**ရေး စသည်ဖြင့် မပီမသ ရွတ်ဆိုပုံမျိုးကို ကြားနေရသည်။ **မြန်မာစကားကို မြန်မာလေသံဖြင့် မပြောဘဲ အင်္ဂလိပ်လေသံဝဲ၍ ပြောဆိုခြင်း ဖြစ်သည်။** ဤအချက်တို့သည် စံမြန်မာ အသံထွက်မှ လွဲသွေနေသည့် စကားစံသွေခြင်းများ ဖြစ်ပါသည်။

အမျိုးသားယဉ်ကျေးမှု စကားပြေတွင် ပါမောက္ခဦးဇေမောင် မိန့်ဆိုခဲ့သည့်အတိုင်း **ကျီးမရောက် ကြက်မမြောက် အောက်ကလိအာ အာကလိအောက်** ဆိုသကဲ့သို့ ဟိုမရောက် သည်မရောက် နှင့် မိခင်ဘာသာစကား၏ သွင်ပြင် လက္ခဏာကို ထိပါးလာမည့်ဆိုးပြစ်များ တွေ့ကြုံလာဖွယ် ရှိပါသည်။ လူထုအကြား စံမြန်မာစကား ပြန်လည်နေရာရရှိရေးသည် ၂၁ ရာစု၏ စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ ဘေးဘိုးစဉ်ဆက် ထိန်းသိမ်းခဲ့သည့် စံမြန်မာ စကားကို ရေရှည်တည်တံ့နိုင်စေရန် ဆရာဆရာမများ အနေဖြင့် ကလေးများကို စာသင်ကြားရာတွင် စံမြန်မာစကားကို အသုံးပြု၍ သင်ကြားသင့်သကဲ့သို့ ကလေးများကိုလည်း စံမြန်မာစကား အသုံးပြုရန် အရေးကြီးကြောင်း အသိရှိလာစေရန် ဆွေးနွေးစည်းရုံးခြင်း၊ စံမြန်မာစကားကို သုံးတတ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းကို ဝိုင်းဝန်းဆောင်ရွက် သင့်လှပေသည်။ ထိုသို့ပြုလုပ်မည်ဆိုပါက ဘာသာစကားစံသွေမှု လျော့ပါးကျဆင်း၍ စံမြန်မာစကားကို ပြန်လည်ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ မြန်မာဘာသာစကား ပြောင်းလဲခြင်း အကြောင်းကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဘာသာစကား ပြောင်းလဲခြင်းအကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်ရန် သင်ခန်းစာကို အပိုင်း (၄) ပိုင်းခွဲ၍ လက်ဖက်ရည် စကားဝိုင်းပုံစံဖြင့် ဆွေးနွေးကြရန် ဖြစ်သည်။ သင်ခန်းစာကို အောက်ပါအတိုင်းခွဲရန် ဖြစ်သည်။

(၁) စကားလုံးသွင်ပြင်ပြောင်းလဲမှု

(၂) အနက်အဓိပ္ပာယ်ပြောင်းလဲမှု(ရည်ညွှန်းချက်ပြောင်းလဲမှု)

(၃) အသုံးအနှုန်းပြောင်းလဲမှု

(၄) ဝါကျဖွဲ့ပုံပြောင်းလဲမှု

## သင်ယူမှုလုပ်ငန်း (၂)။ ခေတ်သုံးမြန်မာစကား၏ သွင်ပြင်များကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ခေတ်သုံးမြန်မာစကား၏သွင်ပြင်များအကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်ရန် သင်ခန်းစာအပိုင်း (၅) ပိုင်း ခွဲ၍ ဖြတ်ဆက်နည်းဖြင့် လေ့လာကြရန်ဖြစ်သည်။

(၁) အပြောနှင့်အရေး ကွာခြားချက်များ

(၂) ပြောဟန်ရေးဟန်လွန်ဆွဲမှု

(၃) မွေးစားစကားလုံးများ

(၄) စကားသင်္ကေတရောသုံးခြင်း

(၅) ဘာသာစကား စံသွေခြင်း

## သင်ယူမှုလုပ်ငန်း (၃)။ စံမြန်မာစကား သင်ယူရန် အရေးကြီးပုံ အကြောင်း ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၁) နှင့် (၂) တွင် ကျောင်းသားများ လေ့လာခဲ့သော ဘာသာစကားပြောင်းလဲခြင်းနှင့် ခေတ်သုံးမြန်မာစကား၏ သွင်ပြင်များ အကြောင်းမှ သင်ယူရရှိလိုက်သည်များကို အခြေခံကာ ဆက်လက်ဆွေးနွေးရန်ဖြစ်သည်။ အထူးသဖြင့် အလယ်တန်းဆင့်ကလေးများ အဘယ်ကြောင့် စံမြန်မာစကားသင်ယူရန် အရေးကြီးကြောင်း အုပ်စုလိုက် ဆွေးနွေးအဖြေရှာကြရန်ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ နှစ်တစ်ထောင်ခန့်ကို ဖြတ်ကျော်လာသည့် မြန်မာဘာသာစကားသည် မည်သည့်အချက်များတွင် သိသာစွာ ပြောင်းလဲကွဲပြားလာသနည်း။

၂။ စံမြန်မာစကား မပျောက်ကွယ်အောင် မည်သို့လုပ်ဆောင်သင့်သနည်း။

# ၃.၂။ မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများ

ဘာသာစကားတို့ကို စကား၊ ဝါကျများဖြင့် တည်ဆောက်ထားသည်။ ထိုဝါကျတို့၏ အခြေခံနှင့် အသေးဆုံး အစိတ်အပိုင်းများမှာ ဗျည်းသံ၊ သရသံတို့ ဖြစ်ကြသည်။ သရတွင် ကိုယ်ပိုင် ပီသသော အသံရှိသည်။ သရတစ်ခုတည်းဖြင့် ပီသသောအသံ ထွက်နိုင်သည်။ ထို့ကြောင့် သရတစ်ခုသည် စကားသံတစ်ခု ဖြစ်နိုင်သည်။ ဗျည်းတွင် ကိုယ်ပိုင်ပီသသော အသံမရှိပါ။ သရနှင့် ပေါင်းစပ်မှသာ ပီသသောအသံ ထွက်နိုင်သည်။ ထို့ကြောင့် ဗျည်းတစ်ခုကို သရတစ်ခုနှင့် ပေါင်းစပ်မှသာ စကားသံတစ်ခု ဖြစ်နိုင်သည်။ စကားသံမှတစ်ဆင့် စကားလုံး၊ ဝေါဟာရများဖြစ်လာသည်။ ဤအပိုင်းတွင် မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများ အဖြစ် မြန်မာစကားသံပြောင်းလဲပုံနှင့် မြန်မာဘာသာစကား၏ ဝေါဟာရဖွဲ့စည်းပုံတို့ကို ရှင်းလင်းတင်ပြထားပါသည်။

## ၃.၂.၁ | စကားသံပြောင်းလဲမှု

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မြန်မာဘာသာစကား၏ စကားသံ ပြောင်းလဲပုံများကို သာဓကများဖြင့် ဆွေးနွေးတတ်မည်။

### စကားသံပြောင်းလဲမှု

မြန်မာဘာသာစကားတွင် မြန်မာစကား ပြောဆိုရာ၌ လည်းကောင်း၊ မြန်မာစာရွတ်ဖတ်ရာ၌ လည်းကောင်း ဗျည်းသံပြောင်းလဲမှု သရသံပြောင်းလဲမှုများ ရှိတတ်သည်။ စကားသံ ပြောင်းလဲမှုသည် စကားသံနှစ်သံကို တစ်ဆက်တည်း ရွတ်ဆိုသည့်အခါ ဖြစ်ပေါ်လာတတ်သော အသံပြောင်းလဲမှုကို ဆိုလိုခြင်းဖြစ်သည်။

## (က) ဗျည်းသံပြောင်းလဲမှု[၂၄]

ဗျည်းသံပြောင်းလဲမှုတွင် သံညင်းဗျည်း (အဃောသ) အချို့ကို သံပြင်းဗျည်း(ဃောသ)သို့ ပြောင်းလဲရွတ်ဆိုခြင်း၊ ဟထိုးသံဖြည့်ရွတ်ခြင်း၊ ဟထိုးသံချန်ရွတ်ခြင်း၊ ပင့်ရစ်သံဖြည့်ရွတ်ခြင်း၊ ပင့်ရစ်သံချန်ရွတ်ခြင်း တို့ဖြစ်သည်။

| ၁။ | စကားလုံး → | အသံထွက် | သံညင်း → | သံပြင်း |
|---|---|---|---|---|
| | ဆင်ခြေ | / ဆင်ဂျေ / | ခ | ဂ |
| | ပျဉ်ပြား | / ပျဉ်ဗျား / | ပ | ဗ |
| | ကျည်ဆန် | / ကျီဇန် / | ဆ | ဇ |
| | ဆန်စက် | / ဆန်ဇက် / | စ | ဇ |
| | လမ်းတွင် | / လမ်းဒွင်/ | တ | ဒ |
| | လယ်ကွင်း | / လယ်ဂွင်း / | က | ဂ |

အထက်ပါသာဓကများတွင် စကားလုံးနှစ်လုံးစီပါဝင်ကြသည်။ ပထမစကားလုံးများကို (-င်၊ -ဉ်၊ -ည်၊ -န်၊ -မ်၊ -ယ်) ဟူသည့် သံရှည်အသတ် (၆) လုံးဖြင့် ဖွဲ့စည်းထားပါသည်။ ထိုသံရှည်အသတ်(၆)လုံး၏ နောက်တွင်ရှိသော သံညင်းဗျည်းတို့ကို သံပြင်းဗျည်းဖြင့် ရွတ်ဆိုလေ့ရှိသည်။

| ၂။ | စကားလုံး → | အသံထွက် | သံညင်း → | သံပြင်း |
|---|---|---|---|---|
| | ငါးကင် | / ငါးဂင် / | က | ဂ |
| | မီးပူ | / မီးဗူ/ | ပ | ဗ |
| | လူထု | / လူဒု / | ထ | ဒ |
| | ရေခဲ | / ရေဂဲ / | ခ | ဂ |
| | ဘဲစာ | / ဘဲဇာ / | စ | ဇ |
| | တောတန်း | / တောဒန်း / | တ | ဒ |
| | ကိုးဆောင် | / ကိုးဇောင် / | ဆ | ဇ |

[၂၄] မြန်မာစာအဖွဲ့။ (၂၀၁၃)။ *မြန်မာသဒ္ဒါအတွဲ (၃) (ဒုတိယအကြိမ်)*။ တက္ကသိုလ်များပုံနှိပ်တိုက်။ ရန်ကုန်။

အထက်ပါသာဓကများတွင်လည်း စကားလုံးနှစ်လုံးစီ ပါဝင်ကြသည်။ ပထမ စကားလုံးများကို (-ာ ၊ -ိ ၊ -ု ၊ ေ- ၊ -ဲ ၊ ေ-ာ ၊ -ို) ဟူသည့် မူလသရများဖြင့် ဖွဲ့စည်းထားပါသည်။ ထိုမူလသရများ၏ နောက်တွင်ရှိသော သံညင်းဗျည်းတို့ကို သံပြင်းဗျည်းဖြင့် ရွတ်ဆိုလေ့ရှိသည်။

| ၃။ | **စကားလုံး** | → | **အသံထွက်** | → | **အသံပြောင်းရွတ်ပုံ** |
|---|---|---|---|---|---|
| | စပါး | | / ဇ်ဗား / | | စ မှ ဇ၊ ပ မှ ဗ |
| | စကား | | / ဇ်ဂါး / | | စ မှ ဇ၊ က မှ ဂ |
| | သတင်းစာ | | / သ်ဒင်းဇာ / | | သ မှ သ၊ တ မှ ဒ၊ စ မှ ဇ |
| | သပြေ | | / သ်ဗြေ / | | သ မှ သ၊ ပ မှ ဗ |
| | တစ်ကောင် | | / ဒ်ဂေါင် / | | တ မှ ဒ၊ က မှ ဂ |
| | တပို့တွဲ | | / ဒ်ဗို့ဒွဲ / | | တ မှ ဒ၊ ပ မှ ဗ |

(ဇ်၊ ဒ် ကဲ့သို့ ဗျည်းအပေါ်တွင် ်- တင်ထားလျှင် မတြာဝက်သံဖြင့် ရွတ်ဆိုရန်ဖြစ်သည်။)

ဖော်ပြပါ သာဓကများတွင် ရှေ့သံညင်းဗျည်းကို သံပြင်းသို့ ပြောင်းလဲရွတ်ဆိုလျှင် နောက်က သံညင်းဗျည်းကိုလည်း သံပြင်းဗျည်းသို့ ပြောင်းလဲရွတ်ဆိုလေ့ရှိပုံကို တွေ့ရှိနိုင်သည်။

| ၄။ | **စကားလုံး** → | **အသံထွက်(သံညင်းဖြင့်ရွတ်)** | **အသံထွက်(သံပြင်းဖြင့်ရွတ်)** |
|---|---|---|---|
| | | **(ကြိယာ)** | **(နာမ်)** |
| | ချိုင့် | / ချိုင့် / | / ဂျိုင့် / |
| | ချိတ် | / ချိတ် / | / ဂျိတ် / |
| | စောက် | / စောက် / | / ဇောက် / |
| | ထောက် | / ထောက် / | / ဒေါက် / |
| | ထောင့် | / ထောင့် / | / ဒေါင့် / |

ဖော်ပြပါ သာဓကများတွင် စကားလုံးတစ်လုံး၏ အသုံးကွဲပြားမှုကိုလိုက်၍ သံညင်းဗျည်းတို့ကို သံပြင်းဗျည်းသို့ ပြောင်းလဲရွတ်ဆိုလေ့ရှိပုံကို တွေ့ရှိနိုင်သည်။ သံညင်းဗျည်းသံဖြင့် ရွတ်ဆိုလျှင် ကြိယာစကားလုံးများဖြစ်ကြ၍ သံပြင်းဗျည်းသံဖြင့်ရွတ်ဆိုလျှင် နာမ်စကားလုံးများဖြစ်ကြသည်။

**၅။ စကားလုံး → ပုဒ်ဖြတ်ရွတ်(အသံမပြောင်း) ကြိယာ(သံညင်း) ပုဒ်စပ်ရွတ်(အသံပြောင်း) နာမ်(သံပြင်း)**

| | | |
|---|---|---|
| ထမင်းချက် | / ထ်မင်းချက် / | / ထ်မင်းဂျက် / |
| မြင်းထိန်း | / မျင်းထိန်း / | / မျင်းဒိန်း / |
| စာရင်းချုပ် | / စ်ယင်းချုတ် / | / စ်ယင်းဂျုတ် / |
| စာရင်းစစ် | / စ်ယင်းစစ် / | / စ်ယင်းဇစ် / |
| စာဆို | / စာဆို / | / စာဇို / |

ဖော်ပြပါ သာဓကများတွင် စကားလုံးတစ်လုံးသည် ပေါင်းစပ်နာမ်ဖြစ်မှုကို အကြောင်းပြု၍ နာမ်ပုဒ်နှင့် ကြိယာပုဒ်ကွဲပြားသွားသည်။ နာမ်နှင့် ကြိယာကို တစ်ဆက်တည်း ပုဒ်စပ်၍ ရွတ်ဆိုသောအခါ နောက်က သံညင်းဗျည်းသည် သံပြင်းသို့ ပြောင်းလေ့ရှိပုံကို တွေ့ရှိနိုင်သည်။

**ဇယား ၃.၁။ ဝဂ်ဗျည်းများနှင့် သံညင်း၊ သံပြင်းပြဇယား**

| သံညင်း(အဃောသ) | | သံပြင်း(ဃောသ) | | |
|---|---|---|---|---|
| ပထမအက္ခရာ | ဒုတိယအက္ခရာ | တတိယအက္ခရာ | စတုတ္ထအက္ခရာ | ပဉ္စမအက္ခရာ |
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

အထက်တွင် ဖော်ပြခဲ့သည့် သာဓကတို့တွင် သံညင်းဗျည်း / က၊ ခ / တို့သည် ယင်းတို့နှင့် သက်ဆိုင်ရာ သံပြင်းဗျည်း / ဂ / သို့လည်းကောင်း၊ သံညင်းဗျည်း / စ၊ ဆ / တို့သည် ယင်းတို့နှင့် သက်ဆိုင်ရာ သံပြင်းဗျည်း / ဇ / သို့လည်းကောင်း၊ သံညင်းဗျည်း / တ၊ ထ / တို့သည် ယင်းတို့နှင့် သက်ဆိုင်ရာ သံပြင်းဗျည်း / ဒ / သို့လည်းကောင်း၊ သံညင်းဗျည်း / ပ၊ ဖ / တို့သည် ယင်းတို့နှင့် သက်ဆိုင်ရာ သံပြင်းဗျည်း/ ဗ / သို့လည်းကောင်း ပြောင်းသွားသည်ကို တွေ့ရှိနိုင်သည်။

၆။ **စကားလုံး → အသံထွက်** ၊ **စကားလုံး → အသံထွက်**

| **(သံရပ်သရ)** | **(အသံမပြောင်း)** | | **(သံရှည်သရ)** | **(အသံပြောင်း)** |
|---|---|---|---|---|
| တက်ကြွ | / တက်**ကျွ** / | ၊ | ဆင်းကြွ | / ဆင်း**ဂျွ** / |
| သစ်စက် | / သစ်**စက်** / | ၊ | ဆန်စက် | / ဆန်**ဇက်** / |
| ပိတ်စ | / ပိတ်**စ** / | ၊ | လမ်းစ | / လမ်း**ဇ** / |
| အိပ်တန်း | / အိပ်**တန်း** / | ၊ | ဝါးတန်း | / ဝါး**ဒန်း** / |

ဖော်ပြပါသာဓကများတွင် ရပ်၍ဖြတ်၍ ရွတ်ဆိုရသည့် သံရပ်အသတ်(၄)လုံး (-က်၊ -စ်၊ -တ်၊ -ပ်) တို့၏ နောက်၌ရှိသော သံညင်းဗျည်းများကို သံပြင်းဗျည်းသို့ ပြောင်းလဲ ရွတ်ဆိုလေ့မရှိကြောင်း တွေ့ရှိနိုင်သည်။

၇။ **စကားလုံး → အသံထွက်** ၊ **ရှေ့၌ သံရပ်အသတ်ရှိသော်လည်း သံပြင်းဖြင့်ရွတ်**

| | | | | |
|---|---|---|---|---|
| ခေါင်း | / ဂေါင်း / | ၊ | / စက်ခေါင်း / | / စက်ဂေါင်း / |
| ခေါင်း | / ဂေါင်း / | ၊ | / လိပ်ခေါင်း / | / လိပ်ဂေါင်း / |

ဖော်ပြပါ သာဓကများတွင် သံညင်းမှ သံပြင်းသို့ ပြောင်းလဲရွတ်ဆိုသော ဗျည်းအချို့သည် သံရပ်၏နောက်၌ရှိသော်လည်း သံပြင်းသံဖြင့်ပင် ရွတ်ဆိုသည်ကိုလည်း ခြွင်းချက်အဖြစ် တွေ့ရှိရသည်။

၈။ **စကားလုံး → အသံထွက် (အသံမပြောင်း)**

| | |
|---|---|
| မခေါ် | / မ်ခေါ် / |
| မသွား | / မ်သွား / |
| အတက် | / အ်တက် / |
| အဆင်း | / အ်ဆင်း / |
| မောင်သူရ | / မောင်သူရ / |
| မဖြူဖြူ | / မဖြူဖြူ / |

အထက်ပါသာဓကများတွင် အငြင်းပြရှေ့ဆက် (-မ)၊ ရှေ့ဆက် (အ-) နှင့် (မောင်၊ မ) စသည့် အမည်ရှေ့ဆက်များ၏ နောက်၌ရှိသော သံညင်းဗျည်းများကို သံပြင်းဗျည်းသို့ ပြောင်းလဲရွတ်ဆိုလေ့မရှိချေ။

**၉။ အသံမပြောင်း၊ (ပစ္စည်း-အ) အသံပြောင်း၊ (အနက်ပြည့်-အ)**

| စကားလုံး → | အသံထွက် | စကားလုံး → | အသံထွက် |
|---|---|---|---|
| အကြီး | / အ်ကြီး / ၊ | လူအကြီး | / လူအဘ့ဂျီး / |
| အသေး | / အ်သေး / ၊ | မင်း အသေးတယ် | / မင်းအဘ့သေးဒယ် / |

အထက်ပါသာဓကများတွင် အဆက်ပစ္စည်းအဖြစ်နှင့်သုံးသော (အ) ၏နောက်ရှိ သံညင်းဗျည်း များကို သံပြင်း ဗျည်းသို့ ပြောင်းလဲရွတ်ဆိုခြင်း မရှိသော်လည်း အနက်ပြည့်နှင့်သုံးသော (အ) ၏ နောက်ရှိ သံညင်းဗျည်းများကို သံပြင်းဗျည်းသို့ ပြောင်းလဲရွတ်ဆိုလေ့ရှိသည်။

| ၁၀။ စကားလုံး → | အသံထွက် | အသံဖြည့် / ချန်ရွတ်ပုံ |
|---|---|---|
| မင်အိုး | / မှင်အိုး / | + (ှ-) |
| ကိုယ်စားလှယ် | / ကိုဇလယ် / | (ှ-) |
| ပညာ | / ပျင်ညာ / | + (ျ) |
| ပစ္စည်း | / ပျစ်စီး / | + (ျ) |
| မြွေ | / မွေ / | (ြ) |

ဖော်ပြပါ စကားသံတို့တွင် ဟထိုးသံ( ှ) ဖြည့်၍လည်းကောင်း၊ ဟထိုးသံ ချန်၍လည်းကောင်း၊ ပင့်ရစ်သံ (ျ / ြ) ဖြည့်၍လည်းကောင်း၊ ပင့်ရစ်သံ ချန်၍လည်းကောင်း ရွတ်ဆိုလေ့ရှိကြောင်း တွေ့ရှိနိုင်သည်။

## (ခ) သရသံ ပြောင်းလဲမှု

သရသံပြောင်းလဲမှု ဆိုသည်မှာ သရသံအချို့ကို အသံတစ်ဝက်ဖြင့်သာ ရွတ်ဆိုရသော (အ်) သံသို့ ပြောင်းလဲရွတ်ဆိုခြင်း ဖြစ်သည်။

| **စကားလုံး** | **အသံထွက်** | **အသံပြောင်းရွတ်ပုံ** |
|---|---|---|
| ဒကာမ | / ဒ်ဂ်မာ့ / | -ာ မှ အသံတစ်ဝက် (အ်) သရ |
| ခါးမ | / ခ်မာ့ / | -ား မှ အသံတစ်ဝက် (အ်) သရ |
| ပိတောက် | / ဗ်ဒေါက် / | ိ- မှ အသံတစ်ဝက် (အ်) သရ |
| သီတင်း | / သ့်ဒင်း / | ီ- မှ အသံတစ်ဝက် (အ်) သရ |
| ပုတီး | / ဗ်ဒီး / | ု- မှ အသံတစ်ဝက် (အ်) သရ |
| သူကြီး | / သ့်ဂျီး / | ူ- မှ အသံတစ်ဝက် (အ်) သရ |
| တံဆိပ် | / ဒ်ဇိတ် / | ံ- မှ အသံတစ်ဝက် (အ်) သရ |
| ကမ်းပါး | / ဂ်ဗား / | -မ်း မှ အသံတစ်ဝက် (အ်) သရ |
| လင်းကွင်း | / လ်ဂွင်း / | -င်း မှ အသံတစ်ဝက် (အ်) သရ |
| ခက်ရင်း | / ခ်ယင်း / | -က် မှ အသံတစ်ဝက် (အ်) သရ |

အထက်တွင် ဖော်ပြထားသောသာဓကများမှ သရသံအချို့သည် အသံအပြည့်မှ အသံတစ်ဝက်သို့ ပြောင်းလဲ ရွတ်ဆိုကြောင်း တွေ့ရှိနိုင်သည်။ (-ား သရ၊ ိ- သရ၊ ီ- သရ၊ ု- သရ၊ ူ- သရ၊ ံ- သရ နှင့်-မ်း၊ -င်း၊ -က် စသည့် အသတ်များ)ကို အသံတစ်ဝက်သို့ ပြောင်းလဲရွတ်ဆိုပုံကို တွေ့ရှိနိုင်သည်။

ဘာသာဗေဒပညာရှင်တို့က မြန်မာစကားသံ ပြောင်းလဲပုံသဘောကို ပုဒ်စပ်အပေါ်တွင် အခြေပြု၍ စိစစ်လေ့ရှိကြသည်။ ရှေ့အသံနှင့် နောက်အသံ သိပ်မခြားဘဲ တစ်ဆက်တည်း ရွတ်ဆိုလျှင် ပုဒ်စပ်ပိတ်ဟုခေါ်သည်။ ရှေ့အသံနှင့်နောက်အသံ အနည်းငယ်ခြား၍ရွတ်လျှင် ပုဒ်စပ်ပွင့်ဟုခေါ်သည်။ ပုဒ်စပ်ပွင့်နှင့် ရွတ်ဆိုလျှင် ရှေ့အသံက နောက်အသံကို လွှမ်းမိုးမှုမရှိ။ ထို့ကြောင့် နောက်အသံသည်မပြောင်း။ ပုဒ်စပ်ပိတ်နှင့် ရွတ်ဆိုလျှင်မူ ရှေ့အသံက နောက်အသံကို လွှမ်းမိုးမှုရှိသောကြောင့် နောက်အသံသည် သံညင်းမှ သံပြင်းသို့ ပြောင်းသွားသည်။ မြန်မာဘာသာစကားတွင် ဗျည်း၊ သရ သံရင်း အတူတူဖြစ်သော်လည်း ပုဒ်စပ်ကွဲပြားမှုကြောင့် နာမ်နှင့်ကြိယာ စကားလုံးအမျိုးအစား ပြောင်းသွားပုံကဲ့သို့ စကားသံ ပြောင်းလဲမှုအမျိုးမျိုးတို့သည် မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာ တစ်ရပ်ပင် ဖြစ်ပါသည်။

### သင်ယူမှုလုပ်ငန်း (၁)။ မြန်မာဘာသာစကားရှိ အသံများအကြောင်း မေးမြန်း၍ နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ယခုသင်ခန်းစာဖြစ်သည့် မြန်မာဘာသာစကား၏ စကားသံပြောင်းလဲပုံကို သင်ယူလေ့လာရန်အတွက် ပညာရေးဒီဂရီ ကောလိပ်၊ ပထမနှစ်က သင်ယူခဲ့သည့် "မြန်မာဘာသာစကားရှိအသံများ" အကြောင်းနှင့် ချိတ်ဆက်ကာ နိဒါန်းပျိုးခြင်းဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ ဗျည်းသံ/သရသံ ပြောင်းလဲပုံကို အုပ်စုငယ်ဖွဲ့ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ဗျည်းသံပြောင်းလဲပုံနှင့် သရသံ ပြောင်းလဲပုံတို့ကို ပုံစံအမျိုးမျိုးဖြင့် လေ့လာသင်ယူကြရန် ဖြစ်သည်။ ပုံစံအမျိုးမျိုးဟု ဆိုရာတွင် ကျောင်းသားများ၏ ရှိပြီးဖြစ်သောအသိများကို ဖော်ထုတ်ခြင်း၊ ကျောင်းသားကိုင် စာအုပ်ပါ အကြောင်းအရာကို ဖတ်ရှုလေ့လာခြင်း၊ လုပ်ငန်းပေးစာရွက်ပါ လေ့ကျင့်ခန်းကို အုပ်စုငယ်အတွင်း ဆွေးနွေးအဖြေရှာခြင်းနှင့် အတန်းသို့ တင်ပြဆွေးနွေးခြင်းတို့ပါဝင်သည်။

# ၃.၂.၂ | ဝေါဟာရကြွယ်ဝမှု

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မြန်မာဘာသာစကား၏ ဝေါဟာရကြွယ်ဝပုံကို သာဓကများဖြင့် ရှင်းပြတတ်မည်။

### ဝေါဟာရကြွယ်ဝမှု[၂၅]

၁၁ ရာစုတွင် အခြေတည်ခဲ့သော မြန်မာစာ၊ မြန်မာစကား၏ သက်တမ်းသည် ယခု ၂၁ ရာစုတွင် နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့ပြီး ဖြစ်ပါသည်။ သက်တမ်းကာလကြာမြင့် လာသည်နှင့်အမျှ ဝေါဟာရ စကားလုံးများ တစ်စတစ်စ ပေါ်များကြွယ်ဝလာပါသည်။

[၂၅] ပညာရေးဝန်ကြီးဌာန။ (၂၀၁၃)။ *ပညာရေးကောလိပ်-ဒုတိယနှစ်သင်တန်း၊ မြန်မာစာ သင်ပြနည်း* ။ ရန်ကုန်။

အသက်အရွယ်၊ နေရာဒေသ၊ အဆင့်အတန်း၊ လုပ်ငန်းဆောင်တာ အစရှိသည်တို့ကို လိုက်၍ သုံးစွဲကြသော ဝေါဟာရစကားလုံးများ အမျိုးမျိုးကွဲပြားပါသည်။ ဤဝေါဟာရများကို စနစ်တကျမှန်ကန်အောင် သုံးစွဲတတ်ရန် အရေးကြီးပါသည်။ ဤသို့သုံးစွဲတတ်ပါမှ စကားပြောရာတွင် လည်းကောင်း၊ စာရေးရာတွင် လည်းကောင်း မိမိနားလည်သမျှကို မှန်ကန်တိကျရှင်းလင်း ပြေပြစ်စွာ ပြောဆိုရေးသားနိုင်ပြီး ထိရောက်မှုရှိမည် ဖြစ်ပါသည်။

## အဓိပ္ပာယ်တူ၊ အဓိပ္ပာယ်နီးစပ် စကားလုံးများ

မြန်မာဘာသာစကားသည် ဝေါဟာရစကားလုံးများ ကြွယ်ဝသည့် ဘာသာစကားတစ်ခု ဖြစ်သည်နှင့်အညီ ဆိုလိုသည့် အဓိပ္ပာယ်တစ်ခုကို **အဓိပ္ပာယ်တူ စကားလုံး** အမျိုးမျိုးသုံး၍ ဖော်ပြလေ့ ရှိပါသည်။ **ကြောက်ရွံ့သည်** ဟူသည့် အနက်တစ်မျိုးတည်းကိုပင် **'ထိတ်လန့်သည်၊ တုန်လှုပ်သည်၊ ချောက်ချားသည်'** ဟူ၍ ဝေါဟာရအမျိုးမျိုး အသုံးပြု၍ ဖော်ပြနိုင်ပါသည်။ ထို့ကြောင့် ဝေါဟာရတစ်ခုတွင် ယင်းတို့နှင့် အဓိပ္ပာယ်တူ အခြားဝေါဟာရများ ရှိသေးကြောင်း သိရှိထားရန် လိုအပ်ပါသည်။ ထို့အတူ မြန်မာဘာသာ စကားတွင် **အဓိပ္ပာယ်တူ ပါဠိမြန်မာ စကားလုံးတွဲများ**ကို သုံးလေ့ရှိပါသည်။ **'အလှူဒါန၊ ကုသိုလ်ကောင်းမှု၊ ဆင်းရဲဒုက္ခ၊ နေရာဌာန၊ အရပ်ဒေသ'** စသည့်လုံးတွဲမျိုး ဖြစ်ပါသည်။ မြန်မာနှင့်ပါဠိ အဓိပ္ပာယ်တူ ဝေါဟာရနှစ်လုံးကို တွဲ၍သုံးပုံ၊ တွဲစပ်ရာတွင်လည်း **မြန်မာကရှေ့ ပါဠိကနောက်**(အလှူဒါန)၊ **ပါဠိကရှေ့ မြန်မာကနောက်** (ကုသိုလ်ကောင်းမှု) ဟူ၍ အမျိုးမျိုးတွဲစပ်လေ့ရှိပုံကို သိရှိထားရမည် ဖြစ်ပါသည်။ ထို့ပြင် **အဓိပ္ပာယ် နီးစပ်သောစကားလုံးများ** ဖြစ်ကြသည့် ပျော်နှင့် ရွှင်ကိုတွဲ၍ ပျော်ရွှင်၊ မှောင်နှင့် မိုက်ကိုတွဲ၍ မှောင်မိုက်၊ ကြိုးစားနှင့် အားထုတ်ကိုတွဲ၍ ကြိုးစားအားထုတ်၊ အစွန်းနှင့် အဖျားကိုတွဲ၍ အစွန်းအဖျားစသည်ဖြင့် အဓိပ္ပာယ်နီးစပ်သည့် စကားလုံးတို့ကို တွဲ၍ သုံးလေ့ရှိကြောင်း သိထားရပါမည်။ သို့မှသာ မိမိတို့ ကြားရသည့်စကား၊ ဖတ်ရသည့် ဝါကျတို့၏ အဓိပ္ပာယ်ကို အလွယ်တကူသိရှိနားလည်ပြီး၊ မိမိကိုယ်တိုင်လည်း အဓိပ္ပာယ်တူ၊ အဓိပ္ပာယ်နီးစပ် ဝေါဟာရအမျိုးမျိုးကို အလှယ်လှယ်သုံးစွဲ၍ ရေးသားပြောဆိုနိုင်မည် ဖြစ်ပါသည်။

## ဆန့်ကျင်ဘက်စကားလုံးများ

မြန်မာဘာသာစကားတွင် ဆန့်ကျင်ဘက်စကားလုံးများကို တွဲ၍သုံးလေ့ရှိသည်။ နိမ့်တုံမြင့်တုံ၊ ဆင်းရဲချမ်းသာ၊ အချစ်အမုန်းစသည့် အသုံးအနှုန်းမျိုးများကိုလည်း သိထားသင့်ပါသည်။ ထို့ပြင် ဣတ္ထိလိင်၊ ပုလ္လိင်၊ အဖိုအမ သဘောဆိုင်ရာ ဆန့်ကျင်ဘက်များ ဖြစ်ကြသည့် မိခင်-ဖခင်၊ အပျို-လူပျို (ရှေ့စာလုံးပြောင်းခြင်း)၊ အမျိုးသမီး-အမျိုးသား၊ ကျောင်းသား-ကျောင်းသူ (နောက်စာလုံးပြောင်းခြင်း)၊ ယောက်ျား-မိန်းမ၊ သား-သမီး၊ (စကားလုံး တစ်ခုလုံးဖလှယ်ခြင်း)၊

ဆရာ-ဆရာမ၊ ဆရာဝန်-ဆရာဝန်မ (စကားလုံးဖြည့်ခြင်း) စသည့် တွဲလုံးများကိုလည်း လေ့လာသိရှိသင့်ပါသည်။

## သံတူကြောင်းကွဲ စကားလုံးများ

မြန်မာစာလုံးပေါင်းစနစ်အရ အသံတူသော်လည်း အနက်အဓိပ္ပာယ် မတူသော စကားလုံးများ များစွာရှိပါသည်။ သံတူကြောင်းကွဲ ဝေါဟာရ စကားလုံးများတွင် **အသံထွက်နှင့် စာလုံးပေါင်း တူညီသော်လည်း အကြောင်းအရာ အနက်အဓိပ္ပာယ် ကွဲပြားသော သံတူကြောင်းကွဲ ဝေါဟာရ များမှာ-** ခဲ(နာမ်) 'ပျော့ပျောင်းသော၊ လေးလံ မည်းညိုသော သတ္တုတစ်မျိုး'။ ခဲ(ကြိ) 'မလွယ်ကူ၊ ခက်ခဲသည်'ဟု အဓိပ္ပာယ်ကွဲပြားပုံမျိုးကို ဆိုလိုသည်။ "စကားတစ်လုံးသည် အသံနှင့်အရေးတူညီပါလျက် ရည်ညွှန်းရင်းအနက် သီးခြားကွဲပြားသော သံတူကြောင်းကွဲ စကားနှင့် **ရင်းမြစ်တူ ဝေါဟာရမှ စကားအဆက်အစပ်ကိုလိုက်၍ အနက်ကွဲယ်ပွားသွားသော ဝေါဟာရ ဆင့်ပွား စကားမျိုး**ကို ခွဲခြား သတိပြုရန် လိုပေ သည်။ ပုံစံအားဖြင့် **'စာ'** ဟူသော စကားတစ်လုံး တွင် **(က) သံတူကြောင်းကွဲ စကားလုံးများမှာ -** ၁။ စာ = အက္ခရာ အရေးအသား၊ ၂။ စာ = သီးနှံစား အသိုက်နေငှက်ငယ်၊ ၃။ စာ = ကိုယ်အင်္ဂါပါအမှတ် ဟူ၍ နာမ်တစ်မျိုးတည်းမှာပင် တစ်ခုနှင့်တစ်ခု မဆက်မစပ် သီးခြားဖြစ်သော အဓိပ္ပာယ်များ ရှိပေသည်။ တစ်ဖန် **(ခ) စကားအဆက်အစပ်ကိုလိုက်၍ ဝေါဟာရဆင့်ပွား စကားလုံးများမှာ -** (**စာ**ကိုရေး) တွင် ၁။ စာ = အက္ခရာ အရေးအသား၊ (**စာ**ကိုဖတ်)တွင် ၂။ စာ = ရေးထားသော အကြောင်းအရာ၊ (**စာ**ထည့်) တွင် ၃။ စာ = ပေးပို့ရန်ရေးထားသော စာလွှာ၊ (**စာ**တတ်မြောက်) တွင် ၄။ စာ = အရေးအဖတ် ဟူ၍ အဓိပ္ပာယ်အမျိုးမျိုး ဆွယ်ပွား ဖြစ်ပေါ်လာပေသည်။ အဓိပ္ပာယ် အားလုံးသည် အရေး အက္ခရာကို အကြောင်းပြု၍ အနက်ဆက်ပွား ပေါ်ထွက်လာခြင်းဖြစ်၍ ရည်ညွှန်းရာ ဆိုလိုချက်များကား တစ်မျိုးတည်းမဟုတ်ဘဲ ကွဲပြားပေသည်။ ထို့ကြောင့် အသံနှင့်အရေး တစ်မျိုးတည်းမှ ကွဲလွဲသော စကားအဓိပ္ပာယ်များကို ကုန်စင်အောင် ခွဲခွဲခြားခြား သတိပြုရန် လိုပေသည်။"[၂၆] နောက်တစ်မျိုးမှာ **အသံထွက်တူသော်လည်း အရေးကွဲ၊ အကြောင်းအရာကွဲ ဝေါဟာရများ** ဖြစ်သည်။ တတ်(ကြိယာ) = 'နည်းပညာတစ်ခုခုကို ကျွမ်းကျင်သည်'။ တပ်(ကြိ) = 'ပစ္စည်း တစ်ခုနှင့်တစ်ခု တွယ်ကပ်ထားသည်'ဟု အကြောင်းအရာ ကွဲသွားပုံမျိုးဖြစ်သည်။ အနက် အမျိုးမျိုးကိုဖော်ပြနိုင်သည့် စကားလုံးများ၊ ဝါကျများကို ဝေါဟာရကြွယ်ဝစွာဖြင့် ပြောဆိုရေးသားနိုင်စေရန် **/ကျား-ကြား/၊ /နီး-နည်း/၊ /ကျိန်-ကြိမ်/** စသည့် သံတူကြောင်းကွဲ စကားလုံးများကို လေ့လာသိရှိထားရန်လိုပါသည်။ မြန်မာစာအဖွဲ့ ဦးစီးဌာနမှထုတ်ဝေသော မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းနှင့် ခွဲထားစာအုပ်ကို လက်ကိုင်ပြုသင့်ပါသည်။

---

[၂၆] လှသမိန်။ (၂၀၁၉)။ *မြန်မာစာပေ အဆီအနှစ်* (ဒုတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

## ဖြစ်ခြင်း၊ ပြုခြင်းကိုပြသည့် သုဒ္ဓ၊ ကာရိုက်ကြိယာ စကားလုံးများ

မြန်မာဘာသာစကားရှိ အလိုအလျောက် ဖြစ်တည်ခြင်းသဘောကိုပြသည့် သုဒ္ဓကြိယာနှင့် ရည်ရွယ်ချက်ဖြင့် ဖြစ်စေခြင်းသဘောကိုပြသည့် ကာရိုက်ကြိယာတို့ကိုလည်း ခွဲခြား၍ သိထားရန် လိုအပ်ပါသည်။ **ကျိုး-ချိုး၊ ကွဲ-ခွဲ၊ ကျွတ်-ချွတ်၊ ပေါက်-ဖောက်၊ ပွင့်-ဖွင့်၊ ပြို-ဖြို** စသည့် ကြိယာအတွဲများတွင် ပထမအက္ခရာဖြင့် စာလုံးပေါင်း သော **ကျိုး၊ ကွဲ၊ ကျွတ်** နှင့် **ပေါက်၊ ပွင့်၊ ပြို** တို့သည် တစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိဘဲ အလိုအလျောက် ဖြစ်ခြင်း ကိုပြသည့် သုဒ္ဓကြိယာများ ဖြစ်ကြသည်။ အလိုအလျောက် ကျိုးသည့်သဘော၊ ပွင့်သည့် သဘောကိုဆိုလိုသည်။ ဒုတိယအက္ခရာဖြင့် စာလုံးပေါင်းသော **ချိုး၊ ခွဲ၊ ချွတ်** နှင့် **ဖောက်၊ ဖွင့်၊ ဖြို**တို့သည် **ဖြစ်စေလိုသော** ရည်ရွယ်ချက်ဖြင့် တမင်ပြုလုပ်သည်ကိုပြသည့် ကာရိုက်ကြိယာများဖြစ်ကြသည်။ ကျိုးအောင် ချိုးသည့် သဘော၊ ပေါက်အောင် ဖောက်သည့်သဘောဖြစ်သည်။ ထို့ပြင် **လန်-လှန်၊ လွဲ-လွှဲ၊ လွတ်-လွှတ်၊ နိမ့်-နှိမ့်၊ နပ်-နှပ်၊ နွေး-နွှေး**စသည့် ကြိယာအတွဲများတွင်လည်း ဟထိုးမပါသည့် **လန်၊ လွဲ၊ လွတ်၊** နှင့် **နိမ့်၊ နပ်၊ နွေး**တို့သည် သုဒ္ဓကြိယာများဖြစ်ကြ၍ ဟထိုးပါသည့် **လှန်၊ လွှဲ၊ လွှတ်၊** နှင့် **နှိမ့်၊ နှပ်၊ နွှေး**တို့သည် ကာရိုက်ကြိယာများဖြစ်ကြသည်။ သုဒ္ဓကြိယာနှင့် ကာရိုက်ကြိယာတို့၏ အနက်အဓိပ္ပာယ် မတူညီ၊ ကွဲပြားပုံကို သိရှိနားလည်မှသာ မိမိဆိုလိုသည့်အချက်ကို ရေးသားတင်ပြရာတွင်ဖြစ်စေ၊ သူတစ်ပါးရေးသည့်စာကို အနက်ကောက်ရာတွင်ဖြစ်စေ မှန်ကန်မည်ဖြစ်သဖြင့် သုဒ္ဓနှင့် ကာရိုက်ကြိယာတို့ကိုလည်း နားလည်၍ မှန်ကန်အောင် ရွေးချယ်အသုံးပြုတတ်ရန် လိုအပ်ပါသည်။

## အဓိပ္ပာယ် လေးနက်ပေါ်လွင်စေသော အထူးပြု စကားလုံးများ

တစ်စုံတစ်ခု၏ ထူးခြားချက်၊ ကွဲပြားခြားနားချက်ကိုပေါ်လွင်စေသော အထူးပြုစကားလုံးများတွင် အရောင်၊ အနံ့၊ အရသာ၊ ထိတွေ့ခံစားချက်၊ ပြောဆိုပြုမူပုံတို့၌ အနက်အဓိပ္ပာယ် တိုးစေသော စကားလုံးများနှင့် အနက်အဓိပ္ပာယ်လျော့စေသော စကားလုံးများရှိပါသည်။ **အနက်အဓိပ္ပာယ် တိုးစေသော စကားလုံးများမှာ -**

**နီ** - နီနီရဲရဲ၊ နီ**တွတ်တွတ်၊ နီတောက်တောက်**။

**ဖြူ** - ဖြူဖြူ**ဖွေးဖွေး**၊ ဖြူ**ဆွတ်ဆွတ်**။

**ညို** - ညိုပုပ်ပုပ်၊ ညို**မည်းမည်း**၊ ညို**မှိုင်းမှိုင်း**။

**စိမ်း** - စိမ်း**ပုပ်ပုပ်**၊ အစိမ်း**ပုပ်**၊ အစိမ်း**ရင့်**။

**ဝါ - ဝါတောက်တောက်**၊ ဝါ**ထိန်ထိန်**။

**ချို** - ချိုရဲ၊ ချိုရဲရဲ။

**ချဉ်** - ချဉ်**စူးစူး**၊ ချဉ်**စုတ်စုတ်**။ ဖန် - **ဖန်တွတ်တွတ်**။

**ခါး** - ခါး**တူး**၊ခါး**လန်**။ **အေး** - အေး**စိမ့်**၊ အေး**စက်စက်**။

**ငို - တအီအီ**ငို၊ **ရှိုက်ကြီးတငင်**ငို၊ **တရှုပ်ရှုပ်**ငို။

**ရယ် - တခစ်ခစ်**ရယ်၊ **တဟားဟား**ရယ်၊ **အူတက်မတတ်**ရယ်၊ **ခွက်ထိုးခွက်လန်**ရယ်။

**ပြော - တတွတ်တွတ်**ပြော၊ **တဖွဖွ**ပြော၊ **တဖျစ်တောက်တောက်**ပြော၊ **တရစပ်**ပြော၊ **ပွစိပွစိ**ပြော စသည်ဖြင့် မူလအနက်အဓိပ္ပာယ်ကို တိုးစေသော စကားလုံးများကို သုံးနှုန်းကြသည်။

**အနက်အဓိပ္ပာယ်လျော့စေသော စကားလုံးများမှာ -**

**နီ - နီ**တီတီ၊ နီ**ကြင့်ကြင့်**၊ နီ**ကြန့်ကြန့်**။ **ပြာ** - ပြာ**တာတာ**၊ ပြာ**လဲ့လဲ့**။

ဖြူ - ဖြူ**တူတူ**၊ ဖြူ**လွလွ**။ **စိမ်း - စိမ်းတိမ်းတိမ်း**၊ စိမ်း**ဖန့်ဖန့်**။

**ဝါ** - ဝါ**တာတာ**၊ ဝါ**ဖန့်ဖန့်**။ **မှိုင်း-မှိုင်းတိုင်းတိုင်း**၊ မှိုင်း**ပျပျ**။ **ညို** - ညို**စို့စို့**။

**ပုပ်** - ပုပ်**အဲ့အဲ့**။ **သင်း** - သင်း**ပျံ့ပျံ့**။ **ဟောင်** - ဟောင်**စပ်စပ်**။

**ချို** - ချို**မြမြ**။ **ချဉ်** - ချဉ်**ဖျိုးဖျိုး**။ **ခါး** - ခါး**သက်သက်**။

**စပ်** - စပ်**ရှိန်းရှိန်း**။ **ပူ** - ပူ**စပ်စပ်**။ **အေး** - အေး**စိမ့်စိမ့်**။

**စို** - စို**ထိုင်းထိုင်း**။ **ပွ** - ပွ**ယောင်းယောင်း**။

စသည်ဖြင့် မူလအနက်အဓိပ္ပာယ်ကို လျော့သွားစေသော အထူးပြုစကားလုံးများကို တွဲစပ် အသုံးပြုနိုင်သည်။

**နေရာကိုလိုက်၍ ဆီလျော်အောင်သုံးသော စကားလုံးများ**

မြန်မာဘာသာစကားတွင် နေရာကိုလိုက်၍ ဝေါဟာရအသုံးအနှုန်းများ ကွဲပြားပါသည်။ **ပြောဆိုမှုတွင်** အမိန့် - ချသည်။ တရား - ဟောသည်။ မိန့်ခွန်း - ပြောသည်။ **သီဆိုမှုတွင်** သီချင်း - ဆို၊ ညည်းသည်။ လင်္ကာ၊ ကဗျာ - ရွတ်သည်။ သံချပ် - ထိုးသည်။ **တီးမှုတ်မှုတွင်** တယော - ထိုးသည်။ စောင်း၊ ဂီတာ၊ ဆိုင်း - တီးသည်။ နှဲ၊ ပလွေ - မှုတ်သည်။ **ရေးသားမှုတွင်**

စာ၊ သီချင်း - စပ်သည်။ ကဗျာ - ဖွဲ့သည်။ ဝတ္ထု၊ ပြဇာတ် - ရေးသည်။ **အော်သံတွင်** ခွေး - ဟောင်၊ အူသည်။ ကြက် - တွန်သည်။ ကျီး - သာ၊ အာသည်၊ **တိုက်ခိုက်မှုတွင်** စစ် ၊ ဆင် - တိုက်သည်။ ကျွဲ - ခတ်သည်။ နွား - ဝှေ့သည်၊ **ဝတ်ဆင်မှုတွင်** ပုဆိုး - ဝတ်သည်။ ဦးထုပ် - ဆောင်းသည်။ ခါးပတ် - ပတ်သည်စသည်ဖြင့် ဆီလျော်အောင် သုံးစွဲရပုံကို ခွဲခြား၍ သိထားသင့်ပါသည်။

## အချိန်ကာလအလိုက် ရည်ညွှန်းသုံးစွဲသော စကားလုံးများ

အချိန်ကာလနှင့် ပတ်သက်၍ **နံနက်ပိုင်း**ကို ရောင်နီပေါ်ချိန်၊ အရုဏ်တက်ချိန်၊ ဝေလီဝေလင်း၊ နေထွက်တပြူ၊ နေထန်းတဖျားဟုလည်းကောင်း၊ **မွန်းတည့်ပိုင်း**ကို မွန်းတည့်၊ မွန်းတိမ်း၊ မွန်းလွဲဟု လည်းကောင်း၊ **ညနေပိုင်း**ကို နေညိုချိန်၊ နေဝင်ဆည်းဆာ၊ နေဝင်ရိုးရီ၊ နေဝင်မိုးချုပ် ဟု လည်းကောင်း၊ **ညပိုင်း**ကို ညချမ်း၊ သူငယ်အိပ်ချိန်၊ သက်ကြီးခေါင်းချ၊ လုလင်ပြန်ချိန်ဟု လည်းကောင်း **ညဥ့်နက်ပိုင်း**ကို ညဥ့်နက်သန်းခေါင်၊ သန်းခေါင်ယံ၊ သန်းခေါင်သန်းလွဲဟု ခေါ်ဆိုပုံများနှင့် နာရီပိုင်းခြား သတ်မှတ်ပုံများကိုလည်း သိရှိထားသင့်ပါသည်။

### စကားပုံများ[၂၇]

မြန်မာတိုင်းရင်းသားတို့တွင် မိမိတို့လူမျိုးအလိုက် သုံးစွဲခဲ့သော စကားပုံများ၊ ဆိုရိုးစကားများ၊ ဆောင်ပုဒ်များ အလွန်ကြွယ်ဝလှပါသည်။ မိမိဆိုလိုသည့် အကြောင်းအရာကို ပိုမိုထင်ရှားစေရန် စကားပုံများ၊ ဆိုရိုးစကားများဖြင့် ထည့်သွင်းပြောကြား ရေးသားခြင်းသည် လိုရင်းတိုရှင်း ဖြစ်၍ ကျစ်လျစ်ထိမိပြီး ဆွဲဆောင်မှုရှိသည်။ ချီးကျူးဂုဏ်ယူစရာ၊ ညည်းညူပြစ်တင်စရာ၊ ခိုင်းနှိုင်းပြောဆိုစရာ၊ သတိပေးစရာ စသည်တို့ကို စကားပုံများဖြင့် တင်စားပြောဆိုသောအခါ ဆိုလိုချက် ပေါ်လွင်ထင်ရှားသဖြင့် နားလည်လွယ်သည့် အကျိုးထူးများရရှိနိုင်သည်။ ဆင်နှင့် ပတ်သက်သည့် စကားပုံများကို အကြောင်းကိစ္စအမျိုးမျိုးတွင် အရာဌာနနှင့် လျော်ညီစွာ အသုံးချပြောဆိုပုံကို တွေ့ရှိရသည်။ မိဘတို့က သားသမီးများ ချမ်းသာကြီးပွားသည်ကို တွေ့မြင်လိုပုံကို **ဆင်စီးပြီး မြင်းရံတာ** တွေ့လိုသည်။ ဆင်းရဲဒုက္ခရောက်သည်ကို မတွေ့မြင်ချင်ပုံကို **ဆင်နင်းပြီး မြင်းကန်တာ** မတွေ့လို။ တစ်စုံတစ်ယောက်ကို အမှီပြုပြီး အခြားသူက အခွင့်အရေး ရရှိသည်ကို **ဆင်ဖြူတော်မှီ ကြံစုပ်**သည်စသည်ဖြင့် ခိုင်းနှိုင်းပြောဆိုလေ့ရှိသကဲ့သို့ အခြား အကြောင်းကိစ္စ အမျိုးမျိုးအတွက်လည်း **ဆင်နှင့် ဆိတ်လောက် ကွာ**တယ်။ **ဆင်ပိန် ကျွဲလောက်၊ ဆင်စွယ်မှန် ပိုးမစား၊ ဆင်ကောင်ကြီး အမြီးကျမှတစ်၊ ဆင်ကျီစားရာ ဆိတ်မခံသာ၊ ဆင်ချည်တဲ့ကြိုး ကြက်ချည်၊ ကြက်ချည်တဲ့ကြိုး ဆင်ချည်၊ ဆင်ဝှေ့ရန်ရှောင်၊ ဆင်ကန်းတောတိုး၊ ဆင်ဖိုးထက် ချွန်းဖိုးကြီး၊ ဆင်သေကို ဆိတ်သားရေနှင့်ဖုံး၊ ဆင့်ပါးစပ် နှမ်းပက်၊**

---

[၂၇] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ကျောင်းသုံးစာအုပ်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

**ဆင့်ခံတွင်း နှမ်းပက်၊ ဆင့်ခေါင်း ခွေးမချီနိုင်** စသည်ဖြင့် အရာဌာန အကြောင်းကိစ္စအလိုက် ဆီလျော်ရာ စကားပုံကို ရွေးချယ်အသုံးပြုလေ့ရှိသည်။ ဤကဲ့သို့ ဆင်ကိုဦးတည်၍ စကားပုံများစွာ ရှိသကဲ့သို့ ကျား၊ ငါး စသည်ဖြင့် ဦးတည်ရာတစ်ခုကို မူတည်၍ ရည်ညွှန်းပြောဆိုသုံးစွဲနေသည့် အခြားစကားပုံများကိုလည်း ရှာဖွေမှတ်သားသင့်သည်။ ၎င်းတို့ကို စကားပုံသက်သက်မျှ မဟုတ်ဘဲ နောက်ခံအကြောင်းအရာများကိုပါ တွဲဖက်၍လေ့လာသင့်ပေသည်။

## မွေးစားစကားလုံးများ

**"မွေးစားစကားလုံး ဆိုသည်မှာ ဘာသာစကားတစ်မျိုးထဲသို့ ရောက်ရှိလာသော ဘာသာခြားစကားလုံးမျိုးကို ဆိုလိုပါသည်**။ လူမျိုးချင်း၊ ယဉ်ကျေးမှုချင်း၊ ဘာသာ စကားချင်း ကူးလူးဆက်သွယ်ရာမှ ဘာသာခြားစကားလုံးများသည် အခြားဘာသာစကားတစ်မျိုးထဲသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။ မွေးစားစကားလုံးအချို့ကို ဖော်ပြရလျှင် 'သစ္စာ၊ မေတ္တာ၊ ကရုဏာ' တို့သည် **ပါဠိ**မွေးစားစကားလုံး၊ 'ဆရာ၊ အမတ်၊ စကြံ'တို့သည် **သက္ကတ** မွေးစားစကားလုံး၊ 'ကတော်၊ ဇရပ်၊ စလောင်း'တို့သည် **မွန်** မွေးစားစကားလုံး၊ 'ကောက်ညှင်း၊ ခေါက်ဆွဲ၊ ခေါပုပ်' တို့သည် **ရှမ်း** မွေးစားစကားလုံး၊ 'တီဗီ၊ ကင်မရာ၊ အဲယားကွန်း'တို့သည် **အင်္ဂလိပ်** မွေးစားစကားလုံး၊ 'ကော်ပြန့်၊ မြူစွမ်၊ ဖဲ'တို့သည် **တရုတ်** မွေးစားစကားလုံး၊ 'ဆန္ဒင်းမကင်း၊ (မုန့်)လက်ဆောင်း'တို့သည် **ထိုင်း** မွေးစား စကားလုံး၊ 'ဂိုဒေါင်၊ ဒူးရင်း၊ ပန်းကန်'တို့သည် **ပသျှူး** မွေးစားစကားလုံး၊ 'လုံချည်'သည် **ပါရှင်** မွေးစားစကားလုံး၊ 'ပန်ကာ'သည် **ဘင်္ဂါလီ** မွေးစားစကားလုံးတို့ ဖြစ်ကြသည်။"[၂၈] မွေးစားစကားလုံးများနှင့် ဆင်းသက်လာသည့် ဘာသာစကားကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

## ပေါရာဏစကားများ

**"**မြန်မာစာပေတွင် ပေါရာဏစကားခေါ် ရှေးစကားများသည် ကဏ္ဍတစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။ ရှေးက ရေးဖွဲ့ခဲ့သော ပျို့ကဗျာလင်္ကာများတွင် အသုံးများသော စကားများ ဖြစ်ပါသည်။ **အနက်အဓိပ္ပာယ် အသိခက်သော စကားများလည်းဖြစ်သည်။** ထိုစကားများကို **ပေါရာဏ**ဟု အများခေါ်ကြသည်။ **'သူဟောင်းစကား၊ ရှေးစကား'** ဟုလည်း ရည်ညွှန်းလေ့ ရှိသည်။**"**[၂၉] ထိုစကားတို့ကို ယခုခေတ် ပြောရာ ရေးရာတွင် နေ့စဉ်သုံးစကားများအဖြစ် မသုံးတော့သော **စာပေသုံးစကားများ** ဖြစ်သည်။ ပေါရာဏစကားအချို့ကို ဖော်ပြရလျှင် မြလူ (လူစိမ်းသူစိမ်း)၊ မောင်နှံ (လင်မယား)၊ လက်မွန် (ရှေးဦးစကား)၊ မြစ်အောက် (မြောက်အရပ်)၊

---

[၂၈] ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၉၀)။ *မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာ*။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

[၂၉] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယအကြိမ်)။ ရန်ကုန်၊ ဖွန်ပွင့်စာအုပ်တိုက်။

မျောက်မျည်း (အိပ်ငိုက်သည်) စသည့် စာပေသုံးစကားတို့ဖြစ်ပါသည်။ **ပေါရာဏစကားများသည် မြန်မာစာလေ့လာရာတွင် ဆိုလိုသည့်အနက်အဓိပ္ပာယ်ကို မှန်ကန်စွာကောက်ယူနိုင်မည်ဖြစ်သည့်အတွက် မသိမဖြစ် သိအပ်၊ လေ့လာအပ်သည့် စကားလုံးများဖြစ်ပါသည်။**

မြန်မာဝေါဟာရ ကြွယ်ဝလိုလျှင် သုတပဒေသာ ဘဏ်တိုက်ဖြစ်သည့် မြန်မာ အဘိဓာန်များကို ကြည့်ရှုလေ့လာရန် လိုအပ်သည်။ အဘိဓာန်စကားလုံးများတွင် မွေးစားစကားလုံးများ၊ အသံလှယ်စကားလုံးများ၊ အခြားဘာသာစကားမှ ဆင်းသက်လာသော စကားလုံးများ၊ ပေါရာဏ၊ ဝေါဟာရစကားလုံးများ၊ ပညာရပ်ဆိုင်ရာ စကားလုံးများပါရှိပြီး မြန်မာအဘိဓာန်စာအုပ်များကို ကြည့်ရှုလေ့လာမှသာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို ကောင်းစွာနားလည်သိရှိနိုင်မည်ဖြစ်သောကြောင့် ဆရာတိုင်း၊ စာပေလေ့လာသူတိုင်း အဘိဓာန်စာအုပ်များကို လက်ကိုင်ထား လေ့လာသင့်ပေသည်။

မြန်မာစာ၊ မြန်မာစကားနှင့်ပတ်သက်၍ ဝေါဟာရကြွယ်ဝမှုသည် အထူးအရေးပါလှသည်။ ဝေါဟာရကြွယ်ဝမှသာလျှင် အနက်အဓိပ္ပာယ်ပြည့်စုံသော၊ ဆွဲဆောင်မှုရှိသော၊ ထိရောက်မှုရှိသော စာနှင့်စကားတို့ကို ရေးသားပြောဆိုနိုင်မည်ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် အနက်တူ၊ အနက်နီးစပ်၊ အနက်ဆန့်ကျင်၊ သံတူကြောင်းကွဲ၊ သုဒ္ဓကာရိုက်စသည့် ဝေါဟာရစကားလုံးများကို သိရှိထားရန် လိုအပ်သကဲ့သို့ စကားပုံနှင့် ဆိုရိုးစကားများ၊ မွေးစားစကားလုံးများ၊ ပေါရာဏစကားများကိုလည်း သိရှိနားလည်ထားရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ မြန်မာဘာသာစကား၏ ဝေါဟာရကြွယ်ပုံကို နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ “မြန်မာဘာသာစကား၏ ဝေါဟာရကြွယ်ဝမှု” အကြောင်းကို ဆရာကဦးဆောင်ပြီး ဟောပြောပို့ချခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးရန်ဖြစ်သည်။ ဆရာက အခါအားလျော်စွာ မေးခွန်းများမေးခြင်း၊ အဓိကကျသည့် အချက်များကို သင်ပုန်းပေါ်တွင် ရေးပြခြင်း၊ စာရွက်ကပ်ပြခြင်းတို့ ပြုလုပ်ခြင်းဖြင့် ကျောင်းသားများအား လုပ်ငန်း (၂) သင်ယူရန် အစပျိုးခြင်းလည်းဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ဝေါဟာရစကားလုံး ကွဲယ်ဝခြင်းအကြောင်းကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာ၏ အဓိကအပိုင်းဖြစ်သည့် အမျိုးမျိုး ကွဲပြားသည့် ဝေါဟာရစကားလုံး (၁၀) မျိုးကို ကျောင်းသားများ ပိုမိုနားလည်သဘောပေါက် စေရေးအတွက် ဖြတ်ဆက်လုပ်ငန်းဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။ ထိုလုပ်ငန်းအတွက် ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသည့် ဝေါဟာရစကားလုံးများ (အမျိုးအစား ၁၀ မျိုး)ကို တစ်ဦးချင်း အသေးစိတ်ဖတ်ရှုလေ့လာခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ အုပ်စုကြီးအတွင်း မျှဝေတင်ပြခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ပါသည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ “စကားသံပြောင်းလဲမှု” ဟူသည်မှာ အဘယ်နည်း။

၂။ မြန်မာဘာသာစကား၏ ဝေါဟာရကြွယ်ဝပုံကို သာဓကဖြင့် ရှင်းပြပါ။

# ၃.၃။ မြန်မာစာ အရေးအသားစနစ်

မြန်မာစာ အရေးအသားစနစ်တွင် စာလုံးပေါင်း သတ်ပုံမှားယွင်းလျှင် အနက်အဓိပ္ပာယ် ပြောင်းသွားသဖြင့် မိမိရည်ညွှန်းဖော်ပြလိုသည့် အကြောင်းအရာကို မှန်ကန်စွာဖော်ပြနိုင်မည် မဟုတ်ပါ။ စာလုံးပေါင်းသတ်ပုံမှန်ကန်မှသာလျှင် မိမိဆိုလိုသည့်အချက်၊ သတင်းပေးလိုသည့် အကြောင်းအရာသည် စာဖတ်သူထံ မှန်ကန်ထိရောက်စွာ ရောက်ရှိသွားမည်ဖြစ်သည်။ စာလုံးပေါင်းသတ်ပုံသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍ၌ ရပ်တည်လျက်ရှိပါသည်။ ဤအပိုင်းတွင် မြန်မာစာအရေးအသားစနစ်၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည့် စာလုံးပေါင်းသတ်ပုံ အကြောင်းကို ဆွေးနွေးထားပါသည်။

## ၃.၃.၁ | စာလုံးပေါင်းသတ်ပုံ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မြန်မာဘာသာစကားတွင် စာလုံးပေါင်းသတ်ပုံ အရေးကြီးပုံကို ဆွေးနွေးတတ်မည်။

စာလုံးပေါင်းသတ်ပုံနှင့် ပတ်သက်၍ 'စာလုံးပေါင်း၊ ရေးထုံး၊ သတ်ပုံ၊ သတ်ညွှန်း၊ သတ်အင်း' ဟူသော ဝေါဟာရများရှိပါသည်။ ထိုဝေါဟာရတို့သည် စာလုံးပေါင်းသတ်ပုံကိုပင် ရည်ညွှန်းသော အခေါ်အဝေါ်များ ဖြစ်ကြပါသည်။

**စာလုံးပေါင်း၊ ရေးထုံး**[၁၀]

စာလုံးပေါင်းဟု ခေါ်ခြင်းမှာ အပင့်၊ အရစ်၊ အသတ် စသည်တို့ဖြင့် စာလုံးဖြစ်အောင် ပေါင်းစပ်ရသည့် အတွက် 'စာလုံးပေါင်း' ဟု ခေါ်ခြင်းဖြစ်သည်။ မြန်မာစာရေးရာတွင် ဝဏ္ဏခေါ် အသံ တစ်သံစီအတွက် စာလုံးတစ်လုံးစီ ရေးရသည်။ 'လူ' ဟူသောဝဏ္ဏ(အသံ) တစ်သံရအောင် 'လ' နှင့် 'ူ' (နှစ်ချောင်းငင်) ဆိုသော အစိတ်အပိုင်း နှစ်ခုပေါင်းပြီး 'လရေနှစ်ချောင်းငင်လူ' ဟု

[၁၀] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယအကြိမ်)။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

ရေးရသည်။ ထိုသို့ ဝဏ္ဏ တစ်ခုစီရအောင် စာလုံးများ၊ အစိတ်အပိုင်းများ ပေါင်းစပ်ရေးရသည့်အတွက် '**စာလုံးပေါင်း**' ဟု ခေါ်ခြင်းဖြစ်ပါသည်။ စာလုံးပေါင်းသတ်ပုံသည် မြန်မာစာ ရေးထုံးရေးနည်း ဖြစ်သည့်အပြင် အစဉ်အဆက်ရေးခဲ့သော ထုံးတမ်းစဉ်လာအတိုင်း ရေးရခြင်းဖြစ်သောကြောင့် '**ရေးထုံး**' ဟုလည်းခေါ်သည်။

## သတ်ပုံ၊ သတ်ညွှန်း၊ သတ်အင်း၊ စာလုံးပေါင်း သတ်ပုံ[၃၁]

စာလုံးပေါင်းပုံများတွင် 'က သတ်၊ င သတ်၊ စ သတ်၊ ည သတ်' စသည့် အသတ်များကို မည်သို့မည်ပုံသတ်ရကြောင်း ဖော်ပြသည့်အတွက် 'သတ်ပုံ' ဟုခေါ်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် အသံတူပြီး အသတ်ကွဲသော စာလုံးများကို ဖော်ညွှန်းရာတွင် 'အပြင်သို့ထုတ်သည်ကို **တ သတ်**နဲ့ ထုတ်ရသည်၊ အထဲတွင် ထုပ်ထားသည်ကို **ပ သတ်**နဲ့ ထုပ်ရသည်' ဟု အသတ်စာလုံးချင်း ခွဲခြားပြလေ့ရှိသည်။ ဗျည်းနှင့် တွဲနေသော သရသံကို သတ်ထားသည့် သတ်ပုံသတ်နည်းကို ဖော်ပြသည့်အတွက် **'သတ်ပုံ'** ဟု ခေါ်ခြင်းဖြစ်သည်။ 'သတ်ပုံကျမ်း'၊ 'စာလုံးပေါင်းသတ်ပုံကျမ်း'၊ 'ရေးထုံးကျမ်း' ဟု အမျိုးမျိုးခေါ်ပါသည်။ မြန်မာစာအဖွဲ့က ပြုစုထားသော ကျမ်းကို **'မြန်မာ စာလုံးပေါင်းသတ်ပုံကျမ်း'** ဟု အမည်ပေးထားပါသည်။ အသတ်ရေးထုံးကို မည်သည့် ကဗျာတွင် မည်သို့ ရေးစပ်သည်ဟူ၍ ကျမ်းညွှန်းဖြင့် ဖော်ပြသော ကျမ်းကို **'သတ်ညွှန်း'** ဟု ခေါ်ပါသည်။ သတ်ပုံကို ဇယားအင်းစောက်ဖြင့် ဖော်ပြသောကျမ်းကို **'သတ်အင်း'** ဟု ခွဲခြားခေါ်သည်။ ယေဘုယျအားဖြင့် အားလုံးခြုံငုံပါသော် **'စာလုံးပေါင်းသတ်ပုံ'** ဟု ခေါ်လေ့ရှိသည်။

## စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးအတွက် ဆောင်ရွက်ချက်များ[၃၂]

မြန်မာစာပေသမိုင်း တစ်လျှောက်တွင် သတ်ပုံသတ်ညွှန်းကျမ်းများ များစွာပေါ်ပေါက်ခဲ့သည်။ မြန်မာစာအရေးအသား စတင်ပေါ်ပေါက်သော ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ် ပဒုံမင်းလက်ထက်အထိ အက္ခရာပဗေဒသတ်ပုံ၊ သဗ္ဗဉ ဏ်ချီသတ်ပုံနှင့် ဝဏ္ဏဗောဓန သတ်အင်းတို့ကို အစဉ်အဆက် လိုက်နာကြရကြောင်း ပဒုံမင်း (ဘိုးတော်ဘုရား) ထုတ်ပြန်သော အမိန့်အရ သိရသည်။ **မြန်မာစာအရေးအသား စနစ်ကျရေးနှင့် စာလုံးပေါင်း သတ်ပုံမှန်ကန်ရေး အတွက် မင်းအဆက်ဆက် အမိန့်တော်များ ထုတ်ပြန်ကာ ပြဋ္ဌာန်းခဲ့သည့်အပြင် မင်းနှင့် ပြည်သူပြည်သားများ တညီတညွတ်တည်း အစဉ်အဆက် အလေးထားလိုက်နာ ဆောင်ရွက်ခဲ့သည်**မှာ လေးစားအတုယူဖွယ် ဖြစ်သည်။ "ပုဂံ၊ ပင်းယ၊ အင်းဝ ကျောက်စာများတွင် အပင့်၊ အရစ်၊ အသတ်၊ အလတ် ဟုခေါ်သည့် စာလုံးပေါင်းများ မှားခဲ့ကြောင်း၊

[၃၁] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၆)။ *မြန်မာစကားအကြောင်း တစေ့တစောင်း*။ ရန်ကုန်၊ ခိုင်ရဝေပုံနှိပ်တိုက်။

[၃၂] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယအကြိမ်)။ ရန်ကုန်၊ ဗွန်ပွင့်စာအုပ်တိုက်။

တိမ်းယိမ်းခဲကြောင်း၊ယပင့်နှင့်ရရစ်၊တ-သတ်နှင့်ပ-သတ်၊န-သတ်နှင့်မ-သတ်(သေးသေးတင်)၊ လုံးကြီးတင်ဆန်ခတ်နှင့် ည-သတ် စသည်ဖြင့် အသံတူအရေးကွဲတို့ကို မှားရေးလေ့ မရှိကြောင်း ပညာရှင်တို့ ဆိုကြသည်။ **ထိုခေတ်က မြန်မာတို့သည် ယပင့်နှင့်ရရစ်သံများနှင့် အသတ်သံများကို ကွဲကွဲပြားပြား ပီပီသသ ရွတ်ဆိုခဲ့ကြသည့်အတွက် စာရေးရာတွင် သတ်ပုံမမှားခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။** ထိုသို့ စာလုံးပေါင်းသတ်ပုံ မှားလေ့မရှိခြင်းမှာ ပုဂံခေတ်က စာလုံးပေါင်းသတ်ပုံကျမ်း ခိုင်ခိုင်မာမာရှိနေသောကြောင့်လည်း ဖြစ်နိုင်ဖွယ်ရှိသည်။" ဟု ဆရာမောင်ခင်မင် (ဓနုဖြူ) က ဆွေးနွေးထားပါသည်။ လွယ်လွယ်ကူကူနှင့် ရွတ်ဖတ်မှတ်သားနိုင်သည့် သတ်ပုံသံပေါက်များ ပြုစုခဲ့ကြပြီး **ထိုသတ်ပုံအတိုင်း ဂရုတစိုက် အလေးထား လိုက်နာခဲ့ကြသဖြင့် သတ်ပုံရေးထုံး မှန်ကန်ခဲ့ရုံသာမက မြန်မာစာ၊ မြန်မာစကားသည် အရှည်ကြာတည်တံ့ပြီး စနစ်တကျရှိခဲ့သည်။**

ပါဠိပါရဂူ ဆရာကြီး ဦးအောင်မိုးက **"အရေး၏ ဒုတိယအခြေခံအချက်မှာ သတ်ပုံရေးထုံးဖြစ်သည်။** အသတ် အလတ်များသည် သတ်ပုံနှင့်ဆိုင်သော စကားလုံးများ ဖြစ်ကြသည်။ ပင့်ရစ်များသည် ရေးထုံးနှင့်ဆိုင်သော စကားလုံးများ ဖြစ်ကြသည်ဟု ဆိုလိုသည်။ **စကားပြေတစ်ခုခုသည် သဒ္ဒါနည်းအရ မှန်ကန်နေစေကာမူ သတ်ပုံရေးထုံးအားဖြင့် မမှန်လျှင် နှစ်သက်ဖွယ် မရှိချေ။ သတ်ပုံရေးထုံး စကားလုံးများသည် စင်စစ်အားဖြင့် ဝါကျ၏ ကိုယ်ထည်များ ဖြစ်ကြသည်။"**[၃၃] ဟု ဆိုထားပါသည်။ **"မြန်မာစာတော်ဖို့အတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ စာလုံးပေါင်းသတ်ပုံ မှန်မှန်ရေးတတ်ဖို့ ဖြစ်သည်။** စာလုံးပေါင်းသတ်ပုံမှန်ဖို့ အလွယ်ဆုံး လေ့လာနိုင်သည့် နည်းရှိပါသည်။ ကျောင်းသား လူငယ်များဖတ်ဖို့ ပြဋ္ဌာန်းထားသော မြန်မာစာ စာအုပ်များမှ စာလုံးပေါင်းသတ်ပုံများကို ဂရုပြုမှတ်ထားရန် ဖြစ်ပါသည်။ ထိုစာအုပ်များတွင် ရိုက်နှိပ်ထားသောစာများသည် စာလုံးပေါင်းသတ်ပုံမှန်အောင် ရိုက်နှိပ်ထားခြင်းဖြစ်သည့် အတွက် ထိုစာလုံးပေါင်းအတိုင်း လိုက်ရေးလျှင် မှားစရာအကြောင်း မရှိပါ။"[၃၄] ဟု လည်းကောင်း၊ **"စာရေးရာတွင် အဓိပ္ပာယ်ကောင်းရုံ၊ အစပ်အဟပ်တည့်ရုံ၊ ဝါကျလှရုံ၊ လက်ရေးလက်သားကောင်းရုံနှင့် စာကောင်းဟုမဆိုနိုင်ပါ။ သတ်ပုံဖြင့်လည်း တိုင်းထွာအကဲခတ်နိုင်ပါသည်။ စာ၏အတိုအရှည်၊ အတိမ်အနက်ကို ထိုစာ၏ အရေးအသား သတ်ပုံကို မြင်ရုံနှင့် သိနိုင်သည်။ သတ်ပုံသည် မြန်မာစာပေကို တိုင်းထွာရာ၌ အသုံးပြုသည့် အရေးထားရမည့် စံပေတံ တစ်ချောင်း ဖြစ်ပါသည်။** သတ်ပုံမှားလျှင် ဆိုလိုသည့် အနက်အဓိပ္ပာယ် မရောက်တော့ဘဲ ပျက်သွားသောကြောင့် **စာလုံးပေါင်းသတ်ပုံ မှန်ကန်မှုသည် စာပေအဖွဲ့တို့၏ အချုပ်ဟုပင် ဆိုချင်ပါသည်။"**[၃၅] ဟု လည်းကောင်း ဖော်ပြထားသည်မှာ လိုက်နာမှတ်သားဖွယ်ဖြစ်သည်။

---

[၃၃] ဦးအောင်မိုး၊ ပါဠိပါရဂူ။ (၁၉၆၇)။ *ရသဂုဏ်ဆောင်းပါးများ* ။ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်။

[၃၄] ဒေါက်တာလှဘေနှင့်အများ။ (၂၀၁၂)။ *စည်းနဲ့ကမ်းနဲ့ မြန်မာစာ* ။ ရန်ကုန်၊ ရွှေပြည်ဟိန်းပုံနှိပ်တိုက်။

[၃၅] ယင်း။ လှဘေ၊ ဒေါက်တာနှင့်အများ။ (၂၀၁၂)။

## စာလုံးပေါင်းသတ်ပုံမှားရသည့် အကြောင်းရင်း[၂၆]

**‘စာလုံးပေါင်းသတ်ပုံ မှန်ကန်ခြင်း’ သည် စာရေးရာတွင် မရှိမဖြစ်လိုအပ်သော အခြေခံလိုအပ်ချက် ဖြစ်ပါသည်။** စာလုံးပေါင်းသတ်ပုံမှားရခြင်း အကြောင်းရင်းမှာ **အသံတစ်သံကို စာလုံးပေါင်း တစ်မျိုးမက နှစ်မျိုး၊ သုံးမျိုး စသည်ဖြင့် ကွဲပြားနေခြင်းကြောင့် မှားခြင်းဖြစ်ပါသည်။** သို့သော် ထိုစာလုံးပေါင်းများမှာ အနက်အဓိပ္ပာယ်အရ မည်သည့်အဓိပ္ပာယ်ကို မည်သို့စာလုံးပေါင်းမည်ဟု သတ်မှတ်ပြီးသားဖြစ်ပါသည်။ **အဓိပ္ပာယ်ကွဲသော်လည်း စာလုံးတို့သည် အသံချင်းတူနေရာ ထိုအဓိပ္ပာယ်အတွက် သတ်မှတ်ထားသော စာလုံးကို မှန်အောင် မရွေးနိုင်ခြင်းကြောင့် မှားခြင်းဖြစ်သည်။** သာဓကအားဖြင့် **/ ကျင် /** ဟူသော အသံအတွက် **ကျင်၊ ကြင်၊ ကျဉ်၊ ကြဉ်** ဟူသော အသံတူစာလုံး လေးလုံးရှိရာ ထိုစာလုံးများသည် အဓိပ္ပာယ်တစ်ခုနှင့်တစ်ခု မတူ၊ ကွဲပြားပါသည်။ ‘ကျင် = နာ**ကျင်၊** ကြင် = **ကြင်**နာ၊ ကျဉ် = ထုံ**ကျဉ်၊** ကြဉ် = ရှောင်**ကြဉ်’** ဟု သူ့အဓိပ္ပာယ်နှင့်သူ ရှိပါသည်။ သို့သော် လေးလုံးစလုံး **/ကျင်/** ဟုပင် အသံထွက်သည့်အတွက် မှားသုံးမိတတ်ခြင်း ဖြစ်ပါသည်။ **မြန်မာစာတွင် စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးသည် အရေးကြီးသော အကြောင်းတစ်ရပ်ဖြစ်သည်။ စာရေးရာတွင် အသံတူပြီး အရေးကွဲသော စာလုံးများကို အဓိပ္ပာယ်ခွဲခြားသိပြီး သတ်ပုံမှန်မှန်ရေးဖို့ လိုအပ်ပါသည်။**

## မှားတတ်သော စာလုံးပေါင်းသတ်ပုံများ[၂၇]

**မြန်မာစာရေးသားရာတွင် အနိမ့်ဆုံး လိုအပ်ချက်တစ်ရပ်မှာ စာလုံးပေါင်းသတ်ပုံ မှန်အောင်ရေးနိုင်ခြင်း ဖြစ်သည်။** ယပင့်နှင့် ရရစ်၊ တ သတ်နှင့် ပ သတ်၊ န သတ်နှင့် မ သတ် (သေးသေးတင်)၊ င သတ် နှင့် ဉ သတ်(ဉ်)၊ လုံးကြီးတင်ဆန်ခတ် နှင့် ည သတ် စသည်ဖြင့် အသံတူအရေးကွဲများကို ရေးရာတွင် မည်သည့်စာလုံးကို မည်ကဲ့သို့ စာလုံးပေါင်းရမည်ဟူ၍ မှန်မှန်ကန်ကန် သိရန်လိုပါသည်။

**“ယပင့် နှင့် ရရစ်** - စာလုံးတစ်လုံးကို ယပင့်နှင့်ရေးလျှင်ဖြစ်စေ၊ ရရစ်နှင့်ရေးလျှင်ဖြစ်စေ အသံထွက် အတူတူ ဖြစ်သည်။ **‘/ကျား/ - /ကြား/’**။ ထိုအခါ မည်သည့်အဓိပ္ပာယ်ကို ဆိုလိုလျှင် ယပင့်ရမည်၊ မည်သည့်အဓိပ္ပာယ်ကို ဆိုလိုလျှင် ရရစ်ရမည် ဟူ၍ ကွဲကွဲပြားပြား မှတ်သားရန် လိုအပ်လာပါသည်။ မှတ်မိရန် အလွယ်ဆုံး မှတ်သားနည်းမှာ ယပင့်စာလုံးနှင့် ရရစ်စာလုံးကို ယှဉ်တွဲ၍ မှတ်သားခြင်း ဖြစ်ပါသည်။ **ကြင်** နှင့် **ကျင်** တွင် သနားကြင်နာသည်ကို ရရစ်ရမည်၊ နာကျင်သည်ကို ယပင့်ရမည် ဟု ယှဉ်တွဲမှတ်သားပုံမျိုး ဖြစ်ပါသည်။ **ကျူ**ပင် - မွေး**ကြူ**၊ **ကျူး**ကျော် - လွန်**ကြူး**၊ **ကျေ**ပျောက် - **ကြေ**မွ၊ **ကျိုး**ပဲ့ - **ကြိုး**စား၊ **ချောက်**ကမ်းပါး - **ခြောက်**

---

[၂၆] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၆)။ *မြန်မာစကားအကြောင်း တစေ့တစောင်း* ။ ရန်ကုန်၊ ခိုင်ရဝေပုံနှိပ်တိုက်။

[၂၇] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၀)။ *လူတိုင်းအတွက် အသုံးချမြန်မာစာ* ။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

စသည်ဖြင့် မှားတတ်သော စာလုံးများကို ယှဉ်တွဲမှတ်သားခြင်းမျိုး ဖြစ်ပါသည်။”[၃၈] ရှေးမြန်မာစာဆိုတို့သည် ပျို့၊ မော်ကွန်း၊ ချောင်းစသည့် ကဗျာများတွင် ယပင့် - ရရစ်ကို နှစ်ခု ခွဲခြားသိနိုင်ရန် ကာရန်ယူ၍ ရေးဖွဲ့ပြလေ့ရှိပါသည်။ ‘ပျားပိုးရှု**ခြ**၊ မီးမှာ**ချ**သို့’၊ ‘ကြာနေ**ပြက်**သို့၊ ပျောက်**ပျက်**လွယ်စွာ’ တို့ကဲ့သို့ **‘ယပင့် နှင့် ရရစ်’** ခွဲခြားပြထားသည့် အဖွဲ့မျိုးကို **ခွဲထား**ဟု ခေါ်ပါသည်။ ရှေးကဗျာစာဆိုတို့သည် ကဗျာထဲတွင် ခွဲထားများကို ထည့်သွင်းရေးဖွဲ့ခြင်းဖြင့် စာလုံးပေါင်းသတ်ပုံ မှန်ကန်အောင် ထိန်းသိမ်းပေးသည့်တာဝန်ကို တစ်ဖက်တစ်လမ်းက ထမ်းဆောင်ခြင်းဖြစ်ပါသည်။

**တ သတ် နှင့် ပ သတ်** - မှားတတ်သော စာလုံးပေါင်းသတ်ပုံ အတွဲတစ်ခုမှာ တ သတ် နှင့် ပ သတ် ဖြစ်ပါသည်။ အချို့က **‘ခတ်’** နှင့် **‘ခပ်’** ဟူသည့် အသံတူ စကားလုံးနှစ်လုံးသည် ဆန့်ကျင်ဘက်အနက်အဓိပ္ပာယ် ရှိသည်ဟု မှတ်ယူကြသည်။ တ သတ်သည် **အပြင်သို့ ထုတ်သည့်သဘော၊** ပ သတ်သည် **အတွင်းသို့ သွင်းသည့်သဘော** ဟု ဆိုကြပါသည်။ ‘ခြေဖြင့် **ခတ်**သည်၊ ဟင်းအိုးထဲသို့ ဆား**ခတ်**သည်’ ဟူသောအသုံးများတွင် **‘ခတ်’** သည် မိမိကိုယ်မှ အပြင်ဘက်သို့ ထုတ်ပစ်လိုက်သည့် သဘောဖြစ်ကြောင်း၊ ‘ဟင်းအိုးထဲမှ ဟင်းကို**ခပ်**ယူသည်၊ ရေထဲမှာ ကူး**ခပ်**သည်’ ဟူသော အသုံးများတွင် **‘ခပ်’** သည် မိမိကိုယ်ဘက်သို့ သွင်းယူခြင်း ဖြစ်ကြောင်း သာဓက ဆောင်ကြပါသည်။ ‘ခြင်းလုံး**ခတ်**၊ တိုက်**ခတ်**’ တို့ကို **‘တ သတ်’** ဖြင့် ‘ခတ်’ ဟု ရေးရပြီး၊ ဟင်း**ခပ်**ယူ၊ ရေ**ခပ်**တို့ကို **‘ပ သတ်’** ဖြင့် ‘ခပ်’ ဟု ရေးရသည်။

**န သတ် နှင့် မ သတ် (သေးသေးတင်) –** ‘ကျန်းမာ’ ကို ‘ကျမ္မာ’ ၊ ‘မိန်းမ’ ကို ‘မိမ္မ’ ဟု မှားရေးခြင်းသည် **န သတ်** နှင့် ရေးရမည်ကို **မ သတ်**ဖြင့် ရေးရမည်ထင်ပြီး မှားရေးခြင်း ဖြစ်သည်။ ‘အိပ်**ခန်း**နှင့် အ**ခမ်း**အနား’၊ ‘ပင်**ပန်း** နှင့် ကြိုး**ပမ်း**’၊ ‘စာ**တန်း**ထိုး နှင့် စာရွက်စာ**တမ်း**’၊ **‘ငန်း**ဖမ်း နှင့် ငေါက်**ငမ်း’** တို့ကို ခွဲခြားမှတ်သားနိုင်ပါသည်။ **‘ငံ**ပြာရည်**’** ကို အရသာ ငန်သော အရည်ဟု ယူဆပြီး ‘ငန်ပြာရည်’ဟု မှားရေးတတ်ပါသည်။ အရသာငန်သည်ကို န သတ်ဖြင့် ရေးသော်လည်း ‘ငံပြာရည်’ကို သေးသေးတင်ဖြင့် ရေးရပါသည်။ ငန်ခြင်းနှင့် မဆိုင်ပါ။ (အခြားဘာသာစကားမှ မွေးစားထားသော စကားလုံးဖြစ်ပါသည်။) ‘အဆံ (အမျှင်) နှင့် အဆန် (အစေ့အဆန်)’ လည်းကွဲပါသည်။ **‘ဆံပင်၊ ကြာဆံ’**တို့ကို **သေးသေးတင်**နှင့် ရေးသော်လည်း **‘ဆန်စေ့၊ ပြောင်းဆန်’**တို့ကို **န သတ်**ဖြင့် ရေးပါသည်။ ‘ခေတ်**ဆန်** နှင့် ဆက်**ဆံ’** လည်း ကွဲပါသည်။”[၃၉]

---

[၃၈] ခင်မင်၊ မောင် (ဓနုဖြူ)။(၂၀၁၃)။ *ယော်ပေါင်းကြီးဖော် မြန်မာစာနှင့် အရေးအသား ပြဿနာများ* ။ ရန်ကုန်၊ ကောင်းသန့်ပုံနှိပ်တိုက်။

[၃၉] ခင်မင်၊ မောင် (ဓနုဖြူ)။(၂၀၁၀)။ *လူတိုင်းအတွက် အသုံးချမြန်မာစာ* ။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

**င သတ် နှင့် ဥ သတ်(ဉ်) -** င သတ် နှင့် ဥ သတ်(ဉ်) သည် အသံတူသည့်အတွက် အချို့စာလုံးများ အရေးမှားတတ်ပါသည်။ **နာကျင်၊ ရွှေကျင်၊ ကျင်လည်** တို့ကို **'င - သတ်'** နှင့် ရေးရသည်။ **ခါးကျဉ်(ခါးသေး)၊ ထုံကျဉ်** တို့ကို 'ဉ - သတ်(ဉ်)**'** ဖြင့် ရေးရသည်။ ထို့အတူ **'ကြင်**နာ နှင့် ရှောင်**ကြဉ်**၊ **ချင်**(စားချင်၊ သောက်ချင်) နှင့် **ချဉ်**(အရသာ)၊ **ချင်း**နင်း နှင့် **ချဉ်း**ကပ်၊ လက်ရွေး**စင်**နှင့် ဖိတ်**စဉ်**၊ **ညှင်း**(အနာ)နှင့် **ညှဉ်း**ဆဲ၊ **ညှဉ်း**ဆိုးဆိုး၊ **ပျင်း**ရိနှင့် **ပျဉ်း**တွဲတွဲ၊ **ဖျင်**အင်္ကျီနှင့် ရန်ပွဲ**ဖျဉ်**၊ ညှံ့**ဖျင်း** နှင့်စပ်**ဖျဉ်း**ဖျဉ်း**'** တို့သည် ယှဉ်တွဲလေ့လာသင့်သော စာလုံးပေါင်းများ ဖြစ်ကြပါသည်။

**လုံးကြီးတင်ဆန်ခတ်နှင့် ညသတ် -** မှားတတ်သော စာလုံးပေါင်း သတ်ပုံတစ်မျိုးမှာ **'**လုံးကြီးတင်ဆန်ခတ်နှင့် ည - သတ်**'** ဖြစ်သည်။ တစ်စုံတစ်ခုကို စတင်၍ ထွင်သည်ကို **တီ**ထွင် ဟု 'လုံးကြီးတင်ဆန်ခတ်**'**နှင့် ရေးရသည်။ **တည်**ထောင်ကိုမူ **'**ည - သတ်**'** ဖြင့် ရေးရသည်။ **'သီး**ရင့်၊ ရင့်**သီး**၊ **သီး**နင်၊ ခါးခါး**သီး**သီး**'** တို့ကိုလည်း 'လုံးကြီးတင်ဆန်ခတ်**'**နှင့် ရေးရပြီး **'သည်း**ထန်**'** ကို **'**ည - သတ်**'** ဖြင့် ရေးရသည်။

**ပိုမှု လိုမှု** - မြန်မာစာရေးသားရာတွင် ပိုမှုလိုမှုလေးများသည် စာလုံးပေါင်းသတ်ပုံ မှားရခြင်း အကြောင်းရင်းများတွင် ပါဝင်ပါသည်။ **"**<u>ပိုမှုဆိုသည်မှာ</u> **ဟ မထိုးရမည့်နေရာတွင် ဟ ထိုးခြင်း၊ မပင့်မရစ်ရမည့်နေရာတွင် ပင့်ရစ်ခြင်း** စသည်တို့ ဖြစ်၏။ <u>လိုမှုဆိုသည်မှာ</u> **ဟ ထိုးရမည့်နေရာတွင် ဟ မထိုးခြင်း၊ ပင့်ရစ်ရမည့်နေရာတွင် မပင့်မရစ်ခြင်း** စသည်တို့ ဖြစ်၏။ သာမန်အားဖြင့် ကြည့်မည်ဆိုလျှင် ပိုမှုလိုမှုလေးများသည် အရေးမကြီးလှပဟု ထင်မှတ်မိကောင်း ထင်မှတ်မိကြလိမ့်မည်။ သို့ရာတွင် ပိုမှုလိုမှုတို့ကြောင့် မြန်မာစာ အရေးအသားပျက်ကာ အနက်အဓိပ္ပာယ် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတတ်သည်။**"**[၄၀] <u>ပိုမှုသာဓက</u> - **နိုင်** - နှိုင်၊ **မီ** - မှီ၊ **လျက်** - လျှက်၊ **နုတ်** - နှုတ်၊ **မင်** - မှင်၊ **မြား** - မြှား၊ **လျင်** - လျှင်၊ **ပစ်** - ပြစ်၊ <u>လိုမှုသာဓက</u> - **ကျွန်တော်** - ကျနော်၊ **မှူးမတ်** - မူးမတ်၊ **မြှေ** -မွေ၊ **အင်းလျား** - အင်းယား စသည်တို့ ဖြစ်ကြသည်။ **စာလုံးပေါင်းသတ်ပုံ မှားရခြင်း၏ အဓိက အကြောင်းရင်းမှာ အသံတစ်သံကို စာလုံးပေါင်း တစ်မျိုးမက နှစ်မျိုး၊ သုံးမျိုး စသည်ဖြင့် ကွဲပြားနေခြင်းနှင့် ပိုမှုလိုမှုများကြောင့် မှားရခြင်းဖြစ်ပါသည်။** စာလုံးပေါင်းမှားလျှင် အနက်အဓိပ္ပာယ် လွဲမှားကာ မိမိဆိုလိုသည့်အချက် မရောက်နိုင်တော့သဖြင့် သတ်ပုံ မှန်ကန်ရေးကို အထူးသတိထားသင့်သည်။

---

[၄၀] ဦးတင်လှ၊ မဟာဝိဇ္ဇာ။ (၂၀၁၈)။ *ဘာသာနှင့်စာပေ* ။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

မြန်မာစာအရေးအသားစနစ်သည် ရှုပ်ထွေးနက်နဲသည်။ အင်္ဂလိပ်စာ အရေးအသား စနစ်မှာကဲ့သို့ ဗျည်းသရ အက္ခရာတို့ကို စီကာစဉ်ကာရေး၍ စာလုံးပေါင်းခြင်းမျိုး မဟုတ်ပေ။ အရေးသင်္ကေတတို့သည် ဗျည်းအက္ခရာ၏ ရှေ့မှာ /ေ – /၊ နောက်မှာ /–ာ/၊ ရှေ့နှင့်နောက်မှာ /ေ– ာ /၊ အထက်မှာ /ိ-/၊ အောက်မှာ /ု-/၊ အထက်နှင့် အောက်မှာ /ို-/၊ အထက်နှင့်နောက်မှာ /ိ-တ်/၊ အောက်နှင့်နောက်မှာ/ု-န်/၊ အထက်အောက်နှင့် နောက်မှာ /ို-င်/ စသည်ဖြင့် အနေအထားမျိုးစုံ ရှိသည်။ **စာလုံးပေါင်း မှန်ကန်ရန် အရေးသင်္ကေတတို့ကို နေရာမှန်အောင် ရေးသားတတ်ရန် မြန်မာစာ အရေးအသားစနစ်ကို စတင်သင်ကြားပေးသည့် အခြေခံပညာမူလတန်းမှစ၍ လက်က ရေး၊ ပါးစပ်က ရွတ်၊ အရေးအသားနှင့် အရွတ်အဖတ်ကိုတွဲ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးသင့်ပါသည်။** ထို့ပြင် အသံတူသော်လည်း စာလုံးပေါင်းမတူသည့် /-င်၊ -ဉ်/၊ /-တ်၊ -ပ်/၊ /-န်၊ -မ်၊ ံ- /၊ /ိ-တ်၊ ိ-ပ်/၊ /ိ-န်၊ ိ-မ်/၊ /ံု- ၊ ု-န်၊ ု-မ်/ စသည့် **အရေးသင်္ကေတနှင့် အသံထွက်ကို ပူးတွဲလေ့ကျင့် မှတ်သားစေခြင်း၊ အသံထွက်တူသော်လည်း (ကံ နှင့် ကန်) အနက်အဓိပ္ပာယ်ကွဲပြားတတ်သည့် မြန်မာဘာသာစကား၏ သဘာဝကို ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်အောင် လေ့ကျင့်သင်ကြားခြင်းတို့ကို အလေးပေးဆောင်ရွက်သင့်ပါသည်။**

စာသင်ခန်းအတွင်းတွင် စာအရေးအသားများ လေ့ကျင်သင်ကြားပေးရာ၌ စာလုံးပေါင်းမှန်ရန် ဂရုစိုက်သင့်ပါသည်။ သင်ခန်းစာများသင်ကြားရာတွင် မှားလေ့မှားထရှိသော စာလုံးပေါင်းများကို အလေးပေးထည့်သွင်း သင်ကြားပေးသင့်ပါသည်။ စာလုံးပေါင်းဆိုရာတွင် အင်္ဂလိပ်စာဘာသာရပ်မှတစ်ပါး အခြားဘာသာရပ်အားလုံးကို မြန်မာဘာသာဖြင့် သင်ကြားကြရသည့်အတွက် ဘာသာရပ်ဆိုင်ရာများတွင်လည်း စာလုံးပေါင်းသတ်ပုံမှန်ကန်စေရန် မြန်မာစာဘာသာရပ်သာမက အခြားဘာသာရပ်ပြ ဆရာများနှင့်ပါ ပေါင်းစပ်ညှိနှိုင်းပြီး ကျောင်းသားများကို ပံ့ပိုးပေးသင့်ပေသည်။ **'**အက္ခရာပျက်၊ ယွင်းသွေကွက်၊ အနက်ချွတ်တိမ်းရာ**'** ဟု ပညာရှင်တို့ မိန့်ဆိုခဲ့ကြသည့်အတိုင်း **အနက် မချွတ်ယွင်းစေရန် စာလုံးပေါင်းသတ်ပုံ မှန်ကန်မှုသည် မည်သည့် ဘာသာစကားတွင်မဆို အခြေခံကျသော လိုက်နာအပ်သည့် စည်းကမ်းဖြစ်ပေရာ** စာလုံးပေါင်း မှန်ကန်စေရေးအတွက် လေ့ကျင့်သင်ကြားပေးရန်မှာ မြန်မာစာပြ ဆရာများသာမက အခြားဘာသာရပ်ပြ ဆရာများပါ မလွဲမသွေထမ်းဆောင်ရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ စာလုံးပေါင်းသတ်ပုံ လေ့ကျင့်ခန်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာတိုလေးတစ်ပိုဒ်ကို ဆရာက ရွတ်ပြ၍ ကျောင်းသားများအား လိုက်ကူးရေးစေခြင်းဖြင့် ၎င်းတို့၏ မြန်မာစာ စာလုံးပေါင်းသတ်ပုံကို စစ်ဆေးကြည့်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့် သင်ခန်းစာကို နိဒါန်းပျိုးရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ “စာလုံးပေါင်းသတ်ပုံ” အကြောင်းဖတ်၍ ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော “စာလုံးပေါင်းသတ်ပုံ” သင်ခန်းစာကို ကျောင်းသားများ နားလည်သဘောပေါက်အောင် ဖတ်ရှုလေ့လာပြီး အုပ်စုတွင်းဆွေးနွေးကြရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျောင်းသားများသည် “စာလုံးပေါင်းသတ်ပုံ” သင်ခန်းစာဆိုင်ရာ မေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးဖြေဆိုကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မြန်မာဘာသာစကားတွင် စာလုံးပေါင်းသတ်ပုံ အရေးကြီးကြောင်းကို ကျောင်းသားများ သင်ယူလေ့လာပြီးနောက် စာလုံးပေါင်းသတ်ပုံနှင့် စပ်လျဉ်း၍ မိမိတို့၏ပကတိ အခြေအနေကို မိမိကိုယ်မိမိ ပြန်လည်စဉ်းစားသုံးသပ်ကြည့်ရန် ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ မြန်မာဘာသာစကားတွင် စာလုံးပေါင်းသတ်ပုံသည် မည်မျှအရေးကြီးသနည်း။

၂။ အလယ်တန်းဆင့် ကျောင်းသားများ စာလုံးပေါင်းမှန်ကန်ရန် မည်သို့လေ့ကျင့်ပံ့ပိုးပေးနိုင်သနည်း။

# ၃.၄။ မြန်မာသဒ္ဒါ

'သဒ္ဒါဟူသောစကားလုံးသည် သဒ္ဒဟူသည့် ပါဠိစကားမှ ဆင်းသက်လာပြီး သဒ္ဒသည် အသံဟု အဓိပ္ပာယ်ရသည်။' နားဖြင့်ကြားသမျှကို အသံဟုခေါ်သည်။ အသံသည် ဥတုကြောင့်လည်း ဖြစ်သည်။ စိတ်ကြောင့်လည်းဖြစ်သည်။ လေသံ၊ မိုးသံ၊ စမ်းရေစီးသံ၊ သီချင်းသံ၊ ရယ်မောသံ၊ ခွေးဟောင်သံ၊ ကြေးစည်သံ စသည်တို့သည် နားဖြင့်ကြားနိုင်သော အသံများဖြစ်သည်။ လေသံ၊ မိုးသံ၊ စမ်းရေစီးသံ စသည်တို့သည် ဥတုကိုအကြောင်းပြု၍ ပေါ်ထွက်လာသော အသံများဖြစ်ကြသည်။ 'သီချင်းသံ၊ ရယ်မောသံ၊ ခွေးဟောင်သံ၊ ကြေးစည်သံ စသည်တို့သည် စိတ်၏လှုံ့ဆော်မှု၊ လူနှင့် တိရစ္ဆာန်တို့၏ အားထုတ်မှုတို့ကို အကြောင်းပြု၍ ပေါ်ထွက်လာသည့် အသံများ ဖြစ်ကြသည်။' ထိုအသံတို့ တွင် အချို့သည် အဓိပ္ပာယ်ရှိ၍ အချို့မှာမူ အဓိပ္ပာယ်မရှိချေ။ 'မီးရထား၊ ကျောင်းသား၊ မနက်ဖြန်' စသည်တို့သည် အဓိပ္ပာယ်ရှိသော အသံများဖြစ်ကြသည်။ 'ခေါခေါ' ဟူသော ဟောက်သံ၊ 'ဝေါဝေါ' ဟူသော ရေကျသံ၊ 'အုန်းအုန်း' ဟူသော မိုးသံတို့မှာ အဓိပ္ပာယ်မရှိသော အသံများ ဖြစ်ကြသည်။ လူတို့သည် နှုတ်မှထွက်သော အသံ တို့ကို ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် စနစ်တကျ ပြောဆိုရေးသားရသည်။ ထိုသို့ အဓိပ္ပာယ်ရှိသော အသံ ဖြစ်လာစေရန် ပြောဆိုရေးသားရာ၌ အသုံးပြုရမည့် စည်းစနစ်တို့ကို သဒ္ဒါဟုခေါ်သည်။

မြန်မာသဒ္ဒါတွင် မြန်မာဘာသာစကားကို ပြောဆိုရေးသားတွင် အသုံးပြုရမည့် စည်းစနစ်တို့ ပါဝင်ပါသည်။ ဤအပိုင်းတွင် မြန်မာသဒ္ဒါ အခြေခံ၊ နာမ်အစု၊ ကြိယာအစု၊ အထူးပြုအစု၊ အဆက်ပစ္စည်းများ၊ ဝါကျရိုး၊ ဝါကျရောနှင့်ဝါကျကဏ္ဍ၊ မြန်မာသဒ္ဒါ သင်ကြားနည်း၊ သင်ခန်းစာ ပြင်ဆင်ခြင်း၊ လက်တွေ့သင်ကြားခြင်းဟူ၍ ခွဲခြားကာဆွေးနွေးထားပါသည်။

## ၃.၄.၁ | မြန်မာသဒ္ဒါအခြေခံ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မြန်မာသဒ္ဒါအခြေခံဖြစ်သော ဝါစင်္ဂ (၉) ပါးကို ဆီလျော်သည့် သာဓကများဖြင့် ဖော်ပြတတ်မည်။

## ဝါစင်္ဂ (၉) ပါး

"ဝါစင်္ဂသည် ဝါစာနှင့်အင်္ဂါ ပေါင်းစပ်ထားသော ပါဠိစကားဖြစ်သည်။ ဆိုလိုသည့် အနက်အဓိပ္ပာယ်ရောက်အောင် ပြောဆိုသောစကား၏ အစိတ်အပိုင်းကို ဝါစင်္ဂဟု ခေါ်သည်။

ဝါစာ = စကား၊ ဝါကျ

= အဓိပ္ပာယ်ပေါ်လွင်အောင် ပြောဆိုသောစကား

အင်္ဂါ = အစိတ်အပိုင်း

ဝါစင်္ဂ = ဝါကျတွင်း၌ ပါရှိသော စကားအစိတ်အပိုင်း"[၄၁]

"ဝါစင်္ဂဟူသည်မှာ 'စကား၏အစိတ်အပိုင်း'ဟု အဓိပ္ပာယ်ရပါသည်။ **ထိုထိုသော စကားတို့ကို အပိုင်းပိုင်း အကန့်ကန့် အမျိုးအစားအလိုက် လက်ရွေးစင်သီးသန့် ဝေပုံချ၍ပြသည်ကို ဝါစင်္ဂဟု ခေါ်သည်ဟူသော ဖွင့်ဆိုချက် အရ ဝါစင်္ဂ (၉) ပါးဟူသည်မှာ စကားလုံးအမျိုးအစား ကိုးမျိုးပင် ဖြစ်ကြောင်း ထင်ရှားပါသည်။** ဝါစင်္ဂ ဟူသော ဝေါဟာရကို မြန်မာသဒ္ဒါလေ့လာသူတိုင်းပင် ရင်းနှီးပြီးသား ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယနေ့အထိ ပေါ်ထွက်ပြီးသမျှ မြန်မာသဒ္ဒါစာအုပ် အတော်များများကို ပြုစုရာတွင် ဝါစင်္ဂ(၈)ပါးကို အခြေခံထားလေ့ ရှိသောကြောင့် ဖြစ်ပါသည်။ ဘာသာစကားတစ်ခုအတွင်းရှိ စကားလုံးများကို စကားလုံး ဖွဲ့စည်းပုံအရဖြစ်စေ၊ ဝါကျအတွင်း အလုပ်တာဝန်အရဖြစ်စေ မျိုးတူစု ပြုထားသော စကားလုံးမျိုးတူစုများသည်ပင် ဝါစင်္ဂများ ဖြစ်ပါသည်။ ယခုခေတ် ဘာသာဗေဒ ပညာရှင်တို့ကမူ 'ဝါစင်္ဂ' ဟူသော ဝေါဟာရအစား 'စကားလုံးအမျိုးအစား' ဟူသော ဝေါဟာရကို အသုံးပြုနေကြပါသည်။[၄၂] "မြန်မာဘာသာစကားရှိ ဝါစင်္ဂ (၉) ပါးသည် မြန်မာမှုစစ်စစ်ဖြစ်သည် ဟု မဆိုသာပါ။ မြန်မာဘာသာစကားကို တိုင်းခြားဘာသာစကား အမြင်ဖြင့် ရှုမြင်လေ့လာရာမှ ပေါ်ထွက်လာသော သဒ္ဒါဆိုင်ရာ ဝေါဟာရဖြစ်ပါသည်။"[၄၃]

## မြန်မာသဒ္ဒါသမိုင်း[၄၄]

မြန်မာစာပေ၏ စတင်ပေါ်ထွန်းခဲ့သည့် ၁၁ ရာစုတွင် ပုဂံသို့ ထေရဝါဒ ဗုဒ္ဓသာသနာ ရောက်ရှိလာရာ ပုဂံသားတို့သည် ဗုဒ္ဓစာပေကျမ်းဂန်များနှင့် ပါဠိသဒ္ဒါကျမ်းများကို လေ့လာခဲ့ ကြသည်။ ပုဂံခေတ်က ပြုစုခဲ့သော ပါဠိသဒ္ဒါကျမ်းများကို အထင်အရှား တွေ့ရှိရသော်လည်း

---

၄၁ မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါ အတွဲ (၁)၊ အခန်း(၁)၊ ပဌမတန်း* ။ ရန်ကုန်။

၄၂ ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၄)။ *ဘာသာအမြင် စာပေအမြင်* ။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

၄၃ ယင်း။ ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၄)။

၄၄ ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ *သက်တံ့ရောင်စုံ ဘာသာစကား* (ဒုတိယအကြိမ်)။ ရန်ကုန်၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်။

ပုဂံခေတ်ကပြုစုခဲ့သည့် မြန်မာသဒ္ဒါကျမ်းဟူ၍ တစ်စောင် တစ်ဖွဲ့မျှ မတွေ့ရချေ။ မြန်မာသဒ္ဒါ သဘော သက်ဝင်သောကျမ်းမျိုးကို ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တို့တွင် အထင်အရှား တွေ့ရသည်။ ပထမ ကျော်အောင်စံထားဆရာတော်နှင့် တောင်တွင်းဆရာတော်တို့၏ သဒ္ဒါကျမ်းများသည် မြန်မာဘာသာကို ပါဠိသဒ္ဒါနည်းအရ ဝေဖန်စိစစ်ထားသည်။ ဒုတိယ ကျော်အောင်စံထားဆရာတော်၏ ဝေါဟာရတ္ထပကာသနီ ကျမ်းတွင်မူ မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများကို ရှေးကထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းဖော်ထုတ်ထားကြောင်း တွေ့ရသည်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်ထိ မြန်မာသဒ္ဒါကျမ်းအဖြစ် သီးသီးသန့်သန့် ပြုစုထားသော ကျမ်းတစ်စောင်တစ်ဖွဲ့မျှ မထွက်ပေါ်ခဲ့လေသလောဟု တွေးတောဖွယ် ဖြစ်ရသည်။

ကိုလိုနီခေတ်တွင် ခရစ်ယာန်သာသနာပြုများ၊ အနောက်နိုင်ငံသား အရာရှိများနှင့် ကုန်သည်များသည် သာသနာပြုရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် မြန်မာဘာသာကို စူးစမ်းလေ့လာပြီး မြန်မာသဒ္ဒါကျမ်းများ ပြုစုခဲ့ကြသည်။ ထိုသဒ္ဒါဆရာတို့သည် မြန်မာသဒ္ဒါပြုစုရာတွင် ဂရိလက်တင်အမွေခံ အင်္ဂလိပ်ဘာသာစကား ရှုထောင့်မှနေ၍ မြန်မာဘာသာကို ရှုမြင်ရေးသားခဲ့ကြသည်။

ဘုန်းကြီးကျောင်း ပညာရေးစနစ်မှ အတန်းကျောင်း ပညာရေးစနစ်သို့ ပြောင်းလဲ လာသောအခါ ကျောင်းများတွင် သင်ကြားရန် အတွက်လည်း မြန်မာသဒ္ဒါကျမ်းများ ပြုစုခဲ့ကြသည်။ မြန်မာသဒ္ဒါ ကျမ်းပြုစုသူများမှာ နိုင်ငံခြားသား ပညာရှင်များပါဝင်သည့်နည်းတူ မြန်မာတိုင်းရင်းသား ပညာရှင်များလည်း ပါဝင်ခဲ့သည်။ မြန်မာသဒ္ဒါစာအုပ် အမြောက်အမြား ပေါ်ထွက်လာရာ မြန်မာသဒ္ဒါကျမ်း အများစုမှာ ပါဠိသဒ္ဒါ၏ ဩဇာသော်လည်းကောင်း၊ အင်္ဂလိပ်သဒ္ဒါ၏ ဩဇာသော်လည်းကောင်း လွှမ်းမိုးနေသည်ကို တွေ့ရပေသည်။ အထူးသဖြင့် အင်္ဂလိပ်သဒ္ဒါနည်းအရ 'ဝါစင်္ဂ (၈) ပါး'ကို အခြေခံ၍ ပြုစုထားသော မြန်မာသဒ္ဒါများ ဖြစ်ကြသည်။ စင်စစ် ထို 'ဝါစင်္ဂ(၈)ပါး'သည် အင်္ဂလိပ်ဘာသာ၏ ပင်ကိုလက္ခဏာ မဟုတ်ဘဲ ဂရိဘာသာမှ အမွေခံယူထားခြင်း ဖြစ်သည်။ ဂရိ ဒဿနိကဗေဒ ပညာရှင်များဖြစ်ကြသော ပလေတိုနှင့် အရစ္စတိုတယ်တို့သည် ဂရိဘာသာစကားကို လေ့လာ၍ ဝါစင်္ဂများ စတင်ခွဲခြားခဲ့ကြောင်းသိရပါသည်။ သို့သော် 'ဝါစင်္ဂ(၈)ပါး' ဟူ၍ ထင်ထင်ရှားရှား စတင်ခွဲပြသူကား ဂရိသဒ္ဒါဆရာ ဒိုင်အိုနီးဆီးယထရက် ဖြစ်သည်။

## နိုင်ငံခြားသားပညာရှင်များနှင့် ဝါစင်္ဂအရေအတွက်[၅၅]

မြန်မာသဒ္ဒါကျမ်းများကို ပြုစုခဲ့ကြသည့် သဒ္ဒါဆရာတို့သည် ဂရိလက်တင်အမွေခံ အင်္ဂလိပ် သဒ္ဒါပုံစံထဲသို့ မြန်မာဘာသာကို ထည့်သွင်းကြည့်ပြီး မြန်မာသဒ္ဒါကို ပြုစုကြသည်။ ဝါစင်္ဂ သတ်မှတ်ရာတွင် (၆)ပါး၊ (၇) ပါး၊ (၈) ပါးဟူ၍ တစ်ဦးနှင့်တစ်ဦး ကွဲပြားမှုများရှိနေသော်လည်း အခြေခံမှာ ဝါစင်္ဂ (၈) ပါး ပုံစံဖြစ်ကြောင်းတွေ့ရသည်။ ခရစ်ယာန်သာသနာပြု အင်္ဂလိပ်လူမျိုး ဖဲလစ်ကယ်ရေးက ဝါစင်္ဂ (၇) ပါး၊ ခရစ်ယာန် သာသနာပြု အမေရိကန်လူမျိုး ယုဒသန်က ဝါစင်္ဂ (၆) ပါး၊ ပညာရေးဝန်ထမ်း လောင်းစဒေးက ဝါစင်္ဂ (၈) ပါးဟု ခွဲပြသည်။ ထို့ပြင် ဝါစင်္ဂ အဖြစ် သီးခြားမသတ်မှတ်စေကာမူ ပစ္စည်းများကိုလည်း ဖော်ထုတ်လေ့လာသုံးသပ်ပြသည်။ မြန်မာဘာသာစကားရှိ ဝါစင်္ဂ (၉) ပါးသည် ပညာရေးဝန်ထမ်း လောင်းစဒေး၏ ဖော်ထုတ် သုံးသပ်ချက်တွင် ပါဝင်သည့် ပစ္စည်းကို ဝါစင်္ဂ (၈) ပါးတွင် ထည့်သွင်း၍ ဝါစင်္ဂ (၉) ပါး အဖြစ် ဖော်ပြခြင်းဖြစ်မည်ဟု မှန်းဆရသည်။ နှုတ်ပြော မြန်မာစကားကို လေ့လာပြီး ကျမ်းများပြုစုခဲ့သည့် မစ္စတာစတီးဝပ်က 'မြန်မာဘာသာစကားတွင် နာမ်၊ ကြိယာနှင့် ပစ္စည်း များဟူ၍ ဝါစင်္ဂ (၃) ပါးသာ ရှိသည်' ဟုဆိုသည်။ ယေးတက္ကသိုလ်မှ မစ္စတာကော်နင်၏ ဘွဲ့ယူစာတမ်းတွင်လည်း အလားတူပင် ဝါစင်္ဂ (၃) ပါးသာရှိကြောင်း ဆိုထားသည်။ ဘာသာဗေဒပညာရှင် ကက်သရင်းဖော့ကမူ 'မြန်မာဘာသာတွင် ဝါစင်္ဂ (၄) ပါးရှိသည်' ဟု ယူဆသည်။ နာမ်၊ ကြိယာ၊ ဝိဘတ်၊ အထူးပြုတို့ ဖြစ်ကြသည်။ မျက်မှောက်ခေတ်တွင် မြန်မာဘာသာစကားရှိ ဝါစင်္ဂနှင့် ပတ်သက်၍ ပညာရှင်များ ယနေ့တိုင်ဆွေးနွေးနေရသည့် ပြဿနာတစ်ရပ်ဖြစ်သည်။

## မြန်မာတိုင်းရင်းသား ပညာရှင်များပြုစုသော မြန်မာသဒ္ဒါကျမ်းများ

နိုင်ငံခြားသား ပညာရှင်များနည်းတူ မြန်မာသဒ္ဒါကျမ်းများ ပြုစုကြသည့် မြန်မာ တိုင်းရင်းသား ပညာရှင်များမှာ မော်လမြိုင် ဦးရွှေပွင့်၊ ဦးဖိုးလှ၊ တော်စိန်ခို၊ ဦးသာထိုတို့ ဖြစ်ကြသည်။ ဤသို့ဖြင့် ၁၉ ရာစုတွင် ဝါစင်္ဂ (၈) ပါးကို အခြေခံ၍ ခွဲခြားဝေဖန်ပြသော မြန်မာသဒ္ဒါများ ပေါ်ထွန်းလာရသည်။ ထိုသို့ ပါဠိသြဇာ၊ အင်္ဂလိပ်သြဇာ လွှမ်းနေချိန်တွင် ဝါစင်္ဂ (၈) ပါး လမ်းကြောင်းကို မလိုက်သော၊ မြန်မာဘာသာကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် စူးစမ်းလေ့လာ ပြုစုထားသည့် မြန်မာသဒ္ဒါကျမ်းမျိုးလည်း ပေါ်ထွက်ခဲ့သည်။ ယင်းတို့အနက် 'ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်'၏ သဒ္ဒါကျမ်းများသည် ထင်ရှားသည်။ မြန်မာသဒ္ဒါကို မြန်မာဆန်ဆန် ကြိုးပမ်းပြုစုထားကြောင်း တွေ့ရသည်။ ထို့အတူ လွတ်လပ်ရေးခေတ်တွင် ပေါ်ထွက်လာသော ဆရာကြီး 'ဦးဖေမောင်တင်' ရေးသားပြုစုသည့် သဒ္ဒါကျမ်းများသည် ထင်ရှားလာသည်။

---

၅၅ ခင်မင်၊ မောင် (ဓနုဖြူ)။(၂၀၁၄)။ *ဘာသာအမြင် စာပေအမြင်* (ဒုတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

မြန်မာဘာသာ၏ ပင်ကိုသွင်ပြင်လက္ခဏာများကို ကြိုးစားဖော်ထုတ်ထားသော ကျမ်းများ ဖြစ်သည်။

## မြန်မာသဒ္ဒါအခြေခံ ဝါစင်္ဂ (၉) ပါး

မြန်မာသဒ္ဒါအခြေခံ ဝါစင်္ဂ (၉) ပါးရှိပါသည်။ ၎င်းတို့မှာ (က) နာမ် (ခ) နာမ်စား (ဂ) နာမဝိသေသန (ဃ) ကြိယာ (င) ကြိယာဝိသေသန (စ) ဝိဘတ် (ဆ) သမ္ဗန္ဓ (ဇ) ပစ္စည်း (ဈ) အာမေဍိတ်တို့ ဖြစ်ကြသည်။

(က) နာမ် ။ ။သက်ရှိသက်မဲ့၊ ဒြပ်ရှိဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ်ဟု ခေါ်သည်။

(ဒါရိုက်တာ၊ စေတနာ၊ ကျန်းမာခြင်း)

(ခ) နာမ်စား ။ ။နာမ်၏အစားသုံးသော ပုဒ်ကို နာမ်စားဟုခေါ်သည်။

(ငါ၊ မင်း၊ သူ)

(ဂ) နာမဝိသေသန ။ ။နာမ်ကိုအထူးပြုသော ပုဒ်ကို နာမဝိသေသနဟုခေါ်သည်။ (ထို၊ ပထမ၊ မည်သည့်)

(ဃ) ကြိယာ ။ ။ပြုခြင်းကိုဖြစ်စေ၊ ဖြစ်ခြင်းကိုဖြစ်စေ၊ ရှိခြင်းကိုဖြစ်စေ ပြသောပုဒ်ကို ကြိယာဟု ခေါ်သည်။

(ရိုက်၊ ဖြစ်၊ တည်ရှိ)

(င) ကြိယာဝိသေသန။ ။ကြိယာကိုအထူးပြုသော ပုဒ်ကို ကြိယာဝိသေသနဟု ခေါ်သည်။

(ချက်ချင်း၊ ရိုသေစွာ၊ နည်းနည်း)

(စ) ဝိဘတ် ။ ။နာမ်၊ နာမ်စားတို့၏ နောက်၌တည်၍ ၎င်းတို့သည် ကတ္တားဖြစ်သည်၊ ကံဖြစ်သည် စသည်ကိုလည်းကောင်း၊ ကြိယာ၏ နောက်၌တည်၍ ၎င်းကြိယာ၏ ကာလနှင့် အမျိုးအစားကိုလည်းကောင်း ဝေဖန်ပိုင်းခြားပြသော စကားလုံးကို ဝိဘတ်ဟု ခေါ်သည်။

(ကို၊ လိမ့်မည်၊ ပါရစေ)

(ဆ) သမ္ဗန္ဓ ။ ။ပုဒ်အချင်းချင်းကို ဖြစ်စေ၊ ဝါကျအချင်းချင်းကို ဖြစ်စေ၊ အဓိပ္ပာယ် အချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးသော စကားလုံးကို သမ္ဗန္ဓဟုခေါ်သည်။ (သို့မဟုတ်၊ သောအခါ၊ ထို့ကြောင့်)

(ဇ) ပစ္စည်း ။ ။နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန တို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီ ထောက်ပံ့သော စကားလုံးကို ပစ္စည်းဟုခေါ်သည်။

(များ၊ တတ်၊ စွာ)

(ဈ) အာမေဍိတ် ။ ။ထိတ်လန့်ခြင်း၊ ဝမ်းသာခြင်း၊ အံ့သြခြင်းစသည့် တစ်စုံတစ်ခုသော အကြောင်းကြောင့် ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားကာ နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာသော အသံကို အာမေဍိတ်ဟုခေါ်သည်။

(ဟယ်၊ ဟော၊ အမလေး၊ အား)

မြန်မာစာအဖွဲ့ ဦးစီးဌာနမှ ပြုစုထုတ်ဝေသော မြန်မာသဒ္ဒါတွင် ဝါစင်္ဂ(၉)ပါးရှိသည်ဟု ဖော်ပြထားသည်။ ယခုအခါ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် ကော်မတီက ယခင်က ဝါစင်္ဂ (၉) ပါးဟု သုံးစွဲခေါ်ဝေါ်ခဲ့သည့် စကားအစိတ်အပိုင်းများကို အစု(၄)စုဖွဲ့၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ နာမ်အစု၊ ကြိယာအစု၊ အထူးပြုအစုနှင့် အဆက်ပစ္စည်းများ ဟူ၍ဖြစ်ပါသည်။ နာမ်အစုတွင် နာမ်၊ နာမ်စား၊ ကြိယာနာမ် တို့ ပါဝင်၍ ကြိယာအစုတွင် ကြိယာ၊ ကြိယာထောက်၊ နာမ်ပေါင်းကြိယာ တို့ ပါဝင်ပြီး အထူးပြုအစုတွင် နာမ်အထူးပြု (နာမဝိသေသန)နှင့် ကြိယာအထူးပြု (ကြိယာဝိသေသန)တို့ ပါဝင်လျက် အဆက်ပစ္စည်းများတွင် ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်း၊ အာမေဍိတ် တို့ ပါဝင်ပါသည်။ မြန်မာဘာသာစကားကို ဆက်သွယ်ရေးကြားခံအဖြစ် သုံးစွဲပြောဆိုသူများ နှင့် မြန်မာဘာသာစကား လေ့လာလိုသည့် ဘာသာစကား သုတေသီတို့သည် ပြောလိုသည့် စကားနှင့် ရေးသားတင်ပြလိုသည့် အကြောင်းအရာတို့၏ ဆိုလိုသည့် အနက်အဓိပ္ပာယ်ကို မှန်ကန်ပြည့်စုံစွာ ပြောဆိုဖော်ပြနိုင်စေရန် မြန်မာသဒ္ဒါ၏ အခြေခံအစိတ်အပိုင်းများ (သို့မဟုတ်) ဝါစင်္ဂ (၉) ပါးကို တတ်ကျွမ်းနားလည်ရန် လိုအပ်ပါသည်။

### သင်ယူမှုလုပ်ငန်း (၁)။ ဝါစင်္ဂ၏ အဓိပ္ပာယ်ကို ဉာဏ်ဖွင့်စဉ်းစားခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မြန်မာသဒ္ဒါအခြေခံဖြစ်သော ဝါစင်္ဂ၏ အဓိပ္ပာယ်ကို ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေရန် ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ ဝါစင်္ဂအရေအတွက် ကွဲပြားမှုများအကြောင်းဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင် စာအုပ်တွင်ပါရှိသော မြန်မာသဒ္ဒါ အခြေခံအကြောင်းကို အခြေခံကာ ဘာသာဗေဒပညာရှင်တို့၏ အလိုအရ ဝါစင်္ဂအရေအတွက် ကွဲပြားမှုရှိကြောင်းကို ဆရာကဦးဆောင်၍ ဟောပြောဆွေးနွေးရန်ဖြစ်သည်။ ကျောင်းသား များသည် ဆရာ၏ ဟောပြောဆွေးနွေးချက်များကို နားထောင်ရင်း၊ မေးသည့် မေးခွန်းများကို ဖြေဆိုရင်း သင်ယူကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၃)။ ဝါစင်္ဂ(၉)ပါးအကြောင်း လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ဝါစင်္ဂ (၁) ပါးချင်း၏ အမည်၊ အနက်အဓိပ္ပာယ်နှင့် ဆီလျော်သည့် သာဓကများကို မှန်ကန်စွာ ယှဉ်တွဲရေးသား ဖော်ပြတတ်ရန် ဖြစ်သည်။ ဤအုပ်စုလုပ်ငန်းအတွက် လိုအပ်သော စာရွက်ပိုင်းအစုံများကို ဆရာက ကြိုတင်ပြင်ဆင်ပေးထားမည် ဖြစ်ပါသည်။

## ၃.၄.၂ | နာမ်အစု

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- နာမ်အစုအကြောင်းကို သာဓကများဖြင့် စိတ်ကူးပုံဖော်ရေးဆွဲတတ်မည်။

နာမ်အစုတွင် နာမ်၊ နာမ်စား၊ ကြိယာနာမ်တို့ ပါဝင်သည်။

## ၁။ နာမ်

| |
|---|
| **သက်ရှိသက်မဲ့၊ ဒြပ်ရှိဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ် ဟု ခေါ်သည်။** |

**သာဓက (၁)** - လုလု၊ ကျောင်းသား၊ လူ၊ ခွေး၊ ကြောင် = သက်ရှိ၊ ဒြပ်ရှိနာမ်

**သာဓက (၂)** - စားပွဲ၊ ကုလားထိုင်၊ စာအုပ်၊ ကျောင်း၊ ကား = သက်မဲ့၊ ဒြပ်ရှိနာမ်

**သာဓက (၃)** - မေတ္တာ၊ သတ္တိ၊ ကျန်းမာခြင်း၊ အချစ်၊ သံယောဇဉ် = ဒြပ်မဲ့နာမ် (သက်မဲ့၊ ဒြပ်မဲ့နာမ်)[၄၆]

အနက်အဓိပ္ပာယ်အရ နာမ်အမျိုးအစားများမှာ -

### (က) တစ်ဦးဆိုင်နာမ်

**တစ်ဦး၊ တစ်ယောက်၊ တစ်ခုအတွက် သီးခြားမှည့်ခေါ်ထားသော အမည်ကို တစ်ဦးဆိုင်နာမ်ဟု ခေါ်သည်။**

**သာဓက** - ရွှေတိဂုံ၊ ကျိုက်ထီးရိုး၊ ရန်ကုန်၊ ကျောက်ဖြူ၊ ဧရာဝတီ၊ သံလွင်၊ ဒေါ်ဦးဇွန်း၊ ဦးဘဂျမ်း။

**ရန်ကုန်** ဟူသောမြို့အမည်သည် မန္တလေး၊ မြစ်ကြီးနားစသည့် အခြားမြို့များနှင့် မသက်ဆိုင်။ ရန်ကုန် ဟူသည့် နယ်မြေသက်သက်ကိုသာ ရည်ညွှန်းမှည့်ခေါ်ခြင်းဖြစ်သည်။ ထို့အတူ **ဧရာဝတီ** ဟူသော မြစ်အမည်သည်လည်း စစ်တောင်း၊ သံလွင်စသည့် အခြားမြစ်များကို မဆိုလို။ ဧရာဝတီဟူသည့် မြစ်ကိုသာ သီးသန့်ရည်ညွှန်းမှည့်ခေါ်ခြင်း ဖြစ်သည်။ အထက်ဖော်ပြပါ နာမ်တို့သည် မြို့တစ်မြို့၊ မြစ်တစ်စင်းစသည့် ရည်ညွှန်းချက် တစ်ခုစီအတွက် သီးခြားမှည့်ခေါ်ထားသော အမည်များ ဖြစ်ခြင်းကြောင့် **တစ်ဦးဆိုင်နာမ်များ** ဖြစ်ကြသည်။

### (ခ) အများဆိုင်နာမ်

**အများနှင့်ဆိုင်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုတို့၏ အမည်ကို အများဆိုင်နာမ်ဟု ခေါ်သည်။**
**သာဓက** - မြို့၊ ရွာ၊ အိမ်၊ ကျောင်း၊ မြစ်၊ ချောင်း၊ လူ၊ ခွေး။

[၄၆] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

**မြို့**ဟူသောနာမ်သည် မြို့တစ်မြို့တည်းနှင့်သာ သက်ဆိုင်သည်မဟုတ်။ **မြို့အားလုံးနှင့် သက်ဆိုင်သည်။** ထို့အတူ **မြစ်**ဟူသည့်နာမ်သည်လည်း မြစ်တစ်စင်းကိုသာ ရည်ညွှန်းခြင်း မဟုတ်။ **မြစ်အားလုံးနှင့် သက်ဆိုင်သည်။** ထို့ကြောင့် အထက်ဖော်ပြပါ နာမ်တို့သည် **အများဆိုင်နာမ်များ** ဖြစ်ကြသည်။[၄၇]

## (ဂ) စိတ္တဇနာမ်

**ဒြပ်မရှိ၊ ကိုင်တွယ်စမ်းသပ်၍မရ၊ မြင်လည်းမမြင်နိုင်၊ စိတ်ဖြင့်သာ တွေးတောသိနိုင်သော နာမ်ကို စိတ္တဇနာမ် ဟု ခေါ်သည်။**

**သာဓက** - ဇွဲ၊ သတ္တိ၊ ကံ၊ ဉာဏ်၊ ဝီရိယ၊ အချစ်၊ အမုန်း၊ အောင်မြင်ခြင်း၊ ဝမ်းသာခြင်း။

ဖော်ပြပါ နာမ်တို့သည် အကောင်အထည်၊ ဒြပ်သဏ္ဌာန် အထင်အရှားမရှိ၊ ကိုင်တွယ် စမ်းသပ်၍လည်းမရနိုင်၊ မျက်စိဖြင့်လည်း ကြည့်၍လည်း မမြင်နိုင်။ **စိတ်ဖြင့်သာ တွေးတော သိရှိနိုင်သောကြောင့်** ၎င်းတို့သည် **စိတ္တဇနာမ်များ** ဖြစ်ကြသည်။

## (ဃ) အစုပြနာမ်

**အစုအပေါင်း အသင်းအဖွဲ့၏ အမည်ကို အစုပြနာမ် ဟုခေါ်သည်။**

**သာဓက** - လူထု၊ တပ်မတော်၊ အိမ်ထောင်စု၊ အသင်း၊ ကော်မတီ၊ ကျွဲအုပ်၊ နွားအုပ်။

လူထု၊ တပ်မတော်၊ အိမ်ထောင်စု၊ အသင်း၊ ကော်မတီ စသည့်နာမ်တို့သည် လူတစ်ဦး တစ်ယောက်တည်းကို မဆိုလိုပေ။ လူတစ်ယောက်မက ပါဝင်သည့် **လူအစုအပေါင်းကို ဆိုလိုသည်။** ထို့အတူ ကျွဲအုပ်၊ နွားအုပ် သည်လည်း **တစ်ကောင်မက ပါဝင်သည့် ကျွဲအများ၊ နွားအများကို ဆိုလိုသည်။** ထို့ကြောင့် အထက်ဖော်ပြပါ နာမ်တို့သည် **အစုပြနာမ်များ** ဖြစ်ကြသည်။[၄၈]

---

[၄၇] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဌမတန်း* ။ ရန်ကုန်။

[၄၈] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၃)၊ သတ္တမတန်း* ။ ရန်ကုန်။

**ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်အမျိုးအစားများမှာ -**

**(က) ပင်ကိုနာမ်**

**မြန်မာသဒ္ဒါနည်းဖြင့် ခွဲစိတ်၍လည်းမရ၊ ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်းမဟုတ်၊ မူလအတိုင်းဖြစ်သော နာမ်ကို ပင်ကိုနာမ်ဟုခေါ်သည်။**

**သာဓက** - လူ၊ ကျောင်း၊ စပါး၊ ဆရာ။ ပညာ၊ စေတနာ။ မန်နေဂျာ၊ ဒါရိုက်တာ။

စကားလုံးတစ်လုံး (သို့မဟုတ်) ပုဒ်တစ်ခုကို ခွဲစိတ်လိုက်လျှင် ထိုစကားလုံး၏ မူလအနက်အဓိပ္ပာယ် ပျက်သွားသည်ကို **ခွဲစိတ်၍မရ** ဟု ဆိုလိုခြင်းဖြစ်သည်။ ဆရာ၊ စပါးစသည့် စကားလုံးတို့ကို 'ဆနှင့်ရာ'၊ 'စနှင့်ပါး' ခွဲစိတ်လိုက်ပါက မူလအနက်အဓိပ္ပာယ်ဖြစ်သည့် 'ဆရာနှင့်စပါး' ဟူသည့် အနက်အဓိပ္ပာယ် ရှိတော့မည်မဟုတ်ဘဲ ပျက်သွားမည်ဖြစ်သည်။ ထို့ကြောင့်ဆရာနှင့် စပါးတို့သည် ပင်ကိုနာမ်များ ဖြစ်ကြသည်။

**(ခ) ပေါင်းစပ်နာမ်**

**အဆက်ပစ္စည်းတို့ကို ကြား၌မခံဘဲ နာမ်၊ ကြိယာ၊ နာမ်စား၊ နာမ်အထူးပြု၊ ကြိယာ အထူးပြုတို့ကို ထိုက်သည့်အားလျော်စွာ ပူးတွဲထားသော နာမ်ကို ပေါင်းစပ်နာမ်ဟု ခေါ်သည်။**

**သာဓက** - ရေအိုး၊ အိမ်ဟောင်း၊ မီးခြစ်၊ လက်ပတ်နာရီ၊ သောက်ရေ။

ဤသို့ပေါင်းစပ်ရာတွင် ပေါင်းစပ်သော ဝါစင်္ကကိုလိုက်၍ ပေါင်းစပ်နာမ်အမျိုးမျိုးဖြစ်လာသည်။

| | | | |
|---|---|---|---|
| နာမ်+နာမ် | ရေ + အိုး | = | ရေအိုး |
| နာမ်+ကြိယာ | လက် + စွပ် | = | လက်စွပ် |
| နာမ်+နာမ်+ကြိယာ | ရွှေ + လက် + စွပ် | = | ရွှေလက်စွပ် |
| နာမ်+ကြိယာ+နာမ် | လက် + ပတ် + နာရီ | = | လက်ပတ်နာရီ |
| နာမ်+ကြိယာ+နာမ်+ကြိယာ | ရုပ်+မြင်+သံ(အသံ)+ကြား | = | ရုပ်မြင်သံကြား |
| နာမ်+နာမဝိသေသန | လူ+ငယ် | = | လူငယ် |
| နာမ်+နာမ်+နာမဝိသေသန | ပင်လယ်+ရေ+တိမ် | = | ပင်လယ်ရေတိမ် |

| | | | |
|---|---|---|---|
| နာမ်+နာမဝိသေသန+နာမ် | ရေ+ပူ+စမ်း | = | ရေပူစမ်း |
| ကြိယာ+ကြိယာ | ထွေး+ခံ | = | ထွေးခံ |
| ကြိယာ+နာမ် | သောက်ရေ | = | သောက်ရေ |
| ကြိယာဝိသေသန+နာမ် | တစ်ဆင့်+စကား | = | တစ်ဆင့်စကား[၄၉] |

## (ဂ) ဂုဏ်ရည်ပြနာမ်

**ဂုဏ်အရည်အချင်းပြပုဒ်၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ အဆက်ပစ္စည်းဆက်၍ ဖြစ်လာသော နာမ်ကို ဂုဏ်ရည်ပြနာမ်ဟု ခေါ်သည်။**

**သာဓက** – အကောင်း၊ ကောင်းမှု၊ ကောင်းခြင်း၊ ပျော်စရာ။

'ကောင်း၊ လှ၊ ပျော်' တို့သည် ဂုဏ်အရည်အချင်းပြပုဒ်များ ဖြစ်ကြသည်။ ၎င်းတို့၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ 'အ၊ မှု၊ ချက်၊ ခြင်း၊ စရာ' စသော ပစ္စည်းတို့ကို ဆက်လိုက်သောအခါ 'အကောင်း၊ ကောင်းမှု၊ ထူးခြားချက်၊ ရဲရင့်ခြင်း၊ ပျော်စရာ' ဟူသော ဂုဏ်ရည်ပြနာမ်များ ဖြစ်လာကြသည်။

**ဂုဏ်အရည်အချင်းပြပုဒ်များ၏ ရှေ့၌ ပစ္စည်းဆက်၍ ဖြစ်လာသော ဂုဏ်ရည်ပြနာမ်များ**

| ရှေ့ဆက်ပစ္စည်း | + | ဂုဏ်ရည်ပြပုဒ် | = | ဂုဏ်ရည်ပြနာမ် |
|---|---|---|---|---|
| အ | + | ကောင်း | = | အကောင်း |
| အ | + | နီ | = | အနီ |
| အ | + | ပူ | = | အပူ |

**ဂုဏ်အရည်အချင်းပြပုဒ်များ၏ နောက်၌ ပစ္စည်းဆက်၍ဖြစ်လာသော ဂုဏ်ရည်ပြနာမ်များ**

| ဂုဏ်ရည်ပြပုဒ် | + | အဆက်ပစ္စည်း | = | ဂုဏ်ရည်ပြနာမ် |
|---|---|---|---|---|
| ကောင်း | + | မှု | = | ကောင်းမှု |
| ထူးခြား | + | ချက် | = | ထူးခြားချက် |
| ရဲရင့် | + | ခြင်း | = | ရဲရင့်ခြင်း |
| ပျော် | + | စရာ | = | ပျော်စရာ"[၅၀] |

[၄၉] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၄)၊ အဋ္ဌမတန်း* ။ ရန်ကုန်။

[၅၀] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၅)၊ နဝမတန်း* ။ ရန်ကုန်။

**"လူအမည်၊ တိရစ္ဆာန်အမည်၊ သစ်ပင်ပန်းမန်အမည်၊ အရာဝတ္ထုတို့၏အမည်၊ ဒြပ်ရှိတို့၏ အမည်၊ ဒြပ်မဲ့တို့၏ အမည် အစရှိသည့် အမည်ဟူသမျှသည် နာမ်ဖြစ်သည်။"**[၅၁]

**၂။ နာမ်စား**

> **"နာမ်ကို ထပ်ကာထပ်ကာ မသုံးရအောင် နာမ်၏အစားသုံးသော ပုဒ်ကို နာမ်စား ဟုခေါ်သည်။**

**သာဓက** – ကျွန်တော်၊ ကျွန်မ၊ ငါ၊ ကျွန်ုပ်၊ ကျုပ်၊ မိမိ။ သင်၊ မင်း၊ ခင်ဗျား၊ ရှင်၊ နင်၊ ညည်း။ သူ၊ သင်း၊ ဤ၊ သည်၊ ထို၊ ၎င်း၊ အဘယ်၊ ဘယ်၊ ဘာ၊ မည်သူ၊ အချို့၊ အားလုံး။

နာမ်စားအမျိုးအစားများမှာ -

**(က) ပုဂ္ဂလနာမ်စား။ ။ ပုဂ္ဂိုလ်၏အစားသုံးသော နာမ်စားကို ပုဂ္ဂလနာမ်စားဟုခေါ်သည်။** ပုဂ္ဂလနာမ်စား (၃) မျိုးရှိသည်။ ၎င်းတို့မှာ ပြောသူနာမ်စား၊ ကြားနာသူနာမ်စား၊ အပြောခံ နာမ်စားတို့ ဖြစ်ကြသည်။

**ပြောသူနာမ်စား။ ။ပြောသူနာမ်၏အစား သုံးသောပုဒ်ကို ပြောသူနာမ်စားဟု ခေါ်သည်။**

**သာဓက** – ကျွန်တော်၊ ကျွန်မ၊ ငါ၊ ကျွန်ုပ်၊ ကျုပ်၊ ကိုယ်၊ တပည့်တော်။

**'ငါ** ဂုဏ်ထူးရအောင် ကြိုးစားမယ်။**'** ဟု ထက်ထက် ပြောသည်။

ဤဝါကျ၌ **ငါ**သည် **ထက်ထက်** ဟူသော နာမ်၏ အစားသုံးသော **နာမ်စား**ဖြစ်သည်။ **ထက်ထက်**သည် ပြောသူနာမ်ဖြစ်သည်။ ထို့ကြောင့် **ငါ**သည် **ပြောသူနာမ်စား** ဖြစ်သည်။

**ကြားနာသူနာမ်စား။ ။ကြားနာသူနာမ်၏အစား သုံးသောပုဒ်ကို ကြားနာသူနာမ်စားဟု ခေါ်သည်။**

**သာဓက** – သင်၊ မင်း၊ ခင်ဗျား၊ ရှင်၊ နင်၊ ညည်း။

---

[၅၁] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

ပြောသူသည် ကြားနာသူကို တိုက်ရိုက်ရည်ညွှန်း ပြောသောအခါ ကြားနာသူ၏အမည်ကို သုံးမည့်အစား နာမ်စားကို သုံး၍ပြောသည်။ ထိုနာမ်စားသည် ကြားနာသူ၏ အမည်အစား သုံးသောကြောင့် ကြားနာသူ နာမ်စား ဖြစ်သည်။

**'မင်း**ကို ငါ ဈေးထဲမှာ တွေ့လိုက်တယ်' ဟု သူရကို သီဟက ပြောသည်။

ဤဝါကျ၌ ကြားနာသူမှာ **သူရ** ဖြစ်သည်။ **မင်း**သည် ကြားနာသူ **သူရ** ဟူသော နာမ်၏အစား သုံးသော နာမ်စားဖြစ်သည်။ ထို့ကြောင့် **မင်း**သည် **ကြားနာသူနာမ်စား** ဖြစ်သည်။

**အပြောခံနာမ်စား။ ။အပြောခံနာမ်၏အစား သုံးသောပုဒ်ကို အပြောခံနာမ်စားဟု ခေါ်သည်။**

**သာဓက** – သူ၊ သင်း။

ပြောသူနှင့် ကြားနာသူတို့၏ အကြား၌ အပြောခံ ပုဂ္ဂိုလ်တစ်ဦး ရှိတတ်သည်။ ထိုအပြောခံပုဂ္ဂိုလ်သည် အပြောခံနာမ်ဖြစ်သည်။ အဆိုပါ အပြောခံနာမ်၏ အစားသုံးသော နာမ်စားသည် အပြောခံနာမ်စားဖြစ်သည်။

'သော်တာကို မနေ့က မတွေ့ဘူး။ **သူ** နေမကောင်းဘူး ထင်ပါရဲ့။' ဟု ပြည့်ပြည့်ကို ရီရီက ပြောသည်။

ဤဝါကျ၌ ပြောသူသည် ရီရီဖြစ်၍ ကြားနာသူသည် ပြည့်ပြည့် ဖြစ်သည်။ ရီရီနှင့်ပြည့်ပြည့် တို့သည် **သော်တာ**၏အကြောင်း ပြောနေခြင်းဖြစ်သောကြောင့် **သော်တာ**သည် **အပြောခံနာမ်** ဖြစ်သည်။ ထို့ကြောင့် **သူ** သည် အပြောခံနာမ် **သော်တာ**၏ အစားသုံးသော **အပြောခံနာမ်စား** ဖြစ်သည်။[၁]

**(ခ) အညွှန်းနာမ်စား။ ။နာမ်ပုဒ်တစ်ခုကို ညွှန်ပြသည့် နာမ်စားကို အညွှန်းနာမ်စားဟု ခေါ်သည်။**

**သာဓက** – ဤ၊ သည်၊ ထို၊ ဟို၊ ယင်း၊ ၎င်း။

'ပညာရွှေအိုး လူမခိုး' ဟူသောစကားရှိသည်။ **ဤ**ကား ပညာရှိတို့၏ အဆိုအမိန့်တည်း။

[၁] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၃)၊ သတ္တမတန်း* ။ ရန်ကုန်။

အထက်ဖော်ပြပါ ဝါကျနှစ်ခုတွင် ဒုတိယဝါကျရှိ **၎င်း** သည် ပထမဝါကျရှိ **စကား**ဟူသော နာမ်၏အစား သုံးထားသော **နာမ်စား**ဖြစ်သည်။ ထို့ကြောင့် **၎င်း**သည် **အညွှန်းနာမ်စား** ဖြစ်သည်။

**(ဂ) အမေးနာမ်စား။ ။ အမေးသဘောဖြင့် နာမ်၏အစားသုံးသော နာမ်စားကို အမေးနာမ်စား ဟုခေါ်သည်။**

**သာဓက** – ဘာ၊ ဘယ်၊ အဘယ်၊ ဘယ်သူ၊ မည်သူ။

ဆရာ **ဘယ်**မှာ နေပါသလဲ။

၎င်းဝါကျ၌ **ဘယ်** သည် အမေးသဘောဖြင့် ဆရာနေထိုင်ရာ **အရပ်ဒေသ** (နာမ်) ၏ အစား သုံးသော နာမ်စားဖြစ်သည်။ ထို့ကြောင့် **ဘယ်** သည် **အမေးနာမ်စား** ဖြစ်သည်။[၁၃]

**(ဃ) သင်္ချာနာမ်စား။ ။ အရေအတွက်နှင့် ပမာဏကိုပြသော နာမ်စားကို သင်္ချာနာမ်စားဟု ခေါ်သည်။** သင်္ချာနာမ်စား နှစ်မျိုးရှိသည်။ ၎င်းတို့မှာ အရေအတွက်ပြ သင်္ချာနာမ်စားနှင့် ပမာဏပြသင်္ချာနာမ်စားတို့ ဖြစ်သည်။

**အရေအတွက်ပြသင်္ချာနာမ်စား။ ။ အရေအတွက်ကိုပြ၍ နာမ်၏အစားသုံးသော ပုဒ်ကို အရေအတွက်ပြ သင်္ချာနာမ်စားဟု ခေါ်သည်။**

**သာဓက** – တစ်ပါး၊ နှစ်ယောက်၊ သုံးကောင်၊ လေးခု။

ဦးဘမှာ သမီးနှစ်ယောက် ရှိသည်။ **တစ်ယောက်**သည် ရန်ကုန်မြို့တွင်နေသည်။
**တစ်ယောက်**သည် မန္တလေးမှာနေသည်။

---

၁၃ မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၄)၊ အဌမတန်း* ။ ရန်ကုန်။

ဤဝါကျသုံးခုတွင် ပထမဝါကျရှိ သမီးသည် နာမ်ဖြစ်သည်။ ဒုတိယဝါကျရှိ **တစ်ယောက်** နှင့် တတိယဝါကျရှိ **တစ်ယောက်** သည် ပထမဝါကျရှိ သမီး ဟူသော နာမ်၏အစား သုံးထားသော **နာမ်စား**ဖြစ်သည်။ ထို့ပြင် အရေအတွက်ကိုလည်းပြသည်။ ထို့ကြောင့် **တစ်ယောက်** သည် **အရေအတွက်ပြသင်္ချာနာမ်စား** ဖြစ်သည်။

**ပမာဏပြသင်္ချာနာမ်စား။ ။ ပမာဏကိုပြ၍ နာမ်၏ အစားသုံးသော ပုဒ်ကို ပမာဏပြသင်္ချာနာမ်စား ဟု ခေါ်သည်။**

**သာဓက** – အချို့၊ အားလုံး၊ အနည်းငယ်၊ တစ်ဝက်။

ခြံထဲတွင် ပန်းပင်များ ရှိကြသည်။ **အချို့**သည် နှင်းဆီပင်များ ဖြစ်ကြသည်။

ဤဝါကျနှစ်ခုတွင် ပထမဝါကျရှိ ပန်းပင်များသည် နာမ်ဖြစ်သည်။ ဒုတိယဝါကျရှိ **အချို့**သည် ပထမဝါကျရှိ ပန်းပင်အားလုံးအနက်မှ **ပန်းပင် တစ်စိတ်တစ်ဒေသ**၏အစား သုံးထားသော **နာမ်စား**ဖြစ်သည်။ ထို့ကြောင့် **အချို့** သည် **ပမာဏပြသင်္ချာနာမ်စား** ဖြစ်သည်။”[၃၄]

## ၃။ ကြိယာနာမ်

**ကြိယာ၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ အဆက်ပစ္စည်းဆက်၍ ဖြစ်လာသောနာမ်ကို ကြိယာနာမ်ဟု ခေါ်သည်။**

သာဓက – အစား၊ စားဖွယ်၊ လုပ်ဆောင်ချက်၊ ကူညီမှု၊ နေစရာ၊ ခွင့်ပြုခြင်း၊ တိုးတက်ဖို့၊ အောင်မြင်ရန်၊ ကြီးပွားရေး။

‘စား၊ လုပ်ဆောင်၊ ကူညီ၊ နေ၊ ခွင့်ပြု၊ တိုးတက်၊ အောင်မြင်၊ ကြီးပွား’ တို့သည် ကြိယာများ ဖြစ်ကြသည်။ ၎င်းတို့၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ ‘အ၊ ဖွယ်၊ ချက်၊ မှု၊ စရာ၊ ခြင်း၊ ဖို့၊ ရန်၊ ရေး’ စသော ပစ္စည်းတို့ကို ဆက်လိုက်သောအခါ ‘အစား၊ စားဖွယ်၊ လုပ်ဆောင်ချက်၊ ကူညီမှု၊ နေစရာ၊ ခွင့်ပြုခြင်း၊ တိုးတက်ဖို့၊ အောင်မြင်ရန်၊ ကြီးပွားရေး’ ဟူသော ကြိယာနာမ်များ ဖြစ်လာကြသည်။

---

[၃၄] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါ* အတွဲ (၂)၊ *အခန်း(၅)၊ နဝမတန်း* ။ ရန်ကုန်။

## ကြိယာ၏ရှေ့၌ အဆက်ပစ္စည်းထည့်၍ ဖြစ်လာသော ကြိယာနာမ်များ

| ရှေ့ဆက်ပစ္စည်း | + | ကြိယာ | = | ကြိယာနာမ် |
|---|---|---|---|---|
| အ | + | စား | = | အစား |
| အ | + | တွေး | = | အတွေး |
| အ | + | မြင် | = | အမြင် |

## ကြိယာ၏နောက်၌ အဆက်ပစ္စည်းထည့်၍ ဖြစ်လာသော ကြိယာနာမ်များ

| ကြိယာ | + | နောက်ဆက်ပစ္စည်း | = | ကြိယာနာမ် |
|---|---|---|---|---|
| စား | + | ဖွယ် | = | စားဖွယ် |
| လုပ်ဆောင် | + | ချက် | = | လုပ်ဆောင်ချက် |
| ကူညီ | + | မှု | = | ကူညီမှု |
| နေ | + | စရာ | = | နေစရာ |
| ခွင့်ပြု | + | ခြင်း | = | ခွင့်ပြုခြင်း |
| တိုးတက် | + | ဖို့ | = | တိုးတက်ဖို့ |
| အောင်မြင် | + | ရန် | = | အောင်မြင်ရန် |
| ကြီးပွား | + | ရေး | = | ကြီးပွားရေး[၁၁] |

မြန်မာဘာသာစကားတွင် နာမ်၊ နာမ်စား၊ ကြိယာနာမ်တို့ကို လိုအပ်သလိုအသုံးပြု ရေးသား ပြောဆိုခြင်းဖြင့် ဆိုလိုသည့် အနက်အဓိပ္ပာယ်ကို ထိမိပေါ်လွင်စွာ ဖော်ညွှန်းနိုင်မည် ဖြစ်ပါသည်။ သဒ္ဒါစကားလုံးတို့ကို ကျွမ်းကျွမ်း ကျင်ကျင် နားလည်ပြီး မှန်မှန်ကန်ကန် ရွေးချယ်သုံးနှုန်းတတ်မှသာ ကျစ်လျစ်ပြေပြစ်သည့် စကားနှင့် စာကို ပြောဆိုရေးသားနိုင်မည် ဖြစ်ပါသည်။

၁၁ မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၅)၊ နဝမတန်း* ။ ရန်ကုန်။

## သင်ယူမှုလုပ်ငန်း (၁)။ နာမ်အစုအကြောင်းကို မိတ်ဆက်နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာကို မသင်ကြားမီ နာမ်အစုနှင့် စပ်လျဉ်း၍ ကျောင်းသားများ ယခင်ကတည်းက သိရှိထားသည့် အသိပညာဗဟုသုတများကို ဖော်ထုတ်၊ မေးမြန်းဆွေးနွေးရင်း သင်ခန်းစာ နိဒါန်းပျိုးရန်ဖြစ်သည်။ အထူးသဖြင့် "နာမ်အစု" တွင် ပါဝင်သော နာမ်၊ နာမ်စားနှင့် ကြိယာနာမ်တို့ အကြောင်းကို ကျောင်းသားများ အကြမ်းအားဖြင့် သိရှိသွားရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ နာမ်အစုအကြောင်းကို စိတ်ကူးပုံဖော်ရေးဆွဲခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် နာမ်အစုတွင်ပါဝင်သော နာမ်၊ နာမ်စားနှင့် ကြိယာနာမ် အကြောင်းကို ခေါင်းစဉ်အလိုက် အသေးစိတ် လေ့လာကြရန်နှင့် အုပ်စုလိုက် တိုင်ပင်ဆွေးနွေးကာ ဆီလျော်သည့် သာဓကများနှင့်တကွ ယှဉ်တွဲဖော်ပြကြရန် ဖြစ်သည်။ ထိုသို့ဖော်ပြရာတွင် အုပ်စုများသည် မိမိတို့၏ ဆန်းသစ်တီထွင် ဖန်တီးမှုများဖြင့် စိတ်ကူးပုံဖော်ရေးဆွဲကြရန် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ အုပ်စုလုပ်ဆောင်ချက်များကို အတန်းသို့ မျှဝေတင်ပြခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း(၂)တွင် စိတ်ကူးပုံဖော်ရေးဆွဲခဲ့သည့် နာမ်အစုအကြောင်းကို အုပ်စုကိုယ်စားလှယ်များက အတန်းသို့ ရှင်းလင်းတင်ပြကြရန် ဖြစ်သည်။ တစ်နည်းအားဖြင့် နာမ်အစုတွင် ပါဝင်သော နာမ်၊ နာမ်စား၊ ကြိယာနာမ်နှင့် စပ်လျဉ်း၍ အုပ်စုကိုယ်စားလှယ်များက မျှဝေတင်ပြသည့် အချက်များကို ကျောင်းသားများ လေ့လာသင်ယူကြရန်ဖြစ်သည်။

# ၃.၄.၃ | ကြိယာအစု

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ကြိယာအစုအကြောင်းကို စိတ်ကူးပုံဖော် ရေးဆွဲတတ်မည်။

ကြိယာအစုတွင် ကြိယာ၊ နာမ်ပေါင်းကြိယာ၊ ကြိယာထောက်တို့ ပါဝင်ပါသည်။

**ကြိယာ**[၅၆]

**ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကို ဖော်ပြသော စကားလုံးကို ကြိယာဟု ခေါ်သည်။**

သာဓက - ပြေး၊ ကန်၊ ခွဲ၊ ချက်။/ ကွဲ၊ ကျက်၊ ပျော်၊ ဖြစ်။/ ရှိ၊ တည်ရှိ။

**(က) ကြိယာအမျိုးအစား**

ကြိယာကို အနက်အဓိပ္ပာယ်အရ (၃) မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ (၃) မျိုးခွဲသည်။

**(၁) အနက်အဓိပ္ပာယ်အရ ကြိယာ (၃) မျိုး**

အနက်အဓိပ္ပာယ်အရ ကြိယာ (၃) မျိုးမှာ ပြုခြင်းပြကြိယာ၊ ဖြစ်ခြင်းပြကြိယာ၊ ရှိခြင်းပြကြိယာတို့ ဖြစ်သည်။

(က) ပြုခြင်းပြကြိယာ - ပြုမူလှုပ်ရှားမှုကိုပြသော ကြိယာကို ပြုခြင်းပြကြိယာဟု ခေါ်သည်။ သာဓက - ရေး၊ ဖတ်၊ စား၊ ပြော။

(ခ) ဖြစ်ခြင်းပြကြိယာ - သက်ရှိသက်မဲ့တို့၏ ဖြစ်မှုအခြေအနေကို ဖော်ပြသော ကြိယာကို ဖြစ်ခြင်းပြ ကြိယာဟုခေါ်သည်။ သာဓက - ကွဲ၊ ကျက်၊ ပျော်၊ ဖြစ်။

[၅၆] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

(ဂ) ရှိခြင်းပြကြိယာ - လူ၊ နေရာဒေသ၊ အရာဝတ္ထုစသည်တို့ ရှိနေခြင်း၊ တည်ရှိနေခြင်းကို ပြသော ကြိယာကို ရှိခြင်းပြကြိယာဟု ခေါ်သည်။ သာဓက - ရှိ၊ တည်ရှိ။

## (၂) ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာ(၃)မျိုး[၅၇]

ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာ(၃)မျိုးမှာ ပင်ကိုကြိယာ၊ ဂုဏ်ရည်ပြကြိယာ၊ ပေါင်းစပ်ကြိယာတို့ဖြစ်သည်။

(က) **ပင်ကိုကြိယာ** - မြန်မာသဒ္ဒါနည်းဖြင့် ခွဲစိတ်၍လည်းမရ၊ ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်း မဟုတ်၊ မူလအတိုင်းဖြစ်သော ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကိုပြသော ကြိယာကိုပင်ကို ကြိယာဟု ခေါ်သည်။

သာဓက - စား၊ ဆင်း၊ ရှိ၊ ဖြစ်၊ ကစား၊ သနား၊ ကဲ့ရဲ့၊ ရိုသေ။

စကားလုံးတစ်လုံး (သို့မဟုတ်) ပုဒ်တစ်ခုကို ခွဲစိတ်လိုက်လျှင် ထိုစကားလုံး၏ မူလအနက် အဓိပ္ပာယ် ပျက်သွားသည်ကို **'ခွဲစိတ်၍မရ'** ဟု ဆိုလိုခြင်းဖြစ်သည်။ ကစား၊ သနား စသည့် စကားလုံးတို့ကို **'ကနှင့်စား'**၊ **'သနှင့်နား'** ခွဲစိတ်လိုက်ပါက မူလအနက် အဓိပ္ပာယ်ဖြစ်သည့် **'ကစား'** နှင့် **'သနား'** ဟူသည့် အနက်အဓိပ္ပာယ် ရှိတော့မည်မဟုတ်ဘဲ ပျက်သွားမည်ဖြစ်သည်။ ထို့ကြောင့် **ကစားနှင့် သနား**တို့သည် **ပင်ကိုကြိယာများ** ဖြစ်ကြသည်။

**(ခ) ဂုဏ်ရည်ပြကြိယာ** - ဂုဏ်အရည်အချင်းပြပုဒ်များ၏ နောက်၌ ကြိယာနောက်ဆက်ကို ဆက်ခြင်းဖြင့် ဖြစ်လာသောကြိယာကို ဂုဏ်ရည်ပြကြိယာဟု ခေါ်သည်။

| **သာဓက - ဂုဏ်အရည်အချင်းပြပုဒ်** | + | **ကြိယာနောက်ဆက်** | = | **ဂုဏ်ရည်ပြကြိယာ** |
|---|---|---|---|---|
| ချို | + | ၏ | = | ချို၏။ |
| လှ | + | သည် | = | လှသည်။ |
| သာယာ | + | ၏ | = | သာယာ၏။ |

[၅၇] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၃)၊ သဒ္ဒာမတန်း* ။ ရန်ကုန်။

**(ဂ) ပေါင်းစပ်ကြိယာ** - ပုဒ်တို့ကို ပေါင်းစပ်ပြီးနောက် ကြိယာနောက်ဆက် ဆက်ထားသော ကြိယာကို ပေါင်းစပ်ကြိယာဟု ခေါ်သည်။

**သာဓက - ကြိယာ + ကြိယာ + ကြိယာနောက်ဆက်= ပေါင်းစပ်ကြိယာ**

ပြော + ဆို + သည်/၏ = ပြောဆိုသည်/ပြောဆို၏။

စား + သောက် + သည်/၏ = စားသောက်သည်/စားသောက်၏။

**သာဓက - နာမ် + ကြိယာ +ကြိယာနောက်ဆက် = ပေါင်းစပ်ကြိယာ**

စာ + ရေး + သည်/၏ = စာရေးသည်/ စာရေး၏။

ထမင်း + စား + သည်/၏ = ထမင်းစားသည်/ထမင်းစား၏။

**သာဓက - နာမ်အထူးပြု + ကြိယာ + ကြိယာနောက်ဆက် = ပေါင်းစပ်ကြိယာ**

နိမ့် + ကျ + သည်/၏ = နိမ့်ကျသည်/ နိမ့်ကျ၏။

မြင့် + တက် + သည်/၏ = မြင့်တက်သည် / မြင့်တက်၏။

**သာဓက - နာမ်အထူးပြု + နာမ်အထူးပြု + ကြိယာနောက်ဆက် = ပေါင်းစပ်ကြိယာ**

ကောင်း + မြတ် + သည်/၏ = ကောင်းမြတ်သည်/ ကောင်းမြတ်၏။

လျှင် + မြန် + သည်/၏ = လျှင်မြန်သည်/လျှင်မြန်၏။

**ကာလ**[၃၈]

**ကာလဟူသည်မှာ ကြိယာ၏ ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းနှင့်ဆိုင်သော အချိန်ကို ပြသည်။** မြန်မာဘာသာ၌ ကြိယာနှင့် စပ်ဆိုင်သော ကာလ (၃) ပါးရှိသည်။ ၎င်းတို့မှာ ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလ၊ အနာဂတ်ကာလတို့ ဖြစ်ကြသည်။

**(၁) ပစ္စုပ္ပန်ကာလ -** ပြုဆဲ၊ ဖြစ်ဆဲ၊ ရှိဆဲ အချိန်အခါသည် **ပစ္စုပ္ပန်ကာလ** ဖြစ်သည်။

သာဓက - ယနေ့ နေပူ**သည်**။ / ယနေ့ နေပူ**၏**။ / ဆရာဝန် လာ**ပြီ**။

ဤဝါကျ (၃) ခု၌ ပါဝင်သော **သည်၊ ၏၊ ပြီ** နောက်ဆက်တို့သည် ကြိယာ၏ **ပစ္စုပ္ပန်ကာလ**ကို ပြသည်။

---

[၃၈] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၁)၊ ပဉ္စမတန်း* ။ ရန်ကုန်။

**(၂) အတိတ်ကာလ -** ပြုခဲ့၊ ဖြစ်ခဲ့၊ ရှိခဲ့ပြီးသောအချိန်အခါသည် **အတိတ်ကာလ** ဖြစ်သည်။

**သာဓက -** မနေ့က နေပူ**သည်**။ / မနေ့က နေပူ**၏**။ / ဆရာဝန် ပြန်သွား**ပြီ**။

ဤဝါကျ (၃) ခု၌ ပါဝင်သော **သည်၊ ၏၊ ပြီ** နောက်ဆက်တို့သည် ကြိယာ၏ **အတိတ်ကာလ**ကို ပြသည်။

(၃) **အနာဂတ်ကာလ** - ပြုအံ့၊ ဖြစ်အံ့၊ ရှိအံ့သော အချိန်အခါသည် **အနာဂတ်ကာလ** ဖြစ်သည်။

**သာဓက -** ဆရာ မနက်ဖန် ပြန်ရောက်**မည်**။ / မိုးကောင်းလျှင် စပါးအောင်**အံ့**။ / ဤသို့ပြုလျှင် အများက ကဲ့ရဲ့ကြ**လတ္တံ့**။

ဤဝါကျ(၃)ခု၌ပါဝင်သော**မည်၊အံ့၊လတ္တံ့ နောက်ဆက်**တို့သည်ကြိယာ၏**အနာဂတ်ကာလ**ကို ပြသည်။

**သည်၊ ၏၊ ပြီ** နောက်ဆက်တို့ကို 'ပစ္စုပ္ပန်ကာလပြ ကြိယာနောက်ဆက်၊ အတိတ်ကာလပြ ကြိယာနောက်ဆက်' ဟူ၍ သတ်သတ်မှတ်မှတ် သုံးစွဲခြင်း မရှိချေ။ ဝါကျ၏ ဆိုလိုသည့် အဓိပ္ပာယ်နှင့် ဝါကျ၌ပါဝင်သော အချိန်ပြပုဒ်ကို ထောက်၍ **ပစ္စုပ္ပန်နှင့်အတိတ်**ကို ခွဲခြားနိုင်ခြင်း ဖြစ်သည်။

**နာမ်ပေါင်းကြိယာ**[၁၉]

| |
|---|
| **နာမ်နှင့်ကြိယာ ပူးကပ်ထားသည့် စကားလုံးကို နာမ်ပေါင်းကြိယာဟု ခေါ်သည်။** |

**သာဓက -** ဘောလုံးကန်၊ ရေကူး၊ စာရေး၊ စာဖတ်၊ သီချင်းဆို၊ ရေလောင်း၊ ပေါင်းသင်၊ ထမင်းစား။

(၁) သူ၏<u>**ခြေ**</u>(သည်) ကျိုး၏။ (နာမ်)

(၂) သူ <u>**ခြေ**</u>ကျိုး၏။ (နာမ်ပေါင်းကြိယာ၏ အစိတ်အပိုင်း) **=** သူ(သည်) <u>**ခြေကျိုး**</u>၏။ (နာမ်ပေါင်းကြိယာ)

၁၉ ဖေမောင်တင်၊ ဦး။ (၁၉၅၅)။ *ကျောင်းသုံးမြန်မာသဒ္ဒါ*။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

**'သူ၏<u>ခြေ</u>(သည်) ကျိုး၏။'** ဟူသောဝါကျ၌ **'သူ၏ <u>ခြေ</u>(သည်)'** သည် ထိုဝါကျ၏ ကတ္တားပုဒ် ဖြစ်သည်။ တစ်နည်းအားဖြင့် **'သူ၏ <u>ခြေ</u>'**တွင် ပါဝင်သော **'ခြေ'** သည် နာမ်ဖြစ်သည်။ သို့ရာတွင် **'သူ ခြေကျိုး၏။'** ဟူသောဝါကျ၌ **'ခြေ ကျိုး၏'** သည် ကြိယာပုဒ် ဖြစ်သည်။ **'<u>ခြေ</u> ကျိုး'** တွင် ပါဝင်သော '**ခြေ**' သည် နာမ်မဟုတ်တော့ပါ။ **'ခြေ'**(နာမ်) နှင့် **'ကျိုး၏'** (ကြိယာ)တို့ ပေါင်း၍ဖြစ်သော "**<u>ခြေကျိုး၏</u>**" ဟူသော **နာမ်ပေါင်းကြိယာ၏ အစိတ်အပိုင်း** ဖြစ်သည်။ "**ခြေကျိုး၏'** သည် **နာမ်ပေါင်းကြိယာ** ဖြစ်သည်။

(၁) **<u>ထမင်း</u>**ကို စား၏။ (နာမ်)

(၂) **<u>ထမင်း</u>**စား၏။ (နာမ်ပေါင်းကြိယာ၏ အစိတ်အပိုင်း)/**ထမင်းစား=နာမ်ပေါင်းကြိယာ**

**'ထမင်းစား**၏' ဟူသောဝါကျသည် **'ထမင်း<u>ကို</u>စား၏။'** ဟု ဆိုလိုသည်။ **'**ထမင်း<u>ကို</u>စား၏။**'** ဟူသောဝါကျတွင် **'**ထမင်း**'**သည် နာမ်ဖြစ်သည်။ သို့သော် **'**ထမင်းစား၏**'** ဟူသော ဝါကျတွင် **'**ထမင်း**'**သည် နာမ်မဟုတ်တော့ပေ။ **'**ထမင်း**'**၏ နောက်တွင်ဆက်ထားသော နာမ် နောက်ဆက်**'ကို'**သည် ကျေ(မြုပ်)သွားပြီး **'**ထမင်း**'**(နာမ်) နှင့် **'**စား၏**'**(ကြိယာ) တို့ပေါင်း၍ **'ထမင်းစား၏'** ဟု နာမ်ပေါင်းကြိယာ ဖြစ်သွားသည်။ **'ထမင်းစား၏'** တွင် ပါဝင်သော 'ထမင်း'သည် '**<u>ထမင်း</u>စား**' ဟူသော **နာမ်ပေါင်းကြိယာ၏ အစိတ်အပိုင်းသာ** ဖြစ်သည်။ '**ထမင်းစား၏'**သည် **နာမ်ပေါင်းကြိယာ** ဖြစ်၏။

'ရေ<u>တွင်</u>ကူးသည်။ ကျောင်း<u>မှာ</u>နေသည်။' ဟူသော ဝါကျတို့တွင်လည်း 'တွင်၊ မှာ' ဟူသည့် နောက်ဆက်များ ကျေသွားပြီး 'ရေကူး၊ ကျောင်းနေ' ဟူသည့် နာမ်ပေါင်း ကြိယာများ ဖြစ်လာသည်။ အချို့သော နာမ်ပေါင်း ကြိယာတို့သည် နာမ်နှင့်ကြိယာ၏ အနက်ရင်းထက် ကျယ်ဝန်းသော အဓိပ္ပာယ် ရှိသည်။ 'ဝမ်းမြောက်သည်' ဟုဆိုရာ၌ ဝမ်းသည် တည်မြဲနေရာမှ အထက်သို့ တက်သွားသည်မဟုတ်ဘဲ ရွှင်လန်းသည်ဟု ဆိုလိုသည်။

| **နာမ် + ကြိယာ** | **နာမ်ပေါင်းကြိယာ** |
|---|---|
| စာ+(သင်၊ရေး၊ဖတ်၊ကူး၊ကျက်၊ပြန်၊ရ) | စာသင်၊ စာရေး၊ စာဖတ်၊ စာကူး၊ စာကျက်၊ စာပြန်၊ စာရ |
| ထမင်း+(ချက်၊ကျက်၊ခူး၊စား၊ကျွေး) | ထမင်းချက်၊ ထမင်းကျက်၊ ထမင်းခူး၊ ထမင်းစား၊ ထမင်းကျွေး |

## ကြိယာထောက်[၆၀]

**ကြိယာ၏ နောက်ကနေ၍ ကြိယာ၏အဓိပ္ပာယ်ကို ကူညီထောက်ပံ့ပေးသော စကားလုံးကို ကြိယာထောက်ဟု ခေါ်သည်။**

**သာဓက -** နေ၊ ဖူး၊ နိုင်၊ မိ၊ တတ်၊ ရက်၊ ဝံ့၊ ခဲ့၊ လိုက်၊ တော့၊ ပါ။

## ကြိယာထောက်များ[၆၁]

ကြီးကြီးသည် ဤအိမ်မှာ**နေ**သည်' ဟု ဆိုရာ၌ 'နေ' သည် 'တည်ရှိသည်' ဟု အနက်ရ ကြောင်း အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် 'တည်ရှိသည်' ဟုအနက်ရသည့် သီးခြား ကြိယာ ဖြစ်သည်။ 'ကြီးကြီးအိပ်**နေ**သည်' ဟု ဆိုရာ၌ သီးခြားကြိယာသည် 'အိပ်' ဖြစ်သည်။ 'နေ'မှာ 'အိပ်' ကဲ့သို့ သီးခြား ကြိယာ မဟုတ်တော့ချေ။ **'နေ'** သည် 'အိပ်' နောက်ကနေ၍ 'အိပ်' ၏ အဓိပ္ပာယ် ကျယ်ဝန်းလာအောင် မိမိအနက်အားဖြင့် ထောက်ပံ့ပေးနေသော **ကြိယာထောက်** ဖြစ်သည်။ **'အိပ်နေ'** ၌ **'အိပ်'** နှင့် **'နေ'** တို့၏ အနက်နှစ်ခုလုံး ပါဝင်သည်။ **'အိပ်လျက် ရှိနေသည်'** ဟု ဆိုလိုသည်။ ထို့ကြောင့် **'နေ'** သည် **'အိပ်'** ၏ **ကြိယာထောက်** ဖြစ်သည်။ **'အိပ်နေ'** ၌ **'နေ'** သည် **'အိပ်'** ကို ထောက်ပံ့သကဲ့သို့ စားနေ၊ ပြေးနေ၊ လာနေ၊ ထိုင်နေ အစရှိသည်၌လည်း **'နေ'** သည် စား၊ ပြေး၊ လာ၊ ထိုင် ကြိယာတို့၏ အနက်အဓိပ္ပာယ်ကို ထောက်ပံ့ပေးသည်။

အချို့သော ကြိယာစကားလုံးများကို ကြိယာထောက်အဖြစ် အသုံးပြုနိုင်သည်။ ကြိယာထောက်များမှာ -

| | | |
|---|---|---|
| **ကောင်း**- | မဆိုး၊ သင့်သည့်အနက် | = ဤအသီးကား စားကောင်း၏။ |
| **ကြည့်** | - စူးစမ်းသည့်သဘောပြသည့်အနက် | = ဟင်းအရသာ မြည်းကြည့်ပါ။ |
| **ခဲ** | - မလွယ်သည့်အနက် | = ပညာရှိကို တွေ့ခဲ၏။ |
| **ခဲ့** | **-** ဖြစ်ပြီးကာလ၌သော်လည်းကောင်း၊ | = ငါသည်သင့်ကို ဤသို့ ပြောခဲ့ဘူးလေပြီ။ |
| | - ဖြစ်လတ္တံ့ကာလ၌သော်လည်းကောင်း | = ဈေးမှ ခဲတံ ဝယ်ခဲ့ပါ။ |

---

[၆၀] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

[၆၁] ဖေမောင်တင်၊ ဦး။ (၁၉၅၅)။ *ကျောင်းသုံးမြန်မာသဒ္ဒါ* ။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

**- ပြီးမြောက်စေခြင်းအနက်**

| | | |
|---|---|---|
| **ချင်** | - အလိုရှိသည့်အနက် | = ကျွန်တော် လာချင်သည်။ |
| **စေ** | - ကြိယာဆောင်ရွက်ဖြစ်အောင် ပြုလုပ်သည့်၊ ခွင့်ပြုသည့်အနက် | = သူတို့ကို လာစေ၏။ |
| **စမ်း** | - သုံးသပ်သည့်အနက် | = ကဗျာရေးစမ်းသည်။ (စမ်းရေးဟု အသုံးများ) |
| | - ကြိယာဆောင်ရွက်ဖြစ်အောင် တိုက်တွန်းသောအနက် | = ပြောစမ်း။ |
| **တတ်** | - ကျွမ်းကျင်သည့်အနက် | = စာဖတ်တတ်သည်။ |
| | **- အကျင့်ဓလေ့ကို ပြခြင်းအနက်** | = ခွေးကိုက်တတ်သည်။ |
| **ထား** | - ကြိုတင်၍ ပြီးအောင်လုပ်သည့်အနက် | = စာသင်ခန်းသို့ မလာမီ စာဖတ်ထားပါ။ |
| **ထိုက်** | - တန်သည့်အနက် | = ဤဝတ်လုံကို သင်ဝတ်ထိုက်၏။ |
| **နေ** | - ဆက်လက်လုပ်ကိုင်လျက်ရှိသည့်အနက် | = ဘိုးဘိုးအိပ်နေသည်။ |
| **နိုင်** | - အောင်သည့်၊ စွမ်းသည့်အနက် | = ကလေးထနိုင်ပြီ။ |
| **နှင့်** | - တင်ကြိုပြုသည့်အနက် | = ငါ သွားနှင့်မည်။ |
| **ပါ** | - ယဉ်ကျေးသိမ်မွေ့သည့်အနက် | = ကျေးဇူးတင်ပါတယ်။ |
| **ပိုင်** | - ပြုလုပ်ခွင့် ရှိသည့်အနက် | = သူတို့သည် ဤအိမ်၌ နေပိုင်၏။ |
| **ပစ်** | - မထောက်မညှာ ပြုသည့်အနက် | = သူ့ကို စိတ်ဆိုး၍ ခေါင်းကို ထုပစ်သည်။ |
| **ပြန်** | - တဖန်ပြုလုပ်သည့်အနက် | = သူ စိတ်ကောက်ပြန်ပြီ။ |
| **ဖူး** | - တွေ့ကြုံဖြစ်ပျက်ပြီးသည့်အနက် | = ကျွန်တော်တို့ ငပလီသို့ ရောက်ဖူးသည်။ |
| **ဖြစ်** | - တကယ်ဟုတ်သည့်အနက် | = မင်းသွားဖြစ်သလား။ |
| **မိ** | - မပြုသင့်ဘဲ ပြုသည့်အနက် | = မတည့်သောအစာကို စားမိသည်။ |
| | - ထိထိရောက်ရောက်အနက် | = ငါ မှတ်မိသည်။ |
| **မြဲ** | - ရှေးကအတိုင်းဆက်လက်ပြုသည့်အနက် | = သူ လေ့ကျင့်ခန်း လုပ်မြဲလုပ်သည်။ |
| **ရ** | - မလွဲသာသည့်အနက် | = ယနေ့သွားရမည်။ |

| | | |
|---|---|---|
| | - အခွင့်အရေးရှိသည့်အနက် | = အစားကောင်းကို စားရသည်။ |
| **ရာ** | - ပြုသင့်သည့်အနက် | = ကျောင်းသားတို့သည် ကောင်းစွာ သင်ယူရာ၏။ |
| **ရဲ** | - မကြောက်သည့်အနက် | = တောနက်ထဲသို့ တစ်ယောက်တည်း သွားရဲသည်။ |
| **ရက်** | - ငဲ့ညှာခြင်းမရှိသည့်အနက် | = ဤသို့ သူပြောရက်သည်။ |
| **လာ** | - အစပြုသည့်အနက် | = နေထွက်လာပြီ။ |
| **လို** | - ဆန္ဒရှိသည့်အနက် | = သူ့ကို ငါတောင်းပန်လိုသည်။ |
| **လိုက်** | - ပြီးမြောက်အောင် ပြုလုပ်သည့်အနက် | = စာအုပ်ကို ထည့်ပေးလိုက်သည်။ |
| **လောက်**-လိုသမျှ ပြည့်စုံသည့်အနက် | | = နှစ်ယောက် စားလောက်သည်။ |
| **လွယ်** | - မခက်သည့်အနက် | = မြို့မှာ အလုပ်ရလွယ်သည်။ |
| **လှည့်** | - ပြောဆိုသူထံ လာသည့်အနက် | = ဒီကို လာလှည့်။ |
| **ဝံ့** | - ဆောင်ရွက်ရန် ရဲရင့်သည့်အနက် | = အမှန်တရားကို ရင်ဆိုင်ဝံ့သည်။ |
| **သာ** | - နေရာလောက်သည့်အနက် | = ဤနေရာမှာ ထိုင်သာသည်။ |
| **သင့်** | - တော်သည် လျော်သည့်အနက် | = ဒီစကားကို မပြောသင့်ဘူး။ |

ကြိယာထောက်တို့သည် ကြိယာ၏ နောက်ကနေ၍ ကြိယာ၏ အဓိပ္ပာယ်ကို ကူညီထောက်ပံ့ပေးလျက်ရှိရာ **'စား'** ဟူသည့် ကြိယာတစ်လုံးတည်းကိုပင် မတူကွဲပြား သည့် ကြိယာထောက် အမျိုးမျိုးတို့ဖြင့် တွဲစပ်လိုက်သောအခါ **'**စားကောင်းသည်။ စားကြည့်သည်။ စားချင်သည်။ စားတတ်သည်။ စားထားသည်။ စားထိုက်သည်။ စားနေသည်။ စားနိုင်သည်။ စားနှင့်သည်။ စားပစ်သည်။ စားပြန်သည်။ စားဖူးသည်။ စားဖြစ်သည်။ စားမိသည်။ စားရသည်။ စားရဲသည်။ စားရက်သည်။ စားလိုသည်။ စားလိုက်သည်။ စားလောက်သည်။ စားဝံ့သည်။ စားသာသည်။ စားသင့်သည်။**'** ဟူသည့် ကြိယာများဖြစ်လာပြီး ကြိယာတစ်လုံးနှင့်တစ်လုံး အနက်အဓိပ္ပာယ် မတူညီ၊ လုံးဝခြားနားသော ကြိယာများ ရရှိလာသည်။ ထို့ကြောင့် ကြိယာအစုတွင်ပါဝင်သော ကြိယာ၊ နာမ်ပေါင်း ကြိယာနှင့် ကြိယာထောက်တို့ကို မှန်ကန်စွာ အသုံးချတတ်ခြင်းသည် စကားပြောရာတွင်လည်းကောင်း၊ စာရေးရာတွင်လည်းကောင်း မိမိ၏ ဆိုလိုချက်ကို မှန်ကန်ပြည့်စုံစွာဖော်ပြနိုင်ခြင်း၊ သူတစ်ပါး၏ ပြောဆိုရေးသားချက်ကိုလည်း တိကျမှန်ကန်စွာ နားလည်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သောကြောင့် အထူးပင်အရေးပါလှပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ ကြိယာအစုအကြောင်းကို လေ့လာခြင်း

ဤသင်ယူမှု လုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ကြိယာအစု အကြောင်းကို အခြေခံအားဖြင့် နားလည်သဘောပေါက်အောင် ဖြတ်ဆက်နည်းသုံး၍ သင်ယူလေ့လာကြရန် ဖြစ်သည်။ တစ်နည်းဆိုသော် ကြိယာအစု၏အပိုင်း သုံးပိုင်းဖြစ်သော (၁) ကြိယာ (၂)နာမ်ပေါင်း ကြိယာ (၃) ကြိယာထောက်အနက် ကျောင်းသားတစ်ဦးလျှင် တစ်ပိုင်းကျစီ လေ့လာဖတ်ရှုခြင်း၊ အချင်းချင်းဆွေးနွေးခြင်းတို့ဖြင့် သင်ယူကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ကြိယာအစုတွင်ပါဝင်သော အပိုင်းများကို စိတ်ကူးပုံဖော် ရေးဆွဲခြင်း

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ ကြိယာအစု၏အပိုင်း သုံးပိုင်းဖြစ်သော ကြိယာ၊ နာမ်ပေါင်းကြိယာနှင့် ကြိယာထောက်တို့အကြောင်းကို ကျောင်းသားများ ပိုမိုနားလည်သွားရန် အုပ်စုလိုက် စိတ်ကူးပုံဖော်ရေးဆွဲ ခြင်းနည်းဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။

# ၃.၄.၄ | အထူးပြုအစု

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အထူးပြုအစုတွင်ပါဝင်သော နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့ကို ခွဲခြား ဖော်ပြတတ်မည်။

အထူးပြုအစုတွင် နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့ ပါဝင်သည်။

## နာမ်အထူးပြု

| နာမ်ကို အထူးပြုသောပုဒ်ကို နာမ်အထူးပြုဟု ခေါ်သည်။ |
|---|

**သာဓက -** လိမ္မာသော၊ လိမ္မာတဲ့၊ စားမည့်၊ စားတဲ့၊ စားမဲ့။

မသီတာသည် **လိမ္မာသော** ကျောင်းသူ ဖြစ်သည်။ **(ရေးဟန်)**

မသီတာဟာ **လိမ္မာတဲ့** ကျောင်းသူ ဖြစ်တယ်။ **(ပြောဟန်)**

ဤဝါကျ၌ **လိမ္မာသော** ဟူသည့်ပုဒ်သည် **ကျောင်းသူ**ဟူသောနာမ်ကို အထူးပြုသည်။ ဤသို့ နာမ်ကို အထူးပြုသည့်ပုဒ်ကို **နာမ်အထူးပြု**ဟု ခေါ်သည်။ ထို့ကြောင့် **လိမ္မာသော** သည် နာမ်အထူးပြုဖြစ်၍ **ကျောင်းသူ**သည် **အထူးပြုခံနာမ်** ဖြစ်သည်။

**နာမ်အထူးပြု အမျိုးမျိုး**[၆၂]

၁။ သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြု

**နာမ်အထူးပြု → အထူးပြုခံနာမ်**

| | | | | | | |
|---|---|---|---|---|---|---|
| မွန်မြတ် + | သော | = | **မွန်မြတ်သော** | → | ဒါန | = **မွန်မြတ်သော** ဒါန |
| ရဲရင့် + | သည့် | = | **ရဲရင့်သည့်** | → | စစ်သူကြီး | = **ရဲရင့်သည့်** စစ်သူကြီး |
| ထူးချွန် + | မည့် | = | **ထူးချွန်မည့်** | → | ကျောင်းသား | = **ထူးချွန်မည့်**ကျောင်းသား |
| ကောင်း + | တဲ့ | = | **ကောင်းတဲ့** | → | သတင်း | = **ကောင်းတဲ့**သတင်း |
| စား + | မဲ့ | = | **စားမဲ့** | → | ထမင်း | = **စားမဲ့**ထမင်း |

**ရိုင်းစိုင်းသော** အပြုအမူကို မပြုလုပ်သင့်ပါ။ / - **ယဉ်ကျေးသည့်** လူငယ်များဖြစ်အောင် ပြုမူနေထိုင်ရမည်။

**ထူးချွန်မည့်** နိုင်ငံသားကောင်းများ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်။

---

[၆၂] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန် မြန်မာစာ၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

**ကြိုးစားရိုးသားတဲ့** သူ ဖြစ်ဖို့ လိုပါတယ်။ / - **လျှောက်လှမ်းမဲ့** ခရီးလမ်း ဖြောင့်တန်းပါစေ။

(အပြောစကားတွင် **သည့်** အစား **တဲ့** ကိုလည်းကောင်း၊ **မည့်** အစား **မဲ့** ကိုလည်းကောင်း သုံးသည်။)

## ၂။ က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့ စသည့် စကားလုံးများပါသည့် နာမ်အထူးပြု

**နာမ်အထူးပြု → အထူးပြုခံနာမ်**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပြင်ဦးလွင် | + | က | = | **ပြင်ဦးလွင်က** | → | သစ်ခွခြံ | = | **ပြင်ဦးလွင်က**သစ်ခွခြံ |
| မူမူ | + | ၏ | = | **မူမူ၏** | → | ဖေဖေ | = | **မူမူ၏**ဖေဖေ (**မူမူ့**ဖေဖေ) |
| သူ | + | ရဲ့ | = | **သူရဲ့** | → | စာအုပ် | = | **သူရဲ့**စာအုပ် (**သူ့**စာအုပ်) |
| ဦးထုပ် | + | နှင့် | = | **ဦးထုပ်နှင့်** | → | ကလေး | = | **ဦးထုပ်နှင့်**ကလေး |
| မျက်မှန် | + | နဲ့ | = | **မျက်မှန်နဲ့** | → | လူ | = | **မျက်မှန်နဲ့**လူ |

**၏၊ ရဲ့** ဟူသော နောက်ဆက် စကားလုံးများအစား အောက်မြစ် **( ့ )**ကိုသုံးနိုင်သည်။ **သူရဲ့** စာအုပ်အစား **သူ့**စာအုပ်၊ **မူမူ၏**ဖေဖေအစား **မူမူ့**ဖေဖေဟု သုံးနိုင်သည်။

- **မိုးကုတ်က** ပတ္တမြားသည် အရည်အသွေးကောင်းမွန်၍ ထင်ရှားသည်။
- **နီနီ၏** အစ်မသည် ရီရီ ဖြစ်သည်။ (**နီနီ့ အစ်**မသည် ရီရီ ဖြစ်သည်။)
- **မင်းရဲ့**စာအုပ်ကို ခဏ ငှားပါ။ (**မင့်**စာအုပ်ကို ခဏ ငှားပါ။)
- **ဦးထုပ်နှင့်**ကလေးသည် ကစားနေသည်။ / - **မျက်မှန်နဲ့**လူက စာရေးဆရာဖြစ်တယ်။

(အပြောစကားတွင် **၏** အစား **ရဲ့** ကိုလည်းကောင်း၊ **နှင့်** အစား **နဲ့** ကိုလည်းကောင်း သုံးသည်။)

## ၃။ သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက်စကားလုံးများမပါသည့် နာမ်အထူးပြု

နောက်ဆက် စကားလုံးများ မပါသည့် နာမ်အထူးပြုများကို သာဓကများနှင့်တကွ အောက်တွင် ဖော်ပြထားသည်။

| | | | | |
|---|---|---|---|---|
| | **နာမ်အထူးပြု** | → | **အထူးပြုခံနာမ်** | |
| **(က) နာမ် → နာမ်** | စာစီစာကုံး | → | ပြိုင်ပွဲ | = **စာစီစာကုံး**ပြိုင်ပွဲ |
| | ကဗျာ | → | စာအုပ် | = **ကဗျာ**စာအုပ် |
| | စိန် | → | လက်စွပ် | = **စိန်**လက်စွပ် |
| | **အထူးပြုခံနာမ်** | ← | **နာမ်အထူးပြု** | |
| **နာမ် ← နာမ်** | ပန်း | ← | အကုံး | = ပန်း**ကုံး** |
| | မုန့် | ← | လက်ကောက် | = မုန့်**လက်ကောက်** |
| | တောင် | ← | ကလပ် | = တောင်**ကလပ်** |

| | | | | |
|---|---|---|---|---|
| | **အထူးပြုခံနာမ်** | ← | **နာမ်အထူးပြု** | |
| **(ခ) နာမ် ← ကြိယာ** | လက်ဖက် | ← | သုပ် | = လက်ဖက်**သုပ်** |
| | သောက်ရေ | ← | သန့် | = သောက်ရေ**သန့်** |
| | ရေနွေး | ← | ကြမ်း | = ရေနွေး**ကြမ်း** |

| | | | | |
|---|---|---|---|---|
| | **နာမ်အထူးပြု** | → | **အထူးပြုခံနာမ်** | |
| **ကြိယာ → နာမ်** | ချိုး | → | ရေ | = **ချိုး**ရေ |
| | ချက် | → | နို့ဆီ | = **ချက်**နို့ဆီ |
| | ခေါက် | → | မုန့် | = **ခေါက်**မုန့် |

| | | | | |
|---|---|---|---|---|
| | **နာမ်အထူးပြု** | → | **အထူးပြုခံနာမ်** | |
| **(ဂ) ကြိယာနာမ် → နာမ်** | အပြေး | → | ပြိုင်ပွဲ | = **အပြေး**ပြိုင်ပွဲ |
| | လျှော်စရာ | → | အဝတ် | = **လျှော်စရာ**အဝတ် |
| | စားရန် | → | ထမင်း | = **စားရန်**ထမင်း |

**(ဃ) အသာလွန်ဆုံးအဆင့်နာမ်အထူးပြု**

| | | |
|---|---|---|
| **နာမ်အထူးပြု** | → **အထူးပြုခံနာမ်** | |
| အထူးချွန်ဆုံး | → ကျောင်းသား | = **အထူးချွန်ဆုံး**<u>ကျောင်းသား</u> |
| အလိမ္မာဆုံး | → သမီး | = **အလိမ္မာဆုံး**<u>သမီး</u> |
| အချိုသာဆုံး | → ဈေးနှုန်း | = **အချိုသာဆုံး**<u>ဈေးနှုန်း</u> |

**၄။ ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း၊ ဟို၊ ဒီ ဟူသော အညွှန်းနာမ်အထူးပြု**

| | | |
|---|---|---|
| **အညွှန်းနာမ်အထူးပြု** | → | **အညွှန်းခံနာမ်** |
| **ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း၊ ဟို၊ ဒီ** | → | ဈေး |

- ဈေးသည် ကျွန်တော်တို့ အိမ်အနီးတွင် ရှိသည်။ **ထို**<u>ဈေး</u>သို့ ဘကြီး နေ့စဉ် ဈေးသွားဝယ်ပါသည်။
- **ဟို**<u>စားပွဲ</u>မှာ ထိုင်ကြရအောင်။
- **ဒီ**<u>စာအုပ်</u>ကို လူတော်တော်များများ ကြိုက်ကြတယ်။

**၅။ မည်သည့်၊ မည်မျှ၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက်ဟူသော အမေးနာမ်အထူးပြု**

| | | |
|---|---|---|
| **အမေးနာမ်အထူးပြု** | → | **အထူးပြုခံနာမ်** |
| **မည်သည့်၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို** | → | စာပေ |

- **မည်သည့်** <u>စာပေ</u>ကို ကျောင်းသားများ ဖတ်သင့်သနည်း။
- **မည်သို့သော** အမှုကိုပြုလျှင် အကျိုးထူး ရမည်နည်း။ / - **ဘာ**<u>ဟင်း</u> ချက်သလဲ။
- ကျွန်တော်တို့ **ဘယ်**<u>ကား</u>စီးရမှာလဲ။ / - မင်း **ဘယ်လို**<u>အရောင်</u>ကို အကြိုက်ဆုံးလဲ။

| | | |
|---|---|---|
| **အထူးပြုခံနာမ်** | → | **အမေးနာမ်အထူးပြု** |
| ကျောင်းသား | → | မည်မျှ၊ ဘယ်လောက် |

- ယနေ့ <u>ကျောင်းသား</u> **မည်မျှ** လာသနည်း။ / - <u>ပရိသတ်</u> **ဘယ်လောက်** လာသလဲ။

## ၆။ သင်္ချာနာမ်အထူးပြု

**အရေအတွက်၊ ပမာဏ၊ အစဉ်၊ အကြိမ်တို့ကိုပြသည့် သင်္ချာနာမ်အထူးပြုများမှာ တစ်၊ နှစ်၊ သုံး။ အချို့၊ အားလုံး၊ အလုံးစုံ။ ပထမ၊ ဒုတိယ၊ တတိယ။ (၅)နှစ်မြောက်၊ တတိယအကြိမ်** တို့ဖြစ်ကြသည်။

**(က) သုံးယောက်၊ (၁၀) ခု၊ အကောင်(၂၀) ဟူသော အရေအတွက်ပြ သင်္ချာနာမ်အထူးပြု**

**အထူးပြုခံနာမ် ← အရေအတွက်ပြ သင်္ချာနာမ်အထူးပြု**

- ကလေး **(၅)ယောက်** ကစားနေသည်။ / - အခန်းထဲတွင် စားပွဲ **(၃) လုံး** ရှိသည်။
- ကျောင်းဝိုင်းထဲတွင် သရက် **အပင်(၂၀)** စိုက်ထားသည်။

**(ခ) အမြောက်အမြား၊ အများ၊ များစွာသော၊ အချို့၊ အချို့သော၊ ခပ်သိမ်း၊ ခပ်သိမ်းသော၊ အားလုံး၊ အားလုံးသော ဟူသည့် ပမာဏပြ သင်္ချာနာမ်အထူးပြု**

**အထူးပြုခံနာမ် ← ပမာဏပြ သင်္ချာနာမ်အထူးပြု**

ခရီးသည် ← အမြောက်အမြား၊ အများ၊ အချို့၊ ခပ်သိမ်း၊ အားလုံး

- မှတ်တိုင်တွင် ခရီးသည် **အမြောက်အမြား** ကားစောင့်နေကြသည်။ / - ဘေးရန် **ခပ်သိမ်း** ကင်းငြိမ်းပါစေ။

**သောနှင့်အဆုံးသတ်သည့် ပမာဏပြ သင်္ချာနာမ်အထူးပြု → အထူးပြုခံနာမ်**

များစွာသော၊ အချို့သော၊ ခပ်သိမ်းသော၊ အားလုံးသော → သတ္တဝါ

- **ခပ်သိမ်းသော** သတ္တဝါတို့ ကျန်းမာကြပါစေ။ / - **အားလုံးသော** ရွာသားများ စုပေါင်း၍ လုပ်အားပေးကြသည်။

**(ဂ) အမှတ်(၃)၊ ဒုတိယ ဟူသော အစဉ်ပြ သင်္ချာနာမ်အထူးပြု**

**အစဉ်ပြ သင်္ချာနာမ်အထူးပြု → အထူးပြုခံနာမ်**

- **အမှတ်(၃)** အခြေခံပညာအထက်တန်းကျောင်းသည် အောင်ချက်အကောင်းဆုံး ကျောင်းဖြစ်သည်။

* တနင်္လာနေ့တွင် **ဒုတိယ** အစမ်းစာမေးပွဲ စတင်ဖြေဆိုရမည်။

**(ဃ) (၁၀)နှစ် မြောက်၊ ဒုတိယအကြိမ်မြောက်၊ တတိယအကြိမ်မြောက် ဟူသော အကြိမ်ပြ သင်္ချာနာမ်အထူးပြု**

**အကြိမ်ပြ သင်္ချာနာမ်အထူးပြု → အထူးပြုခံနာမ်**

- ညီမလေး၏ **(၁၀) နှစ်မြောက်** မွေးနေ့ပွဲကို ယနေ့ အိမ်တွင် ပြုလုပ်သည်။
- **တတိယအကြိမ်မြောက်** အာစရိယပူဇော်ပွဲကို တနင်္ဂနွေနေ့တွင် ကျင်းပမည်။[၆၃]

## ကြိယာအထူးပြု

| |
|---|
| **ကြိယာကို အထူးပြုသော ပုဒ်ကို ကြိယာအထူးပြုဟု ခေါ်သည်။** |

သာဓက - **မြန်မြန်၊ စောစော၊ အလွန်၊ မြိန်ရှက်စွာ၊ ရိုသေစွာ၊ မကြာခဏ၊ မုချ၊ နည်းနည်း၊ အသေအချာ၊ အမြတ်တနိုး၊ တရွှေ့ရွှေ့၊ တဒုန်းဒုန်း၊ ပမာမခန့်။**

- သူ **မြန်မြန်**ပြေးသည်။ (မြန်မြန်သည် ပြေး ဟူသောကြိယာကို အထူးပြုသည်။)
- နက်ဖြန် **စောစော**လာပါ။ (စောစောသည် လာ ဟူသောကြိယာကို အထူးပြုသည်။)
- ဧည့်သည်များ မုန့်ဟင်းခါးကို **အလွန်** ကြိုက်သည်။ ('အလွန်' သည် 'ကြိုက်' ဟူသော ကြိယာကို အထူးပြုသည်။)
- ထမင်းကို **မြိန်ရှက်စွာ** သုံးဆောင်ပါ။ ('မြိန်ရှက်စွာ' သည် 'သုံးဆောင်ပါ' ဟူသော ကြိယာကို အထူးပြုသည်။)[၆၄]

## ကြိယာအထူးပြု အမျိုးမျိုး

**၁။ ယခင်က၊ ယနေ့၊ ယခု၊ ခု၊ ခုလေးတင်၊ နက်ဖြန်၊ နောက်၊ နောက်နောင်၊ မကြာမီ၊ ချက်ချင်း၊ ခဏချင်း၊ ရုတ်တရက်၊ အစဉ်၊ အမြဲ၊ မပြတ်၊ အချိန်ပြည့်၊ ညလုံးပေါက်၊ မိုးလင်းမိုးချုပ်၊ တစ်နေကုန် ဟူသည့် အချိန်ပြ ကြိယာအထူးပြု**

---

[၆၃] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၅)၊ နဝမတန်း* ။ ရန်ကုန်။

[၆၄] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

**နက်ဖြန်** မြစ်ဆိပ်သို့ သွားမည်။ / - ဤကိစ္စကို **ချက်ချင်း** ဆောင်ရွက်ပါ။

မိမိတာဝန်ကို**အစဉ်**လေးစားပါ။ /- လုပ်သားများသည် **ညလုံးပေါက်**အလုပ်လုပ်ကြသည်။

ဖော်ပြပါဝါကျများတွင် **ကြိယာအထူးပြု**များသည် **အချိန်ကာလကိုပြခြင်းဖြင့်** ကြိယာကို အထူးပြုလျက်ရှိသည်။

**၂။ တရိုတသေ၊ အသာအယာ၊ ပြုံးပြုံးရွှင်ရွှင်၊ ဒယိမ်းဒယိုင်၊ ယုယုယယ၊ တီတီတာတာ၊ ညီညီညာညာ၊ ချိုသာစွာ၊ ယဉ်ကျေးစွာ၊ အလျင်အမြန်၊ ကချော်ကချွတ်၊ တမြုံ့မြုံ့၊ ကြောက်ကြောက်ရွံ့ရွံ့၊ ရဲဝံ့စွာ၊ ရှိုက်ကြီးတငင် ဟူသည့် အမူအရာပြ ကြိယာအထူးပြု**

- မိခင်သည် သားငယ်ကို ယုယုယယ <u>ထွေးပိုက်</u>ထားသည်။
- နိုင်ငံတော်အလံကို ညီညီညာညာ <u>အလေးပြု</u>ကြသည်။
- လူချစ်လူခင်များလိုလျှင် စကားကို ချိုသာစွာ <u>ပြော</u>ပါ။

ဖော်ပြပါဝါကျများတွင် ကြိယာအထူးပြုများသည် ဆောင်ရွက်ပုံ **အမူအရာကို ပြခြင်းဖြင့်** ကြိယာကို အထူးပြု လျက်ရှိသည်။"[၆၅]

**၃။ ရုတ်တရက်၊ တရစပ်၊ ကန့်လန့်၊ သည်းထန်စွာ၊ သပ်သပ်ရပ်ရပ်၊ အသေအချာ၊ ဖရိုဖရဲ၊ ဇောက်၊ အမှန်၊ စင်စစ်၊ မုချ၊ သိပ် ဟူသည့် အခြေအနေပြ ကြိယာအထူးပြု**

- ယနေ့နံနက် မိုး**သည်းထန်စွာ** ရွာသည်။ / - စာအုပ်များကို **သပ်သပ်ရပ်ရပ်** စီထားပါ။
- ကြိုးစားလျှင် **မုချ** <u>အောင်မြင်</u>မည်။

ဖော်ပြပါဝါကျများတွင် **ကြိယာအထူးပြု**များသည် **အခြေအနေကို ပြခြင်းဖြင့်** ကြိယာကို အထူးပြုလျက်ရှိသည်။

---

၆၅ မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၃)၊ သဒ္ဒမတန်း ။* ရန်ကုန်။

## ၄။ များများ၊ များစွာ၊ နည်းနည်း၊ အနည်းငယ်၊ အားလုံး၊ လုံး၀၊ အကုန်၊ အလွန်၊ အဆမတန် ဟူသည့် ပမာဏပြ ကြိယာအထူးပြု

- ဤမေးခွန်း **အလွန်** ခက်သည်။ / - စကားကို **နည်းနည်း**ပြော၍ အလုပ်ကို **များများ** လုပ်ပါ။
- အစားကို **အကုန်**စား၊ စကားကို **အကုန်**မပြောနဲ့။

ဖော်ပြပါဝါကျများတွင် **ကြိယာအထူးပြု**များသည် **ပမာဏကို ပြခြင်းဖြင့်** ကြိယာကို အထူးပြုလျက်ရှိသည်။

## ၅။ မည်သို့၊ မည်မျှ၊ မည်ကဲ့သို့၊ ဘယ်လို၊ ဘယ်လောက်၊ အဘယ်မျှ ဟူသည့် အမေးကြိယာ အထူးပြု

- ဤစာအုပ်ကို **မည်မျှ** ပေးရသနည်း။ / - ပြဿနာကို **မည်ကဲ့သို့** ဖြေရှင်းမည်နည်း။
- လူချစ်လူခင်များလိုလျှင် စကားကို **ဘယ်လို** ပြောသင့်သလဲ။

ဖော်ပြပါဝါကျများတွင် **ကြိယာအထူးပြု**များသည်မေးမြန်းခြင်းဖြင့် ကြိယာကို အထူးပြုလျက်ရှိသည်။[၆၆]

အထူးပြုအစုတွင် ပါဝင်သော နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့တွင် နာမ်အထူးပြုသည် အထူးပြုခံနာမ်၏ ရှေ့တွင်လည်းကောင်း၊ နောက်တွင်လည်းကောင်း တည်ရှိနိုင်ပြီး ကြိယာအထူးပြုမှာမူ အထူးပြုခံကြိယာ၏ ရှေ့တွင်သာ ဖြစ်နိုင်ကြောင်း တွေ့ရသည်။ မြန်မာဘာသာစကားတွင် နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့ကို အသုံးပြု၍ ပြောဆိုရေးသားခြင်းဖြင့် ဆိုလိုသည့် အနက်အဓိပ္ပာယ်သည် ပိုမို ပေါ်လွင်ထင်ရှားစွာ ဖော်ညွှန်းနိုင်သောကြောင့် ထိရောက်မှုရှိသည်။ ထို့ကြောင့် ၎င်းအထူးပြုတို့ကို အရေးနှင့် အပြော ဘာသာစကား နှစ်မျိုးလုံး၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။

---

[၆၆] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၄)၊ အဋ္ဌမတန်း* ။ ရန်ကုန်။

## သင်ယူမှုလုပ်ငန်း (၁)။ အထူးပြုအစုအကြောင်း နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဆရာက သာဓက (၄) ခုကို သင်ပုန်းတွင် ရေးပြကာ ကျောင်းသားများအား မေးခွန်း မေးမြန်းခြင်းဖြင့် "အထူးပြုအစု" သင်ခန်းစာကို နိဒါန်းပျိုးရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ နာမ်အထူးပြုအမျိုးမျိုးကိုဖြတ်ဆက်နည်းဖြင့် လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာပါ နာမ်အထူးပြုအမျိုးမျိုးအကြောင်းကို အပိုင်း (၆) ပိုင်း ခွဲကာ (၆) ယောက် တစ်အုပ်စု ဖွဲ့ထားသည့် ကျောင်းသားများက ဖြတ်ဆက်နည်းဖြင့် လေ့လာကြရန်ဖြစ်သည်။

ထိုသို့လေ့လာခြင်းဖြင့် နာမ်အထူးပြုဆိုင်ရာ အဓိကအချက်များ၊ သာဓကများကို ကျောင်းသားများ သိနားလည်သွားကြရန် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ ကြိယာအထူးပြုအကြောင်းကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာပါ ကြိယာအထူးပြုအကြောင်းကို ကျောင်းသားများ အုပ်စုလိုက် ဖတ်ရှုလေ့လာဆွေးနွေးပြီး အဓိကအချက်များကို သာဓကများနှင့်တကွ စိတ်ကူးပုံဖော်ခြင်း (သို့မဟုတ်) ဇယားရေးဆွဲခြင်း စသည့် နှစ်သက်ရာနည်းလမ်းတို့ဖြင့် ရေးသားဖော်ပြကြရန် ဖြစ်သည်။ ထိုသို့ ရေးသားဖော်ပြထားသည့် အုပ်စုလုပ်ငန်း စာရွက်ကြီးများကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲကာ ကျောင်းသားများ ကြည့်ရှုလေ့လာခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။

# ၃.၄.၅ | အဆက်ပစ္စည်းများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အဆက်ပစ္စည်းများကို သာဓကများဖြင့် ခွဲခြားဖော်ပြတတ်မည်။

အဆက်ပစ္စည်းဟူသည်မှာ နာမ်၊ ကြိယာ၊ နာမ်အထူးပြုနှင့် ဝါကျတို့၏ ရှေ့တွင် လည်းကောင်း၊ ကြားတွင် လည်းကောင်း၊ ရှေ့နှင့် ကြားတွင် လည်းကောင်း၊ ကြားနှင့် နောက်တွင် လည်းကောင်း၊ နောက်တွင် လည်းကောင်း ရှိနေသော အဆက်ပစ္စည်းများ ဖြစ်သည်။ ဖြစ်သည့်နေရာကိုလိုက်၍ အဆက်တို့ကို ရှေ့ဆက်ပစ္စည်း၊ ကြားဆက်ပစ္စည်း၊ နောက်ဆက်ပစ္စည်း၊ ပြိုင်ဆက်ပစ္စည်းဟု ခေါ်ဆိုကြသည်။

## ရှေ့ဆက်ပစ္စည်းများ

၁။ **မောင်၊ ကို၊ ဖိုး၊ ဦး နှင့် မ၊ မိ၊ မယ်၊ ဒေါ်** ဟူသည့် **နာမ်** (သက်ရှိအမည်) ရှေ့ဆက်ပစ္စည်း

| | | |
|---|---|---|
| **သာဓက** - မြညွှန့် | **မောင်/ကို**မြညွှန့် | **မ**မြညွှန့် |
| - တင်မြင့် | **ဖိုး**တင်မြင့် | **မိ/မယ်**တင်မြင့် |

မောင်၊ ကို၊ ဖိုး၊ ဦးသည် **အဖိုသဘာဝ**ကို ဖော်ပြ၍ မ၊ မိ၊ မယ်၊ ဒေါ်သည် **အမသဘာဝ**ကို ဖော်ပြသည်။[၆၇]

၂။ **အ** ဟူသည့် နာမ်(မျိုးတူနာမ်နှစ်ခုတွဲ)ရှေ့ဆက်ပစ္စည်း **(ဝိစ္ဆာ)**

**သာဓက -** ပြည်ထောင်စုနေ့အထိမ်းအမှတ် ပွဲတော်ကို **အ**မြို့မြို့**အ**ရွာရွာတိုင်းတွင် ကျင်းပကြသည်။

ဤရှေ့ဆက်ပစ္စည်းသည် အမျိုးအစားတူညီသောအရာ(မြို့/ရွာ) အားလုံးတွင် ဖြစ်ကြောင်းပြရန် မျိုးတူနာမ် နှစ်ခုတွဲ၏ ရှေ့တွင်ဆက်သော နာမ်ရှေ့ဆက်ပစ္စည်း ဖြစ်သည်။

[၆၇] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

၃။ **အ** ဟူသည့် ကြိယာရှေ့ဆက်ပစ္စည်း

**သာဓက - ရှေ့ဆက်ပစ္စည်း + ကြိယာ = ကြိယာနာမ်**

အ + စား = အစား - အစားကို အချိန်မှန်မှန် စားပါ။

ဤရှေ့ဆက်ပစ္စည်းတို့သည် **ကြိယာမှ ကြိယာနာမ်သို့ ပြောင်းစေသည့် နာမ်ပုဒ်ပြောင်း ရှေ့ဆက်များ**ဖြစ်သည်။

၄။ **အ၊ တရ၊ ဗရ** ဟူသည့် ကြိယာ (သို့မဟုတ်) နာမ်အထူးပြုရှေ့ဆက်ပစ္စည်း

**သာဓက - ရှေ့ဆက်ပစ္စည်း + ကြိယာ = ကြိယာအထူးပြု**

အ + ကုန် = အကုန် - ထမင်းကို **အကုန်**စား၊
စကားကို **အကုန်** မပြောနဲ့။

တရ + စပ် = တရစပ် မိုးသည် ခုနစ်ရက်တိုင်တိုင်
**တရစပ်** ရွာသည်။

**- ရှေ့ဆက်ပစ္စည်း + နာမ်အထူးပြု = ကြိယာအထူးပြု**

အ + မြန် = အမြန် - မေမေသည် အိမ်သို့
**အမြန်** ပြန်လာသည်။

ဗရ + ပျစ် = ဗရပျစ် - သူ၏ မုတ်ဆိတ်မွေးသည်
**ဗရပျစ်** ထူသည်။

ဤရှေ့ဆက်ပစ္စည်းတို့သည် **ကြိယာ (သို့မဟုတ်) နာမ်အထူးပြုမှ ကြိယာအထူးပြုသို့ ပြောင်းစေသည့် ကြိယာအထူးပြုပုဒ်ပြောင်း ရှေ့ဆက်များ**ဖြစ်သည်။

၅။ **ခပ်** ဟူသည့် ကြိယာ (သို့မဟုတ်) နာမ်အထူးပြုရှေ့ဆက်ပစ္စည်း

**သာဓက - ရှေ့ဆက်ပစ္စည်း + ကြိယာ = ကြိယာအထူးပြု**

ခပ် + ပြုံး = ခပ်ပြုံးပြုံး -
မောင်သန့်စင်သည် **ခပ်ပြုံးပြုံး** နေတတ်သည်။

**- ရှေ့ဆက်ပစ္စည်း + နာမ်အထူးပြု = ကြိယာအထူးပြု**

ခပ် + မြန် = ခပ်မြန်မြန် -
သူသည် စကားကို **ခပ်မြန်မြန်** ပြောတတ်သည်။

ဤရှေ့ဆက်ပစ္စည်းတို့သည် **ကြိယာ (သို့မဟုတ်) နာမ်အထူးပြုကို ကြိယာအထူးပြုသို့ ပြောင်းစေသည့် ကြိယာအထူးပြုပုဒ်ပြောင်း** ရှေ့ဆက်များဖြစ်သည်။

၆။ **တ** ဟူသည့် နှစ်ကြိမ်ထပ် အသံပြပုဒ် (သို့မဟုတ်) အမူအရာပြပုဒ် ရှေ့ဆက်ပစ္စည်း

**သာဓက - ရှေ့ဆက်ပစ္စည်း + အသံပြပုဒ် = ကြိယာအထူးပြု**

တ + ဒုန်း = တဒုန်းဒုန်း - ကလေးများသည် အိမ်ပေါ်၌
**တဒုန်းဒုန်း** ပြေးနေသည်။

**- ရှေ့ဆက်ပစ္စည်း + အမူအရာပြပုဒ် = ကြိယာအထူးပြု**

တ + ရွေ့ = တရွေ့ရွေ့ - အဘိုးအိုသည် **တရွေ့ရွေ့**
လျှောက်သွားသည်။

ဤရှေ့ဆက်ပစ္စည်းတို့သည် **နှစ်ကြိမ်ထပ် အသံပြပုဒ် (သို့မဟုတ်) အမူအရာပြပုဒ်တို့ကို ကြိယာအထူးပြုသို့ ပြောင်းစေသည့် ကြိယာအထူးပြုပုဒ်ပြောင်း ရှေ့ဆက်များ** ဖြစ်သည်။

၇။ **မ** ဟူသည့် အငြင်းပြ ကြိယာရှေ့ဆက်ပစ္စည်း

**သာဓက - ရှေ့ဆက်ပစ္စည်း + ကြိယာ = အငြင်းကြိယာ**

**(အငြင်းပြ) (မူလကြိယာ၏ ဆန့်ကျင်ဘက်အနက်)**

မ + ပျင်း = မပျင်း - ပညာလိုသော် **မပျင်း**နှင့်။

ကြိယာ၏ရှေ့၌ အငြင်းပြကြိယာရှေ့ဆက်ကို ထည့်လိုက်သောအခါ **ကြိယာ၏ မူလအနက်ကို ဆန့်ကျင်အနက် ဖြစ်အောင် ပြောင်းလဲပေးသည့် အငြင်းပြ ရှေ့ဆက်ပစ္စည်း** ဖြစ်သည်။ ‘မ’ ပစ္စည်းဖြင့် အငြင်းဝါကျကိုရေးရာ၌ အခြားဆီလျော်သော ပစ္စည်းတစ်ခုခု (မ - ဘူး/ချေ/တော့/ပါ/ပေ/သေး) ကိုလည်း ကြိယာနောက်တွင်ထား၍ သုံးလေ့ရှိသည်။[၆၈]

[၆၈] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၅)၊ နဝမတန်း* ။ ရန်ကုန်။

၈။ **အို၊ ဟယ်၊ ဟော့၊ ဗျို့၊ ရှင်၊ ဗျာ/ခင်ဗျာ** ဟူသည့် **နာမ်** (သို့မဟုတ်) ဝါကျရှေ့ဆက်ပစ္စည်း (အာလုပ်)

**သာဓက - အို** မိခင်၊ **ဟယ်** မိချစ်၊ **ဟော့** မောင်ထူး၊ **ဗျို့** ဦးတုတ်ကြီး။ **(ခေါ်သံ)**

**- ရှင်** မမ။ **ရှင်** လာပါပြီ၊ **ဗျာ** ကျွန်တော့ကိုလား။ **(ထူးသံ)**

ဤရှေ့ဆက်ပစ္စည်းတို့ကို **ခေါ်ရာထူးရာတွင်** အသုံးပြုသည်။[၆၉]

၉။ **အမလေး၊ ကောင်းကွာ၊ အံ့ရော၊ ကြည့်ကြည့်၊ ဟဲ့ဟဲ့၊ တယ်၊ ဟယ်၊ ဟင်၊ အား၊ အော်** ဟူသည့် ဝါကျရှေ့ဆက်ပစ္စည်း **(အာမေဍိတ်)**

**သာဓက - အမယ်လေး**...မြွေကြီး၊ မြွေကြီး။ **ကြည့်ကြည့်**...မိုးပေါ် တက်သွားပြီ။ **ဟယ်**...ငါ့စာအုပ်လေး ပြန်တွေ့ပြီ။ **အော်**...ဖြစ်မှ ဖြစ်ရလေ။ **ဟဲ့ဟဲ့**...လဲမယ်။ **အား**...နာလိုက်တာ။ **တယ်**...ငါထုလိုက်ရ။

ဤဝါကျရှေ့ဆက်ပစ္စည်းတို့သည် **ထိတ်လန့်ကြောက်ရွံ့ခြင်း၊ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း၊ မနှစ်သက်ခြင်း၊ စိတ်ဆိုးခြင်း စသည့် တစ်စုံတစ်ဦး၏ စိတ်ခံစားချက်များ**ကို ဖော်ပြသည်။[၇၀]

**ကြားဆက်ပစ္စည်းများ**

၁။ **နှင့်၊ နဲ့၊ ရော...ပါ၊ ရော...ရော၊ (သို့မဟုတ်)၊ ဖြစ်စေ...ဖြစ်စေ၊ ဖြစ်ဖြစ်...ဖြစ်ဖြစ်၊ လည်းကောင်း ...လည်းကောင်း၊ သော်လည်းကောင်း...သော်လည်းကောင်း၊ မှတစ်ပါး ဟူသည့် နာမ်ကြားဆက်ပစ္စည်း**

**သာဓက -** မိဘ**နှင့်**ဆရာကို ရိုသေပါ။ စံပယ်ပန်း**ရော** နှင်းဆီပန်း**ပါ** ဝယ်လာပါ။

ဤကြားဆက်ပစ္စည်းတို့သည် **နာမ်(၂)ခုကို ဆက်ရာတွင် သုံးသည့် ကြားဆက်ပစ္စည်းများ** ဖြစ်ကြသည်။[၇၁]

---

[၆၉] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၄)၊ အဌမတန်း* ။ ရန်ကုန်။

[၇၀] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

[၇၁] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၃)၊ သတ္တမတန်း* ။ ရန်ကုန်။

၂။ **နှင့်တစ်ပြိုင်နက်၊ သကဲ့သို့၊ စေရန်၊ လျှင်၊ ၍၊ လျက်၊ သော်လည်း** ဟူသည့် **ဝါကျကြားဆက်ပစ္စည်း**

**(က) နှင့်တစ်ပြိုင်နက်၊ နှင့်၊ သောအခါ၊ လျက်၊ စဉ်၊ ရင်း၊ တုန်း၊ တိုင်း၊ ပတ်လုံး၊ အတွင်း - အချိန်ပြ**

**သာဓက - (၁) မိုးသံကို ကြားရသည်။ (၂) လယ်သမားတို့ ထွန်တုံးပြင်ကြသည်။**

**မိုးသံကိုကြားရသည်နှင့်တစ်ပြိုင်နက် လယ်သမားတို့ ထွန်တုံးပြင်ကြသည်။**

**(ခ) သကဲ့သို့၊ သလို၊ ထက်၊ နည်းတူ၊ သလောက်၊ အတိုင်း - နှိုင်းယှဉ်ပြ**

**(ဂ) စေရန်၊ အောင်၊ အံ့သောငှာ၊ စိမ့်သောငှာ၊ ရန်၊ ဖို့၊ အတွက်၊ ရန်အတွက် - အကျိုးမျှော်**

**(ဃ) လျှင်၊ မှ၊ က၊ သော် - ကန့်သတ်ချက်ပြ**

**(င) ၍၊ သောကြောင့်၊ ရကား၊ သည့်အတွက်၊ သဖြင့်၊ လို့ - အကြောင်းပြ**

**(စ) ၍၊ က၊ ပြီး - တစ်ခုပြီးတစ်ခုပြ**

**(ဆ) လျက်၊ က၊ ရင်း၊ စဉ်၊ တုန်း - တစ်ပြိုင်နက်ပြ**

**(ဇ) သော်လည်း၊ ဘဲ၊ ဘဲနှင့်၊ လျက်၊ လျက်နှင့်၊ ဘဲလျက်နှင့်၊ စေကာမူ - ဆန့်ကျင်ပြ**

ဤကြားဆက်ပစ္စည်းတို့သည် **ဝါကျ(၂)ခုကို ဆက်ရာတွင်သုံးသည့် ကြားဆက်ပစ္စည်းများ** ဖြစ်ကြသည်။

၃။ **ထို့ကြောင့်၊ အဘယ်ကြောင့်ဆိုသော်၊ ထို့ပြင်၊ ထို့နောက်၊ သို့ရာတွင်၊ ထိုအခါ** တို့သည် သီးခြားဝါကျတို့၌ပါရှိသော အဓိပ္ပာယ်အချင်းချင်းကို ဆက်ပေးသည့် ကြားဆက်ပစ္စည်းများ ဖြစ်ကြသည်။ **ဝါကျတစ်ခုအတွင်းတွင် ဖြစ်သည့် အဆက်ပစ္စည်းမဟုတ်ပါ။**

(က) (၁) ထက်ထက်သည် စာကြိုးစားသည်။ (၂) ထက်ထက် ပထမဆု ရသည်။

ထက်ထက်သည် စာကြိုးစားသည်။ **ထို့ကြောင့်** ပထမဆု ရသည်။

ထို့ကြောင့်၊ သို့ဖြစ်၍၊ သို့ဖြစ်သောကြောင့် - အကြောင်းပြ

(ခ) **အဘယ်ကြောင့်ဆိုသော်၊ အကြောင်းမူကား၊ အကြောင်းမှာကား၊ အကြောင်းသော်ကား၊ အကြောင်းမှာမူ** - အကြောင်းအကျိုးဆက်စပ်မှုပြ

(ဂ) **ထို့နောက်၊ ၎င်းနောက်၊ သည့်နောက်** - တစ်ခုပြီးတစ်ခုပြ

(ဃ)**ထို့ပြင်၊ ၎င်းပြင်၊ သည့်ပြင်၊ လည်း..လည်း၊ အပြင်..လည်း၊ သာမက..လည်း** - ပေါင်းစည်းခြင်းပြ

(င)**သို့ရာတွင်၊ သို့သော်လည်း၊ သို့ဖြစ်သော်လည်း၊ သို့တစေ၊ သို့ပေမည့်၊ သို့ပေမယ့်၊ သို့ဖြစ်စေကာမူ** - ဆန့်ကျင်ပြ

(စ)ထိုအခါ၊ - အချိန်ပြအနက်

ဤကြားဆက်ပစ္စည်းတို့သည် **သီးခြားဝါကျတို့၌ ပါရှိသော အဓိပ္ပာယ်အချင်းချင်းကို ဆက်ပေးသည့် ကြားဆက် ပစ္စည်းများ** ဖြစ်ကြသည်။[၇၂]

## ပြိုင်ဆက်ပစ္စည်းများ

၁။ **အ - အ၊ အ - တ၊ တ - တ၊ က - က၊ ဒ - ဒ ၊ မ - တ၊ မ - မ၊ ဗ - ဗ** ဟူသည့် ကြိယာ (သို့မဟုတ်) နာမ်အထူးပြု၏ ရှေ့နှင့်ကြားတို့၌ အဆက်ပစ္စည်းတို့ကို တစ်ပြိုင်တည်း ဆက်ထားသည့် ပြိုင်ဆက်ပစ္စည်း[၇၃]

| **သာဓက - ပြိုင်ဆက်ပစ္စည်း** | **+** | **ကြိယာ** | **=** | **ကြိယာနာမ်** |
|---|---|---|---|---|
| အ - အ | + | စားသောက် | = | <u>အ</u>စား<u>အ</u>သောက် |
| အ - အ | + | တွေ့ကြုံ | = | <u>အ</u>တွေ့<u>အ</u>ကြုံ |

| **သာဓက - ပြိုင်ဆက်ပစ္စည်း** | **+** | **ကြိယာ** | **=** | **ကြိယာအထူးပြု** |
|---|---|---|---|---|
| အ - အ | + | ပြည့်စုံ | = | <u>အ</u>ပြည့်<u>အ</u>စုံ |
| အ - တ | + | မြတ်နိုး | = | <u>အ</u>မြတ်<u>တ</u>နိုး |
| တ - တ | + | ရိုသေ | = | <u>တ</u>ရို<u>တ</u>သေ |
| က - က | + | ချော်ချွတ် | = | <u>က</u>ချော်<u>က</u>ချွတ် |
| ဒ - ဒ | + | ယိမ်းယိုင် | = | <u>ဒ</u>ယိမ်း<u>ဒ</u>ယိုင် |
| မ - တ | + | ကျက် | = | <u>မ</u>ကျက်<u>တ</u>ကျက် |
| မ - မ | + | ပြုပြင် | = | <u>မ</u>ပြု<u>မ</u>ပြင် |

[၇၂] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၄)၊ အဋ္ဌမတန်း* ။ ရန်ကုန်။

[၇၃] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၅)၊ နဝမတန်း* ။ ရန်ကုန်။

| **သာဓက - ပြိုင်ဆက်ပစ္စည်း** | **+** | **နာမ်အထူးပြု** | **=** | **ကြိယာအထူးပြု** |
|---|---|---|---|---|
| အ - အ | + | ကြီးကျယ် | = | <u>အ</u>ကြီး<u>အ</u>ကျယ် |
| အ - တ | + | ပူပြင်း | = | <u>အ</u>ပူ<u>တ</u>ပြင်း |
| မ - တ | + | အေး | = | <u>မ</u>အေး<u>တ</u>အေး |
| မ - မ | + | ချိုချဉ် | = | <u>မ</u>ချို<u>မ</u>ချဉ် |
| ဗ - ဗ | + | လုံးထွေး | = | <u>ဗ</u>လုံး<u>ဗ</u> ထွေး |

၂။ **ချည် - ချည်၊ လိုက် - လိုက်** ဟူသည့် ကြိယာ (သို့မဟုတ်) နာမ်အထူးပြု၏ ကြားနှင့်နောက်တို့၌ အဆက်ပစ္စည်းတို့ကို တစ်ပြိုင်တည်း ဆက်ထားသည့် ပြိုင်ဆက်ပစ္စည်း

| **သာဓက - ကြိယာ** | **+ ပြိုင်ဆက်ပစ္စည်း** | **=** | **ကြိယာအထူးပြု** |
|---|---|---|---|
| ဝင်ထွက် | + ချည် - ချည် | = | ဝင်<u>ချည်</u>ထွက်<u>ချည်</u> |
| တက်ဆင်း | + လိုက် - လိုက် | = | တက်<u>လိုက်</u>ဆင်း<u>လိုက်</u> |
| **- နာမ်အထူးပြု** | **+ ပြိုင်ဆက်ပစ္စည်း** | **=** | **ကြိယာအထူးပြု** |
| နိမ့်မြင့် | + ချည် - ချည် | = | နိမ့်<u>ချည်</u>မြင့်<u>ချည်</u> |
| ပူအေး | + လိုက် - လိုက် | = | ပူ<u>လိုက်</u>အေး<u>လိုက်</u> |

ပြိုင်ဆက်ပစ္စည်းတို့သည် **ကြိယာ (သို့မဟုတ်) နာမ်အထူးပြုမှ ကြိယာအထူးပြုသို့ ပြောင်းစေသည့် ကြိယာအထူးပြု ပုဒ်ပြောင်း ပြိုင်ဆက်များ**ဖြစ်သည်။

**နောက်ဆက်ပစ္စည်းများ**

၁။ **ယောက်၊ ခု၊ ကောင်၊ ခွန်း၊ စောင်၊ ဆူ၊ ပါး၊ ထည်၊ ပင်၊ လက်** စသည့် နာမ်၏နောက်တွင် အရေအတွက်ပြ နာမ်အထူးပြုနှင့်တွဲ၍ သုံးသော နာမ်နောက်ဆက်ပစ္စည်း **(မျိုးပြ)**

**သာဓက -** လူ တစ် **ယောက် /** - မုန့် **တစ် ခု**

- ငါး တစ် **ကောင် /** - စကား **တစ် ခွန်း**

ဤနောက်ဆက်တို့သည် သက်ဆိုင်ရာနာမ်၏ **ပုံသဏ္ဌာန်နှင့် အမျိုးအစား**ကို ဖော်ပြသည်။

၂။ **သား၊ ထီး၊ ဖ၊ ဖို နှင့် သူ၊ မ** ဟူသည့် နာမ်(သက်ရှိအမည်) နောက်ဆက်ပစ္စည်း **(လိင်ညွှန်း)**

| | | | | | | |
|---|---|---|---|---|---|---|
| **သာဓက - သား - သူ** | ကျောင်းသား | ကျောင်း**သူ** / | **ဖို - မ** | ဝတ်ဆံဖို | ဝတ်ဆံ**မ** |
| **ထီး - မ** | နွား**ထီး** | နွား**မ** / | **ဖ - မ** | ကြက်**ဖ** | ကြက်**မ** |
| **- မ** | ဆရာ | ဆရာ**မ** | | | |

သား၊ ထီး၊ ဖ၊ ဖို သည် **အဖိုသဘာဝ**ကို ဖော်ပြ၍ သူ၊ မ သည် **အမသဘာဝ**ကို ဖော်ပြသည်။

၃။ **များ၊ တို့** ဟူသည့် နာမ်၊ နာမ်စားတို့၏ နောက်၌ဆက်သည့် နာမ်နောက်ဆက်ပစ္စည်း **(ကိန်းညွှန်း - နာမ်)**

**သာဓက -** ကလေး**များ** ကစားနေကြသည်။ သူ**တို့** ကျောင်းသို့ သွားကြသည်။

ဤနာမ်နောက်ဆက်ပစ္စည်းတို့သည် **တစ်ခုထက်ပိုသော အရေအတွက် (အများကိန်း)** ကို ပြသည်။[၇၄]

၄။ **တိတိ၊ကျ၊စီ၊ကျစီ၊စလုံး၊တည်း၊လျှင်** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(သင်္ချာလေးနက်)**

**သာဓက -** ဤကြိုးသည် (၅)ပေ**တိတိ** ရှည်သည်။ (အပိုအလိုမရှိ)

- သူ တစ်နေ့**လျှင်** တစ်နာရီ**တည်း** စာဖတ်သည်။ (အချိုးနှုန်း၊ အရေအတွက်နည်း)

ဤနောက်ဆက်ပစ္စည်းတို့သည် **အရေအတွက်ကို အတိအကျ** ဖော်ပြသည်။

၅။ **ကျော်၊ ခန့်၊ လောက်** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(ပမာဏပြ)**

**သာဓက -** ဤရေကန်သည် (၁၀)ပေ**ကျော်** နက်သည်။
ဤအခန်းသည် လူ(၁၀၀)**ခန့်**ဆန့်သည်။

ဤနောက်ဆက်ပစ္စည်းတို့သည် **အရေအတွက်ကို ခန့်မှန်း၍ ပမာဏ** ဖော်ပြသည်။

---
[၇၄] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆင့်မတန်း* ။ ရန်ကုန်။

၆။ **ကြိမ်၊ ခါ၊ ခေါက်** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(အကြိမ်ပြ)**

**သာဓက -** ဤဆေးကို တစ်နေ့ (၃) **ကြိမ်** သောက်ပါ။ တစ်**ခါ** ထပ်ပြောပါဦး။

ဤနောက်ဆက်ပစ္စည်းတို့သည် **အရေအတွက်၊ အကြိမ်အခါကို** ဖော်ပြသည်။

၇။ **မြောက်** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(အစဉ်ပြ)**

**သာဓက -** ဒုတိယ**မြောက်** သမီးရတနာကို ဖွားမြင်သည်။

၈။ **သာ၊ သာလျှင်၊ ချည်း၊ တော့၊ ပါ၊ ရော၊ လည်း၊ ပင်၊ တောင်၊ များ** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(နာမ်ထောက်)**

**သာဓက -** ပညာသည်**သာ** အားထားရာ ဖြစ်သည်။ ကျန်းမာရေးကို**လည်း** ဂရုစိုက်ပါ။

၉။ **ကဲ့သို့၊ လို၊ နှယ်၊ အတိုင်း** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(ဥပမာပြ)**

**သာဓက -** ပန်း**နှယ်**မွှေး၍ စမ်း**နှယ်**အေးမြပါစေ။ ကိုကို့**အတိုင်း** ညီညီ လိမ္မာသည်။

၁၀။ **တည်းဟူသော** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(ရူပက)**

**သာဓက -** ကောင်းမှု**တည်းဟူသော** မျိုးစေ့ကို စိုက်ပျိုးကြကုန်အံ့။ **(ဂုဏ်ရည်တူ ထပ်တူပြု)**

၁၁။ **တိုင်း၊ တကာ** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း**(ဝိစ္ဆာ)**

**သာဓက -** လူ**တိုင်း** စာတတ်မြောက်ရမည်။ ရွာ**တိုင်း** ရွာ**တိုင်း** လျှပ်စစ်မီး လင်းသည်။
- လူ**တကာ** သိသည်။ ရပ်**တကာ** ရွာ**တကာ** လှည့်၍ အလှူခံသည်။

ဤနောက်ဆက်ပစ္စည်းသည် အမျိုးအစားတူ အရာ(လူ/ရပ်/ရွာ) အားလုံးတွင်ဖြစ်ကြောင်းပြရန် တစ်ကြိမ်တည်း ဖြစ်စေ၊ ခွန်းချင်းထပ်(၂)ကြိမ်ဖြစ်စေ နာမ်၏နောက်တွင်ဆက်သော နာမ်နောက်ဆက် ပစ္စည်း ဖြစ်သည်။

၁၂။ **နည်း၊ လော၊ စ၊ လား၊ လဲ၊ တုံး** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း**(အမေး)**

**သာဓက -** ကျန်းမာပါ**စ။** မင်းမိဘများ နေကောင်းကြရဲ့**လား။ /** - ဒီနေ့ ဘောလုံးပွဲ ရှိ**လို့**လား။

- ဘာဝယ်ခဲ့သ**လဲ။** ဘယ်သူက ပြောသ**တုံး။ /** ဘယ်သူတွေ ကစားမ**လို့**လဲ။

ဤနောက်ဆက်ပစ္စည်းတို့သည် **သိလိုသော အကြောင်းအချက်တို့ကို မေးမြန်းရာတွင်** သုံးသည်။ **လား၊ လဲ၊ တုံး** ဟူသည့် နောက်ဆက်ပစ္စည်းတို့သည် **လို့** ဟူသော စကားလုံးနှင့် တွဲ၍လည်း သုံးလေ့ရှိသည်။

၁၃။ **ကြ၊ ကုန်၊ ကြကုန်** ဟူသော ကြိယာနောက်ဆက်ပစ္စည်း**(ကိန်းညွှန်း - ကြိယာ)**

**သာဓက -** ရွာလူကြီးများ ရပ်ရွာအရေး ဆွေးနွေးနေ**ကြ**သည်။

စပါးပင်တို့သည် မိုးကြောင့် ရှင်သန် **ကုန်**၏။

ဤနောက်ဆက်ပစ္စည်းတို့သည် **ကြိယာတို့၏ အများကိန်း** ကို ပြသည်။ ယင်းနောက်ဆက်တို့ကို မြှုပ်၍လည်း သုံးလေ့ရှိသည်။ (ကလေးများ ကစားနေသည်။ စပါးပင်တို့သည် မိုးကြောင့် ရှင်သန်၏။)

၁၄။ **ချင်၊ တတ်၊ နိုင်၊ ဖူး၊ ဝံ့၊ ခဲ၊ ခဲ့၊ မိ၊ သင့်၊ ရှာ၊ လွန်း၊ လှ၊ ရက်၊ သေး၊ ဦး၊ အပ်၊ ရ၊ ထိုက်၊ နေ၊ ပြန်၊ တော့၊ နှင့်၊ သွား၊ ရစ်၊ ထား၊ ပျော်၊ ပစ်၊ ပါ** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း (**ကြိယာထောက်**)

**သာဓက -** မြန်မာအဘိဓာန်စာအုပ် ဝယ်**ချင်**သည်။

မစံပယ်သည် သူငယ်ချင်းများကိုကူညီ**တတ်**သည်။

၁၅။ **မ၊ မ...ဘူး** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း**(အငြင်းပြ)**

**သာဓက -** ပညာလိုသော် **မ**ပျင်းနှင့်။ အချိန်ကို အလဟဿ **မ**ဖြုန်းရ**ဘူး။**

၁၆။ **ခြင်း၊ ချက်၊ ဖွယ်၊ စရာ၊ ဖို့၊ ရန်၊ မှု** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း (**ကြိယာနာမ်ပုဒ်ပြောင်း**)

**သာဓက -** ကြိယာ + နောက်ဆက်ပစ္စည်း = ကြိယာနာမ်

စား + (ခြင်း၊ ချက်၊ ဖွယ်၊ စရာ၊ ဖို့၊ ရန်၊ မှု) = စားခြင်း၊ စားချက်၊ စားဖွယ်၊ စားစရာ၊ စားဖို့၊ စားရန်၊ စားမှု

- စာသင်ချိန်တွင် အစာ**စားခြင်း** မပြုရ။ **စားဖွယ်** ယူလာပါ။ **စားစရာ** ရှိသေးလား။

၁၇။ မှု၊ ခြင်း ဟူသည့် နာမ်အထူးပြုနောက်ဆက်ပစ္စည်း (ဂုဏ်ရည်ပြနာမ် ပုဒ်ပြောင်း)

**သာဓက - နာမ်အထူးပြု + နောက်ဆက်ပစ္စည်း = ဂုဏ်ရည်ပြနာမ်**

ကောင်း + မှု၊ ခြင်း = ကောင်းမှု၊ ကောင်းခြင်း

- မွေးနေ့တွင် ကောင်းမှု ပြုလုပ်သည်။ မြမြသည် ဆံပင်၏ကောင်းခြင်းနှင့် ပြည့်စုံသည်။

၁၈။ သော၊ သည့်၊ မည့် ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း (နာမ်အထူးပြုပုဒ်ပြောင်း)

**သာဓက - ကြိယာ + နောက်ဆက်ပစ္စည်း = နာမ်အထူးပြု**

စား + **(သော၊ သည့်၊ မည့်)**= စားသော၊ စားသည့်၊ စားမည့်- စားမည့်အစာကို
လုံခြုံစွာ ဖုံးထားပါ။

၁၉။ **စွာ** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း**(ကြိယာအထူးပြု ပုဒ်ပြောင်း)**

**သာဓက - ကြိယာ + နောက်ဆက်ပစ္စည်း = ကြိယာအထူးပြု**

ရိုသေ + စွာ = ရိုသေစွာ - ဂါရဝတရားဖြင့် ရိုသေ**စွာ**
ပန်ကြားအပ်ပါသည်။

၂၀။ **သည်၊ က၊ မှာ** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(ပြုသူ၊ ဖြစ်သူ၊ ရှိသူပြ)**

**သာဓက -** ဖေဖေ**သည်** ကျောင်းဆရာ ဖြစ်သည်။ / ဦးဘ**မှာ** သားသမီး သုံးယောက် ရှိသည်။
ကျောင်းအုပ်ဆရာမကြီး**က** ဆုံးမစကား ပြောကြားသည်။

၂၁။ **ကို** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း(**အပြုခံရသူပြ)**

**သာဓက -** ဆရာက မောင်မျိုးမြင့်**ကို** ဆု ချီးမြှင့်သည်။

၂၂။ **မှ၊ က** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း**(ထွက်ခွာရာပြ)**

**သာဓက -** သင်္ဘောသည် ဆိပ်ကမ်း**မှ** ခွာပြီ။ သင်္ဘောသည် ဆိပ်ကမ်း **က** ခွာပြီ။

၂၃။ **သို့၊ ကို** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း**(ရွေးရှုရာပြ)**

**သာဓက -** ဦးဦးသည် မန္တလေး**သို့** သွားသည်။ ဦးဦး မန္တလေး**ကို** သွားတယ်။

ဤနောက်ဆက်တို့သည် **ရွေးရှုရာကို** ပြသည်။ အပြောစကားတွင် **သို့** အစား **ကို** ကိုသုံးသည်။

၂၄။ **သို့၊ ထိ၊ အထိ၊ ထိအောင်၊ တိုင်အောင်**ဟူသည့် နာမ်နောက်ဆက် ပစ္စည်း**(ဆိုက်ရောက်ရာနှင့် အချိန်ပြ)**

**သာဓက -** မမသည် ညနေ (၅) နာရီတွင် အိမ်**သို့** ပြန်ရောက်သည်။
မမသည် ည (၁၂) နာရီ**အထိ** စာဖတ်သည်။

၂၅။ **ဖြင့်၊ နှင့်** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း**(အသုံးခံပြ)**

**သာဓက -** ရိုးသားကြိုးစားမှုကို ငွေ**နှင့်/ ဖြင့်** ဝယ်၍ မရနိုင်ပါ။

၂၆။ **ကြောင့်၊ ဖြင့်** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း**(အကြောင်းပြ)**

**သာဓက -** စပါးပင်တို့သည် မိုး**ကြောင့်** ပျက်၏။
မင်းသားကြီးသည် သွေးတိုးရောဂါ**ဖြင့်** ကွယ်လွန်သည်။

၂၇။ **အား ၊ ကို** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း**(လက်ခံပြ)**

**သာဓက -** ဥက္ကဋ္ဌကြီးသည် ကလေးများ**အား** မုန့်ဖိုးပေးသည်။
ဥက္ကဋ္ဌကြီးက ကလေးတွေ**ကို** မုန့်ဖိုးပေးတယ်။

ဤနောက်ဆက်ပစ္စည်းသည် **လက်ခံသူကို** ပြသည်။ အပြောစကားတွင် **အား** အစား **ကို** ကို သုံးသည်။

၂၈။ **၌၊ မှာ၊ တွင်၊ ဝယ်၊ က** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(နေရာပြ)**

**သာဓက -** ရွှေတိဂုံဘုရားသည် ရန်ကုန်မြို့ **၌/ မှာ/ တွင်/ ဝယ်** ရှိသည်။
ဈေးကိုအိမ်ပေါ်**က** မြင်ရသည်။

၂၉။ **၌၊ မှာ၊ တွင်၊ ဝယ်၊ က** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(အချိန်ပြ)**

**သာဓက -** နွေရာသီ**၌/ မှာ/ တွင်/ ဝယ်** ရာသီဥတု ပူပြင်းသည်။ မနက် **က** စုစု လာသည်။

၃၀။ **၏၊ ရဲ့** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(ပိုင်ဆိုင်ခြင်းပြ)**

**သာဓက -** သူ**၏** စာအုပ်သည် စားပွဲပေါ်မှာ ရှိသည်။ သူ**ရဲ့** စာအုပ်က စားပွဲပေါ်မှာ ရှိတယ်။

၃၁။ **အလိုက်၊ အရ၊ အတိုင်း၊ အလျောက်၊ အားလျော်စွာ၊ နှင့်အညီ၊ နှင့်အမျှ** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(လိုက်လျောပြ)**

**သာဓက -** စည်းကမ်းဖောက်ဖျက်သူကို ဥပဒေ**အရ** အရေးယူမည်။ ပြိုင်ပွဲ စည်းကမ်း**အတိုင်း** ဆောင်ရွက်ကြသည်။ ရုံးသွားလျှင် အချိန်စောသည် **နှင့်အမျှ** ကားချောင်သည်။

၃၂။ **နှင့်၊ နှင့်အတူ၊ နှင့်တကွ၊** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(ယှဉ်တွဲပြ)**

**သာဓက -** ဆရာ**နှင့်/ နှင့်အတူ** ကျောင်းသားများသည် ပုစ္ဆာတစ်ပုဒ်ကို တွက်နေကြသည်။

၃၃။ **တွင်၊ အနက်၊ အထဲမှ၊ အထဲမှာ** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(ခွဲထုတ်ရာပြ)**

**သာဓက -** ဤအတန်းရှိ ကျောင်းသားများ**တွင်/ အနက်/ အထဲမှာ** ထက်ထက်သည် စာအတော်ဆုံး ဖြစ်သည်။

၃၄။ **ငှာ၊ အလို့ငှာ၊ ဖို့၊ အဖို့၊ အတွက်** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(ရည်စူးချက်ပြ)**

**သာဓက -** မိဘများက သားသမီးများလိမ္မာစေရန် အကျိုး**ငှာ/ အလို့ငှာ/ အတွက်** ဆုံးမပဲ့ပြင်ကြသည်။

၃၅။ **တိုင်တိုင်၊ တိုင်အောင်** ဟူသည့် နာမ်နောက်ဆက်ပစ္စည်း **(နေရာဆက်တိုက်ပြ)**

**သာဓက -** ခြေလျင်တောင်တက်လူငယ်များသည် မိုင်(၂၀)**တိုင်တိုင်/တိုင်အောင်** လမ်းလျှောက် ခဲ့သည်။

၃၆။ **တိုင်တိုင်၊ တိုင်အောင်၊ ပတ်လုံး၊ လုံးလုံး** ဟူသည့် နာမ်နောက်ဆက် ပစ္စည်း **(အချိန်ဆက်တိုက်ပြ)**

**သာဓက -** ရန်ကုန်မှ ပဲခူးသို့ (၃)နာရီ**တိုင်တိုင်/ တိုင်အောင်** ကားစီးရသည်။
ကလေးစာပေပွဲတော်ကို (၃)ရက်**ပတ်လုံး**/ **လုံးလုံး** ကျင်းပမည်။

၃၇။ **သည်၊ ၏၊ ပြီ** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း **(ဖြစ်ဆဲကာလပြ)**

**သာဓက -** နွေရာသီရောက်**ပြီ**။ ဥဩတွန်သံများကို ကြားရ**၏**။
သစ်ပင်တို့ ရွက်ဟောင်းများ ကြွေကျ**သည်။**

၃၈။ **သည်၊ ၏၊ ပြီ** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း **(ဖြစ်ပြီးကာလပြ)**

**သာဓက -** မိုးရာသီရောက်**ပြီ**။ ကစားကွင်းတွင် ရေဖွေးနေ**၏**။
ကလေးများ မိုးရေထဲတွင် ကစားကြ**သည်**။

၃၉။ **မည်၊ လိမ့်မည်၊ အံ့၊ လတ္တံ့** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း **(ဖြစ်အံ့ကာလပြ)**

**သာဓက -** မနက်ဖန် ဖေဖေ မန္တလေးက ပြန်လာ**မည်။** ထိုးမုန့်နှင့်လမုန့်များ ဝယ်လာ**လိမ့်မည်။**

၄၀။ **လော့** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း **(စေခိုင်းပြ)**

**သာဓက -** သွေးစည်းညီညွတ်ကြ**လော့။**

၄၁။ **စို့၊ ရအောင်** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း **(ညှိနှိုင်းပြ)**

**သာဓက -** အိမ်ပြန်**စို့။** ကျောင်းပိတ်ရက်မှာ သင်တန်းတက်ကြရ**အောင်။**

၄၂။ **ပါစေ၊ ပါရစေ** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း **(ဆန္ဒညွှန်)**

**သာဓက -** ကျွန်တော် ကြည့်**ပါရစေ**။ ကျန်းမာချမ်းသာကြ**ပါစေ**။ **(အလိုဆန္ဒပြ)**

၄၃။ **စေ** ဟူသည့် ကြိယာနောက်ဆက်ပစ္စည်း **(အမိန့်ချ)**

**သာဓက -** ဤအမှုမှ တရားသေလွှတ်**စေ**။

၄၄။ **ရေ၊ ရှင်၊ ခင်ဗျာ၊ ဗျ၊ ဗျို့** ဟူသော နာမ်/ဝါကျနောက်ဆက်ပစ္စည်း **(အာလုပ်)**

**သာဓက -** မောင်တူးရေ။ ကယ်ကြပါ**ဗျို့။ (ခေါ်သံ)/**စိတ်ချပါ**ရှင်။**

**တော်ပါပြီခင်ဗျာ။ (တုံ့ပြန်ပြောဆိုသံ)**

၄၅။**ကွာ၊ ကွယ်၊ နော်၊ ပါ၊ ပေါ့၊ ဗျာ၊ ရှင်၊ လေ၊ လို့၊ ပေါ့ဗျာ၊ ပေါ့လေ၊ လေကွယ်** ဟူသည့် ဝါကျ နောက်ဆက် ပစ္စည်း **(ဝါကျနောက်လိုက်)**

**သာဓက -** ကျွန်တော် တတ်နိုင်သမျှ ကူညီတာ**ပါ။**
အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်**ရှင်။**

ဤနောက်ဆက်တို့သည် **ကြိယာနောက်ဆက်မဟုတ်သော ဝါကျနောက်လိုက်ပစ္စည်းများ** ဖြစ်သည်။

မြန်မာဘာသာစကားတွင် နာမ်၊ ကြိယာနှင့် ဝါကျတို့ကို ရှေ့ဆက်၊ ကြားဆက်၊ ပြိုင်ဆက်နှင့် နောက်ဆက်စသည့် အဆက်ပစ္စည်းတို့ဆက်၍ ဆိုလိုသည့် အဓိပ္ပာယ်ရရှိအောင် ဖွဲ့စည်းလေ့ရှိသည်။ နာမ်တို့ကို ဆက်ထားသည့် အဆက်ပစ္စည်းအမျိုးမျိုးပေါ် မူတည်၍ ထိုနာမ်သည် ပြုလုပ်သူ၊ အပြုခံရသူ၊ အချိန်ပြ၊ နေရာပြ၊ ထွက်ခွာရာပြ၊ ရှေးရှုရာပြ၊ ဆိုက်ရောက်ရာပြ၊ အများကိန်းဟူ၍ ဝေဖန်ပိုင်းခြားနိုင်သည်။ ကြိယာတို့သည် ဆက်ထားသည့် အဆက်ပစ္စည်းပေါ် မူတည်၍ ကြိယာမှ ကြိယာနာမ်၊ နာမ်အထူးပြု၊ ကြိယာအထူးပြုတို့သို့ သဒ္ဒါတာဝန်/

စကားလုံးအမျိုးအစား ပြောင်းလဲသွားနိုင်သည်။ ထိုကဲ့သို့ပင် ဝါကျတို့သည်လည်း ပါဝင်ဖွဲ့စည်းထားသည့် အဆက်ပစ္စည်းပေါ်မူတည်၍ ထုတ်ဖော်ဝါကျ၊ မေးခွန်းဝါကျ၊ ငြင်းပယ်ဝါကျ၊ တိုက်တွန်းဝါကျ၊ ဆန္ဒဝါကျဟူ၍ ဝါကျအမျိုးအစား အမျိုးမျိုးကွဲပြားသွားစေပါသည်။ ထို့ကြောင့် မြန်မာသဒ္ဒါတွင် အဆက်ပစ္စည်း၏ ကဏ္ဍသည် အထူးအရေးပါသကဲ့သို့ အခြားသူပြောသည့် စကားနှင့် ရေးသည့်စာတို့၏ ဆိုလိုချက်ကို မှန်ကန်တိကျစွာ သိရှိနိုင်ရန်ဖြစ်စေ၊ မိမိက တစ်ပါးသူအား ပြောဆိုရေးသားတင်ပြရာတွင် ဆိုလိုသည့်အဓိပ္ပာယ် ပေါ်လွင်ထင်ရှားရန်ဖြစ်စေ အဆက်ပစ္စည်းတို့၏ သက်ရောက်သည့် အနက်အဓိပ္ပာယ်ကို သေသေချာချာ ပြည့်ပြည့်စုံစုံ သိရှိနားလည်ပြီး မှန်ကန်စွာ သုံးစွဲတတ်စေရန် အထူးလိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ အဆက်ပစ္စည်းများအကြောင်း နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် နမူနာပေးထားသော စာကြောင်းများကို တွေး-တွဲ-မျှဝေခြင်းနည်းဖြင့် လေ့လာပြီး ပေးထားသည့်မေးခွန်းများကို ဖြေဆိုကာ သင်ယူလေ့လာကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ အဆက်ပစ္စည်းအမျိုးမျိုးကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အဆက်ပစ္စည်းအမျိုးမျိုး (ရှေ့ဆက်ပစ္စည်းများ၊ ကြားဆက်ပစ္စည်းများ၊ ပြိုင်ဆက်ပစ္စည်းများ၊ နောက်ဆက်ပစ္စည်းများ) နှင့် ၎င်းတို့၏ သာဓကများကို ကျောင်းသားများ ကောင်းစွာ နားလည်သဘောပေါက်အောင် လေ့လာကြရန် ဖြစ်သည်။ ထိုသို့ လေ့လာရာတွင် သင်ခန်းစာပါအကြောင်းအရာကို အပိုင်း (၅) ပိုင်းခွဲ၍ ဖြတ်ဆက်နည်းဖြင့် သင်ယူလေ့လာကြရန် ဖြစ်သည်။

# ၃.၄.၆ │ ဝါကျရိုး

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဝါကျရိုး ဖွဲ့စည်းတည်ဆောက်ပုံများကို သာဓကများဖြင့် ဖော်ပြတတ်မည်။

## ဝါကျ

**အဓိပ္ပာယ်ပြည့်စုံသော စကားစုကို ဝါကျဟု ခေါ်သည်။**

**ဝါကျတွင် အခြေခံအားဖြင့် ကတ္တားနှင့်ကြိယာ ပါဝင်သည်။ ကတ္တားဆိုသည်မှာ ပြုသူ၊ ဖြစ်သူ၊ ရှိသူကို ဖော်ပြသည်။ ကြိယာဆိုသည်မှာ ပြုသည်၊ ဖြစ်သည်၊ ရှိသည်ကိုဖော်ပြသည်။**[၇၅]

လူတို့သည် လူမှုကိစ္စအဝဝအတွက် တစ်ဦးနှင့်တစ်ဦး နေ့စဉ်နှင့်အမျှ ပြောဆိုဆက်ဆံမှု ပြုနေကြရပါသည်။ မိမိဆိုလိုသည့် အကြောင်းအချက်ကို တစ်ဖက်လူ နားလည်သိရှိသွားစေရန် ဝါကျ၊ စကားလုံးတို့ကို အသုံးပြု၍ ပြောဆိုတင်ပြရမည် ဖြစ်ပါသည်။ လိုရင်းအဓိပ္ပာယ် ပြည့်စုံအောင် လိုအပ်သော စကားလုံးများကို စီကာစဉ်ကာ ပြောဆိုရေးသားကြရသည်။ ထိုသို့ **လိုရင်းအဓိပ္ပာယ် ပြည့်စုံအောင် စီစဉ်ထားသည့် အဓိပ္ပာယ်ပြည့်စုံသော စကားစုကို ဝါကျဟုခေါ်သည်။**

ဝါကျတို့ကို အနက်အဓိပ္ပာယ်အရ (၅) မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ (၂) မျိုးခွဲသည်။

[၇၅] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ကျောင်းသုံးစာအုပ်၊ မြန်မာစာ၊ ဆဌမတန်း* ။ ရန်ကုန်။

## အနက်အဓိပ္ပာယ်အရ ဝါကျ (၅) မျိုး[၇၆]

**(က) ထုတ်ဖော်ဝါကျ - တစ်စုံတစ်ရာပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကိုပြသော ဝါကျကို ထုတ်ဖော်ဝါကျ ဟုခေါ်သည်။**

**သာဓက** - လွတ်လပ်ရေးတိုက်ပွဲတွင် တိုင်းရင်းသားအပေါင်းတို့သည် နိုင်ငံ အတွက် အသက်ကို ပေးခဲ့ကြသည်။ **(ပြုခြင်းပြ)**

- ဆန်စပါးသည် မြန်မာ့ထွက်ကုန်များအနက် အဓိကထွက်ကုန် ဖြစ်သည်။ **(ဖြစ်ခြင်းပြ)**

- မန္တလေးမြို့၌ မြို့ရိုးနှင့်ကျုံးရှိသည်။ **(ရှိခြင်းပြ)**

**(ခ) မေးခွန်းဝါကျ - တစ်စုံတစ်ရာကို မေးမြန်းသောဝါကျကို မေးခွန်းဝါကျဟု ခေါ်သည်။**

**သာဓက** - ဘုရားပွဲကို သွားမလား။ / ဘုရားပွဲကို မသွားဘူးလား။

ဘုရားပွဲကို ဘယ်သူ လိုက်မလဲ။ / ဘုရားပွဲကို မည်သူ လိုက်မည်နည်း။

စာမေးပွဲ အောင်သလား။ / စာမေးပွဲ မအောင်ဘူးလား။

ဘယ်နှယောက် စာမေးပွဲ အောင်သလဲ။ / စာမေးပွဲအောင်သူ မည်မျှရှိသနည်း။

ဒေါ်ဒေါ် ပြန်ရောက်ပြီလား။ / ဒေါ်ဒေါ် ပြန်မရောက်သေးဘူးလား။

ဒေါ်ဒေါ် ဘယ်တော့ ပြန်ရောက်မလဲ။ / ဒေါ်ဒေါ် မည်သည့် အချိန်တွင် ပြန်ရောက်မည်နည်း။

**(ဂ) ငြင်းပယ်ဝါကျ - တစ်စုံတစ်ရာမပြုခြင်း၊ မဖြစ်ခြင်း၊ မရှိခြင်းကိုပြသော ဝါကျကို ငြင်းပယ်ဝါကျဟု ခေါ်သည်။**

**သာဓက** - စာအုပ်ကို ရှာမတွေ့ပါ။ / စာအုပ်ကို ဘယ်မှာမှ ရှာမတွေ့ဘူး။

စာအုပ်ကို မည်သည့်နေရာတွင်မျှ ရှာမတွေ့ချေ။ / စာအုပ်သည် ကျွန်မဟာ မဟုတ်ပါ။

**(ဃ) တိုက်တွန်းဝါကျ - အမိန့်ပေးခြင်း၊ စေခိုင်းခြင်း၊ နှိုးဆော်ခြင်း၊ တောင်းပန်ခြင်း၊ တောင်းဆိုခြင်း စသည် တို့ကိုပြသော ဝါကျကို တိုက်တွန်းဝါကျဟု ခေါ်သည်။**

**သာဓက** - ကစားပြီးရင် အိမ်စာလုပ်ပါ။ / ဤစာပိုဒ်၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

---

[၇၆] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၄)၊ အဋ္ဌမတန်း* ။ ရန်ကုန်။

-တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ကြလော့။ / ကျွန်မ တစ်ယောက်တည်း နေပါရစေ။

-အဖိုးနည်းလည်း မဝယ်နှင့်၊ အမျိုးနည်းလည်း မကျယ်နှင့်။ / အသက်ကို ချမ်းသာပေးပါ။

**(င) ဆန္ဒဝါကျ - ဆုတောင်းခြင်း၊ ဆုပေးခြင်း၊ ကျိန်ဆဲခြင်း၊ ကျိန်ဆိုခြင်း တို့ကိုပြသော ဝါကျကို ဆန္ဒဝါကျဟု ခေါ်သည်။**

**သာဓက** - လာမည့်ဘေး ဝေးပါစေသော်။ / လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ပါစေ။
- ဘုရားစူးရစေရဲ့။
- ဤမှန်သော သစ္စာစကားကြောင့် ခံစားနေရသော ဝေဒနာများ ပျောက်ကင်းစေသတည်း။

ဝါကျတို့တွင် ကြိယာပုဒ်ကိုဆက်သော အဆက်ပစ္စည်းအပေါ် မူတည်၍ ထုတ်ဖော်ဝါကျ၊ ငြင်းပယ်ဝါကျ၊ မေးခွန်းဝါကျ၊ တိုက်တွန်းဝါကျ၊ ဆန္ဒဝါကျ စသည်ဖြင့် ဝါကျအမျိုးအစား ကွဲပြားသွားသည်။ ထို့ပြင် အမိန့်ပေးခြင်း၊ စေခိုင်းခြင်း၊ နှိုးဆော်ခြင်း၊ တောင်းပန်ခြင်း၊ တောင်းဆိုခြင်း၊ ခွင့်ပြုခြင်း၊ ခွင့်တောင်းခြင်း၊ အတူတကွဆောင်ရွက်ခြင်း၊ ဆုတောင်းခြင်း၊ ဆုပေးခြင်း၊ တောင့်တခြင်း၊ ကျိန်ဆဲခြင်း စသည်တို့ကိုပြသော ဝါကျများဖြစ်လာစေရန် အဆက်ပစ္စည်း အမျိုးမျိုးတို့မှ ဆီလျော်ရာကို ရွေးချယ်ထည့်သွင်း၍ ဆက်ခြင်းဖြင့် ဆိုလိုသည့် အနက်အဓိပ္ပာယ်ရရှိအောင် တိုးချဲ့ဖွဲ့စည်း တည်ဆောက်နိုင်သည်။

ဝါကျတို့ကို ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျရိုးနှင့် ဝါကျရောဟု (၂) မျိုး ခွဲခြားနိုင်ပါသည်။

## ဝါကျရိုး[၇၇]

| ဝါကျရိုးတွင် အခြေခံအားဖြင့် ကတ္တားပုဒ်နှင့် ကြိယာပုဒ် ပါရှိသည်။ |
|---|

**ကတ္တားပုဒ်ဆိုသည်မှာ** ပြုသူ၊ ဖြစ်သူ၊ ရှိသူကိုဖော်ပြသည့် နာမ်၊ နာမ်စား၊ ကြိယာ နာမ်တို့၏ နောက်တွင် **သည်၊ က၊ မှာ** ဟူသောစကားလုံးများနှင့် ဆက်ထားသည့် စကားစုဖြစ်သည်။

**သာဓက** - ဦးဘသည်၊ ဦးဘက၊ ဦးဘမှာ / ကျွန်မသည်၊ ကျွန်မက၊ ကျွန်မမှာ

၇၇ ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ကျောင်းသုံးစာအုပ်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

**ကြိယာပုဒ်ဆိုသည်မှာ** ပြုသည်၊ ဖြစ်သည်၊ ရှိသည်ကိုဖော်ပြသည့်ကြိယာ၏နောက်၌ **သည်၊ ၏၊ ပြီ၊ မည်၊ လိမ့်မည်၊ တယ်၊ မယ်** စသည့် စကားလုံးများနှင့် ဆက်ထားသည့် စကားစု ဖြစ်သည်။

**သာဓက** - သွားသည်၊ သွား၏၊ သွားပြီ၊ သွားမည်၊ သွားလိမ့်မည်၊ သွားတယ်၊ သွားမယ်။

**ကတ္တားပုဒ်နှင့် ကြိယာပုဒ် ပါသော ဝါကျရိုးဖွဲ့နည်း**[၇၈]

| **ကတ္တားပုဒ် (နာမ်)** | **+** | **ကြိယာပုဒ်** |
|---|---|---|
| ကလေးများသည် | | ကျောင်းသွားကြတော့မည်။ |
| သကြားက | | ချိုတယ်။ |
| အေးအေးမှာ | | အရုပ်သုံးခုရှိသည်။ |

| **ကတ္တားပုဒ် (နာမ်စား)** | **+** | **ကြိယာပုဒ်** |
|---|---|---|
| ကျွန်တော်က | | ကြိုးစားမယ်။ |
| သူသည် | | ထူးချွန်၏။ |
| မင်းမှာ | | စာအုပ်ရှိသည်။ |

| **ကတ္တားပုဒ် (ကြိယာနာမ်)** | **+** | **ကြိယာပုဒ်** |
|---|---|---|
| ရိုးသားမှုသည် | | တန်ဖိုးကြီး၏။ |
| ကျန်းမာရေးက | | ကောင်းပါတယ်။ |
| ဆုံးဖြတ်ချက်မှာ | | ခိုင်မာသည်။ |

ကတ္တားသည် ပြုသူကိုပြသည်။ ကြိယာသည် ပြုခြင်းကိုပြသည်။ ဖော်ပြပါ ဝါကျတို့တွင် ပြုသူ၊ ဖြစ်သူ၊ ရှိသူကိုပြသော အေးအေး၊ ကျွန်တော်၊ ရိုးသားမှု စသည့်ပုဒ်တို့သည် **ကတ္တားများ** ဖြစ်သည်။ ယင်းတို့၏ နောက်မှ **'သည်၊ က၊ မှာ'** ဟူသည့် စကားလုံးများ ဆက်ထားသည့် စကားစုတို့သည် **ကတ္တားပုဒ်များ** ဖြစ်ကြသည်။ ကတ္တား၏နေရာတွင် **နာမ်၊ နာမ်စား၊ ကြိယာနာမ်**တို့ ဖြစ်နိုင်သည်။ ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကိုပြသည့် ကြိုးစားမည်၊ ချိုသည်၊ ရှိသည် ဟူသောပုဒ်

[၇၈] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

တို့သည် **ကြိယာများ** ဖြစ်ကြသည်။ ကြိယာ၏ နောက်၌ **'သည်၊ ၏၊ ပြီ၊ မည်၊ လိမ့်မည်၊ တယ်၊ မယ်'** စသည့် စကားလုံးများနှင့် ဆက်ထားသည့် စကားစုသည် **ကြိယာပုဒ်များ** ဖြစ်ကြသည်။ ကြိယာများ၏ နေရာတွင် **ကြိယာ၊ နာမ်ပေါင်းကြိယာ**တို့ ဖြစ်နိုင်သည်။ ကြိယာ၏နောက်တွင် 'နေ၊ ပါ၊ ချင်၊ တတ်၊ နိုင်' စသည့် **ကြိယာထောက်**လည်း ထည့်သွင်းနိုင်သည်။

| **ကတ္တားပုဒ်** + | **ကြိယာပုဒ် (နာမ်ပေါင်းကြိယာ)** |
|---|---|
| ဝန်ကြီးချုပ် | **မိန့်ခွန်းပြော**နေသည်။ **(ကြိယာထောက်)** |
| ကလေး | **အိပ်**တော့မည်။ **(ကြိယာထောက်)** |
| ကလေးများ | **စာရေး**တတ်ပြီ။ **(ကြိယာထောက်)** |

**မြန်မာဘာသာစကားတွင် ကတ္တားပုဒ်ကို တစ်ခါတစ်ရံ မြှုပ်၍ ရေးသားလေ့ရှိသည်။**

| | **ကြိယာပုဒ်** |
|---|---|
| (ငါတို့) | ကျောင်းသွားကြစို့။ |
| (မင်း) | စာရပြီလား။ |
| (ကျောင်းသားများ) | စာအုပ်မှာ ကူးရေးပါ။ |

အနက် ပြည့်စုံသည့် ဝါကျဖြစ်လာစေရန် ကတ္တားပုဒ်နှင့် ကြိယာပုဒ်များကို အထားအသို ရှေ့နောက် အစီအစဉ်မှန်အောင် ယှဉ်တွဲ၍ တည်ဆောက်ပေးရသည်။ **ဝါကျရိုးများတွင် ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့ကို နေရာမှန်စွာ ရေးရသည်။ မြန်မာဝါကျတို့သည် ကြိယာဖြင့် အဆုံးသတ်လေ့ရှိသည်။**

**မရှုပ်ထွေးသော ဝါကျများတွင် နာမ်၊ နာမ်စားတို့၏ နောက်တွင် ကတ္တားနောက်ဆက် 'သည်၊ က၊ မှာ' ကို မြှုပ်၍ ရေးနိုင်သည်။**

| **ကတ္တားပုဒ် (နာမ်)** + | **ကြိယာပုဒ်** |
|---|---|
| ဆား | ငန်သည်။ |
| ဘုရားပွဲ | နီးလာပြီ။ |
| မုးယစ်ဆေး | ကင်းပါစေ။ |

| **ကတ္တားပုဒ် (နာမ်စား) +** | **ကြိယာပုဒ်** |
|---|---|
| ကျွန်တော် | လာမယ်။ |
| မင်း | သွားတော့။ |
| သူ | လိမ္မာတယ်။ |

| **ကတ္တားပုဒ် (ကြိယာနာမ်) +** | **ကြိယာပုဒ်** |
|---|---|
| ဆုံးဖြတ်ချက် | ပြတ်သားပါစေ။ |
| ကြိုးစားမှု | ရှိရမည်။ |
| အပြောအဆို | ချိုသာ၏။ |

**ကတ္တားပုဒ်တစ်ခုနှင့် ကြိယာပုဒ်တစ်ခုပါဝင်သော ဝါကျကိုအခြေခံလျက် သင့်လျော်သော ပုဒ် တို့ကို ဖြည့်စွက်၍ ဝါကျရှိုး အမျိုးမျိုးဖွဲ့နိုင်သည်။**

**ဝါကျရိုးဖွဲ့နည်းအမျိုးမျိုး**[၇၉]

(၁) ကတ္တားပုဒ် + ကြိယာပုဒ်
ကံ့ကော်ပန်းများ ပွင့်နေသည်။

(၂) ကတ္တားပုဒ် + **အဖြည့်ကတ္တားပုဒ်** + ကြိယာပုဒ်
မောင်သူရသည် ကျောင်းသား ဖြစ်သည်။

(၃) ကတ္တားပုဒ် + **ကံပုဒ်** + ကြိယာပုဒ်
စုစုသည် မိဘကို ကူညီသည်။

(၄) ကတ္တားပုဒ် + **နေရာပြပုဒ်** + ကြိယာပုဒ်
ငါးသည် ရေ၌ ပျော်၏။

(၅) ကတ္တားပုဒ် + **အချိန်ပြပုဒ်** + ကြိယာပုဒ်
သစ်ရွက်တို့သည် တပေါင်းလ၌ ကြွေသည်။

---

[၇၉] မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဋ္ဌမတန်း* ။ ရန်ကုန်။

| | | | | |
|---|---|---|---|---|
| (၆) | ကတ္တားပုဒ် + | **ထွက်ခွာရာပြပုဒ်** | + | ကြိယာပုဒ် |
| | ဈေးသည်များသည် | ဈေးမှ | | ပြန်လာကြသည်။ |
| (၇) | ကတ္တားပုဒ် + | **ရှေးရှုရာပြပုဒ်** | + | ကြိယာပုဒ် |
| | ဝန်ထမ်းများသည် | ရုံးသို့ | | သွားကြသည်။ |
| (၈) | ကတ္တားပုဒ် + | **ဆိုက်ရောက်ရာပြပုဒ်** | + | ကြိယာပုဒ် |
| | တောင်တက်သမားများသည် | တောင်ထိပ်အထိ | | ရောက်သည်။ |
| (၉) | ကတ္တားပုဒ် + | **အကြောင်းပြပုဒ်** | + | ကြိယာပုဒ် |
| | စပါးပင်တို့သည် | ပိုးကြောင့် | | ပျက်ကုန်၏။ |
| (၁၀) | ကတ္တားပုဒ် + | **လိုက်လျောပြပုဒ်** | + | ကြိယာပုဒ် |
| | ပန်းတို့သည် | ရာသီအလိုက် | | ဖူးပွင့်ကြသည်။ |
| (၁၁) | ကတ္တားပုဒ် + | **ယှဉ်တွဲပြပုဒ်** | + | ကြိယာပုဒ် |
| | သားသမီးများသည် | မိဘများနှင့်အတူ | | နေထိုင်ကြသည်။ |
| (၁၂) | ကတ္တားပုဒ် + | **အချိန်ဆက်တိုက်ပြပုဒ်** | + | ကြိယာပုဒ် |
| | လူနာသည် | (၅)ရက်တိုင်တိုင် | | မေ့မြောနေသည်။ |
| (၁၃) | ကတ္တားပုဒ် + | **ကံပုဒ် + အဖြည့်ကံပုဒ်** | + | ကြိယာပုဒ် |
| | ပန်းထိမ်ဆရာသည် | ရွှေကို လက်ကောက် | | လုပ်သည်။ |
| (၁၄) | ကတ္တားပုဒ် + | **ကံပုဒ် + နေရာပြပုဒ်** | + | ကြိယာပုဒ် |
| | ဆရာသည် | မာလာကို အတန်းထဲ၌ | | ချီးကျူးသည်။ |
| (၁၅) | ကတ္တားပုဒ် + | **ကံပုဒ် + အချိန်ပြပုဒ်** | + | ကြိယာပုဒ် |
| | မမသည် | ညစာကို (၅) နာရီ၌ | | စားသည်။ |
| (၁၆) | ကတ္တားပုဒ် + | **ကံပုဒ် + ထွက်ခွာရာပြပုဒ်** | + | ကြိယာပုဒ် |
| | ဖေဖေသည် | ညီလေးကို ကျောင်းမှ | | ကြိုလာသည်။ |

(၁၇) ကတ္တားပုဒ် + **ကံပုဒ်** + **ရှေးရှုရာပြပုဒ်** + ကြိယာပုဒ်
သူသည် စာအုပ်ကို အိမ်သို့ ယူသွားသည်။

(၁၈) ကတ္တားပုဒ် + **ကံပုဒ်** + **လက်ခံပြပုဒ်** + ကြိယာပုဒ်
နုနုသည် မုန့်ကို သူငယ်ချင်းအား ကျွေးသည်။

(၁၉) ကတ္တားပုဒ် + **ကံပုဒ်** + **အသုံးခံပြပုဒ်** + ကြိယာပုဒ်
ကျောင်းသားများသည် မြေပုံကို ခဲတံဖြင့် ဆွဲသည်။

(၂၀) ကတ္တားပုဒ် **+ ပိုင်ဆိုင်ခြင်းပြပုဒ် + အဖြည့်ကတ္တားပုဒ်** + ကြိယာပုဒ်
ဤစာအုပ်သည် ကိုကို၏ စာအုပ် ဖြစ်သည်။

(၂၁) ကတ္တားပုဒ် **+ ခွဲထုတ်ရာပြပုဒ် + အဖြည့်ကတ္တားပုဒ်** + ကြိယာပုဒ်
ဆန်စပါးသည် မြန်မာ့ထွက်ကုန်များအနက် အဓိကထွက်ကုန် ဖြစ်သည်။

(၂၂) ကတ္တားပုဒ် **+ ရည်စူးချက်ပြပုဒ်** + **ကံပုဒ်** + ကြိယာပုဒ်
တပ်မတော်သားတို့သည် နိုင်ငံတော်အတွက် အသက်ကို ပေးလှူကြသည်။

(၂၃) ကတ္တားပုဒ် **+ ထွက်ခွာရာပြပုဒ်** + **ရှေးရှုရာပြပုဒ်** + ကြိယာပုဒ်
ဆရာမသည် ကျောင်းမှ အိမ်သို့ ပြန်လာသည်။

(၂၄) ကတ္တားပုဒ် **+ ထွက်ခွာရာပြပုဒ် + ရှေးရှုရာပြပုဒ် + အချိန်ပြပုဒ် +** ကြိယာပုဒ်
ဦးဦးသည် မေမြို့မှ ရန်ကုန်သို့ မနေ့က ပြန်လာသည်။

(၂၅) ကတ္တားပုဒ် + **ကံပုဒ်** + **နေရာပြပုဒ်** + **အချိန်ပြပုဒ်** + ကြိယာပုဒ်
တရားသူကြီးသည် ခိုးမှုကို တရားရုံး၌ နံနက်က စစ်ဆေးသည်။

ဤသို့အားဖြင့် ဝါကျရိုးတွင် အနည်းဆုံး ကတ္တားပုဒ်တစ်ခုနှင့် ကြိယာပုဒ်တစ်ခုတို့ ပါဝင်ဖွဲ့စည်းထားပြီး မိမိဆိုလိုသည့် အနက်အဓိပ္ပာယ်ရရှိစေရန် အဖြည့်ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံပုဒ်၊ အချိန်ပြပုဒ်၊ နေရာပြပုဒ်၊ ထွက်ခွာရာပြပုဒ်၊ ရှေးရှုရာပြပုဒ်စသည့် ပုဒ်အမျိုးမျိုးတို့ကို ဖြည့်စွက်ထည့်သွင်း၍ ဝါကျရိုး အမျိုးမျိုးကို တိုးချဲ့ဖွဲ့စည်းနိုင်သည်။

### သင်ယူမှုလုပ်ငန်း (၁)။ ဝါကျရိုးနှင့်ဆက်စပ်သည့်အကြောင်းကို ဉာဏ်ဖွင့်စဉ်းစားခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မြန်မာသဒ္ဒါ၏ အခြေခံဖြစ်သော ဝါကျ၊ ဝါကျရိုးတို့နှင့် စပ်လျဉ်း၍ ကျောင်းသားများ၏ ရှိပြီးအသိပညာများကို မေးခွန်းများမေး၍ ဖော်ထုတ်ပြီး ယခုသင်ခန်းစာနှင့် ချိတ်ဆက် နိဒါန်းပျိုးရန် ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ ဝါကျရိုးဖွဲ့စည်းတည်ဆောက်ပုံများကိုလေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဝါကျရိုးဖွဲ့စည်းတည်ဆောက်ပုံများကို ကျောင်းသားများ နားလည်သဘောပေါက်ရန် ကျောင်းသားကိုင်တွင်ပါရှိသော "ဝါကျရိုး ဖွဲ့နည်းအမျိုးမျိုး" ကို အပိုင်း (၃) ပိုင်းဖြင့် လေ့လာကြရန်ဖြစ်သည်။ ဆရာက နမူနာ အဖြစ်ရှင်းပြခြင်း၊ ကျောင်းသားများ အုပ်စုလုပ်ငန်းအနေဖြင့် လေ့လာပြီး ဆီလျော်သည့် သာဓကများပေးခြင်းနှင့် အချင်းချင်း မျှဝေခြင်း အပိုင်းတို့ဖြစ်သည်။

## ၃.၄.၇ | ဝါကျရောနှင့် ဝါကျကဏ္ဍ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ဝါကျရောတွင် ဝါကျကဏ္ဍ ပါဝင်ဖွဲ့စည်းနေပုံကို သာဓကများဖြင့် ဖော်ပြတတ်မည်။

**ဝါကျရော**[၈၀]

**ဝါကျရိုး (၂)ခု (သို့မဟုတ်) (၂)ခုထက်ပိုသော ဝါကျရိုးများကို ဝါကျတစ်ခုတည်း ဖြစ်စေရန် အဆက်ပစ္စည်း တစ်ခုခုဖြင့် ဆက်၍ရေးသော ဝါကျကို ဝါကျရောဟု ခေါ်သည်။** "ဝါကျရောထဲ ပါဝင်သည့် ဝါကျရိုးများသည် သီးခြားမဟုတ်တော့ဘဲ ဝါကျရော၏ အစိတ်အပိုင်းများ ဖြစ်သွားသည်။"[၈၁]

---

[၈၀] မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၅)၊ နဝမတန်း* ။ ရန်ကုန်။

[၈၁] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ *ရေးဟန်ပညာနိဒါန်း* ။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ဝါကျရိုးများကို ဝါကျတစ်ခုတည်း ဖြစ်စေရန် **ကို၊ မှာ၊ က၊ဟု၊ သော၊ သောအခါ၊ သောကြောင့်** အစရှိသည့် အဆက်ပစ္စည်းတို့နှင့် ဆက်စပ်ရေး သောအခါ ဝါကျရောများ ဖြစ်လာသည်။ ဝါကျရောတစ်ခုတွင် **အမှီခံ ဝါကျကဏ္ဍတစ်ခု**နှင့် **အမှီဝါကျကဏ္ဍ တစ်ခု**တို့ ပါဝင်သည်။

| | | | |
|---|---|---|---|
| **သာဓက - ဝါကျရော →** | **အမှီဝါကျကဏ္ဍ** | **+** | **အမှီခံဝါကျကဏ္ဍ** |
| | သီဟပြန်လာသည်**ကို** | | ကျွန်မတွေ့သည်။ |
| | ကျောင်းမှ ပြန်လာ**သော** သီဟကို | | ကျွန်မတွေ့သည်။ |
| | သီဟပြန်လာ**သောအခါ** | | (၅) နာရီထိုးပြီ။ |

**ဝါကျကဏ္ဍ**

**ဝါကျကဏ္ဍ ဟူသည်မှာ ဝါကျရော၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည့်အပြင် ကတ္တားနှင့်ကြိယာ ပါရှိသော ပုဒ်အစုအပေါင်းကို ဝါကျကဏ္ဍ ဟုခေါ်သည်။** ဝါကျကဏ္ဍ (၂) မျိုးရှိသည်။ ယင်းဝါကျကဏ္ဍ (၂) မျိုးမှာ အမှီခံဝါကျကဏ္ဍနှင့် အမှီဝါကျကဏ္ဍတို့ ဖြစ်ကြပါသည်။

**အမှီဝါကျကဏ္ဍ**

**ဝါကျရောတွင် ကတ္တားနှင့်ကြိယာ ပါရှိသော်လည်း သီးခြားမရပ်တည်နိုင်သော အနက်အဓိပ္ပာယ် မပြည့်စုံသည့် ပုဒ်အစုအပေါင်းကို အမှီဝါကျကဏ္ဍ ဟုခေါ်သည်။**

**အမှီခံဝါကျကဏ္ဍ**

**ဝါကျရောတွင် ကတ္တားနှင့်ကြိယာ ပါရှိသော်လည်း သီးခြား ရပ်တည်နိုင်သော အနက်အဓိပ္ပာယ် ပြည့်စုံသည့် ပုဒ်အစုအပေါင်းကို အမှီခံဝါကျကဏ္ဍ ဟုခေါ်သည်။**

| | | | |
|---|---|---|---|
| **သာဓက - ဝါကျရော →** | **အမှီ ဝါကျကဏ္ဍ** | **+** | **အမှီခံ ဝါကျကဏ္ဍ** |
| | **ကြောင်ကလေး** အိပ်နေသည်**ကို** | + | ကျွန်တော်တွေ့သည်။ |
| | **သူသည်နေမကောင်းသောကြောင့်** | **+** | **အစားမစား**နိုင်ပါ။ |
| | မိုးရွာ**လျှင်** | + | ရေချိုးမည်။ |

ဖော်ပြပါ ဝါကျရောတို့တွင် 'မိုးရွာလျှင် ရေချိုးမည်။' ဟူသော ဝါကျရော၌ အမှီခံဝါကျကဏ္ဍဖြစ်သည့် 'ရေချိုးမည်။' ဟူသည့် အစိတ်အပိုင်းသည် အခြားမည်သည့် အစိတ်အပိုင်းကိုမျှ မှီခိုစရာမလိုဘဲ အနက်အဓိပ္ပာယ် ပြည့်စုံသည့်ပြင် မိမိဘာသာလည်း ရပ်တည်နိုင်သည်။ အမှီဝါကျကဏ္ဍဖြစ်သည့် 'မိုးရွာလျှင်' ဟူသည့် အစိတ်အပိုင်းသည် အမှီဝါကျကဏ္ဍ တစ်ခုတည်းဖြင့် အနက်အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်ခြင်း မရှိသည့်ပြင် မိမိဘာသာ ရပ်တည်နိုင်ခြင်းလည်း မရှိပေ။ မိုးရွာလျှင် 'ထီးဆောင်းမည်။ ရေခံမည်။ ကစားမည်။' စသည်ဖြင့် အမျိုးမျိုး ဖြစ်နိုင်သည်။ **အမှီဝါကျကဏ္ဍသည် အမှီခံဝါကျကဏ္ဍရှိမှသာ အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်သည်။**


## အမှီဝါကျကဏ္ဍ (၃) မျိုး

အမှီဝါကျကဏ္ဍ (၃) မျိုးရှိသည်။ ၎င်းတို့မှာ -

(က) နာမ် ဝါကျကဏ္ဍ

(ခ) နာမ်အထူးပြု ဝါကျကဏ္ဍ

(ဂ) ကြိယာအထူးပြု ဝါကျကဏ္ဍ တို့ဖြစ်ကြသည်။




**ပုံ ၃.၁။ ဝါကျရောနှင့် ဝါကျကဏ္ဍ**

**(က) နာမ် ဝါကျကဏ္ဍ**

**ကတ္တားနှင့်ကြိယာပါရှိပြီး နာမ်၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော အမှီဝါကျကဏ္ဍသည် နာမ်ဝါကျကဏ္ဍ ဖြစ်သည်။** နာမ်ဝါကျကဏ္ဍသည် ကတ္တား၏ လုပ်ငန်းတာဝန်ကိုသော်လည်းကောင်း၊ ကံ၏ လုပ်ငန်းတာဝန်ကို သော်လည်းကောင်း ဆောင်ရွက်သည်။ နာမ်ဝါကျကဏ္ဍ၏ အဆုံး၌ **ကို၊ မှာ၊ က** စသည့် နာမ်နောက်ဆက်များ ပါဝင်ကြသည်။

| | | | |
|---|---|---|---|
| **သာဓက - ဝါကျရော →** | **နာမ်ဝါကျကဏ္ဍ <u>(ကတ္တား)</u>** | **+** | **အမှီခံ ဝါကျကဏ္ဍ** |
| | သူပြောသည် **မှာ** | | အမှန်ဖြစ်၏။ |
| | **နာမ်ဝါကျကဏ္ဍ <u>(ကံ)</u>** | | **အမှီခံဝါကျကဏ္ဍ** |
| | လူဆိုးတို့ ထွက်ပြေးသည်**ကို** | | မိသည်။ |
| | **နာမ်ဝါကျကဏ္ဍ <u>(ကတ္တား)</u>** | | **အမှီခံဝါကျကဏ္ဍ** |
| | သူ ပထမ ရသည်**က** | | များသည်။ |

**(ခ) နာမ်အထူးပြု ဝါကျကဏ္ဍ**

**ကတ္တားနှင့်ကြိယာပါရှိပြီး နာမ်အထူးပြု၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော အမှီဝါကျကဏ္ဍသည် နာမ်အထူးပြု ဝါကျကဏ္ဍဖြစ်သည်။** နာမ်အထူးပြု ဝါကျကဏ္ဍများသည် သက်ဆိုင်ရာနာမ်၊ နာမ်စားကို အထူးပြုသည်။ နာမ်အထူးပြု ဝါကျကဏ္ဍ၏ အဆုံး၌ **သော၊ သည့်၊ မည့်** ဟူသော ပုဒ်ပြောင်း အဆက်ပစ္စည်းများ ပါဝင်ကြသည်။

| | | |
|---|---|---|
| **သာဓက - ဝါကျရော →** | **နာမ်အထူးပြုဝါကျကဏ္ဍ** | **အမှီခံဝါကျကဏ္ဍ** |
| | ကျောင်းသားများ **မေးသော** <u>ပုစ္ဆာများ</u>ကို ဆရာသည် ဖြေပေး၏။ | |
| | **ဖေဖေ ချက်သည့်** | <u>ဟင်း</u>မှာ ကြက်သားဟင်း ဖြစ်သည်။ |
| | စာမေးပွဲ **စဖြေရမည့်** | <u>နေ့</u>မှာ တနင်္လာနေ့ ဖြစ်သည်။ |

အထက်ဖော်ပြပါ သာဓကများတွင် အမှီဝါကျကဏ္ဍတွင် ပါဝင်သော '**မေးသော၊ ချက်သည့်၊ ဖြေရမည့်**' ဟူသည့် နာမ်အထူးပြုတို့သည် အမှီခံဝါကျကဏ္ဍတွင်ပါဝင်သည့် **'ပုစ္ဆာများ၊ ဟင်း၊ နေ့'** စသည့် နာမ်တို့ကို အထူးပြုသောကြောင့် ထိုအမှီဝါကျကဏ္ဍတို့သည် နာမ်အထူးပြု ဝါကျကဏ္ဍများ ဖြစ်ကြသည်။

## (ဂ) ကြိယာအထူးပြု ဝါကျကဏ္ဍ

**ကတ္တားနှင့်ကြိယာပါရှိပြီး ကြိယာအထူးပြု၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော အမှီဝါကျကဏ္ဍသည် ကြိယာအထူးပြု ဝါကျကဏ္ဍဖြစ်သည်။** ကြိယာအထူးပြု ဝါကျကဏ္ဍသည် သက်ဆိုင်ရာ ကြိယာကို အထူးပြုသည်။

| **သာဓက - ဝါကျရော →** | **ကြိယာအထူးပြုဝါကျကဏ္ဍ** | **အမှီခံဝါကျကဏ္ဍ** |
|---|---|---|
| | မင်း**ပေးလျှင်** | ငါ ယူမည်။ |
| | ခိုင်ခိုင်**စာကြိုးစားသောကြောင့်** | ပထမရသည်။ |
| | သူသည်**အပြေးသန်သော်လည်း** | ပထမဆုမရပါ။ |

အထက်ဖော်ပြပါ သာဓကများတွင် 'မင်းပေးလျှင်' ဟူသည့် အမှီဝါကျကဏ္ဍသည် 'ယူမည်' ဟူသော ကြိယာကိုသော်လည်းကောင်း၊ 'ခိုင်ခိုင်စာကြိုးစားသောကြောင့်' ဟူသည့် အမှီဝါကျကဏ္ဍသည် 'ရသည်' ဟူသော ကြိယာကိုသော်လည်းကောင်း၊ 'သူသည် အပြေးသန်သော်လည်း' ဟူသည့် အမှီဝါကျကဏ္ဍ သည် 'မရပါ' ဟူသော ကြိယာ ကိုသော်လည်းကောင်း အသီးသီး အထူးပြုလျက်ရှိကြသည်။

### ကြိယာအထူးပြု ဝါကျကဏ္ဍ (၉)မျိုး

**၁။ သော်လည်း၊ စေကာမူစသည်တို့ ပါဝင်သည့် ဆန့်ကျင်ပြ ကြိယာအထူးပြု ဝါကျကဏ္ဍ**

| **သာဓက - ဝါကျရော →** | **ကြိယာအထူးပြုဝါကျကဏ္ဍ** | **အမှီခံဝါကျကဏ္ဍ** |
|---|---|---|
| | ဦးမျိုးမြင့်သည် နေမကောင်း**စေကာမူ** | ရုံးသို့ သွားသည်။ |

'**ဦးမျိုးမြင့်သည် နေမကောင်းစေကာမူ**' ဟူသော အမှီဝါကျကဏ္ဍသည် '**သွားသည်**' ဟူသော ကြိယာကို ဆန့်ကျင်သည့် အနက်ဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍ ဖြစ်သည်။

**၂။ သောအခါ၊ နှင့်တစ်ပြိုင်နက်စသည်တို့ ပါဝင်သည့် အချိန်ပြ ကြိယာအထူးပြု ဝါကျကဏ္ဍ**

**သာဓက - ဝါကျရော → ကြိယာအထူးပြုဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ**

လယ်သမားတို့သည် မိုးကျသည်**နှင့်တစ်ပြိုင်နက်** ထွန်တုံးကို <u>ပြင်ကြသည်</u>။

'**လယ်သမားတို့သည် မိုးကျသည်နှင့်တစ်ပြိုင်နက်**' ဟူသော အမှီဝါကျကဏ္ဍသည် '**ပြင်ကြသည်**' ဟူသော ကြိယာကို အချိန်ဖော်ပြခြင်းဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍ ဖြစ်သည်။

**၃။ အောင်၊ ရန်စသည်တို့ ပါဝင်သည့် အကျိုးမျှော်ပြ ကြိယာအထူးပြု ဝါကျကဏ္ဍ**

**သာဓက - ဝါကျရော → ကြိယာအထူးပြုဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ**

ကျောင်းသားတိုင်း လိမ္မာ**အောင်** ဆရာက <u>သွန်သင်သည်</u>။

'**ကျောင်းသားတိုင်း လိမ္မာအောင်**' ဟူသော အမှီဝါကျကဏ္ဍသည် '**သွန်သင်သည်**' ဟူသော ကြိယာကို အကျိုး တစ်စုံတစ်ရာ မျှော်လင့်ခြင်းအနက်ဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍ ဖြစ်သည်။

**၄။ သောကြောင့်၊ သဖြင့် စသည်တို့ ပါဝင်သည့် အကြောင်းပြ ကြိယာအထူးပြု ဝါကျကဏ္ဍ**

**သာဓက - ဝါကျရော → ကြိယာအထူးပြုဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ**

**ပြုံးပြုံး**သည် လိမ္မာ**သောကြောင့်** လူကြီးများက <u>ချစ်ကြသည်</u>။

'**ပြုံးပြုံးသည် လိမ္မာသောကြောင့်**' ဟူသော အမှီဝါကျကဏ္ဍသည် '**ချစ်ကြသည်**' ဟူသော ကြိယာကို အကြောင်းပြခြင်းအနက်ဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍဖြစ်သည်။

**၅။ သကဲ့သို့၊ သလိုစသည်တို့ ပါဝင်သည့် နှိုင်းယှဉ်ပြ ကြိယာအထူးပြု ဝါကျကဏ္ဍ**

**သာဓက - ဝါကျရော → ကြိယာအထူးပြုဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ**

ရွှေ၏အရောင်သည် ဝါဝင်း**သကဲ့သို့** စပါးပုံများသည် <u>ဝါဝင်းနေသည်</u>။

'**ရွှေ၏ အရောင်သည် ဝါဝင်းသကဲ့သို့**' ဟူသော အမှီဝါကျကဏ္ဍသည် '**ဝါဝင်းနေသည်**' ဟူသော ကြိယာကို နှိုင်းယှဉ်သည့်အနက်ဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍ ဖြစ်သည်။

**၆။ လျှင် ၊ မှ ၊ သော်  ပါဝင်သည့် ကန့်သတ်ချက်ပြ ကြိယာအထူးပြု ဝါကျကဏ္ဍ**

**သာဓက - ဝါကျရော → ကြိယာအထူးပြုဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ**

သားသမီးလိမ္မာ**လျှင်** မိဘများ စိတ်ချမ်းသာသည်။

'**သားသမီးလိမ္မာလျှင်**' ဟူသော အမှီဝါကျကဏ္ဍသည် '**စိတ်ချမ်းသာသည်**' ဟူသော ကြိယာကို ကန့်သတ်သည့် အနက်ဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍဖြစ်သည်။

**၇။ ဖြစ်စေ...မ...ဖြစ်စေ၊ လျှင်သော်လည်းကောင်း...လျှင်သော်လည်းကောင်း စသည်တို့ ပါဝင်သည့် ကန့်သတ်မဲ့ပြ ကြိယာအထူးပြု ဝါကျကဏ္ဍ**

**သာဓက - ဝါကျရော → ကြိယာအထူးပြုဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ**

မိုးရွာသည်**ဖြစ်စေ၊ မ**ရွာသည်**ဖြစ်စေ** ကျွန်တော်လာမည်။

'**မိုးရွာသည်ဖြစ်စေ၊ မရွာသည်ဖြစ်စေ**' ဟူသော အမှီဝါကျကဏ္ဍသည် '**လာမည်**' ဟူသော ကြိယာကို ကန့်သတ်ခြင်းမရှိသည့်အနက်ဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍ ဖြစ်သည်။

**၈။ သလောက်၊ ကာမျှဖြင့်စသည်စသည်တို့ ပါဝင်သည့် ပမာဏပြ ကြိယာအထူးပြု ဝါကျကဏ္ဍ**

**သာဓက - ဝါကျရော → ကြိယာအထူးပြုဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ**

**ငါတို့**အိမ်မှာ နေချင်**သလောက်** မင်းနေနိုင်ပါတယ်။

'**ငါတို့အိမ်မှာ နေချင်သလောက်**' ဟူသော အမှီဝါကျကဏ္ဍသည် '**နေနိုင်ပါတယ်**' ဟူသော ကြိယာကို ပမာဏ ဖော်ပြခြင်းဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍ ဖြစ်သည်။

## ၉။ လျက်၊ ကာစသည်တို့ ပါဝင်သည့် အမူအရာပြ ကြိယာအထူးပြု ဝါကျကဏ္ဍ

**သာဓက - ဝါကျရော → ကြိယာအထူးပြုဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ**

ကလေးများသည် ခုန်ပေါက်**လျက်** ကျောင်းမှ <u>ပြန်လာကြသည်</u>။

'**ကလေးများသည် ခုန်ပေါက်လျက်**' ဟူသော အမှီဝါကျကဏ္ဍသည် '**ပြန်လာကြသည်**' ဟူသော ကြိယာကို အမူအရာ ဖော်ပြခြင်းဖြင့် အထူးပြုသည့် ကြိယာအထူးပြု ဝါကျကဏ္ဍ ဖြစ်သည်။

ဤသို့အားဖြင့် ဝါကျရောတစ်ခုတွင် အနည်းဆုံး အမှီခံဝါကျကဏ္ဍတစ်ခုနှင့် အမှီဝါကျကဏ္ဍတစ်ခုတို့ ပါဝင်ပါသည်။ ဆိုလိုသော အနက်ရအောင် ဝါကျရိုးတို့ကို '၍၊ လျက်၊ သဖြင့်၊ သောကြောင့်၊ သော်လည်း' စသည့် စကားဆက်များဖြင့် ဆက်၍လည်းကောင်း၊ ဝါကျရောတွင် နာမ် အမှီဝါကျကဏ္ဍ၊ နာမ်အထူးပြု အမှီဝါကျကဏ္ဍ၊ ကြိယာအထူးပြု အမှီဝါကျကဏ္ဍများ ထည့်သွင်းရေးဖွဲ့ခြင်းဖြင့်လည်းကောင်း ဝါကျတို့သည် မူလထက်ပို၍ အနက်အဓိပ္ပာယ် ကျယ်ပြန့်လာသည်။

### သင်ယူမှုလုပ်ငန်း (၁)။ ဝေါဟာရအဓိပ္ပာယ်များကို တွေး-တွဲ-မျှဝေ သင်ယူခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ဝါကျ၊ဝါကျရိုး၊ ဝါကျရောတို့နှင့်စပ်လျဉ်း၍ ယခင် သင်ခန်းစာက သင်ယူရရှိခဲ့သည့် အချက်များကို မှတ်မိမှု ရှိ၊မရှိ နှင့် သိပြီးစကားလုံးများကို ချိတ်ဆက်ပြီး ကျောင်းသားများသည် ဝါကျ၊ ဝါကျရိုး၊ ဝါကျရောနှင့် ဝါကျကဏ္ဍတို့၏ ဆိုလိုချက် အဓိပ္ပာယ်များကို တွေး-တွဲ-မျှဝေနည်းဖြင့် ချိတ်ဆက်စဉ်းစားကာ သင်ယူကြရန် ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ ဝါကျရောတွင် ဝါကျကဏ္ဍများ ပါဝင်ဖွဲ့စည်းနေပုံကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဝါကျရောတွင် ဝါကျကဏ္ဍများ ပါဝင်ဖွဲ့စည်းနေခြင်းနှင့် စပ်လျဉ်း၍ ကျောင်းသားအုပ်စုများသည် တာဝန်ကျသည့် လုပ်ငန်းအပိုင်းမှ အဓိက အကြောင်းအချက်များနှင့် ကိုယ်ပိုင်သာဓကများ ကို ဆွေးနွေး ဖော်ထုတ်ကြရန် ဖြစ်သည်။ ဤလုပ်ငန်းအတွက် ကျောင်းသားများသည် ဒုတိယနှစ် မြန်မာစာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြပါရှိသည့် ဝါကျရောနှင့် ဝါကျကဏ္ဍအကြောင်းကို လေ့လာဖတ်ရှုပြီး အုပ်စုတွင်း ဆွေးနွေးခြင်း၊

သာဓကများ စဉ်းစားဖော်ထုတ်ခြင်း၊ အတန်းအားအလှည့်ကျ ပြန်လည်မျှဝေခြင်းတို့ဖြင့် သင်ယူကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၃)။ သင်ခန်းစာကို အနှစ်ချုပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဝါကျရောတွင် ဝါကျကဏ္ဍများ ပါဝင်ဖွဲ့စည်းနေကြောင်း ဖော်ပြသည့်ဂရပ်ဖစ်ပုံ (ပုံ ၃.၁) ကို လေ့လာ၍ နားလည်သဘောပေါက်မှုကို သာဓကတစ်ခုဖြင့် ရှင်းပြရန်ဖြစ်သည်။ ဤလုပ်ငန်းကို ကျောင်းသားများ နှစ်ယောက် တစ်တွဲဖြင့် လုပ်ဆောင်ပြီး သင်ခန်းစာကို နိဂုံးချုပ်ရန်ဖြစ်သည်။

# ၃.၄.၈ | မြန်မာသဒ္ဒါ သင်ကြားနည်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

| |
|---|
| **ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**<br>• မြန်မာသဒ္ဒါ သင်ကြားနည်းများကို အုပ်စုဖွဲ့ဆွေးနွေးတင်ပြတတ်မည်။ |

## မြန်မာသဒ္ဒါ သင်ကြားနည်းများ

သဒ္ဒါဟူသည် ဘာသာစကားတစ်ခု၏ စနစ်တစ်ခုဖြစ်ပြီး ဘာသာစကားများသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲနေပါသည်။ အဆိုပါ သဒ္ဒါ၏ အရေးကြီးပုံကို “သဒ္ဒါမတတ်လျှင် စာမတတ်” ဟုပင် တင်စား သုံးနှုန်းခဲ့ကြသည်ဖြစ်ရာ အလယ်တန်းဆင့် ကလေးများ မြန်မာသဒ္ဒါကို တတ်မြောက်ပြီး စာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။

“သဒ္ဒါသင်ခန်းစာ” ဟုဆိုလျှင် အချို့ကျောင်းသားများသည် သင်ယူရန် စိတ်ဝင်စားမှု နည်းသွားတတ်သဖြင့် “သဒ္ဒါ”ဟူသော အသုံးအနှုန်းကို မသုံးဘဲ စိတ်ဝင်စားဖွယ်ဖြစ်အောင် သင်ကြားပို့ချပေးနိုင်သည့် နည်းလမ်းများကို အခါအားလျော်စွာ အသုံးပြုသင့်ပါသည်။ ဥပမာအားဖြင့် အချိန်တိုတို နားထောင်ရသည့် စိတ်ဝင်စားဖွယ်ကောင်းသော အသံဖိုင်အပိုင်းတိုများ (ကြော်ငြာ၊ ဇာတ်လမ်းတို၊ သတင်း) ကို ကျောင်းသားများအား နားထောင်စေပြီး သဒ္ဒါအသုံးအနှုန်း တစ်ခုခုကို သင်ကြားနိုင်ပါသည်။ သဒ္ဒါဆိုင်ရာဂိမ်းများဖြင့် သင်ကြားခြင်းအပြင် ဗီဒီယိုအပိုင်းတိုများကို

ပြသပြီး ကြိယာအသုံးအနှုန်းများ ပြောင်းလဲသုံးစွဲပုံကို ဖော်ထုတ်စေခြင်း၊ အမျိုးအစားခွဲစေခြင်း တို့ဖြင့်လည်း လေ့ကျင့်နိုင်ပါသည်။ ဗီဒီယိုအပိုင်းတိုများကို ပြသသည် ဆိုရာ၌ အချိန်ကြာကြာ ကြည့်ရပါက ကျောင်းသား ငြီးငွေ့နိုင်သဖြင့် ပြသချိန် (၃) မိနစ်မှ (၅) မိနစ်ခန့်သာ ဖြစ်သင့်ပါသည်။ အခြေခံပညာအဆင့် မြန်မာသဒ္ဒါ သင်ကြားရာတွင် အစဉ်အလာအားဖြင့် အသုံးပြုလေ့ရှိသည့် နည်း (၂) နည်းမှာ ဥပမာပြ၍ အဓိပ္ပာယ်ရှင်းလင်းသင်ကြားနည်းနှင့် အဓိပ္ပာယ်ဖွင့်ဆို၍ ဥပမာပြ သင်ကြားနည်းတို့ဖြစ်သည်။[၈၂]

## ဥပမာပြ၍ အဓိပ္ပာယ်ရှင်းလင်းသင်ကြားနည်း

ဤနည်းအရ မြန်မာသဒ္ဒါဆိုင်ရာ အကြောင်းအရာတစ်ခုကို သင်မည်ဆိုလျှင် ထိုအကြောင်းအရာနှင့် သက်ဆိုင်သော ဥပမာများကို ရှေးဦးစွာ ဖော်ပြရပါသည်။ ထိုဥပမာများကို ကိုးကား၍ သင်ကြားမည့် အကြောင်းအရာ၏ အဓိပ္ပာယ်ပေါ်လွင်အောင် ရှင်းလင်းသင်ကြားခြင်းနည်း ဖြစ်ပါသည်။

၎င်းနည်းအရ ဝါစင်္ဂတစ်မျိုးဖြစ်သော နာမ်အကြောင်းကို သင်မည်ဆိုပါစို့။ မီးငယ်၊ ကား၊ မေတ္တာ၊ ခွေး၊ စားပွဲ၊ ကျန်းမာခြင်း၊ ကျောင်းသား၊ သတ္တိ၊ ကြောင်၊ အချစ်၊ ကုလားထိုင်၊ စာအုပ်၊ ကျောင်း၊သံယောဇဉ် စသည့်စကားလုံးများကို သင်ပုန်းပေါ်တွင် ဦးစွာရေးပြရပါမည်။ ပြီးမှ မီးငယ်၊ ကျောင်းသား တို့မှာ သက်ရှိလူတို့ကို ညွှန်းဆိုသည့် အမည်များဖြစ်ကြောင်း ခွေး၊ ကြောင် တို့မှာ သက်ရှိတိရစ္ဆာန်တို့၏ အမည်များဖြစ်ကြောင်း၊ စားပွဲ၊ ကုလားထိုင်၊ စာအုပ် စသည်တို့သည် သက်ရှိမဟုတ်သော်လည်း ထင်ရှားတွေ့မြင်နိုင်သော အမည်များပင် ဖြစ်ကြောင်း၊ သတ္တိ၊ ကျန်းမာခြင်း၊ သံယောဇဉ် စသည်တို့သည် သက်ရှိလည်းမဟုတ်သည့်ပြင် ထင်ရှားတွေ့မြင်နိုင်သောအရာများလည်း မဟုတ်ကြကြောင်းကို ရှင်းပြရမည်ဖြစ်သည်။ ထိုသို့ရှင်းပြပြီးမှ “လူအမည်၊ တိရစ္ဆာန် အမည်၊ သစ်ပင်ပန်းမန်အမည်၊ အရာဝတ္ထုတို့၏ အမည်၊ ဒြပ်ရှိတို့၏ အမည်၊ ဒြပ်မဲ့တို့၏ အမည် အစရှိသည့် အမည်ဟူသမျှသည် နာမ် ဖြစ်ကြောင်း” ဥပမာပြ၍ အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းသင်ပြနည်းဖြစ်သည်။

## အဓိပ္ပာယ်ဖွင့်ဆို၍ ဥပမာပြ သင်ကြားနည်း

ဤနည်းသည် အထက်ဖော်ပြပါ သင်နည်း၏ အပြန်အလှန်သဘောဖြစ်သည်။ သင်မည့် အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှေးဦးစွာရှင်းပြပြီးမှ ယင်းအဓိပ္ပာယ်ကို ပေါ်လွင်စေမည့် ဥပမာများကိုပြ၍ သင်သော သင်ကြားနည်းဖြစ်သည်။ ယင်းနည်းအရ ဝါစင်္ဂတစ်မျိုး ဖြစ်သော နာမ်အကြောင်းကို သင်မည်ဆိုပါက သက်ရှိ သက်မဲ့၊ ဒြပ်ရှိ ဒြပ်မဲ့

[၈၂] ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန။(၂၀၁၃)။ *ပညာရေးကောလိပ်-ဒုတိယနှစ်သင်တန်း၊ မြန်မာစာသင်ပြနည်း*။ ရန်ကုန်။

အမည်နာမတို့၏ အမည်ဟူသမျှကို နာမ်ဟုခေါ်ကြောင်း အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုပြီးမှ မီးငယ်၊ ကား၊ မေတ္တာ၊ ခွေး၊ စားပွဲ၊ ကျန်းမာခြင်း၊ ကျောင်းသား၊ သတ္တိ၊ ကြောင်၊ အချစ်၊ ကုလားထိုင်၊ စာအုပ်၊ ကျောင်း၊ သံယောဇဉ် စသည့် စကားလုံးများဖြင့် ဥပမာပြ သင်ပြသောနည်း ဖြစ်သည်။

အထက်ပါ သင်ကြားနည်း (၂) မျိုးကို အမျိုးအစားအရ ခွဲခြားသတ်မှတ်ထားသော်လည်း သဒ္ဒါဆိုင်ရာ အကြောင်းအရာများကို သင်ပြသည့်အခါ နည်း (၂) မျိုး လုံးကို အပြန်အလှန် ပေါင်းစပ်သင်မည်ဆိုလျှင် ပိုမိုထိရောက်ကာ အကျိုးရှိနိုင်ပါသည်။

မြန်မာသဒ္ဒါ သင်ကြားရေးနှင့် စပ်လျဉ်း၍ သဒ္ဒါသင်ကြားချိန် သီးသန့်ထား၍ သင်ကြားခြင်းထက် အခွင့်အခါအလျောက် အကြောင်းပေါ်ပေါက်သည့်အခါတို့၌ သင်ကြားခြင်းကပို၍ကောင်းကြောင်း၊ သဒ္ဒါဥပဒေသများအတိုင်း သီးခြားလေ့ကျင့် ရေးသားခြင်းမပြုစေဘဲ စာဖတ်ခြင်းမှဖြစ်စေ၊ စီကုံးရေးသားခြင်းမှဖြစ်စေ သဒ္ဒါနည်းများကို ဆက်သွယ်သင်ကြား ပေးသင့်ကြောင်းကို မြန်မာစာပေ ပညာရှင်အချို့က အကြံပြုထားပါသည်။[၈၃] ထို့ပြင် မြန်မာသဒ္ဒါ သင်ကြားရာတွင် ကျောင်းသားများ ကိုယ်တိုင် သင်ယူမှုလုပ်ငန်းတွင် ပိုမိုတက်ကြွစွာ ပါဝင်လုပ်ဆောင်သင်ယူစေသည့် အောက်ပါနည်းနှစ်မျိုးကိုလည်း အကြံပြုထားပါသည်။[၈၄]


## စိတ်ကူးပုံဖော်ခြင်းနည်း

ဤစိတ်ကူးပုံဖော်ခြင်းနည်းသည် ယေဘုယျကျသည့် သင်ပြနည်းတစ်ခုဖြစ်ပြီး ဤနည်းကို နာမည်အမျိုးမျိုးပေးကြပါသည်။ စိတ်ကူးပုံဖော်ခြင်းနည်းဖြင့် အကြောင်းအရာတစ်ခုနှင့် တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို အပိုင်းကဏ္ဍအလိုက် စုစည်းတင်ပြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ရွေးချယ်ထားသည့် ခေါင်းစဉ်တစ်ခုဆိုင်ရာ အကြောင်းအရာ၊ အချက်အလက်များကို ကျောင်းသားများ ပိုမိုမြင်သာအောင် ဒီဇိုင်းပုံဖော်သည့်နည်းဖြစ်သည်။ အမြင်အာရုံဖြင့် သင်ယူသူများအတွက် အလွန်သင့်လျော်သော နည်းဖြစ်ပါသည်။ တစ်ဦးချင်းလုပ်ငန်း (သို့) အုပ်စုလုပ်ငန်းအဖြစ်သုံးနိုင်ပြီး စဉ်းစားမှုပုံစံနဲ့ သရုပ်ဖော်ပုံမတူလျှင် မတူသည့်အလျောက် အကြောင်းအရာဖွဲ့စည်းပုံနှင့် ဖော်ပြပုံ ဒီဇိုင်းများသည်လည်း ကွာခြားသွားနိုင်ပါသည်။ “ကြိယာအစု” သင်ခန်းစာကို စိတ်ကူးပုံဖော်ခြင်းနည်းသုံး၍ သင်ကြားနိုင်ရန် နမူနာပုံကြမ်း အနေဖြင့် အောက်တွင်ဖော်ပြထားပါသည်။

---

၈၃ သန်းထွတ် (ဦး)(ပါမောက္ခ)(ငြိမ်း)။ (၂၀၁၅)။ *မြန်မာစာသင်ကြားရေး (အထက်တန်းနှင့်အလယ်တန်း)* ။ ရန်ကုန်၊ စိန်တိုက်စာပေ။

၈၄ Macfadyen, S. (2015) Different Methods of Teaching Grammar, Retrieved from http://www2.vobs.at/ludescher/pdf%20files/grammar.pdf




**ပုံ ၃.၂။ "ကြိယာအစု" သင်ခန်းစာကို စိတ်ကူးပုံဖော်ခြင်း**

## ခြုံယူဆင်ခြင်နည်း

ခြုံယူဆင်ခြင်နည်းဖြင့် သင်ယူခြင်းတွင် သဒ္ဒါဆိုင်ရာ ဥပဒေသများ၊ စည်းမျဉ်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ကျောင်းသားများအား ကြိုတင်ရှင်းလင်းပြောကြားခြင်း မပြုလုပ်ဘဲ ၎င်းတို့ လေ့လာနိုင်ရန်နှင့် သတိပြုမိစေရန် ကြိုတင်စီစဉ်ထားသည့် သင်ယူမှုလုပ်ငန်းတစ်ခုခု (သို့မဟုတ်) သင်ယူမှုပြဿနာတစ်ခုခုကို ဖန်တီးပေးရန်လိုအပ်ပါသည်၊ အဆိုပါ ဖန်တီးမှုကို ၎င်းတို့ကိုယ်တိုင် စူးစမ်းရှာဖွေလေ့လာပြီး အချက်အလက်များ ကောက်ယူကာ အဖြေထုတ်ကြည့်ရသည့် နည်းဖြစ်သည်။

ကျောင်းသားများ၏ ကြည့်ရှုလေ့လာမှတ်သားတတ်မှု၊ နှိုင်းယှဉ်တတ်မှု၊ ပုံစံ (pattern) သစ်ရှာဖွေတတ်မှုနှင့် ယေဘုယျပြုတတ်မှုတို့ ထက်မြက်လာစေရန် လေ့ကျင့်ပေးသည့် နည်းတစ်မျိုးဖြစ်ပါသည်။ အသိသညာတစ်ရပ်ကို ဦးစွာအသေးစိတ် လေ့လာပြီးခြုံယူဆင်ခြင် သင်ယူတတ်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ဥပမာ၊ သာဓက၊ အချက်အလက်များမှတစ်ဆင့် ဥပဒေသ၊ စည်းမျဉ်း၊ နိယာမတွေကို ရှာဖွေဖော်ထုတ်ကြည့်သည့်နည်းဖြစ်သည်။ ကျောင်းသားများသည် ပေးထားသည့် ဥပမာများ၊ နမူနာများကိုလေ့လာကာ ဆက်စပ်၊ ချိတ်ဆက် စဉ်းစားခြင်းဖြင့် သဒ္ဒါစည်းမျဉ်း၊ဥပဒေသများကိုသတိပြုမိလာစေရန်ဖြစ်သည်။ခြုံယူဆင်ခြင်သင်ယူခြင်းနည်းက ကျောင်းသားများ သဒ္ဒါဆိုင်ရာ အသိသညာတစ်ရပ်ကို အဓိပ္ပာယ်ရှိရှိဖြင့် ပိုမိုလွယ်ကူ စွဲမြဲစွာ

မှတ်မိစေရန် အထောက်အပံ့ပြုပါသည်။ သာဓကအားဖြင့် ကြိယာထောက် အကြောင်းကို သင်ကြားမည်ဆိုပါက ကြိယာထောက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည့် “ကြိယာ၏ နောက်ကနေ၍ ကြိယာ၏ အဓိပ္ပာယ်ကို ကူညီထောက်ပံ့ပေးသော စကားလုံးကို ကြိယာထောက်ဟု ခေါ်ကြောင်း” ကို ကျောင်းသားများအား ကြိုတင်ရှင်းပြခြင်းမျိုး မပြုလုပ်ဘဲ **ဖူး၊ နိုင်၊ တတ်၊ ရက်၊ ဝံ့၊ ခဲ့ စသည့်** ကြိယာထောက်များပါသော ဝါကျများကိုပေး၍ ထူးခြားချက်ကို လေ့လာရှာဖွေစေခြင်း၊ ဆင်တူသည့် အချက်များကို သတိပြုမိစေခြင်းတို့ဖြင့် ကျောင်းသားကိုယ်တိုင် အဖြေထုတ်ကြရန်ဖြစ်ပါသည်။

ကျောင်းသားများ ကိုယ်တိုင် အချက်အလက်များ ကောက်ယူခြင်း၊ ချိတ်ဆက်စဉ်းစားခြင်း၊ စူးစမ်းလေ့လာပြီး အဖြေရှာခြင်းတို့ တက်ကြွစွာလုပ်ဆောင်ကြရန် ဆရာများက အားပေးတိုက်တွန်းရမည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့၏ စူးစမ်းရှာဖွေ လေ့လာလိုစိတ်နှင့် သင်ယူလိုစိတ်များ ပိုမိုဖြစ်ထွန်းလာရန် သင်ယူမှုဝန်းကျင်များ ဖန်တီးပေးရန်လည်း လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ မေးခွန်းများမေး၍ သင်ခန်းစာကို နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ ကျောင်းသားများ သင်ယူလေ့လာခဲ့ပြီးဖြစ်သော မြန်မာသဒ္ဒါ သင်ခန်းစာများ ဖြစ်သည့် (၃.၄.၁) - မြန်မာသဒ္ဒါအခြေခံ၊ (၃.၄.၂) - နာမ်အစု၊ (၃.၄.၃) - ကြိယာအစု၊ (၃.၄.၄) - အထူးပြုအစု၊ (၃.၄.၅) - အဆက်ပစ္စည်းများ၊ (၃.၄.၆) - ဝါကျရိုး၊ (၃.၄.၇) - ဝါကျရောနှင့် ဝါကျကတ္တားဆိုင်ရာ အကြောင်းအရာများကို ပြန်လည်စဉ်းစားပြီး ယေဘုယျမေးခွန်းများကို တုံ့ပြန်ဖြေဆိုခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။ တစ်နည်းအားဖြင့် သင်ယူပြီးဖြစ်သည့် သင်ခန်းစာများ မှတ်မိမှု ရှိမရှိကို မေးမြန်းပြီး သင်ခန်းစာနိဒါန်းပျိုးရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ မြန်မာသဒ္ဒါသင်ကြားနည်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဆရာအတတ်ပညာသင် ကျောင်းသားကိုင် စာအုပ်ပါ မြန်မာသဒ္ဒါ သင်ကြားနည်း (၄) နည်းကို ကျောင်းသားများ ယေဘုယျနားလည်သဘောပေါက်ရန် တစ်ဦးချင်း ဖတ်ရှုလေ့လာခြင်း၊ ပြီးလျှင် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ဆီလျော်သည့် ဥပမာများပေး၍ အတန်းသို့ ပြန်လည်ရှင်းလင်းတင်ပြခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် လေ့လာသင်ယူကြရန် ဖြစ်သည်။

# ၃.၄.၉ | သင်ခန်းစာပြင်ဆင်ခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မြန်မာသဒ္ဒါ သင်ကြားရန် သင်ခန်းစာတစ်ခုကို ပြင်ဆင်တတ်မည်။

## အလယ်တန်းဆင့်မြန်မာစာဘာသာရပ်သင်ရိုးမာတိကာမှ မြန်မာသဒ္ဒါနယ်ပယ်ခွဲ[၈၅]

အခြေခံပညာအလယ်တန်းဆင့် မြန်မာစာဘာသာရပ် သင်ကြားရခြင်းရည်ရွယ်ချက်များတွင် သဒ္ဒါသင်ကြား သင်ယူရေးနှင့်စပ်လျဉ်း၍ "မြန်မာသဒ္ဒါ အခြေခံစည်းမျဉ်းများကို နားလည်၍ လက်တွေ့ပြောဆိုရေးသားတတ်ရန်" ဟု ဖော်ပြထားပါသည်။ ကျောင်းသားများအနေဖြင့် သဒ္ဒါစည်းမျဉ်းများကို သိနားလည်ရုံသာမက လက်တွေ့ဘဝတွင် မှန်မှန်ကန်ကန် ပြောဆိုရေးသားတတ်ရန်အတွက် ကျောင်းသင်ရိုးဝင် သင်ခန်းစာများအပြင် သင်ခန်းစာများနှင့် ဆက်စပ်သော သင်ရိုးပြင်ပစာပေများ အထူးသဖြင့် မြန်မာသဒ္ဒါ စာအုပ်များကို ဖတ်ရှုလေ့လာရန် လိုအပ်ပါသည်။ သို့မှသာ သဒ္ဒါစကားလုံးများ ခွဲခြားနားလည်မှုကို အထောက်အပံ့ ရနိုင်ခြင်း၊ သဒ္ဒါစကားလုံးများ၏ သဘောသဘာဝနှင့် အသုံးပြုနိုင်ခြင်းအပေါ် နားလည်နိုင်မှုကို အထောက်အပံ့ဖြစ်စေခြင်း၊ ဝါကျတွင်းမှ သဒ္ဒါစကားလုံးများ ခွဲခြားနိုင်မှုကို အထောက်အပံ့ ပေးနိုင်ခြင်း၊ ဝါကျရိုးများတည်ဆောက်ခြင်းနှင့် လက်တွေ့အသုံးချနိုင်ခြင်း စသည့် အကျိုးရလဒ်များကို ရရှိနိုင်မည်ဖြစ်သည်။ အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာ ဘာသာရပ် သင်ရိုးမာတိကာတွင် သဒ္ဒါသင်ကြားရေးနှင့် စပ်လျဉ်း၍ ဆဋ္ဌမတန်း မှ နဝမတန်း အထိ အကြောင်းအရာ နယ်ပယ်ခွဲအလိုက် အစီအစဉ်များရေးဆွဲထားပါသည်။ ထို့ပြင် အဆိုပါ နယ်ပယ်ခွဲအလိုက် သင်ယူမှုရလဒ်များနှင့် တတ်မြောက်မှု အညွှန်းကိန်းများကိုလည်း အသီးသီး ချမှတ် ဖော်ပြထားပါသည်။

မြန်မာစာသဒ္ဒါ သင်ခန်းစာတစ်ခုကို အလယ်တန်းဆင့် ကလေးများအား သင်ကြားရန် စီစဉ်ပြင်ဆင်ရာတွင် အတန်းလိုက် သင်ရိုးမာတိကာတွင်ပါရှိသည့် နယ်ပယ်ခွဲများမှ သင်ယူမှုရလဒ်များ ပေါက်မြောက်ရေးကို အလေးထားရေးဆွဲရန် လိုအပ်ပါသည်။ (နမူနာအဖြစ် အောက်တွင် ဇယား ၂ ခုဖြင့် ဖော်ပြထားသည်။)

[၈၅] ပညာရေးဝန်ကြီးဌာန။ (နေ့စွဲမပါ)။ *မြန်စာဘာသာရပ် Grade 6 to 9 သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ* ။ ပုံနှိပ်ထုတ်ဝေခြင်းမပြုသည့် မူကြမ်း။

## ဇယား ၃.၂။ အလယ်တန်းဆင့် မြန်မာသဒ္ဒါ သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ[၈၆]

| ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း |
|---|---|---|---|
| • နာမ်အစုတွင် ပါဝင်သော နာမ်စား၊ ကြိယာနာမ် တို့ကို သိစေခြင်း။<br>• ကြိယာအစုတွင် ပါဝင်သော ကြိယာ၊ ကြိယာထောက်၊ နာမ်ပေါင်းကြိယာ တို့ကို သိစေခြင်း။ | • အထူးပြုအစုကို သိစေခြင်း။<br>၁။ နာမဝိသေသန<br>၂။ ကြိယာဝိသေသန | • အဆက်ပစ္စည်းများကို သိစေခြင်း။<br>၁။ ဝိဘတ် | • အဆက် ပစ္စည်းများကို သိစေခြင်း။<br>၁။ ပစ္စည်း<br>၂။ သမ္ဗန္ဓ |
| • အခြေခံဝါကျ တည်ဆောက်ခြင်း။<br>• ဝါကျရိုး<br>၁။ ကတ္တား + ကြိယာပုဒ်။<br>၂။ ကတ္တားပုဒ် + ကြိယာပုဒ်။ | • အခြေခံဝါကျ တည် ဆောက်ခြင်း။<br>• ဝါကျရိုး<br>၁။ ကတ္တာပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်။<br>၂။ ကတ္တားပုဒ် + ကံပုဒ်+ ကြိယာပုဒ်။<br>၃။ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ+ ကြိယာပုဒ်။ | • အခြေခံဝါကျ တည်ဆောက်ခြင်း။<br>• ဝါကျရိုး။<br>၁။ ကတ္တားပုဒ် + ကံပုဒ် + လက်ခံပုဒ် + ကြိယာပုဒ်။<br>၂။ ကတ္တားပုဒ် + ထွက်ခွာရာပြပုဒ် + ကြိယာပုဒ်။<br>၃။ ကတ္တားပုဒ် + ရှေးရှုရာပြပုဒ် + ကြိယာပုဒ်။ | • အခြေခံဝါကျ တည်ဆောက်ခြင်း။<br>• ဝါကျရိုး<br>၁။ ကတ္တားပုဒ် + နေရာပြပုဒ် + ကြိယာပုဒ်။<br>၂။ ကတ္တားပုဒ် + အချိန်ပြပုဒ် + ကြိယာပုဒ်။<br>၃။ ကတ္တားပုဒ် + အကြောင်းပြပုဒ် + ကြိယာပုဒ်။<br>၄။ ကတ္တားပုဒ် + ကံပုဒ် + အသုံးခံပြပုဒ် + ကြိယာပုဒ်။ |

[၈၆] ပညာရေးဝန်ကြီးဌာန။ (နေ့စွဲမပါ)။ *မြန်မာစာဘာသာရပ် Grade 6 to 9* ။

## ဇယား ၃.၃။ ဆဌမတန်းနှင့် သတ္တမတန်း မြန်မာသဒ္ဒါ သင်ယူမှုရလဒ်များ

| နယ်ပယ်ခွဲ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|
| **(ဆဌမတန်း)**<br><br>အသုံးချ ဘာသာစကား (နာမ်အစု၊ ကြိယာအစုဝါကျ) | • နာမ်အစုဝင် စကားလုံးများကို ဖော်ပြတတ်လာမည်။<br><br>• ကြိယာအစုဝင် စကားလုံးများကို ဖော်ပြတတ်လာမည်။<br><br>• ကတ္တားပုဒ်နှင့် ကြိယာပုဒ် ပါဝင်သော ဝါကျရိုးများကို ဖော်ပြတတ်လာမည်။ | • စာပိုဒ်များ၊ ဝါကျများတွင် ပါဝင်သော နာမ်အစုဝင် စကားလုံးများကို ဖော်ပြတတ်ခြင်း။<br><br>• ကြိယာစကားလုံးများကို ကြိယာနာမ်အဖြစ် ပြောင်းတတ်ခြင်း။<br><br>• ဝါကျများတွင် ဆီလျော်သော နာမ်အစုဝင် စကားလုံးများကို ဖော်ပြတတ်ခြင်း။<br><br>• စာပိုဒ်များ ဝါကျများတွင် ပါဝင်သော ကြိယာအစုဝင် စကားလုံးများကို ဖော်ပြတတ်ခြင်း။<br><br>• နာမ်စကားလုံးများကိုနာမ်ပေါင်းကြိယာအဖြစ် ပြောင်းတတ်ခြင်း။<br><br>• ဝါကျများတွင် ဆီလျော်သော ကြိယာအစုဝင် စကားလုံးများကို ဖြည့်တတ်ခြင်း။<br><br>• ကတ္တားပုဒ်နှင့် ကြိယာပုဒ် ပါဝင်သော ဝါကျရိုးများကို ရေးတတ်ခြင်း။ |
| **(သတ္တမတန်း)**<br><br>သဒ္ဒါစကားလုံး<br><br>၁။ နာမ်အထူးပြု<br><br>၂။ ကြိယာ အထူးပြု | • နာမ်အထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်လာမည်။<br><br>• နာမ်အထူးပြုစကားစုများကို မှန်မှန်ကန်ကန် ပြောဆို သုံးနှုန်းတတ်လာမည်။<br><br>• နာမ်အထူးပြုစကားစုများဖြင့် ဝါကျများ ရေးတတ်လာမည်။<br><br>• ကြိယာအထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်လာမည်။<br><br>• ကြိယာအထူးပြုစကားစုများကို မှန်မှန်ကန်ကန် ပြောဆို သုံးနှုန်းတတ်လာမည်။<br><br>• ကြိယာအထူးပြုစကားစုများဖြင့် ဝါကျများ ရေးတတ်လာမည်။ | • နာမ်အထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်ခြင်း။<br><br>• နာမ်အထူးပြုစကားစုများကို မှန်ကန်စွာ သုံးတတ်ခြင်း။<br><br>• နာမ်အထူးပြုစကားစုများပါဝင်သော ဝါကျများ ရေးတတ်ခြင်း။<br><br>• ကြိယာအထူးပြုစကားစုများကို ခွဲခြားဖော်ပြတတ်ခြင်း။<br><br>• ကြိယာ အထူးပြုစကားစုများကို မှန်ကန်စွာ သုံးတတ်ခြင်း။<br><br>• ကြိယာ အထူးပြုစကားစုများပါဝင်သော ဝါကျများ ရေးတတ်ခြင်း။ |

| နယ်ပယ်ခွဲ | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|
| ဝါကျရိုး<br><br>(အခြေခံဝါကျ တည်ဆောက်ခြင်း) | • ဝါကျရိုးတစ်ခုတွင် ပါဝင်သော ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်များကို ဖော်ပြတတ်လာမည်။<br><br>• ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ် ပါဝင်သော ဝါကျရိုးများ ရေးတတ်လာမည်။<br><br>• ဝါကျရိုးတစ်ခုတွင် ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ် များကို ဖော်ပြတတ်လာမည်။<br><br>• ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များ ပါဝင်သော ဝါကျရိုးများကို ရေးတတ်လာမည်။<br><br>• ဝါကျရိုးတစ်ခုတွင် ပါဝင်သောကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်များကို ဖော်ပြတတ်လာမည်။<br><br>• ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်များ ပါဝင်သော ဝါကျရိုးများရေးတတ်လာမည်။ | • ဝါကျရိုး တစ်ခုတွင် ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်များကို ဖော်ပြတတ်ခြင်း။<br><br>• ကတ္တားပုဒ်၊ ကံပုဒ်နှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများကို ရေးသားတတ်ခြင်း။<br><br>• ဝါကျရိုးတစ်ခုတွင် ပါဝင်သော ကတ္တားပုဒ်၊ အဖြည့်ကတ္တား နှင့် ကြိယာပုဒ်တို့ကို ဖော်ပြတတ်ခြင်း။<br><br>• ကတ္တားပုဒ်၊ အဖြည့်ကတ္တားနှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများ ရေးသားတတ်ခြင်း။<br><br>• ဝါကျရိုးတစ်ခုတွင် ပါဝင်သော ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ကို ဖော်ပြတတ်ခြင်း။<br><br>• ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံနှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများ ရေးသားတတ်ခြင်း။ |

## သင်ယူမှုလုပ်ငန်းအလိုက် အချိန်ခွဲဝေသုံးစွဲခြင်း

အခြေခံပညာအလယ်တန်းဆင့် မြန်မာစာအပါအဝင် ဘာသာရပ်အားလုံးအတွက် စာသင်ချိန် တစ်ချိန်လျှင် (၄၅) မိနစ် ခွဲဝေထားသည်ဖြစ်ရာ ဆရာက သင်ခန်းစာကြိုတင်ပြင်ဆင်သည့်အခါ အဆိုပါ (၄၅) မိနစ်အတွင်း မည်သည့်ကျွမ်းကျင်မှုများကို မည်သည့်အတိုင်းအတာအထိ ကလေးများရရှိစေရန် မည်သို့သော သင်ယူမှုလုပ်ငန်းများ ဖန်တီးမည်ကို အချိန်ခွဲဝေ စီစဉ်ရပါသည်။ တစ်နည်းအားဖြင့် သင်ခန်းစာကို ကြိုတင်ပြင်ဆင်ရပါသည်။ သင်ခန်းစာပါ အကြောင်းအရာနှင့် သင်ကြားနည်းများအလိုက် သင်ယူမှုလုပ်ငန်း (၂) ခု (သို့မဟုတ်) (၃) ခုလည်း ဖြစ်နိုင်ပါသည်။ ထိုသို့စီစဉ်ရေးဆွဲသည့်အခါ ချမှတ်ထားသည့် သင်ယူမှုရလဒ်ပေါက်မြောက်စေပြီး ကလေးများ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရင်း၊ အချင်းချင်းပူးပေါင်း ညှိနှိုင်းတိုင်ပင်၍ သင်ယူနိုင်မည့် လုပ်ငန်းများဖြစ်ရန် လိုအပ်ပါသည်။ သင်ခန်းစာပါ အကြောင်းအရာများကို ကလေးများ လွယ်ကူစွာ နားလည်သဘောပေါက်ရန် အထောက်အပံ့ပြုသည့် ပစ္စည်းများ၊ ရင်းမြစ်များကိုလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ စာသင်ချိန် တစ်ချိန်အတွင်း သင်ယူမှုလုပ်ငန်း (၂) ခု

ပါဝင်သည့် သင်ခန်းစာဒီဇိုင်း ပုံစံတစ်ခုကို ပုံ (၃.၃) တွင် နမူနာအဖြစ် ဖော်ပြထားပါသည်။ အဆိုပါပုံစံတွင် သင်ကြားမည့် သင်ခန်းစာအကြောင်းအရာကို နိဒါန်းပျိုးခြင်းနှင့် အစပြုကာ သင်ခန်းစာ သင်ကြားမှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊ နိဂုံးချုပ်ခြင်းတို့ဖြင့် အဆုံးသတ်ထားသည်ကို တွေ့နိုင်ပါသည်။ သင်ခန်းစာ နိဂုံးမချုပ်မီ ပြန်လည်သုံးသပ်ခြင်းဟူသည် တစ်နည်းအားဖြင့် ရည်ရွယ်ချက် (သို့မဟုတ်) သင်ယူမှုရလဒ် ပေါက်မြောက်မှု ရှိ၊ မရှိကို စစ်ဆေး အကဲဖြတ်ခြင်း ဖြစ်ပါသည်။ ထိုသို့စစ်ဆေးအကဲဖြတ်ခြင်းကို ကလေးများလုပ်ငန်း လုပ်ဆောင်နေစဉ်တွင် သာမက သင်ခန်းစာသင်ကြားမှု အပြီးတွင်ပါ ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်ပါသည်။

| သင်ယူမှုလုပ်ငန်း နှစ်ခုပါသည့် သင်ခန်းစာနမူနာ (၄၅မိနစ်) | |
|---|---|
| နိဒါန်းပျိုးခြင်း (၇ မိနစ်ခန့်) | • ယခင်သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း<br>• အသစ်သင်မည့်အကြောင်းအရာကိုနိဒါန်းပျိုးခြင်း |
| လုပ်ငန်း ၁ (၁၅ မိနစ်ခန့်) | • ညွှန်ကြားချက်တိကျစွာပေးခြင်း<br>• တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အုပ်စုလုပ်ငန်း |
| လုပ်ငန်း ၂ (၁၅ မိနစ်ခန့်) | • ညွှန်ကြားချက်တိကျစွာပေးခြင်း<br>• တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အုပ်စုလုပ်ငန်း<br>• တစ်တန်းလုံးသို့ မျှဝေခြင်း |
| ပြန်လည်သုံးသပ်ခြင်း၊ နိဂုံးချုပ်ခြင်း (၈ မိနစ်ခန့်) | • မည်သို့သင်ယူခဲ့သည်ကို ပြန်လည်သုံးသပ်ခြင်း<br>• သုံးသပ်ချက်များကိုအတန်းသို့မျှဝေခြင်း |

**ပုံ ၃.၃။ သင်ခန်းစာ ဒီဇိုင်းရေးဆွဲရာတွင် လုပ်ငန်းအလိုက် အချိန်ခွဲဝေခြင်း (နမူနာပုံကြမ်း)**

## သင်ယူမှုလုပ်ငန်း (၁)။ မြန်မာသဒ္ဒါ သင်ရိုးနယ်ပယ်အစီအစဉ်များကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဆရာအတတ်ပညာသင် ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသည့် ဇယား (၃.၂) - အလယ်တန်းဆင့် သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ နှင့် ဇယား (၃.၃) - ဆဋ္ဌမတန်းနှင့် သတ္တမတန်း မြန်မာသဒ္ဒါ သင်ယူမှုရလဒ်များကို ဖတ်ရှုလေ့လာပြီး ပေးထားသည့် မေးခွန်း (၂) ခုကို ဖြေဆိုကြရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ဇယားနှစ်ခုတွင် ဖော်ပြထားသော အကြောင်းအရာများကို ကျောင်းသားများ နားလည်သဘောပေါက်ရန် နှစ်ယောက်တစ်တွဲ တွဲကာ လေ့လာကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ မြန်မာသဒ္ဒါ သင်ကြားရန် သင်ခန်းစာအပိုင်းတစ်ခုကို ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့် မြန်မာစာ ကျောင်းသုံးစာအုပ်များတွင် ပါရှိသည့် မြန်မာသဒ္ဒါ သင်ခန်းစာများကို ကျောင်းသားများ ဖတ်ရှုလေ့လာပြီး သဒ္ဒါ သင်ခန်းစာ အပိုင်းတစ်ခုကို အုပ်စုလိုက် ပြင်ဆင်ရေးဆွဲကြရန် ဖြစ်သည်။ ထိုသို့ရေးဆွဲရာတွင် ကျောင်းသားကိုင်စာအုပ်တွင် နမူနာဖော်ပြထားသည့် ပုံ (၃.၃) - သင်ခန်းစာ ဒီဇိုင်းရေးဆွဲရာတွင် လုပ်ငန်းအလိုက် အချိန်ခွဲဝေခြင်း (နမူနာပုံကြမ်း) ကို လေ့လာကိုးကားကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ ပြင်ဆင်ထားသည့် သင်ခန်းစာများကို ပိုမိုကောင်းမွန်အောင် ပြုပြင်မွမ်းမံခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် အုပ်စုလိုက် ပြင်ဆင်ထားသည့် မြန်မာသဒ္ဒါ သင်ခန်းစာအပိုင်းများကို အခြားအဖွဲ့များနှင့် အချင်းချင်းလဲလှယ် ဖတ်ရှုပြီး အပြုသဘော တုံ့ပြန်သုံးသပ်ချက်၊ အကြံပြုချက်ပေးခြင်း၊ လက်ခံရယူခြင်းတို့ဖြင့် သင်ခန်းစာကို ပိုမိုကောင်းမွန်ပြည့်စုံအောင် မွမ်းမံရင်း လေ့လာသင်ယူကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၄)။ သင်ခန်းစာသင်ချိန် (၁၅) မိနစ် အတွက် ခန့်မှန်း၍ ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအုပ်စုလိုက် ပြင်ဆင်ထားသည့် ခန့်မှန်းသင်ချိန် (၄၅) မိနစ် သင်ခန်းစာကို သင်ချိန် (၁၅) မိနစ်အဖြစ် လျှော့ချပြင်ဆင်ရေးဆွဲကြရန် ဖြစ်သည်။ ဤလုပ်ငန်းကို အိမ်စာအဖြစ် ကျောင်းသားတစ်ဦးချင်းသည် မိမိတို့အိမ်တွင် ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။

# ၃.၄.၁၀ | လက်တွေ့သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- ပြင်ဆင်ထားသော မြန်မာသဒ္ဒါသင်ခန်းစာကို လက်တွေ့သင်ကြားတတ်မည်။

## နမူနာပြလုပ်ဆောင်ခြင်း (Modeling)[၈၇]

ဆရာအတတ်ပညာသင် ကျောင်းသားများ၏ သင်ခန်းစာ သင်ကြားရေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာအောင် လေ့ကျင့်သင်ကြားပေးရာတွင် ယေဘုယျအားဖြင့် ဆရာအတတ်ပညာ ဆရာများက ရှေးဦးစွာ နမူနာအဖြစ် သရုပ်ပြသင်ကြားကာ ကျောင်းသားများက ဆရာသရုပ်ပြသည့်နည်းကိုပင် လေ့ကျင့်လုပ်ဆောင်လေ့ရှိပါသည်။ သင်ယူမှုလုပ်ငန်းတစ်ခု (သို့မဟုတ်) သင်ကြားနည်းတစ်ခုကို နှုတ်ဖြင့်ရှင်းလင်းပြောပြသည်ထက် ကျောင်းသားများ လေ့လာကြည့်ရှု သင်ယူနိုင်ရန် အလို့ငှာ ဆရာက လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆရာ၏ နမူနာပြလုပ်ဆောင်ခြင်းကို ကျောင်းသားများ လေ့လာကြည့်ရှုပြီး သင်ယူစေသည့်နည်း ဖြစ်သည်။ ဆရာ၏နမူနာပြ လုပ်ဆောင်ခြင်းအပေါ် ကျောင်းသားများ အနေဖြင့် မရှင်းလင်းသည့်၊ နားမလည်သည့် အချက်များရှိပါက မေးမြန်းခွင့်၊ ဆွေးနွေးခွင့်များ ပေးရန်လည်း လိုအပ်ပါသည်။

နမူနာပြလုပ်ဆောင်ခြင်းသည် ငြမ်းဆင်ပေးသည့်နည်းတစ်မျိုး ဖြစ်သည်နှင့်အညီ ဤနည်းကို သုံးသည့်အခါ သင်ယူမှုဖြစ်စဉ်တွင် ဆရာသည် ကျောင်းသားများ၏ အနေအထားဘက်မှ စဉ်းစားလုပ်ဆောင်ရန် အရေးကြီးပါသည်။ နမူနာပြလုပ်ဆောင်ရင်း ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို အခါအားလျော်စွာ စစ်ဆေးအကဲဖြတ်ခြင်း၊ လိုအပ်ပါက ငြမ်းဆင် ပံ့ပိုးပေးခြင်း (ဥပမာအားဖြင့် လိုအပ်ချက်ရှိသော ကျောင်းသားများအတွက် ၎င်းတို့နှင့် အဆင်ပြေမည့်စာကို အစားထိုးဖတ်ပြခြင်း (သို့မဟုတ်) တစ်ကြိမ်မက ထပ်ကျော့လုပ်ဆောင် ပြသခြင်းစသည်များ) တို့ လုပ်ဆောင်သင့်ပါသည်။

---

[၈၇] Lambert, D., & Balderstone, D. (2010). *Learning to teach Geography in the Secondary School* (2nd ed.). A Companion to School Experience, London: Routledge. Retrieved from https://www.amazon.com/Learning-Teach-Geography-Secondary-School/dp/0415156769

အောက်ဖော်ပြပါ ပုံ (၃.၄) ‘နမူနာပြလုပ်ဆောင်ခြင်းပုံစံ’ တွင် ဖော်ပြထားသည့်အတိုင်း ကျောင်းသားများ ပိုမိုနားလည်သဘောပေါက်စေရန် ဆရာက နမူနာပြလုပ်ဆောင်ရန် လိုအပ်ပါသည်။ ထိုမှတစ်ဆင့် ဆရာနှင့် ကျောင်းသား ပူးတွဲလုပ်ဆောင်ရင်း လေ့ကျင့်ခြင်း၊ ကျောင်းသားချည်းသက်သက် လုပ်ဆောင်ခြင်း (ကျောင်းသား တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တွဲ လုပ်ဆောင်သင်ယူသည့် အခွင့်အရေးပေးခြင်း) တို့ကို နောက်ဆက်တွဲ လုပ်ဆောင်ရပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် ကျောင်းသားဗဟိုပြု နမူနာလုပ်ဆောင်ခြင်းကို အခါအားလျော်စွာ အသုံးပြုနိုင်ပါသည်။ ဥပမာ - သင်ခန်းစာအကြောင်းအရာ ပိုင်ပိုင်နိုင်နိုင်ရှိသည့် ကျောင်းသား တစ်ဦးဦးကို ရွေးချယ်ကာ ကျန်သော ကျောင်းသားများအား နမူနာပြလုပ်ဆောင်ရန် တာဝန်ပေးခြင်းဖြစ်သည်။ နမူနာပြလုပ်ဆောင်သည့် ပုံစံအမျိုးမျိုးရှိနိုင်ပြီး ယေဘုယျအားဖြင့် အသုံးပြုသည့်ပုံစံတစ်ခုကို အောက်တွင်ဖော်ပြထားပါသည်။ ဆရာများအနေဖြင့် နမူနာပြ လုပ်ဆောင်ခြင်းနည်းကို အသုံးပြုသည့်အခါ မိမိတို့ကျောင်းသားများ၏ အခြေအနေပေါ် မူတည်၍ လိုအပ်သလို ပြုပြင်မွမ်းမံကာ အသုံးပြုရန် လိုအပ်ပါသည်။




**ပုံ ၃.၄။ နမူနာပြလုပ်ဆောင်ခြင်းပုံစံ**

*ရင်းမြစ်* - Lambert, D., & Balderstone, D., 2010

## ထိရောက်မှုရှိသော နမူနာပြလုပ်ဆောင်ခြင်း ဖြစ်ရန် လိုက်နာသင့်သည့်အချက်များ

- သင်ခန်းစာကို ကောင်းစွာကြိုတင် ပြင်ဆင်ခြင်း (မေးမည့်မေးခွန်းများအပါအဝင်)
- ကျောင်းသားများ၏ ရှိနေပြီးဖြစ်သည့် အသိပညာ၊အတွေ့အကြုံများကို ထည့်သွင်း စဉ်းစားခြင်း

- လိုအပ်ချက်ရှိသောကျောင်းသားများအတွက်(ပုံစံပြောင်းလဲကာ)ထပ်ကျော့လုပ်ဆောင်ခြင်း
- ကျောင်းသားတစ်ဦးချင်း (သို့) နှစ်ယောက်တွဲလုပ်ဆောင် သင်ယူခွင့်ပေးပါ။

| ဆဋ္ဌမတန်း မြန်မာသဒ္ဒါ | သင်ယူမှုရလဒ် ။ ။ ကြိယာထောက်အကြောင်းကို သိရှိလာမည်။ (၁၅မိနစ်) |
|---|---|
| နိဒါန်းပျိုးခြင်း(၂မိနစ်ခန့်) | • ကြိယာဟူသည်မှာ အဘယ်နည်း။<br>• ကြိယာအစုတွင် မည်သည်တို့ ပါဝင်ကြသနည်း။<br>• ကြိယာ တစ်ခုကို အနက်အဓိပ္ပာယ် မတူကွဲပြားသော ကြိယာများအဖြစ်ပြောင်းနိုင်ခြင်း |
| လုပ်ငန်း ၁ (၅မိနစ်ခန့်) | • "ဖူး၊ တတ်၊ နေ၊ ဝံ့၊ ကြည့်၊ ချင်၊ စေ" စကားလုံးကပ်ပြား ၇ခု သင်ပုန်းတွင်ကပ်ရန်။<br>• ထိုစကားလုံးများကို "မြင်းစီးသည်" ကြိယာနှင့်တွဲစပ်ပါက မည်သည့် အနက်များ ဖြစ်သွားမည်နည်း။ (နှစ်ယောက်တွဲလုပ်ငန်း) |
| လုပ်ငန်း ၂ (၅ မိနစ်ခန့်) | • အတန်းသို့ မျှဝေလိုသူ ၃တွဲခန့်ကို ဖိတ်ခေါ်ရန်။<br>• ကြိယာ၏ နောက်ကနေ၍ ကြိယာ၏အဓိပ္ပာယ်ကို ကူညီထောက်ပံ့ပေးသော စကားလုံးကို ကြိယာထောက် ဟု ခေါ်ကြောင်း ဆရာနှင့်ကလေးများဆွေးနွေးဖော်ထုတ်ရန်။ |
| ပြန်လည်သုံးသပ်ခြင်း နိဂုံးချုပ်ခြင်း(၃မိနစ်ခန့်) | • ကြိယာထောက်ဟူသည်မှာ အဘယ်နည်း။<br>• ကြိယာထောက်စကားလုံးများကို ဖော်ပြပါ။<br>• "စား"ကြိယာနှင့် ကြိယာထောက်များတွဲစပ်ပြီးအနက်အဓိပ္ပာယ် မတူကွဲပြားသော ကြိယာ(၅)ခုကို ရေးပြပါ။ |

**ပုံ ၃.၅။ "ကြိယာထောက်" သင်ခန်းစာအပိုင်းငယ် သင်ပြမှုပုံစံ (နမူနာပုံကြမ်း)**

## နမူနာပြလုပ်ဆောင်မှုကို ပြန်လည်ဆွေးနွေးခြင်း

ဆရာကိုယ်တိုင် (သို့မဟုတ်) ကျောင်းသားတစ်ဦးဦးက လုပ်ငန်းတစ်ခုခုကို နမူနာပြ လုပ်ဆောင်ပြီးလျှင် အဆိုပါ နမူနာပြလုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးသည့် နောက်ဆက်တွဲလုပ်ငန်းတစ်ခုပါဝင်ရန် လိုအပ်ပါသည်။ နမူနာပြလုပ်ငန်း ဆောင်ရွက်မှုအပေါ် ကြည့်ရှုလေ့လာသူ၏ အမြင် သုံးသပ်ချက်များ ပေးရန်အတွက် "သုံးသပ်အကြံပြုလွှာပုံစံ" ကို သုံးနိုင်ပါသည်။ သုံးသပ်အကြံပြုလွှာပုံစံ ဖြည့်စွက်ရန် အချိန်အနည်းငယ်ပေးပြီး အဆိုပါ ဖြည့်စွက်ချက်များကို အခြေခံကာ အပြန်အလှန် ဆွေးနွေးကြခြင်းဖြစ်သည်။ တုံ့ပြန်သုံးသပ်အကြံပြုလွှာတစ်စောင်တွင် ယေဘုယျအားဖြင့် အချက်တစ်ခုချင်းအလိုက် အမှတ်အသားဖော်ပြမှုများ (ဥပမာ - မှန်သည်/မှားသည်။ လုပ်ဆောင်သည်/ မလုပ်ဆောင်ပါ) အပြင် ကိုယ်ပိုင်အမြင်၊ မှတ်ချက်၊ အကြံပြုချက်များ၊ စစ်ဆေးရန်အချက်များပါသည့် စစ်ဆေးလွှာပုံစံ (Checklist) ကိုလည်း

အသုံးပြုနိုင်ပါသည်။ (စစ်ဆေးရန် အချက်များပါသည့် စစ်ဆေးလွှာပုံစံ နမူနာကို လာမည့် သင်ခန်းစာတစ်ခုတွင် ဖော်ပြထားပါသည်။)

အကြံပြုချက်များသည် အပြုသဘောဆောင်ပြီး လုပ်ဆောင်မှု ပိုမိုကောင်းမွန်တိုးတက်စေရန်နှင့် လက်တွေ့ပြန်လည်အသုံးချနိုင်ရန် အရေးကြီးပါသည်။ နမူနာပြ လုပ်ဆောင်သူကိုယ်တိုင်ကလည်း မိမိ၏လုပ်ဆောင်မှုအပေါ် ကိုယ်တိုင်ပြန်လည်ဆင်ခြင် သုံးသပ်ချက်များကို မျှဝေပေးခြင်း၊ အခြားသူများ၏ သုံးသပ်ချက်များကို လေးစားသမှုဖြင့် အသိအမှတ်ပြုလက်ခံခြင်း၊ ပြန်လည်တုံ့ပြန်ခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ပါသည်။ အောက်ဖော်ပြပါ သုံးသပ်အကြံပြုလွှာပုံစံသည် နမူနာမျှသာဖြစ်ပြီး ဆီလျော်သလို ပြောင်းလဲ၊ ပြင်ဆင်၊ ဖြည့်စွက်ကာ အသုံးပြုနိုင်ပါသည်။

**သင်ကြားမှုအပေါ် သုံးသပ်အကြံပြုလွှာ**

**(က) ဤသင်ခန်းစာသင်ကြားမှုနှင့်စပ်လျဉ်း၍ သဘောကျနှစ်သက်မှုအရှိဆုံးအချက်တစ်ခု**

-------------------------------------------------------

**(ခ) ဤသင်ခန်းစာသင်ကြားမှုမှ သင်ယူရရှိလိုက်သည့်အချက်များ**

-------------------------------------------------------

**(ဂ) ဤသင်ခန်းစာသင်ကြားမှု ပိုမိုကောင်းမွန်ထိရောက်စေရန်အကြံပြုချက်**

-------------------------------------------------------

## သင်ယူမှုလုပ်ငန်း (၁)။ သင်ခန်းစာအပိုင်းတစ်ခုကို နမူနာပြခြင်းနှင့် သုံးသပ်ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအနေဖြင့် ဆရာ လက်တွေ့ နမူနာသင်ပြသည့် မြန်မာသဒ္ဒါ သင်ခန်းစာအပိုင်းတစ်ခုကို ကြည့်ရှုလေ့လာ၍ သင်ယူကြရန်ဖြစ်သည်။ ထိုသို့ကြည့်ရှု လေ့လာရင်း ကျောင်းသားများသည် “သင်ကြားမှုအပေါ် သုံးသပ်အကြံပြုလွှာ” ကို ဖြည့်စွက် ဆွေးနွေးကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ပြင်ဆင်ထားသော သဒ္ဒါသင်ခန်းစာအပိုင်းကို လက်တွေ့ သင်ကြားခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာ (၃.၄.၉) သင်စဉ်က ကျောင်းသား တစ်ဦးချင်းအား အိမ်စာလုပ်ငန်းပေးထားသည့် မြန်မာသဒ္ဒါ သင်ခန်းစာအပိုင်း (၁၅ မိနစ် သင်ခန်းစာ) ကို မဲပေါက်သည့် ကျောင်းသားက လက်တွေ့သင်ကြား လေ့ကျင့်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့် သင်ခန်းစာတစ်ခုကို ကိုယ်တိုင်ပြင်ဆင်ပြီး ကိုယ်တိုင်လက်တွေ့ သင်ကြားသူ သာမက အလယ်တန်းဆင့် ကလေးများအဖြစ် သရုပ်ဆောင်သည့် ကျောင်းသားများပါ သင်ကြားသင်ယူရေးဆိုင်ရာ အတွေ့အကြုံများရရှိရန် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ လက်တွေ့သင်ကြားမှုကို ပြန်လည်သုံးသပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သဒ္ဒါသင်ခန်းစာ အပိုင်းငယ်တစ်ခု လက်တွေ့ သင်ကြားမှုနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုလွှာတွင် ဖြည့်စွက်ထားသည့် အချက်များကို အချင်းချင်းမျှဝေကြရန် ဖြစ်သည်။ သင်ကြားမှုဆိုင်ရာ သုံးသပ်အကြံပြုချက်ပေးခြင်းနှင့် လက်ခံရယူခြင်းဖြင့် ဆရာတစ်ဦးအတွက် အရေးကြီးသည့် သင်ကြားရေးဆိုင်ရာ စွမ်းရည်များ ပိုမိုတိုးတက်လာရန် ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ အထူးပြုအစုတွင် ပါဝင်သော နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့၏ အဓိပ္ပာယ်ကို သာဓကနှင့်တကွ ဖော်ပြပါ။

၂။ ဝါကျ၏ အဓိပ္ပာယ်ကို ပြည့်ပြည့်စုံစုံဖော်ပြပါ။

၃။ မြန်မာစာပေလောကတွင် “သဒ္ဒါမတတ်လျှင် စာမတတ်” ဟု အဘယ်ကြောင့် တင်စားသုံးနှုန်းခဲ့ကြသနည်း။

၄။ အလယ်တန်းကျောင်းသားများ မြန်မာသဒ္ဒါကို စိတ်ဝင်စားစွာ သင်ယူလေ့လာကြရန် မည်သို့ ပံ့ပိုးလုပ်ဆောင်သင့်သနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ပုဂံခေတ်မြန်မာစကားမှ နှစ်တစ်ထောင်ခန့်ကို ဖြတ်ကျော်လျက် ရွေ့လျောပြောင်းလဲလာသည့် ခေတ်သုံးမြန်မာစကားသည် ပုဂံခေတ် မြန်မာစကားနှင့် စကားလုံးသွင်ပြင်၊ အနက်အဓိပ္ပာယ်၊ အသုံးအနှုန်း၊ ဝါကျဖွဲ့ထုံးတို့၌ သိသိသာသာ ပြောင်းလဲကွာခြားမှုများ ရှိနေပါသည်။
- ခေတ်သုံးမြန်မာစကား၏ သွင်ပြင်လက္ခဏာများတွင် အပြောနှင့် အရေးကွာခြားချက်များ၊ ပြောဟန် ရေးဟန် လွန်ဆွဲမှု၊ မွေးစားစကားလုံးများ၊ စကားသင်္ကေတ ရောသုံးခြင်းနှင့် ဘာသာစကား စံသွေခြင်းတို့ပါဝင်သည်။
- ကျောင်းသားများ စံမြန်မာစကားသင်ယူရန် ဝိုင်းဝန်းပံ့ပိုး လုပ်ဆောင်ခြင်းဖြင့် ဘေးဘိုးစဉ်ဆက် ထိန်းသိမ်းခဲ့သည့် စံမြန်မာစကားကို ရေရှည်တည်တံ့အောင် လုပ်ဆောင်သင့်ပါသည်။
- စကားသံပြောင်းလဲမှုသည် စကားသံနှစ်သံကို တစ်ဆက်တည်း ရွတ်ဆိုသည့်အခါ ဖြစ်ပေါ်လာတတ်သော အသံပြောင်းလဲမှုဖြစ်သည်။ မြန်မာဘာသာစကား ပြောဆိုရွတ်ဖတ်ရာ၌ ဗျည်းသံ ပြောင်းလဲမှုနှင့် သရသံပြောင်းလဲမှုများ ရှိတတ်ပါသည်။
- မြန်မာဘာသာစကားတွင် အဓိပ္ပာယ်တူ၊ အဓိပ္ပာယ်နီးစပ် စကားလုံးများ၊ ဆန့်ကျင်ဘက်စကားလုံးများ၊ သံတူကြောင်းကွဲ စကားလုံးများ၊ ဖြစ်ခြင်း၊ ပြုခြင်းကိုပြသည့်သုဒ္ဓ၊ ကာရိုက်ကြိယာ စကားလုံးများ၊ အဓိပ္ပာယ်လေးနက် ပေါ်လွင်စေသော အထူးပြုစကားလုံးများ၊ နေရာကိုလိုက်၍ ဆီလျော်အောင်သုံးသော စကားလုံးများ၊ အချိန်ကာလအလိုက် ရည်ညွှန်းသုံးစွဲသော စကားလုံးများ၊ စကားပုံများ၊ မွေးစားစကားလုံးများနှင့် ပေါရာဏ စကားများဟူ၍ ဝေါဟာရစကားလုံး အမျိုးအစား အမျိုးမျိုးရှိပါသည်။
- မြန်မာစာပေကို လေ့လာရာတွင်ဖြစ်စေ၊ ရေးသားပြုစုရာတွင်ဖြစ်စေ ဝေါဟာရကြွယ်ဝမှုသည် အထူးအရေးကြီးပါသည်။

- စာလုံးပေါင်းသတ်ပုံနှင့် ပတ်သက်၍ “စာလုံးပေါင်း၊ ရေးထုံး၊ သတ်ပုံ၊ သတ်ညွှန်း၊ သတ်အင်း” ဟူသော ဝေါဟာရများသည် စာလုံးပေါင်းသတ်ပုံကိုပင် ရည်ညွှန်းကြပါသည်။
- စာလုံးပေါင်းသတ်ပုံ မှန်ကန်မှုသည် မည်သည့်ဘာသာစကားတွင်မဆို အခြေခံကျသော လိုက်နာအပ်သည့် စည်းကမ်းဖြစ်ကြောင်း နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။
- ဘာသာစကားတစ်ခုအတွင်းရှိ စကားလုံးများကို စကားလုံးဖွဲ့စည်းပုံအရဖြစ်စေ၊ ဝါကျအတွင်း အလုပ်တာဝန်အရဖြစ်စေ မျိုးတူစုပြုထားသော စကားလုံးမျိုးတူစုများသည်ပင် ဝါစင်္ဂများဖြစ်ကြ၍ သဒ္ဒါပညာရှင်တို့၏ အယူအဆ အဖုံဖုံအရ ဝါစင်္ဂအရေအတွက် အမျိုးမျိုးသတ်မှတ်ကြပါသည်။
- မြန်မာသဒ္ဒါ အခြေခံဖြစ်သော ဝါစင်္ဂ (၉) ပါးမှာ နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန၊ ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်းနှင့် အာမေဍိတ်တို့ ဖြစ်ကြသည်။
- သက်ရှိသက်မဲ့၊ ဒြပ်ရှိဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ် ဟုခေါ်ဆို၍ နာမ်အစုတွင် နာမ်၊ နာမ်စား၊ ကြိယာနာမ်တို့ ပါဝင်သည်။
- နာမ်ကို အနက်အဓိပ္ပာယ်အရ တစ်ဦးဆိုင်နာမ်၊ အများဆိုင်နာမ်၊ စိတ္တဇနာမ်နှင့် အစုပြနာမ် ဟူ၍ (၄) မျိုး ထပ်မံခွဲခြားနိုင်သည်။
- နာမ်ကို ဖွဲ့စည်းတည်ဆောက်ပုံအရ ပင်ကိုနာမ်၊ ပေါင်းစပ်နာမ်၊ ဂုဏ်ရည်ပြနာမ်နှင့် ကြိယာနာမ်ဟူ၍ (၄) မျိုး ထပ်မံခွဲခြားနိုင်သည်။
- နာမ်ကို ထပ်ကာထပ်ကာ မသုံးရအောင် နာမ်၏အစားသုံးသော ပုဒ်ကို နာမ်စားဟုခေါ်သည်။
- နာမ်စား (၄) မျိုးမှာ ပုဂ္ဂလနာမ်စား၊ အညွှန်းနာမ်စား၊ အမေးနာမ်စားနှင့် သင်္ချာနာမ်စား တို့ဖြစ်သည်။
- ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကို ဖော်ပြသော စကားလုံးကို ကြိယာဟုခေါ်၍ ကြိယာအစုတွင် ကြိယာ၊ နာမ်ပေါင်းကြိယာနှင့် ကြိယာထောက်တို့ ပါဝင်ပါသည်။

- ကြိယာကို အနက်အဓိပ္ပာယ်အရ (၃) မျိုး (ပြုခြင်းပြကြိယာ၊ ဖြစ်ခြင်းပြကြိယာ၊ ရှိခြင်းပြ ကြိယာ) နှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ (၃) မျိုး (ပင်ကိုကြိယာ၊ ဂုဏ်ရည်ပြ ကြိယာ၊ ပေါင်းစပ်ကြိယာ) ခွဲခြားနိုင်သည်။
- ကာလဟူသည်မှာ ကြိယာ၏ ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းနှင့်ဆိုင်သော အချိန်ကိုပြသည်။ ကြိယာနှင့် စပ်ဆိုင်သော ကာလ (၃) ပါးမှာ ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလ၊ အနာဂတ်ကာလတို့ ဖြစ်ကြသည်။
- နာမ်နှင့်ကြိယာ ပူးကပ်ထားသည့် စကားလုံးကို နာမ်ပေါင်းကြိယာဟုခေါ်သည်။
- ကြိယာ၏ နောက်ကနေ၍ ကြိယာ၏အဓိပ္ပာယ်ကို ကူညီထောက်ပံ့ပေးသော စကားလုံးကို ကြိယာထောက်ဟုခေါ်သည်။
- ကြိယာအစုကို မှန်ကန်စွာ အသုံးချတတ်မှသာ စကားပြောရာတွင်ဖြစ်စေ၊ စာရေးရာ တွင်ဖြစ်စေ မိမိ၏ဆိုလိုချက်ကို မှန်ကန်ပြည့်စုံစွာ ဖော်ပြနိုင်ခြင်း၊ သူတစ်ပါး၏ ပြောဆိုရေးသားချက်ကိုလည်း တိကျမှန်ကန်စွာ နားလည်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။
- အထူးပြုအစုတွင် ပါဝင်သော နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့တွင် နာမ်အထူးပြုသည် အထူးပြုခံနာမ်၏ ရှေ့တွင်လည်းကောင်း၊ နောက်တွင် လည်းကောင်း ကြိယာအထူးပြုမှာမူ အထူးပြုခံကြိယာ၏ ရှေ့တွင်သာ တည်ရှိ နိုင်သည်။
- မြန်မာဘာသာစကားတွင် နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့ကို အရေးနှင့် အပြော ဘာသာစကားနှစ်မျိုးလုံး၌ တွင်တွင်ကျယ်ကျယ် အသုံးပြုပါသည်။
- အဆက်ပစ္စည်းဟူသည်မှာ နာမ်၊ ကြိယာ၊ နာမ်အထူးပြုနှင့် ဝါကျတို့၏ ရှေ့တွင် လည်းကောင်း၊ ကြားတွင်လည်းကောင်း၊ ရှေ့နှင့်ကြားတွင်လည်းကောင်း၊ ကြားနှင့် နောက်တွင်လည်းကောင်း၊ နောက်တွင်လည်းကောင်းရှိနေသော အဆက်ပစ္စည်းများ ဖြစ်သည်။ ဖြစ်သည့်နေရာကိုလိုက်၍ အဆက်တို့ကို ရှေ့ဆက်ပစ္စည်း၊ ကြားဆက် ပစ္စည်း၊ နောက်ဆက်ပစ္စည်း၊ ပြိုင်ဆက်ပစ္စည်းဟု ခေါ်ဆိုကြသည်။
- မြန်မာဘာသာစကားတွင် နာမ်၊ ကြိယာနှင့် ဝါကျတို့ကို ရှေ့ဆက်၊ ကြားဆက်၊ ပြိုင်ဆက်နှင့် နောက်ဆက်စသည့် အဆက်ပစ္စည်းတို့ဆက်၍ ဆိုလိုသည့် အဓိပ္ပာယ် ရရှိအောင် ဖွဲ့စည်းလေ့ရှိသည်။

- မိမိက တစ်ပါးသူအား ပြောဆိုရေးသား တင်ပြရာတွင်ဖြစ်စေ၊ အခြားသူပြောသည့် စကားနှင့် ရေးသည့်စာတို့၏ ဆိုလိုချက်ကို သိရှိနိုင်ရန်ဖြစ်စေ ဆိုလိုသည့် အဓိပ္ပာယ် ပေါ်လွင်ထင်ရှားရန် အဆက်ပစ္စည်းများကို နားလည်ပြီး မှန်ကန်စွာသုံးစွဲတတ်ရန် အထူးလိုအပ်ပါသည်။
- ဝါကျတို့ကို ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျရိုးနှင့် ဝါကျရောဟူ၍ (၂) မျိုး ခွဲခြားနိုင်ပြီး ဝါကျရိုးတွင် အခြေခံအားဖြင့် ကတ္တားပုဒ်နှင့် ကြိယာပုဒ်ပါရှိသည်။ အဆိုပါ ကတ္တားပုဒ်နှင့် ကြိယာပုဒ်ပါဝင်သော ဝါကျကိုအခြေခံလျက် သင့်လျော်သော ပုဒ်တို့ကို ဖြည့်စွက်ကာ ဝါကျရိုး အမျိုးမျိုးဖွဲ့နိုင်သည်။
- ဝါကျရိုး (၂) ခု (သို့မဟုတ်) (၂) ခု ထက်ပိုသော ဝါကျရိုးများကို ဝါကျတစ်ခုတည်း ဖြစ်စေရန် အဆက်ပစ္စည်းတစ်ခုခု (ဥပမာ - ကို၊ မှာ၊ က၊ ဟု၊ သော) ဖြင့် ဆက်၍ ရေးသော ဝါကျကို ဝါကျရောဟုခေါ်သည်။
- ဝါကျရောတစ်ခုတွင် အမှီခံဝါကျ ကဏ္ဍတစ်ခုနှင့် အမှီဝါကျကဏ္ဍ တစ်ခုတို့ ပါဝင်သည်။
- အမှီဝါကျကဏ္ဍ (၃) မျိုးမှာ နာမ် ဝါကျကဏ္ဍ၊ နာမ်အထူးပြု ဝါကျကဏ္ဍနှင့် ကြိယာ အထူးပြု ဝါကျကဏ္ဍတို့ဖြစ်ကြသည်။
- သဒ္ဒါဟူသည် ဘာသာစကားတစ်ခု၏ စနစ်တစ်ခုဖြစ်သည့် အားလျော်စွာ အလယ်တန်းဆင့် ကလေးများ မြန်မာသဒ္ဒါကို တတ်မြောက်ပြီး စာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။
- မြန်မာသဒ္ဒါသင်ကြားနည်းများကို ဥပမာပြ၍ အဓိပ္ပာယ်ရှင်းလင်း သင်ကြားနည်း၊ အဓိပ္ပာယ်ဖွင့်ဆို၍ ဥပမာပြ သင်ကြားနည်း၊ စိတ်ကူးပုံဖော်ခြင်းနည်း၊ ခြုံယူဆင်ခြင်နည်း စသည်ဖြင့် အမည်ခွဲခြား သတ်မှတ်ကြသော်လည်း သဒ္ဒါဆိုင်ရာ သင်ခန်းစာ အကြောင်းအရာပေါ်မူတည်၍ အဆိုပါနည်းများကို ပေါင်းစပ်သင်ကြားမည်ဆိုလျှင် ပိုမိုထိရောက်ကာ အကျိုးရှိနိုင်ပါသည်။

# အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

စကားပြောရာတွင်လည်းကောင်း၊ စာရေးရာတွင်လည်းကောင်း ပြောသည့်စကားနှင့် ရေးသည့်စာတို့၏ ဆိုလိုချက်ကိုပြည့်စုံစွာနှင့် အဓိပ္ပာယ်ရှိစွာ ဖော်ပြနိုင်ရန် မြန်မာသဒ္ဒါဆိုင်ရာ စည်းစနစ်တို့ကို မှန်ကန်စွာအသုံးပြုရန် အထူးလိုအပ်ပါသည်။ သို့သော် ယနေ့ သတင်းအချက်အလက် နည်းပညာထွန်းကားသည့် ခေတ်ကာလ၌ လူမှုကွန်ရက် စာမျက်နှာနှင့် အင်တာနက် ဝက်ဘ်ဆိုက်ဒ်များပေါ်တွင် ရေးသားသည့်စာ အချို့သည် စာလုံးပေါင်း သတ်ပုံမှန်ကန်ရေးကို အလေးထားမှုနည်းလာသဖြင့် ကာလကြာလာလျှင် မလိုလားအပ်သော နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ပြင် ယနေ့ခေတ် လူငယ်အတော်များများသည် အသံထွက်ပုံများ လွဲမှားကြကာ စံမြန်မာ အသံထွက်မှ လွဲသွေနေသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။

သို့ဖြစ်ပါ၍ စံမြန်မာစကားအသုံးပြုရန် အရေးကြီးကြောင်း အသိရှိလာစေရန် ဆွေးနွေးစည်းရုံးခြင်း၊ လူကြီးမိဘဆရာသမားများကိုယ်တိုင်က နမူနာကောင်းများ ပြသခြင်း၊ ပုံမှန်အသုံးပြုလာအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းတို့ကို ဆောင်ရွက်ရမည့်အပြင် အထူးသဖြင့် အလယ်တန်းဆင့် ကျောင်းသားများ စံမြန်မာစကား သင်ယူရေးအတွက် မြန်မာစာဆရာများသာမက အင်္ဂလိပ်စာမှလွဲ၍ အခြားဘာသာပြ ဆရာများကလည်း ဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်ရန် လိုအပ်ပေသည်။ အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးတွင် အထောက်အပံ့ဖြစ်စေရန် အလယ်တန်းကျောင်းသားများ ကိုယ်တိုင် ဆွေးနွေးအဖြေရှာရသည့် အောက်ဖော်ပြပါ အကြောင်းအရာ ခေါင်းစဉ်မျိုးကို ပရောဂျက် လုပ်ငန်းပေး၍လည်း လေ့ကျင့်နိုင်ပါသည်။

- ခေတ်သုံး မြန်မာစကားတွင် အပြောနှင့်အရေး ရောထွေးလာခြင်း
- စာလုံးပေါင်းသတ်ပုံအမှားများလာခြင်း
- လူငယ်လူရွယ်များ မြန်မာစကားအသံထွက်ပုံလွဲမှားခြင်း
- စံမြန်မာစကား လွဲသွေခြင်း

## ဆက်လက်ဖတ်မှတ်စရာများ

### ၃.၁။ မြန်မာဘာသာစကား ဖြစ်ထွန်းတိုးတက် ပြောင်းလဲလာပုံ

ခင်မင်(မောင်)(ဓနုဖြူ)။ (၁၉၉၀)။ *မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာ။* ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။ (၂၀၁၁)။ *သက်တံ့ရောင်စုံ ဘာသာစကား* ။ ရန်ကုန်၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။(၂၀၁၃)။ မြန်မာစာ ကိုယ်ခံတည်ဆောက်ရေး (အခြေခံစာအရေးအသား ဆိုင်ရာ စာစု) ။ ရန်ကုန်၊ သင်းစာပေ။

ခင်မင်(မောင်)(ဓနုဖြူ)။ (၂၀၁၆)။ *မြန်မာစကားအကြောင်း တစေ့တစောင်း။* ရန်ကုန်၊ ခိုင်ရဝေ ပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယ အကြိမ်)။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

မာလေး။ (၁၉၇၇)။ *မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများ*။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

လှဘေ၊ ဒေါက်တာနှင့်အများ။ (၂၀၁၂)။ *စည်းနဲ့ကမ်းနဲ့ မြန်မာစာ*။ ရန်ကုန်၊ ရွှေပြည်ဟိန်း ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၅)။ ဘာသာစကားသုတ။ ရန်ကုန်၊ မူဝံစာအုပ်တိုက်။

### ၃.၂။ မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများ

ခင်မင်(မောင်)(ဓနုဖြူ)။ (၁၉၉၀)။ *မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာ*။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယ အကြိမ်)။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

ပညာရေးဝန်ကြီးဌာန။ (၂၀၁၃)။ ပညာရေးကောလိပ်-ဒုတိယနှစ်သင်တန်း၊ မြန်မာစာ သင်ပြနည်း။ ရန်ကုန်။

ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ ကျောင်းသုံး စာအုပ်၊ မြန်မာစာ၊ ဆဋ္ဌမတန်း။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၃)။ *မြန်မာသဒ္ဒါအတွဲ (၃)*(ဒုတိယအကြိမ်)။ တက္ကသိုလ်များပုံနှိပ်တိုက်။ ရန်ကုန်။

လှသမိန်။(၂၀၁၉)။မြန်မာစာပေအဆီအနှစ်(ဒုတိယအကြိမ်)။ရန်ကုန်၊စိတ်ကူးချိုချိုပုံနှိပ်တိုက်။

## ၃.၃။ မြန်မာစာ အရေးအသားစနစ်

ခင်မင်(မောင်)(ဓနုဖြူ)။ (၂၀၁၀)။ *လူတိုင်းအတွက် အသုံးချမြန်မာစာ*။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။ (၂၀၁၃)။ *ယယ်ပေါင်းကြီးဖော် မြန်မာစာနှင့် အရေးအသားပြဿနာများ*။ ရန်ကုန်၊ ကောင်းသန့်ပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။ (၂၀၁၆)။ *မြန်မာစကားအကြောင်း တစေ့တစောင်း*။ ရန်ကုန်၊ ခိုင်ရဝေ ပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယ အကြိမ်)။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

တင်လှ၊ ဦး၊ မဟာဝိဇ္ဇာ။ (၂၀၁၈)။ *ဘာသာနှင့်စာပေ*။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

လှဘော၊ဒေါက်တာနှင့်အများ။(၂၀၁၂)။*စည်းနဲ့ကမ်းနဲ့မြန်မာစာ*။ရန်ကုန်၊ရွှေပြည်ဟိန်းပုံနှိပ်တိုက်။

အောင်မိုး၊ ဦး၊ ပါဠိပါရဂူ။ (၁၉၆၇)။ *ရသဂုဏ်ဆောင်းပါးများ*။ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်။

## ၃.၄။ မြန်မာသဒ္ဒါ

ခင်မင်(မောင်)(ဓနုဖြူ)။(၂၀၁၁)။ *ရေးဟန်ပညာနိဒါန်း* ။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။(၂၀၁၁)။ *သက်တံ့ရောင်စုံ ဘာသာစကား* (ဒုတိယအကြိမ်)။ ရန်ကုန်၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်။

ခင်မင်(မောင်)(ဓနုဖြူ)။(၂၀၁၄)။ *ဘာသာအမြင် စာပေအမြင်၊* (ဒုတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန။(၂၀၁၃)။ *ပညာရေးကောလိပ်-ဒုတိယနှစ် သင်တန်း၊ မြန်မာစာသင်ပြနည်း*၊ ရန်ကုန်၊

ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း*၊ ရန်ကုန်။

ပညာရေးဝန်ကြီးဌာန (၂၀၁၉)။ *ယေဘုယျအကြောင်းအရာများ၊* မြို့နယ်အဆင့်၊ တတိယတန်း သင်ရိုးသစ် မိတ်ဆက်၊ အလုပ်ရုံဆွေးနွေးပွဲသင်တန်းလက်စွဲ။ Retrieved from https://createmm.org/mm/download

ပညာရေးဝန်ကြီးဌာန (နေ့စွဲမပါ)။ မြန်စာဘာသာရပ် Grade 6 to 9 သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ။ ပုံနှိပ်ထုတ်ဝေခြင်း မပြုသည့် မူကြမ်း။

ပညာရေးဝန်ကြီးဌာန။ (၂၀၂၀)။ ကျောင်းသုံး စာအုပ်၊ မြန်မာစာ၊ သတ္တမတန်း။ ရန်ကုန်။

ဖေမောင်တင်၊ ဦး။ (၁၉၅၅)။ *ကျောင်းသုံးမြန်မာသဒ္ဒါ* ။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၃)။ မြန်မာသဒ္ဒါအတွဲ (၃) (ဒုတိယအကြိမ်)။ တက္ကသိုလ်များပုံနှိပ်တိုက်။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၁)၊ ပဉ္စမတန်း*၊ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဋ္ဌမတန်း*၊ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၃)၊ သဒ္ဒါမတန်*၏၊ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၄)၊ အငွမတန်း* ။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၅)၊ နဝမတန်း* ။ ရန်ကုန်။

သန်းထွတ် (ဦး) (ပါမောက္ခ) (ငြိမ်း)။ (၂၀၁၅)။ မြန်မာစာသင်ကြားရေး (အထက်တန်းနှင့် အလယ်တန်း)။ ရန်ကုန်၊ စိန်တိုက်စာပေ။

Lambert, D., & Balderstone, D. (2010). Learning to teach Geography in the Secondary School (2nd ed.). A Companion to School Experience, London: Routledge. Retrieved from https://www.amazon.com/Learning-Teach-Geography-Secondary-School/dp/0415156769

Macfadyen, S. (2015). Different methods of teaching grammar, Retrieved from http://www2.vobs.at/ludescher/pdf%20files/grammar.pdf

# အခန်း ၄

# အပြောဘာသာစကား (အနာအကြားနှင့် အပြောအဆို) ကျွမ်းကျင်မှုများ

ဤအခန်းတွင် အပြောဘာသာ စကားဖြစ်သည့် အနာအကြားနှင့် အပြောအဆိုတို့၏ သဘောသဘာဝများကို ရှင်းလင်းဖော်ပြထားပြီး ၎င်းသဘောသဘာဝများကို အခြေခံကာ အလယ်တန်းဆင့် ကလေးများ၏ အနာအကြားဆိုင်ရာ စွမ်းရည်များနှင့် အပြောအဆိုဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ကြားနည်းများ၊ လုပ်ငန်းများကို စဉ်းစားဖော်ထုတ်ခြင်း အကြောင်း ဆွေးနွေးထားပါသည်။ ထို့အပြင် အဆိုပါစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများကို ကြိုတင်ပြင်ဆင်ခြင်း၊ လက်တွေ့သင်ကြားခြင်းတို့ကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -**

- အနာအကြား၏ သဘောသဘာဝကို ရှင်းပြတတ်မည်။
- အပြောအဆို၏ သဘောသဘာဝကို ရှင်းပြတတ်မည်။
- အလယ်တန်းဆင့် ကလေးများ၏ အနာအကြားဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ကြားနည်းများကို ဖော်ထုတ်တတ်မည်။
- အလယ်တန်းဆင့်ကလေးများ၏ အပြောအဆိုဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ကြားနည်းများကို ဖော်ထုတ်တတ်မည်။
- အလယ်တန်းဆင့် ကလေးများ၏ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာကို ပြင်ဆင်တတ်မည်။
- အလယ်တန်းဆင့် ကလေးများ၏ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေရန် ပြင်ဆင်ထားသည့် သင်ခန်းစာကို လက်တွေ့သင်ကြားတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှု လိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာရေးဆွဲ ပြင်ဆင်နိုင်ကြောင်း ပြသည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

## အဓိကအသုံးအနှုန်းများ

စကားစဉ်၊ စကားစဉ်ပစ္စည်း၊ စကားပြောခြင်း၏ လုပ်ငန်းတာဝန်များ၊ စကားပြောသူ၏ ရှုထောင့်၊ စကားလုပ်ဆောင်ချက်၊ စိတ်ပါဝင်စားစွာနားထောင်ခြင်း၊ ပါဝင်လုပ်ဆောင်မှုဖြင့် နားထောင်ခြင်း၊ ပါဝင်လုပ်ဆောင်မှုမရှိဘဲ နားထောင်ခြင်း၊ ဖြတ်ဆက်နားထောင်ခြင်း၊ မှတ်စုရေးခြင်း/ မှတ်စုထုတ်ခြင်း၊ မှန်ကန်တိကျခြင်း၊ သွက်လက်ခြင်း၊ အကြောင်းကိစ္စဖြင့် နားထောင်ခြင်း၊ အချင်းချင်းသင်ကြားခြင်း၊ အနာအကြားစွမ်းရည်/ အနာအကြား ကျွမ်းကျင်မှု၊ အတုံ့အလှယ်ပြု နားထောင်ခြင်း၊ အာရုံစိုက်နားထောင်ခြင်း၊ အပြောအဆို စွမ်းရည်/ အပြောအဆိုကျွမ်းကျင်မှု၊ အောက်-အထက်ချဉ်းကပ်နည်း၊ အထက်-အောက် ချဉ်းကပ်နည်း။

# ၄.၁။ အပြောဘာသာစကား ဖွံ့ဖြိုးမှု

ဤအပြောဘာသာစကား ဖွံ့ဖြိုးမှုအပိုင်းတွင် အနာအကြားဖွံ့ဖြိုးမှုနှင့် အပြောအဆိုဖွံ့ဖြိုးမှုဟူ၍ နှစ်ပိုင်းခွဲကာ ဖော်ပြထားပါသည်။ ပထမပိုင်းဖြစ်သည့် အနာအကြား၏ သဘောသဘာဝတွင် အနာအကြားဆိုင်ရာ ချဉ်းကပ်နည်း (၂) မျိုး၊ အနာအကြား၏ ရည်ရွယ်ချက်များနှင့် နားထောင်ခြင်း ပုံစံအမျိုးမျိုးတို့ ပါဝင်ပြီး ဒုတိယပိုင်းဖြစ်သည့် အပြောအဆို၏ သဘောသဘာဝတွင် အပြောအဆို စွမ်းရည်၏ သွင်ပြင်လက္ခဏာများနှင့် စကားပြောဆိုခြင်း၏ လုပ်ငန်းတာဝန်များ ပါဝင်ကြသည်။

## ၄.၁.၁ | အနာအကြား၏ သဘောသဘာဝ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အနာအကြား၏ သဘောသဘာဝကို ရှင်းပြတတ်မည်။

အနာအကြား (သို့မဟုတ်) နားထောင်ခြင်းဆိုသည်မှာ စကားသံများကို ခွဲခြားနားလည်နိုင်ခြင်း သာမက ထိုစကားသံများက သယ်ဆောင်လာသည့် အနက်အဓိပ္ပာယ်ကိုပါ ကောက်ယူနိုင်ခြင်း၊ နားလည်သဘောပေါက်နိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အနာအကြားစွမ်းရည်သည် တစ်စုံတစ်ယောက်က ထုတ်ဖော်ပြောဆိုလာသည့် သတင်းစကားများကို လက်ခံရယူနိုင်စွမ်းပင် ဖြစ်သည်။ အနားအကြားသည် အသံများကို အကြားအာရုံဖြင့် လက်ခံရယူခြင်း၊ ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း၊ မတူသောအသံများကို ခွဲခြားဖော်ထုတ်ခြင်းတို့မှ စတင်ကာ အနက်အဓိပ္ပာယ် ကောက်ယူခြင်းနှင့် သင့်လျော်သလို တုံ့ပြန်လုပ်ဆောင်ပေးခြင်းအထိ အဆင့် အမျိုးမျိုးကို လုပ်ဆောင်ရသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် အနာအကြားသည် မည်သည့် ရည်ရွယ်ချက်ဖြင့် နားထောင်သည်ဆိုသည့်အပေါ် မူတည်၍ ပုံစံအမျိုးမျိုးကွဲပြားကာ လိုအပ်သည့် ကျွမ်းကျင်မှုလည်း အမျိုးမျိုးကွဲပြားသည့် ဖြစ်စဉ်တစ်ရပ်လည်းဖြစ်ပါသည်။

## အနာအကြားဆိုင်ရာ ချဉ်းကပ်နည်း (၂) မျိုး

အနာအကြား (သို့မဟုတ်) နားထောင်ခြင်းကို ဖြစ်စဉ်တစ်ရပ်အဖြစ် လေ့လာသူများက အနာအကြား၏ မတူသော သဘောသဘာဝများကို ခွဲခြားနိုင်ရန် ရှုထောင့်နှစ်မျိုးဖြင့် ကြည့်ကြသည်။ ၄င်းတို့မှာ အောက်-အထက်နှင့် အထက်-အောက် ချဉ်းကပ်နည်းတို့ ဖြစ်ကြသည်။[၈၈]

အောက်-အထက်ချဉ်းကပ်နည်း၏ သဘောအရ လူသားတို့သည် မိမိတို့၏ ဘာသာစကားဆိုင်ရာ အသိပညာများနှင့် အသံလှိုင်းထုတ်လွှင့်ချက်များ ခွဲခြားနိုင်စွမ်းတို့ကို အသုံးပြုကာ ကြားရသည့်စကားများကို အဓိပ္ပာယ်ဖော်ခြင်းဖြစ်သည်။ စကားတစ်ခွန်းတွင် ပါလာသည့် အသံများကို မိမိတို့သိထားသည့်ပုံစံနှင့် ကိုက်ညီသော အသံတစ်ခုစီအဖြစ် ခွဲထုတ်ခြင်း၊ ထိုအသံများကို စကားလုံးများ၊ စကားစုများ၊ ဝါကျများ စသည်ဖြင့် ပုံစံကျဖွဲ့စည်းကြည့်ခြင်းတို့ကို ပြုလုပ်သည်။ တစ်ချိန်တည်းမှာပင် အခြားသောသဲလွန်စများ (ဥပမာ - စကားအဖြတ်အရပ်၊ ပါဝင်သည့် စကားလုံးများ၏အဓိပ္ပာယ်များ၊ ထိုစကားလုံးတစ်ခုနှင့် တစ်ခု၏ အဆက်အစပ်၊ ပါဝင်သည့် ဝါကျပုံသဏ္ဌာန်များ စသည်တို့) ကိုပါရှာဖွေပြီး ထိုစကားတစ်ခွန်း၏ အဓိပ္ပာယ်ကို ဆက်စပ်ဖော်ထုတ်ယူပါသည်။ တစ်နည်းအားဖြင့် နားထောင်သူက ကြားရသည့်စကားတွင် ပါဝင်သည့်အချက်အလက်များ အထူးသဖြင့် ဘာသာစကားဆိုင်ရာ အချက်အလက်များကို အသုံးပြုကာ အဓိပ္ပာယ်ကောက်ယူသည်ဟု ဆိုနိုင်ပါသည်။

အထက်-အောက်ချဉ်းကပ်နည်း အလိုအရမူ နားထောင်သူသည် ကြားရသည့်စကားကို နားလည်သဘောပေါက်နိုင်ရန်အတွက် စကားတွင် မပါဝင်သော ပြင်ပမှ အသိပညာများကို ယူလာပြီး စကားနှင့်ချိတ်ဆက် ကြည့်ရသည်ဟုဆိုပါသည်။ အောက်တွင် ဖော်ပြထားသည့် လူငယ်နှစ်ယောက်၏ စကားပြောတစ်ခုကို လေ့လာကြည့်ပါ။

| | |
|---|---|
| လူငယ် ၁။ | ။ မင်းဘာတွေ လုပ်နေလဲ။ |
| လူငယ် ၂။ | ။ ငါ အလုပ်ဝင်လိုက်ပီ။ သီလဝါဘက်မှာ၊ ဂျပန်တွေနဲ့။ အထည်ချုပ်လေ။ မသက်သာပါဘူးကွာ၊ တကယ်မောင်းတာ။ ညနေ မိုးချုပ်မှ ပြန်ရတယ်။ အိုတီလေး၊ ဘာလေး ရလို့ တော်သေးတာပေါ့။ |
| လူငယ် ၁။ | ။ အဲဒီမှာ မင်းက ဘာလုပ်ရတာတုံး။ |
| လူငယ် ၂။ | ။ ကျူစီ လေ။ ချုပ်ပြီးသားအထည်တွေကို စစ်ရတာ။ တစ်နေ့လုံးပဲ၊ ခြေထောက်တွေကို တောင့်နေတာပဲ။ |

[၈၈] Hedge, T. (2008). *Teaching and learning in the language classroom*. Oxford: Oxford University Press.

အထက်ပါစကားပြောတွင် ပါဝင်သည့် စကားလုံးများ၊ ဝါကျပုံသဏ္ဌာန်များနှင့် စပ်လျဉ်းပြီး ယေဘုယျအားဖြင့် မြန်မာစကားပြောသူ အများစုအတွက် အခက်အခဲရှိနိုင်မည် မထင်ပါ။ သို့ရာတွင် ထိုစကားကို အဓိပ္ပာယ် ပြည့်ပြည့်ဝဝ နားလည်နိုင်ရန်အတွက်မှာမူ သီလဝါစီမံကိန်း အကြောင်း၊ အထည်ချုပ်အလုပ်အကြောင်း သိထားမှသာဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် "ကျူစီ"၊ "အိုတီ" ဆိုသောစကားလုံးများကို သာမန်လူများနားလည်နိုင်မည် မဟုတ်ပါ။ အလားတူပင် အထည်ချုပ် အလုပ်အကြောင်းမသိပါက အဘယ်ကြောင့် ခြေထောက်တောင့် နေရသည်ကိုလည်း နားလည်နိုင်မည်မဟုတ်ပါ။ ဤကဲ့သို့သော စကားမျိုးကိုနားလည်နိုင်ရန် အတွက် နားထောင်သူအနေဖြင့် မိမိသိထားပြီးသည့် ပြင်ပဗဟုသုတများကို အသုံးပြုရမည် ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်ရသည့်နည်းလမ်းသည် "နားထောင်ခြင်းကို ရှိပြီးအသိနှင့် ဆက်စပ်ခြင်း" ဖြစ်ပါသည်။

အထက်-အောက် ချဉ်းကပ်နည်းတွင် တွေ့ရသည့် အခြားနည်းဗျူဟာ တစ်ခုမှာ နားထောင်သူက ကြားရသည့် စကားကို နားလည်သဘောပေါက်နိုင်ရန်အတွက် ဆက်စပ် အခြေအနေဆိုင်ရာ သဲလွန်စများကို ကြည့်ရခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် စကားပြောတွင် လူငယ်အနေဖြင့် မိမိအလုပ်အကြောင်းကို နှစ်သက်သဘောကျသည့် စိတ်ဖြင့်ပြောနေသည်လား (သို့မဟုတ်) မကျေမနပ်ဖြင့် ငြီးတွားနေသည်လား ဆိုသည်ကို ခွဲခြားရန်မလွယ်ကူပါ။ စကားပြောသည့် နေရာတွင် ရှိနေသူမှသာ ခွဲခြားနိုင်မည်ဖြစ်သည်။ စကားပြောသည့် လေယူလေသိမ်း၊ ပြောသည့်ဟန်ပန် အမူအရာစသည့် စကားသံမဲ့ အပြုအမူများကို ကြည့်ပြီးမှသာ ကောက်ချက်ချနိုင်မည်ဖြစ်ပါသည်။ စကားတစ်ခွန်းကို အပြည့်အဝနားလည်နိုင်ရန်အတွက် ပြောသည့်နေရာ၊ ပြောသည့်အချိန်၊ ပါဝင်ပြောဆိုသူ များ၏ လေယူလေသိမ်း၊ ဟန်ပန်အမူအရာ စသည့် ဆက်စပ်အခြေအနေဆိုင်ရာ သဲလွန်စ များကိုလည်းကြည့်ကာ အဓိပ္ပာယ်ကောက်ရန် လိုအပ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဤသို့ဆိုခဲ့သဖြင့် အောက်-အထက်ချဉ်းကပ်နည်းနှင့် အထက်-အောက်ချဉ်းကပ်နည်းတို့သည် ဆန့်ကျင်ဘက် ဖြစ်သည်ဟု မယူဆသင့်ပါ။ မတူညီသောရှုထောင့်များမှ ချဉ်းကပ်ခြင်းသာ ဖြစ်ပါသည်။ ယခုအခါတွင် အဆိုပါဖြစ်စဉ်နှစ်ခုသည် တစ်ပြိုင်နက်တည်းဖြစ်ပြီး၊ အချင်းချင်း အပြန်အလှန် ဆက်စပ်တည်မှီနေသည်ဟုလည်း ပညာရှင်များက လက်ခံထားကြပါသည်။ အနာအကြားဆိုသည်မှာ မိမိကြားလိုက်ရသည့် အပြောစကားတစ်ခွန်းကို နားလည် သဘောပေါက်နိုင်ရန် အလို့ငှာ အကြောင်းရပ်သုံးခုဖြစ်သည့် (၁) ဘာသာစကားဆိုင်ရာ အချက်အလက်များ၊ (၂) စကားပြောသည့် ဆက်စပ်အခြေအနေနှင့် (၃) နားထောင်သူ၏ ရှိပြီးအသိပညာ ဗဟုသုတတို့ အပြန်အလှန် တုံ့လှယ်ချိတ်ဆက်ပြီး အဓိပ္ပာယ်ဖော်ရသည့် ဖြစ်စဉ်တစ်ရပ် ဖြစ်သည်ဟု ယခုအခါ အများကလက်ခံထားကြသည်။

## အနာအကြား၏ ရည်ရွယ်ချက်များနှင့် နားထောင်ခြင်းပုံစံအမျိုးမျိုး

အနာအကြား (သို့မဟုတ်) နားထောင်ခြင်း အလုပ်တိုင်းတွင် ရည်ရွယ်ချက်ရှိပါသည်။ ရည်ရွယ်ချက်မရှိဘဲ နားထောင်ပါက ပြောနေသည့်စကားကို နားထောင်နေသည်ဟု မဆိုနိုင်ပါ။ လူမှုဆက်ဆံရေး စကားဝိုင်းတစ်ခုတွင် အပြန်အလှန် ပြောဆိုနေကြရာ၌ နားထောင်ခြင်းနှင့်အတူ ပြန်လည်တုံ့ပြန်ပြောဆိုမှု အပါအဝင် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ရပါသည်။ ထိုသို့ ပါဝင်လုပ်ဆောင်ရသည့်အတွက် အဆိုပါနားထောင်ခြင်းပုံစံကို ပါဝင်လုပ်ဆောင်မှုဖြင့် နားထောင်ခြင်းဟုခေါ်ပါသည်။ အများအားဖြင့် လူမှုဆက်ဆံရေးအတွက် လူမှုဆက်ဆံရေး စကားဝိုင်းတွင် သူငယ်ချင်းများနှင့်ဝိုင်းဖွဲ့ကာ အာလာပသလ္လာပ ပြောခြင်းမျိုးသည် ပါဝင်လုပ်ဆောင်မှုဖြင့် နားထောင်ခြင်းဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဤကဲ့သို့သော နားထောင်ခြင်းမျိုးကို အတုံ့အလှယ်ပြု နားထောင်ခြင်းဟုလည်းခေါ်ကြပါသည်။ လူမှုရေးအရ လောကဝတ်သဘောဖြင့် အပြန်အလှန်တုံ့လှယ်ရသည့် အပြုအမူများ လုပ်ဆောင်ရခြင်းကြောင့် ဖြစ်ပါသည်။

ရံဖန်ရံခါတွင် ပါဝင်လုပ်ဆောင်မှုဖြင့် နားထောင်ခြင်းသည် တစ်စုံတစ်ခုကို ပြုလုပ်ရန် အတွက် သတင်းအချက်အလက် ရယူရန်လည်း ဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် လမ်းပေါ်တွင် တွေ့သည့် လူတစ်ယောက်ထံမှ လမ်းညွှန်ချက်ကို နားထောင်ခြင်း၊ ရုံးတွင် စာရေးတစ်ယောက်ထံမှ ဖြည့်သွင်းရမည့် ပုံစံတစ်ခုအတွက် ရှင်းလင်းချက်ကို နားထောင်ခြင်းတို့သည် သတင်းအချက်အလက်ရယူရန် နားထောင်ခြင်းဖြစ်သည်။ ပညာသင်ယူဆည်းပူးရန်အတွက် နားထောင်ခြင်းသည်လည်း သတင်းအချက်အလက်ရယူရန် နားထောင်ခြင်း အမျိုးအစားတွင် အကျုံးဝင်ပါသည်။ ဤကဲ့သို့သော နားထောင်ခြင်းမျိုးကိုမူ အကြောင်းကိစ္စဖြင့် နားထောင်ခြင်းဟု ဆိုကြပါသည်။

အတုံ့အလှယ်ပြုနားထောင်ခြင်းနှင့် အကြောင်းကိစ္စဖြင့်နားထောင်ခြင်းဟု နှစ်မျိုးခွဲကြည့်ခြင်းသည် ဘာသာစကား သင်ပြသူဆရာများအတွက် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ရည်ရွယ်ချက်မတူသည့် နားထောင်မှုပုံစံများဖြစ်သဖြင့် လိုအပ်သည့် ကျွမ်းကျင်မှုမှာလည်း မတူသောကြောင့်ဖြစ်ပါသည်။ အတုံ့အလှယ်ပြု နားထောင်ခြင်းတွင် စကားဝိုင်း တစ်ခုအတွင်း ပြောဆိုနေသည့်သူများ၏ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုအတိုင်းအတာ၊ စကားဝိုင်း၏ အခြေအနေ စသည်တို့ကိုကြည့်ပြီး အလိုက်သင့်ပြုမူတတ်ရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် လူမှုဆက်ဆံရေးအရ ဝိုင်းဖွဲ့ပြောဆိုကြသည့် အာလာပသလ္လာပ စကားဝိုင်းများတွင် အများအသုံးပြုသည့်စကား၊ လေယူလေသိမ်း၊ ဟန်ပန်အမူအရာစသည်တို့ကို ကြည့်ပြီး ထွေရာလေးပါး ပြောနေကြသည် (သို့မဟုတ်) အလေးအနက်ထား ပြောနေကြသည် စသည်ဖြင့်

ခွဲခြားနားလည်ပြီး ပါဝင်တတ်ရန် လိုအပ်ပါသည်။ ထို့ပြင် အခြားသူပြောသည့်စကားကို စိတ်ဝင်စားကြောင်းပြသပြီး ပြောနေသည့် အကြောင်းအရာကို ယေဘုယျအားဖြင့် နားလည်ကြောင်း တုံ့ပြန်ပေးတတ်ရန်လည်း အရေးကြီးပါသည်။ အကြောင်းကိစ္စဖြင့် နားထောင်ခြင်းတွင်မူ အကြောင်းအရာ၊ အချက်အလက်အသေးစိတ်ကို အာရုံစိုက် နားထောင်တတ်ရန် လိုအပ်ပါသည်။ သို့မှသာ မိမိအလိုရှိသည့် အချက်အလက်များကို ရရှိပြီး မှန်ကန်စွာ ဆက်လက်လုပ်ဆောင်နိုင်မည် ဖြစ်သည်။

အခြား အနာအကြားပုံစံတစ်ခုမှာ ပါဝင်လုပ်ဆောင်မှုမရှိဘဲ နားထောင်ခြင်းဖြစ်သည်။ နားထောင်ရုံသာဖြစ်ပြီး မိမိဘက်မှ စကားပြောနေသူအား တက်ကြွစွာ ပြန်လည်တုံ့ပြန် လုပ်ဆောင်ပေးရန် မလိုအပ်သည့် နားထောင်မှုမျိုးကို ဆိုလိုပါသည်။ ဥပမာအားဖြင့် ရေဒီယို (သို့မဟုတ်) ရုပ်မြင်သံကြားများမှ ထုတ်လွှင့်သည့် ဟောပြောချက်များ၊ ညီလာခံများ၊ ဆွေးနွေးပွဲများတွင် တွေ့ရလေ့ရှိသည့် တင်ပြချက်များ စသည်တို့ကို နားထောင်ခြင်းသည် ဤအမျိုးအစားတွင် ပါဝင်ပါသည်။ အတုံ့အလှယ်ပြုလုပ်နိုင်သည့် အခြေအနေ မဟုတ်သည့် အတွက် နားထောင်သူဘက်မှ ပိုမိုအားစိုက် လုပ်ဆောင်ရသည့် သဘောလည်းရှိပါသည်။ လိုအပ်သော ကျွမ်းကျင်မှုအနေဖြင့်မူ မည်သည့်ရည်ရွယ်ချက်ဖြင့် နားထောင်သည်ဆိုသည့် အပေါ်တွင် မူတည်ပါသည်။ ဥပမာအားဖြင့် သာမန်နားလည်ရုံ (သို့မဟုတ်) နှစ်သက်ပျော်ရွှင်မှု ရရုံအတွက်သာ နားထောင်ခြင်းလား သို့တည်းမဟုတ် လေ့လာသင်ယူရန်အတွက် အသေးစိတ် အချက်အလက်များကို မှတ်သားရန် နားထောင်ခြင်းလား ဆိုသည့်အပေါ် မူတည်ကာ ကျွမ်းကျင်မှုလိုအပ်ချက် ကွာခြားနိုင်ပါသည်။

မြန်မာစာသင်ခန်းစာများကို စီစဉ်ဆောင်ရွက်သည့်အခါ အထက်တွင်ဖော်ပြခဲ့သည့် ရည်ရွယ်ချက် အမျိုးမျိုးအတွက် အနာအကြားပုံစံအမျိုးမျိုးကို အနာအကြားဖြစ်စဉ်ဆိုင်ရာ နည်းလမ်း အမျိုးမျိုးဖြင့် ချိတ်ဆက်စီစဉ်ပေးသင့်ပါသည်။ ဆရာများသည် အနာအကြား ကျွမ်းကျင်မှုကို သီးခြားသင်ခန်းစာအဖြစ် လေ့ကျင့်သင်ကြားပေးလေ့မရှိကြဘဲ အခြားသောသင်ခန်းစာများတွင် 'ကျွဲကူးရေပါ' သဘောဖြင့်သာ သင်ကြားလေ့ရှိပါသည်။ အခြေခံပညာ အလယ်တန်းဆင့် ကလေးများအနေဖြင့် တတ်မြောက်ထားရန်လိုအပ်ပြီး လက်တွေ့လည်း အသုံးပြုရမည့် နားထောင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများရှိနေပါသည်။ အသေးစိတ်အချက်အလက်များ ရယူရန် နားထောင်ခြင်း၊ နားထောင်ရင်း မှတ်စုမှတ်ခြင်း၊ စိတ်ပါဝင်စားစွာ နားထောင်ခြင်း၊ နားထောင်သူကောင်းတစ်ဦး၏ ကျင့်ဝတ်များကို နားလည်လိုက်နာခြင်း စသည့် ကျွမ်းကျင်မှုများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် မြန်မာဘာသာစကားကို ကျောင်းသို့ရောက်မှ စတင်သင်ယူကြရသည့် ကလေးများအနေဖြင့် အခြေခံပညာ အလယ်တန်းဆင့်သို့ ရောက်သည့်တိုင် ရှုပ်ထွေးနက်နဲသည့် အပြောစကားများ

(ဥပမာ - ဘာသာရပ်ဆိုင်ရာ သဘောတရားများနှင့် စပ်လျဉ်းပြီး ဆရာများ၏ ရှင်းလင်းဟောပြောချက်များ) ကို အပြည့်အဝနားလည်ရန် အခက်အခဲရှိနိုင်ပါသည်။ သို့ဖြစ်ရာ ရည်ရွယ်ချက်အလိုက် ကွဲပြားသည့် အနာအကြားပုံစံ အမျိုးမျိုးအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သီးခြားသင်ခန်းစာများဖြင့် စီစဉ်သင်ကြားပေးသင့်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ အပြန်အလှန်စကားပြောတစ်ခုကို လက်တွေ့သရုပ်ဆောင်ခြင်း

ဤသင်ယူမှု လုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားနှစ်ဦး သရုပ်ဆောင်သည့် “အပြန်အလှန် စကားပြော” တစ်ခုကို ကျန်သောကျောင်းသားများက ကြည့်ရှုနားထောင် လေ့လာရင်း ပေးထားသည့် မေးခွန်းများကို တစ်ဦးချင်း စဉ်းစားဖြေဆိုခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။ တစ်ဆက်တည်းတွင် အနာအကြား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ယေဘုယျအားဖြင့် နားလည်သဘောပေါက်သွားရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း(၂)။ အနာအကြားနှင့်သက်ဆိုင်သည့်မေးခွန်းများကို ဖြေဆိုခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အနာအကြား၏ သဘောသဘာဝကို ကျောင်းသားများ ကောင်းစွာနားလည်သဘောပေါက်ရန် မေးခွန်းများဖြေစေခြင်းဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသည့် အနာအကြားဆိုင်ရာ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ကျောင်းသားများ လေ့လာဖြေဆိုခြင်းဖြင့် သင်ယူကြရန် ဖြစ်သည်။

# ၄.၁.၂ | အပြောအဆို၏ သဘောသဘာဝ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အပြောအဆို၏ သဘောသဘာဝကို ရှင်းပြတတ်မည်။


အပြောအဆို (သို့မဟုတ်) စကားပြောဆိုခြင်းသည် လူတို့၏နေ့စဉ်ဘဝတွင် ပုံမှန်လုပ်ဆောင်နေရသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ မိမိထုတ်ဖော်ပြသလိုသည့် စိတ်ကူးများ၊ ခံစားချက်များ၊ လိုအင်ဆန္ဒများကို တစ်ဖက်လူသိရှိနားလည်သွားအောင် စကားသံများကို အသုံးပြုကာ ပို့ပေးသည့်ဖြစ်စဉ်ဟု အကြမ်းအားဖြင့် ဆိုနိုင်ပါသည်။ ထိုဖြစ်စဉ်တွင် စကားပြောသူသည် မိမိ၏စွမ်းရည်အမျိုးမျိုးကို ပေါင်းစပ်အသုံးပြုကာ ပေးပို့လိုသည့် သတင်းစကားကို တစ်ဖက်လူထံရောက်အောင် ပို့ပေးခြင်းလည်းဖြစ်သည်။ အပြောအဆိုကျွမ်းကျင်မှု ဟုဆိုရာတွင် အနာအကြား ကျွမ်းကျင်မှုနှင့်လည်း တစ်တွဲတည်းဖြစ်နေပါသည်။ အနာအကြားမပါဘဲ အပြောအဆို တစ်ခုတည်းခွဲထုတ်ကြည့်ရန် ခက်ခဲသည့်အတွက် ထိုကျွမ်းကျင်မှုနှစ်ရပ်ကို ပေါင်းစပ်ကာ အပြောဘာသာစကားစွမ်းရည်များဟုလည်း ခေါ်လေ့ရှိပါသည်။

## အပြောအဆိုစွမ်းရည်၏ သွင်ပြင်လက္ခဏာများ

အပြောအဆိုစွမ်းရည်တွင် သွင်ပြင်လက္ခဏာ နှစ်ရပ်ရှိသည်ဟု ဆိုကြပါသည်။ ၎င်းတို့မှာ - သွက်လက်ခြင်းနှင့် မှန်ကန်တိကျခြင်းတို့ ဖြစ်ပါသည်။ သွက်လက်ခြင်း ဆိုသည်မှာ စကားပြောသည့်အခါ အထစ်အငေါ့မရှိ စကားစဉ်မပြတ်စေဘဲ သဘာဝကျကျ ပြောဆိုနိုင်စွမ်းကို ဆိုလိုပါသည်။ မှန်ကန်တိကျခြင်း ဆိုသည်မှာမူ မိမိပြောဆိုသည့် စကားတွင် သဒ္ဒါ၊ ဝါကျဖွဲ့ထုံး၊ စကားအသုံးအနှုန်းနှင့် အသံထွက်မှန်ကန်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုအခြင်းအရာနှစ်ရပ်လုံးသည် စကားပြောဆိုသူအတွက် အရေးကြီးသည့် စွမ်းရည်များ ဖြစ်ပါသည်။ သို့ရာတွင် ထိုအခြင်းအရာနှစ်ရပ်သည် ဒွန်တွဲရင်းလွန်ဆွဲနေသည့်သဘော ရှိသည်ကိုလည်း သတိပြုရန် လိုအပ်ပါသည်။ စကားပြောရာတွင် သွက်လက်မှုကို အလေးပေးသည့်အခါ မှန်ကန်တိကျမှု အားနည်းတတ်သကဲ့သို့ မှန်ကန်တိကျမှုကို အလေးပေးလွန်းပါကလည်း သွက်လက်မှု အားနည်းနိုင်ပါသည်။ ဤသို့လွန်ဆွဲတတ်သည့်သဘောကို ကျောင်းသို့ရောက်မှ မြန်မာစကား၊ မြန်မာစာ စတင်သင်ယူရသည့် ကလေးများတွင် အများဆုံး မြင်တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ

မြန်မာစာပြဆရာများအနေဖြင့် ကလေးများ၏ စကားပြောသွက်လက်ခြင်းနှင့် မှန်ကန်တိကျခြင်းကို ဟန်ချက်ညီညီ ဖွံ့ဖြိုးစေရေးအတွက် သတိထားဆောင်ရွက်ရန် အရေးကြီးပါသည်။

အပြောအဆိုစွမ်းရည်သည် လူတို့သဘာဝအလျောက် တတ်မြောက်လာလေ့ရှိသည့်အတွက် မည်မျှခက်ခဲနက်နဲ ရှုပ်ထွေးသည့်စွမ်းရည် ဖြစ်သည်ကို သတိထားမိလေ့ မရှိကြပါ။ စင်စစ်မှာမူ စကားပြောခြင်းသည် အသိပညာအမျိုးမျိုး၊ တတ်ကျွမ်းမှုအမျိုးမျိုးကို ပေါင်းစပ်လုပ်ဆောင်ရသည့် နက်နဲရှုပ်ထွေးသော စွမ်းရည်တစ်ရပ်ဖြစ်ပါသည်။ စကားပြောစွမ်းရည်တွင် ဘာသာစကား ဆိုင်ရာ တတ်ကျွမ်းမှု၊ လက်တွေ့အသုံးဆိုင်ရာ တတ်ကျွမ်းမှု၊ စကားစဉ် (discourse) ဆိုင်ရာ တတ်ကျွမ်းမှု၊ ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ တတ်ကျွမ်းမှုနည်းနာများ ဟူသော အဓိက တတ်ကျွမ်းမှုလေးမျိုး ပါဝင်သည်ဟု ပညာရှင်များက အဆိုပြုထားပါသည်။[၅၉]




**ပုံ ၄.၁။ စကားပြောစွမ်းရည်တွင် ပါဝင်သည့် တတ်ကျွမ်းမှုများ**

**(က) ဘာသာစကားဆိုင်ရာ တတ်ကျွမ်းမှု။** ။ဘာသာစကားဆိုင်ရာ တတ်ကျွမ်းမှုဟု ဆိုရာတွင် ထိုဘာသာစကားရှိ အသံထွက်၊ ဝေါဟာရ၊ စကားလုံးဖွဲ့ပုံ၊ ဝါကျဖွဲ့ပုံ၊ သဒ္ဒါ စည်းမျဉ်းစည်းကမ်း၊ အဓိပ္ပာယ်ကောက်ယူပုံ စသည်တို့နှင့်ဆိုင်သော အသိပညာများ ပါဝင်ပါသည်။ သို့ရာတွင် အဆိုပါဖွဲ့စည်းပုံများ၊ စည်းမျဉ်း စည်းကမ်းများကို သိရှိရုံသာမဟုတ်ပါ။ အသုံးပြုနိုင်သည့် ကျွမ်းကျင်မှုရှိခြင်းလည်း ပါဝင်ပါသည်။ ဘာသာစကားဆိုင်ရာ တတ်ကျွမ်းမှုသည် ဆက်သွယ်ပြောဆိုရေး တတ်ကျွမ်းမှု၏

[၅၉] Hedge, T. (2008). *Teaching and learning in the language classroom.* Oxford: Oxford University Press.

အဓိကအစိတ်အပိုင်းလည်း ဖြစ်ပါသည်။ ဘာသာစကားဆိုင်ရာ တတ်ကျွမ်းမှုမရှိလျှင် ဆက်သွယ်ပြောဆိုရေး တတ်ကျွမ်းမှု မရှိနိုင်ပါ။ ဘာသာစကားနှင့်ဆိုင်သည့် ပုံသဏ္ဍာန်များ၊ ဖွဲ့စည်းတည်ဆောက်ပုံများ၊ စည်းမျဉ်းစည်းကမ်းများကို မည်မျှ မှန်ကန်စွာ အသုံးပြုနိုင်သည်ကိုကြည့်ကာ ဤတတ်ကျွမ်းမှုကို အကဲဖြတ်ခြင်း ဖြစ်သဖြင့် မှန်ကန်တိကျမှုကို အလေးပေးသည့် တတ်ကျွမ်းမှုဟု ယူဆနိုင်ပါသည်။

(ခ) **လက်တွေ့အသုံးဆိုင်ရာ တတ်ကျွမ်းမှု။** ။လက်တွေ့အသုံးဆိုင်ရာ တတ်ကျွမ်းမှုတွင်မူ နှစ်ပိုင်းပါဝင်ပါသည်။ တစ်ပိုင်းမှာ ရည်ရွယ်ချက်တစ်ခုခုဖြင့် ပြောခြင်းနှင့် ဆိုင်ပါသည်။ "ဒီနေ့ တအားပူတာပဲနော်" ဟူသောစကားတွင် ရောက်နေသည့်နေရာ၏ အခြေအနေကိုပြောခြင်း ဖြစ်နိုင်သကဲ့သို့ အခန်းပြတင်းပေါက်ကို ဖွင့်ပေးစေလိုသဖြင့် ပြောခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ဤကဲ့သို့သော စကားပြောခြင်းမျိုးကို သက်ရောက်မှုရှိသော စကားလုပ်ဆောင်ချက် ဟုလည်း ခေါ်ကြပါသည်။[၉၀] ဘာသာစကား၏ အလုပ်တာဝန်တစ်ခုခုကို ပြီးမြောက်စေမည့် စကားပြောခြင်းမျိုးလည်း ဖြစ်သဖြင့် လုပ်ငန်းတာဝန်ဆိုင်ရာ တတ်ကျွမ်းမှုဟုလည်း ခေါ်ကြပါသည်။ ဒုတိယမှာ လူမှုဆက်ဆံ ရေးဆိုင်ရာ စကားတတ်ကျွမ်းမှု ဖြစ်ပါသည်။ အလုပ်တာဝန် တစ်ခုပြီးမြောက်ရေးထက် လူမှုဆက်ဆံရေးနှင့် လောကဝတ် မပျက်စေရေး တို့အတွက် ပြောဆိုသည့် စကားပြောကျွမ်းကျင်မှုနှင့် သက်ဆိုင်ပါသည်။ ဆက်စပ် အခြေအနေအပေါ် မူတည်ကာ စကားကို ယဉ်ကျေးပျူငှာမှု၊ ရင်းနှီးကျွမ်းဝင်မှု အနေအထားအမျိုးမျိုး ပြသပြီး ပြောဆိုနိုင်စွမ်း ဖြစ်သည်။ ပြောသူနှင့် အပြောခံ ပုဂ္ဂိုလ်တို့ အကြားရှိ လူမှုဆက်ဆံရေး အနေအထားကို ကြည့်ကာ အခြေအနေနှင့် အချိန်အခါအလျောက် လိုက်လျောညီထွေရှိသည့် စကားများကို ရွေးချယ်ပြောဆို နိုင်စွမ်းလည်း ဖြစ်ပါသည်။

(ဂ) **စကားစဉ် (Discourse) ဆိုင်ရာ တတ်ကျွမ်းမှု။** ။ဤတတ်ကျွမ်းမှုသည် စကားပြော သည့်အခါ ရှေ့နောက်ဆက်စပ်ဆီလျော်စွာ ပြောဆိုတတ်ခြင်း၊ ပြောဆိုသည့် စကားကို အချိတ်အဆက်မိမိ စုစည်းစီကုံးပြီး ပြောဆိုတတ်ခြင်းစသည့် စွမ်းရည်များနှင့် ဆိုင်ပါသည်။ ရှေ့နောက်ရည်ညွှန်းဆက်စပ်ပေးသည့် နာမ်စားပုဒ်များနှင့် သမ္ဗန္ဓများ၊ အခြားသော စကားစဉ်ပစ္စည်းများ (Discourse markers) ကို မှန်ကန်စွာ အသုံးပြု နိုင်စွမ်း၊ စကားပြောနေစဉ်အတွင်း ဆီလျော်စွာ အလှည့်ယူနိုင်စွမ်း၊ စကားပြောကို အဆက်မပြတ်စေရန် ထိန်းထားနိုင်စွမ်း၊ စကားပြောသည့် အကြောင်းအရာ (သို့မဟုတ်) ခေါင်းစဉ်ကိုဖန်တီးနိုင်စွမ်း၊ ပြောင်းလဲနိုင်စွမ်း စသည်တို့လည်း ပါဝင်ပါသည်။

[၉၀] ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၉)။ *ဘာသာဗေဒဝေါဟာရများ* ။ ရန်ကုန်၊ ဒေါင်းစာပေ။

**(ဃ) ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ နည်းနာများ တတ်ကျွမ်းမှု**။ ။ထိရောက်စွာ စကားပြောဆိုတတ်သူများသည် အထက်တွင်ဖော်ပြခဲ့သည့် တတ်ကျွမ်းမှုများကို သာမက ဆက်သွယ်ပြောဆိုခြင်းနှင့်ဆိုင်သည့် နည်းနာများကိုလည်း တတ်ကျွမ်းကြပါသည်။ အထူးသဖြင့် မိမိတွင် ဘာသာစကားနှင့် စပ်လျဉ်းသည့် အားနည်းချက်များရှိသည့်အခါ ဆက်သွယ်ပြောဆိုလိုသည့် ရည်ရွယ်ချက်ပေါက်မြောက်စေရန် အခြားသောနည်းလမ်းများ အသုံးပြုပြီး ဖြည့်စွက်ပံ့ပိုးပေးနိုင်စွမ်း ရှိကြပါသည်။ စကားသံမဲ့နည်းလမ်းများ (ဥပမာ- မျက်နှာအမူအရာ၊ ကိုယ်ဟန်အမူအရာများ) အသုံးပြုခြင်း၊ စကားကို အခြားနည်းဖြင့်လှည့်ပြောခြင်း၊ သင့်လျော်သော အကြောင်းအရာ၊ ခေါင်းစဉ်များကို ရွေးချယ်နိုင်ခြင်း စသည်တို့သည် ဤတတ်ကျွမ်းမှုတွင် ပါဝင်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် တတ်ကျွမ်းမှုများသည် သီးခြားစီဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ လေးမျိုးဟုခွဲကာ ဖော်ပြခဲ့သော်လည်း တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေသည့်အတွက် ထပ်နေသည့် စွမ်းရည်များလည်း ရှိနေနိုင်ပါသည်။ အဓိကပြောလိုသည်မှာ အပြောအဆိုဟူသော သဘောတွင် အထက်၌ဖော်ပြခဲ့သည့် တတ်ကျွမ်းမှုများ ပေါင်းစပ်ပါဝင်နေသည်ဟူသော အချက် ဖြစ်ပါသည်။ ထိုတတ်ကျွမ်းမှု အမျိုးမျိုးတွင်လည်း အချို့မှာ (ဥပမာ - ဘာသာစကားဆိုင်ရာ တတ်ကျွမ်းမှုနှင့် စကားစဉ် (discourse) ဆိုင်ရာ တတ်ကျွမ်းမှုတို့မှာ မှန်ကန်တိကျမှုကို အလေးပေးပြီး အချို့မှာမူ (ဥပမာ - လက်တွေ့အသုံးဆိုင်ရာ တတ်ကျွမ်းမှုနှင့် မဟာဗျူဟာဆိုင်ရာ တတ်ကျွမ်းမှုတို့မှာ) စကားပြောသွက်လက်မှုအတွက် ပိုမိုအထောက်အကူဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အပြောအဆိုစွမ်းရည် ဖွံ့ဖြိုးစေရန် လေ့ကျင့်သင်ကြားပေးရာ၌ အဆိုပါတတ်ကျွမ်းမှုအမျိုးမျိုးကို ဟန်ချက်ညီညီဖွံ့ဖြိုးစေရန် လေ့ကျင့်သင်ကြားပေးရပါမည်။

## အပြောအဆို (သို့မဟုတ်) စကားပြောဆိုခြင်း၏ လုပ်ငန်းတာဝန်များ[၉၁]

အပြောအဆို (သို့မဟုတ်) စကားပြောဆိုခြင်း၏ သဘောသဘာဝများကို စဉ်းစားသည့်အခါ စကားပြောရသည့် ရည်ရွယ်ချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဘာသာစကားကို ပြောဆိုသုံးစွဲသည့် ရည်ရွယ်ချက်ကိုလိုက်ပြီး ဘာသာစကား၏ လုပ်ငန်းတာဝန်များကို အမျိုးမျိုး သတ်မှတ်ထားသော်လည်း အပြောအဆိုနှင့် စပ်လျဉ်း၍မူ ယေဘုယျအားဖြင့် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်သုံးမျိုးကို ရည်ညွှန်းပြောဆိုလေ့ရှိကြပါသည် -

[၉၁] Richards, J. C. (2008). *Teaching listening and speaking: Theory to practice*. Cambridge: Cambridge University Press.

- လူမှုရေးအရ အတုံ့အလှယ်ပြောဆိုခြင်း။
- အလုပ်သဘော ပြောဆိုခြင်း။
- အများရှေ့တွင် တင်ပြပြောဆိုခြင်း။

ထိုလုပ်ငန်းတာဝန်များအလိုက် စကားပြောခြင်းဆိုင်ရာ တတ်ကျွမ်းမှု အမျိုးမျိုးကို သင့်လျော်သလို ပေါင်းစပ်အသုံးပြု ပြောဆိုကြရပါသည်။

(က) **လူမှုရေးအရအတုံ့အလှယ်ပြောဆိုခြင်း။** ။ယေဘုယျအားဖြင့် လူမှုဆက်ဆံရေးအတွက် အပြန်အလှန်ပြောဆိုရသည့် စကားမျိုးကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ပြောဆိုကြသည့် ပဋိသန္ထာရစကားများ၊ သာကြောင်းမာကြောင်း စကားများ၊ အတွေ့အကြုံဖလှယ်သည့် စကားများ စသည်တို့ ပါဝင်ပါသည်။ ရည်ရွယ်ချက်မှာ လောကဝတ်ကျေပွန်ရန် ဖြစ်သည်။ သို့ဖြစ်ရာ ပြောသည့်စကားတွင် ပါဝင်သည့် အချက်အလက်ထက် ပြောသူက မည်သို့မည်ပုံပြောနေသည် ဆိုသည့်အချက်ကို ပို၍အလေးထားပါသည်။ ထိုကဲ့သို့သော စကားပြောဆိုခြင်းမျိုးတွင် အောက်ပါအင်္ဂါရပ်များကို တွေ့ရလေ့ရှိသည်ဟု ဆိုပါသည်။

- အဓိကအားဖြင့် လူမှုဆက်ဆံရေးအတွက် လုပ်ဆောင်ခြင်း။
- စကားပြောသူ၏ စရိုက်သဘာဝကို ထင်ဟပ်နေခြင်း။
- စကားပြောဆိုင်ရာ သတ်မှတ်ချက်များကို အသုံးပြုခြင်း။
- ယဉ်ကျေးပျူငှာမှု အတိုင်းအတာကို ထင်ဟပ်နေခြင်း။
- ယေဘုယျစကားလုံးအသုံးအနှုန်းများကိုသာ အသုံးများခြင်း။
- စကားပြောရာတွင် အသုံးပြုရသည့် သတ်မှတ်အသုံးအနှုန်းများကို အသုံးပြုရခြင်း။
- နှစ်ဖက်အပြန်အလှန် လုပ်ဆောင်ရခြင်း။

(ခ) **အလုပ်သဘောပြောဆိုခြင်း။** ။ မည်သည့်အရာကို ပြောလိုက်သည် (သို့မဟုတ်) မည်သည့်အရာ ပြီးမြောက်သွားသည် ဆိုသည့်အချက်ကို အလေးထားသည့် စကားပြောမျိုး ဖြစ်သည်။ စကားပြောသူများနှင့် ၎င်းတို့၏ လူမှုဆက်ဆံရေး အနေအထားထက် ပြောလိုက်သည့် သတင်းအချက်အလက်နှင့် ထိုသတင်းအချက်အလက်ကို ကောင်းစွာနားလည်စေရေးသည် အဓိက ဖြစ်ပါသည်။

အများအားဖြင့် ပြောသည့်စကားနှင့်အတူ အခြားလုပ်ငန်းတစ်ခု ပူးတွဲပါဝင်နေတတ်ပါသည်။ ဤစကားပြောမျိုးကို သတင်းအချက်အလက်ဖလှယ်ရန် ပြောဆိုခြင်းနှင့် လုပ်ငန်းပြီးမြောက်ရန် ပြောဆိုခြင်းဟု နှစ်မျိုးခွဲကြပါသည်။ ဥပမာအားဖြင့် မိတ်ဆွေနှစ်ယောက် လမ်းပေါ်တွင်တွေ့ခိုက် မော်တော်ကားဈေးနှုန်း အကြောင်း ပြောဆိုကြခြင်းဖြစ်ပါက သတင်းအချက်အလက် ဖလှယ်ရန် ပြောဆိုခြင်းဖြစ်ပြီး စားသောက်ဆိုင်တွင် အစားအသောက်မှာရန် ပြောသည့် စကားမှာမူ လုပ်ငန်းပြီးမြောက်ရန် ပြောဆိုခြင်းဟု ဆိုနိုင်ပါသည်။ ဤနှစ်မျိုးလုံးမှာပင် စကားပြောရာ၌ လူမှုဆက်ဆံရေးသဘောထက် ပြောနေသည့် အချက်အလက်များ အပေါ်တွင်သာ ပိုမိုအာရုံစိုက်ရသည်။ အလုပ်သဘောပြောဆိုခြင်းတွင် အောက်ပါ အင်္ဂါရပ်များကို တွေ့ရလေ့ရှိသည်ဟု ဆိုပါသည်။

- ပြောဆိုသူထက် ပြောသည့် သတင်းအချက်အလက်ကိုသာ အဓိကထားခြင်း။
- စကားကို ကောင်းစွာနားလည်စေရန် နည်းလမ်းအမျိုးမျိုးသုံးခြင်း။
- မေးခွန်းမေးခြင်း၊ ထပ်ပြန်ပြောခြင်း၊ နားလည်ကြောင်းပြရန် စစ်ဆေးခြင်း စသည့်အရာများ မကြာခဏကြုံတွေ့ရခြင်း။
- ညှိယူရခြင်း၊ ဘေးချော်ထွက်ခြင်းများ တွေ့ရနိုင်ခြင်း။
- တိကျမှန်ကန်မှု (သဒ္ဒါ၊ အသုံးအနှုန်း) ရှိရန် သိပ်မလိုအပ်ခြင်း။

**(ဂ) အများရှေ့တွင် တင်ပြပြောဆိုခြင်း။** ။ စာသင်ခန်းအတွင်း တင်ပြပြောဆိုခြင်း၊ အများပရိသတ် ရှေ့မှောက်တွင် စကားပြောခြင်း၊ ဟောပြောပို့ချခြင်း စသည့် စကားပြောပုံစံမျိုးကို ခေါ်ခြင်းဖြစ်သည်။ ဤကဲ့သို့သော စကားပြောမျိုးမှာ အပြန်အလှန်ပြောဆိုရခြင်းထက် တစ်ဖက်သတ် ပြောဆိုရခြင်း ဖြစ်လေ့ရှိပါသည်။ ပုံစံတကျဖြစ်လေ့ရှိပြီး စကားပြောပုံစံထက် အရေးအသားပုံစံနှင့် ပို၍နီးစပ်ပါသည်။ စကားပြောသူအနေဖြင့်လည်း ကောင်းစွာကြိုတင်ပြင်ဆင်ပြီး ပြောရသည့်အတွက် တစ်ပန်းသာသည့်အချက် ရှိပါသည်။ အောက်ပါအင်္ဂါရပ်များကို တွေ့ရလေ့ရှိသည်ဟု ဆိုပါသည်။

- ပြောမည့် စကားပါအချက်အလက်ကိုသာမက နားထောင်မည့် ပရိသတ်ကိုပါ အလေးထားခြင်း။
- အချက်အလက်များကို အစီအစဉ်တကျ ဆီလျော်စွာတင်ပြခြင်း။

- ပရိသတ်၏ အာရုံစိုက်မှုကို ထိန်းထားခြင်း။
- သဒ္ဒါ၊ စကားအသုံးအနှုန်း၊ အသံထွက် စသည်တို့ကို မှန်ကန်စွာ အသုံးပြုခြင်း။
- ပရိသတ်အပေါ် သက်ရောက်မှုရှိစေရန် ဖန်တီးခြင်း။
- စကားအဖွင့်နှင့် အပိတ် (နိဒါန်းနှင့် နိဂုံး) ကို ဆီလျော်စွာ အသုံးပြုခြင်း။

အခြေခံပညာအလယ်တန်းဆင့်တွင် ကလေးများကို အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေရန် လေ့ကျင့်သင်ကြားပေးသည့်အခါ အထက်တွင်ဖော်ပြခဲ့သည့် စကားအပြောအဆို စွမ်းရည်ဆိုင်ရာ တတ်ကျွမ်းမှုများ၊ လုပ်ငန်းတာဝန်များကို ထည့်သွင်းစဉ်းစားပြီး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မြန်မာစကားကို သွက်လက်မှုနှင့် မှန်ကန်တိကျမှု နှစ်မျိုးလုံး ဟန်ချက်ညီစွာဖြင့် ပြောဆိုတတ်သူများဖြစ်စေရန် ပျိုးထောင်ပေးရမည် ဖြစ်ပါသည်။ အထူးသဖြင့် ကလေးများအနေဖြင့် အခြားသူများနှင့် လိုက်လျောညီထွေစွာ တုံ့လှယ်ပြောဆိုနိုင်စွမ်းနှင့် အများရှေ့တွင် ထိရောက်စွာ တင်ပြပြောဆိုနိုင်စွမ်းရှိသူများ ဖြစ်လာစေရန် ပံ့ပိုးလေ့ကျင့်ပေးရမည်ဖြစ်သည်။ ထိုတတ်ကျွမ်းမှုများသည် ကလေးများ၏ ပညာဆက်လက် သင်ယူရေးအတွက် အရေးပါသကဲ့သို့ ဘဝတစ်သက်တာ ရပ်တည်လုပ်ကိုင်နေထိုင်နိုင်ရေး အတွက်လည်း အရေးကြီးသည့်စွမ်းရည်များ ဖြစ်သောကြောင့် ဖြစ်ပါသည်။

### သင်ယူမှုလုပ်ငန်း (၁)။ အပြောအဆိုစွမ်းရည်၏ သွင်ပြင်လက္ခဏာများအကြောင်း ဟောပြောပို့ချခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်ပါ "အပြောအဆို စွမ်းရည်၏ သွင်ပြင်လက္ခဏာများ" အကြောင်းကို ဆရာကဦးဆောင်ပြီး ဟောပြောပို့ချသည့် အချက်များကို ကျောင်းသားများ သင်ယူလေ့လာကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ စကားပြောစွမ်းရည်တွင် ပါဝင်သည့် တတ်ကျွမ်းမှုများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် "စကားပြောစွမ်းရည်တွင် ပါဝင်သည့် တတ်ကျွမ်းမှုများ" ဂရပ်ဖစ်ပုံတွင် ဖော်ပြပါရှိသည့် တတ်ကျွမ်းမှု လေးမျိုးအကြောင်းကို ဖြတ်ဆက်နည်းဖြင့် အသေးစိတ်လေ့လာ၍ သင်ယူကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ အပြောအဆိုနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်သုံးမျိုးကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် အပြောအဆိုနှင့် စပ်လျဉ်းသည့် ယေဘုယျလုပ်ငန်းတာဝန် သုံးရပ်အကြောင်းကို လက်ဖက်ရည်စကားဝိုင်း ပုံစံဖြင့် ဆွေးနွေးရင်း လေ့လာသင်ယူကြရန်ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ ပါဝင်လုပ်ဆောင်မှုဖြင့် နားထောင်ခြင်းနှင့် ပါဝင်လုပ်ဆောင်မှုမရှိဘဲ နားထောင်ခြင်း ဟူသော အနာအကြားပုံစံနှစ်မျိုးတွင် မည်သည့် နားထောင်ခြင်းက ပို၍ အရေးကြီးသနည်း။

၂။ စကားပြောရသည့် ရည်ရွယ်ချက်ကိုလိုက်၍ ဘာသာစကား၏ လုပ်ငန်းတာဝန်ကို ယေဘုယျအားဖြင့် မည်သို့ခွဲခြားနိုင်သနည်း။

၃။ အလယ်တန်းဆင့်ကလေးများ စကားပြောစွမ်းရည်ဆိုင်ရာ တတ်ကျွမ်းမှုများ ဖွံ့ဖြိုးပါက ပစ္စုပ္ပန်နှင့် အနာဂတ်ကာလတွင် မည်သည့် အကျိုးရလဒ်များ ရရှိနိုင်သနည်း။

# ၄.၂။ အပြောဘာသာစကား စွမ်းရည်များကို သင်ကြားသင်ယူခြင်း

ရှေ့ပိုင်းတွင်ဖော်ပြခဲ့သော အပြောဘာသာစကား (အနာအကြား၊ အပြောအဆို) ၏ သဘော သဘာဝများကို အခြေခံ၍ အလယ်တန်းဆင့် ကလေးများ၏ အပြောဘာသာစကား စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ကြားနည်းများကို ဖော်ထုတ်ခြင်း၊ သင်ခန်းစာများ ကြိုတင်ပြင်ဆင်ခြင်းနှင့် အဆိုပါသင်ခန်းစာများကို လက်တွေ့သင်ကြားခြင်းတို့ကို ဤအပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

## ၄.၂.၁ | အနာအကြားစွမ်းရည်များ ဖွံ့ဖြိုးရန် သင်ကြားခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အလယ်တန်းဆင့် ကလေးများ၏ အနာအကြားဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ကြားနည်းများကို ဖော်ထုတ်တတ်မည်။

ဘာသာစကားစွမ်းရည် (၄) ရပ်အနက် တစ်ခုဖြစ်သော အနာအကြားစွမ်းရည်ကို အခြေခံပညာ အဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်းများတွင် အတန်းစဉ်အလိုက် ထည့်သွင်းဖော်ပြလေ့ ရှိသော်လည်း လက်တွေ့သင်ကြားရာတွင်မူ အနာအကြားကို လျစ်လျူရှုထားတတ်ကြပါသည်။ ကလေးများအနေဖြင့် အခြေခံပညာအလယ်တန်းဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်ရာ မြန်မာဘာသာစကားကို ကောင်းစွာတတ်မြောက်ပြီးဖြစ်သည်ဟုယူဆလျက် အနာအကြားကို အထူးအလေးပေးသင်ကြားရန် မလိုအပ်ဟု ယူဆသောကြောင့် ဖြစ်နိုင်ပါသည်။ စင်စစ်မှာ ကလေးများအနေဖြင့် အခြေခံပညာအလယ်တန်းဆင့်မှ စတင်ကာ ပညာရပ်ဆိုင်ရာ အချက်အလက်များကို အထူးအာရုံစိုက် နားထောင်မှတ်သားတတ်သည့် အလေ့အထရှိရန် လွန်စွာအရေးကြီးပါသည်။ ထို့ပြင် ဘာသာစကားတစ်ခုကို ပြောဆိုအသုံးပြုသည့်အခါ ပြောဆိုသူများ လိုက်နာရမည့် ကျင့်ဝတ်ထုံးတမ်းများလည်း ရှိသည်ဖြစ်ရာ ထိုကျင့်ဝတ်

ထုံးတမ်းများ၊ အထူးသဖြင့် နားထောင်တတ်သူတစ်ဦး လိုက်နာရမည့် ကျင့်ဝတ်ထုံးတမ်းများကိုလည်း ကောင်းစွာနားလည်ပြီး လိုက်နာဆောင်ရွက်တတ်ရန် အရေးကြီးပါသည်။ သို့ဖြစ်ရာ အဆိုပါ ကျွမ်းကျင်မှုများ ရရှိစေရေးအတွက် မြန်မာစာသင်ခန်းစာများ၌ အနာအကြားစွမ်းရည်နှင့် စပ်လျဉ်းသည့် သင်ယူမှုလုပ်ငန်းများကို စနစ်တကျ ထည့်သွင်းသင်ကြားပေးရန်လည်း အရေးကြီးပါသည်။

၂၀၁၉ ခုနှစ်မှ စတင်ကာ ပြဋ္ဌာန်းလိုက်သည့် အခြေခံပညာအလယ်တန်းဆင့် မြန်မာစာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်တွင် ကလေးများ၏ နားထောင်နိုင်မှုစွမ်းရည်နှင့် စပ်လျဉ်းပြီး အသံနေအသံထားများကို ခွဲခြားနားထောင်တတ်ရုံသာမက နားထောင်ရင်း မှတ်သားရမည့် အချက်များကို မှတ်သားတတ်ခြင်း၊ အနုပညာရသပေးနိုင်သည့် စကားများကိုနားထောင်ရင်း ရသခံစားတတ်ခြင်း၊ စိတ်ရှည်စွာနားထောင်တတ်ခြင်း၊ နားထောင်ရင်း စဉ်းစားတတ်ခြင်း၊ နားထောင်ရင်း အကျိုးအကြောင်းကို စောင့်ကြည့်တတ်ခြင်း စသည့် ကျွမ်းကျင်မှုများ ရရှိစေရန် မျှော်မှန်းထားပါသည်။[၆၂] တစ်ဆက်တည်းမှာပင် ပြောဆိုသူ၏ဆိုလိုရင်းကို အမြန်ဆုံးနားလည်နိုင်သောအလေ့အကျင့်များ၊ အရည်အသွေးများ ရရှိလာစေရန်လည်း မျှော်မှန်းထားပါသည်။ ထို့ပြင် နားထောင်ခြင်းကို ၂၁ ရာစုကျွမ်းကျင်မှုများအနက် တစ်ခုဖြစ်သော ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုတစ်ရပ်အဖြစ်လည်း ထည့်သွင်းထားပါသည်။[၆၃] သို့ဖြစ်ရာ အနာအကြား ကျွမ်းကျင်မှုဆိုင်ရာ သင်ယူမှုလုပ်ငန်းများကို အလယ်တန်းဆင့် မြန်မာစာ သင်ခန်းစာများတွင် မလွဲမသွေ ထည့်သွင်းသင်ကြားပေးကြရမည်ဖြစ်သည်။

အခြေခံပညာ အလယ်တန်းဆင့်တွင် အနာအကြား ကျွမ်းကျင်မှုဆိုင်ရာ သင်ခန်းစာများကို ထည့်သွင်းသင်ကြားသည့်အခါ နားထောင်တတ်သည့် အလေ့အထများကို ပုံမှန်လေ့ကျင့်သင်ကြားပေးခြင်းနှင့် အနာအကြား ကျွမ်းကျင်မှုဆိုင်ရာ သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ခြင်းဟု နှစ်မျိုးခွဲ၍ စီစဉ်ဆောင်ရွက်နိုင်ပါသည်။ နားထောင်တတ်သည့် အလေ့အထများ ဆိုသည်မှာ နေ့စဉ်စာသင်ခန်းအတွင်း သင်ယူမှုလုပ်ငန်းများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အလေ့အထများဖြစ်ပြီး အနာအကြား ကျွမ်းကျင်မှုဆိုင်ရာ သင်ယူမှုလုပ်ငန်းများမှာမူ မြန်မာစာ စာသင်ခန်းများတွင် သီးသန့်အချိန်ယူကာ အနာအကြားကို သင်ခန်းစာတစ်ခုအဖြစ်ဖြစ်စေ၊ သင်ခန်းစာတစ်ခုအတွင်းမှ သင်ယူမှုလုပ်ငန်းတစ်ခုအဖြစ်ဖြစ်စေ စနစ်တကျထည့်သွင်း သင်ကြားပေးသည့် လုပ်ငန်းဖြစ်ပါသည်။ ထိုလုပ်ငန်း နှစ်မျိုးလုံးကို လုပ်ဆောင်ပြီး ကလေးများအား ပံ့ပိုးပေးရန် လိုအပ်ပါသည်။

---

၆၂ ပညာရေးဝန်ကြီးဌာန (နေ့စွဲမပါ)။ *မြန်စာဘာသာရပ် Grade 6 to 9 သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ* ။ ပုံနှိပ်ထုတ်ဝေခြင်းမပြုသည့်မူကြမ်း။

၆၃ ပညာရေးဝန်ကြီးဌာန (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။

## နားထောင်တတ်သည့်အလေ့အထများ ပျိုးထောင်ပေးခြင်း

စိတ်ပါဝင်စားစွာ နားထောင်တတ်သည့် အလေ့အထများကို ပြုစုပျိုးထောင်ပေးရာတွင် ဆရာများ အနေဖြင့် အောက်ဖော်ပြပါ အချက်များကို အလေးထား ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

- တစ်တန်းလုံးဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆွေးနွေးမှုများ ပြုလုပ်နေစဉ်အတွင်း လေးလေးစားစားဖြင့် အာရုံစိုက်နားထောင်တတ်သူများ ဖြစ်စေရန် ရှင်းလင်းစွာ သင်ကြားပြသပေးရမည်ဖြစ်သည်။
- "အာရုံစိုက်နားထောင်ခြင်း ဆိုသည်မှာ မည်သို့ဆိုလိုသည်၊ နားထောင်ခြင်းသည် အဘယ်ကြောင့် အရေးကြီးသည်၊ နားထောင်ခြင်း ဆိုသည်မှာ စောင့်ကြည့်လေ့လာနေရုံ သက်သက် မဟုတ်ဘဲ ပါဝင်ဆောင်ရွက်ရန် ဖြစ်သည်" စသည့်အချက်များကို နားလည် သဘောပေါက်စေရန် လမ်းညွှန်ပြသသင့်ပါသည်။
- ရည်ရွယ်ချက်အမျိုးမျိုး (ဥပမာ - ပုံပြင်ဇာတ်လမ်းများကို နားထောင်ပြီး နှစ်သက် ပျော်ရွှင်မှုရရန်၊ ကဗျာ၏ ကာရန်၊ အသံများကို ရသခံစားရန်၊ အဖြစ်အပျက်များ၏ ရှေ့နောက်အစီအစဉ်များကို ချိတ်ဆက်မှတ်သားတတ်ရန်၊ သိလိုသောအချက်များကို ရယူမှတ်သား နားထောင်တတ်ရန် စသည်ဖြင့်) အတွက် နားထောင်ရသည့် အတွေ့အကြုံအမျိုးမျိုးကိုလည်း ဖန်တီးပေးသင့်ပါသည်။
- ဆရာကိုယ်တိုင်ကလည်း ကျောင်းသားများ၏ ပြောဆိုချက်များကို အာရုံစိုက် နားထောင်ပေးခြင်းဖြင့် စံနမူနာအဖြစ် ပြသပေးရမည်ဖြစ်သည်။[၉၄]

## စိတ်ပါဝင်စားမှုရှိစွာ နားထောင်တတ်ရန် သင်ကြားခြင်း

ထိရောက်မှုရှိသော နားထောင်မှု ဆိုသည်မှာ စိတ်ပါဝင်စားစွာ နားထောင်ခြင်းပင် ဖြစ်သည်။ စိတ်ပါဝင်စားစွာ နားထောင်တတ်သူများသည် ပြောဆိုသူက ပေးပို့လိုသည့် အချက်အလက် များကို ရယူရုံသက်သက်မဟုတ်ဘဲ စကားပြောသူ၏နေရာတွင် ဝင်ကြည့်ကာ ထိုသူ၏ စိတ်နေသဘောထားများနှင့် ခံစားချက်များကိုပါ နားလည်အောင် ကြိုးပမ်းခြင်း ဖြစ်သည်။ စိတ်ပါဝင်စားစွာနားထောင်ခြင်းတွင် စကားပြောသူကို အပြည့်အဝနားလည်နိုင်ရန် အာရုံစိုက် နားထောင်ခြင်း၊ စကားပြောသူနေရာမှနေ၍ နားထောင်ခြင်း၊ စကားကို အစအဆုံး နားထောင်ခြင်း၊

---

၉၄ Department of Education, Tasmanian Government, Australia (2016). Good teaching: Literacy 7 – 10. Retrieved from www.education.tas.gov.au/intranet/

ပြောသူ၏ ဆိုလိုရင်းကို အပြည့်အဝနားလည်နိုင်ရန် အားထုတ်ခြင်းစသည့် အစိတ်အပိုင်းများ ပါဝင်ပါသည်။ ယေဘုယျအားဖြင့် နားထောင်သည့် အကြောင်းအရာကိုသာမက စကားပြောသူ၏ ခံစားချက်ကိုပါ နားလည်အောင် ကြိုးစားပြီး မိမိနားလည်သဘောပေါက်သည်မှာ မှန်ကန်ကြောင်းကိုလည်း မေးခွန်းများဖြင့် အတည်ပြုကြည့်ခြင်းတို့ ပါဝင်ပါသည်။

သုတေသန တွေ့ရှိချက်များအရ စိတ်ပါဝင်စားစွာ နားထောင်တတ်သူတစ်ဦးတွင် ရှိသင့်သည့် အပြုအမူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- စကားပြောသူနှင့် မျက်လုံးချင်းဆုံခြင်း။
- နားထောင်နေကြောင်းပြသသည့် ဟန်ပန်အမူအရာများ (ဥပမာ - ခေါင်းညိတ်ပြခြင်း) နှင့် မျက်နှာအမူအရာများ ပြသခြင်း။
- စကားပြောသူ အာရုံပျက်စေမည့် အမူအရာများကိုရှောင်ခြင်း။
- စကားပြောသူကို အခါအားလျော်စွာ မေးခွန်းများမေးပေးခြင်း။
- စကားပြောသူ ပြောပြီးသည့် စကားအချို့ကို အခါအားလျော်စွာ မိမိနားလည်သလို ပြန်ပြောပေးခြင်း။
- စကားဖြတ်ပြောခြင်းကို ရှောင်ခြင်း။
- မိမိက စကားပြောရသည့် အလှည့်ဖြစ်ပါက အလွန်အကျွံ ရှည်ရှည်ဝေးဝေးမပြောခြင်း။
- စကားဝိုင်းတွင် ပြောဆိုခြင်းဖြစ်ပါက ပြောရမည့်အလှည့်၊ နားထောင်ရမည့်အလှည့် တို့ကို စနစ်တကျ ပြောင်းတတ်ခြင်း။

အထက်တွင် ဖော်ပြခဲ့သည့် အလေ့အထများကို နေ့စဉ်ပုံမှန်လုပ်ဆောင်နေသော သင်ကြား သင်ယူရေး လုပ်ငန်းများအတွင်းတွင် အသားတကျ လုပ်ဆောင်နိုင်သည့် အလေ့အထများ အဖြစ် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။

## စိတ်ပါဝင်စားစွာ နားထောင်ခြင်းကို သရုပ်ဆောင်နည်းဖြင့် လေ့ကျင့်ခြင်း[၈]

စိတ်ပါဝင်စားစွာ နားထောင်ခြင်းကို သီးခြားလေ့ကျင့်သင်ကြားပေးရန် လိုအပ်သည်ဟု ယူဆပါက ကလေးများကို သရုပ်ဆောင်သင်ယူနည်းဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။ မြန်မာစာ သင်ခန်းစာများတွင် ကလေးများက ပြောဆိုတင်ပြရမည့် အကြောင်းအရာများ ပေါ်လာပါက စိတ်ပါဝင်စားစွာ နားထောင်ခြင်းကို သင်ယူမှုလုပ်ငန်းတစ်ခုအဖြစ် ချိတ်ဆက်လျက် ထည့်သွင်းအသုံးပြုနိုင်ပါသည်။ ကလေး (၃) ဦးစီပါသော အုပ်စုများဖွဲ့ကာ လုပ်ဆောင်ရပါမည်။ ကလေးများကို စိတ်ပါဝင်စားစွာနားထောင်သူ၊ စကားပြောသူနှင့် စောင့်ကြည့်လေ့လာသူဟု တာဝန်ခွဲဝေရမည်ဖြစ်သည်။

**စကားပြောသူ** အနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်ရပါမည်။

- နားထောင်သူကို စကားစတင်ပြောပါစေ။
- ထို့နောက်မှ သင်ပြောလိုသည့်အကြောင်းကို စတင်ပြောပြပါ။
- စကားကို အပြန်အလှန်သဘောရှိအောင်လည်း ပြောပြပါ။
- မေးခွန်းမေးလာပါက အပြည့်အစုံဖြေကြားပါ။

**စိတ်ပါဝင်စားစွာ နားထောင်သူ** အနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်ရပါမည်။

- စကားကို စပြောပါ။ (ပြောသူက စကားစပြောနိုင်ရန် လမ်းကြောင်းဖွင့်ပေးသည့်အနေဖြင့်) စကားပြောကို စဉ်ဆက်မပြတ်ဖြစ်နေစေရန် ပြောသူ၏နောက်ကို လိုက်ပြီး နားထောင်နေကြောင်း ပြသပါ။
- လိုအပ်ပါက မေးခွန်းမေးခြင်း၊ မှတ်ချက်ပေးခြင်း ပြုလုပ်ပါ။
- စကားပြောသူကို စကားဖြင့်ဖြစ်စေ၊ ဟန်ပန်အမူအရာဖြင့်ဖြစ်စေ တုံ့ပြန်မှုပေးပါ။

**စောင့်ကြည့်လေ့လာသူ** အနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်ရပါမည်။

- နှစ်ယောက်လုံး၏ အမူအရာများကို ကြည့်ရှုပြီး နားထောင်ပါ။ အောက်ပါအချက်များကို ကြည့်ရှုလေ့လာပါ။

[၈] Madden, C. G., & Rohlck, T. N. (2006). *Discussion interaction in the academic community*. Ann Arbor: The University of Michigan Press.

- နားထောင်သူသည် စိတ်ပါဝင်စားစွာ နားထောင်ပါသလား။
- နားထောင်သူက မည်သို့သောအမူအရာများ ပြသသနည်း။
- မည်သူက စကားအများဆုံး ပြောသနည်း။

- ထို့နောက် ၎င်းတို့နှစ်ဦးလုံးအား မှတ်ချက်၊ အကြံပြုချက် တုံ့ပြန်ပေးပါ။
- အလားတူလုပ်ငန်းကို နောက်တစ်ကြိမ်ပြုလုပ်ပါက ကလေးများတာဝန်ယူ လုပ်ဆောင်ရသည့် အခန်းကဏ္ဍကို ပြောင်းလဲပေးရမည်ဖြစ်သည်။

**စာသင်ချိန် (၁)**

### သင်ယူမှုလုပ်ငန်း (၁)။ အနာအကြား (သို့မဟုတ်) နားထောင်နိုင်မှုစွမ်းရည် အကြောင်း ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော အနာအကြား (သို့မဟုတ်) နားထောင်နိုင်မှုစွမ်းရည် အကြောင်းကို တစ်တန်းလုံးနှင့် မေးမြန်း ဆွေးနွေးရန် ဖြစ်သည်။ ကျောင်းသားများသည် တစ်တန်းလုံးနှင့် မေးမြန်းဆွေးနွေးသည့် မေးခွန်းများကို ယခင်သိထားသည့် အသိပညာဗဟုသုတများနှင့် ချိတ်ဆက် ဖြေဆိုခြင်းဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ စိတ်ပါဝင်စားစွာ နားထောင်တတ်ရန် လေ့ကျင့်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော "စိတ်ပါဝင်စားစွာနားထောင်ခြင်းကို သရုပ်ဆောင်နည်းဖြင့် လေ့ကျင့်ခြင်း" လုပ်ငန်းကို ကျောင်းသားများသည် ဦးစွာလေ့လာကာ (၃) ယောက်တစ်တွဲ အတိုင်အဖောက်ညီစွာ၊ အလှည့်ပြောင်း၍ သရုပ်ဆောင်ခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၃)။ အနာအကြား စွမ်းရည်ဆိုင်ရာ သင်ယူမှုလုပ်ငန်း နမူနာများကို လေ့လာခြင်းနှင့် လက်တွေ့သရုပ်ဆောင်ပြရန် ကြိုတင်ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် အနာအကြား စွမ်းရည်ဆိုင်ရာ သင်ယူမှုလုပ်ငန်းနမူနာ (၆) ခုကို အုပ်စုလိုက်ခွဲဝေပြီး နားလည်သဘောပေါက်အောင် ဦးစွာ ဖတ်ရှုလေ့လာကြရန်နှင့် အလယ်တန်းဆင့် မြန်မာစာသင်ခန်းစာများနှင့် ချိတ်ဆက်၍ လက်တွေ့သရုပ်ဆောင်ပြသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရန်ဖြစ်သည်။ ဤလုပ်ငန်း အတွက် လိုအပ်ပါက အိမ်စာလုပ်ငန်းအနေဖြင့် လုပ်ဆောင်ကာ သင်ယူကြရန်ဖြစ်သည်။

## အလေးပေးလေ့ကျင့်သင်ကြားသည့် အနာအကြားစွမ်းရည်ဆိုင်ရာ သင်ယူမှုလုပ်ငန်းများ

အနာအကြားစွမ်းရည်သည် အခြေခံပညာအလယ်တန်းဆင့် ကလေးများအတွက် အရေးကြီးသည့် ကျွမ်းကျင်မှုတစ်ရပ်ဖြစ်ပါသည်။ ကလေးများအနေဖြင့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်များ၊ ဟောပြောပို့ချချက်များကို မကြာခဏပင် နားထောင်ရင်း လေ့လာသင်ယူ မှတ်သားကြရသည့်အတွက် ဖြစ်ပါသည်။ နားထောင်ခြင်းကို စာသင်ခန်းအတွင်း နေ့စဉ်ပုံမှန်လုပ်ဆောင်ရသည့် အလေ့အထတစ်ရပ် အနေဖြင့်သာမက အချို့သော ကျွမ်းကျင်မှုများကိုမူ သီးသန့်သင်ခန်းစာ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းများဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ သင်ကြားပေးသည့်အခါ သတ်မှတ်ပြဋ္ဌာန်းထားသည့် မြန်မာဖတ်စာအုပ်တွင် ပါဝင်သော စာသားများသာမက အခြားသင့်လျော်ရာ စာသားများကိုလည်း ရွေးချယ်အသုံးပြုကာ နားထောင်ခြင်း သင်ခန်းစာများကို စီစဉ်ဆောင်ရွက်သင့်ပါသည်။


အနာအကြားစွမ်းရည်ကို သီးသန့်အလေးပေး လေ့ကျင့်သင်ကြားသည့်အခါ အသုံးပြုနိုင်မည့် သင်ယူမှုလုပ်ငန်း နမူနာအချို့ကို အောက်တွင်ဖော်ပြထားပါသည်။[၉၆]

- **(က) နားထောင်ပြီး ပြန်ပြောခြင်း။** ။စာသားတစ်ပုဒ် ဖတ်ပြသည်ကို နားထောင်ပြီး ဆရာအား ဖြစ်စေ၊ ကလေးအချင်းချင်းဖြစ်စေ ပြန်လည်ပြောပြခိုင်းခြင်း ဖြစ်သည်။ ထိုသို့ ပြန်လည်ပြောပြစေခြင်းဖြင့် နားထောင်လိုက်ရသည့် စာသားတစ်ပုဒ်လုံးကို ခြုံငုံနားလည်ခြင်း ရှိ၊မရှိ၊ နားလည်မှု လွဲမှားသွားသောအချက်များ ရှိ၊မရှိကို သိနိုင်မည် ဖြစ်သည်။ ပြောပြီးသည့်အခါ မူရင်းစာသားကို ပြန်ကြည့်ပြီး မိမိပြောခဲ့သည်နှင့် ကိုက်ညီခြင်း ရှိ၊မရှိကိုလည်း ကလေးများဘာသာ စိစစ်နိုင်ပါသည်။
- **(ခ) အချက်အလက်များရယူရန် နားထောင်ခြင်း။** ။ဘာသာရပ်အကြောင်းအရာများကို သင်ယူမှတ်သားရန် နားထောင်သည့်အခါတွင် ကလေးများအနေဖြင့် အချက်အလက် အသေးစိတ်ကို နားလည်မှတ်သားမိရန် အရေးကြီးပါသည်။ သို့ဖြစ်ရာ အနာအကြား ကျွမ်းကျင်မှုဟုဆိုရာ၌ အသေးစိတ် အချက်အလက်များကို နားထောင်ပြီး မှတ်သား နိုင်စွမ်းသည်လည်း အရေးကြီးသည့် ကျွမ်းကျင်မှုတစ်ရပ် ဖြစ်ပါသည်။ ထိုကဲ့သို့သော ကျွမ်းကျင်မှုကို သင်ကြားပေးရာတွင် ဂရပ်ဖစ်ပုံကို အသုံးပြုပြီး မှတ်သားခြင်းနည်းကို အသုံးပြုနိုင်ပါသည်။

[၉၆] Department of Education, Tasmanian Government, Australia (2016). *Good teaching: Literacy 7 –10*. Retrieved from www.education.tas.gov.au/intranet/

ဥပမာအားဖြင့် ဆဋ္ဌမတန်းမြန်မာဖတ်စာတွင် ပါရှိသည့် "အမိတိုင်းပြည်" ကဗျာကို ဆရာက ဖတ်ပြပြီး ကလေးများအား အောက်တွင် ဖော်ပြထားသည့် ပုံကို ဖြည့်စွက်စေ နိုင်ပါသည်။ ဖြည့်ပြီးသည့်အခါ အားလုံးနှင့် ဆွေးနွေးဖလှယ်စေခြင်းဖြင့် ကဗျာပါ အကြောင်းအရာ အသေးစိတ်ကိုသာမက အချက်အလက်များ တစ်ခုနှင့်တစ်ခု အဆက်အစပ်ကိုပါ နားလည် သဘောပေါက်စေနိုင်ပါသည်။

**ပုံရိပ်** **ထွက်ကုန်** **ဆက်သွယ်ထားသည့်အရာ**




**ပုံ ၄.၂။ "အမိတိုင်းပြည်" ကဗျာမှ အချက်အလက်များ မှတ်သားခြင်း**

(ဂ) **နားထောင်ပြီး ကောက်ချက်ချခြင်း။** ။ဆရာက စာသားတစ်ပုဒ်ကို ဖတ်ပြပြီး ကလေးများကို နားထောင်စေကာ စာသားပါအချက်အလက်များကို အသုံးပြုပြီး ကောက်ချက်ချ ဖြေဆိုရသည့် မေးခွန်းများမေးခြင်းဖြစ်သည်။ ဥပမာအားဖြင့် "ပုသိမ်ထီး" သင်ခန်းစာကို ဆရာကဖတ်ပြပြီး အောက်တွင် ဖော်ပြထားသည့် မေးခွန်းများကို မေးခြင်းမျိုးဖြစ်သည် -

ဤစာရေးသူက ပုသိမ်ထီးအကြောင်းကို အဘယ်ကြောင့်ရေးသည်ဟု ထင်ပါသနည်း။

မည်သည့်အချက်များကို ကြည့်၍ ဤသို့ ထင်မြင်ရခြင်း ဖြစ်သနည်း။

(ဃ) **စကားပြောသူ၏ ရှုထောင့် (သဘောထားအမြင်) ကို နားထောင်ခြင်း။** ။ဟောပြော ပို့ချချက် (သို့မဟုတ်) တွေ့ဆုံမေးမြန်းခန်း (သို့မဟုတ်) စကားဝိုင်းတစ်ခုကို မှတ်တမ်း တင်ထားသည့် ဗီဒီယိုတစ်ခုကို ကြည့်ရှုနားထောင်ကာ ပြောသည့်အကြောင်းအရာနှင့်

စပ်လျဉ်းပြီး စကားပြောသူ၏ရှုထောင့် (သို့မဟုတ်) သဘောထားအမြင်ကို ဖော်ထုတ်ရန် ကြိုးစားခြင်းဖြစ်သည်။ ကလေးများအနေဖြင့် စကားပြောသူ၏ လေယူလေသိမ်း၊ ဟန်ပန်အမူအရာ၊ ခံစားချက်ကိုပြသည့် စကားလုံးများ၊ အကြောင်းအကျိုးဆက်စပ် ပြောကြားပုံများ စသည့် သဲလွန်စများကို အသုံးပြုကာ စကားပြောသူ၏ သဘောထား အမြင်ကို မှန်းဆကြည့်ခြင်းဖြစ်သည်။ တစ်ဦးစီက ဖော်ထုတ်ပြီးသည့်အခါ အများနှင့် ဝိုင်း၍သော်လည်းကောင်း၊ အုပ်စုအလိုက်သော်လည်းကောင်း မိမိတို့၏ မှန်းဆချက်များကို ဖလှယ်ဆွေးနွေးစေနိုင်ပါသည်။

**(င) ဖြတ်ဆက်နားထောင်ခြင်း။** ။စာသားတစ်ပုဒ် (သို့မဟုတ်) ဇာတ်လမ်းတစ်ပုဒ်ကို ဖြတ်ဆက်နည်းဖြင့် အုပ်စုအလိုက် ဖတ်သကဲ့သို့ပင် နားထောင်သည့်အခါတွင်လည်း အုပ်စုလိုက်ခွဲကာ အပိုင်းတစ်ခုစီဖြတ်ပြီး နားထောင်ရသည့်နည်းဖြစ်သည်။[၉၇] အပိုင်း တစ်ပိုင်းစီကို နားထောင်ပြီးသည့်သူ တစ်ဦးစီပါဝင်သည့် အုပ်စုကြီးကိုပြန်ဖွဲ့ကာ စာသားတစ်ပုဒ်လုံး (သို့မဟုတ်) ဇာတ်လမ်းတစ်ပုဒ်လုံးကို ပြန်လည်စုစည်းရသည့် လုပ်ငန်းဖြစ်သည်။ နားထောင်ခြင်းအပြင် ပြန်လည်ဆွေးနွေးခြင်းလည်း ပါဝင်သဖြင့် ထိရောက်သည့် သင်ယူမှုလုပ်ငန်းတစ်ခု ဖြစ်နိုင်ပါသည်။ ဥပမာ - "သရဲခြောက်သည် ဆိုသောအိမ်ကြီး" ကဲ့သို့သော သင်ခန်းစာမျိုးကို ကြိုတင် အသံသွင်းထားပြီး၊ အပိုင်း တစ်ပိုင်းစီ ဖြတ်ထားကာ ကလေးများကို အုပ်စုလိုက်ခွဲ၍ နားထောင်ခိုင်းနိုင်ပါသည်။ နားထောင်ပြီးသည့်အခါ အုပ်စုပြန်ဖွဲ့ပြီး စာတစ်ပုဒ်လုံးတွင် ပါဝင်သောအချက်များကို ပြန်လည်စုစည်းစေကာ ပြန်ပြောခိုင်းနိုင်ပါသည်။ သို့ရာတွင် အုပ်စုခွဲကာတစ်ပြိုင်တည်း နားထောင်ရမည်ဖြစ်သဖြင့် အသံသွင်းစက် ကဲ့သို့သော ကိရိယာလိုအပ်ပါသည်။ ယခုအခါ မိုဘိုင်းဖုန်းကဲ့သို့သော အသံသွင်းနိုင်၊ ပြန်နားထောင်နိုင်သည့် အီလက်ထရောနစ် ကိရိယာများ အလွယ်တကူရနိုင်ပြီဖြစ်သဖြင့် ဤကဲ့သို့သော လုပ်ငန်းမျိုးကို လုပ်ဆောင်ရန် မခဲယဉ်းတော့ဟု ယူဆပါသည်။ သို့ရာတွင် အုပ်စုများက တစ်ပြိုင်နက်တည်း နားထောင်ခြင်းဖြစ်သဖြင့် အသံများ ဆူညံမနေစေရန်ကိုမူ သတိပြုစီစဉ်ရမည် ဖြစ်သည်။

**(စ) နားထောင်ရင်းလိုက်မှတ်ခြင်း။** ။ပုံစံ နှစ်မျိုးဖြင့် လုပ်ဆောင်နိုင်ပါသည် -

**(၁) အဓိကစကားလုံးများကို မှတ်သားခြင်း။** ။ဆရာက မတိုလွန်း၊ မရှည်လွန်းသော စာတစ်ပုဒ်ကို ပုံမှန်စာဖတ်နှုန်းဖြင့် ပထမတစ်ကြိမ် ဖတ်ပြသည်။ ထို့နောက် ဒုတိယ အကြိမ် ဖတ်ပြသည်။ ဒုတိယအကြိမ်တွင်မူ ဝါကျအဆုံးများတွင် ခေတ္တမျှရပ်သည်။ ထိုအချိန်တွင် ကျောင်းသားများအား ၎င်းတို့ ကြားလိုက် သည့် အဓိကစကားလုံးများ၊ စကားစုများကို ချရေးစေပါသည်။ ဝါကျအစအဆုံးမရေးရန် ကလေးများအား

[၉၇] Ur, P. (1984). *Teaching listening comprehension*. Cambridge: Cambridge University Press.

သတိပေးရပါမည်။ ဒုတိယအကြိမ် ဖတ်ပြီးသောအခါ ကလေးများကို နှစ်ယောက်တစ်တွဲသော်လည်းကောင်း၊ အုပ်စုငယ်ဖွဲ့၍သော်လည်းကောင်း စုစည်းစေပြီး ၎င်းတို့ ရေးမှတ်ထားသည်များကို ပေါင်းစပ်ဆွေးနွေးကာ နားထောင်လိုက်ရသည့် အကြောင်းအရာ (သို့မဟုတ်) ဇာတ်လမ်းကို မိမိတို့၏စကားဖြင့် ပြန်ရေးခိုင်းခြင်း (သို့မဟုတ်) ပြောခိုင်းခြင်း ပြုလုပ်နိုင်ပါသည်။

(၂) **မှတ်စုရေးခြင်း**။ ။မှတ်စုရေးခြင်း (သို့မဟုတ်) မှတ်စုလိုက်ခြင်းသည် သင်ယူမှုအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုတစ်ရပ် ဖြစ်ပါသည်။ သို့ရာတွင် မှတ်စုရေးနည်းကို သီးသန့်သင်ကြားပေးလေ့မရှိကြပါ။ မှတ်စုရေးခြင်းကို နားထောင်နေစဉ်တွင် လည်းကောင်း၊ စာဖတ်နေစဉ်တွင် လည်းကောင်း ပြုလုပ်နိုင်ရန် စနစ်တကျလေ့ကျင့် သင်ကြားပေးသင့်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် အဓိကစကားလုံးများ၊ စကားစုများကို ချရေးခြင်းမျိုးသည် မှတ်စုရေးခြင်း၏ အခြေခံကို လေ့ကျင့်ပေးခြင်းဟုလည်း ခေါ်နိုင်ပါသည်။ မှတ်စုရေးနည်း အမျိုးမျိုး ရှိပါသည်။ အောက်တွင် ဖော်ပြထားသည့် ပုံစံသည် ယေဘုယျအားဖြင့် အသုံးများသည့် ပုံစံတစ်ခုဖြစ်ပါသည်။ ထိုပုံစံကို အသုံးပြုကာ ကလေးများကို လေ့ကျင့်ပေးနိုင်ပါသည်။

ဆရာက စာသားတစ်ပုဒ်ကို ပုံမှန်နှုန်းဖြင့်ဖတ်ပြခြင်း (သို့မဟုတ်) စကားပြောဟန်ဖြင့် ပြောပြခြင်းပြုလုပ်ပါသည်။ ဖတ်ပြသည့်စာသားမှာ ဖတ်စာအုပ်မှ စာသားဖြစ်ရန် မလိုပါ။ ကလေးများ၏အဆင့်နှင့် လိုက်လျောညီထွေရှိသော စာသားဖြစ်လျှင် အသုံးပြုနိုင်ပါသည်။ ကလေးများက နားထောင်ရင်း အောက်တွင် ဖော်ပြထားသည့် ပုံစံကိုအသုံးပြုကာ အရေးကြီးသည့် အချက်များကို မှတ်သားခြင်းဖြစ်သည်။ ဖတ်ပြပြီးသည့်အခါ ကလေးများအချင်းချင်း မိမိတို့ မှတ်သားထားသည်များကို အတွဲလိုက်သော်လည်းကောင်း၊ အုပ်စုအလိုက်သော်လည်းကောင်း၊ တစ်တန်းလုံးနှင့် ဝိုင်းဝန်း၍သော်လည်းကောင်း ဆွေးနွေးဖလှယ်နိုင်ပါသည်။ ထိုသို့လုပ်ဆောင်ပေးခြင်းဖြင့် နားထောင်ပြီး မှတ်စုရေးခြင်းကို ပိုမိုကျွမ်းကျင်စေနိုင်မည်ဖြစ်သည်။

**ဇယား ၄.၁။ မှတ်စုရေးခြင်း (သို့မဟုတ်) မှတ်စုလိုက်ခြင်းပုံစံ**

| ခေါင်းစဉ် | |
|---|---|
| အဓိက<br>စကားလုံးများ | • အဓိကအချက်<br>ပံ့ပိုးသည့်အသေးစိတ်အချက်များ<br>• အဓိကအချက်<br>ပံ့ပိုးသည့်အသေးစိတ်အချက်များ<br>• အဓိကအချက်<br>ပံ့ပိုးသည့်အသေးစိတ်အချက်များ |
| အနှစ်ချုပ် | |
| မေးခွန်းများ၊ သုံးသပ်ချက်များ၊ မှတ်ချက်များ | |

အနာအကြား(သို့မဟုတ်) နားထောင်ခြင်းနှင့်ဆိုင်သော အလေ့အထများနှင့် ကျွမ်းကျင်မှုများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးရေးသည် အခြေခံပညာ အလယ်တန်းဆင့်သင် မြန်မာစာ ဆရာများအတွက် အထူးအရေးကြီးပါသည်။ ထိုအလေ့အထများနှင့် ကျွမ်းကျင်မှုများသည် မြန်မာစာဘာသာရပ်ကို သင်ယူရေးအတွက်သာမက အခြားသော ဘာသာရပ်များကို သင်ယူရေး နှင့် ဘဝတစ်သက်တာ ဆက်လက်သင်ယူရေးအတွက်ပါ မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုများ ဖြစ်နေသည့်အတွက် ဖြစ်ပါသည်။ ထို့ပြင် မြန်မာဘာသာစကားကို ကျောင်းသို့ရောက်မှ သင်ယူတတ်မြောက်ကြရသော ကလေးများအတွက်လည်း အထူးအာရုံစိုက် လုပ်ဆောင်ပေးရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အဆိုပါကလေးများအနေဖြင့် မူလတန်းတွင် သင်ယူခဲ့သည့် အခြေခံစွမ်းရည်များကို အလယ်တန်းဆင့်တွင် ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ရန် လိုအပ်သေးသည့် အတွက်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဆရာများအနေဖြင့် နားထောင်တတ်သည့် အလေ့အထများကို ပုံမှန်လေ့ကျင့်သင်ကြားပေးခြင်းနှင့် အနာအကြား ကျွမ်းကျင်မှုကို သီးသန့် အလေးပေး လေ့ကျင့်သင်ကြားသည့် သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ခြင်း နှစ်ရပ်လုံးကို စနစ်တကျလုပ်ဆောင်ရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၄)။ ကျောင်းသားများကိုယ်တိုင် လက်တွေ့သရုပ်ဆောင်ပြခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ပထမစာသင်ချိန်၊ လုပ်ငန်း (၃) တွင် ကျောင်းသားများ အဖွဲ့လိုက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားသည့် အနာအကြားဆိုင်ရာ လုပ်ငန်းများကို ယခုစာသင်ချိန်တွင် အလှည့်ကျ လက်တွေ့သရုပ်ဆောင်ကြရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျောင်းသားများသည် အနာအကြားစွမ်းရည် ဖွံ့ဖြိုးစေရန် သီးသန့်အသုံးပြုနိုင်သည့် သင်ယူမှုလုပ်ငန်းများကို ကိုယ်တိုင်သရုပ်ဆောင်ပြရုံသာမက အခြားသူများ သရုပ်ဆောင် ပြသသည်ကိုလည်း ကြည့်ရှုလေ့လာခြင်းတို့ဖြင့် သင်ယူကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၅)။ သင်ခန်းစာကို အနှစ်ချုပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အနာအကြားစွမ်းရည်များ ဖွံ့ဖြိုးရန် သီးသန့် အလေးပေးသင်ကြားရာတွင် အသုံးပြုနိုင်သည့် သင်ယူမှုလုပ်ငန်း နမူနာများနှင့် စပ်လျဉ်း၍ ကျောင်းသားများ သင်ယူရရှိသည့် အချက်များကို မေးမြန်းစုစည်းကာ သင်ခန်းစာအနှစ်ချုပ်ရန် ဖြစ်သည်။

# ၄.၂.၂ | အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးရန် သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အလယ်တန်းဆင့် ကလေးများ၏ အပြောအဆိုဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ကြားနည်းများကို ဖော်ထုတ်တတ်မည်။

အနာအကြား စွမ်းရည်ကဲ့သို့ပင် အပြောအဆို စွမ်းရည်ကိုလည်း ကလေးများအနေဖြင့် ကျောင်းသို့မရောက်မီကတည်းက သင်ယူတတ်မြောက်ပြီးဖြစ်သည်ဟု ယူဆကာ အထူးအလေးပေး သင်ကြားလေ့မရှိကြပါ။ သို့ရာတွင် အပြောစွမ်းရည်ဟူသည် နေ့စဉ်သုံးစကားပြောနှင့် မတူသော စာသင်ခန်းအတွင်း ပညာသင်ယူရာတွင် အသုံးပြုသည့် စွမ်းရည် ဖြစ်ပေရာ အဆိုပါစွမ်းရည် ဖွံ့ဖြိုးရေးအတွက်ကိုမူ အထူးအလေးပေးလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုစွမ်းရည်သည် အနာအကြား စွမ်းရည်ကဲ့သို့ပင် ပညာဆက်လက် သင်ယူရေး၊ နောင်အချိန်တွင် လုပ်ငန်းခွင်၌ ရပ်တည်လုပ်ဆောင်နိုင်ရေး၊ မိမိဘဝတိုးတက်ရေးတို့အတွက် မရှိမဖြစ်အရေးပါသည့် စွမ်းရည် တစ်ရပ်လည်း ဖြစ်ပါသည်။

အခြေခံပညာအလယ်တန်းဆင့် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင် အပြောအဆို စွမ်းရည်နှင့် စပ်လျဉ်း၍ မှန်ကန်ထိရောက်သော ပြောဆိုမှုနှင့် ရေးသားနိုင်မှုစွမ်းရည်ဟူသော နယ်ပယ်၌ ထိရောက်ထက်မြက်သော စကားလုံးအသုံးအနှုန်းများ သုံးနှုန်းပြောဆိုတတ်ခြင်း၊ ကိုယ်ပိုင်ဖန်တီး ပြောဆိုနိုင်ခြင်း၊ မေးခွန်းထုတ်နိုင်ခြင်း၊ ဆွေးနွေးနိုင်ခြင်း၊ သဘာဝကျစွာ အကျိုးအကြောင်း ခိုင်မာစွာ စဉ်းစားပြောဆိုတတ်လာခြင်း၊ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောတတ်လာခြင်း၊ ဆွေးနွေးဝိုင်းများတွင် ဝင်ရောက်ပြောဆိုရဲသည့် စွမ်းရည်ရှိလာခြင်း၊ ယဉ်ကျေးစွာ၊ အဆင့်မြင့်စွာ ပြောဆိုနိုင်စွမ်းရှိလာခြင်း စသည်တို့ကို သင်ယူမှုရလဒ်များအဖြစ် မျှော်မှန်းကာ ထည့်သွင်းထား ပါသည်။ ထို့ပြင် စကားပြောခြင်းကို ၂၁ ရာစုကျွမ်းကျင်မှုများအနက် တစ်ခုဖြစ်သော ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုတစ်ရပ်အဖြစ်လည်း ထည့်သွင်းထားပါသည်။[၉၈] သို့ဖြစ်ရာ မြန်မာစာ သင်ခန်းစာများကို စီစဉ်ဆောင်ရွက်သည့်အခါ အဆိုပါ အပြောအဆိုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းလုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

---

[၉၈] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။

အခြေခံပညာအလယ်တန်းဆင့် ကလေးများအတွက် အပြောစွမ်းရည်ဖွံ့ဖြိုးရေးကို လေ့ကျင့်ပျိုးထောင်ပေးသည့်အခါ အနာအကြား စွမ်းရည်မှာကဲ့သို့ပင် စာသင်ခန်းအတွင်း စကားပြောသည့် အလေ့အထများကို ပုံမှန်ပျိုးထောင်ပေးခြင်းနှင့် အပြောစွမ်းရည်ဆိုင်ရာ သီးသန့်လုပ်ငန်းများဖြင့် သင်ကြားလေ့ကျင့်ပေးခြင်းဟု နှစ်မျိုးခွဲနိုင်ပါသည်။

## စာသင်ခန်းတွင် စကားပြောသည့်အလေ့အထများကို ပုံမှန်လေ့ကျင့် ပျိုးထောင်ပေးခြင်း

အနာအကြားနှင့် အပြောအဆို ဆိုသည်မှာ လူတိုင်း နိစ္စဓူဝ နေ့စဉ်လုပ်ဆောင်နေရသည့် အလုပ်များဖြစ်သည့်အလျောက် ကလေးများအနေဖြင့်လည်း စာသင်ခန်းအတွင်းတွင် နေ့စဉ်လုပ်ဆောင်နေရသည့် အလုပ်များဖြစ်ပါသည်။ အချို့သော အပြောအဆိုဆိုင်ရာ ကျွမ်းကျင်မှုများသည် သီးခြားသင်ခန်းစာတစ်ခုဖြင့် သင်ကြားရန်မလိုအပ်ဘဲ မည်သည့် သင်ခန်းစာတွင်မဆို အလိုအလျောက်ပါဝင်ပြီး ဖြစ်နေနိုင်ပါသည်။ အထူးသဖြင့် အချင်းချင်းအပြန်အလှန် အတွဲ့အလှယ် ပြောဆိုဆက်သွယ်ခြင်းနှင့်ဆိုင်သော စွမ်းရည်များကို မည်သည့်သင်ခန်းစာတွင်မဆို ကျောင်းသားများ ကျွမ်းကျင်သည်ထက် ပိုမိုကျွမ်းကျင်လာစေရန် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးသည့်သဘောဖြင့် စီစဉ်ဆောင်ရွက်နိုင်ပါသည်။ သင်ယူမှုတိုင်းသည် လူမှုရေးအရ တွဲ့လှယ်မှုသဘော ပါဝင်ပါသည်။ ကလေးများအချင်းချင်း အပြန်အလှန် ပြောဆိုဆွေးနွေးခြင်း၊ ဆရာနှင့် ကလေး အပြန်အလှန် ပြောဆိုဆွေးနွေးခြင်း စသည်တို့သည် ဘာသာရပ်အကြောင်းအရာ သင်ယူမှုကို အထောက်အကူပြုသည်သာမက ကလေးများ၏ အပြောစွမ်းရည် ဖွံ့ဖြိုးမှုအတွက်ပါ များစွာပံ့ပိုးပေးနိုင်ပါသည်။ သို့ဖြစ်ရာ ကလေးများအတွက် စာသင်ခန်းအတွင်း စကားပြောသည့်အလေ့အထများကို ပုံမှန်ပျိုးထောင်ပေးခြင်း လုပ်ငန်းများကို ဂရုတစိုက် လုပ်ဆောင်ပေးသင့်ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် အောက်ဖော်ပြပါ နည်းလမ်းများကို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ပါသည်။

**(က) အပြန်အလှန်ပြောဆိုခြင်းနည်းဖြင့် သင်ကြားခြင်း။** ။သမားရိုးကျ စာသင်ခန်းများတွင် အများအားဖြင့် “ဆရာကမေး၊ ကလေးကဖြေ၊ ထို့နောက် ဆရာက တုံ့ပြန်အကြံပေး” ဟူသောပုံစံဖြင့် သင်ကြားပေးလေ့ရှိကြပါသည်။ ထိုနည်းသည် ကလေးများ၏ အပြောအဆိုစွမ်းရည်ကို ဖွံ့ဖြိုးစေရန် အထောက်အကူဖြစ်စေသည့် နည်းမဟုတ်ပါ။ ကလေးအချင်းအချင်းဖြစ်စေ၊ ဆရာနှင့် ကလေးဖြစ်စေ အပြန်အလှန် ပြောဆိုဆွေးနွေးရသည့် နည်းလမ်းကသာ ကလေးများ၏အပြောစွမ်းရည် ဖွံ့ဖြိုးမှုကို တိုးတက်စေနိုင်ပါသည်။ ဤနည်းလမ်းက ကလေးများကို စကားပြောဖော်ပြောဖက်များအဖြစ် အသိအမှတ်ပြုကာ ပါဝင်ပြောဆိုရန် အခွင့်အလမ်းများပေးသောကြောင့် ဖြစ်ပါသည်။ ဤနည်းလမ်းတွင် အောက်ပါအခြင်းအရာများကို တွေ့ရမည်ဖြစ်သည်။

- အပြန်အလှန် အတုံ့အလှယ်ပြုခြင်းသည် ကလေးများကို ရှုထောင့်အမျိုးမျိုးမှ စဉ်းစားရန် အားပေးပါသည်။
- စကားပြောရာတွင် အဖွင့်မေးခွန်းများပါဝင်သဖြင့် မှတ်မိသည်ကို ဖြေရခြင်းမျိုး မဟုတ်ဘဲ စဉ်းစားတွေးတောပြီး အဖြေအမျိုးမျိုးပေးရပါသည်။
- အဖြေတစ်ခုပေးပြီးသည်နှင့် ပြီးသွားခြင်းမျိုးမဟုတ်ဘဲ ထိုအဖြေပေါ်မှာပင် ထပ်ဆင့်ချဲ့ထွင်ဆွေးနွေးခြင်း၊ နောက်ဆက်တွဲမေးခွန်းမေးခြင်း၊ အထောက်အထား ဖြည့်စွက်ခြင်း စသည်တို့ဖြင့် ထပ်မံပွားနိုင်ပါသည်။
- မိမိပြောသည့်အချက်တစ်ခုအပေါ်တွင် နားထောင်သူများက သဘောတူ/မတူ ပြသခြင်း၊ ထပ်မံဖြည့်စွက်ခြင်း (သို့မဟုတ်) ငြင်းချက်ထုတ်ခြင်း စသည့်နည်းများဖြင့် ပြန်လည်တုံ့ပြန်မှုပြုသည့်အတွက် ကလေးများအနေဖြင့် ပိုမိုစဉ်းစားကြရပါသည်။
- သင်ယူမှုလုပ်ငန်းတွင် ကလေးများ တက်ကြွစွာ ပါဝင်သင်ယူစေရေးအတွက် ကြိုတင်ပြင်ဆင်မှု ကောင်းစွာပြုလုပ်ရန်လိုအပ်ပြီး ပြင်ဆင်မှုကောင်းပါက ကလေးများအားလုံး ပါဝင်ပြောဆိုခွင့်ရသည့်အတွက် အောင်မြင်မှုရှိသည်ဟူသောစိတ်၊ နှစ်သက်ကျေနပ် အားရသည့်စိတ် ဖြစ်ပေါ်နိုင်ပါသည်။
- ထိုသို့ပြင်ဆင်သည့်အခါ ကလေးများအနေဖြင့် စိတ်လုံခြုံမှုရှိသည်ဟု ခံစားရသည့် နွေးထွေးသော စာသင်ခန်းဝန်းကျင်အဖြစ် ဖန်တီးပေးရမည်ဖြစ်သည်။

ဤနည်းဖြင့် ကလေးများကို ပံ့ပိုးပေးလျှင် ဆရာက ဟောပြောပို့ချနေခြင်းသက်သက် မဟုတ်သည့်အတွက် ကလေးကိုယ်တိုင်စဉ်းစားခြင်း၊ အပြန်အလှန် ဆက်သွယ်ပြောဆိုခြင်း၊ ဆွေးနွေးခြင်း စသည့် လုပ်ဆောင်မှုများကြောင့် ကလေးများအဖို့ နက်နဲစွာသင်ယူနိုင်စွမ်း (Deep learning) ကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်သည်။

**(ခ) ပညာရပ်စကားဝိုင်း။** ။အခြေခံပညာ အလယ်တန်းဆင့် ကလေးများအတွက် ဘာသာရပ် တစ်ခုခုမှ အကြောင်းအရာခေါင်းစဉ်တစ်ခုခုကို ဗဟိုပြုပြီး "ပညာရပ်စကားဝိုင်း" အသွင်ဖြင့် ပြောဆိုဆွေးနွေးရသည့် သင်ယူမှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်သင့်ပါသည်။

ယခုအခါ ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုများတွင် ကျောင်းသားများ ပါဝင်ဆွေးနွေးစေရန် အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြပါသည်။ ဤအလေ့အထများသည် ကလေးများ၏ ရှေ့ဆက်ပညာသင်ယူမှုအတွက် အရေးပါသည့် အလေ့အထများ ဖြစ်သောကြောင့် ဆောင်ရွက်လာကြခြင်းဖြစ်ပါသည်။ အခြားဘာသာရပ်သင်

ဆရာများနှင့် ချိတ်ဆက်လျက် ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ကြသည့်အခါ အောက်တွင် ဖော်ပြထားသည့်အချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်ပါမည်။

- စကားဝိုင်းသို့ လာရောက်သူတိုင်း အာရုံစိုက်နားထောင်ကြပြီး တက်ကြွစွာပါဝင် ဆွေးနွေးကြသည့် အပြန်အလှန် လေးစားမှုရှိသော သင်ယူမှုအသိုက်အဝန်း ဖြစ်စေရမည်။
- ကလေးများ ပါဝင်ဆွေးနွေးနိုင်အောင် လုံလောက်သည့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။
- ဖတ်စာအုပ်ပါ သင်ခန်းစာတစ်ခုခု (သို့မဟုတ်) ပြင်ပမှ ဆီလျော်သည့် ဆောင်းပါး တစ်ပုဒ် (သို့မဟုတ်) စာတမ်းတစ်စောင်ကို ရင်းမြစ်အထောက်အထားတစ်ရပ် အနေဖြင့် အခြေပြုကာ ခေါင်းစဉ်ကို သတ်မှတ်သင့်သည်။
- ကျောင်းသားများသည် အဓိကပါဝင်ဆွေးနွေးသူများ ဖြစ်သောကြောင့် ပြဿနာ တစ်ရပ်၊ ကိစ္စတစ်ရပ်ကို ကောင်းစွာနားလည်အောင် အချင်းချင်းညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း ပြုလုပ်ရမည်။
- ဆွေးနွေးမှုများသည် လိုရင်းတိုရှင်း ဖြစ်ရပါမည်။
- ဆရာသည် လှုံ့ဆော်တိုက်တွန်းခြင်း၊ လိုအပ်သည့်နေရာများတွင် မေးခွန်းမေးခြင်း၊ စကားအသုံးအနှုန်းများတွင် လမ်းညွှန်ပေးခြင်း၊ ကလေးများပြောသည်ကို စုစည်း အနှစ်ချုပ်ပေးခြင်း စသည့်နည်းလမ်းများဖြင့် ပံ့ပိုးပေးရုံသာပါဝင်ရမည်။

**(ဂ) ပူးပေါင်းလုပ်ဆောင်သင်ယူခြင်း။** ။ဖြတ်ဆက်နည်း၊ ပြဿနာဖြေရှင်းခြင်းနည်း စသည့် ပူးပေါင်းလုပ်ဆောင်ရင်း သင်ယူသည့် နည်းလမ်းများသည်လည်း ကလေးများ အပြန်အလှန် ပြောဆိုလုပ်ကိုင်ရသည့်အတွက် အပြောဘာသာစကားဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုပါသည်။ သို့ဖြစ်ရာ နေ့စဉ်သင်ခန်းစာများတွင် ဤကဲ့သို့သော နည်းလမ်းများကို အသုံးပြုပေးခြင်းဖြင့် ကလေးများ၏ အပြောအဆို စွမ်းရည် ဖွံ့ဖြိုးမှုကို တိုးတက်စေနိုင်မည်ဖြစ်သည်။

**(ဃ) ငြိမ်းဆင်ပေးခြင်း။** ။အခြားကလေးများနှင့် နှိုင်းယှဉ်လျှင် စကားပြောရာ၌ နှေးသူများ၊ အေးသူများ၊ အထူးသဖြင့် မြန်မာစကားကို ကျောင်းသို့ရောက်မှ စတင်သင်ယူရသည့် ကလေးများအတွက်ကိုမူ ဆရာများက အထူးအလေးပေး ပံ့ပိုးသင့်ပါသည်။ ထိုကဲ့သို့သော ကလေးများနှင့် စကားပြောသည့်အခါ ကလေးများ၏ ပြောဆိုချက် အပေါ် ဆရာက ချဲ့ထွင်ပြောပြပေးခြင်း ပြုလုပ်သင့်ပါသည်။ အထူးသဖြင့်

နေ့စဉ်သုံးစကားပြောဖြင့် ပြောသည့်အဆင့်မှ ဘာသာရပ်၊ ပညာရပ် သင်ယူရာတွင် အသုံးပြုသည့် စကားပြောအဆင့်သို့ ကူးပြောင်းနိုင်ရန် အထူးပံ့ပိုးပေးသင့်ပါသည်။ ထိုကလေးများအား အဖွင့်မေးခွန်းများကို တစ်ဆင့်ပြီးတစ်ဆင့်မေးကာ ဖြေဆိုစေခြင်း၊ ပညာရပ်ဝေါဟာရများကို ရှင်းပြခြင်း၊ ထိုဝေါဟာရများကို ထပ်ကာထပ်ကာ အသုံးပြုပြခြင်းစသည့် နည်းလမ်းများဖြင့် ပံ့ပိုးပေးရပါမည်။

(င) **ကလေးများပါဝင်စေရန် ပံ့ပိုးခြင်း။** ။ကလေးများကို အပြန်အလှန်အတုံ့အလှယ်ပြုကာ ပြောဆိုဆွေးနွေးပြီး သင်ယူစေသည့် နည်းလမ်းများသည် မြန်မာစာ စာသင်ခန်းများတွင် အသစ်အဆန်းသဖွယ် ဖြစ်နေနိုင်ပါသည်။ သို့ဖြစ်ရာ ကလေးများက အလိုအလျောက် တက်ကြွစွာပါဝင်ကြမည်ဟု ယူဆထား၍မရနိုင်ပါ။ ကလေးများ ပါဝင်ပြောဆိုလုပ်ကိုင်လာစေရန် ဆရာကနည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးပေးရပါမည်။ ကလေးအချင်းချင်း၊ ဆရာနှင့် ကလေးများအကြား ရင်းနှီးနွေးထွေးပြီး စိတ်လုံခြုံမှုရှိသည့် စာသင်ခန်းပတ်ဝန်းကျင်ကို ဖန်တီးပေးရန် လိုအပ်ပါသည်။ ချက်ချင်းဖြေဆိုစေခြင်းထက် ကလေးများတုံ့ပြန်ပြောဆိုနိုင်ရန် အချိန်ပေးပြီး စောင့်ခြင်း၊ အနီးအနားမှ သူငယ်ချင်းနှင့် တိုင်ပင်ခွင့်ပြုခြင်း၊ သွက်လက်သည့် ကလေးများကသာ တစ်ချိန်လုံးဖြေဆို / ပြောဆိုနေခြင်းမျိုး မဖြစ်စေဘဲ အခြားသော ကလေးများကို ပြောဆိုလာစေရန် အားပေးခြင်းစသည့် နည်းလမ်းများဖြင့် ပံ့ပိုးလုပ်ဆောင်သင့်ပါသည်။ သို့မှသာ ကလေးတိုင်း ပါဝင်ပြောဆိုကာ အပြောအဆိုဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးနိုင်မည် ဖြစ်ပေသည်။

**စာသင်ချိန် (၁)**

## သင်ယူမှုလုပ်ငန်း (၁)။ အပြောအဆိုဆိုင်ရာစွမ်းရည်၏ အရေးပါပုံကို နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဤကျောင်းသားကိုင်စာအုပ်၊ သင်ခန်းစာ (၄.၂.၂) “အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးရန် သင်ကြားခြင်း” ခေါင်းစဉ်အောက်မှ စာပိုဒ်နှစ်ပိုဒ်ကို ကျောင်းသားတစ်ဦးချင်း လေ့လာဖတ်ရှုရန်နှင့် အဆိုပါစာပိုဒ်ပါ အကြောင်းအရာကို အခြေခံကာ “အပြောအဆိုဆိုင်ရာ စွမ်းရည်၏ အရေးပါမှု” ကို စဉ်းစားဖော်ထုတ်ကြရန် ဖြစ်သည်။ တစ်နည်းအားဖြင့် သင်ခန်းစာ နိဒါန်းပျိုးရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ အပြောအဆိုစွမ်းရည်ဖွံ့ဖြိုးရန် ပုံမှန်လေ့ကျင့်ပေးနိုင်သည့် နည်းလမ်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဤကျောင်းသားကိုင် စာအုပ်တွင် ဖော်ပြထားသော "စကားပြောသည့် အလေ့အထများကို စာသင်ခန်းတွင်း ပုံမှန်ပျိုးထောင်ပေးနိုင်သည့် နည်းလမ်းများ"ကို လေ့လာရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ဖော်ပြထားသည့် နည်းလမ်းအမည်များကို သက်ဆိုင်ရာစာသား (အဓိကအချက်များ) များနှင့် မှန်ကန်စွာယှဉ်တွဲကြရန်ဖြစ်သည်။ ဤလုပ်ငန်းတွင် ကျောင်းသားများသည် နှစ်ယောက်တစ်တွဲတွဲကာ အချင်းချင်း ညှိနှိုင်းရင်း လေ့လာသင်ယူကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ သင်ခန်းစာပါ အဓိကအချက်များကို မေးမြန်း၍အနှစ်ချုပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အောက်ဖော်ပြပါမေးခွန်းကို ကျောင်းသားများအား မေးမြန်း၍ သင်ခန်းစာ အနှစ်ချုပ်ရန် ဖြစ်သည်။

မေးခွန်း။ ။နေ့စဉ်ပုံမှန် သင်ကြားသင်ယူရင်း စကားပြောသည့် အလေ့အထများ လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် နည်းလမ်းများအနက် သင့်အနေဖြင့် လေ့လာမှတ်သားခဲ့သည့် နည်းလမ်းတစ်ခုကို မျှဝေပေးပါ။

## အပြောအဆိုစွမ်းရည်ဖွံ့ဖြိုးရေးအတွက် သီးသန့်လုပ်ငန်းများ

အခြေခံပညာ အလယ်တန်းဆင့် ကလေးများ၏ အပြောအဆိုစွမ်းရည် ဖွံ့ဖြိုးရေးအတွက် စာသင်ခန်းအတွင်း ပုံမှန်သင်ခန်းစာများကို သင်ကြားပေးရင်း စကားပြောသည့် အလေ့အထများကို ပျိုးထောင်ပေးနိုင်သော်လည်း အချို့သောကျွမ်းကျင်မှုများကိုမူ သီးခြား သင်ခန်းစာ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းအနေဖြင့် ဖန်တီးကာ လေ့ကျင့်သင်ကြားပေးခြင်းက ပိုမိုထိရောက်နိုင်ပါသည်။ အထူးသဖြင့် အများရှေ့တွင် တင်ပြပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ တင်ပြပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများသည် ၂၁ ရာစုတွင် ပညာသင်ယူရေးအတွက်ဖြစ်စေ၊ လုပ်ငန်းခွင်အတွက် ဖြစ်စေ အထူးအရေးပါသည့် ကျွမ်းကျင်မှုဖြစ်လာသည့်အတွက် ကျောင်းများတွင် အထူးအလေးပေး လေ့ကျင့်ပျိုးထောင်နေကြပါသည်။ သို့ဖြစ်ရာ အလယ်တန်းဆင့်မှ စတင်ကာ အများရှေ့တွင် ယုံကြည်မှုရှိရှိဖြင့် တင်ပြပြောဆိုနိုင်စွမ်းဖွံ့ဖြိုးစေရန် အခွင့်အလမ်း အမျိုးမျိုး ဖန်တီးပေးသင့်ပါသည်။

အများရှေ့တွင် တင်ပြပြောဆိုခြင်းသည် အပြန်အလှန်စကားပြောခြင်းနှင့် ကွဲပြားပါသည်။ အပြန်အလှန်ပြောဆိုရာတွင် နားထောင်သူကမရှင်းလျှင် ပြန်မေးနိုင်သည်၊ သဘောထား မှတ်ချက်များ တုံ့ပြန်ပေးနိုင်သည်။ ထိုသို့ပြောဆိုခြင်းသည် ပြောသူနှင့် နာကြားသူအကြား အတုံ့အလှယ်ရှိသည့် နှစ်ဖက်နှစ်လမ်း ဆက်သွယ်ပြောဆိုခြင်းဖြစ်ပါသည်။ တင်ပြပြောဆိုခြင်းတွင်မူ ယေဘုယျအားဖြင့် ပြောသူကသာ တစ်ချိန်လုံး ပြောနေလေ့ရှိပြီး နားထောင်သူများကမူ အာရုံစိုက်နားထောင်ခြင်းကိုသာ အဓိကထား လုပ်ဆောင်ရပါသည်။ တစ်နည်းအားဖြင့် တစ်လမ်းသွား ဆက်သွယ်ပြောဆိုခြင်းဖြစ်သဖြင့် ပိုမိုခက်ခဲသည့် စကားပြောစွမ်းရည်ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ရာ အများရှေ့တွင် တင်ပြပြောဆိုနိုင်စွမ်းသည် အပြန်အလှန်စကားပြော နိုင်စွမ်းနှင့် မတူသည့်အတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လိုအပ်သကဲ့သို့ ကြိုတင်ပြင်ဆင်တတ်ရန်လည်း အရေးကြီးပါသည်။ တင်ပြပြောဆိုမှုဆိုင်ရာ စွမ်းရည်တွင် အောက်ပါအစိတ်အပိုင်းများ ပါဝင်ပါသည် -

(က) **စကားသံမဲ့ ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်မှု။** ။တင်ပြပြောဆိုမှုတွင် နားထောင်သူ ပရိသတ်၏အာရုံကို ဆွဲဆောင်နိုင်ရန်၊ ပြောဆိုသူ၏ သတင်းစကားကို နားထောင်သူများ ပြည့်ပြည့်ဝဝ နားလည်နိုင်ရန်အတွက် စကားသက်သက်သာမက အခြားသော အရင်းအမြစ်များ (ဥပမာ - စကားသံမဲ့ အထောက်အကူများ) ကို တတ်နိုင်သမျှ အသုံးပြုပြီး ဆက်သွယ်ပြောဆိုရပါသည်။ ပရိသတ်နှင့် မကြာခဏ မျက်လုံးချင်းဆုံရန် ကြိုးစားခြင်း၊ မျက်နှာအမူအရာ၊ ကိုယ်အမူအရာများ ပြုလုပ်ပြီး ဆွဲဆောင်ခြင်းတို့ကို ပြုလုပ်ရပါသည်။ အများရှေ့တွင် စိတ်လှုပ်ရှားပြီး ဂနာမငြိမ် ဖြစ်နေသည့် အမူအရာ မဟုတ်ဘဲ မိမိကိုယ်ကို ယုံကြည်မှုရှိပြီး တည်ငြိမ်သိမ်မွေ့သည့် ကိုယ်နေကိုယ်ထားကို ပြသရန် လိုအပ်ပါသည်။ အကယ်၍ မိမိ၏စကား မတော်တဆ မှားသွားလျှင်ပင် တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်လည်ပြင်ဆင်နိုင်ရပါမည်။

(ခ) **စကားပြောပုံပြောနည်း။** ။စကားပြောသည့်အခါ ပရိသတ်အားလုံးကြားနိုင်ရန် ပီသပြီး သင့်တင့်သော ကျယ်လောင်မှုရှိသည့်အသံ ဖြစ်ရန်လိုအပ်ပါသည်။ အသံ တိုးလွန်းခြင်း၊ ကျယ်လွန်းခြင်း နှစ်မျိုးလုံးသည် ပရိသတ်အတွက် အာရုံဝင်စား နားထောင်ရန် အခက်အခဲ ဖြစ်စေနိုင်ပါသည်။ မနှေးလွန်း၊ မမြန်လွန်းသောနှုန်းဖြင့် ပြောရန်လိုအပ်ပြီး အသံအတိုးအကျယ်၊ အနိမ့်အမြင့်၊ လေယူလေသိမ်း စသည်တို့ကို အခါအားလျော်စွာ အသံကစားပြီး ပရိသတ်၏ အာရုံကိုဆွဲဆောင်နိုင်ပါသည်။

(ဂ) **အကြောင်းအရာပိုင်နိုင်မှု။** ။ပရိသတ်၏ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်ရန် စကားပြောသူကိုယ်တိုင်က မိမိပြောနေသည့် အကြောင်းအရာအပေါ် စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှု ပြသရန်လိုအပ်သည်။ ယုံကြည်ချက်အပြည့်ဖြင့် ပြောနေသည့်

အသွင်ရှိရပါမည်။ အကြောင်းအရာကို ရှေ့နောက် အဆက်အစပ်၊ အကြောင်းအကျိုး ယုတ္တိညီညွတ်စွာ စုစည်းပြောဆိုနိုင်ရပါမည်။ အချက်အလက်များကို တင်ပြသည့်အခါ စိတ်ဝင်စားဖွယ်ရာ ဥပမာများပေး၍ ရှင်းလင်းသင့်ပါသည်။ မေးခွန်းများမေးလာပါက သေချာစွာစဉ်းစားဖြေဆိုရမည့်အပြင် အဖြေသက်သက်သာမက ထိုအဖြေပေါ်တွင် ထပ်မံချဲ့ထွင် ပြောဆိုတင်ပြမှုများလည်း ပြုလုပ်နိုင်ပါသည်။ စကားပြောရန် သတ်မှတ်ပေးထားသည့် အချိန်ကို စနစ်တကျ စီမံခန့်ခွဲပြီး အချိန်ကိုက်ပြောကြားနိုင်ရန် ကြိုးစားသင့်ပါသည်။ မိမိ၏တင်ပြချက်အဆုံးတွင် ပြောသမျှအားလုံးကို အနှစ်ချုပ်ပြီး လိုရင်းအချက်များဖြင့် နိဂုံးချုပ်တတ်ရန်လည်း အရေးကြီးပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် ကျွမ်းကျင်မှုများကို ပေါက်မြောက်စေရန်အတွက် အသုံးများသည့် နည်းလမ်းတစ်ခုမှာ ကလေးများကို စကားပြောကောင်းသူများ၏ ဟောပြောချက်များကို နားထောင်စေခြင်းဖြစ်သည်။ ရေဒီယို၊ ရုပ်မြင်သံကြားများမှ ထုတ်လွှင့်ပေးသည့် ဟောပြောချက်များ၊ စာပေဟောပြောပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများတွင် ဟောပြောချက်များကို မှတ်တမ်းတင်ထားသည့် ဗီဒီယိုများကို ကလေးများအားပြသပြီး ကြည့်ရှုနားထောင် လေ့လာစေနိုင်ပါသည်။ အဆိုပါမှတ်တမ်းများကို စာသင်ခန်းတွင် ကြည့်ရှုနားထောင်ပြီး ဆွေးနွေးမှုများ ပြုလုပ်ပေးပါက တင်ပြပြောဆိုခြင်းဆိုင်ရာ နည်းနာများကို လေ့လာမှတ်သား ရရှိနိုင်ပါသည်။ ထိုစွမ်းရည်များကို လက်တွေ့လေ့ကျင့် လုပ်ဆောင်သည့်အနေဖြင့်မူ စာသင်ခန်းတွင် သီးခြားသင်ယူမှုလုပ်ငန်း များကို စီစဉ်ဆောင်ရွက်နိုင်ပါသည်။ စီစဉ်လုပ်ဆောင်နိုင်သည့် သင်ယူမှုလုပ်ငန်းအချို့ကို နမူနာအဖြစ် အောက်တွင်ဖော်ပြထားပါသည် -

**(က) တင်ပြဟောပြောခြင်း။** ။စာသင်ခန်းတွင် ကလေးများကို အကြောင်းအရာ တစ်ခုခုနှင့် စပ်လျဉ်းပြီး အများရှေ့တွင် တင်ပြပြောဆိုစေခြင်းသည် အရိုးရှင်းဆုံးနှင့် အလွယ်ကူဆုံး စီစဉ်နိုင်သည့် သင်ယူမှုလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ သင်ခန်းစာတစ်ခု အပြီးတွင်ဖြစ်စေ သင်ယူမှုလုပ်ငန်းတစ်ခု အပြီးတွင်ဖြစ်စေ စီစဉ်ဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် ဆဋ္ဌမတန်းမြန်မာစာမှ "ကာတွန်းဆရာကြီး ဦးဘဂျမ်း" သင်ခန်းစာ အပြီးတွင် ဦးဘဂျမ်းအကြောင်း တင်ပြခြင်းကို ပြုလုပ်နိုင်ပါသည်။ ထိုသို့ စီစဉ် ဆောင်ရွက်သည့်အခါ အောက်ပါအချက်များကို သတိပြုဆောင်ရွက်သင့်ပါသည်။

- တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ တင်ပြပြောဆိုမည့် အကြောင်းအရာကို စုစည်းစီစဉ် ပြင်ဆင်နိုင်ရန်အတွက် လုံလောက်သောအချိန်ပေးရန် လိုအပ်ပါသည်။
- ထိုသို့တင်ပြပြောဆိုသည့်အခါ ပိုစတာများ၊ ကွန်ပျူတာပါဝါပွိုင့်များ၊ ဗီဒီယို၊ အော်ဒီယို အထောက်အကူများကို အသုံးပြုခွင့်ပေးပြီး အသုံးပြုရန်လည်း အားပေး

ပံ့ပိုးသင့်ပါသည်။ ယခုအခါ လက်တွေ့ဘဝတွင် ထိုကဲ့သို့သော အထောက်အကူများဖြင့် တင်ပြပြောဆိုခြင်းသည် လုပ်ရိုးလုပ်စဉ်တစ်ခု ဖြစ်လာနေသောကြောင့် ဖြစ်ပါသည်။

- တင်ပြပြောဆိုခြင်းလုပ်ငန်းသည် ကလေးများကို စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းသဘောမျိုး ဖြစ်နေပါက အကဲဖြတ်ရာတွင် အသုံးပြုမည့်စံနှုန်းများကို ကြိုတင် ရှင်းလင်းပြောပြထားရန် လိုအပ်ပါသည်။

**(ခ) သတင်းစာရှင်းလင်းပွဲ။** ။တင်ပြပြောဆိုမှုဆိုင်ရာ စွမ်းရည်များကို လေ့ကျင့်သင်ကြားပေးသည့်အခါ သဏ္ဍာန်တူ သရုပ်ဆောင်ခြင်းနည်းကိုလည်း အသုံးပြုနိုင်ပါသည်။ သတင်းစာရှင်းလင်းပွဲကဲ့သို့သော အသွင်သဏ္ဍာန်တစ်ခုကို ဖန်တီးပေးပြီး ကလေးများအား ရှင်းလင်းပွဲတွင် ဦးဆောင်ရှင်းလင်းသူနှင့် ပါဝင်ရှင်းလင်းသူများ၊ ထို့နောက် သတင်းထောက်များ စသည်ဖြင့် သရုပ်ဆောင်ခိုင်းနိုင်ပါသည်။ ဥပမာ - ဆဋ္ဌမတန်း မြန်မာစာမှ “ပုသိမ်ထီး” သင်ခန်းစာကို သင်ကြားအပြီးတွင် ထီးလုပ်ငန်းရှင်များ၏ သတင်းစာ ရှင်းလင်းပွဲအသွင်မျိုးဖြင့် ဆောင်ရွက်နိုင်ပါသည်။ ကလေးများကို အုပ်စုဖွဲ့ပြီး အုပ်စု (၁) ကို ထီးလုပ်ငန်းရှင်များအသင်း၊ အုပ်စု (၂) ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အုပ်စု (၃) ကို ခရီးသွားလုပ်ငန်းရှင်များအဖွဲ့ စသည်ဖြင့် တာဝန်ပေးကာ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားမည့်အချက်များကို ကြိုတင်ပြင်ဆင်ခိုင်းနိုင်ပါသည်။ ကျန်အုပ်စုများကိုမူ သတင်းထောက်များအဖြစ် သရုပ်ဆောင်စေပြီး မေးမည့်မေးခွန်းများကို ပြင်ဆင်ခိုင်းနိုင်ပါသည်။ ထိုသို့အုပ်စုလိုက် ဆွေးနွေးပြင်ဆင်ပြီးနောက်သတင်းစာရှင်းလင်းပွဲကို ပြုလုပ်စေပါသည်။ ထိုကဲ့သို့သော လုပ်ငန်းများတွင် ကလေးများသရုပ်ဆောင်ရမည့် အခန်းကဏ္ဍများကို တစ်လှည့်စီ လုပ်ဆောင်စေခြင်းဖြင့် ကလေးတိုင်း တင်ပြပြောဆိုမှုဆိုင်ရာ အလေ့အကျင့် ရရှိစေနိုင်မည်ဖြစ်ပါသည်။

**(ဂ) စကားရည်လုပွဲ။** ။စာသင်ခန်းတွင် စကားရည်လုပွဲများ စီစဉ်ပေးခြင်းဖြင့်လည်း တင်ပြပြောဆိုမှုစွမ်းရည်ကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ပါသည်။ ကလေးများကို (၆) ဦးမှ (၈) ဦး အထိပါသော အုပ်စုနှစ်စုခွဲကာ မျက်နှာချင်းဆိုင်ထိုင်စေပြီး အကြောင်းအရာတစ်ခုနှင့် စပ်လျဉ်းသည့် ဆန့်ကျင်ဘက်သဘောရှိသော တင်ပြပြောဆိုချက်များကို အပြန်အလှန် ပြောဆိုစေခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဆဋ္ဌမတန်းမြန်မာစာမှ “အမိတိုင်းပြည်” ကဗျာကို သင်ကြားအပြီးတွင် “မြန်မာနိုင်ငံတွင် အောက်ပြည်အောက်ရွာသည် နေချင်စဖွယ်ကောင်းသည်” ဟူသောအချက်ကို ထောက်ခံသည့် အဖွဲ့ကတစ်ဖက်၊ ကန့်ကွက်သည့်အဖွဲ့က တစ်ဖက်နှစ်ဖက်ခွဲကာ ထိုင်စေရမည်။ ကျန်သောကလေးများကို စာသင်ခန်းအတွင်းရှိ

အခြားနေရာများတွင်ထိုင်စေပြီး နားထောင်စေရပါမည်။ စကားရည်လုနေကြသည့် ဘက်နှစ်ဖက်က တင်ပြနေစဉ်အတွင်း နားထောင်နေသည့် ကျောင်းသားများက မိမိတို့ သဘောတူထောက်ခံသည့်ဘက်သို့ ပြောင်းရွှေ့ထိုင်နိုင်သည်။ သတ်မှတ်ထားသည့် အချိန်ပြည့်သွားသည့်အခါ ကျောင်းသားအများဆုံး ထိုင်သည့်ဘက်က အနိုင်ရသည့် ဘက်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးမည့်အကြောင်းအရာနှင့် စပ်လျဉ်းပြီး ကလေးများအား ပြင်ဆင်ချိန်လုံလောက်စွာရရှိရန် စီစဉ်ပေးရပါမည်။ အထက်ပါပုံစံသည် လွယ်ကူစွာစီစဉ်နိုင်သည့် ပုံစံအဖြစ်သာ ဖော်ပြခြင်းဖြစ်သည်။ ဆရာများအနေဖြင့် မိမိ၏ စာသင်ခန်းနှင့် အဆင်ပြေမည့် အခြားစကားရည်လုပွဲ ပုံစံများဖြင့်လည်း ဆောင်ရွက်နိုင်ပါသည်။

**(ဃ) အာဝဇ္ဇန်းကောင်းရေးအတွက် လေ့ကျင့်ခြင်း။** ။ဆယ်ကျော်သက်အရွယ် ကလေး အချို့သည် စကားပြောသည့်အခါ မပွင့်တစ်ပွင့် ဗလုံးဗထွေး ပြောတတ်ကြသည်။ ထိုကဲ့သို့သော ကလေးများအား စကားကို ပီပီသသ၊ ထိထိမိမိနှင့် အသက်ပါပါ ပြောဆိုတတ်ရန် ကူညီပံ့ပိုးပေးရပါမည်။ ဖတ်စာအုပ်တွင်ပါသော စကားပြေ (သို့မဟုတ်) ကဗျာတစ်ပုဒ်ကို ရွေးချယ်ကာ နှစ်ယောက်တစ်တွဲ အသံထွက်ဖတ်ပြီး လေ့ကျင့်ရန် စီစဉ်ပေးနိုင်ပါသည်။ ဖတ်ရွတ်သည့်အခါ ရှိရမည့် အရည်အသွေးစံနှုန်းများ သတ်မှတ်ပြီး အပြန်အလှန်မှတ်ချက်နှင့် အကြံပြုချက်များ ပေးရန်ဖြစ်သည်။ နှစ်ယောက်တစ်တွဲ လေ့ကျင့်ပြီးသည့်အခါ အတန်းရှေ့တွင် ဖတ်ပြစေခြင်းဖြင့် ၎င်းတို့၏အာဝဇ္ဇန်းကို အခြားသူများအား ပြသစေနိုင်သကဲ့သို့ ထိုကလေးများ၏ တိုးတက်မှုကိုဆရာက ဆန်းစစ်နိုင်ပါသည်။

အလယ်တန်းဆင့် ကလေးများ၏ အပြောအဆိုဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးစေရန် သင်ကြားပြသသည့်အခါ အပြန်အလှန် ထိရောက်စွာပြောဆိုနိုင်သည့် စွမ်းရည် ဖွံ့ဖြိုးရေး အတွက် အပြောသင်ခန်းစာဟု တကူးတကလုပ်ဆောင်နေရန် မလိုအပ်ဘဲ ကလေးများသည် စာသင်ခန်းအတွင်း နေ့စဉ်ပုံမှန် လုပ်ဆောင်နေရသည့် သင်ကြားသင်ယူမှု လုပ်ငန်းများ၌ ပါဝင် လုပ်ဆောင်ရင်းဖြင့် သင်ယူတတ်မြောက်နိုင်ပါသည်။ သို့ရာတွင် အများရှေ့၌ ပြောဆိုတင်ပြခြင်းနှင့် ဆိုင်သော စွမ်းရည်ဖွံ့ဖြိုးရေးအတွက်ကိုမူ သီးခြားသင်ခန်းစာအနေဖြင့်ဖြစ်စေ သင်ယူမှုလုပ်ငန်း တစ်ခုအနေဖြင့်ဖြစ်စေ စနစ်တကျစီစဉ်ပြီး လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည် ဖြစ်ပါသည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၄)။ သင်ယူမှုလုပ်ငန်းနမူနာအချို့ကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အခြေခံပညာ အလယ်တန်းဆင့် ကလေးများ၏ အပြောအဆိုစွမ်းရည် ဖွံ့ဖြိုးရေးအတွက် စာသင်ခန်းများတွင် သီးခြား သင်ယူမှုလုပ်ငန်း နမူနာအချို့ကို ကျောင်းသားကိုင်စာအုပ်တွင် စီစဉ်လုပ်ဆောင်နိုင်သည့် သီးခြားသင်ယူမှုလုပ်ငန်း နမူနာအချို့ကို အုပ်စုဖွဲ့ဆွေးနွေးခြင်းနည်းဖြင့် သင်ယူလေ့လာကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၅)။ ကျောင်းသားများကိုယ်တိုင် လက်တွေ့သရုပ်ဆောင်ပြခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် အုပ်စုလိုက် တာဝန်ယူရသည့် အောက်ဖော်ပြပါ သင်ယူမှုလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ကြိုတင်ပြင်ဆင်ခြင်း၊ အဓိပ္ပာယ်ပေါ်လွင်အောင် ကိုယ်တိုင်လက်တွေ့ သရုပ်ဆောင်ပြသခြင်း၊ အခြားသူများ သရုပ်ဆောင်ပြသသည်ကို လေ့လာခြင်းတို့ဖြင့် သင်ယူကြရန်ဖြစ်သည်။

(က) တင်ပြဟောပြောခြင်း

(ခ) သတင်းစာရှင်းလင်းပွဲ

(ဂ) စကားရည်လုပွဲ

(ဃ) အာဝဇ္ဇန်းကောင်းရေးအတွက် လေ့ကျင့်ခြင်း

## သင်ယူမှုလုပ်ငန်း (၆)။ သင်ခန်းစာပါ အဓိကအချက်များကို မေးမြန်း၍ အနှစ်ချုပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အောက်ဖော်ပြပါမေးခွန်းကို ကျောင်းသားများအား မေးမြန်း၍ သင်ခန်းစာ အနှစ်ချုပ်ရန် ဖြစ်သည်။

- အလယ်တန်းဆင့် ကလေးများ၏ အပြောအဆိုဆိုင်ရာ စွမ်းရည်များဖွံ့ဖြိုးရန် သီးသန့်လေ့ကျင့်သင်ကြားရေးနှင့် စပ်လျဉ်း၍ သင့်အနေဖြင့် လေ့လာမှတ်သားခဲ့သည့် လုပ်ငန်းတစ်ခုကို မျှဝေပါ။

# ၄.၂.၃ သင်ခန်းစာပြင်ဆင်ခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အလယ်တန်းဆင့် ကလေးများ၏ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာကို ပြင်ဆင်တတ်မည်။

အလယ်တန်းဆင့် ကလေးများအား စကားပြေနှင့်ကဗျာလင်္ကာများ လေ့ကျင့်သင်ကြားခြင်းဖြင့် ၎င်းတို့၏ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာအောင် လေ့ကျင့်ပေးနိုင်ပါသည်။ ထိုသို့ဖြစ်ရန် ဆရာက သင်ခန်းစာများပြင်ဆင်ရာတွင် အလယ်တန်းဆင့် မြန်မာစာဘာသာရပ် ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များကို ကျေညက်စွာ ဖတ်ရှုလေ့လာရန် လိုအပ်ပါသည်။ ဤကျောင်းသားကိုင်စာအုပ် ရှေ့ပိုင်းတွင်ဖော်ပြထားသော သင်ခန်းစာများဖြစ်သည့် (၄.၂.၁) - အနာအကြားစွမ်းရည်များ ဖွံ့ဖြိုးရန်သင်ကြားခြင်းနှင့် (၄.၂.၂) - အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးရန် သင်ကြားခြင်းတို့ကို ပြန်၍ကိုးကားရန်လည်း လိုအပ်ပါသည်။

ထို့ပြင် အခြေခံပညာ အလယ်တန်းဆင့် သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များတွင် ကလေးများ၏ နားထောင်နိုင်မှု စွမ်းရည်နှင့် အပြောစွမ်းရည်များ ဖွံ့ဖြိုးစေရန်အလို့ငှာ စကားပြေ နယ်ပယ်ခွဲတွင် အတ္ထုပ္ပတ္တိ၊ စကားထာ၊ စကားပုံ၊ ဆိုရိုးစကား၊ ပုံပြင်၊ ဝတ္ထု၊ ပြဇာတ်နှင့် ရသစာတမ်းတို့ကို သင်ကြားရန်နှင့် ကဗျာနယ်ပယ်ခွဲတွင် ရှေးကဗျာ၊ ခေတ်ကဗျာပုံစံ အမျိုးမျိုးကိုသင်ကြားရန် လမ်းညွှန်ထားပါသည်။ အလယ်တန်းဆင့် ကလေးများ၏ နားထောင်နိုင်မှုစွမ်းရည်နှင့် အပြောစွမ်းရည်များ ဖွံ့ဖြိုးစေရေးအတွက် သင်ရိုးအစီအစဉ်များကို အောက်ပါဇယား (၄.၂) တွင် အတန်းစဉ်လိုက် ဖော်ပြထားသည်။ အဆိုပါ အစီအစဉ်များကို အခြေခံကာ သင်ခန်းစာများ ပြင်ဆင်ရေးဆွဲကြရန် လိုအပ်ပါသည်။ ထို့ပြင် အလယ်တန်းဆင့် မြန်မာစာဘာသာရပ် ဆရာလမ်းညွှန်စာအုပ်များတွင် အတန်းတစ်တန်းချင်း၏ သင်ရိုးမာတိကာများကို နယ်ပယ်များ ခွဲကာ အသေးစိတ်ဖော်ပြထားသည်ဖြစ်ရာ အပြောဘာသာစကားစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများ ပြင်ဆင်ရေးဆွဲရန် များစွာအထောက်အကူပြုပါသည်။

**ဇယား ၄.၂။ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေရန် သင်ရိုးမာတိကာ အစီအစဉ်များ**

**(စကားပြေနှင့် ကဗျာ)**[၉၉]

| ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း |
|---|---|---|---|
| • နားထောင်မှုစွမ်းရည် (စကားပြေ)။<br>• သုတ၊ ရသ၊ စကားပြေ တို့၏ အသံအနေအထားကို ခွဲခြားနားထောင် တတ်လာခြင်း။<br>• နားထောင်းရင်း မှတ်သားတတ်လာခြင်း။<br>• နားထောင်ရင်း ခံစားတတ်လာခြင်း။ | • စာ၏ အဓိပ္ပာယ်ကို ဆက်စပ်၍ နားထောင် တတ်လာခြင်း။<br>• နားထောင်ရင်း မှတ်သားတတ်လာခြင်း။<br>• နားထောင်ရင်း ခံစားတတ်လာခြင်း။ | • စာကို နားထောင်ရင်း အကြောင်းအရာတို့၏ အကျိုး အကြောင်းကို စောင့်ကြည့်တတ်လာခြင်း<br>• သဘာဝကျမကျ မြင်တတ်လာခြင်း။<br>• ဆိုလိုရင်းကို အမြန်ဆုံး နားလည်နိုင်သော အလေ့အကျင့်နှင့် အရည်အသွေးများ ရလာခြင်း။<br>• ဆွေးနွေးပွဲပုံစံများတွင် တစ်ဖက်မှစကားကို အမြန်နားလည်၍ ပြောရမည့် စကားကို အမြန်ဆုံး စဉ်းစားနိုင်ခြင်း။ | • စာတစ်ပုဒ်ကို နားထောင်ရသော အရသာ၊ စာတွင် ပါသော အဖြစ်အပျက်၊ အတွေ့အကြုံ၏ အရသာ၊ အနုပညာ၏ အရသာကို ခံစားတတ်လာခြင်း။<br>• ဆွေးနွေးပွဲပုံစံများတွင် ပြဿနာကို နားထောင်ရင်း စဉ်းစားဖြေရှင်းလိုက်ရသော အရသာ၊ အမှားအမှန် ခွဲခြားသိလိုက်ရသော အရသာများကို နှစ်သက်လာခြင်း။<br>• အပြန်အလှန် ပြောစကားများကို စိတ်ရှည်စွာ နားထောင်တတ်လာခြင်း။<br>• နားထောင်ရင်းစဉ်းစား၊ စဉ်းစားရင်း နားထောင်တတ်သော အလေ့အကျင့်ရလာခြင်း။<br>• အာရုံဝင်စားနိုင်သည့် အလေ့အကျင့်၊ စိတ်ကိုငြိမ်အောင် ထားနိုင်သော အလေ့အကျင့်များ ရလာခြင်း။ |
| **(ကဗျာ)**<br>• ကဗျာမှ အသံ၏ အရသာကို ခံစား နှစ်သက်တတ်လာခြင်း | • ကဗျာကို အသံထွက်ရွတ်ဆိုမှ ကဗျာအရသာ ပေါ်ကြောင်း၊ ဆိုလိုရင်းကို ပြည့်စုံစွာ မြင်ရကြောင်း သိလာခြင်း။ | • ကဗျာအဖွဲ့ပုံစံအလိုက် ရွတ်ဆိုရသော အသံမှန်၊ မမှန် သိလာခြင်း။<br>• ကဗျာမှရသော ရသနှင့် သုတကို ခွဲခြား၍သိလာခြင်း။ | • ကဗျာအဖွဲ့ပုံစံနှင့် အသံကို တွဲ၍ သိလာခြင်း။<br>• ကာရန်သဘော၊ စည်းဝါး သဘောကို ကြားဖူး၍ အသင့်အတင့် နားလည်လာခြင်း။<br>• ကဗျာကို သံစဉ်မှန်စွာ ရွတ်ဆိုနိုင်သော စွမ်းရည်ရလာခြင်း။ |

[၉၉] ပညာရေးဝန်ကြီးဌာန။ (နေ့စွဲမပါ)။ *မြန်စာဘာသာရပ် Grade 6 to 9 သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ*။ ပုံနှိပ်ထုတ်ဝေခြင်း မပြုသည့် မူကြမ်း။

| ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း |
|---|---|---|---|
| အပြောစွမ်းရည်<br>(စကားပြေ)<br>• စကားသံကို ပီသစွာ ပြောတတ်ခြင်း။<br>• ထိရောက်ထက်မြက်သော စကားလုံးတို့ကို ရွေး၍ ပြောတတ်ခြင်း။<br>• ယဉ်ကျေးသော အသုံးအနှုန်းကို သတိပြု သုံးနှုန်း ပြောဆိုတတ်ခြင်း။<br>• သင်ခန်းစာမှ အကြောင်းအရာများကို အတုယူ၍ ကိုယ်ပိုင် ဖန်တီးပြောဆိုနိုင်ခြင်း။ | • မိမိပြောသောစကားသံကို ထိန်းညှိတတ်လာခြင်း။<br>• ပြောရင်း မမေ့အောင် လေ့ကျင့်တတ်လာခြင်း။<br>• ပြောရင်းစဉ်းစား၊ စဉ်းစားရင်း ပြောသော အလေ့အကျင့် ရလာခြင်း။<br>• သင်ခန်းစာမှ အကြောင်းအရာများကို အတုယူ၍ ကိုယ်ပိုင်ဖန်တီး ပြောဆိုနိုင်ခြင်း။ | • ဆွေးနွေးပွဲ အစီအစဉ်များတွင် ပြောရန် အချက်အလက် ကောင်းများကို ရွေးထုတ် ဆွေးနွေးတတ်လာခြင်း။<br>• သဘာဝကျစွာ စဉ်းစား ပြောဆိုတတ်လာခြင်း။<br>• အကျိုးအကြောင်း ခိုင်မာစွာ ပြောဆိုတတ်လာခြင်း။<br>• ပုံပြင်များကို ဥပမာ၊ သာကေများအဖြစ် ထည့်သွင်း ဆွေးနွေးတတ်လာခြင်း။<br>• ဆွေးနွေးဝိုင်းများတွင် ဝင်ရောက် ပြောဆိုရဲသည့် အစွမ်းသတ္တိရှိလာခြင်း။ | • ခိုင်မာစွာ မေးခွန်းထုတ်နိုင်ခြင်း၊ ဖြေဆိုနိုင်ခြင်းနှင့် ဆွေးနွေးနိုင်ခြင်း၊ အရည်အသွေးများ ရှိလာခြင်း။<br>• စကားပုံ၊ စကားထာ၊ ဆိုရိုးစကားတို့ကို အထောက်အပံ့အဖြစ်ရွတ်ဆို၍ ပြောတတ်လာခြင်း။<br>• ဇာတ်လမ်းရှည် ပုံပြင်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောတတ်လာခြင်း။<br>• လက်တွေ့ဘဝတွင် မိသားစု ဆက်ဆံရေး၊ လူငယ်ချင်း ဆက်ဆံရေး၊ ရပ်ကွက်ဝန်းကျင်နှင့် ဆက်ဆံရေး၊ လူကြီးများနှင့် ဆက်ဆံရေးတို့တွင် ယဉ်ကျေးစွာ အဆင့်မြင့်စွာ ပြောဆိုနိုင်စွမ်းရှိလာခြင်း။ |
| (ကဗျာ)<br>• အတန်းရှေ့ထွက်၍ ကဗျာကို ရွတ်ကာ ကဗျာအကြောင်းအရာကို ရှင်းပြနိုင်ခြင်း။ | • ဟောပြောပွဲ၊ ဆွေးနွေးပွဲ ပုံစံများတွင် ကဗျာရွတ်ဆို၍ ပြောဆိုခြင်းကို နားထောင်သူများက သဘောကျကြောင်း သိလာခြင်း။<br>• ကိုယ်တိုင်စမ်းသပ် အသုံးပြုတတ်လာခြင်း။ | • ကဗျာကိုရွတ်၍ ပြောဆိုနိုင်ရန်အတွက် ကဗျာပုံစံ အမျိုးမျိုးကို အသံမှန်စွာရွတ်ဆို ကျက်မှတ်လာခြင်း။<br>• စမ်းသပ် အသုံးပြုတတ်လာခြင်း။ | • ကျက်မှတ်ထားသော ကဗျာကို အထောက်အပံ့အဖြစ် ရွတ်ဆို၍ နှစ်သက်ဖွယ်ဖြစ်အောင် ပြောဆိုတတ်လာခြင်း။ |

## သင်ခန်းစာပုံစံ ဒီဇိုင်းရေးဆွဲခြင်း

စာသင်ချိန် တစ်ချိန် (၄၅ မိနစ်) အတွက် သင်ခန်းစာပုံစံ ဒီဇိုင်းတစ်ခုရေးဆွဲရာတွင် တစ်နည်းအားဖြင့် သင်ပြမှုအစီအစဉ်တစ်ခု ပြင်ဆင်ရာတွင် ကျောင်းသားများ ပါဝင် လုပ်ဆောင်ခြင်းဖြင့် သင်ယူနိုင်မည့် လုပ်ငန်းများကို စဉ်းစားရွေးချယ်ရန် လိုအပ်ပါသည်။ ဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာအလိုက် သင်ပြမှုအစီအစဉ်များကို ရေးဆွဲဖော်ပြထား သော်လည်း ယေဘုယျလမ်းညွှန်ထားခြင်းမျှသာ ဖြစ်သောကြောင့် ဆရာများအနေဖြင့် မိမိတို့ ကျောင်းသားများ၏အခြေအနေအရ၊ လိုအပ်ချက်များအရ ပြန်လည်ပြင်ဆင်မွမ်းမံရန် လိုအပ်ပါသည်။ သင်ပြမှုအစီအစဉ်တစ်ခုတွင် ပါဝင်သည့် သင်ယူမှုလုပ်ငန်း အရေအတွက်နှင့်

အချိန်ခွဲဝေသုံးစွဲမှုတို့သည်လည်း ချမှတ်ထားသည့် သင်ခန်းစာသင်ယူမှုရလဒ်နှင့် ချဉ်းကပ်သင်ကြားနည်းပေါ် မူတည်၍လည်း ကွဲပြားနိုင်ပါသည်။ သင်ခန်းစာ ဒီဇိုင်းရေးဆွဲရာတွင် ယေဘုယျအားဖြင့် လုပ်ငန်းအလိုက် အချိန်ခွဲဝေပုံ (နမူနာပုံကြမ်း) ကို ပုံ (၄.၃) တွင် လေ့လာနိုင်ပါသည်။ အလယ်တန်းဆင့် ကလေးများ၏ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာဒီဇိုင်းကို ပြင်ဆင်ရေးဆွဲသည့်အခါ ဇယား (၄.၂) နားထောင်နိုင်မှုနှင့် အပြောစွမ်းရည်များ ဖွံ့ဖြိုးစေရန် သင်ရိုးမာတိကာ အစီအစဉ်များကို အခြေခံကာ သင်ခန်းစာရည်ရွယ်ချက်နှင့် သင်ကြားမည့် ကလေးများ၏ လက်ရှိအနေအထား စသည်တို့ကို အလေးထားစဉ်းစား၍ လိုအပ်သလို မွမ်းမံရေးဆွဲရန် လိုအပ်ပါသည်။

| သင်ယူမှုလုပ်ငန်း ၃ ခုပါသည့် သင်ခန်းစာနမူနာ (၄၅မိနစ်စာ) | |
|---|---|
| နိဒါန်းပျိုးခြင်း (၇ မိနစ်ခန့်) | • ယခင်သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း<br>• အသစ်သင်ယူမည့်အကြောင်းအရာကိုနိဒါန်းပျိုးခြင်း |
| လုပ်ငန်း ၁ (၁၀ မိနစ်ခန့်) | • ညွှန်ကြားချက်တိကျစွာပေးခြင်း<br>• တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အုပ်စုလုပ်ငန်း<br>• အတန်းသို့မျှဝေခြင်း |
| လုပ်ငန်း ၂ (၁၀ မိနစ်ခန့်) | • ညွှန်ကြားချက်တိကျစွာပေးခြင်း<br>• တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အုပ်စုလုပ်ငန်း<br>• အတန်းသို့ မျှဝေခြင်း |
| လုပ်ငန်း ၃ ( ၁၀ မိနစ်ခန့်) | • သင်ယူခဲ့သည်ကို ပြန်လည်သုံးသပ်ခြင်း<br>• သုံးသပ်ချက်များကိုအတန်းသို့မျှဝေခြင်း |
| ပြန်လည်သုံးသပ်ခြင်း၊<br>နိဂုံးချုပ်ခြင်း (၈ မိနစ်ခန့်) | • သင်ယူခဲ့သည်ကို ပြန်လည်သုံးသပ်ခြင်း<br>• သုံးသပ်ချက်များကိုအတန်းသို့မျှဝေခြင်း |

**ပုံ ၄.၃။ သင်ခန်းစာဒီဇိုင်းရေးဆွဲရာတွင် လုပ်ငန်းအလိုက် အချိန်ခွဲဝေသုံးစွဲခြင်း (နမူနာပုံကြမ်း)**[၁၀၀]

[၁၀၀] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ သင်တန်းမိတ်ဆက်၊ ယေဘုယျအကြောင်းအရာများ။ Retrieved from https://createmm.org

## သုံးသပ်ချက်ပေးခြင်း

သုံးသပ်ချက်ပေးခြင်းဆိုသည်မှာ ပြုလုပ်ပြီးသွားသည့် လုပ်ငန်းတစ်ခုခု၏ အရည်အသွေးနှင့် ပတ်သက်၍ ဝေဖန်ချက်ပေးခြင်းကို ဆိုလိုပါသည်။ စာအရေးအသားတစ်ခု၊ နှုတ်ဖြင့်ပြောဆိုရသည့် အရာတစ်ခု (သို့မဟုတ်) သင်ခန်းစာတစ်ခုကို သင်ကြားခြင်း၊ ကျွမ်းကျင်မှု တစ်ရပ်ကို သရုပ်ပြခြင်းကဲ့သို့သော လက်တွေ့ပြုလုပ်မှု တစ်ခုအပေါ် သုံးသပ်မှုပေးခြင်း ဖြစ်နိုင်ပါသည်။ သုံးသပ်ချက်ပေးခြင်း၏ အခြားအရေးကြီးသည့် လက္ခဏာတစ်ရပ်မှာ ဆရာအတတ်သင် ကျောင်းသားများ (ကျောင်းသားများ) အနေဖြင့် မိမိတို့ကောင်းစွာ လုပ်ဆောင်နိုင်သည့်အရာ၊ ကောင်းစွာမလုပ်ဆောင်နိုင်သည့် အရာများကို ကိုယ်တိုင်ကြားသိရခြင်းပင် ဖြစ်သည်။ အပြုသဘောဆောင်သည့် တုံ့ပြန်သုံးသပ်ချက်ပေးခြင်းဖြင့် ကျောင်းသား (သင်ယူသူ) သည် ၎င်း၏လုပ်ဆောင်မှု ပိုမိုတိုးတက်စေသည့် အသိပညာများရရှိခြင်း၊ စိတ်ကျေနပ်မှုရရှိခြင်းအပြင် ဆက်လက်သင်ယူလိုစိတ်ဖြစ်ခြင်း စသည်တို့ဖြစ်နိုင်ပါသည်။ သုတေသနတွေ့ရှိချက်များအရ "သင်ကြားသင်ယူမှု အခြေအနေအားလုံးရှိ ကျောင်းသား (သင်ယူသူ) အားလုံးအတွက် ဆီလျော်သည့် တုံ့ပြန်သုံးသပ်ချက်ပေးနည်းမျိုး မရှိနိုင်" ဟု ဆိုကြပါသည်။

သို့သော် တုံ့ပြန်သုံးသပ်ချက်ပေးသည့်အခါ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစား လုပ်ဆောင်ရန် လိုအပ်ပါသည်။

- သုံးသပ်ချက်ပေးရာတွင် လူကိုဝေဖန်အကဲဖြတ်သုံးသပ်ခြင်းမျိုး မပြုလုပ်ဘဲ လုပ်ဆောင်မှုအပေါ်၌သာ သုံးသပ်ချက်ပေးခြင်း။
- အချိန်ကိုင့်သောအားဖြင့် အခြားသူပြောပြီးသားအချက်ကို ထပ်မံမပြောခြင်း။
- အရေးမကြီးသည့် အရာများအပေါ် အသေးစိတ်ပြောခြင်းသည် အရေးကြီးသည့် အရာများအတွက် အလေးပေးရန်ဆုံးရှုံးခြင်း။
- တစ်ဦးဦး၏ သုံးသပ်ချက်ကို လက်ခံရယူသူသည် ထိုသူ၏ သုံးသပ်ပြခြင်းအပေါ် ဂရုပြု၍ နားထောင်ခြင်း။
- သုံးသပ်ချက်အားလုံးကို လက်ခံစရာမလိုဘဲ အကျိုး၊ အကြောင်းပြ၍ ပြန်လည် ရှင်းလင်းချက်ပေးနိုင်ခြင်း၊ သို့သော် အငြင်းပွားဖွယ်များကိုမူ ရှောင်ကြဉ်ခြင်း။
- အပြန်အလှန်လေးစားသည့် သင်ယူမှုဝန်းကျင်ကို ဖန်တီးရန် လိုအပ်ခြင်း။

## စာသင်ချိန် (၁)

### သင်ယူမှုလုပ်ငန်း (၁)။ အပြောဘာသာစကား စွမ်းရည်ဆိုင်ရာ အတန်းလိုက် သင်ရိုးစီစဉ်ထားမှုကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြပါရှိသည့် "နားထောင်နိုင်မှုနှင့် အပြောစွမ်းရည်များ ဖွံ့ဖြိုးစေရန် သင်ရိုးမာတိကာ အစီအစဉ်များ (စကားပြေနှင့် ကဗျာ)" ကို ကျောင်းသားတစ်ဦးချင်း လေ့လာခြင်း၊ အလယ်တန်းဆင့် ကလေးများ၏ နားထောင်နိုင်မှုနှင့် အပြောစွမ်းရည်များ ဖွံ့ဖြိုးစေရန် သင်ရိုးမာတိကာ အစီအစဉ်များ (အထူးသဖြင့် သင်ယူမှုရလဒ်များနှင့် ၎င်းတို့၏ တတ်မြောက်မှု အညွှန်းကိန်းများ) ကို ဖတ်ရှုလေ့လာကြရန်ဖြစ်သည်။ အုပ်စုလိုက် သင်ယူလေ့လာကြရန်ဖြစ်သည်။ ထိုသို့လေ့လာရင်း အောက်ပါအချက်ကို အုပ်စုတွင်း ဆွေးနွေးဖော်ထုတ်ကြရန်ဖြစ်သည်။

- သင်ယူမှုရလဒ်များအနက် ပေါက်မြောက်ရန် အလွယ်ကူဆုံးနှင့် အခက်ခဲဆုံးရလဒ် တစ်ခုစီကို ဆွေးနွေးဖော်ထုတ်ပြီး အုပ်စု၏ထင်မြင်ယူဆချက်။

### သင်ယူမှုလုပ်ငန်း (၂)။ အပြောဘာသာစကားဆိုင်ရာ ယခင်သင်ခန်းစာများကို ပြန်လည်လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာ (၄.၂.၁) နှင့် (၄.၂.၂) တို့တွင် လေ့လာခဲ့သော သင်ကြားနည်းလမ်းများမှ အလယ်တန်းဆင့်ကလေးများ၏ မြန်မာစာ ဘာသာစကားဆိုင်ရာ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေသည့် နည်းလမ်းများကို ဖြတ်ဆက်နည်းဖြင့် ပြန်လည်လေ့လာဖော်ထုတ်ရန် ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၃)။ သင်ခန်းစာပုံစံ ဒီဇိုင်းရေးဆွဲခြင်းကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် "သင်ခန်းစာပုံစံ ဒီဇိုင်းရေးဆွဲခြင်း" အကြောင်းနှင့် "ပုံ (၄.၃) - သင်ခန်းစာဒီဇိုင်းရေးဆွဲရာတွင် လုပ်ငန်းအလိုက်အချိန်ခွဲဝေခြင်း (နမူနာပုံကြမ်း)" ကို ယှဉ်တွဲ၍ တွေး-တွဲ-မျှဝေခြင်းနည်းဖြင့် သင်ယူလေ့လာကြရန် ဖြစ်သည်။ ထို့ပြင် ဤလုပ်ငန်းဆိုင်ရာ နှုတ်မေးခွန်းများကိုလည်း ဖြေဆိုကြရန်ဖြစ်သည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၄)။ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများ ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ အလယ်တန်းဆင့်ကလေးများ၏ အနာအကြား စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာ အပိုင်းငယ်တစ်ခုနှင့် အပြောအဆို စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာအပိုင်းငယ်တစ်ခု စုစုပေါင်းနှစ်ခု (သင်ချိန် ၁၅ မိနစ်စီ) ကို အုပ်စုအလိုက် ပြင်ဆင်ရေးဆွဲကြရန်ဖြစ်သည်။ ထိုသို့ပြင်ဆင်နိုင်ရန် အလယ်တန်းဆင့် မြန်မာစာ ကျောင်းသားကိုင်နှင့် ဆရာလမ်းညွှန် စာအုပ်များကို ဖတ်ရှုလေ့လာခြင်း၊ ပြီးခဲ့သည့်လုပ်ငန်း (၁)၊ (၂) နှင့် (၃) တို့ကို ထည့်သွင်းစဉ်းစားခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၅)။ ပြင်ဆင်ထားသည့် သင်ခန်းစာများကို ပိုမိုကောင်းမွန် အောင် ပြုပြင်မွမ်းမံခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားအုပ်စုတိုင်းသည် မိမိတို့ပြင်ဆင်ထားသည့် သင်ခန်းစာများကို ကိုယ်တိုင်ပြန်လည်ဆင်ခြင်သုံးသပ်ခြင်း၊ အခြားအုပ်စုများနှင့် လဲလှယ် ဖတ်ရှု၍ လေ့လာခြင်း၊ အပြုသဘော တုံ့ပြန်သုံးသပ်ချက်၊ အကြံပြုချက်များ ပေးခြင်းနှင့် လက်ခံရယူခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် အပြန်အလှန် လေ့လာသင်ယူကြရန်ဖြစ်သည်။ သင်ခန်းစာများ ပိုကောင်းအောင် ပြုပြင်မွမ်းမံသည့် လုပ်ငန်းလည်းဖြစ်ပါသည်။

# ၄.၂.၄ လက်တွေ့သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အလယ်တန်းဆင့် ကလေးများ၏ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေရန် ပြင်ဆင်ထားသည့် သင်ခန်းစာကို လက်တွေ့သင်ကြားတတ်မည်။

## အချင်းချင်းသင်ကြားခြင်း(Peer teaching)

အချင်းချင်းသင်ကြားခြင်း အစီအစဉ်များကို စီစဉ်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းသည် ဆရာအတတ်သင် ကျောင်းသားများအတွက်သာမက သင်ကြားပို့ချသည့် ဆရာအတတ်သင် ဆရာများအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေပါသည်။ အုပ်စုငယ်များဖွဲ့၍ အချင်းချင်းသင်ကြားမှု ရလဒ်အမျိုးမျိုးကိုအခြေခံကာ ကျောင်းသားများအား ရှေ့ဆက်၍ မည်သည့်ပံ့ပိုးမှုကို မည်သို့လုပ်ဆောင်ရန်လိုအပ်ကြောင်း ဆရာအား သိရှိစေပါသည်။ အချင်းချင်းသင်ကြားခြင်း၏ အကျိုးကျေးဇူးများတွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည်။

- ကျောင်းသားများ ကိုယ်တိုင်သင်ယူလေ့လာချိန်ရရှိခြင်း။
- ကျောင်းသားအချင်းချင်း တိုက်ရိုက်ထိတွေ့၊ အပြန်အလှန်ဆက်သွယ် ဆောင်ရွက်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ပိုမိုသင်ယူမှုရခြင်း။
- အခြားသူများကို သင်ကြားခြင်းဖြင့် မိမိ၏သင်ယူမှုကို ပိုမိုအားကောင်းစေခြင်း။
- ကျောင်းသားအချင်းချင်းသင်ရသဖြင့် ပိုမိုပွင့်လင်းမှု၊ စိတ်သက်သောင့်သက်သာ ခံစားမှုရှိခြင်း။
- ကျောင်းသားအချင်းချင်း မျှဝေကြသဖြင့် ပိုမိုနားလည်သဘောပေါက်ခြင်း။
- ကျောင်းသားအနေနှင့်သာမက ဆရာအနေနှင့်ပါ အခန်းကဏ္ဍ (၂) မျိုး (သို့မဟုတ်) ရှုထောင့်အမြင် (၂) ခုဖြင့် ကြည့်ရှုလေ့လာရသဖြင့် သင်ခန်းစာ အကြောင်းအရာများကို ပိုမိုနားလည် သဘောပေါက်လာခြင်း။

အထူးသဖြင့် ကျောင်းသားများသည် သင်ခန်းစာအစီအစဉ် (သို့မဟုတ်) သင်ပြမှုပုံစံတစ်ခုကို ကိုယ်တိုင်ရေးဆွဲခြင်း၊ လိုအပ်သည့် သင်ထောက်ကူများကို ကိုယ်တိုင်ရှာဖွေစုဆောင်းခြင်းအပြင် အဆိုပါသင်ခန်းစာကို ကိုယ်တိုင်သင်ကြားရခြင်း၊ သင်ခန်းစာသင်ကြားမှုအပေါ် ကိုယ်တိုင် ပြန်လည်ဆင်ခြင်သုံးသပ်၍ သင်ခန်းစာယူရခြင်းတို့ကြောင့် သမားရိုးကျပုံစံမျိုးထက် နှစ်ဆပိုမိုသင်ယူရရှိခြင်း။


## အချင်းချင်းလေ့ကျင့်သင်ကြားသည့် ပုံစံအမျိုးမျိုး

ဆရာအတတ်သင် ကျောင်းသားများ၏ သင်ကြားရေးစွမ်းရည်များ ဖွံ့ဖြိုးရေးအတွက် ကျောင်းသားအချင်းချင်း လေ့ကျင့်သင်ကြားရာတွင် ပုံစံအမျိုးမျိုးကို အဆင်ပြေသလို အသုံးပြုနိုင်သည်။ အတန်းရှိကျောင်းသားများကို အလယ်တန်းကလေးများအဖြစ် ပါဝင်သရုပ်ဆောင်မည့်သူများနှင့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို လေ့လာကြည့်ရှုသုံးသပ် အကြံပြုမည့်သူများဟူ၍ အဓိကအုပ်စုကြီး (၂) စုခွဲကာ ၎င်းတို့အထဲမှ လက်တွေ့သင်ပြမည့်သူ တစ်ဦး (သို့) နှစ်ဦးကိုမူ မဲစနစ်ဖြင့်ဖြစ်စေ ရွေးချယ်ခြင်းဖြစ်သည်။ ထို့နောက် အလယ်တန်း ပုံမှန်စာသင်ချိန် တစ်ချိန်စာ (၄၅ မိနစ်) နီးပါး လေ့ကျင့်သင်ကြားခြင်းနှင့် လေ့လာကြည့်ရှု သုံးသပ်မည့် သူများထံမှ သင်ကြားမှုအပေါ် သုံးသပ်အကြံပြုချက်များရယူခြင်း ဖြစ်သည်။ ဤနည်းသည် ကျောင်းသား တစ်ဦး (သို့မဟုတ်) နှစ်ဦးကိုသာ လက်တွေ့သင်ကြားသည့် အခွင့်အရေးကို ရရှိစေပါသည်။ ဆရာကစီမံခန့်ခွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် လိုအပ်သည်များ ပံ့ပိုးခြင်းတို့ကို လုပ်ဆောင်ရန်ဖြစ်သည်။

အတန်းရှိကျောင်းသားများကို (၆) ဦးမှ (၈) ဦးခန့်ပါသော အုပ်စုများဖွဲ့ခြင်း၊ အဆိုပါအုပ်စုများ အတွင်း သင်ခန်းစာ အပိုင်းတိုတစ်ခုကို အချင်းချင်းလေ့ကျင့်သင်ကြားခြင်း၊ သင်ကြားချိန်ကို ပုံမှန်စာသင်ချိန် (၄၅) မိနစ် အပြည့် မဟုတ်ဘဲ အချိန်တို (ဥပမာ - ၁၅မိနစ်) ခန့်သာ သတ်မှတ်ခြင်းတို့ဖြင့်လည်း လုပ်ဆောင်နိုင်ပါသည်။ အကယ်၍ ဤနည်းလမ်းကိုသုံးပါမူ အုပ်စုအရေအတွက်ပေါ် မူတည်၍ လေ့ကျင့်သင်ကြားခွင့်ရသည့် ကျောင်းသားဦးရေ ပိုများလာမည် ဖြစ်သည်။

ပြီးခဲ့သည့် သင်ခန်းစာဖြစ်သည့် “(၄.၂.၃) သင်ခန်းစာပြင်ဆင်ခြင်း”တွင် ကျောင်းသားများသည် အလယ်တန်းဆင့် ကလေးများ၏အနာအကြား စွမ်းရည်များဖွံ့ဖြိုးစေသည့် သင်ခန်းစာ အပိုင်း တစ်ခုနှင့် အပြောအဆိုစွမ်းရည်များဖွံ့ဖြိုးစေသည့် သင်ခန်းစာအပိုင်းတစ်ခု စုစုပေါင်း နှစ်ခု (ခန့်မှန်းသင်ချိန် မိနစ် ၃၀ စီ)ကို အုပ်စုလိုက် ကြိုတင်ပြင်ဆင်ခဲ့ကြပြီးဖြစ်သည်။ အဆိုပါ သင်ခန်းစာများအနက် အချို့ကို ဤသင်ခန်းစာ “(၄.၂.၄) လက်တွေ့သင်ကြားခြင်း” အချိန်တွင် အသုံးပြုရန်ဖြစ်ပါသည်။ ကျောင်းသားများ လက်တွေ့လေ့ကျင့်သင်ကြားရာတွင်

အောက်ဖော်ပြပါ “ပုံ (၄.၄) အချင်းချင်းလေ့ကျင့် သင်ကြားခြင်း (၁) နှင့် (၂)” ကို အသုံးပြုနိုင်ပါသည်။ ဤနည်းလမ်းတွင် သင်ချိန် မိနစ် (၃၀) ခန့်အတွက် ကြိုတင်ပြင်ဆင်ထားသည့် သင်ခန်းစာ အပိုင်းတိုတစ်ခုကို အုပ်စုထဲတွင်ကျောင်းသား အချင်းချင်းသဏ္ဌာန်လုပ်၍ လေ့ကျင့် သင်ကြားခြင်းဖြစ်သည်။ အတန်းရှိကျောင်းသားများကို အုပ်စုကြီး (က) နှင့် အုပ်စုကြီး (ခ) ဟူ၍ နှစ်စုခွဲပြီး ပထမစာသင်ချိန်တွင် လက်တွေ့သင်ကြားခြင်း (၁) ဖြစ်သည့် အနာအကြား သင်ခန်းစာနှစ်ခုကို လေ့ကျင့်သင်ကြားနိုင်ပါသည်။ ဤသင်ခန်းစာ “(၄.၂.၄) အတွက် စာသင်ချိန် နှစ်ချိန် သတ်မှတ်ထားသောကြောင့် ဒုတိယစာသင်ချိန်တွင် လက်တွေ့သင်ကြားခြင်း (၂) ဖြစ်သည့် သင်ခန်းစာ နှစ်ခုကို လေ့ကျင့်သင်ကြားနိုင်ပါသည်။ သင်ကြားမှုကို စောင့်ကြည့် လေ့လာကာ သုံးသပ်လွှာတွင် မှတ်တမ်းတင်သူဟူ၍ သီးသန့်တာဝန်မပေးတော့ဘဲ အုပ်စုဝင် အားလုံးက သင်ကြားမှုအပေါ် သုံးသပ်ကြရန်ဖြစ်သည်။ ဥပမာ - ကျောင်းသား (၂၀) ဦး ပါသည့် အုပ်စုကြီးတွင် သင်ကြားသူဆရာတစ်ဦး၊ ကျောင်းသား (၁၉) ဦး ဖြစ်ပြီး သင်ချိန်မိနစ် (၃၀) ပြည့်လျှင် သင်ပြမှုအပေါ် သုံးသပ်ခြင်းလုပ်ငန်းကို အချိန် (၅) မိနစ် - (၁၀) မိနစ်ခန့်အတွင်း လုပ်ဆောင်နိုင်ရန် ဖြည့်စွက်ရမည့်သုံးသပ်လွှာကို သင်ကြားမှုမစခင်ကတည်းက ကြိုတင်ဝေငှ ထားရန် လိုအပ်ပါသည်။ (သို့မဟုတ်) သင်ကြားမှုနှင့် စပ်လျဉ်း၍ သုံးသပ်ရမည့်အချက်များကို ဆရာက သင်ပုန်းပေါ်တွင် ရေးပြနိုင်ပါသည်။ အချိန်သတိပေးခြင်း အပါအဝင် လိုအပ်သည်များကို ဆရာကပံ့ပိုးရန် ဖြစ်သည်။ (မှတ်ချက်။ ။ သင်ခန်းစာ ၄.၂.၄ ၏ စာသင်ချိန် နှစ်ချိန်တွင် လက်တွေ့သင်ကြားခြင်း (၁) နှင့် (၂) အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ လက်တွေ့ သင်ကြားခြင်း (၁) နှင့် (၂)၊ လက်တွေ့လေ့ကျင့်သင်ကြားမှု (၁) နှင့် (၂) ကို ပြန်လည်သုံးသပ်ခြင်းဟူ၍ အဓိကအပိုင်းသုံးပိုင်း ပါဝင်နိုင်ပါသည်။)




**ပုံ ၄.၄။ အချင်းချင်းလေ့ကျင့်သင်ကြားခြင်း (၁) နှင့် (၂)**

အထက်ပါပုံအရ ပထမစာသင်ချိန်တွင် အနာအကြားစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာ နှစ်ခု နှင့် ဒုတိယစာသင်ချိန်တွင် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာ နှစ်ခုကို လေ့ကျင့်သင်ကြားနိုင်မည်ဖြစ်သည်။

## သင်ကြားမှုအပေါ် သုံးသပ်ခြင်း၊ အကြံပြုခြင်း

အတန်းဖော်ချင်း အုပ်စုငယ်ဖွဲ့ လေ့ကျင့်သင်ကြားခြင်း လုပ်ငန်းအပြီးတွင် သင်ကြားသင်ယူမှု အတွေ့အကြုံအပေါ် ပြန်လည်ဆင်ခြင်သုံးသပ်ရန် လိုအပ်ပါသည်။ သင်ခန်းစာသင်ချိန် (၁၅) မိနစ်အပြီးတွင် သုံးသပ်လွှာများတွင် ဖြည့်စွက်၍ဖြစ်စေ သုံးသပ်ရမည့် အချက်များကို ဆရာက သင်ပုန်းတွင်ရေးပြ၍ဖြစ်စေ အချိန် (၅) မိနစ် - (၁၀) မိနစ်ခန့်အတွင်း လုပ်ဆောင်နိုင်ပါသည်။ သုံးသပ်လွှာတွင်ပါဝင်သည့် အချက်များသည် ရိုးရှင်းပြီး အချက် (၃) - (၄) ချက်ထက် မပိုသင့်ပါ။ သာဓကအနေဖြင့် ရိုးရှင်းသည့် သုံးသပ်လွှာတွင် အောက်ပါအချက်များ ပါဝင်နိုင် ပါသည်။ သင်ကြားမှုအပေါ် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းကို ဆရာအဖြစ် သင်ကြားသူမှ စတင်ကာ ကိုယ်တိုင်သုံးသပ်ချက်များကို ဦးစွာမျှဝေပြီးမှ ကျောင်းသားများ အဖြစ် သရုပ်ဆောင်သူများအား အလှည့်ပေးနိုင်ပါသည်။

(က) ဤသင်ခန်းစာသင်ကြားမှုနှင့်စပ်လျဉ်း၍ သဘောကျနှစ်သက်မှုအရှိဆုံးအချက်တစ်ခု။

(ခ) ဤသင်ခန်းစာသင်ကြားမှု ပိုမိုကောင်းမွန်ထိရောက်စေရန်အကြံပြုချက်။

(ဂ) ဤသင်ခန်းစာသင်ကြားမှုမှ သင်ယူရရှိလိုက်သည့်အချက်များ။

**စာသင်ချိန် (၁)**

### သင်ယူမှုလုပ်ငန်း (၁)။ လက်တွေ့သင်ကြားခြင်း (၁) နှင့် (၂) အတွက် ကြိုတင်ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ ကြိုတင်ပြင်ဆင်ရေးဆွဲထားသည့် အနာအကြားနှင့် အပြောအဆို စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာသင်ပြမှုပုံစံ (ခန့်မှန်းသင်ချိန် မိနစ် ၃၀ ခန့်စီ) များကို အုပ်စု (၂) စု ခွဲ၍ ကျောင်းသားအချင်းချင်း လက်တွေ့လေ့ကျင့် သင်ကြားရေး အတွက် ဆရာနှင့် ကျောင်းသားများပူးပေါင်းကာ ကြိုတင်ပြင်ဆင်ကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ပြင်ဆင်ထားသည့်သင်ခန်းစာကို လက်တွေ့လေ့ကျင့် သင်ကြားခြင်း (၁)

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ ကြိုတင်ပြင်ဆင်ထားသည့် အနာအကြားဆိုင်ရာ သင်ပြမှုပုံစံ (၂) ခုကို ကျောင်းသားအုပ်စု (က) နှင့် အုပ်စု (ခ) တို့တွင် တစ်ပြိုင်နက်တည်း လေ့ကျင့်သင်ကြားကြရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျောင်းသားအချို့မှာ သင်ပြသူဆရာ အနေဖြင့်သော်လည်းကောင်း၊ အချို့မှာမူ သင်ယူသူ အလယ်တန်းကလေးများ အနေဖြင့် သော်လည်းကောင်း သင်ကြားသင်ယူမှု အတွေ့အကြုံများရရှိရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ လက်တွေ့လေ့ကျင့်သင်ကြားမှု (၁) ကို ပြန်လည်သုံးသပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့်ကလေးများ၏ အနာအကြား စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာ သင်ပြမှုပုံစံနှစ်ခု (ခန့်မှန်းသင်ချိန်မိနစ် ၃၀ ခန့်စီ) ကို လက်တွေ့သင်ကြားမှုအပေါ် ထိရောက်သော ပြန်လည်သုံးသပ် အကြံပြုချက်များပေးခြင်း၊ အချင်းချင်းမျှဝေခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၄)။ ပြင်ဆင်ထားသောသင်ခန်းစာကို လက်တွေ့လေ့ကျင့် သင်ကြားခြင်း (၂)

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကြိုတင်ပြင်ဆင်ထားသည့် အပြောအဆိုဆိုင်ရာ သင်ပြမှုပုံစံ (၂) ခုကို ကျောင်းသား အုပ်စု (က) နှင့် အုပ်စု (ခ) တို့တွင် တစ်ပြိုင်နက်တည်း လေ့ကျင့်သင်ကြားကြရန် ဖြစ်သည်။

ဤတစ်ကြိမ်တွင် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေသည့်သင်ခန်းစာ သင်ပြမှုပုံစံ (၂) ခုကို ပထမစာသင်ချိန်၊ လုပ်ငန်း (၁) တွင် လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၅)။ လက်တွေ့လေ့ကျင့် သင်ကြားမှု(၂)ကို ပြန်လည်သုံးသပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့် ကလေးများ၏ အပြောအဆို စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာ သင်ပြမှုပုံစံနှစ်ခု (ခန့်မှန်းသင်ချိန်မိနစ် ၃၀ ခန့်စီ)ကို လက်တွေ့သင်ကြားမှုအပေါ် ထိရောက်သော ပြန်လည်သုံးသပ် အကြံပြုချက်များပေးခြင်း၊ အချင်းချင်းမျှဝေခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။

ပထမစာသင်ချိန်၊ လုပ်ငန်း (၃) တွင် လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၆)။ သင်ခန်းစာအနှစ်ချုပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အနာအကြားနှင့် အပြောအဆိုစွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများကို အချင်းချင်းလေ့ကျင့်သင်ကြားသည့် လုပ်ငန်းများတွင် ကျောင်းသားများကိုယ်တိုင် ပါဝင်လုပ်ဆောင်ခဲ့ကြသည့် အားလျော်စွာ သင်ခန်းစာဆိုင်ရာ အရေးကြီး/အဓိကကျသည့် အချက်များကို တွေး-တွဲ-မျှဝေခြင်းနည်းဖြင့် စဉ်းစားဖော်ထုတ်ကြရန် ဖြစ်သည်။ တစ်နည်းအားဖြင့် သင်ခန်းစာကို အနှစ်ချုပ်ကြရန်ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ အလယ်တန်းဆင့်ကလေးများ၏ အနာအကြားဆိုင်ရာစွမ်းရည်များ ဖွံ့ဖြိုးစေရန် အလေးပေးကာ လေ့ကျင့်သင်ကြားနိုင်သည့် သင်ယူမှုလုပ်ငန်းများကို အကြံပြု ဖော်ပြပါ။

၂။ အလယ်တန်းဆင့်ကလေးများ၏ အပြောအဆို ဆိုင်ရာစွမ်းရည်များ ဖွံ့ဖြိုးစေရန် အလေးပေးကာ လေ့ကျင့်သင်ကြားနိုင်သည့် သင်ယူမှုလုပ်ငန်းများကို အကြံပြု ဖော်ပြပါ။

၃။ အနာအကြားနှင့် အပြောအဆို စွမ်းရည်များကို အလယ်တန်းဆင့်ကလေးများအား အဘယ်ကြောင့် စနစ်တကျ ထည့်သွင်းသင်ကြားပေးရန် လိုအပ်သနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- အနာအကြားဆိုသည်မှာ မိမိကြားလိုက်ရသည့် အပြောစကားတစ်ခွန်းကို နားလည်သဘောပေါက်နိုင်ရန် အလို့ငှာ (၁) ဘာသာစကား ဆိုင်ရာ အချက်အလက်များ၊ (၂) စကားပြောသည့် ဆက်စပ်အခြေအနေနှင့် (၃) နားထောင်သူ၏ ရှိပြီးအသိပညာ ဗဟုသုတဟူသည့် အကြောင်းရပ်သုံးခု အပြန်အလှန် တုံ့လှယ်ချိတ်ဆက်ပြီး အဓိပ္ပာယ် ဖော်ရသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။
- နားထောင်ရသည့် ရည်ရွယ်ချက်အလိုက် အနာအကြားပုံစံအမျိုးမျိုး ကွဲပြားသည်ဖြစ်ရာ ကွဲပြားသည့်အလျောက် လိုအပ်သောကျွမ်းကျင်မှုများကို လေ့ကျင့်သင်ကြားပေးရန် လိုအပ်သည်။ အထူးသဖြင့် အာရုံစိုက် နားထောင်တတ်သူများ၊ စိတ်ပါဝင်စားစွာ နားထောင်တတ်သူများ ဖြစ်လာစေရန် ပုံမှန်လေ့ကျင့် သင်ကြားပေးရန် လိုအပ်ပါသည်။
- အနာအကြားစွမ်းရည်ကို သီးသန့် အလေးပေးလေ့ကျင့် သင်ကြားသည့်အခါတွင်မူ နားထောင်ပြီး ပြန်ပြောခြင်း၊ အချက်အလက်များ မှတ်သားခြင်း၊ နားထောင်ပြီး ကောက်ချက်ချခြင်း၊ စကားပြောသူ၏ အမြင်ကိုနားထောင်ခြင်း၊ ဖြတ်ဆက် နားထောင်ခြင်း၊ နားထောင်ရင်းမှတ်စုလိုက်ခြင်း စသည့်သင်ယူမှုလုပ်ငန်းများ စီစဉ် ဆောင်ရွက်နိုင်ပါသည်။
- စကားပြောစွမ်းရည်တွင် ဘာသာစကားဆိုင်ရာ တတ်ကျွမ်းမှု၊ လက်တွေ့အသုံးဆိုင်ရာ တတ်ကျွမ်းမှု၊ စကားစဉ် (discourse) ဆိုင်ရာ တတ်ကျွမ်းမှုနှင့် ဆက်သွယ်ပြောဆိုခြင်း ဆိုင်ရာ နည်းနာများ တတ်ကျွမ်းမှုဟူသော အဓိကတတ်ကျွမ်းမှုလေးမျိုးပါဝင်သည်။ အပြောအဆို စွမ်းရည် ဖွံ့ဖြိုးစေရန် လေ့ကျင့်သင်ကြားပေးရာ၌ အဆိုပါတတ်ကျွမ်းမှု အမျိုးမျိုးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးစေရန် လေ့ကျင့်သင်ကြားပေးရပါမည်။
- အခြေခံပညာ အလယ်တန်းဆင့် ကလေးများအတွက် အပြောအဆို ကျွမ်းကျင်ရေး သင်ကြားရာ၌ စာသင်ခန်းအတွင်း အပြန်အလှန် ပြောဆိုဆွေးနွေးမှုများတွင် ထိရောက်စွာ ပါဝင်ဆွေးနွေး နိုင်ရန်နှင့် အများရှေ့တွင် အကြောင်းအရာတစ်ရပ်ကို ထိရောက်စွာ တင်ပြပြောဆိုနိုင်ရန်လိုအပ်သော ကျွမ်းကျင်မှုများကို အလေးပေး သင်ကြားသင့်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

- အနာအကြားနှင့် အပြောအဆိုသည် တစ်တွဲတည်း ဖြစ်နေသည့်အတွက် အနာအကြား မပါဘဲ အပြောအဆို တစ်ခုတည်းခွဲထုတ်ကြည့်ရန် ခက်ခဲသောကြောင့် ထိုကျွမ်းကျင်မှု နှစ်ရပ်ကို ပေါင်းစပ်ကာ အပြောဘာသာစကား ကျွမ်းကျင်မှုများဟုလည်း ခေါ်ကြပါသည်။ ဤအခန်းတွင် အဆိုပါ အပြောဘာသာစကားတို့၏ သဘောသဘာဝများကို နားလည် သဘောပေါက်အောင် ဦးစွာလေ့လာပြီးလျှင် အလယ်တန်းဆင့် ကလေးများ၏ အပြောဘာသာစကား ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းများ၊ လုပ်ငန်းများကို လေ့လာခဲ့ကြပါသည်။ ထိုတတ်ကျွမ်းမှုများသည် အခြေခံပညာ အလယ်တန်းဆင့် ကလေးများ၏ ပညာဆက်လက်သင်ယူရေးအတွက်သာမက ဘဝတစ်သက်တာ ရပ်တည်လုပ်ကိုင်နေထိုင်နိုင်ရေးအတွက်ပါ အရေးကြီးသောကြောင့် စနစ်တကျ စီစဉ်သင်ကြားပေးသင့်ပါသည်။ ကလေးများ အဆိုပါကျွမ်းကျင်မှုများ ရရှိရန် စာသင်ခန်းအတွင်း ပုံမှန်သင်ခန်းစာများ သင်ကြားပေးရင်း လေ့ကျင့် ပျိုးထောင်ပေးခြင်းအပြင် သီးခြားသင်ခန်းစာ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းများ ဖန်တီးကာ လေ့ကျင့်သင်ကြားပေးခြင်းတို့လည်း လုပ်ဆောင်သင့်ပါသည်။
- အထူးသဖြင့် အိမ်တွင်မြန်မာဘာသာစကား ပြောဆိုသုံးစွဲမှု အခွင့်အလမ်းနည်းပါးသည့် ကလေးများမှာမူ အပြောဘာသာစကား စွမ်းရည်များ ဖွံ့ဖြိုးလာရန် ကျောင်းသို့ရောက်မှ ပိုစံတကျသင်ယူလေ့လာခွင့်ရကြပါသည်။ သို့ဖြစ်ပါ၍ မြန်မာစာဆရာများ အနေဖြင့် သင်ခန်းစာကြိုတင် ပြင်ဆင်ရာတွင် အဆိုပါအချက်များကို အထူးအလေးထား စဉ်းစားပြီး သီးခြားသင်ယူမှုလုပ်ငန်းများ၊ သင်ထောက်ကူများကို ထည့်သွင်းရေးဆွဲကြရန် လိုအပ် ပါသည်။

## ဆက်လက်ဖတ်မှတ်စရာများ

### ၄.၁။ အပြောဘာသာစကား ဖွံ့ဖြိုးမှု

ခင်မင်၊မောင်(ဓနုဖြူ)။(၂၀၁၉)။ *ဘာသာဗေဒဝေါဟာရများ* ။ ရန်ကုန်၊ ဒေါင်းစာပေ။

Hedge, T. (2008). *Teaching and learning in the language classroom.* Oxford: Oxford University Press.

Richards, J. C. (2008). *Teaching listening and speaking: Theory to practice.* Cambridge: Cambridge University Press.

## ၄.၂။ အပြောဘာသာစကား စွမ်းရည်များကို သင်ကြားသင်ယူခြင်း

ပညာရေးဝန်ကြီးဌာန (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။

ပညာရေးဝန်ကြီးဌာန (၂၀၁၉)။ *သင်တန်းမိတ်ဆက်၊ ယေဘုယျအကြောင်းအရာများ*။ Retrieved from https://createmm.org

ပညာရေးဝန်ကြီးဌာန (နေ့စွဲမပါ)။ *မြန်စာဘာသာရပ် Grade 6 to 9 သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ* ။ ပုံနှိပ်ထုတ်ဝေခြင်းမပြုသည့်မူကြမ်း

Department of Education, Tasmanian Government, Australia. (2016). *Good teaching: Literacy 7 – 10.* Retrieved from www.education.tas.gov.au/intranet/

Madden, C. G., & Rohlck, T. N. (2006). *Discussion interaction in the academic community.* Ann Arbor: The University of Michigan Press.

Pearson. (n.d.). *Providing eductional feedback* white paper. Available at https://www.pearson.com/content/ dam/one-dot-com/one-dot-com/us/en/ pearson-ed/ downloads/Feedback.pdf

Ur, P. (1984). *Teaching listening comprehension.* Cambridge: Cambridge University Press.

Whitman, Neal A., (1988) *Peer teaching: To teach is to learn twice.* ASHE-ERIC Higher Education Report No. 4, 1988.

# အခန်း ၅

## အဖတ်အရွတ်နှင့် အရေးအသား ကျွမ်းကျင်မှုများ

ဤအခန်းတွင် မြန်မာဘာသာစကား၏ အခြေခံကျွမ်းကျင်မှုလေးမျိုးအနက် အဖတ်အရွတ်နှင့် အရေးအသား ကျွမ်းကျင်မှုများအကြောင်းကို အပိုင်း (၄) ပိုင်းခွဲကာ သင်ခန်းစာ စုစုပေါင်း (၂၂) ခုဖြင့် ဝေဝေဆာဆာ တင်ပြထားသည်။ ပညာရေးဒီဂရီကောလိပ်၊ ဒုတိယနှစ်၏ ဤပထမစာသင်နှစ်ဝက်တွင် အခန်းငယ် (၅.၁) "စာဖတ်ကျွမ်းကျင်မှုများ" နှင့် အခန်းငယ် (၅.၂) "စာဖတ်ကျွမ်းကျင်မှုများကို သင်ကြားသင်ယူခြင်း" တို့ပါဝင်ပြီး ကျန်သည့် အပိုင်းနှစ်ခုကိုမူ ဒုတိယစာသင်နှစ်ဝက်တွင် ထည့်သွင်းဖော်ပြထားပါသည်။ အခြေခံပညာအလယ်တန်းဆင့် ကလေးများအနေဖြင့် အဖတ်အရွတ် ကျွမ်းကျင်မှုများရရှိစေရန် လေ့ကျင့်သင်ကြားပေးနိုင်သည့် သင်ကြားမှုနည်းလမ်းများအပြင် အဆိုပါ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများ ပြင်ဆင်ခြင်း၊ လက်တွေ့လေ့ကျင့် သင်ကြားခြင်းတို့ကိုပါ ဤအပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် သင်သည် -

- စာဖတ်တတ်ကျွမ်းမှု၏ အခြေခံသဘောများကို ရှင်းပြတတ်မည်။
- စာသားပုံစံ အမျိုးမျိုးကို ခွဲခြားတတ်မည်။
- စာဖတ်ခြင်းပုံစံ အမျိုးမျိုးကို ခွဲခြားတတ်မည်။
- စာဖတ်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ (သို့မဟုတ်) စာဖတ်သည့် ရည်ရွယ်ချက်အလိုက် ကွဲပြားသည့် စာဖတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ခွဲခြားတတ်မည်။
- မီဒီယာမှရရှိသော သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်တတ်မည်။
- စာပါအကြောင်းအရာများကို ယေဘုယျ နားလည်သဘောပေါက်ရန် သင်ကြားနိုင်မည့် နည်းလမ်းများကို ရှင်းပြတတ်မည်။
- အလယ်တန်းဆင့် ကလေးများ မြန်မာဝေါဟာရကြွယ်ဝရန် သင်ကြားနိုင်သော နည်းလမ်းများကို ရှင်းပြတတ်မည်။
- စာဖတ်ခြင်းဖြင့် သတင်းအချက်အလက်များရယူရန် သင်ကြားပေးသော နည်းလမ်းများကို ဖော်ပြတတ်မည်။
- စာဖတ်ပြီး အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန် သင်ကြားပေးသော နည်းလမ်းများကို ဖော်ပြတတ်မည်။
- စာဖတ်ခြင်းဖြင့် စာပါအကြောင်းအရာများအပေါ် ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်နိုင်ရန် သင်ကြားပေးနိုင်သော နည်းလမ်းများကို ဖော်ပြတတ်မည်။
- စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရင့်သန်လာစေရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။
- စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။
- အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများကို ပြင်ဆင်တတ်မည်။
- အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများကို လက်တွေ့သင်ကြားတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှု လိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၂.၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို သင်ကြား သင်ယူမှုတွင် သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာ နှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာရေးဆွဲ ပြင်ဆင်နိုင်ကြောင်း ပြသည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့် လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

## အဓိကအသုံးအနှုန်းများ

ကောက်ချက်ဆွဲခြင်း/ကောက်ချက်ချခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်ဖတ်ခြင်း၊ စာတတ်မြောက်မှု၊ စာပေဆိုင်ရာစာသား၊ စာဖတ်ခြင်း၊ စာဖတ်ခြင်းပုံစံ၊ စာဖတ်တတ်ကျွမ်းမှု၊ စာဖတ်နေစဉ်၊ စာဖတ်အပြီး၊ စာမဖတ်မီ၊ စာသား၊ ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှု၊ မီဒီယာ တတ်ကျွမ်းမှု၊ ဝေဖန်ပိုင်းခြားစာတတ်မြောက်မှု၊ ဝေဖန်ပိုင်းခြားဖတ်ရှုခြင်း၊ ဝေါဟာရ အမျိုးအစားအဆင့်ဆင့်၊ အကြမ်းဖျင်းဖတ်ခြင်း၊ စာသားဖွဲ့စည်းပုံ၊ စာသား အစစ်အမှန်၊ စေ့စေ့စပ်စပ်ဖတ်ခြင်း၊ တိုက်ရိုက်နားလည်ခြင်း၊ ဒစ်ဂျစ်တယ်ဆိုင်ရာ စာတတ်မြောက်မှု၊ ဖန်တီးစိတ်ကူး ဖတ်ရှုခြင်း၊ ဗဟုဝဏ္ဏအဆင့်မြင့်စာသား၊ အဓိပ္ပာယ်ကောက်ယူခြင်း၊ အပိုင်းငယ်အလိုက် စမ်းသပ်သင်ကြားခြင်း၊ အပြောစာသား၊ အရုပ်စာသား၊ အသိပေး စာသား၊ အသံတိတ်ဖတ်ခြင်း၊ အသံထွက်စဉ်းစားခြင်း၊ အသံထွက်ဖတ်ခြင်း၊ အာရုံစူးစိုက်ဖတ်ခြင်း။

# ၅.၁။ စာဖတ်ကျွမ်းကျင်မှုများ

ဤအပိုင်းတွင် အဓိကအားဖြင့် စာဖတ်ကျွမ်းကျင်မှုနှင့်ဆိုင်သည့် အခြေခံသဘောတရားများကို ဆွေးနွေးတင်ပြထားသည်။ စာဖတ်ခြင်းနှင့်စပ်လျဉ်းသည့် စာဖတ်တတ်ကျွမ်းမှု၏ အခြေခံသဘောများ၊ စာသားပုံစံ အမျိုးမျိုး၊ စာဖတ်ခြင်းပုံစံ အမျိုးမျိုးနှင့် စာဖတ်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ စသည်တို့ကို ရှင်းလင်းဖော်ပြထားပါသည်။ အထူးသဖြင့် ၂၁ ရာစုတွင် သာမန်စာအုပ်စာတမ်းများကို ဖတ်တတ်ခြင်းသာမက မီဒီယာအမျိုးမျိုးမှ သတင်းအချက်အလက်များကိုပါ လက်ခံရယူတတ်ခြင်း၏ အရေးကြီးပုံကိုလည်း ဆွေးနွေးထားပါသည်။

## ၅.၁.၁ | စာဖတ်တတ်ကျွမ်းမှု

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာဖတ်တတ်ကျွမ်းမှု၏ အခြေခံသဘောများကို ရှင်းပြတတ်မည်။

### စာဖတ်တတ်မှု (သို့မဟုတ်) စာဖတ်တတ်ကျွမ်းမှု

စာရေးစာဖတ်တတ်မြောက်ခြင်းသည် လူသားတိုင်းအတွက် မွေးရာပါအခွင့်အရေးတစ်ရပ်ဖြစ်သကဲ့သို့ လိုအပ်ချက်တစ်ရပ်လည်းဖြစ်သည်။ ပညာဆက်လက်သင်ယူရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် စာရေးစာဖတ်တတ်မြောက်ခြင်းသည် မရှိမဖြစ်အရေးပါသော လက်နက်ကိရိယာတစ်ခု ဖြစ်နေပါသည်။ စာဖတ်တတ်မြောက်ခြင်းနှင့် စပ်လျဉ်းပြီး အခြေခံပညာ မူလတန်းအဆင့်တွင် အခြေခံကျွမ်းကျင်မှုများနှင့် အဆင့်မြင့်ကျွမ်းကျင်မှုများဟူ၍ (၂) ပိုင်းခွဲကာ သတ်မှတ်ခဲ့သည်။ အခြေခံကျွမ်းကျင်မှုများတွင် အက္ခရာများကို သိခြင်းမှစပြီး စာလုံးများကိုဖတ်ခြင်း၊ စကားလုံးများကို အလိုအလျောက်သိခြင်း စသည့် ကျွမ်းကျင်မှုများပါဝင်ပြီး၊ အဆင့်မြင့် ကျွမ်းကျင်မှုများတွင်မူ နားလည်သဘောပေါက်မှု အဆင့်အမျိုးမျိုး ပါဝင်ပါသည်။ အခြေခံပညာ မူလတန်းအဆင့်တွင် စာရေးစာဖတ် သင်ကြားသည့်အခါ အဆိုပါကျွမ်းကျင်မှုနှစ်မျိုးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးစေရန် အလေးထား သင်ကြားပေးကြပါသည်။ အခြေခံပညာ အလယ်တန်းအဆင့်တွင်မူ

စာဖတ်တတ်မြောက်မှုကို စဉ်းစားသည့်အခါ အခြေခံကျွမ်းကျင်မှုများထက် နားလည်သဘောပေါက်မှုဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်မှုများကို အလေးပေးစဉ်းစားရန် လိုအပ်မည်ဖြစ်ပါသည်။ ယနေ့ခေတ် နိုင်ငံအများအပြားတွင် အခြေခံပညာပြီးမြောက်သည့်လူငယ်များအနေဖြင့် စာသင်ခန်းအတွင်းမှာသာမက စာသင်ခန်းပြင်ပမှာပါ ထိတွေ့ရမည့်စာသားအမျိုးမျိုးကို ဖတ်ရှုပြီး အဓိပ္ပာယ်ကိုရယူနိုင်စွမ်း၊ မိမိ၏လိုအပ်ချက်အတွက် အသုံးချနိုင်စွမ်းနှင့် သုံးသပ်အကဲဖြတ်နိုင်စွမ်း ရှိရမည်ဟု မျှော်မှန်းထားကြပါသည်။ ထိုအယူအဆနှင့်အတူ စာဖတ်တတ်မြောက်ခြင်းသည် ကလေးဘဝတွင် သင်ယူတတ်မြောက်ပြီးစီးရမည့်ကိစ္စတစ်ရပ် မဟုတ်ဘဲ ဘဝတစ်သက်တာလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေရမည့်အသိပညာ၊ ကျွမ်းကျင်မှုနှင့် မဟာဗျူဟာများဖြစ်သည်ဟု ယူဆလာကြပါသည်။ သို့ဖြစ်ရာ စာတတ်မြောက်မှု ဆိုသည်မှာ မိမိ၏ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်စေရန်၊ မိမိ၏အသိပညာနှင့် စွမ်းရည်များကို ဖွံ့ဖြိုးစေရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်နိုင်ရန်တို့အတွက် ရေးသား(ပုံနှိပ်)ထားသော စာသားများကိုနားလည်ခြင်း၊ အသုံးပြုခြင်း၊ အကဲဖြတ်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းနှင့် စိတ်ပါဝင်စားခြင်းတို့ ဖြစ်သည်။[၁၀၁]

တစ်နည်းအားဖြင့် အခြေခံပညာ အလယ်တန်းဆင့်တွင် စာဖတ်တတ်မြောက်မှုဆိုသည်မှာ သာမန် ရေးတတ်ဖတ်တတ်ရုံကိုသာ ရည်ညွှန်းသည့် အခြေခံကျွမ်းကျင်မှုများထက် ပိုမိုရှုပ်ထွေးလေးနက်သည့် ကျွမ်းကျင်မှုများကို သင်ယူတတ်မြောက်ခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

ယခုအခါ စာတတ်မြောက်မှု ဟူသည် ဘာသာစကားတစ်ခု၏ စာရေးစာဖတ်တတ်မြောက်မှုကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ အခြားသောစာတတ်မြောက်မှု အမျိုးပေါင်းများစွာကိုပါ ဆိုလိုကြောင်း ပညာရှင်များက လက်ခံထားကြပါသည်။ ၂၁ ရာစု ကျွမ်းကျင်မှုများတွင် သတင်းအချက်အလက်ဆိုင်ရာ စာတတ်မြောက်မှု (Information literacy)၊ မီဒီယာဆိုင်ရာ စာတတ်မြောက်မှု (Media literacy)၊ အိုင်စီတီဆိုင်ရာ စာတတ်မြောက်မှု (ICT literacy)၊ ကျန်းမာရေးဆိုင်ရာ စာတတ်မြောက်မှု (Health literacy)၊ ပြည်သူ့ရေးရာ စာတတ်မြောက်မှု (Civic literacy)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတတ်မြောက်မှု (Environmental literacy) စသည်အားဖြင့် စာတတ်မြောက်မှုကို အမျိုးမျိုးထည့်သွင်း သတ်မှတ်ထားကြောင်းတွေ့ရမည်ဖြစ်သည်။[၁၀၂] ထို့ပြင်ယဉ်ကျေးမှုဆိုင်ရာ စာတတ်မြောက်မှု (Cultural literacy)၊ ဘဏ္ဍာရေးဆိုင်ရာ စာတတ်မြောက်မှု (Financial literacy)၊ ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှု (Disciplinary literacy) ပညာရပ်ဆိုင်ရာ စာတတ်မြောက်မှု (Academic literacy) စသည်

[၁၀၁] OECD. (2018). *PISA 2018 assessment and analytical framework*. Paris: PISA, OECD Publishing. https://doi.org/10.1787/b25efab8-en

[၁၀၂] P21. (2016). *Framework for 21st century learning*. Washington DC: Partnership for 21st Century Skills. www.P21.org

အားဖြင့်လည်း ခွဲထားပါသေးသည်။ ထိုကဲ့သို့ စာတတ်မြောက်မှုအမျိုးမျိုး ခွဲခြားထားသည့် အနက်မှ အရေးပါသည့် စာတတ်မြောက်မှု (၃) မျိုးကို အခြေခံပညာ အလယ်တန်း ကျောင်းသားများ စာဖတ်တတ်မြောက်ရေးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။ ၎င်းတို့မှာ ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှု (Disciplinary literacy)၊ ဝေဖန်ပိုင်းခြား စာတတ်မြောက်မှု (Critical literacy) နှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ စာတတ်မြောက်မှု (Digital literacy) တို့ ဖြစ်သည်။

## (က) ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှု

ကလေးများ ကျောင်းသို့ရောက်ရှိသည့်အခါ ပညာသင်ယူရေး ဘာသာစကားကို ပိုမိုဖွံ့ဖြိုးစေရန် သင်ယူကြရပါသည်။ ပညာသင်ယူရာတွင် အသုံးပြုသည့် ဝေါဟာရများ၊ အသုံးအနှုန်းများကို မလွဲမသွေ သင်ယူကြရမည်ဖြစ်သည်။ အခြေခံပညာ အလယ်တန်းအဆင့်သို့ ရောက်ရှိသည့်အခါ အထူးတလည် အလေးပေးရမည့် စာတတ်မြောက်မှုမှာ ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှု ဖြစ်သည်။ ကျောင်းတွင် သင်ယူရသည့်ဘာသာရပ် (သို့မဟုတ်) ပညာရပ်တစ်ခုချင်းစီတွင် တစ်ဘာသာစီ ထူးခြားသောသဏ္ဌာန်တူ ဖန်တီးခြင်းအသုံးအနှုန်း၊ စာအရေးအသားဟန်၊ စာသားပုံသဏ္ဌာန်တို့ ရှိကြသည်ဖြစ်ရာ ဘာသာရပ်တစ်ခုချင်းအလိုက် လိုအပ်သောစာကိုဖတ်ပြီး နားလည်နိုင်၊ အချက်အလက်ထုတ်ယူနိုင်၊ အသုံးပြုနိုင်စွမ်းများသည့် ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှုပင် ဖြစ်သည်။ စာရေးစာဖတ် တတ်မြောက်မှု ဆိုသည်မှာ စာကို ယေဘုယျအားဖြင့် ဖတ်တတ်ခြင်းသက်သက်သာမက ဘာသာရပ်ဆိုင်ရာ စာများကိုပါ ကောင်းစွာဖတ်တတ်ခြင်းဖြစ်သည်။

မူလတန်းအောင်မြင်ပြီးနောက် အလယ်တန်းဆင့်သို့ တက်ရောက်လာကြသော ကျောင်းသားများသည် နက်နဲရှုပ်ထွေးသော ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို စတင်ဖတ်ရှုလေ့လာကြရပြီဖြစ်သည်။ မူလတန်းတွင် အခြေခံသဘောမျှသာ သင်ယူခဲ့ရာမှ အလယ်တန်းအဆင့်ကိုစသည်နှင့် ခက်ခဲပြီးပညာရပ်ဆန်သည့် အရေးအသားများ၊ စာသားပုံသဏ္ဌာန်များကို ထိတွေ့ဖတ်ရှုလာကြရပါသည်။ ဤအကူးအပြောင်းသည် အလယ်တန်းကျောင်းသားများ အတွက် အလွန်ခက်ခဲသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ကို ဆရာများက သတိမမူ ဖြစ်တတ်ပါသည်။ သို့ဖြစ်ရာ အလယ်တန်းကျောင်းသားများ၏ စာဖတ်တတ်မြောက်မှုကို ပံ့ပိုးပေးရာတွင် ဘာသာစကားပြ ဆရာများသာမက အခြားသောဘာသာရပ်ပြ ဆရာများကပါ ဝိုင်းဝန်းပံ့ပိုးပေးခြင်းသည် ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှုအတွက် ကောင်းမွန်သော နည်းလမ်းတစ်ရပ် ဖြစ်သည်ဟုဆိုပါသည်။[၁၀၃] မြန်မာနိုင်ငံတွင်လည်း ကျောင်းသားများသည်

[၁၀၃] Shanahan, T & Shanahan, C. (2012). What is disciplinary literacy and why does it matter? Topics in language disorders, January- March, 2012, pp. 7 – 18.

အလယ်တန်းရောက်သည်နှင့် ဘာသာရပ်ဆရာ တစ်ဦးစီက သင်ကြားပို့ချပေးသည့် ဘာသာရပ်ဆိုင်ရာ ပြဌာန်းစာအုပ်များကို ဖတ်ရှုလေ့လာကြရပါသည်။ စာဖတ်တတ်မြောက်မှုကို စဉ်းစားရာတွင် အဆိုပါဘာသာရပ်ဆိုင်ရာစာပေများကို ဖတ်ရှုနားလည်နိုင်စွမ်းကိုပါ ထည့်သွင်း စဉ်းစားပြီး ဘာသာရပ်ပြဆရာအားလုံးက ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## (ခ) ဝေဖန်ပိုင်းခြား စာတတ်မြောက်မှု

ဝေဖန်ပိုင်းခြား စာတတ်မြောက်မှုသည် ၂၁ ရာစုတွင် စာရေးစာဖတ်သင်ကြားရာ၌ အလေးထား စဉ်းစားလာရသည့် ချဉ်းကပ်နည်းတစ်ခုဖြစ်ပါသည်။ စာဖတ်သူတစ်ဦးအနေဖြင့် စာသားတစ်ပုဒ်၏ အပေါ်ယံအဓိပ္ပာယ်ကြည့်ပြီး လက်ခံခြင်းမပြုဘဲ နောက်ကွယ်တွင်ရှိနေသည့် စာရေးသူ၏ မူရင်းရည်ရွယ်ချက်ကို ဖော်ထုတ်နိုင်ရန် စာသားကို ခွဲခြမ်းစိတ်ဖြာပြီး မေးခွန်းထုတ်တတ်ခြင်းနှင့် သက်ဆိုင်ပါသည်။ စာသားများကို ခွဲခြမ်းစိတ်ဖြာ စိစစ်ကြည့်ခြင်းဖြင့် ရပ်တည်ချက် တစ်ခုခု အတွက် ဘာသာစကားကို မည်ကဲ့သို့ အသုံးချထားသည်ကို စာဖတ်သူက သိမြင်လာနိုင်သည်ဟု ဆိုပါသည်။ လူ့အုပ်စုများအနေဖြင့် လူမှုရေးနှင့် ယဉ်ကျေးမှုအရ မတူကွဲပြားသည့် လူ့အုပ်စုများ အနေဖြင့် မိမိတို့ပိုင်ဆိုင်ရရှိထားသည့် အခွင့်အာဏာကို ထိန်းသိမ်းနိုင်ရန် ရပ်တည်ချက် တစ်ခုဖြင့် စာသားအမျိုးမျိုးကို ရေးသား ထုတ်ပြန်လေ့ရှိကြသည်။ မည်သည့်စာရေးသူမျှ ကြားနေမဟုတ်၊ ရပ်တည်ချက် တစ်ခုမဟုတ်တစ်ခု ရှိကြသည်။ စာရေးသူအားလုံးတွင် တန်ဖိုးထားမှုများ၊ ရှုထောင့်များနှင့် ရည်ရွယ်ချက်များရှိကြသည်။ သို့ဖြစ်ရာ ကျောင်းသားများကို စာဖတ်တတ်မြောက်မှုအတွက် သင်ကြားပေးရာတွင် မည်သည့်စာသားကိုဖြစ်စေ ခွဲခြမ်းစိတ်ဖြာ စိစစ်တတ်စေရန် အထူးသဖြင့် စာသားအပေါ် မေးခွန်းထုတ်တတ်စေရန် သင်ကြားပေးရေးသည် ဝေဖန်ပိုင်းခြား စာတတ်မြောက်မှု အတွက် အရေးကြီးပါသည်။[၁၀၄] ဝေဖန်ပိုင်းခြား စာတတ်မြောက်မှုသည် ဝေဖန်ပိုင်းခြား ဆင်ခြင်စဉ်းစားခြင်း (Critical thinking)၊ ဝေဖန်ပိုင်းခြားမှုဖြင့် စာဖတ်ခြင်း (Critical reading) တို့နှင့် ဆင်တူသယောင်ရှိသော်လည်း စင်စစ်မှာမတူကွဲပြား ခြားနားပါသည်။ ဝေဖန်ပိုင်းခြား ဆင်ခြင်စဉ်းစားခြင်းသည် စာသား တစ်ခုတွင် ပါဝင်သည့် အကြောင်းအရာများ၏ ကြောင်းကျိုးဆီလျော်မှု၊ ဆက်စပ်မှု၊ ယုတ္တိတန်မှုတို့အပေါ် မိမိ၏ဉာဏ်ရည်ဖြင့် ဝေဖန်သုံးသပ်ခြင်းသာ ဖြစ်သည်။ ဝေဖန်ပိုင်းခြား စာတတ်မြောက်မှုကမူ စာသားပါ အကြောင်းအရာသက်သက် သာမက စာသားနှင့် ဆက်စပ်နေသော လူမှုအသိုက်အဝန်း၏ နှုန်းစံတန်ဖိုးများ၊ အင်အားချိန်ခွင်လျှာများကိုပါ ထည့်သွင်းစဉ်းစားကာ စာသားနှင့် စာရေးသူ၏ ရပ်တည်ချက်၊ ဘက်လိုက်မှု ရှိ/မရှိ၊ တရားမျှတမှု ရှိ/မရှိ စသည်တို့ကိုပါ ဖော်ထုတ်သည့် ချဉ်းကပ်နည်းဖြစ်သည်။ ဝေဖန်ပိုင်းခြား စာတတ်မြောက်မှုကို ချဉ်းကပ်နည်း (၃) နည်းဖြင့် သင်ကြားပေးနိုင်ပါသည်။

[၁၀၄] Fellowes, J., & Oakley, G. (2010). *Language, literacy and early childhood education*. Sydney: OUP.

အဆိုပါ ချဉ်းကပ်နည်း (၃) မျိုးမှာ -

- စာသားကို ခွဲခြမ်းစိတ်ဖြာခြင်း။
- စာသားကို အခြားနည်းလမ်းတစ်ခုဖြင့် ပြန်လည်ရေးသားစီကုံးခြင်း။
- စာသားနှစ်ခု (သို့မဟုတ်) စာသားများကို နှိုင်းယှဉ်ကြည့်ခြင်းတို့ ဖြစ်သည်။

## (ဂ) ဒစ်ဂျစ်တယ်ဆိုင်ရာ စာတတ်မြောက်မှု

၂၁ ရာစုကျွမ်းကျင်မှုများကို ဖော်ထုတ်သတ်မှတ်ရာတွင် ဒစ်ဂျစ်တယ်တတ်ကျွမ်းမှု (သို့မဟုတ်) ဒစ်ဂျစ်တယ်ဆိုင်ရာ စာတတ်မြောက်မှုသည် နယ်ပယ်တစ်ခုအဖြစ် ပါဝင်လာခဲ့ပြီး ထိုနယ်ပယ်ထဲတွင် သတင်းအချက်အလက်ဆိုင်ရာ စာတတ်မြောက်မှု (Information literacy)၊ မီဒီယာဆိုင်ရာ စာတတ်မြောက်မှု (Media literacy)၊ အိုင်စီတီဆိုင်ရာ စာတတ်မြောက်မှု (ICT literacy) ဟူ၍ ထပ်မံခွဲခြားဖော်ထုတ်ထားပါသည်။[၁၀၅] သတင်းအချက်အလက်ဆိုင်ရာ စာတတ်မြောက်မှုသည် သတင်းအချက်အလက်များကို ထိရောက်မြန်ဆန်စွာရယူနိုင်ခြင်း၊ ဝေဖန်သုံးသပ် အကဲဖြတ်နိုင်ခြင်းနှင့် မှန်ကန်စွာအသုံးပြုနိုင်ခြင်းစသည့် စွမ်းရည်များကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ မီဒီယာဆိုင်ရာ စာတတ်မြောက်မှုတွင်မူ မီဒီယာအမျိုးမျိုးတွင် တွေ့ရသော သတင်းစကားများကို ကြောင်းကျိုးခိုင်လုံစွာ ဝေဖန်ဆန်းစစ်နိုင်ခြင်း၊ လူ့အဖွဲ့အစည်းအပေါ် မီဒီယာ၏လွှမ်းမိုးမှုများကို သိမြင်နားလည်ခြင်းနှင့် မီဒီယာများ၏ ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များကို နားလည်သဘောပေါက်ခြင်းတို့ ပါဝင်ပါသည်။ အိုင်စီတီဆိုင်ရာ စာတတ်မြောက်မှုဆိုသည်မှာမူ အိုင်စီတီနည်းပညာကို အသုံးချနိုင်စွမ်းပင်ဖြစ်ပါသည်။

၂၁ ရာစုတွင် လူ့အဖွဲ့အစည်းအတွင်း ဝင်ဆံ့ရန်နှင့် ထိရောက်စွာ ပါဝင်လုပ်ဆောင်နိုင်ရန်တို့အတွက် သာမန်စာရေးတတ်ဖတ်တတ်ရုံဖြင့် မလုံလောက်တော့ပါ။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ တစ်ဟုန်ထိုး တိုးတက်ထွန်းကားလာရာ ကမ္ဘာကြီး၏ မည်သည့်နေရာတွင်မဆို၊ မည်သည့် အချိန်တွင်မဆို သတင်းအချက်အလက် အမျိုးမျိုးကို လက်လှမ်းမီနိုင်နေပြီဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ရာ နေ့စဉ်မီဒီယာ အမျိုးမျိုး၊ လူမှုကွန်ရက်အမျိုးမျိုး၊ အင်တာနက်စာမျက်နှာ အမျိုးမျိုးမှ သတင်းအချက်အလက်များ၊ သတင်းစကားများကို အလွယ်တကူ ရယူနေကြသည့်အပြင် ပြန်လည်တုံ့ပြန် လုပ်ဆောင်မှုများကိုလည်း ပြုလုပ်နေကြပါသည်။ သို့ရာတွင် ရရှိသည့် သတင်းအချက်အလက်အားလုံးက မှန်ကန်သည့် အချက်အလက်များဟု မယူဆနိုင်ပါ။ "စစ်မှန်သော အချက်အလက်လား၊ ဝါဒဖြန့်ကြော်ငြာလား"

[၁၀၅] Trilling, B., & Fadel, C. (2009). *21[st] century skills: Learning for life in our times*. San Francisco: Jossey-Bass.

ဆိုသည်ကို ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်စွမ်းက အရေးကြီးလာပါသည်။ မြန်မာစာ ဖတ်တတ်ခြင်း ဆိုသည်မှာ စာအုပ်များထဲတွင်တွေ့ရသည့် စာများကို ဖတ်တတ်ရုံ သက်သက်မဟုတ်ဘဲ မီဒီယာအမျိုးမျိုး၊ လူမှုကွန်ရက်အမျိုးမျိုး၊ အင်တာနက်စာမျက်နှာ အမျိုးမျိုးရှိ စာများကို ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် ဖတ်ရှုနားလည်ပြီး သင့်တင့်လျောက်ပတ်စွာ ပြန်လည်တုံ့ပြန် လုပ်ဆောင်တတ်ခြင်းအထိ ပါဝင်ရန်လိုအပ်ပါသည်။

### သင်ယူမှုလုပ်ငန်း (၁)။ စာဖတ်တတ်ကျွမ်းမှု၏ အဓိပ္ပာယ်ကို မေးမြန်းခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ "စာဖတ်တတ်ကျွမ်းမှု၏ အဓိပ္ပာယ်ကို သင် မည်သို့ နားလည်သနည်း။" ဟူသော မေးခွန်းကို ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေရင်း သင်ခန်းစာကို နိဒါန်းပျိုးရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ စာဖတ်တတ်ကျွမ်းမှု၏ အခြေခံသဘောများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၅.၁.၁) ပါ အကြောင်းအရာကိုဖတ်ရှုခြင်း၊ အလယ်တန်းဆင့် ကလေးများ၏ စာဖတ်တတ်မြောက်ခြင်းဆိုင်ရာ အခြေခံသဘောများကို အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ စိတ်ကူးပုံဖော် ရေးဆွဲခြင်းတို့ကို အုပ်စုလိုက် လုပ်ဆောင်ရင်း သင်ယူကြရန်ဖြစ်သည်။

## ၅.၁.၂ | စာသားပုံစံအမျိုးမျိုး


### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာသားပုံစံ အမျိုးမျိုးကို ခွဲခြားတတ်မည်။

စာဖတ်ခြင်းဟူသော ဖြစ်စဉ်တွင် စာဖတ်သူ၊ ဖတ်သည့်စာသား၊ စာဖတ်ခြင်းနှင့်ဆိုင်သော ဆက်စပ်အခြေအနေတို့ ပါဝင်ပါသည်။ စာဖတ်ခြင်းနှင့်ဆိုင်သော ဆက်စပ်အခြေအနေတွင် စာဖတ်ရသည့် အကြောင်းရင်း၊ စာဖတ်သည့် ပတ်ဝန်းကျင်၊ ဖတ်သည့်အချိန် စသည်တို့ သာမက စာဖတ်ခြင်းကို ဆရာ (သို့မဟုတ်) လူကြီးများက ပံ့ပိုးပေးပုံတို့လည်း ပါဝင်ပါသည်။

စာဖတ်သူသည် ဖတ်သည့်စာသားနှင့် ထိတွေ့လုပ်ကိုင်ရင်း စာသား၏အဓိပ္ပာယ်ကို ရှာဖွေရသည်။ ထိုဖြစ်စဉ်အပေါ်တွင် စာဖတ်ရသည့် ဆက်စပ်အခြေအနေကလည်း လွှမ်းမိုးမှု ရှိပါသည်။ သို့ရာတွင် ၎င်းတို့အထဲတွင် ဖတ်သည့်စာသားသည် အချက်အချာကျပါသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူက စာဖတ်သူအားပေးလိုသည့် သတင်းစကားကို ပေးပို့သည့် နည်းလမ်း ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ရာ စာရေးစာဖတ် သင်ကြားရာတွင် စာသားအမျိုးမျိုး၏ အကြောင်းကို သိနားလည်စေရန်လည်း သင်ကြားပေးရမည်ဖြစ်သည်။




**ပုံ ၅.၁။ စာဖတ်ခြင်းပုံစံ**[၁၀၆]

## စာသားပုံသဏ္ဌာန်အမျိုးမျိုး

စာသားများအကြောင်းကိုလေ့လာမည်ဆိုလျှင် စာသားပုံသဏ္ဌာန်အမျိုးမျိုး၊ စာသားတစ်ခုတွင် ပါဝင်သည့် စိတ်ကူးစိတ်သန်းများကို ဖွဲ့စည်းထားပုံ အမျိုးမျိုးနှင့် ပါဝင်သည့် အဓိက အကြောင်းအရာများကို အခြေတည်ပြီး လေ့လာရန်လိုအပ်ပါသည်။

စာသားများ၏ ပုံသဏ္ဌာန်ကို အမျိုးမျိုးခွဲနိုင်သော်လည်း ၎င်းတို့၏ ယေဘုယျပုံသဏ္ဌာန်နှင့် တည်ဆောက်ထားပုံတို့ကိုကြည့်ကာ နှစ်မျိုးခွဲနိုင်ပါသည်။ တစ်ဆက်တစ်စပ်တည်း ရေးသား ထားသော စာသားနှင့် တစ်ဆက်တစ်စပ်တည်း ရေးသားမထားသော စာသားဟူ၍ ဖြစ်သည်။[၁၀၇]

[၁၀၆] Department of Education, Tasmanian Government, Australia. (2016). *Good teaching – Literacy 7 – 10.* For the latest version of this document and additional support materials go to: www.education.tas.gov.au/intranet/

[၁၀၇] OECD. (1999). *Measuring student knowledge and skills: A new framework for assessment.* Paris: OECD Publications Service.

## (က) တစ်ဆက်တစ်စပ်တည်း ရေးသားထားသောစာသား

ဤစာသားပုံသဏ္ဍာန်များတွင် ယေဘုယျအားဖြင့် ဝါကျများ၊ စာပိုဒ်ငယ်များဖြင့် စီကုံးရေးဖွဲ့ထားသည့် စာသားများ ပါဝင်ပါသည်။ ခေါင်းစဉ်များ၊ ခေါင်းစဉ်ငယ်များ၊ စာပိုဒ်များစသည်ဖြင့် သမားရိုးကျအတိုင်း စုဖွဲ့ကာ အကြောင်းအရာကို တင်ပြထားသည့် ပုံစံများဖြစ်သည်။ နေ့စဉ်တွေ့မြင်နေရသကဲ့သို့ အထူးသဖြင့် စာသင်ခန်းများတွင် ဖတ်ရသည့် စာသားအများစုသည် ဤပုံသဏ္ဍာန်စာသားများ ဖြစ်ပါသည်။ ၎င်းတို့ကို အမျိုးအစားခွဲလျှင် အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

၁။ သရုပ်ဖော်စာသား။ ။လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုစသည်တို့၏သွင်ပြင်လက္ခဏာများ၊ ဂုဏ်သတ္တိများ၊ စရိုက်လက္ခဏာများကို ဖော်ပြထားသည့် စာသားမျိုးဖြစ်သည်။

၂။ ဖြစ်စဉ်ပြစာသား။ ။အချိန်ကာလအလိုက် ပြောင်းလဲနေသည့် အဖြစ်အပျက်များကို ပြန်လည်တင်ပြသည့် စာသားမျိုးဖြစ်သည်။ ၎င်းတို့အထဲတွင် ဝတ္ထု၊ ဇာတ်လမ်းများ၊ အစီရင်ခံစာများ၊ ဇာတ်ကြောင်းပြန်များ ပါဝင်သည်။

၃။ ဖွင့်ဆိုရှင်းပြစာသား။ ။ပါဝင်သည့် အယူအဆများ၊ အသိသညာများကို တစ်ခုနှင့် တစ်ခုချိတ်ဆက်ပြီး ရှင်းပြထားသည့် စာသားအမျိုးအစားဖြစ်သည်။ ဖွင့်ဆိုရှင်းပြစာစီစာကုံးများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အနှစ်ချုပ်များ၊ အစည်းအဝေးမှတ်တမ်းများ စသည်တို့သည် ဤအမျိုးအစားတွင် ပါဝင်ပါသည်။

၄။ ကျိုးကြောင်းပြစာသား။ ။"ဘာကြောင့်လဲ" ဟူသော မေးခွန်းမျိုးကို ဖြေရှင်းသည့် အရေးအသားမျိုးဖြစ်သည်။ အဆိုပြုချက်တစ်ခုကိုတင်ပြပြီး စာဖတ်သူလက်ခံလာအောင်ဆွဲဆောင်သည့် စာသားမျိုးလည်းပါဝင်သည်။

၅။ ညွှန်ကြားချက်များ။ ။တစ်စုံတစ်ခုကို လုပ်ဆောင်ရန် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ စသည်တို့ကဲ့သို့သော စာသားများဖြစ်သည်။

၆။ ကွန်ပျူတာတွင် စုဆောင်းထားသောစာသား (Hypertext)။ ။ချိတ်ဆက်ထားသော စာသားအမျိုးမျိုးကို အပိုင်းလိုက် အစီအစဉ်အမျိုးမျိုးဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်ထားသော စာသားအစုများ ဖြစ်ပါသည်။

## (ခ) တစ်ဆက်တစ်စပ်တည်း ရေးသားမထားသောစာသား

တစ်ဆက်တစ်စပ်တည်း ရေးသားမထားသော စာသားများမှာ စာပိုဒ်ငယ်များဖြင့် စီကုံးရေးဖွဲ့ထားခြင်းမရှိသည့် စာသားများဖြစ်သည်။ အဆိုပါစာသားမျိုးကို ဖတ်စာအုပ်များတွင် များများစားစားမတွေ့ရပါ။ သို့ရာတွင် လက်တွေ့ဘဝတွင်မူ နေ့စဉ်တွေ့နေရသည့် စာသားများ

ဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသည့် စာသားများသည် တစ်ဆက်တစ်စပ်တည်း ရေးသားမထားသော စာသားများဖြစ်ပါသည်။ စာရေးစာဖတ် သင်ကြားရာတွင် ဤကဲ့သို့သော စာသားများကို ထည့်သွင်းသင်ကြားလေ့မရှိကြပါ။ သို့ရာတွင် ပညာရပ်များကို သင်ယူရန်ဖြစ်စေ၊ နေ့စဉ်လက်တွေ့ဘဝလုပ်ငန်းများ လည်ပတ်ရန်အတွက်ဖြစ်စေ ဤစာသားမျိုးကို နေ့စဉ်ထိတွေ့ ဖတ်ရှုနေရမည်မှာ အသေအချာပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ စာရေးစာဖတ် စာသင်ခန်းများတွင် တစ်ဆက်တစ်စပ်တည်း ရေးသားမထားသော စာသားများကိုလည်း ဖတ်ရှုခွင့်ရစေရန် စီစဉ်ပေးသင့်ပါသည်။ အဆိုပါစာသားများအနက် အောက်တွင်ဖော်ပြထားသည့် စာသား များသည် အများဆုံးတွေ့ရှိရသည့် စာသားပုံစံများဖြစ်သည်။

၁။ စာရင်းများ (Lists) (ဥပမာ - ကုန်စာရင်း၊ ဈေးစာရင်း၊ လူစာရင်း စသည်)

၂။ ဖြည့်သွင်းရန်ပုံစံများ (ဥပမာ - ကျောင်းဝင်ခွင့် လျှောက်လွှာပုံစံ)

၃။ ငွေလက်ခံဖြတ်ပိုင်းများ (ဈေးဝယ်ဘောက်ချာများ)

၄။ အသိအမှတ်ပြုလက်မှတ်များ (ဥပမာ - အောင်လက်မှတ်၊ ဘွဲ့လက်မှတ် စသည်)

၅။ ကြော်ငြာများ

၆။ ဂရပ်ပုံများ(Graphs)၊ ပုံစံများ(Diagrams)၊ ပုံပြကားချပ်များ(Charts)

၇။ ဇယားများ

၈။ မြေပုံများ

## စာသားဖွဲ့စည်းထားပုံ


စာသားတစ်ပုဒ်တွင် အကြောင်းအရာများ၊ စိတ်ကူးစိတ်သန်းများ၊ အချက်အလက်များကို မည်ကဲ့သို့ ချိတ်ဆက် စုစည်းတင်ပြထားသည်ကို လေ့လာကြည့်ခြင်းသည်လည်း အရေးကြီး ပါသည်။ စာရေးသူ၏ ရည်ရွယ်ချက် ပေါက်မြောက်စေရန် ဆီလျော်သည့် စာသားပုံသဏ္ဌာန်ကို ရွေးချယ်ပြီး မည်ကဲ့သို့ ဖွဲ့စည်းတင်ပြသည်ဆိုသည့် အချက်ကို ကြည့်ခြင်းဟုလည်း ဆိုနိုင်ပါသည်။ ဤနေရာတွင် စာပေဆိုင်ရာရှုထောင့်မှကြည့်ကာ စိတ်ကူးယဉ်ဝတ္ထုနှင့် စိတ်ကူးယဉ်ဝတ္ထု မဟုတ်သော စာပေဟု ခွဲပုံမျိုးရှိသကဲ့သို့ အသိပေးစာသား (Information text) နှင့် စာပေ ဆိုင်ရာ စာသား (Literary text) ဟု ခွဲပုံမျိုးလည်း ရှိပါသည်။ မည်သို့ပင်ခွဲထားသည်ဖြစ်စေ စာသားဖွဲ့စည်းထားပုံကို နားလည်ပါက စာကို ပိုမိုထိရောက်စွာ ဖတ်နိုင်ပါသည်။ စာဖတ်သူ အနေဖြင့် စာသားဖွဲ့စည်းထားပုံကိုကြည့်ကာ အကြောင်းအရာကို ခန့်မှန်းနိုင်သကဲ့သို့ စာသားထဲမှ စိတ်ကူးစိတ်သန်းများ၏ ဆက်စပ်မှုကိုလည်း ခန့်မှန်းနိုင်ပါသည်။

**ဇယား ၅.၁။ စာသားဖွဲ့စည်းပုံအမျိုးမျိုး**


| စဉ် | စာသားဖွဲ့စည်းပုံ | ရည်ရွယ်ချက် | သွင်ပြင်လက္ခဏာများ |
|---|---|---|---|
| ၁ | အဖြစ်အပျက်ကို ပြန်ပြောခြင်း | အတိတ်က အတွေ့အကြုံကို ပြန်ပြောရန် | • အဖြစ်အပျက်၏ အစ<br>• ဖြစ်ရပ်အဆင့်ဆင့် (ယေဘုယျအားဖြင့် အစဉ်အလိုက်)<br>• မိမိ၏ မှတ်ချက် |
| ၂ | ဖြစ်စဉ်ပြ | ဖျော်ဖြေရန်နှင့် စာဖတ်သူ၏ စိတ်ကူးဉာဏ်ကို မြှင့်တင်ပေးရန် | • အစပျိုးခြင်း<br>• ပြဿနာစတင်ခြင်း<br>• ဖြစ်ရပ်အဆင့်ဆင့်<br>• ပြေလည်အောင် ဖြေရှင်းခြင်း |
| ၃ | လုပ်ငန်းစဉ်ပြ | တစ်စုံတစ်ခုပြုလုပ်ရေး အတွက် ညွှန်ကြားချက် ပေးရန် | • ရည်မှန်းချက်ပန်းတိုင်<br>• လိုအပ်သော<br>• နည်းလမ်း<br>• သုံးသပ်အကဲဖြတ်ခြင်း |
| ၄ | အစီရင်ခံစာ | သတင်းအချက်အလက်များကို စုစည်းထိန်းသိမ်း ထားရန် | • အဖွင့်ဖော်ပြချက်<br>• အချက်အလက်များ<br>• ပုံများ၊ အမှတ်အသားများ အသုံးပြု |
| ၅ | ရှင်းလင်းတင်ပြခြင်း | မည်သို့ ဖြစ်မြောက်သည် (သို့မဟုတ်) မဖြစ်မြောက်သည်ကို ရှင်းပြရန် | • အကြောင်းအရာခေါင်းစဉ်နှင့် စပ်လျဉ်းသည့်ဖော်ပြချက်<br>• ရှင်းလင်းချက် (၁)<br>• ရှင်းလင်းချက် (၂)<br>• ရှင်းလင်းချက် (၃) စသည်<br>• နိဂုံးချုပ်ဖော်ပြချက် |
| ၆ | ကျိုးကြောင်းပြ | ကိစ္စတစ်ခုအပေါ် မိမိ၏ ရပ်တည်ချက်ကို ကျိုးကြောင်းပြရန် | • မိမိ၏ရပ်တည်ချက်ကို ဖော်ပြခြင်း<br>• ကျိုးကြောင်းပြ အထောက်အထားများနှင့် နမူနာများ တင်ပြခြင်း<br>• အနှစ်ချုပ် |

အထက်တွင် ဖော်ပြထားသည်များမှာ ထင်ရှားသည့် နမူနာအချို့သာဖြစ်ပြီး အခြားသော အမျိုးအစားများလည်း များစွာရှိနိုင်ပါသည်။

စာသား ပုံစံအမျိုးမျိုးနှင်စပ်လျဉ်းပြီး ဆရာများအနေဖြင့် အလေးပြုဖွယ်ရာ နှစ်ခုရှိပါသည်။ ပထမတစ်ခုမှာ မိမိ၏ ကျောင်းသားများကို စာသားပုံစံအမျိုးမျိုးနှင့် ထိတွေ့နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရန်ဖြစ်သည်။ တစ်ဆက်တစ်စပ်တည်း ရေးသားထားသော စာသားနှင့် တစ်ဆက်တစ်စပ်တည်း ရေးသားမထားသော စာသားများကိုပါ ရင်းနှီးစေရန် ဆောင်ရွက်ရပါမည်။ တစ်ချိန်တည်းမှာပင် အကြောင်းအရာများ၊ စိတ်ကူးစိတ်သန်းများ၊ အချက်အလက်များကို ဖွဲ့စည်းရေးသားပုံ အမျိုးမျိုးကိုလည်း ထိတွေ့ခွင့်ရရှိစေရန် ဖန်တီးပေးရပါမည်။ ဒုတိယအနေဖြင့် ကျောင်းသားများကို စာသားဖွဲ့စည်းပုံများကို နားလည်စေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ စာဖတ်သင်ခန်းစာများ၌ စာသားတွင် ပါဝင်သည့် အကြောင်းအရာများကို ဂရပ်ဖစ်ပုံများအသုံးပြုကာ စုစည်းဖော်ပြစေသည့် လုပ်ငန်းများ ထည့်သွင်းပေးခြင်းဖြင့် စာသားဖွဲ့စည်းပုံသဘောကို နားလည်စေနိုင်ပါသည်။




**ပုံ ၅.၂။ အဖြစ်အပျက်အကြောင်း ပြန်ပြောခြင်းကို ဂရပ်ဖစ်ပုံဖြင့်စုစည်းခြင်း**




**ပုံ ၅.၃။နှိုင်းယှဉ်ဖော်ပြခြင်းကို ဂရပ်ဖစ်ပုံဖြင့် စုစည်းခြင်း**

## သင်ယူမှုလုပ်ငန်း (၁)။ စာဖတ်ခြင်းပုံစံ ဂရပ်ဖစ်ပုံကို လေ့လာခြင်းဖြင့် နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာဖတ်ခြင်းပုံစံ ဂရပ်ဖစ်ပုံကို ဆရာက သင်ပုန်းပေါ်တွင် ပုံကြမ်းရေးဆွဲပြပြီး စာဖတ်ခြင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကျောင်းသားများ၏ ရှိပြီးအသိကို မေးမြန်းဖော်ထုတ်ရင်း သင်ခန်းစာကို နိဒါန်းပျိုးရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ စာသားပုံစံများအကြောင်းကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာသားပုံစံအမျိုးမျိုးနှင့်စပ်လျဉ်းပြီး ကျောင်းသားများ နားလည် သဘောပေါက်စေရေးအတွက် ခေါင်းစဉ်ခွဲ (၃)ခုခွဲကာ လက်ဖက်ရည်စကားဝိုင်း ဆွေးနွေးပွဲပုံစံမျိုးဖြင့် ဆွေးနွေးရင်း သင်ယူလေ့လာကြရန်ဖြစ်သည်။

# ၅.၁.၃ စာဖတ်ခြင်းပုံစံအမျိုးမျိုး

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာဖတ်ခြင်းပုံစံ အမျိုးမျိုးကို ခွဲခြားတတ်မည်။

## စာဖတ်ပုံဖတ်နည်းအမျိုးမျိုး

စာဖတ်ခြင်းသည် အက္ခရာများကိုသိခြင်းမှ စတင်ပြီး စာတစ်ပုဒ်ကို နားလည်သဘောပေါက်ကာ ရသခံစားနိုင်၊ ဝေဖန်သုံးသပ်နိုင်သည့် အဆင့်အထိပါဝင်သော ကျွမ်းကျင်မှုအမျိုးမျိုးကို အသုံးပြုရသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ စာဖတ်ခြင်းတွင် ဖတ်သည့်စာသား၊ စာဖတ်သူနှင့် စာဖတ်ရသည့် အကြောင်းရင်းတို့ ချိတ်ဆက်နေသည့် ဖြစ်စဉ်တစ်ခုလည်းဖြစ်သည်။ စာဖတ်ရာတွင် စာဖတ်သူလုပ်ဆောင်ရသည့်လုပ်ငန်း၊ စာဖတ်ရသည့် အကြောင်းရင်း စသည့် အချက်များအပေါ် မူတည်ကာ စာဖတ်ပုံဖတ်နည်း အမျိုးမျိုးကွဲပြားပါသည်။ စာဖတ်ပုံဖတ်နည်း အမျိုးမျိုးရှိသည့်အနက် အောက်တွင်ဖော်ပြထားသည့် စာဖတ်ပုံများသည် ကျောင်းသားများ အများဆုံးလုပ်ဆောင်ရသော စာဖတ်သည့်ပုံစံများဖြစ်သည်။

၁။ အသံထွက်ဖတ်ခြင်း (Reading aloud)

၂။ အသံတိတ်ဖတ်ခြင်း (Silent reading)

၃။ အာရုံစူးစိုက်ဖတ်ခြင်း (Intensive reading)

၄။ ကျယ်ကျယ်ပြန့်ပြန့်ဖတ်ခြင်း (Extensive reading)

၅။ စေ့စေ့စပ်စပ်ဖတ်ခြင်း (Skimming)

၆။ အကြမ်းဖျင်းဖတ်ခြင်း/အပေါ်ယံဖတ်ခြင်း (Scanning)

## အသံထွက်ဖတ်ခြင်း

စာတစ်ပုဒ်ကို အသံထွက်၊ အဖြတ်အရပ်နှင့် လေယူလေသိမ်း ပီသမှန်ကန်စွာဖတ်ခြင်းဖြစ်သည်။ ထို့ပြင် ဖတ်သည့်စာသား၏ အဓိပ္ပာယ်ပေါ်လွင်စေရန်လိုအပ်သော အသံနေအသံထားနှင့် ဟန်ပန်တို့ပါ ဖြည့်စွက်လျက် ဖတ်ခြင်းလည်းဖြစ်သည်။ ကျောင်းသားများ စာရေးစာဖတ်

သင်ယူစအဆင့်တွင် တိကျမှန်ကန်စွာဖတ်နိုင်ရေးကို အထောက်အကူပြုရန် အတွက် ဖတ်ခိုင်းလေ့ရှိသော လုပ်ငန်းလည်းဖြစ်သည်။ သို့ရာတွင် အသံထွက်ဖတ်ခြင်းကို အလေးပေးလွန်းပါက သွက်လက်စွာဖတ်နိုင်စွမ်းကို နှောင့်နှေးစေနိုင်သည်ဟုလည်း ဆိုကြပါသည်။ စာသင်ခန်းများတွင် အသံထွက်ဖတ်ခြင်းကို ကျောင်းသားများသာမက ဆရာများကလည်း လုပ်ဆောင်ရသည်။ ဆရာများက အသံထွက်ဖတ်ပြခြင်း၏ ရည်ရွယ်ချက်မှာ အသံထွက်၊ အဖြတ်အရပ်နှင့် လေယူလေသိမ်း ပီသမှန်ကန်စွာ ဖတ်တတ်ရေး အတွက် စံနမူနာအဖြစ် ဖတ်ပြခြင်းဖြစ်သည်။ ဆရာကဖတ်ပြခြင်းသည် မှန်ကန်သည့် စာဖတ်ပုံဖတ်နည်းအတွက် စံနမူနာကောင်းပြရုံသာမက ကလေးများ၏ နားထောင်ပြီး နားလည်သဘောပေါက်မှုကို ဖွံ့ဖြိုးစေနိုင်သည့်အတွက် စာရေးစာဖတ် သင်ကြားသင်ယူမှု ဖြစ်စဉ်တွင် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

## အသံတိတ်ဖတ်ခြင်း

စာဖတ်ခြင်းတတ်ကျွမ်းမှု မြင့်လာသည်နှင့်အမျှ အသံထွက်ဖတ်ရာမှ အသံတိတ်ဖတ်ခြင်းသို့ ကူးပြောင်းခြင်းသည် စာဖတ်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ အသံတိတ်ဖတ်ခြင်းသည် စာဖတ်နှုန်းကိုလျင်မြန်စေပြီး စာဖတ်သွက်ခြင်းကို အားပေးပါသည်။ နားလည်သဘောပေါက်မှုကို ပိုမိုဖြစ်ထွန်းစေသည့်အတွက် အကောင်းဆုံးစာဖတ်နည်း တစ်ခုဖြစ်သည်။ စိတ်ဝင်စားဖွယ်ရာများကို ရှာဖွေရန်နှင့် ပျော်ရွှင်နှစ်သက်မှုကို ရရှိခံစားရန် တို့အတွက် စာဖတ်ရာတွင် အသံတိတ်ဖတ်ခြင်းသည် ထိရောက်ပါသည်။ အတိုင်းအတာ တစ်ခုအထိ အသံထွက် ဖတ်တတ်နေပြီဆိုပါက အသံတိတ်ဖတ်ခြင်း အဆင့်သို့ ကူးပြောင်းစေသင့်ပါသည်။ အသံထွက်ဖတ်ခြင်းအဆင့်မှ အသံတိတ်ဖတ်ခြင်း အဆင့်သို့ ကူးပြောင်းစတွင် အသံမထွက်သည့်တိုင် နှုတ်မှရွတ်နေနိုင်ပါသည်။ ထိုအလေ့အထမျိုး ဖြစ်နေပါက လျင်မြန်စွာဖျောက်သင့်ပါသည်။

## အာရုံစူးစိုက်ဖတ်ခြင်း

အာရုံစူးစိုက်ဖတ်ခြင်း ဆိုသည်မှာ သတ်မှတ်ထားသော စာတစ်ပုဒ်ကို အသေးစိတ်ဖတ်ခြင်း ဖြစ်သည်။ စာသင်ခန်းများတွင် အများဆုံးတွေ့ရသည့် စာဖတ်ခြင်းပုံစံ တစ်ခုဖြစ်ပြီး ပြဋ္ဌာန်းထားသော ဖတ်စာအတိုတစ်ပုဒ်ကိုဖတ်ရှုပြီး လိုအပ်သော အချက်အလက်များကို ရှာဖွေရသည့် ဖတ်နည်းဖြစ်သည်။ ဖတ်စာပါအကြောင်းအရာကို နားလည်မှုအတွက်သာမက ဝေါဟာရ အသုံးအနှုန်း၊ ဝါကျတည်ဆောက်ပုံ၊ သဒ္ဒါစသည့် ဘာသာစကားဆိုင်ရာ အခြင်းအရာ များကိုပါ လေ့လာရသည်။ တိကျမှန်ကန်စွာ ဖတ်တတ်မှုကို အလေးပေးသည့် စာဖတ်ခြင်းပုံစံ

ဖြစ်သည်။ စာသင်ခန်းထဲတွင် မြန်မာစာသင်ကြားချိန်၌ ဖတ်စာများကို လေ့လာဖတ်ရှုခြင်းသည် အာရုံစူးစိုက်ဖတ်ခြင်းပင် ဖြစ်ပါသည်။

## ကျယ်ကျယ်ပြန့်ပြန့်ဖတ်ခြင်း

ကျယ်ကျယ်ပြန့်ပြန့်ဖတ်ခြင်းသည် စာကိုတိတ်ဆိတ်စွာနှင့် လျင်မြန်စွာ များများဖတ်ခြင်း ဖြစ်သည်။ စာတစ်ပုဒ်ကို ယေဘုယျခြုံငုံနားလည်မှုအတွက် ဖတ်ခြင်းဖြစ်ပြီး အသေးစိတ်ဖတ်ရှုခြင်း မဟုတ်ပါ။ အကြောင်းအရာကို နားလည်သဘောပေါက်မှုနှင့် စာဖတ်သွက်ခြင်းကို အလေးပေးသည့် စာဖတ်ခြင်း ပုံစံဖြစ်ပါသည်။ ကျောင်းသားများသည် မိမိတို့ဘာသာ နှစ်သက်ရာကို ရွေးချယ်ဖတ်ရှုခြင်းဖြစ်သည်။ ဆရာ၏ အခန်းကဏ္ဍမှာမူ ကြီးကြပ်ပေးရန်သာ ဖြစ်သည်။ များများနှင့် မြန်မြန်ဖတ်ခြင်းဖြစ်သဖြင့် ယေဘုယျအားဖြင့် အလယ်တန်းအဆင့်မှသာ စတင်ဆောင်ရွက်သင့်ပါသည်။

**ဇယား ၅.၂။ စာဖတ်ပုံဖတ်နည်း နှစ်မျိုး**

| အာရုံစူးစိုက်ဖတ်ခြင်း | ကျယ်ကျယ်ပြန့်ပြန့်ဖတ်ခြင်း |
|---|---|
| အကြောင်းအရာကို နားလည်မှုအပြင် ဘာသာစကား ဆိုင်ရာ အချက်များကိုလည်း အာရုံစိုက် | အကြောင်းအရာကို နားလည်ရေးသည်သာ အဓိက |
| အသေးစိတ် ဂရုတစိုက်ဖတ် | ယေဘုယျ အဓိပ္ပာယ်ကိုသာ အလေးထား |
| စကားလုံး၊ စကားစု၊ ဝါကျ အသေးစိတ်လေ့လာ | မလေ့လာ |
| အသံထွက်ဖတ်ခြင်း ပြုလုပ် | အသံတိတ် လျင်မြန်စွာ ဖတ် |
| ဆရာက ထိန်းကျောင်းပေး၊ ဆရာ အရေးပါ | ဆရာသည် ကြီးကြပ်သူ |
| ဝေါဟာရများကို စနစ်တကျသင်ယူလေ့လာ | ဝေါဟာရများကို ကျွဲကူးရေပါသဘောသာ လေ့လာ |
| ဂရုစိုက်သင်ကြားပေးရန် လိုအပ် | မိမိဘာသာ လွတ်လပ်စွာဖတ်၊ သင်ကြားပေးရန် မလိုအပ် |

ကျယ်ကျယ်ပြန့်ပြန့်ဖတ်ခြင်းတွင် အပန်းဖြေပျော်ရွှင်မှုအတွက် ဖတ်ခြင်းနှင့် ပညာရှာမှီးရန် ဖတ်ခြင်းဟု ရည်ရွယ်ချက်နှစ်မျိုးကွဲပါသည်။ ပညာရှာမှီးရန် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုသည်ဟု ဆိုရာ၌ လျင်မြန်စွာဖတ်ရှုခြင်းသည်လည်း စာဖတ်သည့်ပုံစံတစ်ခု ဖြစ်သည်။ ထိုသို့လျင်မြန်စွာ

ဖတ်ရှုရာတွင် အဓိကကျသည့် အသေးစိတ် အချက်အလက်များကို ရှာဖွေရန်အတွက် စေ့စေ့စပ်စပ်ဖတ်ခြင်းနှင့် ယေဘုယျအားဖြင့် နားလည်ရန် သက်သက်အတွက် အပေါ်ယံဖတ်ခြင်းဟု ထပ်မံ၍နှစ်မျိုးကွဲနိုင်ပါသည်။

## စေ့စေ့စပ်စပ်ဖတ်ခြင်း

စေ့စေ့စပ်စပ်ဖတ်ခြင်းသည် စာသားတစ်ပုဒ်တွင် မိမိသိလိုသည့် အချက်များ ပါဝင်နေမှု ရှိ၊မရှိကို လျင်မြန်စွာရှာဖွေ ဖတ်ရှုခြင်းဖြစ်သည်။ သမားရိုးကျကဲ့သို့ စာသားကို အစဉ်အလိုက် ဖတ်နေရန်မလိုဘဲ မျက်လုံးကိုလျင်မြန်စွာရွှေ့ပြီး စာဖတ်ရသည့် ပုံစံမျိုးဖြစ်သည်။ ဥပမာအားဖြင့် အမည်၊ နေ့စွဲ၊ ပုံသေနည်း၊ စကားစု စသည့် တိကျသောအချက်အလက်များကို လျင်မြန်စွာ ရှာဖွေဖတ်ရှုသည့်နည်းဖြစ်သည်။ မိမိရှာဖွေလိုသည့်အချက်ကို ကြိုတင်သိထားပြီး ရှာဖွေခြင်းဖြစ်သဖြင့် စာတစ်ပုဒ်လုံးကို နားလည်သဘောပေါက်ရန် လိုအပ်ခြင်းမရှိပါ။ သိပ္ပံပညာ၊ နည်းပညာနှင့် အတတ်ပညာဆိုင်ရာ စာပေများကို ဖတ်ရှုသည့်အခါ အသုံးပြုလေ့ရှိသည့် နည်းလမ်းတစ်မျိုးလည်းဖြစ်ပါသည်။

## အကြမ်းဖျင်းဖတ်ခြင်း/အပေါ်ယံဖတ်ခြင်း

စာသားတစ်ပုဒ်၏အချုပ်ကို ခြုံငုံနားလည်ရန်၊ စာသားကို မည်သို့ဖွဲ့စည်းထားသည်ကိုသိရန်နှင့် စာရေးသူ၏ ဆိုလိုရင်းကိုနားလည်ရန် စသည့် ရည်ရွယ်ချက်များဖြင့် စာကိုအမြန်ဖတ်သည့် ပုံစံတစ်မျိုးဖြစ်သည်။ စေ့စေ့စပ်စပ်ဖတ်ခြင်းထက် ပိုမိုရှုပ်ထွေးသည့် လုပ်ငန်းလည်းဖြစ်သည်။ အချက်အလက်ကို ရှာဖွေခြင်းမဟုတ်ဘဲ ယေဘုယျခြုံငုံ နားလည်ရန်ဖတ်ခြင်းဖြစ်သဖြင့် စာရေးသူကဖော်ပြထားသည့်အချက်အလက်များကိုစုစည်းပြီးချိတ်ဆက်နားလည်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။ စာရေးသူက အကြောင်းအရာ အချက်အလက်များကို မည်သို့စုစည်းထားသည်ကို နားလည်နိုင်သည့် စာဖတ်ခြင်းမျိုးလည်းဖြစ်သည်။ ဥပမာ-သုတေသနစာတမ်းတစ်စောင်သည် မိမိ၏အလုပ်နှင့် ဆက်စပ်ခြင်းရှိ၊ မရှိ ဆုံးဖြတ်နိုင်ရန် အကြမ်းဖျင်းအားဖြင့် လျင်မြန်စွာဖတ်ကြည့်သည့် ပုံစံမျိုးဖြစ်နိုင်သကဲ့သို့ မိမိအတွက် အရေးသိပ်မကြီးသည့် အကြောင်းအရာများကို ပေါ့ပေါ့ပါးပါးဖြင့် အမြန်ဖတ်ကြည့်သည့် ပုံမျိုးလည်း ဖြစ်နိုင်သည်။

ဤဖတ်ပုံဖတ်နည်း နှစ်မျိုးလုံးမှာပင် စာဖတ်သူသည် စကားလုံးများကို တစ်လုံးပြီးတစ်လုံး စီပြီးဖတ်နေခြင်းထက် မျက်လုံးတစ်ချက် ကြည့်ရုံဖြင့် မြင်သာသည့် စာသားတစ်စုကို ခြုံကြည့်ခြင်း၊ ခေါင်းစဉ်များ၊ ခေါင်းစဉ်ခွဲများကို ကြည့်ခြင်း၊ အခြားသော အထောက်အကူပြု သရုပ်ဖော်ပုံများ၊ စနစ်ပုံများ စသည်တို့ကို ကြည့်ခြင်းဖြင့် အမြန်ဖတ်ခြင်း ဖြစ်သည်။ ဤသို့ဆိုသဖြင့် စာကိုဂရုတစိုက်ဖတ်ရန်မလိုအပ်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သို့ရာတွင် စာကို

ကျယ်ကျယ်ပြန့်ပြန့် ဖတ်တတ်သူဖြစ်စေရန်အတွက် အကြမ်းဖျင်းဖတ်ခြင်းနှင့် စေ့စေ့စပ်စပ် ဖတ်ခြင်းဟူသော ကျွမ်းကျင်မှုနှစ်မျိုးလုံးလိုအပ်ပါသည်။ ထိုစာဖတ်နည်းနှစ်မျိုးလုံးသည် ပညာသင်ယူရန်အတွက် စာဖတ်ရာ၌ များစွာအထောက်အကူပြုသော စာဖတ်နည်းများလည်း ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ မေးခွန်းများမေး၍ သင်ခန်းစာကို နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ခန်းစာကို စတင်မသင်မီ ကျောင်းသားများ သိရှိထားပြီးဖြစ်သည့် သင်ခန်းစာပါအကြောင်းအရာဆိုင်ရာ အသိပညာ ဗဟုသုတများ၊ အချက်အလက်များကို ကျောင်းသားများအား မေးခွန်းမေး၍ ဖော်ထုတ်ရန်ဖြစ်သည်။ အထူးသဖြင့် ပညာရေးဒီဂရီကောလိပ် ပထမနှစ်က သင်ယူလေ့လာခဲ့သည့် စာဖတ်ခြင်းဆိုင်ရာ သင်ခန်းစာများကို ပြန်လည်စဉ်းစား ဖြေဆိုကြရန် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ စာဖတ်ခြင်းပုံစံအမျိုးမျိုးကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသည့် စာဖတ်ပုံဖတ်နည်း အမျိုးမျိုးအကြောင်းကို ကျောင်းသားများ ခွဲခြားနားလည်စေရန်ဖြစ်သည်။ ထိုသို့နားလည်သဘောပေါက်ရန် ကျောင်းသားတိုင်းသည် စာဖတ်ခြင်းပုံစံတစ်ခုခုကို အသေးစိတ် လေ့လာဖတ်ရှုပြီး အုပ်စုဝင်များအား အဓိကအချက်များကို ရှင်းပြခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းတို့ လုပ်ဆောင်ကြရမည် ဖြစ်သည်။ လိုအပ်ပါက အလယ်တန်းဆင့် မြန်မာစာ ကျောင်းသုံးစာအုပ်များကို ကိုးကား အသုံးပြုနိုင်ပါသည်။

# ၅.၁.၄ စာဖတ်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ (သို့မဟုတ်) လုပ်ငန်းစဉ်များ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာဖတ်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ (သို့မဟုတ်) စာဖတ်သည့် ရည်ရွယ်ချက်အလိုက် ကွဲပြားသည့် စာဖတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ခွဲခြားတတ်မည်။

## စာဖတ်ခြင်း

စာဖတ်ခြင်းသည် ရေးသားထားသော စကားလုံးများ၊ စာသားများကိုဖတ်ခြင်း သက်သက်သာသာ မဟုတ်ဘဲ ကမ္ဘာကြီးကိုဖတ်ခြင်း ဖြစ်သည်ဟု ဘရားဇီးနိုင်ငံသား ပညာရေးဒဿနပညာရှင် ပေါင်လို ဖရေရေ (Paulo Freire) က ဆိုပါသည်။[၁၀၈] စာဖတ်သူသည် ကမ္ဘာကြီးနှင့်ဆိုင်သော မိမိ၏ အသိပညာများကို စာဖတ်ခြင်းဟူသည့် ဖြစ်စဉ်သို့ သယ်ဆောင်လာသကဲ့သို့ ဖတ်သည့်စာကလည်း စာဖတ်သူ၏ အသိပညာများကို ပိုမိုကျယ်ပြန့်စေပါသည်။ စာသား ဆိုသည်မှာလည်း ကမ္ဘာကြီး၏အကြောင်းကိုဖော်ပြရန် ဖွဲ့စည်းတည်ဆောက်ထားသည့် အရေးအသားတစ်ခုသာ ဖြစ်သည်။ ဖတ်သည့်စာကို နားလည်ရန်အတွက် ကမ္ဘာကြီးကို နားလည်ရန် လိုအပ်သကဲ့သို့ စာသားကိုနားလည်အောင် ကြိုးစားရာတွင်လည်း ကမ္ဘာကြီးကို ပိုမိုနားလည်အောင် ကြိုးစားရပါသည်။ သို့ဖြစ်ရာ စာဖတ်ခြင်းဆိုသည့် လုပ်ငန်းစဉ်တွင် စာသားကို ကမ္ဘာကြီးနှင့်ဆက်စပ်ကာ စဉ်းစားရသည့် ဖြစ်စဉ်များ ပါဝင်နေပါသည်။ တစ်နည်းအားဖြင့် စာဖတ်ခြင်းဖြစ်စဉ်တွင် စာလုံးများ၊ စကားလုံးများကို ဖတ်ခြင်းကဲ့သို့သော အခြေခံကျွမ်းကျင်မှုများထက် ပိုမိုရှုပ်ထွေး နက်နဲသည့် အဆင့်မြင့်စွမ်းရည်များ ပါဝင်နေသည်ဟု ဆိုနိုင်ပါသည်။

ကလေးများသည် မူလတန်းဆင့်တွင် စာဖတ်ရန်အတွက် လိုအပ်သော အခြေခံကျွမ်းကျင်မှု များကို အလေးပေးသင်ယူခဲ့ကြပြီးဖြစ်ပါသည်။ အလယ်တန်းသို့ ရောက်ရှိသည့်အခါတွင်မူ

[၁၀၈] Freire, P. (1985). Reading the world and reading the word: An interview with Paulo Freire. Language Arts, 62 (1).

အဆင့်မြင့်ကျွမ်းကျင်မှုများကို ပိုမိုအလေးပေးသင်ယူကြရန် လိုအပ်ပါသည်။ အဆင့်မြင့် ကျွမ်းကျင်မှုများဟု ဆိုရာတွင် စာကိုလျင်မြန်သွက်လက်စွာ ဖတ်တတ်ခြင်းနှင့် ကောင်းစွာ နားလည်သဘောပေါက်ခြင်းတို့ဖြစ်သည်။ အလယ်တန်းဆင့်တွင် စာကို အဓိပ္ပာယ်ရှိရှိနှင့် သွက်လက်လျင်မြန်စွာ ဖတ်တတ်စေရန် လေ့ကျင့်ပျိုးထောင်ရေးသည် အရေးကြီးပါသည်။ စာကို နားလည်သဘောပေါက်စေရန် သက်သောင့်သက်သာနှင့် ထိရောက်စွာဖတ်နိုင်ခြင်း ဖြစ်သည်။ စာဖတ်သွက်ခြင်းနှင့် ဖတ်သည့်စာကို နားလည်ခြင်းတို့အကြား ဆက်စပ်မှုရှိကြောင်း သုတေသနများက ပြသထားပြီးဖြစ်ပါသည်။ နားလည်သဘောပေါက်မှုတွင်လည်း နီလာဘန်တန်စမစ်၏ နားလည်သဘောပေါက်မှု အဆင့်များအနက် ဝေဖန်ပိုင်းခြား ဖတ်ရှုခြင်း နှင့် ဖန်တီးစိတ်ကူးဖတ်ရှုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပိုမိုဖွံ့ဖြိုးလာစေရန် အလေးပေး သင်ကြားရမည်ဖြစ်သည်။ (အောက်တွင်ဖော်ပြထားသည့် နီလာဘန်တန်စမစ်၏ နားလည် သဘောပေါက်မှု အဆင့်များကို လေ့လာနိုင်ပါသည်။)

**ဇယား ၅.၃။ နီလာဘန်တန်စမစ်၏ နားလည်သဘောပေါက်မှုအဆင့်များ**[၁၀၉]

| အဆင့် | ရှင်းလင်းချက် |
|---|---|
| တိုက်ရိုက်နားလည်ခြင်း (Literal comprehension) | စာသားတွင်ပါဝင်သည့် စကားလုံးများ၊ အသိသညာများကို မှတ်မိခြင်း၊ ရှာဖွေခြင်း၊ တိုက်ရိုက်ယူခြင်း ဖြစ်သည်။ စဉ်းစားတွေးတောမှုမပါ၊ ထဲထဲဝင်ဝင် နားလည်ခြင်းမဟုတ်၊ နားလည်မှုအဆင့်များတွင် အနိမ့်ဆုံးအဆင့် ဖြစ်သည်။ |
| အဓိပ္ပာယ်ကောက်ယူခြင်း/ ကောက်ချက်ဆွဲခြင်း (Interpretation/ inference) | စဉ်းစားတွေးတောမှုစွမ်းရည်များကို အသုံးပြုပြီး နားလည်သည့်အဆင့် ဖြစ်သည်။ တိုက်ရိုက်အဓိပ္ပာယ်ကို ယူခြင်း မဟုတ်၊ ထဲထဲဝင်ဝင် နားလည်သဘောပေါက်ခြင်း ဖြစ်သည်။ |
| ဝေဖန်ပိုင်းခြားဖတ်ရှုခြင်း (Critical reading) | ဖတ်သည့်စာ၏ တန်ဖိုးကို အကဲဖြတ်ခြင်း ဖြစ်သည်။ ခိုင်လုံမှု၊ စစ်မှန်မှု၊ ဖြောင့်မတ်မှု၊ ဘက်လိုက်မှု ရှိမရှိ သုံးသပ်အကဲဖြတ်သည့်အဆင့် ဖြစ်သည်။ |
| ဖန်တီးစိတ်ကူးဖတ်ရှုခြင်း (Creative reading) | ဖတ်စာပါ စာသားထက်ကျော်လွန်ပြီး စိတ်ကူးသစ်အတွေးသစ်များ ဖြစ်ပေါ်သည့် အဆင့် ဖြစ်သည်။ ဖတ်စာမှ ရရှိသည့် အသိကို အခြားအခြေအနေတစ်ရပ်တွင် အသုံးချခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ စာဖတ်ပြီးရရှိသည် ခံစားချက်ကို တုံ့ပြန်ခြင်း စသည်တို့လည်း ပါဝင်သည်။ |

[၁၀၉] Smith, N. B. (1969). The many faces of reading comprehension. Paper presented at the International Reading Association conference, Kansas City, Mo., USA.

စာရေးစာဖတ်ပညာရှင်များက နားလည်သဘောပေါက်မှုဆိုင်ရာအဆင့်များကို အမျိုးမျိုးခွဲခြားထားသော်လည်း စာဖတ်သူများသည် အထက်တွင် ဖော်ပြထားသည့် စွမ်းရည်များကို အမြဲအသုံးပြုနေသည်မဟုတ်ပါ။ စာဖတ်ရသည့် ရည်ရွယ်ချက်အပေါ်မူတည်ပြီး မည်သည့် နားလည်သဘောပေါက်မှုအဆင့်ဖြင့်သာ ဖတ်ရန်လိုအပ်သည်ဟု ဆုံးဖြတ်နိုင်ပါသည်။ ဥပမာအားဖြင့် သတင်းစာတွင် အလုပ်အကိုင်ခေါ်သည့်စာကို ဖတ်ရှုသူတစ်ဦးအနေဖြင့် မိမိသိလိုသည့် အချက်များကိုသာ ရွေးချယ်ဖတ်ရှုပြီး စိတ်ဝင်စားသည့် အလုပ်မတွေ့ပါက ဆက်လက်ဖတ်ရှုတော့မည် မဟုတ်ပါ။ ထိုပုဂ္ဂိုလ်အနေဖြင့် ဝေဖန်ပိုင်းခြားဖတ်ရှုခြင်းအဆင့်ဖြင့် ဖတ်ရှုရန် လိုအပ်မည် မဟုတ်ပါ။ ဤကဲ့သို့ စာဖတ်သည့်ရည်ရွယ်ချက်၊ စာဖတ်ပြီးနောက် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲအခြေအနေ စသည်တို့ကို အခြေခံပြီး နားလည်သဘောပေါက်မှု ဆိုင်ရာ ကျွမ်းကျင်မှုများကို အသုံးပြုလုပ်ဆောင်သည့်ဖြစ်စဉ်ကို စာဖတ်သည့်လုပ်ငန်းစဉ်များဟု ခေါ်ခြင်းဖြစ်သည်။ ၎င်းတို့ကိုပင် စာဖတ်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများဟုလည်း ခေါ်ကြပါသည်။

အလယ်တန်းအဆင့် ကလေးများ၏ စာဖတ်တတ်မြောက်မှုကို စဉ်းစားရာတွင် အဆိုပါ စာဖတ်ခြင်း လုပ်ငန်းစဉ် အမျိုးမျိုးကို လက်တွေ့အသုံးပြုတတ်စေရန်လည်း ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။ စာဖတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် အဓိကလုပ်ငန်းစဉ် (၃) ခုပါရှိပြီး၊ ထိုအဓိက လုပ်ငန်းစဉ်တစ်ခုစီ၏အောက်တွင် လုပ်ငန်းစဉ်ခွဲများ ထပ်မံခွဲခြားထားပါသည်။ အသေးစိတ်ကို အောက်တွင်ဖော်ပြထားသည့် ပုံတွင် လေ့လာနိုင်ပါသည်။

**သွက်လက်စွာဖတ်ခြင်း**

**အချက်အလက်ကို ရှာခြင်း**

- စာသားပါအချက်အလက်များကို ရှာဖွေထုတ်ယူခြင်း
- ဆီလျော်သောစာသားကို ရှာဖွေရွေးချယ်ခြင်း

**နားလည်သဘောပေါက်ခြင်း**

- တိုက်ရိုက် အဓိပ္ပာယ် ကောက်ယူခြင်း
- ပေါင်းစပ်ချိတ်ဆက်ပြီး အဓိပ္ပာယ် ကောက်ယူခြင်း
- ယေဘုယျ နားလည်ခြင်း

**သုံးသပ်အကဲဖြတ်ခြင်း**

- အရည်အသွေးနှင့် ယုံကြည်ထိုက်မှုကို အကဲဖြတ်ခြင်း
- အကြောင်းအရာနှင့် ပုံသဏ္ဌာန်အပေါ် သုံးသပ်ခြင်း
- အငြင်းပွားဖွယ်များကို ဖော်ထုတ်ဖြေရှင်းခြင်း

**ပုံ ၅.၄။ စာဖတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ**

*ရင်းမြစ်* - OECD, 2019 ကို မှီးပါသည်။[၁၁၀]

[၁၁၀] OECD. (2019). PISA 2018 assessment and analytical framework. Paris: PISA, OECD Publishing.

## ၁။ အချက်အလက်ကိုရှာခြင်း

လူတို့သည် မိမိတို့၏ နေ့စဉ်လူမှုဘဝ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် သတင်းအချက်အလက်များကို ရှာဖွေကြရသည်။ ဥပမာအားဖြင့် တယ်လီဖုန်းနံပါတ်တစ်ခု သိလိုသည့်အခါ (သို့မဟုတ်) ဘတ်စ်ကားအချိန်စာရင်းကို သိလိုသည့်အခါ (သို့မဟုတ်) သတင်းစာပါ အလုပ်အကိုင်ခေါ်စာတစ်ခုကို သိလိုသည့်အခါမျိုးတွင် သတင်းအချက်အလက်ကို ရှာဖွေရန်အတွက် စာဖတ်ရလေ့ရှိပါသည်။ ထိုလုပ်ငန်းစဉ်မျိုးတွင် စာသားကို အသေးစိတ်ဖတ်နေရန် မလိုအပ်ဘဲ စေ့စေ့စပ်စပ်နှင့် လျင်မြန်စွာဖတ်ပြီး သိလိုသောအချက်ကို ထုတ်ယူခြင်းဖြစ်သည်။ မိမိသိလိုသောအရာကို ရှာဖွေတွေ့ရှိသည့်အခါ ကျန်စာသားများကို ဖတ်နေရန်ပင် မလိုတော့သည့် အခြေအနေများလည်းရှိပါသည်။ ဤလုပ်ငန်းစဉ်အတွင်းမှာပင် စာဖတ်သည့် ရည်ရွယ်ချက်ကိုလိုက်ပြီး လုပ်ငန်းစဉ် (၂) မျိုး ထပ်မံကွဲပြားပါသည်။

(က) **စာသားတစ်ပုဒ်ပါအချက်အလက်များကို ရှာဖွေထုတ်ယူခြင်း။** ဇယားတစ်ခု (သို့မဟုတ်) စာအုပ်၏ အခန်းတစ်ခန်း (သို့မဟုတ်) စာတစ်အုပ်လုံးအတွင်းတွင် မိမိလိုအပ်သော အချက်အလက်များ မည်သည့်နေရာတွင်ရှိသည်ကို ရှာဖွေပြီး ထုတ်ယူခြင်းဖြစ်သည်။ မိမိသိလိုသည်နှင့် မသက်ဆိုင်သော စာသားများကို လျင်မြန်စွာကျော်ပြီး လိုအပ်သော အချက်အလက်များကို ရှာဖွေနိုင်စွမ်းလည်း ဖြစ်သည်။ ရံဖန်ရံခါတွင် စာပိုဒ်တိုင်းကို အမြန်ဖတ်ပြီး လိုအပ်သောအချက်အလက် ရှာဖွေခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

(ခ) **ဆီလျော်သော စာသားကို ရှာဖွေရွေးချယ်ခြင်း။** စာသားတစ်ပုဒ်တည်းသာမက စာသားအမျိုးမျိုးကို တစ်ပြိုင်နက်တည်းဖတ်ရသည့် အခြေအနေမျိုးတွင် ထိုစာသား အားလုံးကို စေ့စပ်သေချာစွာဖတ်နေရန် အချိန်ရှိမည်မဟုတ်ပါ။ မည်သည့်စာသားက မိမိအတွက် အသင့်လျော်ဆုံးဖြစ်မည်၊ အသုံးအဝင်ဆုံးဖြစ်မည်၊ အယုံကြည်ရဆုံးဖြစ်မည် ဆိုသည်ကို လျင်မြန်စွာ ဆုံးဖြတ်ရသည့် အခြေအနေမျိုး ဖြစ်နိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် စာသားကို အကြမ်းဖျင်းသိရုံမျှ လျင်မြန်စွာ ဖတ်ရပါသည်။ အင်တာနက်ကဲ့သို့သော စာမျက်နှာများတွင် အကြောင်းအရာ တစ်ခုကို ရှာဖွေသည်နှင့် ဖတ်စရာစာ အများအပြား ပေါ်လာမည်ဖြစ်ရာ စာသားအချို့ကို လျင်မြန်စွာ ဖတ်ရှုပြီး မိမိနှင့်ကိုက်ညီဆီလျော်သည့် စာသားကို ရွေးချယ်ရန် အရေးကြီးပါသည်။ စာသားအမျိုးမျိုးထဲမှ သင့်တော်သည့် စာသားတစ်ခုကို ရှာဖွေရွေးချယ်နိုင်စွမ်းသည် စာဖတ်တတ်ကျွမ်းမှု၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်နေပါသည်။

## ၂။ နားလည်သဘောပေါက်ခြင်း

နားလည်သဘောပေါက်ခြင်းတွင် စာသား၌ပါဝင်သည့် အကြောင်းအရာကို တိုက်ရိုက် အဓိပ္ပာယ်ကောက်ခြင်းနှင့် စာသားပါအချက်အလက်များကို မိမိ၏ ရှိရင်းစွဲအသိပညာ ဗဟုသုတနှင့် ပေါင်းစပ်ချိတ်ဆက်ကာ ကောက်ချက်ဆွဲခြင်းဟူသည့် အဓိကလုပ်ငန်းစဉ် (၂) ရပ် ပါဝင်ပါသည်။ ထို့ပြင် စာတစ်ပုဒ်လုံးကို ယေဘုယျအားဖြင့် ခြုံငုံနားလည်ခြင်းသည်လည်း ဤလုပ်ငန်းစဉ်တွင် ပါဝင်သည်ဟု ယူဆနိုင်ပါသည်။

(က) **တိုက်ရိုက် အဓိပ္ပာယ်ကောက်ယူခြင်း။** စာသားတစ်ခုလုံးကို ဖတ်ရန်မလိုဘဲ စာသားပါဝါကျတစ်ကြောင်း (သို့မဟုတ်) စာပိုဒ်ငယ်တစ်ခုကိုဖတ်ရုံဖြင့် မိမိသိလိုသော အချက်ကို ရနိုင်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

(ခ) **ပေါင်းစပ်ချိတ်ဆက်ပြီး အဓိပ္ပာယ်ကိုကောက်ချက်ဆွဲခြင်း။** စာသားတစ်ခုလုံးကို ဖတ်ရှုပြီး တွေ့ရှိရသည့် အချက်အလက်များကို မိမိ၏ရှိရင်းစွဲ အသိပညာ၊ ဗဟုသုတနှင့် ချိတ်ဆက်စဉ်းစား၍ သော်လည်းကောင်း၊ စာသားပါအချက်အလက် အချင်းအချင်း အပြန်အလှန် ချိတ်ဆက်စဉ်းစား၍သော်လည်းကောင်း ဆိုလိုရင်းကို ကောက်ချက်ချခြင်း ဖြစ်သည်။ တိုက်ရိုက်ဖော်ပြထားသော အချက်များမဟုတ်ဘဲ စာဖတ်သူက မိမိဘာသာတွေးကာ ဆိုလိုရင်းကို နားလည်ရသည့် လုပ်ငန်းစဉ်ဖြစ်သည်။ သို့ဖြစ်ရာ စာကြောင်းများအကြား ဖတ်ခြင်း (Reading between the lines) ဟုလည်း ခေါ်ကြသည်။

(ဂ) **ယေဘုယျခြုံငုံနားလည်ခြင်း။** စာသားတစ်ပုဒ်၏ အဓိကဆိုလိုရင်းကို နားလည်စေရန် ဖတ်ခြင်းဖြစ်သည်။ စာသားတစ်ပုဒ်လုံးကို ဖတ်သော်လည်း အသေးစိတ်ဖတ်နေခြင်း မဟုတ်ဘဲ အဓိကအချက်ကိုမိရုံသာ ဖတ်ခြင်းဖြစ်သည်။ ဥပမာ - စာပိုဒ်တစ်ပိုဒ် ဖတ်ခြင်းဖြစ်ပါက ရှေ့ဆုံးဝါကျနှင့် နောက်ဆုံးဝါကျတို့ကို သေသေချာချာဖတ်ပြီး ကျန်စာသားများကိုမူ ဖြတ်ကနဲကြည့်ရုံသာ ဖတ်ခြင်းမျိုးဖြစ်သည်။ အဓိကအချက်ကို ပြောနိုင်ခြင်း၊ အကြောင်းအရာကို အနှစ်ချုပ်နိုင်ခြင်းတို့သည် ဤလုပ်ငန်းစဉ်၏ အဓိက ရည်ရွယ်ချက်ဖြစ်သည်။

## ၃။ သုံးသပ်အကဲဖြတ်ခြင်း

ယနေ့ခေတ်တွင် စာဖတ်တတ်မြောက်ခြင်း ဆိုသည်မှာ စာသားတစ်ပုဒ်တွင် ပါရှိသည့် အချက်အလက်များကို ထုတ်ယူနိုင်စွမ်း၊ ဖတ်သည့်စာ၏ ဆိုလိုရင်းကို နားလည်နိုင်စွမ်းရှိရုံ သက်သက်ဖြင့် မပြည့်စုံတော့ပါ။ စာသားတစ်ပုဒ်တွင် ပါရှိသည့် အချက်အလက်များ၏ အရည်အသွေးနှင့် ကိုးစားနိုင်မှုကို အကဲဖြတ်နိုင်ပြီး၊ စာသားပါအကြောင်းအရာကိုရော၊ ပုံသဏ္ဌာန်ကိုပါ သုံးသပ်နိုင်ရန်လည်း လိုအပ်ပါသည်။

(က) **အရည်အသွေးနှင့် ယုံကြည်ထိုက်မှုကို အကဲဖြတ်ခြင်း။** စာသားတစ်ပုဒ်တွင် ပါရှိသည့် အချက်အလက်များ မှန်ကန်တိကျခြင်း၊ အချိန်နှင့်တစ်ပြေးညီဖြစ်ခြင်း၊ ဘက်လိုက်မှု ကင်းခြင်း ရှိ/မရှိ အကဲဖြတ်ခြင်း ဖြစ်သည်။ စာဖတ်ရာတွင် တွေ့ရှိရသည့် အချက်အလက်များ၏ အရင်းအမြစ်များကို ရှာဖွေခြင်းလည်း ပါဝင်ပါသည်။

(ခ) **အကြောင်းအရာနှင့် ပုံသဏ္ဌာန်အပေါ် သုံးသပ်ခြင်း**။ စာရေးသူ၏ရေးဟန် အပါအဝင် ပုံသဏ္ဌာန်နှင့် အကြောင်းအရာအပေါ် သုံးသပ်ခြင်းဖြစ်သည်။ အကြောင်းအရာနှင့် ရေးဟန်၊ ပုံသဏ္ဌာန်တို့က စာရေးသူ၏စိတ်ကူးနှင့် ရည်ရွယ်ချက်ကို မည်သို့ သယ်ဆောင်ပေးသည်ကို ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်လည်းဖြစ်သည်။

(ဂ) **အငြင်းပွားဖွယ်များကို ဖော်ထုတ်ဖြေရှင်းခြင်း။** စာသားအမျိုးမျိုးကို ဖတ်ရှုရသည့်အခါ တစ်ခုနှင့်တစ်ခု ကွဲလွဲဆန့်ကျင်နေသည့် အချက်အလက်များကို ကြုံတွေ့ရမည် ဖြစ်သည်။ ထိုအခါမျိုးတွင် အဆိုပါ အငြင်းပွားဖွယ်များကိုသိရှိပြီး၊ ကိုင်တွယ်ဖြေရှင်း တတ်ရန်လည်း လိုအပ်ပါသည်။ ကိုင်တွယ်ဖြေရှင်း ရာတွင် အချက်အလက်များ၏ မူလဇာစ်မြစ်ကို ရှာဖွေရန်လိုအပ်သကဲ့သို့ အဆိုပြုချက် (သို့မဟုတ်) ငြင်းဆိုချက် တစ်ခု၏ ခိုင်မာမှု၊ အထောက်အထား ခိုင်လုံမှုများကိုလည်း ထည့်သွင်းစဉ်းစားရသည့် လုပ်ငန်းစဉ်ဖြစ်သည်။

အထက်ဖော်ပြပါ စာဖတ်ခြင်းလုပ်ငန်းစဉ်များအနက်အချို့မှာ (အထူးသဖြင့် စာသားများကို ဖတ်ပြီး သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များမှာ) အလယ်တန်းဆင့် ကလေးများ အတွက် မြင့်သည်ဟု ယူဆကောင်း ယူဆနိုင်ပါသည်။ သို့ရာတွင် ယနေ့ ခေတ်လူငယ်များ အနေဖြင့် အင်တာနက်အပါအဝင် မီဒီယာအမျိုးမျိုးမှ စာသားအမျိုးမျိုးကို နေ့စဉ်ထိတွေ့ ဖတ်ရှုနေရသည်ဖြစ်ရာ အထက်တွင်ဖော်ပြခဲ့သည့် စာဖတ်ခြင်းလုပ်ငန်းစဉ်များ၊ ကျွမ်းကျင်မှုများကို အသုံးပြုတတ်ရန် လိုအပ်နေပါသည်။ သို့ဖြစ်ရာ စာသားတစ်ပုဒ်ကို ဝေဖန်ပိုင်းခြားဆင်ခြင်နိုင်စွမ်းဖြင့် ဖတ်တတ်ရန်မှာ လူတိုင်းအတွက် မလွဲမသွေလိုအပ်နေသည့် အရည်အချင်းတစ်ရပ်

ဖြစ်နေပါသည်။ အလယ်တန်းဆင့် ကလေးများကို မြန်မာစာအရေး အဖတ်သင်ကြားပေးရာ၌ အထက်တွင်ဖော်ပြခဲ့သည့် စာဖတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အမျိုးမျိုးကို လက်တွေ့အသုံးပြု နိုင်အောင် လေ့ကျင့်သင်ကြားပေးရန် အရေးကြီးပါသည်။

**သင်ယူမှုလုပ်ငန်း (၁)။ စာဖတ်ခြင်းဆိုင်ရာ နားလည်သဘောပေါက်မှု အဆင့်များ အကြောင်း မေးမြန်းခြင်း**

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ နှစ်ယောက်တစ်တွဲ တွဲကာ စာရေးစာဖတ်ပညာရှင် နီလာဘန်တန်စမစ် ဆိုသူ၏ စာဖတ်ခြင်းဆိုင်ရာ နားလည် သဘောပေါက်မှု အဆင့် (၄) ဆင့် အကြောင်းကို ဖတ်ရှုခြင်း၊ ပေးထားသည့် မေးခွန်းများ ဖြေဆိုခြင်းတို့ဖြင့် လေ့လာသင်ယူကြရန် ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း (၂)။ စာဖတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို မေးမြန်း ဆွေးနွေးခြင်း**

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်ပါ "စာဖတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်" အုပ်စုလုပ်ငန်းအနေဖြင့် ဖတ်ရှုလေ့လာကြရန်ဖြစ်သည်။ တစ်နည်းဆိုသော် စာဖတ်ခြင်းဆိုင်ရာ နားလည်သဘောပေါက်မှု အဆင့်များကို ဖတ်ရှုလေ့လာကာ ပေးထားသည့် မေးခွန်းများ၏ အဖြေများအတွက် အုပ်စုတွင်း တိုင်ပင်ဆွေးနွေးခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။

# ၅.၁.၅ | မီဒီယာတတ်ကျွမ်းမှု

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- မီဒီယာမှ ရရှိသော သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်တတ်မည်။

၂၁ ရာစုတွင် စာရေးစာဖတ်တတ်မြောက်မှု ဆိုသည်မှာ သမားရိုးကျ ပုံနှိပ်စာသား (သို့မဟုတ်) လက်ရေးစာသားများကို ဖတ်တတ်ရုံမျှကိုသာ ဆိုလိုသည်မဟုတ်ပါ။ ကွန်ပျူတာ အင်တာနက် စာမျက်နှာများပေါ်တွင်တွေ့ရသည့် စာသားတစ်ခုနှင့်တစ်ခု အလွယ်တကူ ချိတ်ဆက်ကူးပြောင်းနိုင်သော အဆင့်မြင့်စာသား (Hypertext) များကို ဖတ်ရှုနိုင်စွမ်းလည်း ပါဝင်ပါသည်။ ထို့ပြင် မိုဘိုင်းဖုန်းအပလီကေးရှင်းများဖြင့် အပြန်အလှန် ချိတ်ဆက်၊ ပေးပို့၊ ဖတ်ရှုကြသည့် သတင်းအချက်အလက် စာသားများကို ဖတ်ရှုနိုင်စွမ်းလည်း ပါဝင်ပါသည်။ သို့ဖြစ်ရာ စာတတ်မြောက်မှု ဆိုသည်မှာ နည်းလမ်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ဖွဲ့စည်းတင်ပြထားသည့် စာသားအမျိုးမျိုးကို ဖတ်ရှုနားလည်နိုင်စွမ်းဟု ဆိုနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် လူထုဆက်သွယ်ရေး ကွန်ရက်များ၌ စာသားတစ်ခု၊ သတင်းတစ်ပုဒ်ကို ဖတ်ရှုနားလည်ရုံသာမက ခွဲခြမ်းစိတ်ဖြာ လေ့လာစိစစ် ဝေဖန်သုံးသပ် အကဲဖြတ်ကာ ဆီလျော်သောတုံ့ပြန်မှုများကိုလည်း ပြုလုပ်ကြရပါသည်။ ၂၁ ရာစု စာတတ်မြောက်မှုသည် မီဒီယာအမျိုးမျိုး၊ ဆက်သွယ်ရေး ကွန်ရက်အမျိုးမျိုးမှ ရရှိလာသည့်စာသားများ၊ သတင်းအချက်အလက်များကို နားလည်သဘောပေါက်ပြီး ဝေဖန်သုံးသပ်အကဲဖြတ်ကာ သင့်တင့်လျောက်ပတ်စွာ တုံ့ပြန်လုပ်ဆောင်နိုင်စွမ်းဟု ဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအားလုံးတွင် သမားရိုးကျ စာတတ်မြောက်မှုအပြင် သတင်းအချက်အလက်၊ မီဒီယာနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ စာတတ်မြောက်မှုများကို ၂၁ ရာစုအတွက် လိုအပ်သောကျွမ်းကျင်မှုများအဖြစ် ကျောင်းသင်ပညာရေး သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားပေးနေကြပါသည်။ ကျောင်းများတွင် စာရေးစာဖတ်ကို လေ့ကျင့်သင်ကြားပေးကြရာတွင် ဆယ်ကျော်သက်များ၏ စာရေးစာဖတ် တတ်မြောက်မှုကို အလေးပေးစဉ်းစား ဆောင်ရွက်ကြရန် နိုင်ငံတကာ စာဖတ်အသင်းကြီး (International Reading Association - IRA) က ဆော်ဩထားပါသည်။[၁၁၁] ကမ္ဘာပေါ်တွင် လူငယ် (၂၈) သန်းခန့် ကျောင်းများတွင် တက်ရောက်ပညာသင်ယူလျက် ရှိပါသည်။ အဆိုပါ လူငယ်များ အနေဖြင့် အနာဂတ်တွင် စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံသားများ ဖြစ်လာစေရန် ပြင်ဆင်နေကြသည်ဖြစ်ရာ အထက်တွင်ဖော်ပြခဲ့သည့် ပုံစံအမျိုးမျိုးရှိသော စာသားများကို ဖတ်ရှုနားလည်နိုင်စွမ်း၊ ဝေဖန်သုံးသပ်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။ စာရေးစာဖတ်တတ်ကျွမ်းမှုမှာ မူလတန်းအဆင့်တွင် သင်ယူခဲ့ကြပြီးဖြစ်သည်ဟု ထောက်ပြကြသူများရှိသော်လည်း သုတေသန အထောက်အထားများအရ မူလတန်းတွင် သင်ယူခဲ့ရုံမျှဖြင့် ဆယ်ကျော်သက်များအတွက် လိုအပ်ချက်များကို အပြည့်အဝ မရရှိနိုင်သေးဟု တွေ့ရှိရပါသည်။ ဆယ်ကျော်သက်များ အနေဖြင့် ဘာသာရပ်အမျိုးမျိုးနှင့်ဆိုင်သည့် စာသားအမျိုးမျိုးကို ဖတ်ရှုလေ့လာတတ်ရန် အလယ်တန်းနှင့် အထက်တန်းအဆင့်များတွင်လည်း ဆက်လက် ပံ့ပိုးပေးနေရဦးမည် ဖြစ်ပါသည်။ ထိုသို့ပံ့ပိုးပေးရာတွင် သမားရိုးကျ ပုံနှိပ်စာအုပ်

၁၁၁ IRA. (2012). *Adolescent literacy: A position statement of the International Reading Association.* Retrieved from www.reading.org/Resources/ResourcesbyTopic/Adolescent/Overview.aspx

စာတမ်းများကို ဖတ်ရှုလေ့လာတတ်ရုံသာမက အင်တာနက်ကွန်ရက်၊ လူမှုကွန်ရက်များတွင် ထိတွေ့ဖတ်ရှုနေရသည့် စာသားအမျိုးမျိုးကိုလည်း ထိတွေ့ဆက်ဆံ ကိုင်တွယ်ဖြေရှင်း နိုင်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။

အလယ်တန်း ကျောင်းသားများသည် ဆယ်ကျော်သက်များဖြစ်ပြီး အင်တာနက် အပါအဝင် မီဒီယာအမျိုးမျိုးနှင့် ထိတွေ့ခွင့် ပိုမိုရရှိလာနေကြသည့် လူငယ်အုပ်စုတစ်ခု ဖြစ်နေပါသည်။ ၎င်းတို့ နေ့စဉ်ထိတွေ့နေသည့် လူမှုကွန်ရက်များ၊ အင်တာနက်ကွန်ရက်များသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အတုံ့အလှယ်ဆက်သွယ်တုံ့ပြန် ဆောင်ရွက်ကြရသည့် သက်ဝင်လှုပ်ရှားနေသော ဝန်းကျင်တစ်ခုဖြစ်သည်။ အသုံးပြုတတ်လျှင် အကျိုးဖြစ်ထွန်း နိုင်သော်လည်း အသုံးမပြုတတ်ပါက အန္တရာယ်ရှိနိုင်သည့် အကဲဆတ်သောဝန်းကျင်လည်း ဖြစ်သည်။ သို့ဖြစ်ရာ အလယ်တန်းကျောင်းသားများအား မီဒီယာအမျိုးမျိုးကို မှန်ကန်စွာ အသုံးပြုနိုင်ပြီး မီဒီယာဝန်းကျင်တွင် လုံခြုံစိတ်ချစွာ နေထိုင်နိုင်စွမ်းရှိစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။ အလယ်တန်းကျောင်းသား၊ ဆယ်ကျော်သက်များ အနေဖြင့် မီဒီယာစာသားအမျိုးမျိုးကို ထိတွေ့ဖတ်ရှု ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း တိုးတက် ဖွံ့ဖြိုးအောင် မြန်မာစာ စာသင်ခန်းများတွင် လေ့ကျင့်ပျိုးထောင် ပေးနိုင်ပါသည်။ ကျောင်းသုံးစာအုပ်ပါ ပုံနှိပ်စာသားများအပြင် မီဒီယာအမျိုးမျိုးတွင် ဖော်ပြထားသည့် အလယ်တန်းဆင့် ကလေးများနှင့် ကိုက်ညီဆီလျော်သော စာသားအစစ်အမှန် (Authentic text) များကို ရှာဖွေစုဆောင်းကာ အပိုဖတ်စာ၊ ထပ်ဆောင်းဖတ်စာများအဖြစ် ဖတ်ရှုလေ့လာ စိစစ်ဝေဖန်မှုလုပ်ငန်းများ စီစဉ်ပေးနိုင်ပါသည်။ စီစဉ်ပေးရန်လည်း လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အရေးစာသားများသာမက အပြောစာသား (Oral text) များနှင့် အရုပ်စာသား (Pictorial text) များ၊ ရုပ်သံသတင်းများ၊ ရုပ်သံအစီအစဉ် များကိုပါ ထည့်သွင်း အသုံးပြုနိုင်ပါသည်။

## မီဒီယာတတ်ကျွမ်းမှု (သို့မဟုတ်) မီဒီယာဆိုင်ရာ စာတတ်မြောက်မှု အယူအဆ (၅) ရပ်

မီဒီယာဆိုင်ရာ စာတတ်မြောက်မှု၏ အဓိကသော့ချက်မှာ ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင် မှုပင် ဖြစ်သည်။ မီဒီယာသတင်းစကားတစ်ခုကို နားလည်သဘောပေါက်ခြင်းသည် အခြေခံမျှသာ ဖြစ်ပြီး ထိုသတင်းစကားကို ထပ်မံ၍ ခွဲခြမ်းစိတ်ဖြာလေ့လာစိစစ်မှု ပြုလုပ်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။ ခွဲခြမ်းစိတ်ဖြာလေ့လာစိစစ်မှု လုပ်နိုင်မှသာ မီဒီယာ၏ ဆိုလိုရင်းကို ပိုမိုနားလည်ဘောပေါက်နိုင်မည်ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာ လေ့လာစိစစ်မှုဟု ဆိုရာတွင် မီဒီယာ သတင်းစကားတစ်ခုကို မီဒီယာဆိုင်ရာ အယူအဆ (သို့မဟုတ်) အခြေခံမူများနှင့် ချိန်ထိုးကာ မေးခွန်းထုတ်ကြည့်ခြင်း ဖြစ်သည်။ အောက်တွင် ဖော်ပြထားသော အယူအဆ

(၅) ရပ် (သို့မဟုတ်) အသိသညာ (၅) ရပ်သည် ပညာရှင်များက လက်ခံထားသည့် မီဒီယာ တတ်ကျွမ်းမှုဆိုင်ရာ အခြေခံမှုများပင် ဖြစ်သည်။[၁၂]

၁။ **မီဒီယာသတင်းစကားများအားလုံးသည် လူတို့ ဖန်တီးထားသောအရာများဖြစ်သည်။** မီဒီယာသတင်းအချက်အလက်များ၊ သတင်းစကားများသည် အကြောင်းရင်းခံ အမျိုးမျိုးဖြင့် လူများက သေချာစွာဖန်တီးထုတ်လုပ်ထားသည့် အရာများသာ ဖြစ်သည်။ သို့ဖြစ်ရာ ၎င်းတို့ကိုစိစစ်သုံးသပ်သည့်အခါ မည်သူကမည်သို့သော နည်းလမ်းများကို အသုံးပြုပြီး မည်သည့်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် ဖန်တီးထားသနည်းဟု မေးခွန်းထုတ်ကြည့်ရမည် ဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့် မေးခွန်းများ ဖြင့်စိစစ်သုံးသပ်နိုင်ပါသည်။

- ဤသတင်းစကားကို မည်သို့ဖန်တီးထားသနည်း။
- အမှန်တရားနှင့် မည်မျှနီးစပ်သနည်း။

၂။ **မီဒီယာသတင်းစကားများတွင် တန်ဖိုးထားမှုများ၊ အမြင်သဘောထားများ ပါဝင်နေပြီး ဖြစ်သည်။** မီဒီယာကို ထုတ်လုပ်သူများတွင် ၎င်းတို့တစ်ဦးချင်းစီ၏ ယုံကြည်ချက်များ၊ တန်ဖိုးထားမှုများ၊ သဘောထားအမြင်များ၊ ဘက်လိုက်မှုများ ရှိမြဲဖြစ်ပြီး အဆိုပါ အချက်များက ထုတ်လုပ်လိုက်သည့် မီဒီယာပစ္စည်းအပေါ်တွင် လွှမ်းမိုးမှုရှိပါသည်။ အပြည့်အဝ “ကြားနေ” သည့် မီဒီယာ၊ ဘက်လိုက်မှုကင်းသည့် မီဒီယာဟူ၍ မရှိနိုင်ပါ။ မီဒီယာသတင်းစကားများတွင် မည်သည့်အချက်များကို ထည့်သွင်းမည်၊ မည်သည့် အရာများကို မထည့်သွင်းဟု ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာမှာ မီဒီယာထုတ်လုပ်သူ များ၏ လက်ထဲတွင်သာရှိပါသည်။ အောက်တွင် ဖော်ပြထားသည့် မေးခွန်းမျိုးကို မေးကြည့်သင့်ပါသည်။

- မည်သို့သောဘဝပုံစံ၊ မည်သည့်စံနှုန်း၊ တန်ဖိုးများ၊ မည်သူတို့၏ အမြင်သဘောထားများကို ကိုယ်စားပြုထားသနည်း (သို့မဟုတ်) ချန်လှပ်ထားခဲ့ သနည်း။

---

[၁၂] Ontario Ministry of Education. (2008). A guide to effective literacy instruction, Grades 4 to 6: A multi-volume resource from the Ministry of Education, Volume 7, Media literacy.

၃။ **လူတစ်ဦးချင်းစီက မီဒီယာသတင်းစကားများကို မတူကွဲပြားစွာ အဓိပ္ပာယ်ကောက်ယူကြပါသည်။** တစ်ခုတည်းသော မီဒီယာသတင်းစကားကိုပင် လူအများက တစ်ယောက်တစ်မျိုးစီ အဓိပ္ပာယ်ကောက်ယူတတ်ကြပါသည်။ ရုပ်မြင်သံကြား အစီအစဉ်တစ်ခုကို ကြည့်ရှုကြသူများ အချင်းချင်းအတွင်းမှာပင် တွေ့ကြုံခံစားရပုံ မတူညီနိုင်ပါ။ သတင်းစကားတစ်ခုကို အဓိပ္ပာယ် ကောက်ယူရာတွင်ပင် အသက်အရွယ်၊ ကျား၊မ၊ ပညာအရည်အချင်း၊ ဘဝအတွေ့အကြုံ၊ ယဉ်ကျေးမှုနောက်ခံ၊ တန်ဖိုးထားမှု၊ ယုံကြည်မှုတို့ကို အမှီပြုပြီး အမျိုးမျိုးကွဲပြားနိုင်ပါသည်။ အောက်ပါကဲ့သို့သော မေးခွန်းများကို မေးမြန်းကြည့်နိုင်ပါသည်။

- ဤသတင်းစကားသည် မည်သည့် ပရိသတ်ကို ရည်ရွယ်သနည်း။
- ဤသတင်းစကားက မိမိအား မည်သို့ ပြောချင်သည်ဟု ထင်သနည်း။
- အခြားသူများက ဤသတင်းစကားကို မည်သို့ တစ်မျိုးတစ်ဖုံ ကွဲပြားစွာ နားလည်ကြမည်ဟု ထင်ပါသနည်း။

၄။ **မီဒီယာသတင်းစကားများ အများစုသည် အကျိုးအမြတ် (သို့မဟုတ်) ဩဇာအာဏာရလိုမှုအတွက် စီစဉ်ဖန်တီးထားလေ့ ရှိပါသည်။** မီဒီယာအများစုအနေဖြင့် စီးပွားရေး၊ ဝါဒရေးရာနှင့် နိုင်ငံရေးအကျိုးအမြတ်များကို စိတ်ဝင်စားကြပါသည်။ မီဒီယာကုမ္ပဏီအများစုသည် အကျိုးအမြတ်ကိုရှေးရှုသည့် အဖွဲ့အစည်းများဖြစ်ကြသည်။ သို့ဖြစ်ရာ မီဒီယာသတင်း စကားများနှင့်အတူ စီးပွားရေး ကြော်ငြာများကိုလည်း ပူးတွဲတင်ပြရလေ့ရှိပါသည်။ စာနယ်ဇင်းများတွင် ကြော်ငြာစာမျက်နှာများ အများအပြား ထည့်သွင်းရသကဲ့သို့ ရုပ်မြင်သံကြား အစီအစဉ်များတွင်လည်း ကြားဖြတ်ကြော်ငြာ အပိုင်းတိုများ ထည့်သွင်းတင်ဆက်ကြရသည်။ တစ်ချိန်တည်းမှာပင် အချို့သော မီဒီယာ သတင်းစကားများသည် နိုင်ငံရေးနှင့် ဝါဒရေးရာ အမြင်တစ်ခုဆီသို့ လူထုကို ဆွဲဆောင်သိမ်းသွင်းရန် တစ်နည်းအားဖြင့် ဝါဒဖြန့်ရန် အားထုတ်လေ့ရှိပါသည်။ သို့ဖြစ်ရာ မီဒီယာပစ္စည်းများကို ဖန်တီးထုတ်လုပ်ရာတွင် စီးပွားရေး၊ ဝါဒရေးရာနှင့် နိုင်ငံရေး အကျိုးအမြတ်များ ရရှိရေးကို မျှော်ကိုးလျက် ဖန်တီးလေ့ရှိကြပါသည်။ အောက်တွင် ဖော်ပြထားသည့် မေးခွန်းများကို မေးနိုင်ပါသည်။

- ဤသတင်းစကားကို မည်သူက ဖန်တီးထားသနည်း၊ အဘယ်ကြောင့်နည်း။
- ဤသတင်းစကားကို သဘောတူလက်ခံလိုက်လျှင် မည်သူ အကျိုးရှိသွားမည်နည်း။ မည်သူ အကျိုးမဲ့သွားနိုင်သနည်း။

၅။ မီဒီယာဆက်သွယ်ရေးနည်းလမ်းတစ်ခုစီတွင် ၎င်းတို့၏ကိုယ်ပိုင် ဘာသာစကား၊ ဟန်၊ ပုံသဏ္ဌာန်နည်းလမ်း၊ သတ်မှတ်ချက်နှင့် ရသသဘောများ ကိုယ်စီရှိကြပါသည်။ မီဒီယာတစ်မျိုးစီသည် မတူညီသော စကားအသုံးအနှုန်း၊ မတူညီသောနည်းနာများ၊ မတူညီသော စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ၊ မတူညီသောယဉ်ကျေးမှု သင်္ကေတများကို အသုံးပြုကာ မီဒီယာပစ္စည်းများကို ဖန်တီးကြပါသည်။ အောက်ပါကဲ့သို့သော မေးခွန်းများမေးကာ စိစစ်လေ့လာ သုံးသပ်နိုင်ပါသည်။

- မည်သည့် မီဒီယာနည်းလမ်းကို အသုံးပြုထားသနည်း၊ အဘယ်ကြောင့်နည်း။
- မည်မျှ ထိရောက်မှုရှိသနည်း။

အထက်တွင် ဖော်ပြထားသကဲ့သို့ မီဒီယာသတင်းစကားများ၊ မီဒီယာပစ္စည်းများ အပေါ်တွင် မေးခွန်းများထုတ်ပြီး လေ့လာစိစစ်ခြင်းဖြင့် မီဒီယာသတင်းစကားများကို မှန်ကန်စွာဝေဖန်သုံးသပ်ဆုံးဖြတ် လုပ်ဆောင်နိုင်စွမ်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

မီဒီယာဆိုင်ရာ စာတတ်မြောက်မှုသည် ၂၁ ရာစုအတွက် အရေးပါသော ကျွမ်းကျင်မှုတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံအများအပြားတွင် ကျောင်းသင်ရိုးညွှန်းတမ်းများ၌ ထည့်သွင်းပြီး သင်ကြားပေးလျက်ရှိပါသည်။ ထိုသို့ ထည့်သွင်းသင်ကြားရာတွင် အချို့က ဘာသာစကားနှင့်ဆိုင်သော သင်ယူမှုနယ်ပယ်၌ နယ်ပယ်ခွဲတစ်ခုအဖြစ် သိသာထင်ရှားစွာ ထည့်သွင်း သင်ကြားပေးကြသည်။ အချို့ကမူ ဒစ်ဂျစ်တယ်ဆိုင်ရာစာတတ်မြောက်မှု၊ အိုင်စီတီဆိုင်ရာစာတတ်မြောက်မှု စသည်တို့နှင့် ချိတ်ဆက်လျက် သင်ကြားပေးကြသည်။ အချို့ကလည်း ဘာသာရပ်အသီးသီး၏ သက်ဆိုင်ရာသင်ခန်းစာများတွင် ထည့်သွင်းအသုံးပြုသင်ကြားပေးကြပါသည်။ မည်သို့ပင်ဖြစ်စေ ဤကျွမ်းကျင်မှုများသည် ယနေ့ခေတ်လူငယ်များအတွက် အထူးလိုအပ်နေသော ကျွမ်းကျင်မှုများဖြစ်သည့်အလျောက် မြန်မာနိုင်ငံတွင်လည်း ဆီလျော်ရာသင်ခန်းစာများနှင့် ချိတ်ဆက်ကာ ထည့်သွင်းသင်ကြားပေးသင့်ပါသည်။ အလယ်တန်းဆင့်မြန်မာစာသင်ချိန်များတွင်မူ မီဒီယာအမျိုးမျိုးမှ သင့်လျော်သည့် စာသားများကို ရွေးချယ်ကာ အပိုဖတ်စာ (သို့မဟုတ်) ထပ်ဆောင်းဖတ်စာများအဖြစ် ထည့်သွင်းသင်ကြားပေးပါက ကလေးများ၏ ယေဘုယျစာဖတ်စွမ်းရည် ပိုမိုတိုးတက်လာမည်သာမက မီဒီယာဆိုင်ရာစာတတ်မြောက်မှုလည်း ပိုမိုဖွံ့ဖြိုးလာနိုင်မည် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ မီဒီယာတတ်ကျွမ်းမှုအကြောင်း ဖတ်ရှုလေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် မြန်မာစာ ကျောင်းသားကိုင်စာအုပ်တွင်ပါရှိသော မီဒီယာတတ်ကျွမ်းမှုအကြောင်းကို နားလည်သဘောပေါက်အောင် ကျောင်းသားတစ်ဦးချင်း ဖတ်ရှုလေ့လာခြင်းနှင့် မေးခွန်းများ ဖြေဆိုခြင်း၊ ဆွေးနွေးခြင်းတို့ဖြင့် သင်ယူကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ မီဒီယာမှရရှိသော သတင်းအချက်အလက်များကို လေ့လာစိစစ် အကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့် ကလေးများနှင့် ကိုက်ညီ၊ ဆီလျော်သော သတင်းအချက်အလက်တစ်ခုခု (မီဒီယာသတင်းစကားတစ်ခုခု) ကို ကျောင်းသားများအား ရှာဖွေစုဆောင်းလာစေပြီး လက်တွေ့စိစစ် လေ့လာကြရန်ဖြစ်သည်။ မီဒီယာသတင်းစကားများ၊ အချက်အလက်များကို စိစစ်လေ့လာအကဲဖြတ်ခြင်း၏ အရေးပါပုံကို သိရှိနားလည်ရန် လက်တွေ့လေ့ကျင့်ခြင်းဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ မီဒီယာသတင်းစကား လက်ခံရယူပုံနှစ်မျိုး၏ အကျိုးဆက်များကို ဖော်ထုတ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ နှစ်ယောက်တစ်တွဲ တွဲကာ မီဒီယာသတင်းစကားရယူပုံ (၂) မျိုးကြောင့် ဖြစ်ပေါ်လာနိုင်သော ရလဒ်၊ အကျိုးဆက် အသီးသီးကို တီပုံစံဇယားကွက်ဖြင့် ဖော်ပြကြရန်ဖြစ်သည်။ တစ်နည်းအားဖြင့် မီဒီယာသတင်းစကားများကို စိစစ်အကဲဖြတ်ပြီး လက်ခံရယူ အသုံးပြုမှု၏ အရေးပါပုံကို သင်ယူလေ့လာကြရန်ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ အခြေခံပညာအလယ်တန်းဆင့်တွင် စာဖတ်တတ်မြောက်မှု၏ အဓိပ္ပာယ်သည် ယေဘုယျအားဖြင့် မည်မျှကျယ်ပြန့်မှုရှိသနည်း။

၂။ အလယ်တန်းဆင့်ကလေးများ စာကို များများနှင့် မြန်မြန်ဖတ်ရန် လေ့ကျင့်ပေးနိုင်သည့် စာဖတ်ခြင်းပုံစံ တစ်ခုအကြောင်းကို ရှင်းပြပါ။

၃။ အလယ်တန်းဆင့် ကျောင်းသားများအတွက် မီဒီယာတတ်ကျွမ်းမှုသည် အဘယ်ကြောင့် မရှိမဖြစ် လိုအပ်လာသနည်း။

# ၅.၂။ စာဖတ်ကျွမ်းကျင်မှုများကို သင်ကြားသင်ယူခြင်း

ဤအပိုင်းသည် စာဖတ်ကျွမ်းကျင်မှုများကို သင်ကြားသင်ယူခြင်း ဖြစ်သည်နှင့်အညီ အလယ်တန်းဆင့်ကလေးများ စာဖတ်ကျွမ်းကျင်လာစေရန်ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို အဓိကထား၍ ဖော်ပြထားသည်။ ကလေးများအနေဖြင့် စာပါအကြောင်းအရာကို ယေဘုယျ နားလည်သဘောပေါက်ရန်၊ ဝေါဟာရကြွယ်ဝရန်၊ သတင်းအချက်အလက်များ ရယူနိုင်ရန်၊ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန်၊ ဝေဖန်ပိုင်းခြားစဉ်းစား ဆင်ခြင်နိုင်ရန်နှင့် ရသခံစားမှု အတွက် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရင့်သန်စေရန်တို့အတွက် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို သီးခြားစီခွဲ၍ ဆွေးနွေးတင်ပြထားပါသည်။ ထို့ပြင် စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကိုလည်း အကြံပြုဖော်ပြထားပါသည်။ အဆိုပါ နည်းလမ်းများကို လေ့လာပြီးပါက အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ် စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာကို ပြင်ဆင်ခြင်းနှင့် ပြင်ဆင်ထားသည့် သင်ခန်းစာကို လက်တွေ့သင်ကြားခြင်းတို့ကိုပါ ဤအပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

## ၅.၂.၁ | စာပါအကြောင်းအရာကို ယေဘုယျနားလည် သဘောပေါက်ရန် သင်ကြားခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာပါအကြောင်းအရာများကို ယေဘုယျ နားလည်သဘောပေါက်ရန် သင်ကြားနိုင်မည့် နည်းလမ်းများကို ရှင်းပြတတ်မည်။

"ယေဘုယျအားဖြင့် နားလည်သဘောပေါက်ခြင်း" ဆိုသည်မှာ စာသားတွင်ပါဝင်သည့် အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ရယူခြင်း မဟုတ်ဘဲ စာတစ်ပုဒ်ကို သင့်တင့်လျောက်ပတ်သော မြန်နှုန်းဖြင့်ဖတ်ရှုကာ အကြောင်းအရာကို အကြမ်းဖျင်းခြုံငုံပြီး နားလည်နိုင်စွမ်းဖြစ်သည်။ စာများများဖတ်လိုသူ (သို့မဟုတ်) စာများများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရန်လိုအပ်သူများအနေဖြင့် စာဖတ်သည့်ပုံစံ အမျိုးမျိုးရှိသည့်အနက် စာတစ်ပုဒ်တွင် မည်သည့် အကြောင်းအရာများကို ရေးထားသည်၊ စာရေးသူ၏ဆိုလိုရင်းသည် မည်သို့

ဖြစ်သည်တို့ကို အကြမ်းဖျင်းနားလည်ရန် ဖတ်ခြင်းဖြစ်သည်။ စာတစ်ပုဒ်ကို အချိန်ယူကာ အာရုံစူးစိုက်ဖတ်ခြင်း၊ အသေးစိတ်ဖတ်ရှုခြင်းမျိုး မဟုတ်ပါ။

စာဖတ်ကျွမ်းကျင်မှုများကို (စာဖတ်ကျွမ်းကျင်မှုရှိအောင်) သင်ကြားရာတွင် စာသားပါ အကြောင်းအရာများကို ယေဘုယျနားလည် သဘောပေါက်ရန် သင်ကြားခြင်းသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ လူတို့သည် မိမိ၏နေ့စဉ်ဘဝ လိုအပ်ချက်အတွက် ဖြစ်စေ၊ ပညာသင်ယူရန်အတွက်ဖြစ်စေ စာကို ယေဘုယျနားလည် သဘောပေါက်ရုံသာ ဖတ်ရန် လိုအပ်သည့် အခါများလည်း မကြာခဏ တွေ့ကြုံရပါသည်။ သို့ဖြစ်ရာ စာရေးစာဖတ် သင်ကြားရာတွင် ဤကဲ့သို့သော စာဖတ်စွမ်းရည်ကို သင်ကြားပေးရမည်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာကိုများများနှင့် မြန်မြန်ဖတ်တတ်ပြီး မိမိဖတ်သည့် အကြောင်းအရာကို ကောင်းစွာနားလည် သဘောပေါက်ရန် လိုအပ်ပါသည်။ သို့မှသာ အခြားပညာရပ်များဖြစ်သော သင်္ချာ၊ လူမှုရေး၊ သမိုင်း၊ သိပ္ပံ၊ အစရှိသည်တို့ကိုလည်း ကောင်းစွာ သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အခြေခံဗဟုသုတများ၊ အသိဉာဏ်ပညာများ ဖွံ့ဖြိုးလာပြီး ပညာရေး၊ လူမှုရေးနှင့် လက်တွေ့ဘဝ တိုးတက်ရေး အတွက်ပါ အထောက်အကူပြုမည်ဖြစ်သည်။

စာသားပါ အကြောင်းအရာများကို ယေဘုယျနားလည် သဘောပေါက်စေရန် သင်ကြားရာတွင် စာမဖတ်မီအဆင့်၊ စာဖတ်နေစဉ်အဆင့်နှင့် စာဖတ်ပြီးအဆင့်ဟူ၍ အဆင့် (၃) ဆင့်ဖြင့် သင်ကြားနိုင်ပုံကို ပထမနှစ်တွင် အနည်းငယ် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ထိုအဆင့် (၃) ဆင့်ဖြင့် ပုံမှန်ဖတ်စာ သင်ခန်းစာတစ်ခုကို သင်ကြားရာ၌ ဆရာများအနေဖြင့် သိထားသင့်သည့် အဆင့်အလိုက် ရည်ရွယ်ချက်များ၊ ကြိုတင်ပြင်ဆင်နိုင်သည့် နည်းလမ်းများနှင့် ရရှိနိုင်သည့် သင်ယူမှုရလဒ်များကို ဤသင်ခန်းစာတွင် ဆွေးနွေးထားပါသည်။

သုတေသနများနှင့် လက်တွေ့သင်ကြားမှု အတွေ့အကြုံများအရ စာဖတ်ခြင်းကို အဆိုပါ အဆင့် (၃) ဆင့်ဖြင့် ချဉ်းကပ်သင်ကြားခြင်းဖြင့် ကျောင်းသားများသည် မိမိတို့၏ စာဖတ်ပြီး နားလည်သဘောပေါက်မှုကို တိုးတက်စေသည့် နည်းလမ်းအမျိုးမျိုးကို သင်ယူရရှိစေနိုင်ပါသည်။ ထို့ပြင် စာသားဖွဲ့စည်းပုံ အမျိုးမျိုးရှိသော စာများဖတ်ရာတွင်လည်း ထိုနည်းလမ်းများကို လိုက်နာကျင့်သုံးနိုင်ရန် အထောက်အကူပြုသည်ဟု ဆိုပါသည်။[၁၁၃] သို့သော် ထိုအဆင့် (၃) ဆင့်သည် ယေဘုယျသဘောသာ ဖြစ်သောကြောင့် ဖတ်စာတိုင်းအတွက် အဆင့်အားလုံးကို လုပ်ဆောင်ရမည်ဟု မဆိုလိုပါ။ ရံဖန်ရံခါတွင် ဆရာသည် စာမဖတ်မီအဆင့်ကို

[၁၁၃] Texas Reading Initiative. (2002). *Comprehension Instruction, 2002 online revised edition*. Retrieved from http://www.netxv.net/pm_attach/67/TRI-Comprehension_Instr.pdf

မလုပ်ဆောင်ဘဲ ဖတ်စာကိုသာ တိုက်ရိုက် ဖတ်စေချင်သည့်အခါမျိုး (သို့မဟုတ်) စာဖတ်ပြီး အဆင့် လုပ်ငန်းကို လုပ်ဆောင်ရန် မသင့်လျော်သည့် (မလိုအပ်သည့်) အခါမျိုးလည်း ရှိနိုင်ပါသည်။ ထို့ကြောင့် ဖတ်စာပါ အကြောင်းအရာ၊ အခြေအနေနှင့် ရည်ရွယ်ချက်ပေါ် မူတည်၍ လိုအပ်သလို အသုံးပြုရမည်ဖြစ်သည်။

**စာမဖတ်မီအဆင့်**

**(က) ရည်ရွယ်ချက်**။ ။စာမဖတ်မီအဆင့်တွင် သင်ယူမှုလုပ်ငန်းများကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်ကြသည်။[၁၁၄]

(၁) သင်ခန်းစာကို မိတ်ဆက်ရန်။

(၂) ကလေးများ၏ စိတ်ဝင်စားမှုနှင့် စာဖတ်လိုစိတ်ဖြစ်ပေါ်လာစေရန်။

(၃) ကလေးများ မသိရှိသေးသည့် အကြောင်းအရာ အချက်အလက်များအတွက် ဘာသာစကားဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ (ဥပမာ - ဝေါဟာရများ၊ အသုံးအနှုန်းများ၊ ဝါကျဖွဲ့ထုံးများကို ရှင်းပြခြင်း) ပြုလုပ်ရန်။

ကျောင်းသားများသည် ဆရာ၏ပံ့ပိုးကူညီမှုဖြင့် စာမဖတ်မီလုပ်ငန်းများကို ဆောင်ရွက်ရင်း ဖတ်စာ၏ရည်ရွယ်ချက်ကို သိရှိနားလည်လာကာ ဖတ်စာပါအကြောင်းအရာကို ကြိုတင် ခန့်မှန်း တတ်လာမည် ဖြစ်သည်။ ထို့ပြင် အချို့သောသင်ယူမှုလုပ်ငန်းများက ခက်ခဲသော ဝေါဟာရများ၊ အသုံးအနှုန်းများ၊ အယူအဆများကို သိရှိနားလည်စေနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဖတ်စာခေါင်းစဉ်နှင့် ပတ်သက်၍လည်း မိမိတို့၏ အတွေးအမြင်များကို ထုတ်ဖော်ပြောဆိုနိုင်မည်ဖြစ်သည်။[၁၁၅]

သို့သော် ဖတ်စာတိုင်းအတွက် အထက်ပါရည်ရွယ်ချက်အားလုံး ပေါက်မြောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ဥပမာ - ဆရာသည် ကလေးများမသိသေးသော ဝေါဟာရများ နှင့် စာသားဖွဲ့စည်းပုံအားလုံးကို အသေးစိတ်ရှင်းပြနိုင်မည်မဟုတ်ပေ။ ခေါင်းစဉ် / ဖတ်စာကို ယေဘုယျနားလည်ပြီး လုပ်ငန်းများလုပ်ဆောင်နိုင်ရန် လေ့ကျင့်ပေးခြင်း၊ ကလေးများ မသိရှိသည့် စကားလုံးများကို ကိုယ်တိုင်လေ့လာနိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။

---

[၁၁၄] Williams, E. (1984). *Reading in the language classroom. Essential language teaching series*. London: Macmillan.

[၁၁၅] Texas Reading Initiative. (2002). *Comprehension Instruction, 2002 online revised edition*. Retrieved from http://www.netxv.net/pm_attach/67/TRI-Comprehension_Instr.pdf

(ခ) ကြိုတင်ပြင်ဆင်နိုင်သည့်နည်းလမ်းများ။ ။စာမဖတ်မီအဆင့်တွင် အဓိကအားဖြင့် ဆရာသည် ကျောင်းသားများ၏ စိတ်ဝင်စားမှုကို လှုံ့ဆော်နိုင်မည့်လုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ပြီး ကျောင်းသားများ၏ ရှိပြီးသားဗဟုသုတများမှ ဖတ်စာနှင့် ဆီလျော်သည့်ဗဟုသုတများကို ဆွေးနွေးဖော်ထုတ်ရမည်ဖြစ်သည်။ သို့ပါ၍ ဆရာက မိမိကိုယ်မိမိ မေးခွန်းများမေးမြန်းကာ ကြိုတင်ပြင်ဆင်နိုင်သည့် နည်းလမ်းများရှာဖွေနိုင်သည်။ ဥပမာ -

(၁) သင်မည့်ခေါင်းစဉ်နှင့်ပတ်သက်၍ ကလေးများတွင် မည်သည့်ဗဟုသုတ၊ အတွေးအခေါ်၊ အတွေ့အကြုံများရှိထားပြီးပြီဟု ထင်သနည်း။ ထိုအရာများကို မည်သို့ဖော်ထုတ် အသုံးချမည်နည်း။

(၂) ကျောင်းသားများအား ဤဖတ်စာကို အဘယ်ကြောင့် ဖတ်စေလိုသနည်း။

စသည့် မေးခွန်းများကို မိမိကိုယ်မိမိမေးကာ သင်ခန်းစာမိတ်ဆက်နိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်သည်။ ထို့ပြင် ကလေးများအား ထိုမေးခွန်းများကဲ့သို့ အလားတူမေးခွန်းများ မေးခြင်းဖြင့်လည်း ဖတ်စာကို မိတ်ဆက်နိုင်သည့်နည်းလမ်းများ၊ ကလေးများကို လှုံ့ဆော်နိုင်မည့်နည်းလမ်းများ ရရှိနိုင်သည်။ အမြင်ပုံများ (ဥပမာ - ရုပ်ပုံများ၊ မြေပုံများနှင့် ဓာတ်ပုံများ)၊ စာရင်းများ၊ နှုတ်မေးနှုတ်ဖြေမေးခွန်းများ (သို့မဟုတ်) ရေးဖြေမေးခွန်းများ အသုံးပြုနိုင်သည်။ တစ်ချိန်တည်းမှာပင် ဘာသာစကားပြင်ဆင်မှုပါ တွဲဖက်လုပ်ဆောင်နိုင်ပါသည်။

## စာဖတ်နေစဉ်အဆင့်

**(က) ရည်ရွယ်ချက်**။ ။စာဖတ်နေစဉ် အဆင့်တွင် ကလေးများ၏ အတွေးအမြင်များ၊ စိတ်ကူးစိတ်သန်းများကို မေးခြင်းထက် ဖတ်စာပါအကြောင်းအရာအပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အဓိကဆွေးနွေးခြင်းဖြစ်သည်။ ဤအဆင့်ကို အောက်ပါ ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်ကြသည်[၁၁၆] -

(၁) စာရေးသူ၏ ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ရန်။

(၂) ဖတ်စာ၏ စာသားဖွဲ့စည်းပုံကို သိရှိရန်။

(၃) ဖတ်စာပါအကြောင်းအရာကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ရန်။

[၁၁၆] Williams, E. (1984). *Reading in the language classroom. Essential language teaching series.* London: Macmillan.

ဤသင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် ဖတ်စာမှ အဖြစ်အပျက်များနှင့် အကြောင်းအရာများကို အစီအစဉ်တကျ စုစည်းတတ်လာမည်၊ ဇာတ်ကောင်များ၊ အခြေအနေများ၊ အဖြစ်အပျက်များကို ပြန်လည်စဉ်းစားကာ မိမိစကားလုံးဖြင့် ပြန်လည်ရေးသားခြင်းနှင့် ခက်ခဲသောစာကြောင်းများနှင့် စာပိုဒ်များကို ပြန်လည်ပြောပြခြင်းဖြင့် မိမိ၏သဘောပေါက်မှုကို ဆန်းစစ်တတ်မည်ဖြစ်သည်။ ဖတ်စာပါ အကြောင်းအရာကို နားလည်သဘောပေါက်ရန် စာကြောင်းများကို အဖြတ်အတောက်မှန်မှန်နှင့် အဓိပ္ပာယ်ပေါ်လွင်အောင် ဖတ်ခြင်းသည်လည်း အရေးကြီးပါသည်။ ဆရာက စာကို စိတ်ဝင်စားဖွယ်ဖြစ်အောင် အသံအနေအထား အဖြတ်အရပ်မှန်မှန်ဖြင့် ဖတ်ပြရန်လိုအပ်ပါသည်။

**(ခ) ကြိုတင်ပြင်ဆင်နိုင်သည့် နည်းလမ်းများ။** ။ကျောင်းသားများ စာဖတ်နေစဉ် ဖတ်စာအပေါ် အာရုံစူးစိုက်မှုရှိစေရန်၊ ဖတ်စာကို နားလည်သဘောပေါက်ရန်၊ ဆင်ခြင်သုံးသပ် ကောက်ချက်ချမှုလိုအပ်သည့် အပိုင်းများကို ပိုမိုအာရုံစိုက်ရန်နှင့် ဖတ်စာပါ အဓိကအရေးကြီးသော အချက်များကို အလေးထားရန် ဆရာက လမ်းညွှန်ပေးရမည်။ သို့ဖြစ်ရာ ဆရာက မိမိကိုယ်ကိုမိမိ မေးခွန်းများ မေးမြန်းကာ ပံ့ပိုးနိုင်သည့် နည်းလမ်းများရှာဖွေနိုင်သည်။ ဥပမာ -

(၁) ဖတ်စာ၏ရည်ရွယ်ချက် (Function) မှာ အဘယ်နည်း။

(၂) ဖတ်စာကို မည်သည့် စာသားဖွဲ့စည်းပုံဖြင့် ရေးဖွဲ့ထားသနည်း။ (ဥပမာ - အဖြစ်အပျက်ကို ပြန်ပြောခြင်း၊ ဥပမာအမျိုးမျိုးပေး၍ ရှင်းပြခြင်း၊ အထောက်အထားများဖြင့် ကျိုးကြောင်းပြ၍ ဆွေးနွေးခြင်း။)

(၃) စာဖတ်သူများကို ပေးချင်သည့် အဓိကအချက်မှာ အဘယ်နည်း။[၁၁၇]

စသည့် မေးခွန်းများဖြင့် စာဖတ်စဉ်တွင် အလေးထားရမည့်အချက်များကို ဖော်ထုတ်ကာ ဖတ်စာပါ အကြောင်းအရာကို ပိုမိုနားလည်စေမည့်လုပ်ငန်းများ ပြင်ဆင်နိုင်သည်။ ထို့ပြင် ဖတ်စာအဆုံးတွင်ပါရှိသည့် လေ့ကျင့်ခန်းအချို့ကိုလည်း စာဖတ်နေစဉ် လုပ်ငန်းအဖြစ် အသုံးပြုနိုင်သည်။ စာမဖတ်မီက ဖော်ထုတ်ခဲ့သည့် မေးခွန်းများ၏ အဖြေကိုရှာခြင်း (သို့မဟုတ်) စာမဖတ်မီ ကြိုတင်ခန့်မှန်းချက်များ မှန်၊မမှန်ကို ရှာဖွေစေခြင်းများလည်း လုပ်ဆောင်နိုင်သည်။ (သို့မဟုတ်) စာဖတ်နေရာမှ စာပိုဒ်၏ တစ်နေရာ (သို့မဟုတ်) စိတ်ဝင်စားဖွယ် အကောင်းဆုံးနေရာတွင် ရပ်တန့်လိုက်ပြီး ရှေ့တွင် မည်သို့ဆက်ဖြစ်မည်ကို ရှာဖွေစေခြင်း၊ မေးခွန်းများမေးခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်သည်။ ပုံစံများ (Diagrams)၊ မြေပုံများ (ရေးဆွဲခြင်း)၊ စာရင်းများ

[၁၁၇] Williams, E. (1984). *Reading in the language classroom. Essential language teaching series*. London: Macmillan.

(Lists)၊ မှတ်စုတို ရေးခြင်းများသည်လည်း စာဖတ်နေစဉ် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများ ဖြစ်ပါသည်။ အကြောင်းအရာတစ်ခုလုံးကို သဘောပေါက်မှသာ အသေးစိတ် အချက်အလက်များကို သဘောပေါက်မည်ဖြစ်သောကြောင့် ဖတ်စာပါ အကြောင်းအရာ တစ်ခုလုံး၏ အဓိပ္ပာယ်ကို ယေဘုယျ နားလည်သဘောပေါက်ပြီးမှ စာပိုဒ် တစ်ပိုဒ်ချင်းစီ၊ ဝါကျတစ်ကြောင်းချင်းစီနှင့် စာလုံးတစ်လုံးချင်းစီကို နားလည်သဘောပေါက်အောင် တစ်ဆင့်ချင်း လုပ်ဆောင်သင့်ပါသည်။

## စာဖတ်ပြီးအဆင့်

**(က) ရည်ရွယ်ချက်**။ ။စာဖတ်ပြီးအဆင့်တွင် လုပ်ရမည့် အလုပ်သည် ဖတ်စာကို တိုက်ရိုက်ရည်ညွှန်းခြင်း မဟုတ်ဘဲ ထိုအဆင့်ထက် ကျော်လွန်၍ စဉ်းစားခြင်း ဖြစ်သည်။ ထိုအဆင့်တွင် ဖတ်စာအပြင် စာဖတ်စဉ်အဆင့်တွင် လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်တုံ့ပြန် ဖြေကြားခြင်းများပါဝင်သည်။ ဥပမာ - စာဖတ်ပြီးနောက် ကလေးများ၏စိတ်တွင် ဖြစ်ပေါ်သည့်အရာများ - "ဖတ်စာကိုနှစ်သက်သည်။" (သို့မဟုတ်) "ဖတ်စာသည် မိမိတို့အတွက် အသုံးဝင်သည် (သို့မဟုတ်) အသုံးမဝင်ပါ။" စသည်ဖြင့် ပြန်လည်ဖြေဆိုခြင်းများလည်း ပါဝင်နိုင်သည်။ စာဖတ်ပြီးအဆင့်၏ ရည်ရွယ်ချက်မှာ -

(၁) ဖတ်ထားသောအကြောင်းအရာအပေါ် ပြန်လည်သုံးသပ်ရန်နှင့်

(၂) ဖတ်စာကို သင်ယူသူများ၏ ရှိပြီးဗဟုသုတ၊ စိတ်ဝင်စားမှု (သို့မဟုတ်) အတွေးအမြင်များနှင့် ချိတ်ဆက်ရန် ဖြစ်သည်။

ဤလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် ဖတ်စာတွင် ထည့်သွင်းထားသည့် အတွေးအခေါ် အယူအဆများကို သုံးသပ်ဆွေးနွေးနိုင်ကာ သင်ခန်းစာယူနိုင်သော ကောင်းခြင်း၊ ဆိုးခြင်း၊ ကောင်းကျိုး၊ ဆိုးကျိုးများကို နားလည်လာမည်ဖြစ်သည်။ ထို့ပြင် အရေးကြီးသော အချက်များ၊ အဓိကအချက်များကို ထုတ်နုတ်ပြောစေခြင်းဖြင့် ဖတ်ထားသည့် အကြောင်းအရာကို အကျဉ်းချုပ်တတ်လာမည်ဖြစ်သည်။

**(ခ) ကြိုတင်ပြင်ဆင်နိုင်သည့်နည်းလမ်းများ**။ ။စာဖတ်ပြီးအဆင့်အတွက် လုပ်ငန်းများ စီစဉ်ခြင်းသည် ဖတ်စာတစ်ပုဒ်လုံးအတွက် ချမှတ်ထားသော ရည်ရွယ်ချက် အားလုံးကို ခြုံငုံမိရမည်။ စာဖတ်ပြီးအဆင့် လုပ်ငန်းသည် စာဖတ်ကျွမ်းကျင်မှုကိုသာမက အရေး၊ အပြောနှင့် နားထောင်မှုစသည့် ကျွမ်းကျင်မှုအားလုံးကို မျှမျှတတဖွံ့ဖြိုးအောင်

လုပ်ဆောင်သည့် လုပ်ငန်းဖြစ်သည်။[၁၁၈] ဆရာသည် အောက်ပါမေးခွန်းများကို မိမိကိုယ်မိမိမေးခြင်းဖြင့် စာဖတ်ပြီးအဆင့် လုပ်ငန်းအတွက် နည်းလမ်းကောင်းများ ရရှိနိုင်သည် -

(၁) ဖတ်စာပါ အကြောင်းအရာသည် ကလေးများ၏ အတွေးအခေါ်၊ ထင်မြင်ယူဆချက်များကို ထုတ်ဖော်နိုင်ရန် စီစဉ်ဖန်တီးထားပါသလား။ ဖန်တီးထားပါက မည်သို့ဖော်ထုတ်မည်နည်း။

(၂) ဇာတ်လမ်း အဖြစ်အပျက်နှင့် ဇာတ်ဆောင်များ၏ အပြုအမူ၊ အပြောအဆို များသည် ကလေးများ၏ ခံစားချက်၊ အမြင်သဘောထား စသည်တို့ကို ထုတ်ဖော်ပြောဆိုရန် အခြေအနေပေးပါသလား။ အခြေအနေပေးပါက မည်သို့ ဖော်ထုတ်မည်နည်း။

(၃) ကလေးများအား မည်သည်ကို သုံးသပ် ကောက်ချက်ချစေလိုသနည်း။

(၄) ကလေးများအား မည်သည်ကို မှတ်သားသင်ယူစေလိုသနည်း။

ထို့ပြင် ဖတ်စာကို ပြန်လည်ပုံဖော်သည့် နည်းလမ်းများဖြစ်သော စာရေးသားခြင်း၊ ဇာတ်လမ်းကို သရုပ်ဖော်ခြင်း၊ တေးဂီတဖြင့် တီးခတ်သီဆိုခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်း၊ ပုံစံများ (diagrams) ရေးဆွဲစေခြင်းနှင့် အရေးကြီးသော အပိုင်းများနှင့် စကားလုံးများကို မိမိစကားဖြင့် ပြန်လည်ပြောပြစေခြင်းစသည့် နည်းလမ်းများကိုလည်း စာဖတ်ပြီးလုပ်ငန်းအဖြစ် လုပ်ဆောင် နိုင်သည်။ ပျင်းရိဖွယ်ကောင်းသောစာကို စိတ်ဝင်စားဖွယ်ကောင်းသော လုပ်ငန်းတစ်ခုဖြင့် အစားထိုးဆောင်ရွက်ခြင်း (သို့မဟုတ်) အုပ်စုလုပ်ငန်းများဖြင့် အပြန်အလှန် ဆက်သွယ် ပြောဆိုခြင်းစသော လုပ်ငန်းများလုပ်ဆောင်နိုင်ပါသည်။

ပုံမှန်ဖတ်စာသင်ခန်းစာတစ်ခုကို ထိုအဆင့် (၃) ဆင့်ဖြင့် သင်ကြားမည်ဆိုပါလျှင် အောက်ပါ အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

- ကလေးများသည် မိမိသိထားသည့် ဗဟုသုတများကို ပြန်လည်အသုံးချနိုင်သည့် အခွင့်အရေးများရရှိသဖြင့် စာဖတ်ခြင်းဖြစ်စဉ်တွင် တက်ကြွစွာ ပူးပေါင်းပါဝင်လာပြီး စာဖတ်လိုစိတ် မြင့်မားလာမည်။

[၁၁၈] Williams, E. (1984). *Reading in the language classroom. Essential language teaching series*. London: Macmillan.

- အဆင့်အလိုက် လုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်ခြင်းဖြင့် စာဖတ်ကျွမ်းကျင်မှု သာမက အခြားသော ကျွမ်းကျင်မှုများ (ဥပမာ - ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၊ တီထွင်ဖန်တီးခြင်း၊ ဆက်သွယ်ပြောဆိုခြင်းစသည့် ကျွမ်းကျင်မှုများ) လည်း မျှတစွာ တိုးတက်လာမည် ဖြစ်ပါသည်။

စာမဖတ်မီအဆင့်၊ စာဖတ်စဉ်အဆင့်နှင့် စာဖတ်ပြီးအဆင့်များ လုပ်ဆောင်ပုံနှင့် စပ်လျဉ်းပြီး ဆဋ္ဌမတန်း မြန်မာစာ ဖတ်စာအုပ်မှ "ရွှဲကုန်သည်နှစ်ဦး" ပုံပြင်ကို အောက်ပါအတိုင်း ဆွေးနွေး နိုင်ပါသည်။

## စာမဖတ်မီအဆင့်

- ကလေးများအား အရင်က ပုံပြင်တွေဖတ်ဖူးသလား။ ဘာပုံပြင်တွေဖတ်ဖူးသလဲ။ ဘာအကြောင်းအရာတွေဖတ်ဖူးသလဲ။ စသည်ဖြင့် မေးပြီး ၎င်းတို့၏ ရှိပြီးဗဟုသုတကို ဖော်ထုတ်ခြင်း၊ စိတ်ဝင်စားမှုကို ဆွဲဆောင်ခြင်း။
- ပုံကိုကြည့်၊ ခေါင်းစဉ်ကိုဖတ်ပြီး ဘာအကြောင်းရေးထားတယ်လို့ ထင်သလဲ။ ဘာကြောင့်ဒီလိုထင်တာလဲ။ စသည်ဖြင့်မေးပြီး ထင်မြင်ချက်တောင်းခြင်း၊ ကြိုတင် ခန့်မှန်းစေခြင်း၊ စိတ်ဝင်စားမှုကို ဆွဲဆောင်ခြင်း။ မိမိအဖြေကို မှန်၊မမှန် ပြန်လည် စစ်ဆေးနိုင်ရန် မှတ်စုစာအုပ်တွင် ချရေးစေခြင်း။
- "ရွှဲ" ဆိုတာ ဘာလဲ။ ကြားဖူးသလား။ မြင်ဖူးသလား။ စသည်ဖြင့်မေးပြီး ဘာသာစကား ကြိုတင်ပြင်ဆင်ခြင်း။
- ဇာတ်ဆောင်တွေက ဘယ်သူတွေဖြစ်မလဲ။ ဟုမေးပြီး ထင်မြင်ချက်တောင်းခြင်း၊ ကြိုတင်ခန့်မှန်းစေခြင်း။ မိမိအဖြေကို မှန်၊မမှန် စစ်ဆေးနိုင်ရန် မှတ်စုစာအုပ်တွင် ချရေးစေခြင်း။

## စာဖတ်နေစဉ်အဆင့်

- အဖြတ်အတောက်မှန်မှန်နှင့် ဝါကျကို အဓိပ္ပာယ်ပေါ်လွင်အောင် ဖတ်နိုင်ရန် ဆရာက ဖတ်ပြခြင်း။ ကလေးများအား အတူတကွလိုက်ဖတ်စေခြင်း။
- ဖတ်စာ၏ အဓိကဆိုလိုချက် / အဓိကအချက်ကို ကလေးများ ဖော်ထုတ်တတ်ရန် ဆရာက စာဖတ်ရင်း နမူနာအဖြစ် အဓိကအချက်တစ်ချက်ကို ထုတ်ပြခြင်း။

ကျန်သောအချက်များကို ကလေးများအားမေးခြင်း။ စာဖတ်ရင်း အဓိကအချက်ကို ဖော်ထုတ် တတ်စေရန် လေ့ကျင့်ပေးခြင်း စသည်ဖြင့် နားလည်သဘောပေါက်မှုကို ဆန်းစစ်ခြင်း။

- စာဖတ်ရင်း တစ်နေရာရာတွင် ခေတ္တရပ်လိုက်ပြီး ဘာဆက်ဖြစ်မယ်ထင်သလဲ။ ဟုမေးပြီး ကြိုတင်ခန့်မှန်းစေခြင်း၊ စိတ်ဝင်စားမှုကိုလှုံ့ဆော်ခြင်း။
- စာတစ်ပုဒ်လုံးကို ဖတ်ပြီးနောက် ကလေးများအားအုပ်စုဖွဲ့ကာ တစ်ဖွဲ့က ဖတ်နေစဉ် ကျန်အုပ်စုများကို နားထောင်စေခြင်းနှင့် နားလည်သည့်အတိုင်း ပြန်ပြောစေခြင်း။ ဒီဇာတ်လမ်းက ဘယ်နေရာမှာ ဖြစ်ခဲ့တာလဲ။ အဓိက ဇာတ်ဆောင်တွေက ဘယ်သူတွေလဲ။ စသည်ဖြင့်မေးပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်ခြင်း၊ ကြိုတင်ခန့်မှန်းချက်များ မှန်၊မမှန် ရှာဖွေခြင်း။ (စစ်ဆေးခြင်း)
- သင်အကြိုက်ဆုံး/ စိတ်အဝင်စားဆုံးက ဘယ်နေရာလဲ/ ဘယ်ဟာလဲ။ ဟု အုပ်စုတွင်း ဆွေးနွေးစေခြင်းဖြင့် နားလည်သဘောပေါက်မှုကို ဆန်းစစ်ခြင်း၊ စိတ်ဝင်စားမှုကို လှုံ့ဆော်ခြင်း။
- အုပ်စုတွင်းဆွေးနွေးစေ၍ ဖတ်စာ၏ရည်ရွယ်ချက်ကို ကလေးများ နားလည်သလို ပြန်ပြောစေခြင်း။ မှားနေလျှင် ဆရာက တည့်မတ်ပေးခြင်းဖြင့် နားလည် သဘောပေါက်မှုကို ဆန်းစစ်ခြင်း။
- ရွှဲကုန်သည်နှစ်ဦးအကြောင်းကို အုပ်စုဖွဲ့ဆွေးနွေးစေ၍ ပုံဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ပြန်လည်တင်ပြစေခြင်းဖြင့် နားလည်သဘောပေါက်မှုကို ဆန်းစစ်ခြင်း။

## စာဖတ်ပြီးအဆင့်

- ရွှဲကုန်သည် နှစ်ဦးပုံပြင်ကို ကြိုက်သလား။ ဘာကြောင့်လဲ။ စသည်ဖြင့်မေးပြီး သုံးသပ်ချက်၊ ခံစားချက်ကို ထုတ်ဖော်ခြင်း။
- သင်အကြိုက်ဆုံးဇာတ်ဆောင်က ဘယ်သူလဲ။ ဘာကြောင့်ကြိုက်တာလဲ။ စသည်ဖြင့် မေးပြီး သုံးသပ်ချက်၊ ခံစားချက်၊ အတွေးအခေါ်၊ ခံယူချက်တို့ကို ထုတ်ဖော်ခြင်း။
- ဘာကြောင့် ပထမ ရွှဲကုန်သည်က ဒီလိုလုပ်တာလဲ။ စသည်ဖြင့်မေးပြီး သုံးသပ်ချက်၊ ထင်မြင်ယူဆချက်ကို ထုတ်ဖော်ခြင်း။
- သင်သာ ပထမရွှဲကုန်သည်နေရာမှာဆိုလျှင် ဘာလုပ်မလဲ။ စသည်ဖြင့်မေးပြီး ခံစား ချက်၊ အတွေးအခေါ်၊ ခံယူချက်တို့ကို ထုတ်ဖော်ခြင်း။

- သင်သာဒီပုံပြင်ကို ပြင်ဆင်ခွင့်ရရင် ဘယ်လိုပြင်ဆင်ချင်သလဲ။ စသည်ဖြင့်မေးပြီး ခံစားချက်၊ အတွေးအခေါ်၊ ခံယူချက်နှင့် တီထွင်ဖန်တီးမှုတို့ကို ထုတ်ဖော်ခြင်း။
- အုပ်စုဖွဲ့၍ ဇာတ်ဆောင်နှစ်ဦး၏ စရိုက်ကို နှိုင်းယှဉ်ဆွေးနွေးစေခြင်း။ ပုံဖြင့် သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ပြန်လည်တင်ပြစေခြင်းဖြင့် သုံးသပ်ချက်၊ အတွေးအခေါ်၊ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ခြင်း။ တီထွင်ဖန်တီးစေခြင်း။

## သင်ယူမှုလုပ်ငန်း (၁)။ စာဖတ်ခြင်းကို အဆင့် (၃) ဆင့်ဖြင့် ချဉ်းကပ်သင်ကြားခြင်း အကြောင်း လုပ်ငန်းပေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာဖတ်ခြင်းကို အဆင့် (၃) ဆင့်ဖြင့် ချဉ်းကပ် သင်ကြားခြင်းအကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်အောင် တွေး-တွဲ-မျှဝေခြင်းနည်းဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။ ထိုသို့လေ့လာရာတွင် အောက်ပါ မေးခွန်း (၃) ခုကို ဖြေဆိုရန်လိုအပ်ပါသည်။

(၁) စာမဖတ်မီအဆင့်တွင် မည်သို့ပြုလုပ်ပေးနိုင်သနည်း။

(၂) စာဖတ်နေစဉ်အဆင့်တွင် မည်သို့ပြုလုပ်ပေးနိုင်သနည်း။

(၃) စာဖတ်ပြီးအဆင့်တွင် မည်သို့ပြုလုပ်ပေးနိုင်သနည်း။

## သင်ယူမှုလုပ်ငန်း (၂)။ စာဖတ်ခြင်းအဆင့် (၃) ဆင့်ကို နမူနာသင်ခန်းစာနှင့် ယှဉ်တွဲလေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသည့် "စာပါ အကြောင်းအရာကို ယေဘုယျ နားလည်သဘောပေါက်ရန် သင်ကြားခြင်း" အကြောင်း ကိုကျောင်းသားများအုပ်စုလုပ်ငန်းအနေဖြင့်ဖတ်ရှုလေ့လာဆွေးနွေးပြီး "စာပါအကြောင်းအရာ များကို ယေဘုယျနားလည်သဘောပေါက်ရန် ပံ့ပိုးပေးနိုင်သည့်လုပ်ငန်းများ" ကို စဉ်းစား ဖော်ထုတ်ကြရန် ဖြစ်သည်။

# ၅.၂.၂ ဝေါဟာရကြွယ်ဝရန်အတွက် သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အလယ်တန်းဆင့် ကလေးများ မြန်မာဝေါဟာရကြွယ်ဝရန် သင်ကြားနိုင်သော နည်းလမ်းများကို ရှင်းပြတတ်မည်။

## ဝေါဟာရကြွယ်ဝခြင်း

အခြေခံပညာ အလယ်တန်းဆင့်တွင် ဝေါဟာရကြွယ်ဝစေရန် သင်ကြားပေးရေးသည် အရေးကြီးပါသည်။ ဝေါဟာရကြွယ်ဝခြင်းသည် စာတစ်ပုဒ်ကိုဖတ်ပြီး ကောင်းစွာနားလည် သဘောပေါက်နိုင်ရန်အတွက် အလွန်အရေးကြီးသော စွမ်းရည်တစ်ခု ဖြစ်ပါသည်။ ဝေါဟာရများ၏ အဓိပ္ပာယ်ကို နားမလည်ပါက ဖတ်သည့်စာကိုလည်း ကောင်းစွာနားလည်နိုင်မည် မဟုတ်ပါ။ ထို့ပြင် ဝေါဟာရကြွယ်ဝခြင်းဖြင့် ဘာသာရပ်ဆိုင်ရာအကြောင်းအရာများကို သင်ယူလေ့လာသည့်အခါတွင်လည်း ပိုမိုထိရောက်နိုင်ပါသည်။ အလယ်တန်းဆင့်တွင် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို ပိုမို၍ ထဲထဲဝင်ဝင် လေ့လာသင်ယူရပြီဖြစ်ရာ ဘာသာရပ်ဆိုင်ရာ ဝေါဟာရများနှင့် ပညာသင်ယူရေးဆိုင်ရာ ဝေါဟာရများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့အသုံးပြုလာရပြီဖြစ်သည်။ သို့ဖြစ်ရာ အခြေခံပညာ အလယ်တန်းအဆင့်တွင် ကလေးများ၏ ဝေါဟာရဆိုင်ရာ စွမ်းရည်များကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။

ဝေါဟာရကြွယ်ဝခြင်း ဆိုသည်မှာ စကားလုံးများ၏ အဓိပ္ပာယ်ကို သိနားလည်ခြင်းသာမက ထိုစကားလုံးများကို အဆက်အစပ်နှင့် ဆီလျော်စွာ လက်တွေ့အသုံးပြုပြီး ပြောဆိုရေးသား ဆက်သွယ်နိုင်စွမ်းလည်း ပါဝင်ပါသည်။ စာဖတ်ခြင်း၊ နားထောင်ခြင်းတို့က ကလေးများ၏ ဝေါဟာရတိုးပွားမှုကို အထောက်အကူပြုပါသည်။ သို့ရာတွင် ဝေါဟာရများကို နားလည်ရုံ အထိသာ အထောက်အကူပေးနိုင်ပါသည်။ သို့ဖြစ်ရာ နားလည်ထားသည့် ဝေါဟာရများကို လက်တွေ့အသုံးပြုနိုင်သည့် အဆင့်အထိရောက်စေရန် အဆိုပါ ဝေါဟာရများကို အပြောအဆို၊ အရေးအသားများတွင်လည်း ထည့်သွင်းအသုံးပြုနိုင်အောင် သင်ကြားပေးရန် လိုအပ်ပါသည်။ ဝေါဟာရကောင်းစွာ ကြွယ်ဝသည်ဆိုသည်မှာ -

- အဓိပ္ပာယ်ကို နားလည်ခြင်း၊
- အခြားသောဆက်စပ်အခြေအနေရှိ အခြားသောအဓိပ္ပာယ်များကိုပါ နားလည်ခြင်း၊
- အသံထွက်ဖတ်တတ်ခြင်း၊
- စာလုံးပေါင်းတတ်ခြင်း၊
- အခြားစကားလုံးများနှင့် မည်သို့ ဆက်စပ်မှုရှိသည်ကို သိခြင်း၊
- ထိုစကားလုံး၏ သဒ္ဒါအလုပ်ကို သိခြင်းနှင့်
- လက်တွေ့အသုံးပြုတတ်ခြင်းတို့ ပါဝင်ပါသည်။

**ဝေါဟာရအမျိုးမျိုး**


စာသင်ခန်းတွင် နေ့စဉ်အသုံးပြုနေရသည့် ဝေါဟာရများကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်လျှင် ဝေါဟာရအမျိုးအစား သုံးမျိုး တွေ့ရမည်ဖြစ်သည်။

ပထမအမျိုးအစားမှာ နေ့စဉ်ပြောဆိုသုံးစွဲနေရသည့် အများသုံးဝေါဟာရများဖြစ်သည်။ ဥပမာအားဖြင့် “ကျောင်း၊ ထမင်း၊ စား၊ နေ၊ ထိုင်၊ အလွန်၊ အထက်၊ အောက်” စသည်တို့ ကဲ့သို့သော ဝေါဟာရများဖြစ်သည်။ မြန်မာဘာသာစကားတွင် အများစုမှာ ကေဝဏ္ဏာဟုခေါ်သော စာလုံးတစ်လုံးသာရှိသည့် စကားလုံးများ ဖြစ်ပါသည်။ အဆိုပါ ဝေါဟာရများမှာ သီးခြားသင်ကြားပေးရန် မလိုအပ်သည့် စကားလုံးများဖြစ်လေ့ရှိပါသည်။

ဒုတိယအမျိုးအစားမှာ ပညာသင်ယူရေးနှင့် ဆိုင်သည့် ဝေါဟာရများ ဖြစ်သည်။ ကျောင်းအသိုက်အဝန်းတွင် ဘာသာရပ် အားလုံးနှင့် ဆက်စပ်ကာ မကြာခဏ တွေ့ရလေ့ရှိသည့် အသုံးများသော ဝေါဟာရများ ဖြစ်သည်။ ဥပမာ - “ပြဿနာ၊ အကြောင်းရင်း၊ ကွာခြားချက်၊ ဝေဖန်၊ သုံးသပ်၊ နှိုင်းယှဉ်” စသည်တို့ကဲ့သို့သော စကားလုံးများပါဝင်ပါသည်။ ဗဟုဝဏ္ဏာဟုခေါ်သော စာလုံးတစ်လုံးမကပါရှိသည့် စကားလုံးများ ဖြစ်လေ့ရှိပါသည်။ အဓိပ္ပာယ်ရှိသည့် စကားလုံးများကို ပေါင်းစပ်ပြီး ချဲ့ထွင်အသုံးပြုထားသည့် စကားပေါင်းများလည်း ဖြစ်လေ့ရှိသည်။ ထိုစကားလုံးများကိုမူ သီးသန့်သင်ကြားပေးရန် လိုအပ်မည် ဖြစ်သည်။

တတိယအမျိုးအစားမှာ ဘာသာရပ် တစ်ခုချင်းအလိုက် သီးသန့်အသုံးပြုရလေ့ရှိသည့် ဘာသာရပ် (သို့မဟုတ်) ပညာရပ် ဝေါဟာရများဖြစ်သည်။ ဥပမာ - “မော်လီကျူး၊ အက်တမ်၊

ဒြပ်စင်၊ ဂုဏ်သတ္တိ၊ နယ်နိမိတ်၊ လွှာပြတ်တောင်၊ အာဏာ၊ ပဒေသရာဇ်” စသည်တို့ကဲ့သို့သော စကားလုံးများဖြစ်သည်။ မြန်မာစကားလုံး စစ်စစ်များအဖြစ် တီထွင်ဖန်တီးထားသည်များ ရှိသကဲ့သို့ ပါဠိနှင့် အင်္ဂလိပ်တို့ကဲ့သို့သော နိုင်ငံခြားဘာသာစကားများမှ မွေးစားထားသည့် စကားလုံးများလည်းရှိပါသည်။ ထိုစကားလုံးများသည် ဘာသာရပ်အကြောင်းအရာနှင့်ဆိုင်သော အသိသညာများကို နားလည်ရန်အတွက် အထူးအရေးကြီးသည်ဖြစ်ရာ မြန်မာစာပြ ဆရာများ သာမက အခြားဘာသာရပ်ပြ ဆရာများကပါ အဆိုပါပညာရပ် ဝေါဟာရများကို ဂရုတစိုက် သင်ကြားပေးရန်လိုအပ်ပါသည်။




**ပုံ ၅.၅။ ဝေါဟာရအမျိုးအစား အဆင့်ဆင့်**

## ဝေါဟာရကြွယ်ဝရန် သင်ကြားခြင်း

ဝေါဟာရများကို သင်ကြားခြင်းသည် ဘာသာစကားနှင့် စာရေးစာဖတ် သင်ကြားသည့် စာသင်ခန်းများတွင် အမြဲတွေ့ရမည့် သင်ကြားမှုနယ်ပယ်တစ်ခုဖြစ်ပါသည်။ ဝေါဟာရများကို သင်ကြားရာတွင် တိုက်ရိုက်သင်ကြားခြင်းနှင့် သွယ်ဝိုက်သင်ကြားခြင်းဟု နှစ်မျိုးတွေ့နိုင်ပါသည်။ တိုက်ရိုက်သင်ကြားခြင်း ဆိုသည်မှာ ဖတ်စာတစ်ပုဒ်ကို မသင်မီ ထိုဖတ်စာတွင် ပါဝင်သည့် စကားလုံးအသစ်များကိုထုတ်ပြီး သီးသန့်အချိန်ယူသင်ကြားခြင်း (သို့မဟုတ်) ဝေါဟာရ ကြွယ်ဝရေးအတွက် သီးသန့်အချိန်ယူ သင်ကြားပေးခြင်းကို ဆိုလိုခြင်းဖြစ်သည်။ သွယ်ဝိုက်သင်ကြားခြင်းဆိုသည်မှာ ဖတ်စာတစ်ပုဒ်ကို ဖတ်နေရင်းဖြင့် ဝေါဟာရအသစ်များကို တွေ့ရသည့်အခါမှ လိုအပ်သောပံ့ပိုးမှုပေးကာ သင်ကြားပေးခြင်းဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့် ဝေါဟာရသင်ကြားနည်းများသည် အသုံးများပြီး ထိရောက်သည်ဟု သုတေသနတွေ့ရှိချက်များက ထောက်ခံထားသည့် သင်ကြားနည်းများဖြစ်ပါသည်။

(က) **ဝေါဟာရများကို သီးသန့်အချိန်ယူသင်ကြားပေးခြင်း။** ။ဝေါဟာရများကို သီးသန့်အချိန်ယူသင်ကြားပေးခြင်း၏ အကျိုးရလဒ်များသည် ကောင်းမွန်ကြောင်း အထောက်အထား အများအပြားရှိပါသည်။ အရေးကြီးသည့် စကားလုံးအသစ်များကို သေချာစွာ သင်ကြားပေးခြင်းသည် ကလေးများ၏ ဝေါဟာရများကို တိုးပွားစေသည် သာမက ဖတ်သည့်စာကို နားလည်သဘောပေါက်မှု အတွက်လည်း များစွာ အထောက်အကူပြုပါသည်။ ဝေါဟာရများကို သတ်သတ်မှတ်မှတ် သင်ပေးခြင်းသည် စာဖတ်ရာတွင် အခက်အခဲရှိနေသည့် ကလေးများအတွက်လည်း အထူးလိုအပ်သည်ဟု သုတေသနများက ပြသထားပါသည်။ ဝေါဟာရများကို သီးသန့် အချိန်သတ်မှတ်ပြီး သင်ကြားရာတွင် အောက်ပါအချက်များအတိုင်း ဆောင်ရွက်သင့်သည်ဟု ပညာရှင်များက အကြံပြုထားပါသည်။

(၁) သင့်လျော်သော ဝေါဟာရများကို ရွေးချယ်ပြီးသင်ကြားရန် အရေးကြီးသည်။ ဖတ်စာတွင်ပါဝင်ပြီး ကလေးများနားလည်ရန်ခက်ခဲသည့် စကားလုံးငါးလုံး၊ ခြောက်လုံးခန့်ကို ရွေးချယ်ကာ သင်ကြားပေးသင့်သည်။

(၂) စကားလုံးတစ်လုံးချင်းစီကိုသာ စတင်မိတ်ဆက် သင်ကြားသင့်သည်။ သင်ပုန်းပေါ်တွင်ရေးပြခြင်း၊ အသံထွက်ဖတ်ပြခြင်း စသည်တို့ဖြင့် မိတ်ဆက်ပေးနိုင်သည်။

(၃) စကားလုံး၏အဓိပ္ပာယ်ကို ကလေးများနားလည်နိုင်မည့် ရိုးရှင်းသောစကားဖြင့် ရှင်းပြရမည်။ အလျဉ်းသင့်သည့်အခါများတွင် စကားလုံး၏ဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာပြနိုင်သည်။


(၄) စကားလုံးအသုံးပြုပုံ နမူနာများကို ပြောပြရမည်။ ကလေးများအား သင်ထားသည့် စကားလုံးအသစ်ကို အသုံးပြုကာ စကားပြောစေခြင်း၊ စကားလုံးအသစ်နှင့်ဆက်စပ်သော မေးခွန်းများမေးခြင်း၊ စကားလုံးကို သရုပ်ဖော်သည့် ရုပ်ပုံများဆွဲစေခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။

(၅) အခြားစကားလုံးများနှင့် ချိတ်ဆက်ပြခြင်းကိုလည်း ပြုလုပ်သင့်ပါသည်။ ဥပမာ - အဓိပ္ပာယ်တူသည့် အခြားစကားလုံးများ ပြောစေခြင်း၊ ဆန့်ကျင်ဘက် စကားလုံးများရှာဖွေခြင်း၊ အဆက်အစပ်ရှိသော အခြားစကားလုံးများနှင့် ချိတ်ဆက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။


(ခ) **ဆက်စပ်အခြေအနေအမျိုးမျိုးတွင် ဝေါဟာရများနှင့် ထိတွေ့ရင်းနှီးစေခြင်း။** ။ ဝေါဟာရ တစ်လုံးကို ထပ်ခါထပ်ခါ ထိတွေ့မှုရှိစေရန် ပြုလုပ်ပေးခြင်းဖြင့် ကလေးများ၏ ဝေါဟာရတတ်မြောက်မှုကို ပိုမိုခိုင်မာစေနိုင်ပါသည်။ ဝေါဟာရ အသစ်များကို သင်ကြားပြီးသည့်အခါ ဆရာများက အဆိုပါဝေါဟာရများကို စာသင်ခန်းအတွင်းတွင် မကြာခဏ အသုံးပြုပေးရန် လိုအပ်ပါသည်။ ကလေးများ အနေဖြင့် အသုံးပြုနိုင်ရန် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးသင့်သည်။ အချို့သောဝေါဟာရများကို စုစည်းပြီး နံရံပေါ်တွင် အများမြင်သာအောင် ရေးကပ်ထားသင့်ပါသည်။ ဆက်စပ်အခြေအနေအလိုက် အဓိပ္ပာယ် ကွဲပြားသည့် ဝေါဟာရများကိုလည်း နားလည်သဘောပေါက်အောင် အသုံးပြုပေးသင့်ပါသည်။ ဥပမာ - သင်္ချာဘာသာရပ်တွင် အသုံးပြုသည့် "အစား" ဟူသောဝေါဟာရ၏ အဓိပ္ပာယ်သည် အစားအသောက်တွင် တွေ့ရသည့် "အစား" နှင့် အဓိပ္ပာယ် မည်သို့ကွဲပြားသည်ကို နားလည်စေရန် ပြုလုပ်ပေးသင့်ပါသည်။

(ဂ) **ဝေါဟာရဖွဲ့စည်းပုံကို သရုပ်ခွဲဆန်းစစ်ခြင်း။** ။စကားလုံးများ၏ ဖွဲ့စည်းတည်ဆောက်ပုံ သဘောကို နားလည်ပါက စကားလုံးအသစ်များကို တွေ့သည့်အခါ အဓိပ္ပာယ်မှန်းဆရန် များစွာအထောက်အကူပြုပါသည်။ ရှေ့ဆက်၊ နောက်ဆက် စသည့် အဆက်ပစ္စည်း များကို အသုံးပြုပြီး ပုဒ်အသစ်များ၊ စကားလုံးအသစ်များ ပြုလုပ်ပုံကို ကလေးများ နားလည်အောင် သင်ပြပေးသင့်ပါသည်။ ဥပမာ - "အ၊ ခြင်း၊ စရာ" စသည့် အဆက်များ အသုံးပြုပြီး "အစား၊ စားခြင်း၊ စားစရာ" စသည်ဖြင့် ပြောင်းနိုင်ပုံကို ကလေးများ နားလည်ပါက စာဖတ်ရာတွင် အဓိပ္ပာယ်ကောက်ယူရန် လွယ်ကူ စေပါမည်။ ထို့ပြင် မြန်မာစကားတွင် စကားလုံးများကို ပေါင်းစပ်ပြီး စကားလုံးများ ပွားလေ့ရှိရာ ထိုသို့ စကားလုံးများပွားနိုင်ပုံကိုလည်း သင်ကြားပေးရပါမည်။ ဥပမာ - အဓိပ္ပာယ်ရှိသော စကားလုံးများကို ပေါင်းစပ်ပြီး "ထီးရိုး၊ သက်ရှိ၊ ဖွဲ့စည်းပုံ၊ လွှာတွန့်တောင်" စသည်တို့ကဲ့သို့သော စကားလုံးအသစ်များ ဖန်တီးနိုင်သကဲ့သို့ စကားလုံးများကို ထပ်ကျေ့ပေါင်းစပ်ပြီး "ရှားရှားပါးပါး၊ ကြင်ကြင်နာနာ၊ လွယ်လွယ်ကူကူ" စသည်တို့ ကဲ့သို့သောစကားလုံးများ ဖန်တီးနိုင်ကြောင်း ကလေးများနားလည်အောင် သင်ကြားပြသပေးရန် လိုအပ်ပါသည်။ အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်တွင် မြန်မာစာသင်ကြားရာ၌ ထိုကဲ့သို့ စကားလုံးများ ဖွဲ့စည်းပုံ၊ စကားလုံးများပွားပုံတို့ကို သင်ခန်းစာများတွင် ထည့်သွင်းထားပါသည်။ ထိုကဲ့သို့ စကားလုံးပွားနည်းများကို နားလည်ထားသည့် ကလေးများ အနေဖြင့် စာဖတ်ရာတွင် ဝေါဟာရအသစ်များကို တွေ့ရှိပါက ရှေ့နောက် အဆက်အစပ်နှင့် ချိန်ဆကြည့်ကာ အဆိုပါဝေါဟာရများ၏ အဓိပ္ပာယ်ကို လွယ်ကူစွာ ခန့်မှန်းနိုင်မည် ဖြစ်သည်။

(ဃ) **ဂရပ်ဖစ်ပုံများ အသုံးပြုကာ ဝေါဟာရများကို ချိတ်ဆက်စုစည်းခြင်း။** ။စကားလုံးများ၏ အဓိပ္ပာယ်ကို ထဲထဲဝင်ဝင် နားလည်စေသည့် လုပ်ငန်းများ၊ စကားလုံး များကို အဆက်အစပ် အချိတ်အဆက်နှင့် လေ့လာရသည့် လုပ်ငန်းများသည် ဝေါဟာရ ကြွယ်ဝရေးအတွက် များစွာအထောက်အကူပြုပါသည်။ အထူးသဖြင့် ဂရပ်ဖစ်ပုံများ ကို အသုံးပြုကာ စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားချိတ်ဆက်ပြီး စုစည်းခြင်း သည် ကလေးများအတွက် ဝေါဟာရများကို ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲ တတ်မြောက်သွား စေသည့် နည်းများဖြစ်ပါသည်။ သို့ဖြစ်ရာ ဝေါဟာရဆိုင်ရာ သင်ခန်းစာများကို စီစဉ် သည့်အခါ ဂရပ်ဖစ်ပုံများ အသုံးပြုကာ ချိတ်ဆက်လေ့လာ စုစည်းရသည့် လုပ်ငန်း များဖြင့်လည်း ဆောင်ရွက်ပေးသင့်ပါသည်။ အောက်တွင် နမူနာပုံစံ ၂ ခုကို ဖော်ပြ ထားပါသည်။




**ပုံ ၅.၆။ ဝေါဟာရကွန်ရက်**




**ပုံ ၅.၇။ ဝေါဟာရသစ်ပင်**

ဝေါဟာရများကို သင်ကြားပေးရာတွင် အချို့သောဝေါဟာရများမှာ နေ့စဉ်ထိတွေ့ သုံးနှုန်းနေရင်းဖြင့် အလွယ်တကူနားလည်အသုံးပြုနိုင်သည့် ဝေါဟာရများရှိသကဲ့သို့ သီးသန့်သင်ကြားပေးမှ ထိရောက်စွာနားလည်အသုံးပြုနိုင်သည့် ဝေါဟာရများလည်းရှိပါသည်။ ကလေးများ အလွယ်တကူ နားလည်ရန် ခက်ခဲသည့် ဝေါဟာရများကို ရွေးချယ်ပြီး သီးသန့်အချိန်ယူ သင်ကြားပေးခြင်းသည် ထိရောက်သောနည်းလမ်းတစ်ခု ဖြစ်ပါသည်။ သို့ရာတွင် ထိုကဲ့သိုသော ဝေါဟာရများကို တစ်ကြိမ် ရှင်းလင်းသင်ပြပေးရုံဖြင့် လုံလောက်မည်မဟုတ်ပါ။ သင်ကြားပေးပြီးသည့် ဝေါဟာရများကို ထပ်တလဲလဲ ထိတွေ့အသုံးပြုနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် အသုံးနည်းသည့် ပညာရပ်ဆိုင်ရာဝေါဟာရများကို ပုံမှန်ထိတွေ့ ရင်းနှီးနေစေရန်အတွက်မှာမူ မြန်မာစာပြ ဆရာများကသာမက အခြားသော သက်ဆိုင်ရာ ဘာသာရပ်ပြ ဆရာများကပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ ဝေါဟာရကြွယ်ဝမှုအကြောင်း ဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ ယခင်က သင်ယူလေ့လာခဲ့ပြီး ဖြစ်သည့် သင်ခန်းစာ (၃.၂.၂) "ဝေါဟာရကြွယ်ဝမှု" မှ မြန်မာဘာသာစကား၏ ဝေါဟာရကြွယ်ဝပုံ အကြောင်းကို ပြန်လည်စဉ်းစားပြီး ယခုသင်ခန်းစာနှင့် ချိတ်ဆက်နေသည့် မေးခွန်းများကို တစ်တန်းလုံးနှင့် ဆွေးနွေးဖြေဆိုကြရန်ဖြစ်သည်။ ထို့ပြင် "ဝေါဟာရ အပြည့်အဝ ကြွယ်ဝခြင်း" ဂရပ်ဖစ်ပုံကို ကျောင်းသားများ နားလည်သဘောပေါက်အောင် လေ့လာကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ဝေါဟာရအမျိုးအစား (၃) မျိုးကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဝေါဟာရအမျိုးအစား သုံးမျိုးနှင့် ၎င်းတို့၏ ဥပမာများကို ကျောင်းသားများ သုံးယောက်တစ်တွဲ လေ့လာကြရန်ဖြစ်သည်။ အထူးသဖြင့် အခြေခံပညာ အလယ်တန်းဆင့် ကလေးများအနေဖြင့် စာသင်ခန်းတွင် နေ့စဉ်အသုံးပြုနေသည့် ဘာသာရပ်ဆိုင်ရာ သီးသန့်ဝေါဟာရများနှင့် ပညာသင်ယူရေးဆိုင်ရာ ယေဘုယျ ဝေါဟာရ များကို နားလည်သဘောပေါက်အောင် လေ့လာကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ ဝေါဟာရကြွယ်ဝရန် သင်ကြားနိုင်သော နည်းလမ်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့်ကလေးများ ဝေါဟာရကြွယ်ဝလာရန် သင်ကြားနိုင်သည့် နည်းလမ်းများအကြောင်းကို အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။ ထိုသို့သင်ယူလေ့လာနိုင်ရန် ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသော ဝေါဟာရကြွယ်ဝစေသည့် သင်ကြားနည်း (၄) မျိုး နှင့်တကွ ၎င်းတို့၏ ဥပမာများကို အသေးစိတ်ဖတ်ရှုလေ့လာရန် လိုအပ်ပါသည်။

# ၅.၂.၃ သတင်းအချက်အလက်များ ရယူနိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာဖတ်ခြင်းဖြင့် သတင်းအချက်အလက်များရယူရန် သင်ကြားပေးသော နည်းလမ်းများကို ဖော်ပြတတ်မည်။

အခြေခံပညာ အလယ်တန်းဆင့် မြန်မာစာသင်ရိုးညွှန်းတမ်းတွင် ကလေးများ၏ ဖတ်ရှုတတ်မှုစွမ်းရည်အနေဖြင့် သုတစကားပြေများကိုဖတ်ရှုပြီး ဗဟုသုတအဖြစ် မှတ်သားစရာများကို ရွေးထုတ်တတ်ခြင်းကို သင်ယူမှုရလဒ်တစ်ခုအဖြစ် မျှော်မှန်းထားပါသည်။[၁၁၉] စာဖတ်ပြီး လိုအပ်သော သတင်းအချက်အလက်များကို ရယူနိုင်စွမ်းသည် ပညာဆက်လက် လေ့လာသင်ယူရေးအတွက်ဖြစ်စေ၊ မိမိဘဝ လိုအပ်ချက်များကို ဖြည့်ဆည်းရေးအတွက်ဖြစ်စေ လွန်စွာအရေးကြီးပါသည်။ အထူးသဖြင့် အလယ်တန်းဆင့် ကျောင်းသားများအတွက်မှာမူ ကျောင်းတွင် သင်ယူနေရသည့် ဘာသာရပ်အမျိုးမျိုးရှိ ဖတ်စာများမှ အကြောင်းအရာအချက်အလက်များကို နားလည်သဘောပေါက်ပြီး ရယူနိုင်ရန် ပိုမိုအရေးကြီးပါသည်။

---

[၁၁၉] ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။

နီလာဘန်တန်စမစ်၏ စာဖတ်ပြီး နားလည်သဘောပေါက်မှုဆိုင်ရာ အဆင့်များတွင် စာသား တစ်ပုဒ်၌ပါရှိသည့် အချက်အလက်များအား ရယူနိုင်ခြင်းကို တိုက်ရိုက်နားလည်ခြင်းဟု သတ်မှတ်ထားပြီး ၎င်းကိုနားလည် သဘောပေါက်မှု၏ အနိမ့်ဆုံးအဆင့်အဖြစ် သတ်မှတ် ထားပါသည်။ အလားတူပင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များတွင်လည်း အချက်အလက် များအား ရယူနိုင်ခြင်းကို အနိမ့်ဆုံးအဆင့်အဖြစ်သာ သတ်မှတ်ထားပါသည်။ သို့ဖြစ်သည့်တိုင် မိမိဖတ်သည့် စာတစ်ပုဒ်တွင်ပါဝင်သည့် အချက်အလက်များကို ရှာဖွေတတ်၊ ထုတ်ယူ တတ်ခြင်းသည် အရေးပါသည့် စွမ်းရည်တစ်ရပ်ဖြစ်သည်ကိုမူ ငြင်းဖွယ်ရာမရှိဟု ယူဆပါသည်။ အချက်အလက်များကို ထုတ်ယူသည်ဟု ဆိုရာတွင် "မည်သူ၊ မည်သည့်နေရာ၊ မည်သည့် အချိန်၊ မည်သည့်အကြောင်းကြောင့်၊ မည်သို့ဖြစ်သည် (သို့မဟုတ်) မည်သို့ပြုလုပ်သည်" တို့နှင့် ဆိုင်သော အချက်အလက်များကို ထုတ်ယူခြင်းဖြစ်သည်။ အသေးစိတ်အချက်အလက်များ ဖြစ်နိုင်သကဲ့သို့ အဓိကအချက်များနှင့် အနှစ်ချုပ်များလည်း ဖြစ်နိုင်ပါသည်။ ကလေးများ အနေဖြင့် ထိုအချက်အလက်များကို ဖတ်စာတွင်ရှာဖွေပြီး မိမိစကားဖြင့် ပြန်လည်ပြောပြနိုင်လျှင် နားလည်သဘောပေါက်ကြောင်း ပြသနိုင်ပြီဖြစ်ပါသည်။

## သတင်းအချက်အလက်များ ရယူရန် သင်ကြားခြင်း

စာတစ်ပုဒ်ကိုဖတ်ပြီး လိုအပ်သောအချက်အလက်များကို ရယူတတ်ရန် သင်ကြားပေးရာ၌ စာမဖတ်မီ၊ စာဖတ်နေစဉ်နှင့် စာဖတ်အပြီးတို့ပါဝင်သည့် ယေဘုယျ အဆင့်သုံးဆင့်ကို အသုံးပြုကာ သင်ကြားပေးနိုင်ပါသည်။ အဆင့်တစ်ခုစီတွင်လည်း ဆီလျော်သည့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြုနိုင်ပါသည်။

(က) **စာမဖတ်မီ**။ ။စာမဖတ်မီတွင် ဖတ်စာပါအကြောင်းအရာနှင့် စပ်လျဉ်းပြီး ကလေးများ သိထားပြီးသည့်အရာများကို မေးမြန်းဖော်ထုတ်ခြင်း၊ အများနှင့် ဝိုင်းဝန်းဆွေးနွေး ဖော်ထုတ်ခြင်း စသည်တို့ကိုပြုလုပ်ကာ စာဖတ်ခြင်းအတွက် ပြင်ဆင်ပေးမှုများ ပြုလုပ်နိုင်ပါသည်။ ဥပမာအားဖြင့် ဆဋ္ဌမတန်း မြန်မာစာတွင် ပါဝင်သည့် "မြန်မာ့ဆိုင်းဝိုင်း" ဟူသောသင်ခန်းစာကို ကလေးများမဖတ်ရှုမီ မြန်မာ့ဆိုင်းဝိုင်း အကြောင်း၊ မြန်မာဆိုင်းသံအကြောင်းတို့နှင့် စပ်လျဉ်းပြီး ကလေးများ၏ ရှိပြီးအသိနှင့် အတွေ့အကြုံများကို မေးမြန်းဆွေးနွေးသင့်ပါသည်။

(ခ) **စာဖတ်နေစဉ်**။ ။စာဖတ်နေစဉ်အတွင်း အောက်ဖော်ပြပါ နည်းလမ်းများဖြင့် ကလေးများ မည်သည့်အချက်များကို နားလည်သည်၊ မည်သည့်အချက်များအတွက် အကူအညီလိုအပ်သည်တို့ကို ဖော်ထုတ်ကာ ပံ့ပိုးနိုင်ပါသည်။

(၁) **မေးခွန်းမေးခြင်း။** ။မေးခွန်းမေးခြင်းသည် လွယ်ကူစွာ လုပ်ဆောင်နိုင်သော သင်ကြားနည်းတစ်ခု ဖြစ်ပါသည်။ ကလေးများသိထားသင့်သည့် အချက်အလက်များကို ဆရာက ရွေးချယ်ကာ မေးခွန်းများအဖြစ် ကြိုတင်ပြင်ဆင်ထားခြင်းအားဖြင့် အလွယ်တကူ ဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်ပါသည်။ သို့ရာတွင် အဆိုပါနည်းလမ်းမှာ သမားရိုးကျနည်းလမ်းတစ်ခု ဖြစ်နေသဖြင့် ကျောင်းသားများ အတွက် စိတ်ဝင်စားဖွယ်ကောင်းမည် မဟုတ်ပါ။ သို့ဖြစ်ရာ ကလေးများ ကိုယ်တိုင်မေးခွန်းများ မေးလာစေရန်အတွက် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။ ဥပမာအားဖြင့် “မြန်မာ့ဆိုင်းဝိုင်း” ဟူသောသင်ခန်းစာကို သင်ကြားရာတွင် သိပြီး-သိချင်-သင်ယူရရှိဟူသောနည်းကို အသုံးပြုခြင်းဖြင့် စိတ်ဝင်စားမှုကို မြှင့်တင်ပေးနိုင်ပါသည်။

**ဇယား ၅.၄။ မေးခွန်းမေးခြင်း**


| သိပြီး (မြန်မာ့ဆိုင်းဝိုင်းနှင့် ပတ်သက်ပြီး မိမိသိထားပြီးသည့် အကြောင်းအရာများ) | သိချင် (မြန်မာ့ဆိုင်းဝိုင်းနှင့် ပတ်သက်ပြီး မိမိထပ်မံသိလိုသည့် အကြောင်းအရာများ) | သင်ယူရရှိ (မြန်မာ့ဆိုင်းဝိုင်းနှင့် ပတ်သက်ပြီး မိမိသင်ယူရရှိလိုက်သည့် အကြောင်းအရာများ) |
|---|---|---|
| | | |

သိပြီး-သိချင်-သင်ယူရရှိလုပ်ငန်းကို လုပ်ဆောင်မည်ဆိုပါက ကလေးများအနေဖြင့် စာမဖတ်မီ မြန်မာ့ဆိုင်းဝိုင်းနှင့် ပတ်သက်ပြီး မိမိ သိထားပြီးသည့် အကြောင်းအရာ အချက်အလက်များကို အထက်ဖော်ပြပါဇယားရှိ “သိပြီး” ကော်လံတွင် ဖော်ထုတ် ရေးမှတ်ကြရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မိမိ ထပ်မံသိလိုသည့် အကြောင်းအရာများကိုမူ မေးခွန်းပုံစံဖြင့် “သိချင်” ကော်လံတွင် ဖော်ထုတ်ရေးမှတ်ရမည်ဖြစ်သည်။ စာဖတ်နေစဉ်အတွင်း အဆိုပါ သိချင်သည့် မေးခွန်းများ၏ အဖြေများကို ရှာဖွေရမည်ဖြစ်သည်။ နောက်ဆုံး စာဖတ်ပြီးအဆင့်သို့ ရောက်သည့်အခါတွင်မူ မြန်မာ့ဆိုင်းဝိုင်းနှင့် ပတ်သက်ပြီး ထပ်မံသင်ယူရရှိခဲ့သည့် အဓိကအချက်များကို ဆွေးနွေးဖော်ထုတ်ရန်ဖြစ်သည်။

(၂) **အချက်အလက်များကို အသုံးပြုရသည့် လုပ်ငန်းများပေးခြင်း။** ။သတင်းအချက်အလက် လွှဲပြောင်းခြင်း (Information transfer) ဟု အက်ဒီ ဝီလီယမ်က အမည်ပေးထားသည့် လုပ်ငန်းမျိုး ဖြစ်သည်။ စာဖတ်ပြီး မိမိနားလည်သဘောပေါက်ကြောင်း ပြသရန် ဖတ်စာပါ အချက်အလက်များကို အသုံးပြုကာ ရုပ်ပုံ၊ စနစ်ပုံ၊ အပြောစကား စသည့် အခြားနည်းလမ်း တစ်မျိုးမျိုးဖြင့် ဖော်ပြခြင်း ဖြစ်သည်။ ထိုကဲ့သို့သော လုပ်ငန်းများတွင် -

- ဖတ်စာပါအချက်အလက်များကို အသုံးပြုကာ ဖတ်စာနှင့် ရုပ်ပုံယှဉ်တွဲပြခြင်း။
- ဖတ်စာကို ဖတ်ပြီး အကြောင်းအရာကို ရုပ်ပုံဆွဲပြခြင်း။
- ဂျစ်ဆောနည်းကို အသုံးပြုကာ ဖတ်စာပါ အကြောင်းအရာ အချက်အလက်များကို အများနှင့် ပြောဆိုဖလှယ်ခြင်းစသည်တို့ ပါဝင်ပါသည်။ ဤကဲ့သို့သော လုပ်ငန်းများမှာ အများအားဖြင့် စာဖတ်နေစဉ်တွင် လုပ်ဆောင်သင့်သည့် လုပ်ငန်းများဖြစ်ပါသည်။

(၃) **ဂရပ်ဖစ်ပုံများ အသုံးပြုခြင်း။** ။ဖတ်စာပါအချက်အလက်များကို ထုတ်ယူရာတွင် ဂရပ်ဖစ်ပုံများ အသုံးပြု၍ စုစည်းခြင်းသည်လည်း ထိရောက်သောနည်းလမ်းတစ်ခု ဖြစ်ပါသည်။ အချက်အလက်များကို နားလည်ရုံသာမက အချက်အလက်တစ်ခုနှင့် တစ်ခု၏ အဆက်အစပ်ကိုပါ နားလည်စေသည့်အတွက် စာဖတ်ပြီး နားလည် သဘောပေါက်မှုစွမ်းရည်ကို မြှင့်တင်ပေးရာတွင် များစွာအသုံးဝင်ပါသည်။ ဖတ်စာပါ အကြောင်းအရာနှင့် စာသားအမျိုးအစားကိုလိုက်၍ အသုံးပြုနိုင်သည့် ဂရပ်ဖစ်ပုံ အမျိုးမျိုးရှိပါသည်။ ကလေးများအား ထိုသို့ဂရပ်ဖစ်ပုံများ အသုံးပြုခြင်းကို စနစ်တကျ သင်ကြားပေးရန် လိုအပ်ပါသည်။ ဆရာက နမူနာအနေဖြင့် လုပ်ဆောင်ပြသရန်လည်း လိုအပ်နိုင်ပါသည်။





**ပုံ ၅.၈။ ဗင်ပုံစံဖြင့် နှိုင်းယှဉ်ခြင်း**

ပုဂ္ဂိုလ် (သို့မဟုတ်) အရာဝတ္ထု (၂) ခုကို နှိုင်းယှဉ်ရန် ဗင်ပုံစံကို အသုံးပြုနိုင်ပါသည်။
(ပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထု ၃ ခုကို နှိုင်းယှဉ်ပါက စက်ဝိုင်း ၃ ခု ဗင်ပုံစံကို အသုံးပြုနိုင်ပါသည်။)

**ဇယား ၅.၅။ အချက်အလက်များ**

(စာပိုဒ်အရေအတွက်ပေါ်မူတည်ကာ ကော်လံအရေအတွက် သတ်မှတ်ပါသည်။)

| ပထမစာပိုဒ် | ဒုတိယစာပိုဒ် | တတိယစာပိုဒ် |
|---|---|---|
| **အဓိကအချက်** | **အဓိကအချက်** | **အဓိကအချက်** |
| အဓိကအချက်ကို ပံ့ပိုးသည့် အသေးစိတ် အချက်များ<br>• ….<br>• ….<br>• …. | အဓိကအချက်ကို ပံ့ပိုးသည့် အသေးစိတ် အချက်များ<br>• ….<br>• ….<br>• …. | အဓိကအချက်ကို ပံ့ပိုးသည့် အသေးစိတ် အချက်များ<br>• ….<br>• ….<br>• …. |





**ပုံ ၅.၉။ ဖြစ်စဉ်စက်ဝန်း**

**(ဥပမာ - ရေသံသရာ ကဲ့သို့သော အကြောင်းအရာများအတွက်)**

ဤကဲ့သို့ ဂရပ်ဖစ်ပုံများဖြင့် အချက်အလက်စုစည်းခြင်းကို စာဖတ်နေစဉ်အတွင်း လုပ်ဆောင်ရန် လုပ်ငန်းများအဖြစ် စီစဉ်နိုင်ပါသည်။

(၄) **မှတ်စုရေးမှတ်ခြင်း။** ။စာဖတ်နေစဉ်အတွင်း အရေးကြီးသည့် အချက်အလက်များကို မှတ်စုများအဖြစ် ချရေးခြင်းသည် လေ့လာသင်ယူမှုအတွက် အရေးပါသော ကျွမ်းကျင်မှုတစ်ခု ဖြစ်ပါသည်။ အလယ်တန်းကလေးများကို စာဖတ်နေစဉ်အတွင်း မှတ်စုထုတ်တတ်စေရန် စနစ်တကျ လေ့ကျင့်သင်ကြား ပေးသင့်ပါသည်။ သို့မှသာ ကလေးများအနေဖြင့် အခြားသော ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို လေ့လာသည့်အခါ အချက်အလက်များကို ထိရောက်စွာ ရယူနိုင်မည်ဖြစ်သည်။ မှတ်စုထုတ်သည့် နည်းအမျိုးမျိုးရှိသည်အနက် ကော်နဲလ်နည်း (Cornell method) သည် အသုံးများပါသည်။ အဓိကအချက်များ၊ အနှစ်ချုပ်များကို စနစ်တကျစုစည်းထားပြီး ပြန်လည်လေ့လာရန် လွယ်ကူသည့်အတွက် အလွန်အသုံးဝင်သည့်နည်းဖြစ်ပါသည်။




**ပုံ ၅.၁၀။ ကော်နဲလ်မှတ်စုထုတ်နည်းပုံစံ**[၁၂၀]

[၁၂၀] Oxford learning. (2017). *How to take study note: 5 effective note taking methods*. Retrieved from https://www.oxfordlearning.com/5-effective-note-taking-methods/

(ဂ) **စာဖတ်အပြီး**။ ။စာဖတ်နေစဉ်အတွင်း မည်သည့်နည်းလမ်းကို အသုံးပြုပြီး အချက်အလက်များကို ရှာဖွေရယူစေကာမူ ကလေးများအနေဖြင့် စာဖတ်အပြီးတွင် ထိုအချက်အလက်များကို ပြန်လည်ကြည့်ရှု သုံးသပ်လေ့လာရန် လိုအပ်ပါသည်။ မရှင်းလင်းသည့် အချက်များရှိပါက ပြန်လည်ဖတ်ရှုရန်၊ မေးမြန်းရန်၊ ဆက်လက်ရှာဖွေရန် စသည်ဖြင့် နောက်ဆက်တွဲလုပ်ငန်းများလည်း ရှိနိုင်သည့်အတွက် ပြန်လည်စစ်ဆေးကြည့်ရှုခြင်းသည် စာဖတ်အပြီး မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ထို့ပြင် စာဖတ်အပြီး လုပ်ငန်းတစ်ရပ်အနေဖြင့် မိမိတို့ရှာဖွေရရှိလာသည့် အချက်အလက်များကို အများနှင့် ဝိုင်းဖွဲ့ဆွေးနွေးပါက ထိုအချက်အလက်များ၏တစ်ခုနှင့်တစ်ခုဆက်စပ်မှုကိုပိုမိုနားလည်နိုင်သည့်အတွက် တိုက်ရိုက်နားလည်ခြင်း အဆင့်ထက် ပိုမြင့်သည့် နားလည်သဘောပေါက်ခြင်းကို ဖြစ်ထွန်းစေရန် အထောက်အကူ ဖြစ်နိုင်ပါသည်။

အချက်အလက်များကို ရှာဖွေရယူရန် စာဖတ်ခြင်းသည် စာဖတ်ပြီး နားလည်သဘောပေါက်မှု အဆင့်များထဲတွင် အနိမ့်ဆုံးအဆင့်ဟု ဆိုနိုင်သော်လည်း အရေးပါသည့် ကျွမ်းကျင်မှုတစ်ခု ဖြစ်ပါသည်။ အချက်အလက်များကို နားလည်သဘောပေါက်မှသာ ထို့ထက်မြင့်မားသည့် စဉ်းစားတွေးခေါ်မှု စွမ်းရည်များ ဖွံ့ဖြိုးစေနိုင်မည် ဖြစ်ပါသည်။ အခြေခံပညာ အလယ်တန်းဆင့် ကလေးများအား သတင်းအချက်အလက်များ ရှာဖွေရယူနိုင်ရေးအတွက် စာဖတ်ခြင်းကို သင်ကြားပေးရာတွင် စာဖတ်ပြီး အမေးအဖြေ ပြုလုပ်သင်ကြားခြင်းကဲ့သို့သော သမားရိုးကျ သင်ကြားနည်းများအပြင် ကလေးများ၏ စိတ်ဝင်စားမှုကို ဖြစ်ထွန်းစေရန် တက်ကြွစွာ ပါဝင် လုပ်ဆောင်ရသည့် သင်ယူမှုလုပ်ငန်းများဖြင့်လည်း စီစဉ်ဆောင်ရွက် ပေးသင့်ပါသည်။ သို့မှသာ ကလေးများအတွက် စာဖတ်ခြင်းသည် အဓိပ္ပာယ်ရှိပြီး ပျော်ရွှင်ဖွယ်ကောင်းသည် ဟူသော ခံစားချက် ဖြစ်ပေါ်စေမည်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၁)။ စာဖတ်၍ သတင်းအချက်အလက်များရယူပုံ အကြောင်း မေးမြန်းခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ စာဖတ်၍ သတင်းအချက်အလက်များရယူပုံ အကြောင်းကို ကျောင်းသားများအား မေးမြန်းရန်ဖြစ်သည်။ ထိုသို့မေးမြန်းရာတွင် စာမဖတ်မီ၊ စာဖတ်နေစဉ်နှင့် စာဖတ်အပြီးဟူ၍ အပိုင်း (၃) ပိုင်းခွဲပြီး ကျောင်းသားများ၏ ရှိပြီးအသိကို ဖော်ထုတ်ခြင်းဖြင့် သင်ခန်းစာနိဒါန်းပျိုးရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း(၂)။ စာဖတ်ခြင်းဖြင့် သတင်းအချက်အလက်များ ရယူရန် သင်ကြားပေးသော နည်းလမ်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော "သတင်းအချက်အလက်များရယူရန် သင်ကြားခြင်း" အကြောင်းကို ကျောင်းသားများအုပ်စုဖွဲ့ လေ့လာဆွေးနွေးခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။ သင်ခန်းစာပါ အကြောင်းအရာကို ဖတ်ရှုခြင်း၊ အချင်းချင်းဆွေးနွေးခြင်းအပြင် ပြန်လည်တင်ပြသည့်လုပ်ငန်းများဖြင့် "စာဖတ်ခြင်းဖြင့် သတင်းအချက်အလက်များရယူရန် သင်ကြားပေးသော နည်းလမ်းများ" ကို နားလည် သဘောပေါက်ရန် ဖြစ်သည်။

## ၅.၂.၄ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာဖတ်ပြီး အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန် သင်ကြားပေးသော နည်းလမ်းများကို ဖော်ပြတတ်မည်။

နီလာဘန်တန်စမစ်၏ နားလည်သဘောပေါက်ခြင်းဆိုင်ရာအဆင့် (၄) ဆင့်တွင် အဓိပ္ပာယ်ကောက်ယူခြင်း (သို့မဟုတ်) ကောက်ချက်ဆွဲခြင်းဟူသော အဆင့်တစ်ဆင့် ပါဝင်ပါသည်။ ယေဘုယျအားဖြင့် ကောက်ချက်ချခြင်းဟု ခေါ်ဝေါ်သုံးစွဲကြပါသည်။ ကောက်ချက်ချခြင်းဆိုသည်မှာ စာသားတွင် တိုက်ရိုက်ဖော်ပြမထားသော အနက်အဓိပ္ပာယ်ကို စာဖတ်သူက အခြားဆက်စပ် အခြေအနေများ၊ မိမိ၏ရှိရင်းစွဲ အသိပညာများနှင့် ချိတ်ဆက်စဉ်းစားပြီး ဖော်ထုတ်ယူရသည့် စဉ်းစားတွေးခေါ်မှု ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသည့် စာသားများကို ဖတ်ရှုကြည့်ပါ။

> "နောက်ဆုံးတွင် ကုသမှုအားလုံးကို ရပ်ဆိုင်းလိုက်သည်။ နောက်တစ်နေ့ နံနက်တွင် လူနာ ဆုံးပါးသွားပါသည်။"

> "လရောင်ကင်းမဲ့သဖြင့် ညသည်မှောင်လွန်းလှသည်။ မနီးမဝေးရှိ သစ်ပင်ကြီး၏ နောက်မှ စူးစူးရှရှ အော်သံတစ်ခု ထွက်လာသည်။ ကျော်စွာသည် လက်ထဲရှိ ဓားကို တင်းတင်းကြပ်ကြပ် ဆုပ်လိုက်သည်။"

ပထမစာသားရှိ ဝါကျနှစ်ကြောင်းကိုဖတ်ပြီးသည့်အခါ စာဖတ်သူက "ကုသမှုရပ်ဆိုင်းလိုက်သည့်အတွက် လူနာဆုံးပါးရသည်" ဟု ကောက်ချက်ဆွဲနိုင်ပါသည်။ အလားတူပင် ဒုတိယ စာသားကို ဖတ်ပြီးသည့်အခါ စာဖတ်သူအနေဖြင့် "ကျော်စွာ ကြောက်နေသည်" ဟု ကောက်ချက်ဆွဲနိုင်ပါသည်။ ထိုကောက်ချက် (၂) ခုလုံးကို စာသားထဲတွင် ရေးမထားပါ။ သို့ရာတွင် စာဖတ်သူက ဝါကျများတွင် ပါဝင်သည့် အဓိပ္ပာယ်များနှင့် မိမိ၏ အတွေ့အကြုံများ၊ အသိပညာများကို ပေါင်းစပ်အသုံးပြုကာ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ နားလည်သွားနိုင်ပါသည်။ ၎င်းကို ကောက်ချက်ချခြင်းဟု ဆိုခြင်းဖြစ်သည်။ စာသားထဲတွင် ရေးမထားသည့် အဓိပ္ပာယ်ကို ရှာဖွေခြင်းဖြစ်သဖြင့် ၎င်းကို **စာကြောင်းများအကြားဖတ်ခြင်း** ဟုလည်း ခေါ်ကြပါသည်။

ကောက်ချက်ချခြင်းပုံစံ အမျိုးမျိုးရှိသော်လည်း အများသဘောတူသည့် အမျိုးအစား သတ်မှတ်ချက်မှာ မရှိသေးပါ။[၁၂၁] သို့ရာတွင် ဤသင်ခန်းစာ၌ သြစတေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ် ပညာရေးဌာနက သတ်မှတ်ထားသည့် အဆင့် (၂) မျိုး ဖြစ်သော အဓိပ္ပာယ်ကောက်ယူခြင်းနှင့် ကောက်ချက်ချခြင်းဟူသည့် အယူအဆ (၂) ရပ်ကို အသုံးပြုထားပါသည်။[၁၂၂] ထိုအယူအဆ (၂) ရပ်ကို နီလာဘန်တန်စမစ်က တူညီသည့် အဓိပ္ပာယ်ဖြင့် အသုံးပြုထားသော်လည်း ဤသင်ခန်းစာတွင်မူ မတူညီသော အဆင့်နှစ်ခုအဖြစ် အဓိပ္ပာယ် သီးခြားစီဖွင့်ဆို အသုံးပြုထားပါသည်။

(က) **အဓိပ္ပာယ်ကောက်ယူခြင်း** ။ ။အကြောင်းအရာ အချက်အလက်များအပေါ်တွင် သုံးသပ်ပြီး ၎င်းတို့၏ အချိတ်အဆက်ကိုကြည့်ကာ အဓိပ္ပာယ်ကို ဖော်ယူရသည့် နားလည်သဘောပေါက်မှုမျိုး ဖြစ်သည်။ အဖြစ်အပျက်များ၏ ရှေ့နောက်အဆက်အစပ်၊ အချက်အလက်များ၏ ကြောင်းကျိုးအဆက်အစပ်၊ ဆက်စပ်ပေးသည့် စကားအသုံးအနှုန်းများ (ဥပမာ - အညွှန်းနာမ်စားများ၊ အညွှန်းနာမဝိသေသနများ၊ သမ္ဗန္ဓခေါ် စကားအဆက်များ) စသည်တို့ကိုကြည့်ပြီး စာသားတွင် ရေးမထားသည့် အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူခြင်းဖြစ်သည်။ စကားအဆက်အစပ်ကို ကြည့်ကာ အဓိပ္ပာယ်ဖော်ရခြင်း ဖြစ်သဖြင့် **စာကြောင်းများကြားတွင် စာဖတ်ခြင်း** (Reading between the lines) ဟုလည်း ဆိုကြပါသည်။

(ခ) **ကောက်ချက်ချခြင်း** ။ ။စာသားတစ်ပုဒ်လုံးရှိ နေရာအသီးသီးမှ အသိပညာများကိုဖြစ်စေ၊ စာသားအမျိုးမျိုးမှ အသိပညာများကိုဖြစ်စေ၊ ဖတ်နေသည့်စာနှင့် သက်ဆိုင်သည့် ရှိပြီးအသိပညာများကိုဖြစ်စေ အသုံးပြုပြီး အကဲဖြတ်သုံးသပ်ကာ

---

[၁၂၁] Kispal, A. (2008). *Effective teaching of inference skills for reading: Literature review.* National Foundation for Education Research. Retrieved from www.dcsf.gov.uk/research

[၁၂၂] NSW Department of Education. (2019). *Reading.* Retrieved from https://education.nsw.gov.au/teaching-and-learning/student-assessment/smart-teaching-strategies/literacy/reading

အဓိပ္ပာယ်ဖော်ထုတ်ရသည့် နားလည်သဘောပေါက်မှုမျိုးဖြစ်သည်။ စာသားများတွင်ပါရှိသည့် အဓိကစိတ်ကူးစိတ်သန်းများ၊ အကြောင်းအရာများ၊ အယူအဆများကို ကောက်ချက်ချခြင်းဖြစ်သည်။ စာသားများတွင်ပါဝင်သည့် အချက်များထက် ကျော်လွန်ပြီး ပြင်ပအသိပညာများနှင့်လည်း ချိတ်ဆက်ချိန်ထိုးကာ အဓိပ္ပာယ်ကောက်ရခြင်း ဖြစ်သဖြင့် **စာကြောင်းများကို ကျော်ပြီး စာဖတ်ခြင်း** (Reading beyond the lines) ဟုလည်း ဆိုကြပါသည်။

ဤသို့ နှစ်ဆင့်ခွဲထားသော်လည်း ယေဘုယျအားဖြင့်မူ စာတစ်ပုဒ်၏ အဓိပ္ပာယ်ကို စာသားများထဲတွင် တိုက်ရိုက်ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်ပါ။ စကားအဆက်အစပ်၊ အကြောင်းအရာ အဆက်အစပ်၊ အသိပညာ အဆက်အစပ်များဖြင့် သိသာထင်ရှားစွာ ရေးသားဖော်ပြမထားသည့် အဓိပ္ပာယ်ကို ဆင်ခြင်တွေးတောကာ မှန်းဆရခြင်းနှင့်ဆိုင်သော ကျွမ်းကျင်မှုတစ်ခု ဖြစ်ပါသည်။ ထိုသို့မှန်းဆတတ်ခြင်းသည် ဘဝအတွက်ရော၊ ပညာသင်ယူရေးအတွက်ပါ အရေးကြီးသည့် စွမ်းရည်တစ်ရပ်ဖြစ်ပါသည်။

စာဖတ်ပြီး အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန်အတွက် သင်ကြားရာတွင် ချဉ်းကပ်နည်းအမျိုးမျိုးရှိပါသည်။ အချို့သောနည်းလမ်းများမှာ စာဖတ်ပြီးနားလည်သဘောပေါက်မှုအဆင့်အားလုံးအတွက် အထောက်အကူပြုသည့် နည်းများဖြစ်ပါသည်။ ထိုသို့နည်းလမ်းအမျိုးမျိုးရှိသည့်အနက်မှ စာဖတ်ပြီး အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန်အတွက် ကလေးများကို ပံ့ပိုးပေးသည့် အထိရောက်ဆုံးနည်းလမ်းများအဖြစ် သုတေသနများက အောက်ဖော်ပြပါ လေးမျိုးကို ညွှန်ပြထားပါသည် -

(က) **ရှိပြီးအသိပညာကို ဖော်ထုတ်အသုံးပြုခြင်း။** ။ကလေးများအား စာမဖတ်မီ ထိုဖတ်စာနှင့် သက်ဆိုင်သော ရှိပြီးအသိပညာများကို ဖော်ထုတ်စေခြင်းသည် နားလည်သဘောပေါက်မှုကို များစွာအထောက်အကူပြုပါသည်။ စာတစ်ပုဒ်၏ ခေါင်းစဉ်ကိုကြည့်ကာ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ကလေးများ မည်မျှသိထားပြီးဖြစ်သည်ကို မေးခွန်းများ မေး၍ဖြစ်စေ၊ အချင်းချင်းဆွေးနွေးသည့် လုပ်ငန်းများ ဖန်တီး၍ဖြစ်စေ ဖော်ထုတ်နိုင်ပါသည်။ ကလေးများ၏ ရှိပြီးအသိကို ဖော်ထုတ်ရင်း အထူးသဖြင့် ယခုဖတ်မည့်စာသည် မည်သို့သောအကြောင်းကို ရေးသားထားခြင်းဖြစ်မည်ကိုပါ ကြိုတင်ခန့်မှန်းခိုင်း နိုင်ပါသည်။ ကြိုတင်ခန့်မှန်းနိုင်စွမ်းထက်သန်ပါက ကောက်ချက်ချခြင်းကိုလည်း မှန်ကန်စွာလုပ်ဆောင်နိုင်မည်ဖြစ်သည်။ သရုပ်ဖော်ပုံများပါရှိသည့် သင်ခန်းစာများဖြစ်ပါက ထိုသရုပ်ဖော်ပုံများကို ကြည့်ကာ အကြောင်းအရာကို ခန့်မှန်းခိုင်းခြင်းသည် ကလေးများအတွက်လည်း စိတ်ဝင်စားဖွယ် သင်ယူမှုလုပ်ငန်းဖြစ်ပါသည်။

(ခ) **မေးခွန်းမေးခြင်း**။ ။မေးခွန်းမေးခြင်းသည် စာရေးစာဖတ် သင်ကြားရာတွင် အသုံးများသော နည်းလမ်းတစ်ခု ဖြစ်ပါသည်။ သို့ရာတွင်စာသားတစ်ခု၏ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန်အတွက် မေးသည့်မေးခွန်းမှာမူ အဆင့်မြင့်စဉ်းစားခြင်းကို ဖြစ်စေသည့် မေးခွန်းများသာဖြစ်ပါသည်။ ဖြစ်စဉ်ပြ အရေးအသားဖြစ်ပါက အဖြစ်အပျက်များနှင့် ဇာတ်ကောင်များ၏ အချိတ်အဆက်ကိုမေးသည့် မေးခွန်းများ၊ အကြောင်းအကျိုး အဆက်အစပ်ကို မေးသည့်မေးခွန်းများသည် ထိရောက်သည့် မေးခွန်းများဖြစ်သည်။ ထို့ပြင်ကလေးများ၏ အဖြေအပြီးတွင် "သား/သမီး အဲဒီအချက်ကို ဘယ်လိုလုပ်ပြီးသိသလဲ။ အဲဒီအချက်နဲ့ မကိုက်တဲ့ တခြား အချက်အလက်တွေရှိသေးလား" စသည့် မေးခွန်းများသည် ကလေးများ၏ နားလည် သဘောပေါက်မှုနှင့် စဉ်းစားတွေးခေါ်မှုအဆင့်များကို မြှင့်တင်ပေးသည့် မေးခွန်းများ ဖြစ်ပါသည်။ မေးခွန်းမေးခြင်းကို စာဖတ်နေစဉ်တွင်ဖြစ်စေ၊ စာဖတ်အပြီးတွင်ဖြစ်စေ ပြုလုပ်လေ့ရှိကြပါသည်။ စာဖတ်နေစဉ်အတွင်း မေးခွန်း မေးခြင်းဖြစ်ပါက ကလေးများ၏ စာဖတ်နေသည့်အရှိန်ကို အနှောင့်အယှက် မဖြစ်စေရန် သတိပြုရပါမည်။ အထူးသဖြင့် မေးခွန်းမေးခြင်းလုပ်ငန်းကို စာဖတ်စ အချိန်တွင် မပြုလုပ်သင့်ပါ။ ဆရာက မေးခွန်းမေးခြင်းသာမက ကျောင်းသားများ ကိုယ်တိုင် မေးခွန်းထုတ်ရန်လည်း အားပေးသင့်ပါသည်။ အထူးသဖြင့် "ဘာကြောင့်လဲ" ဟူသော မေးခွန်းမျိုးကို ကျောင်းသားများကိုယ်တိုင် မေးတတ်စေရန် လေ့ကျင့် သင်ကြားပေးသင့်ပါသည်။

(ဂ) **အပြန်အလှန် သင်ကြားခြင်း**[၃၉] ။ ။"အပြန်အလှန်သင်ကြားခြင်း" ကို သုတေသနများတွင် ထိရောက်သော သင်ကြားနည်းတစ်ခုအဖြစ် ထပ်တလဲလဲဖော်ပြသည့် နည်းလမ်း တစ်ခုဖြစ်ပါသည်။ ဤနည်းတွင် အနှစ်ချုပ်ခြင်း၊ မေးခွန်းထုတ်ခြင်း၊ ကြိုတင်ခန့်မှန်းခြင်း၊ မရှင်းသည်များကို ရှင်းလင်းခြင်းစသည့် နည်းလမ်းများကို ကလေးများကိုယ်တိုင် လက်တွေ့အသုံးပြုရန် အခွင့်အလမ်းများပေးပါသည်။ ကလေးများအနေဖြင့် အဆိုပါ နည်းလမ်းများကို အသုံးပြုတတ်ပြီဆိုလျှင် အပြန်အလှန်သင်ကြားခြင်း နည်းလမ်းကို အသုံးပြုရန် ပိုမိုသင့်တော်ပါသည်။ စာဖတ်နေစဉ်အတွင်း ကလေးများ၏ စိတ်တွင် ဖြစ်ပေါ်နေသည့် စဉ်းစားတွေးခေါ်မှုဖြစ်စဉ်ကို ၎င်းတို့ဘာသာ သတိထားမိစေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ အပြန်အလှန် သင်ကြားခြင်းနည်းကို စာဖတ်နေစဉ် လုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်နိုင်ပြီး ယေဘုယျအားဖြင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ပါသည်။

[၃၉] Reciprocal teaching. Retrieved from https://www.readingrockets.org/strategies/reciprocal_teaching

(၁) ကလေးများကို (၄) ယောက်စီပါသော အုပ်စုများအဖြစ်ဖွဲ့ပါ။ အုပ်စုတစ်ခုစီတွင် ကလေးတစ်ယောက်စီအား အောက်ပါလုပ်ငန်းတစ်ခုခုကို တာဝန်ယူခိုင်းပါ။

- အနှစ်ချုပ်သူ
- မေးခွန်းထုတ်သူ
- ရှင်းပြသူ
- ကြိုတင်ခန့်မှန်းသူ

(၂) ကလေးများ ဖတ်စာတစ်ပုဒ်ကို အပိုင်းလိုက် ခွဲဖတ်ရန် စီစဉ်ထားပါ။ ဥပမာ - ဆဋ္ဌမတန်း မြန်မာဖတ်စာမှ “ပထမ လူမှုဝန်ထမ်းအမျိုးသမီး ဒေါ်ဦးဇွန်း” သင်ခန်းစာကို သင်ကြားမည်ဆိုပါက ထိုစာသားကို စာပိုဒ် (၂) ပိုဒ်လျှင် တစ်ပိုင်း ပါဝင်သည့် အပိုင်း (၄) ပိုင်းအဖြစ်ခွဲပါ။ တစ်ကြိမ်ဖတ်လျှင် တစ်ပိုင်းသာ ဖတ်ပါစေ။ စာဖတ်နေစဉ်အတွင်း အရေးကြီးသော အချက်များကို မှတ်သားထားရန်လည်း အားပေးပါ။

(၃) “ဒေါ်ဦးဇွန်း” ဖတ်စာ၏ ပထမပိုင်း (ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်) ကို ဖတ်ပြီးပါက အုပ်စုအလိုက် အောက်ပါအတိုင်း လုပ်ဆောင်ကြပါစေ။

- **အနှစ်ချုပ်သူ**က ဖတ်ပြီးသည့် စာ (၂) ပိုဒ်တွင် ပါရှိသည့် အဓိက အကြောင်းအရာများကို အနှစ်ချုပ်ပြောပါစေ။
- **မေးခွန်းထုတ်သူ**က မရှင်းလင်းသည့်အချက်များ၊ ရှုပ်ထွေးသည့် အယူအဆများနှင့် စပ်လျဉ်းပြီး မေးခွန်းများ မေးပါစေ။
- **ရှင်းပြသူ**က မေးလာသည့် မေးခွန်းများကို ဖြေဆိုပြီး မရှင်းလင်းသည့်အချက်များကို ရှင်းလင်း ပြောပြပါစေ။
- **ကြိုတင်ခန့်မှန်းသူ**က ရှေ့စာပိုဒ်တွင် မည်သည့်အကြောင်းအရာများ ဖြစ်မည်၊ အကယ်၍ ဝတ္ထုဇာတ်လမ်း (သို့မဟုတ်) ပုံပြင်ဖြစ်ပါက ရှေ့တွင် မည်သို့ ဖြစ်ပျက်မည်ကို တင်ကြိုခန့်မှန်း ပြောပြပါစေ။

(၄) ထို့နောက် အုပ်စုများအားလုံး ဒုတိယပိုင်းကို ဆက်လက်ပြီး ဖတ်ရှုပါစေ။ ဤအကြိမ်တွင် အုပ်စုအတွင်းမှ ကလေးများ၏ တာဝန်ကို ပြောင်းလဲယူကြပါစေ။ တာဝန်ပြောင်းလဲသည့်အခါ ဥပမာ - ပထမကလေး၏ အနှစ်ချုပ်သူ တာဝန်ကို ၎င်း၏ လက်ယာဘက်ရှိကလေးထံ လွှဲပြောင်းပါစေ။ ဤနည်းဖြင့် လက်ယာရစ်လှည့်ကာ ကလေးများ အချင်းအချင်း တာဝန်ကို ပြောင်းလဲယူကြပါစေ။

(၅) အထက်ပါနည်းအတိုင်း စာကို အပိုင်းတစ်ခုစီဖတ်ပြီး စာတစ်ပုဒ်လုံး ပြီးဆုံးသည်အထိ ဖတ်ပါစေ။

(၆) ဤလုပ်ငန်းတွင် ဆရာ၏အခန်းကဏ္ဍမှာ ဘေးမှပံ့ပိုးသူသာဖြစ်ပါသည်။ ကလေးများ အုပ်စုအလိုက် လုပ်ဆောင်နေကြသည်ကို စောင့်ကြည့်လေ့လာနေပြီး လိုအပ်သည့် အုပ်စုများကို ပံ့ပိုးရန်သာဖြစ်ပါသည်။

(ဃ) **အသံထွက်စဉ်းစားခြင်း** (Thinking aloud)[၁၂၄] ။ ။အသံထွက်စဉ်းစားခြင်း ဆိုသည်မှာ စဉ်းစားပြီးမှ စကားပြောခြင်း မဟုတ်ဘဲ စဉ်းစားနေရင်းပြောခြင်း ဖြစ်သည်။ စာဖတ်နေစဉ်အတွင်း စိတ်ထဲတွင် ဖြစ်ပေါ်လာသည့် အတွေးများ၊ စဉ်းစားပုံများကို အခြားသူများသိအောင် နှုတ်မှတစ်ပြိုင်နက်တည်း ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။ စာသားတွင် မိမိရင်းနှီးကျွမ်းဝင်ခြင်း မရှိသေးသည့် အချက်များပါလာပါက ၎င်းတို့ကို မိမိသိထားပြီးသည့် အသိပညာများနှင့် ဆက်စပ်ပေးရန် အထောက်အကူပြုသော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ အသံထွက်စဉ်းစားခြင်းကို ကလေးများအား သင်ကြားရာတွင် ဆရာက နမူနာလုပ်ပြခြင်းသည် အရေးကြီးပါသည်။ စာကို ကျွမ်းကျင်စွာ ဖတ်တတ်သူများ အနေဖြင့် စာဖတ်နေစဉ် စဉ်းစားသည့် အလုပ်မှာ အလိုအလျောက်ဖြစ်ပေါ်သော်လည်း စာဖတ်မကျွမ်းကျင်သော ကလေးများ အတွက်မှာမူ ခက်ခဲပါသည်။ သို့ဖြစ်ရာ စာဖတ်နေစဉ် တွေးပုံ၊ စဉ်းစားပုံများကို ဆရာက အသံထွက်စဉ်းစားခြင်းလုပ်ငန်းဖြင့် မကြာခဏ နမူနာပြသပေးရန် လိုအပ်ပါသည်။

ဥပမာအားဖြင့် ဆဋ္ဌမတန်း မြန်မာဖတ်စာမှ “လှတောသားစကားကြွယ်” သင်ခန်းစာကို သင်ကြားမည်ဆိုပါက အသံထွက်စဉ်းစားခြင်းကို အောက်ပါအတိုင်း နမူနာပြနိုင်ပါသည်။

---

[၁၂၄] Gold, J., & Gibson, A. (2001). *Reading aloud to build comprehension*. Retrieved from https://www.readingrockets.org/article/reading-aloud-build-comprehension

- "သားတို့၊ သမီးတို့၊ ဒီနေ့ ဆရာတို့ ဖတ်မယ့်သင်ခန်းစာကတော့ 'လှတောသား စကားကြွယ်' တဲ့။ ဒီခေါင်းစဉ်ကလေးတွေ့တော့ ကျောင်းသားဘဝတုန်းက 'အ'သုံးလုံးလုပ်အားပေး ရွှေဘိုဘက်ကို သွားခဲ့တာ သတိရမိတယ်။ ရွှေဘိုသွားရင်း လှတောရွာကို ဖြတ်သွားခဲ့တာလေ။ သားတို့၊ သမီးတို့ရော လှတောရွာ ဘယ်မှာလဲ သိကြလား။" စသည်ဖြင့် မေးမြန်းပြီး စာမဖတ်မီ ရှိပြီးအသိကို ထုတ်ဖော်နိုင်ပါသည်။
- ထို့နောက် စာဖတ်ရင်းဖြင့် "မြန်မာတို့သည် ဟာသဉာဏ်လည်း ရွှင်တတ်ကြသည် တဲ့။ ဟာသဉာဏ်ဆိုတာ ဘာပါလိမ့်။ ဟာသဆိုတာ ရီစရာပြောတာဆိုတော့ ရယ်စရာပြောတတ်တာကို ပြောချင်တာဖြစ်မှာပေါ့၊ သားတို့သမီးတို့ရော 'ဟာသဉာဏ်လည်း ရွှင်တတ်ကြသည်' ဆိုတာကို ဘယ်လိုထင်သလဲ။"
- "လှတောရွာ၌မူ ဟာသဉာဏ်ရွှင်သောသူ ထူးထူးခြားခြား ပိုများသည်ဟု ပြောကြသည် ဆိုတော့ကာ လှတောက လူတွေက တခြားမြန်မာတွေထက် ပျော်ပျော်နေတတ်ကြတယ်လို့ ပြောချင်တာလား မသိဘူး။ ကဲ ဒီတစ်ပိုဒ်လုံးကို ဖတ်လိုက်တဲ့အခါ သားတို့ သမီးတို့ရော ဘယ်လိုသဘောရသလဲ။ ဆရာ ထင်သလိုပဲ ထင်ကြသလား။ ဘာကြောင့်လဲ။" စသည်ဖြင့် ကောက်ချက်ချပုံကို ပြသနိုင်ပါသည်။

စာဖတ်ပြီး အဓိပ္ပာယ်ကိုဆက်စပ်ကောက်ယူခြင်း (သို့မဟုတ်) ကောက်ချက်ချခြင်းသည် စာဖတ်ကျွမ်းကျင်သူ တစ်ဦးတွင် ရှိရမည့် အရည်အချင်းတစ်ရပ် ဖြစ်သည့်အလျောက် ထိုကျွမ်းကျင်မှုကို အလယ်တန်းဆင့် ကျောင်းသားများအား အထူးအလေးပေး သင်ကြားသင့်ပါသည်။ စာဖတ်ပြီး အဓိပ္ပာယ်ကိုဆက်စပ်ကောက်ယူခြင်းကို ဖြစ်စဉ်ပြ အရေးအသားများနှင့် ဖွင့်ဆိုရှင်းပြ အရေးအသားများ ဖတ်ရှုရသည့်အခါ အများဆုံး ပြုလုပ်ရသည့်အတွက် အဆိုပါကျွမ်းကျင်မှုကို သင်ကြားပေးရာတွင် ဖြစ်စဉ်ပြနှင့် ဖွင့်ဆိုရှင်းပြ စာသားများကို အသုံးပြုရန် လိုအပ်မည် ဖြစ်ပါသည်။ ထိုစာသားများရှိ စကားလုံး အသုံးအနှုန်း အဆက်အစပ်၊ အကြောင်းအရာ အဆက်အစပ်၊ မိမိ၏ သိပြီးအသိပညာ အဆက်အစပ်များကို အသုံးပြုကာ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူတတ်စေရန် (သို့မဟုတ်) ကောက်ချက်ချ တတ်စေရန် ကလေးများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးသင့်ပါသည်။ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူရသည့် မေးခွန်းအမျိုးမျိုးကိုမေးခြင်း၊ ကောက်ချက်ချပုံအမျိုးမျိုးကို ဆရာက အသံထွက် စဉ်းစားခြင်း နည်းဖြင့် မကြာခဏ နမူနာပြသလုပ်ဆောင်ပေးခြင်း စသည့် နည်းများဖြင့် သင်ကြားပေး နိုင်ပါသည်။ ထို့ပြင် ဆရာက နမူနာပြသသည့် အသံထွက်စဉ်းစားခြင်း လုပ်ငန်းကိုပင် ကလေးများအား နှစ်ယောက်တစ်တွဲ တွဲ၍ဖြစ်စေ၊ အုပ်စုဖွဲ့လုပ်ငန်းအနေဖြင့် ဖြစ်စေ လက်တွေ့လုပ်ဆောင်စေခြင်းတို့ဖြင့်လည်း သင်ကြားပေးနိုင်ပါသည်။

### သင်ယူမှုလုပ်ငန်း (၁)။ နမူနာစာသားများဖြင့် သင်ခန်းစာမိတ်ဆက်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် နီလာဘန်တနစ်စမစ်၏ စာဖတ်ခြင်းဆိုင်ရာ နားလည်သဘောပေါက်မှု အဆင့်များကို ပြန်လည်စဉ်းစားပြီး "အဓိပ္ပာယ် ကောက်ယူခြင်း/ ကောက်ချက်ချခြင်း" အကြောင်းကို မိတ်ဆက်နိဒါန်းကို သင်ယူကြရန် ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန် ပံ့ပိုးပေးသည့် နည်းလမ်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသော "အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန် အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း" အကြောင်းကို ကျောင်းသားများ ကောင်းစွာနားလည် သဘောပေါက်ရန် ဖြတ်ဆက်နည်းဖြင့် သင်ယူလေ့လာကြရန် ဖြစ်သည်။

## ၅.၂.၅ ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်နိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာဖတ်ခြင်းဖြင့် စာပါအကြောင်းအရာများအပေါ် ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်နိုင်ရန် သင်ကြားပေးနိုင်သော နည်းလမ်းများကို ဖော်ပြတတ်မည်။

အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်တွင် ၂၁ ရာစုကျွမ်းကျင်မှုများကို သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းအသီးသီး၌ ဆီလျော်သလို ထည့်သွင်းသင်ကြားရေးကို အခြေခံမူတစ်ရပ် အဖြစ် သတ်မှတ်ထားပါသည်။ ထိုသတ်မှတ်ချက်ကို အခြေခံလျက် အခြေခံပညာအလယ်တန်း မြန်မာစာ သင်ရိုးညွှန်းတမ်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်ခြင်း (လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း)နှင့် တီထွင်ဖန်တီးခြင်းဟူသည့်

စွမ်းရည်များကို မြှင့်တင်ပေးရန် ထည့်သွင်း ထားပါသည်။[၁၂၅] မြန်မာစာ သင်ကြားရာတွင် အထူးသဖြင့် ဝေဖန်ပိုင်းခြားစဉ်းစား တွေးခေါ်ခြင်း၊ တစ်နည်းအားဖြင့် ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်ခြင်းကို စာရေးစာဖတ်ကျွမ်းကျင်မှုနှင့် ချိတ်ဆက်လျက် သင်ကြားပေးရန် အထူးလိုအပ်ပါသည်။

## ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်

ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်သည် ယနေ့ခေတ် ပညာရေးတွင် အားလုံးက အလေးထားနေရသည့် အနာဂတ်မျိုးဆက်များအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုတစ်ခု ဖြစ်လာနေပါသည်။ သို့ဖြစ်ရာ ကလေးများအား ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်စွမ်း ဖွံ့ဖြိုးစေရန် သင်ကြားပေးရေးမှာ စာသင်ခန်းအတွင်းမှ ဆရာများ၏ တာဝန်တစ်ရပ် ဖြစ်လာပါသည်။ ထိုစွမ်းရည်ကို သင်ကြားပေးနိုင်ရန်အတွက် ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်စွမ်း ဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်းကိုလည်း ဆရာများအနေဖြင့် ကောင်းစွာနားလည် သဘောပေါက်ရန် လိုအပ်ပါသည်။

ပညာရှင်များက ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်မှု စွမ်းရည်၏ အဓိပ္ပာယ်ကိုအမျိုးမျိုး ဖွင့်ဆို ကြပါသည်။[၁၂၆] သို့ရာတွင် ဤသင်ခန်းစာတွင်မူ ဗားဂျီနီးယားတက္ကသိုလ်မှ သိမှုဆိုင်ရာ စိတ်ပညာ ပါမောက္ခ ဝီလင်ဟမ် တင်ပြထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသုံးပြုထားပါသည်။ ပါမောက္ခ ဝီလင်ဟမ်က ဝေဖန်ပိုင်းခြားစဉ်းစား တွေးခေါ်နိုင်စွမ်းသည် ကြောင်းကျိုးဆင်ခြင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် ပြဿနာဖြေရှင်းခြင်းဟူသည့် စဉ်းစားတွေးခေါ်မှု သုံးမျိုးပါဝင်သော ကျွမ်းကျင်မှုအစုတစ်ခု ဖြစ်သည်ဟုဆိုပါသည်။[၁၂၇] ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်စွမ်းသည် အဓိကအားဖြင့် ကြောင်းကျိုးယုတ္တိရှိမှုနှင့် ဆက်စပ်နေသည်။ အဆိုပြုချက် တစ်ရပ်အတွက် လုံလောက်သော အထောက်အထားများ၊ အကြောင်းရင်းများ၊ မှန်ကန်မှုများကို ရှာဖွေစိစစ်ပြီး ဆုံးဖြတ်ချက်ချရသည့် ဖြစ်စဉ်လည်းဖြစ်ပါသည်။

ပါမောက္ခ ဝီလင်ဟမ်က ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုစွမ်းရည်တွင် အရေးပါသည့် လက္ခဏာ (၃) ရပ် ရှိသည်ဟုလည်း ဆိုထားပါသည်။ ၎င်းတို့မှာ ထိရောက်မှု၊ ဆန်းသစ်မှုနှင့် မိမိဘာသာ လမ်းညွှန်မှုတို့ဖြစ်ပါသည်။ ထိရောက်မှုဆိုသည်မှာ အထောက်အထားဖြင့် အဆိုပြုရန်ပျက်ကွက်ခြင်း၊ ပြဿနာကို တစ်ဖက်သတ်အမြင်ဖြင့် ဆုံးဖြတ်ခြင်း၊ အကြောင်းအကျိုး ယုတ္တိရှိမှုထက် မိမိ၏အလိုဆန္ဒနောက်သို့လိုက်ခြင်း စသည့် ဖြစ်လေ့ဖြစ်ထရှိသော အမှားများကို

---

[၁၂၅] ပညာရေးဝန်ကြီးဌာန (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း* ။

[၁၂၆] Point B။ (ခုနှစ်မပါ)။ *၂၁ ရာစုခေတ်ကာလ၊ စွမ်းရည်ပြည့်ဝ ဆရာ၊ ဆရာမ လမ်းညွှန်* ။

[၁၂၇] Willingham, D. T. (2007). Critical thinking: Why is it so hard to teach? American Educator, Summer 2007.

ရှောင်နိုင်ခြင်းဖြစ်သည်။ ထို့ပြင် ပြဿနာတစ်ရပ်ကို ဖြေရှင်းရာတွင် ယခင်အတွေ့ အကြုံတစ်ခု (သို့မဟုတ်) အလွတ်ကျက်မှတ်ထားသော ပုံသေနည်းတစ်ခုကို အသုံးပြုကာ ဖြေရှင်းခြင်း ဖြစ်ပါက ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်မှု ပါဝင်သည်ဟု မဆိုနိုင်ပါ။ ပြဿနာ တစ်ရပ်အတွက် ဆန်းသစ်သည့် ဖြေရှင်းနည်းတစ်ခုကို ရှာဖွေပြီး ဖြေရှင်းနိုင်မှသာ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု ရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်တွင် မိမိဘာသာ လမ်းညွှန်လုပ်ဆောင်နိုင်စွမ်းလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် ဆရာက ကျောင်းသား၏လုပ်ဆောင်မှု အဆင့်တိုင်းတွင် လမ်းကြောင်း ပေးနေရပါက ထိုကျောင်းသားအနေဖြင့် ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်စွမ်း ဖွံ့ဖြိုးမည်မဟုတ်ပါ။ မိမိဘာသာ လမ်းကြောင်း လုပ်ဆောင်နိုင်မှသာ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်စွမ်း ရှိသည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။

## ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်မှု စွမ်းရည်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း


ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်မှု စွမ်းရည်အတွက် စာဖတ်ခြင်းကိုသင်ကြားရာတွင် အထက်၌ ဖော်ပြခဲ့သည့် သဘောတရားများကို အခြေခံရန်လိုအပ်ပါသည်။ ကလေးများ၏ ကြောင်းကျိုး ဆင်ခြင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် ပြဿနာဖြေရှင်းခြင်းဟူသည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေရန်အတွက် သင်ကြားပေးရာတွင် လွတ်လပ်စွာ စဉ်းစားတွေးခေါ်မှုကိုလည်း အားပေးရန် လိုအပ်ပါသည်။ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်စွမ်း ဖွံ့ဖြိုးစေရန်အတွက် သင်ကြားပေးရာတွင် -

- အကြောင်းအရာ အချက်အလက်များကို ရှုထောင့်အမျိုးမျိုးမှ ရှုမြင်တတ်ခြင်း။
- အချက်အလက်များ၏ ကြောင်းကျိုးဆက်စပ်မှုကို သရုပ်ခွဲစိစစ်တတ်ခြင်း။
- အချက်အလက်များ၏ မှန်ကန်မှု၊ ခိုင်လုံမှုအပေါ် မေးခွန်းထုတ်တတ်ခြင်း။
- ပြဿနာကို မိမိ၏စိတ်ကူးဖြင့် ဖြေရှင်းတတ်ခြင်း။
- သင်ယူမှုအတွေ့အကြုံများကို ပြန်လည်သုံးသပ်တတ်ခြင်း။

စသည့် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရပါသည်။ သို့ရာတွင် ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု ဆိုင်ရာ ကျွမ်းကျင်မှုများ၊ စွမ်းရည်များကို လေ့ကျင့်ပျိုးထောင်ပေးရုံဖြင့် ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်သူ ဖြစ်မလာနိုင်ဟုဆိုပါသည်။ စွမ်းဆောင်ရည်ကိုသာမက ဝေဖန်ပိုင်းခြား စဉ်းစားလိုသည့် အာသာဆန္ဒ ပြင်းပြသူများအဖြစ်လည်း ပျိုးထောင်ပေးရန် လိုအပ်သည်ဟု ဆိုပါသည်။ ထိုသို့ ပျိုးထောင်ပေးနိုင်ရန်အတွက် ကလေးများကို မေးခွန်းမေးခြင်း၊ ကလေးများ ကိုယ်တိုင် မေးခွန်းထုတ်ရန်အားပေးခြင်း၊ ဆရာနှင့် ကလေးများဖြစ်စေ၊ ကလေးအချင်းချင်း

ဖြစ်စေ အပြန်အလှန်စကားပြောခြင်းနှင့် ဆွေးနွေးခြင်း၊ အများနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း စသည့် နည်းဗျူဟာများကို အသုံးပြုသင့်ပါသည်။

(က) **မေးခွန်းမေးခြင်း။** ။ကလေးများဖတ်ရှုရမည့် စာနှင့်စပ်လျဉ်းပြီးကလေးများကို မေးခွန်းများမေးခြင်း၊ ထိုဖတ်စာအပေါ် ကလေးများက မေးခွန်းထုတ်ရန် အားပေးခြင်း တို့သည့် ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်ကို ဖွံ့ဖြိုးစေနိုင်သည့်နည်းများ ဖြစ်ပါသည်။ အထူးသဖြင့် အဆင့်မြင့်စဉ်းစားတွေးခေါ်မှု (Higher order thinking) ဆိုင်ရာ ကျွမ်းကျင်မှုများကို ဖြစ်ထွန်းစေသည့် မေးခွန်းများ မေးခြင်းသည် အရေးကြီးသည့် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ မေးခွန်းများကို ကလေးများက တုံ့ပြန်ဖြေဆိုရာတွင် အသုံးပြုရသည့် စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို အဆင့်အမျိုးမျိုး ခွဲခြားထားရာ အသေးစိတ်အချက်အလက်များကို ပြန်လည်စဉ်းစား ဖော်ထုတ်ရသည့် အဆင့်သည် အနိမ့်ဆုံးအဆင့်ဖြစ်ပြီး ၎င်း၏အထက်တွင် ပိုမိုရှုပ်ထွေးသည့် စဉ်းစားမှု ဖြစ်စဉ်များ ပါဝင်သောအဆင့်များ ရှိပါသည်။ ထိုသို့ အမျိုးအစားခွဲခြားပုံ အမျိုးမျိုး ရှိသည့်အထဲတွင် ဘင်ဂျမင်ဘလွန်းမ်၏ အမျိုးအစားခွဲပုံသည် ထင်ရှားပါသည်။ ဘလွန်းမ်၏ သင်ယူမှုအဆင့်များတွင် အချက်အလက်များကို မှတ်မိခြင်းသည် အနိမ့်ဆုံးဖြစ်ပြီး နားလည်သဘောပေါက်ခြင်း၊ အသုံးချခြင်း၊ ခွဲခြမ်း စိတ်ဖြာခြင်း၊ အကဲဖြတ်ခြင်းနှင့် တီထွင်ဖန်တီးခြင်းဟု တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုရှုပ်ထွေး နက်နဲသည့် အဆင့်များကို ခွဲခြားထားပါသည်။




**ပုံ ၅.၁၁။ ဘလွန်းမ်၏ သင်ယူမှုအဆင့်များ**

စာသင်ခန်းများတွင် မေးခွန်းများမေးမြန်းသည့်အခါ အထက်တွင်ဖော်ပြခဲ့သည့် ဘလွန်းမ်၏ သင်ယူမှု အဆင့်များကို အခြေခံပြီး မေးလေ့ရှိကြပါသည်။ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု ဆိုင်ရာ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေရန်အတွက် မေးခွန်းများမေးသည့်အခါတွင်မူ မှတ်မိခြင်း၊ နားလည်ခြင်းအဆင့် မေးခွန်းများထက် ခွဲခြမ်းစိတ်ဖြာခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်း အဆင့်ရှိသည့် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုများ ပါဝင်သည့် မေးခွန်းများကို မေးရပါသည်။ တစ်စုံတစ်ခုသည် မည်သို့ဖြစ်ပျက်သည်၊ မည်သည့်အကြောင်းကြောင့် ဖြစ်ပျက်သည်၊ အဖြစ်အပျက်တစ်ခု (သို့မဟုတ်) အကြောင်းအရာတစ်ခုသည် အခြားသောအဖြစ်အပျက်၊ အကြောင်းအရာများနှင့် မည်သို့ဆက်စပ်မှုရှိသည် စသည့်မေးခွန်းများသည် ဖြေဆိုသူအား ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်ခြင်းကို ဖြစ်စေပါသည်။ မေးခွန်း၏အဖြေကို စဉ်းစားရာတွင် အချက်အလက်များကို အသုံးပြုရသည့်တိုင် အချက်အလက်ထက် အကြောင်းအကျိုး ယုတ္တိရှိမှု သဘောကို ပိုမိုအလေးပေး စဉ်းစားရသည်။ သို့ဖြစ်ရာ ထိုကဲ့သို့သောမေးခွန်းများကို အသုံးပြုသင်ကြားခြင်းဖြင့် ကလေးများ၏ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်နိုင်စွမ်းကို ဖွံ့ဖြိုးစေနိုင်ပါသည်။

မေးခွန်းများမေးမြန်းခြင်းကို စာဖတ်သင်ကြားခြင်း၏ အဆင့်တိုင်းတွင် ဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် ဆဋ္ဌမတန်းမြန်မာစာဖတ်စာအုပ်တွင် ပါဝင်သည့် "ပုသိမ်ထီး" သင်ခန်းစာကို သင်ကြားမည်ဆိုပါက မေးခွန်းများကို အောက်ပါအတိုင်း ပြင်ဆင်နိုင်ပါသည်။

**ဇယား ၅.၆။ "ပုသိမ်ထီး" သင်ခန်းစာဆိုင်ရာ မေးခွန်းများမေးမြန်းခြင်း**

| သင်ခန်းစာအဆင့်များ | မေးမြန်းနိုင်သည့် မေးခွန်းများ |
|---|---|
| **စာမဖတ်မီ** | • ပုသိမ်ထီးအကြောင်း သင်မည်မျှသိသနည်း။ မည်ကဲ့သို့ သိသနည်း။<br>• မသိပါက အဘယ်ကြောင့် မသိရသနည်း။<br>• မြန်မာဖတ်စာတွင် ပုသိမ်ထီးအကြောင်းကို အဘယ်ကြောင့် ထည့်သွင်းထားသည်ဟု ထင်သနည်း။ |
| **စာဖတ်ဆဲ** | • ပုသိမ်ထီးပြုလုပ်ရန်အတွက် မည်သည့်အရာသည် အရေးအကြီးဆုံးဖြစ်မည်ဟု ထင်ပါသနည်း၊ အဘယ်ကြောင့်နည်း။<br>• ပုသိမ်ထီးကို အဘယ်ကြောင့် အသုံးနည်းလာသနည်း။<br>• ပုသိမ်ထီးလုပ်ငန်းတွင် မည်သို့သော ဆန်းသစ်တီထွင်မှုများ ပြုလုပ်လာသနည်း၊ အဘယ်ကြောင့်နည်း။ |
| **စာဖတ်အပြီး** | • ပုသိမ်ထီးလုပ်ငန်း တိမ်ကောပျောက်ကွယ်သွားမည်ဟုထင်ပါသလား၊ အဘယ်ကြောင့်နည်း။<br>• ပုသိမ်ထီးလုပ်ငန်းကို မည်သို့ ပြုပြင်ပြောင်းလဲသင့်သည်ဟု ထင်ပါသနည်း။<br>• မြန်မာဖတ်စာတွင် ပုသိမ်ထီးအကြောင်းကို အဘယ်ကြောင့် ထည့်သွင်းထားသည်ဟု ထင်သနည်း။ |

(ခ) **ဆွေးနွေးခြင်း။ ။** ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုစွမ်းရည် ဖွံ့ဖြိုးရေးအတွက် စာဖတ်ခြင်းကို သင်ကြားပြသရာတွင် ထိရောက်သည့် အခြားနည်းတစ်ခုမှာ ဖတ်ရှုလေ့လာသည့် အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း ဖြစ်သည်။ အများနှင့် ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် မတူသောအမြင်များကို ဖလှယ်နိုင်သည့် အတွက် ပြဿနာတစ်ရပ် (သို့မဟုတ်) ကိစ္စတစ်ခုကို ရှုထောင့်အမျိုးမျိုးမှ ကြည့်နိုင်သည့် စွမ်းရည်များ တိုးတက်စေနိုင်ပါသည်။ ထိရောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းကိုလည်း အထောက်အကူပြုပါသည်။

အများနှင့် ဆွေးနွေးပြောဆိုရန်အတွက် သင်ယူမှုလုပ်ငန်းများကို စီစဉ်သည့်အခါ ရှေးဦးစွာ တွေး-တွဲ-မျှဝေခြင်း (သို့မဟုတ်) အုပ်စုငယ်ဖွဲ့ဆွေးနွေးခြင်းနည်းများဖြင့် ဆွေးနွေးစေပြီးမှ အများနှင့် မျက်နှာစုံညီဆွေးနွေးခြင်း (Plenary discussion) ကို ပြုလုပ်နိုင်ပါသည်။ သို့မဟုတ်ပါကလည်း အုပ်စုကိုယ်စားလှယ်များဖြင့် ပရိသတ် ရှေ့မှောက်တွင် ဆွေးနွေးခြင်း (Panel discussion) ကိုလည်း ပြုလုပ်နိုင်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည် "ပုသိမ်ထီး" သင်ခန်းစာအတွက် မေးခွန်းများကို စာမဖတ်မီ၊ စာဖတ်စဉ်နှင့် စာဖတ်အပြီး အဆင့်တစ်ခုစီတိုင်းတွင် ဆွေးနွေးမှုပုံစံ အမျိုးမျိုးဖြင့် ဆောင်ရွက်သင့်ပါသည်။

ဆွေးနွေးသည့်အခါတိုင်းတွင် ဆရာ၏ပံ့ပိုးပေးမှုသည် အရေးကြီးပါသည်။ ကလေးများ၏ ကြောင်းကျိုးဆက်စပ် စဉ်းစားနိုင်စွမ်း၊ ရှုထောင့်အမျိုးမျိုးမှ သုံးသပ်နိုင်စွမ်း၊ အချက်အလက်များ၏ အထောက်အထားခိုင်လုံမှုနှင့် မှန်ကန်မှုတို့ကို ဆန်းစစ်နိုင်စွမ်းများ ဖွံ့ဖြိုးစေရန် နည်းအမျိုးမျိုးဖြင့် ပံ့ပိုးပေးသင့်ပါသည်။ ထိုသို့ပံ့ပိုးရာတွင် အောက်ဖော်ပြပါ နည်းလမ်းများကို အသုံးပြုနိုင်ပါသည် -

(၁) **ထပ်ဆင့်မေးခွန်းများ** (Probing questions) **မေးခြင်း**။ ။ကလေးများ၏ အဖြေအပေါ် ပိုမိုနက်နဲစွာ စဉ်းစားစေသည့် ထပ်ဆင့်မေးခွန်းများမေးခြင်းဖြင့် ကြောင်းကျိုးဆက်စပ် စဉ်းစားနိုင်စွမ်းကို ပိုမိုရင့်သန်စေနိုင်ပါသည်။ ဥပမာ - ကလေးတစ်ယောက်က "ပုသိမ်ထီးကို တစ်ခါမှမမြင်ဖူးဘူး" ဟု ဖြေလာပါက "ဘာကြောင့် မမြင်ဖူးရတာလဲ။" ဟု ထပ်ဆင့်မေးခွန်း မေးခြင်းအားဖြင့် ကလေးများကို ထပ်ဆင့်စဉ်းစားစေရန် အားပေးရာရောက်ပါသည်။

(၂) **မတူသော အမြင်သဘောထားများကိုဖော်ထုတ်ခြင်း**။ ။ကလေးတစ်ယောက်၏ အဖြေနှင့် စပ်လျဉ်းပြီး အခြားကလေးများ၌ မတူသော အမြင်သဘောထားများ ရှိပါက ထုတ်ဖော်ပြောဆိုရန် အားပေးသင့်ပါသည်။ ဥပမာ - "မောင်မောင် ကတော့ ပုသိမ်ထီးလုပ်ရာမှာ ဝါးက အရေးအကြီးဆုံးလို့ ပြောတယ်၊ ကျန်တဲ့လူတွေကရော

မောင်မောင်နဲ့ အဖြေမတူတာ ဘယ်သူရှိသေးလဲ၊ ထီးလုပ်တဲ့နေရာမှာ တခြား ဘာအရေးကြီးတာရော ရှိသေးလဲ။" စသည်အားဖြင့် မေးမြန်းကာ မတူသောအမြင်များကို ဖော်ထုတ်ပြောဆိုရန် အားပေးနိုင်ပါသည်။

(၃) **မေးခွန်းများမေးရန် အားပေးခြင်း။** ။ဆရာ၏ ရှင်းလင်းပြောကြားချက်များ အပေါ်တွင်ဖြစ်စေ၊ ကလေးများ၏ အဖြေများအပေါ်တွင်ဖြစ်စေ ကလေးများကိုယ်တိုင် မေးခွန်းများမေးရန် အားပေးသင့်ပါသည်။ မရှင်းလင်းသည့် အချက်များကို မေးမြန်းသည့် မေးခွန်းများထက် အဆိုပြုချက်များ၊ အထောက်အထားများအပေါ် သေချာစေရန် မေးမြန်းသည့် တန်ပြန်မေးခွန်း များကို ပိုမိုအားပေးသင့်ပါသည်။ တန်ပြန်မေးခွန်းများသည် ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုစွမ်းရည်ကို ဖွံ့ဖြိုးစေပါသည်။ ဥပမာ - "ပုသိမ်ထီးက တာရှည်မခံလို့ အသုံးနည်းလာတာ" ဟု ကျော်ကျော်က ပြောလာသည့် အချက်အပေါ် "ကျော်ကျော့် ကို ဘာများမေးချင်ကြသလဲ။" ဟု ပြောကာ ကျန်သောကလေးများအား မေးခွန်းထုတ်ရန် အားပေးသင့်ပါသည်။

(၄) **ခံစားချက်နှင့် သဘောထားအမြင်များကို ဖော်ထုတ်ခြင်း။** ။ဆွေးနွေးနေစဉ် အတွင်း အဆိုပြုချက် တစ်ရပ်အပေါ်တွင် ကလေးများ၏ ခံစားချက်နှင့် သဘောထားအမြင်များကို ထုတ်ဖော်ရန် အားပေးသင့်ပါသည်။ ဥပမာအားဖြင့် "တကယ်လို့သာ ပုသိမ်ထီးလုပ်ငန်း ပျောက်ကွယ်သွားမယ်ဆိုရင် ကလေးတို့ ဘယ်လိုခံစားရမလဲ။ တကယ်လို့ ကလေးတို့သာ ဧရာဝတီတိုင်း ဝန်ကြီးချုပ် ဖြစ်ခဲ့မယ်ဆိုရင် ပုသိမ်ထီးလုပ်ငန်းနဲ့ ပတ်သက်ပြီး ဘာလုပ်ပေးမလဲ။" စသည့် မေးခွန်းများကို မေးနိုင်ပါသည်။

ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုစွမ်းရည်သည် လူတိုင်းအဖို့ ၂၁ ရာစုအတွက် မရှိမဖြစ်လိုအပ်နေသည့် ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ အထူးသဖြင့် ယနေ့ခေတ် ကမ္ဘာကြီးတွင် သတင်းအချက်အလက်များ အရှိန်အဟုန်ဖြင့် တိုးပွားလာနေသည်ဖြစ်ရာ ထိုသတင်း အချက်အလက်များ၏ ခိုင်လုံမှု၊ ယုံကြည်ကိုးစားထိုက်မှုတို့ကို ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင် သုံးသပ်ရန် လိုအပ်သည်။ အဆိုပါအလုပ်ကို နေ့စဉ်နှင့်အမျှ လုပ်ဆောင်နေကြရပါသည်။ အကြောင်းအရာ အချက်အလက်များ၊ အဖြစ်အပျက်များ၏ ကြောင်းကျိုးဆီလျော် ညီညွတ်မှုကို ရှုထောင့်အမျိုးမျိုးမှကြည့်ကာ သုံးသပ်ဆုံးဖြတ်ပြီး တုံ့ပြန်လုပ်ဆောင်ရန်လိုအပ်သည့် ခေတ်လည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာစာ သင်ခန်းစာများတွင်လည်း ကလေးများ၏ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုစွမ်းရည်ကို အားပေးသည့်နည်းလမ်းများဖြင့် သင်ကြားပေးရန် အရေးကြီး ပါသည်။

### သင်ယူမှုလုပ်ငန်း (၁)။ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်အကြောင်းကို ဟောပြောဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ၂၁ ရာစု လူသားများအတွက် အရေးကြီးသည့် ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်အကြောင်းကို ကျောင်းသားများအား ဟောပြောဆွေးနွေးခြင်းနည်းဖြင့် သင်ခန်းစာမိတ်ဆက် နိဒါန်းပျိုးရန်ဖြစ်သည်။ ထိုသို့ဆွေးနွေးရာတွင် ကျောင်းသားကိုင်စာအုပ်ပါ "ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုစွမ်းရည်" အကြောင်းအရာပါ အဓိကအချက်ကို ကျောင်းသားများ စိတ်ဝင်စားစွာနားထောင်ခြင်း၊ မေးသည့် မေးခွန်းများကို ဖြေဆိုခြင်းတို့ဖြင့် သင်ခန်းစာကို လေ့လာသင်ယူကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်နိုင်ရန် သင်ကြားပေးနိုင်သော နည်းလမ်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော "ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း" အကြောင်းကို ကျောင်းသားများ အုပ်စုဖွဲ့လေ့လာဆွေးနွေးခြင်းဖြင့် သင်ယူကြရန်ဖြစ်သည်။ အထူးသဖြင့် သင်ခန်းစာပါ အကြောင်းအရာကိုဖတ်ရှုခြင်း၊ အချင်းချင်း ဆွေးနွေးခြင်းအပြင် ပြန်လည်တင်ပြသည့် လုပ်ငန်းများဖြင့် "စာဖတ်ခြင်းဖြင့် စာပါအကြောင်းအရာများအပေါ် ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်နိုင်ရန် သင်ကြားပေးနိုင်သော နည်းလမ်းများ" ကို ကျောင်းသားများ နားလည်သဘောပေါက်ကြရန်ဖြစ်သည်။

## ၅.၂.၆ | ရသခံစားမှုအတွက် စာဖတ်ခြင်းကို သင်ကြားခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရင့်သန်လာစေရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြတတ်မည်။

ရသခံစားမှုအတွက် စာဖတ်ခြင်းကို "စာကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုခြင်း၊ ပျော်ရွှင်မှုအတွက် စာဖတ်ခြင်း၊ ပြင်ပစာပေဖတ်ခြင်း၊ အပန်းပြေစာဖတ်ခြင်း၊ အားလပ်ချိန် စာဖတ်ခြင်း" စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ် သုံးနှုန်းကြသည်။ ယေဘုယျအားဖြင့် ကလေးများ လေ့လာဆည်းပူး နေကြသည့် ကျောင်းသုံးစာအုပ်များမှ အကြောင်းအရာများအပြင် ၎င်းတို့နှစ်သက်ရာ စာအုပ်များနှင့် အခြားသုတရသစာအုပ်များ၊ ပိုမိုခက်ခဲသည့် စာပေများ (ဥပမာ-စာနယ်ဇင်း များမှစာများ) စသည်ဖြင့် စာအုပ်စာပေအမျိုးမျိုး ဖတ်ခြင်းကိုဆိုလိုသည်။ ရသခံစားမှုဖြင့် စာဖတ်ခြင်းကို ကျောင်းတွင်သင်ကြားရသည့် အဓိကရည်ရွယ်ချက်မှာ ကလေးများအား စာဖတ် သွက်လက်လာစေပြီး စာဖတ်ခြင်းတွင်ပျော်ရွှင်စေရန်ဖြစ်သည်။

ကလေးများနေ့စဉ် လေ့လာဆည်းပူးနေသည့် ကျောင်းသုံးစာအုပ်များမှ အကြောင်းအရာ များကဲ့သို့ အချက်အလက်များကို မှတ်သားစေခြင်းမျိုး မဟုတ်ဘဲ ၎င်းတို့ဖတ်နေသည့် အကြောင်းအရာပေါ်တွင် ပျော်ရွှင်နှစ်သက်မှုဖြင့်ဖတ်စေရန် ပျိုးထောင်ပေးခြင်းမျိုးဖြစ်သည်။ စာအုပ်မျိုးစုံ၊အကြောင်းအရာမျိုးစုံကိုဖတ်ရှုရသဖြင့်ပညာဗဟုသုတများကြွယ်ဝလာမည့်အပြင် စာဖတ်သွက်လက်သူများ၊ စာဖတ်ကျွမ်းကျင်သူများ ဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဖတ်သည့်အကြောင်းအရာ ပေါ်မူတည်၍ စိတ်ကူးအသစ်များ၊ အသိပညာအသစ်များ၊ ခံစားမှုအသစ်များ၊ စိတ်နေသဘောထားအသစ်များကို လေ့လာသင်ယူ နိုင်မည်ဖြစ်သည်။ ဘာသာစကားတစ်ခုကို လေ့လာနေသူဖြစ်ပါက ရှိပြီးသား ဗဟုသုတများကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက် လာစေသည့်အပြင် ယခင်က သိထားသော အသုံးအနှုန်းများနှင့် အသစ်တွေ့ရှိသော အသုံးအနှုန်းများကို ဆက်စပ်ကာ ဘာသာစကားတစ်ခုကို ပိုမို ကောင်းမွန်စွာနားလည်လာစေရန် များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်သည်။ သို့ရာတွင် ကလေးများသည် ၎င်းတို့ဖြတ်သန်းခဲ့သည့် အတွေ့အကြုံ၊ ဖွံ့ဖြိုးမှုနှုန်း၊ တတ်မြောက်မှု နှုန်းနှင့် စာဖတ်သည့် အလေ့အထများမှာ တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ပေ။ ထို့ကြောင့် စာဖတ်အား ကောင်းသူများအနေဖြင့် အထက်တွင်ဖော်ပြထားသည့် အကျိုးကျေးဇူးများ ရရှိမည် ဖြစ်သော်လည်း စာဖတ်အားနည်းသူများသည် ဖတ်သည့် စာ၏အဓိပ္ပာယ်ကို အလွယ်တကူ နားလည်သဘောပေါက်ရန် ခက်ခဲသည့်အတွက် စာဖတ်လိုစိတ်များ လျော့နည်းလာကာ စာဖတ်ခြင်းတွင် ပျော်ရွှင်မှုကို ရရှိနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ ဆရာများအနေဖြင့် မိမိအတန်းရှိ ကလေးများ၏ စာဖတ်ကျွမ်းကျင်မှု အခြေအနေကိုသိရှိပြီး ကလေးများ၏ စာဖတ်စွမ်းရည်အလိုက် လိုက်လျောညီထွေဖြစ်မည့် စာအုပ်များဖတ်စေခြင်းဖြင့် စာကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုပြီး စာဖတ်ခြင်းကို နှစ်သက်လာအောင် လေ့ကျင့်ပြုစုပေးရန် အရေးကြီးပါသည်။




**ပုံ ၅.၁၂။ စာဖတ်အားကောင်းသူနှင့် စာဖတ်အားနည်းသူ**

## စာဖတ်သည့်အလေ့အကျင့်ကောင်းများရင့်သန်စေရန် ပံ့ပိုးပေးနိုင်သည့်နည်းလမ်းများ

"ကလေးများသည် အပြောဘာသာ စကားများကို သဘာဝအလျောက် သင်ယူတတ်မြောက်နိုင်သော်လည်း စာရေးစာဖတ်ကိုမူ စနစ်တကျသင်ပေးမှသာ တတ်မြောက်သည့်သဘောရှိသည်" ကို ပထမနှစ်တွင် လေ့လာခဲ့ပြီးဖြစ်သည်။ စာရေးစာဖတ် သင်ယူသကဲ့သို့ပင် ပျော်ရွှင်မှုအတွက် စာပေဖတ်ရှုခြင်းကိုလည်း စနစ်တကျ လေ့ကျင့်ပေးသင့်သည်။ ကျောင်းတွင် သီးသန့်စာဖတ်ချိန် သတ်မှတ်မထားနိုင်သော်လည်း ကလေးများကျောင်းစာကြည့်တိုက်မှ စာအုပ်ငှားရန်နှင့် ၎င်းတို့၏ စာဖတ်ခြင်းကို ဆရာက စောင့်ကြည့်လေ့လာနိုင်ရန် မိမိ၏စာသင်ချိန်မှ အချိန်အနည်းငယ်ကို သတ်မှတ်ထားသင့်သည်။ အရေးကြီးသည်မှာ သက်သောင့်သက်သာဖြစ်ပြီး စိတ်ဖိစီးမှုကင်းဝေးသည့် စာဖတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျောင်းသားများအား ၎င်းတို့ဖတ်သည့်စာများနှင့်ပတ်သက်၍ စာမေးပွဲစစ်ဆေးခြင်း (သို့) အမှတ်ပေးခြင်းမျိုးကို မပြုလုပ်ဘဲ ကျောင်းသားများစာဖတ်ခြင်းတွင် ပျော်ရွှင်လာစေရန် ပံ့ပိုးနိုင်မည့် နည်းလမ်းများကို အားထုတ်ဆောင်ရွက်ခြင်းဖြစ်သည်။ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရင့်သန်စေရန် ပံ့ပိုးပေးနိုင်သည့်နည်းလမ်းအချို့ကို အောက်တွင်ဖော်ပြထားသည်။

(က) **စာသင်ခန်းအတွင်း တိတ်ဆိတ်စွာ ဖတ်ရှုခြင်း** (Silent reading)။ ။ဤနည်းလမ်းကို ဆရာများအနေဖြင့် ကလေးများ၏ စာဖတ်ပျော်ရွှင်မှု ဖွံ့ဖြိုးစေရေးအတွက် အစပျိုးလုပ်ငန်းတစ်ခုအဖြစ် လုပ်ဆောင်နိုင်သည်။ ကျယ်လောင်စွာ ဖတ်ခြင်းသည် အသံထွက် မှန်/မမှန်ကို သိနိုင်သော်လည်း စာဖတ်နေစဉ် ဖတ်သည့်အကြောင်းအရာကို

တွေးတောလေ့ရှိသည့် ဦးနှောက်ဖြစ်စဉ်ကြောင့် ကျယ်လောင်စွာဖတ်သည့်အခါ စာဖတ်နှုန်း နှေးသွားစေနိုင်ပြီး အခြားကျောင်းသားများကိုလည်း အနှောင့်အယှက်ဖြစ်စေသဖြင့် စာသင်ခန်းအတွင်း တိတ်ဆိတ်စွာဖတ်ရှုသည့် အလေ့အကျင့်ကို များများလုပ်ပေးရန် လိုအပ်သည်။ တစ်ချိန်တည်းမှာပင် ဆရာက ကျောင်းသားများ၏ စာဖတ်ပုံ အခြေအနေကို စောင့်ကြည့်လေ့လာ အကဲဖြတ်ရန် လိုအပ်သည်။ (ဥပမာ - ကလေးများ ဖတ်သည့်စာကို နားလည်မှုရှိသလား။ စိတ်ဝင်စားမှုရှိသလား။ စာဖတ်ခြင်းတွင် ပျော်ရွှင်မှုရှိသလား။ အိပ်ငိုက်နေသလား။ စာဖတ်နှေးနေသလား။ အထပ်ထပ်ပြန်ဖတ်နေသလား။ အဘိဓာန်ကို မကြာခဏအသုံးပြုနေသလား။ စသည်ဖြင့်။)

(ခ) **ကျောင်းစာကြည့်တိုက် အသုံးပြုခြင်း။** ။နိုင်ငံတော်တော်များများတွင် ကျောင်းစာကြည့်တိုက်ကို သတင်းအချက်အလက်များ၊ စာအုပ်၊ စာပေအမျိုးမျိုးနှင့် ဒစ်ဂျစ်တယ်အထောက်အကူပြု သတင်းအချက်အလက် ရင်းမြစ်များ အားလုံးကို သိုလှောင်စုစည်းထားသည့် ဗဟုသုတသိုလှောင်ရုံကြီးအဖြစ် အသိအမှတ်ပြုကာ ကျောင်းသားများနှင့် ဆရာများက မိမိတို့၏သုတေသနနှင့် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များအတွက် အသုံးပြုရုံသာမက လူ့အဖွဲ့အစည်းကပါ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရှာဖွေရန်အတွက် အသုံးပြုလေ့ရှိကြသည်။ သို့ပါ၍ မိမိကျောင်းတွင် ကျောင်းစာကြည့်တိုက်ရှိပါက ကလေးများ၏ စာဖတ်ပျော်ရွှင်မှုအတွက် ကျောင်းစာကြည့်တိုက်ကို အဓိကထား အသုံးပြုရ မည်ဖြစ်သည်။ ဆရာများအနေဖြင့် ကလေးများ ၏ စာဖတ်စွမ်းရည်နှင့် ကိုက်ညီမည့် စာအုပ်များကို ကျောင်းစာကြည့်တိုက်မှ ရွေးချယ်ဖတ်စေသင့်သည်။ ထို့ပြင် ကျောင်းစာကြည့်တိုက်ကို ကျောင်းသားများ ပိုမိုစိတ်ဝင်စားလာစေရန် ရည်ရွယ်၍ စာကြည့်တိုက်နှင့် သက်ဆိုင်သည့် လုပ်ငန်းများ (ဥပမာ - စာအုပ် ရွေးချယ်ဝယ်ယူခြင်း၊ စာအုပ်ငှားမည့် စနစ်သတ်မှတ်ခြင်း၊ စာအုပ်များ၊ စာဖတ်ကတ်များကို စာဖတ်စွမ်းရည်အဆင့်အလိုက် သတ်မှတ်ခြင်း (ဥပမာ - သူငယ်တန်းအဆင့်၊ မူလတန်းအောက်ဆင့်၊ မူလတန်း အထက်ဆင့်၊ အလယ်တန်းဆင့်)၊ စာကြည့်တိုက်ကို အလှဆင်ခြင်း၊ စသည့် လုပ်ငန်း များတွင် ကလေးများကို ပါဝင်စေခြင်းဖြင့် ကျောင်းစာကြည့် တိုက်သည် ကလေးများ အတွက် သက်သောင့်သက်သာဖြစ်ပြီး မိမိတို့ကိုယ်တိုင် ဗဟုသုတရှာမှီးရာ နေရာ တစ်ခု ဖြစ်လာစေရန် လုပ်ဆောင်နိုင်သည်။

(ဂ) **မိမိ၏အားလပ်ချိန်များကို အသုံးပြုကာ စာဖတ်ခြင်း။** ။ယခုခေတ်တွင် ကလေးများသည် မိုဘိုင်းဖုန်းတွင် ဂိမ်းကစားခြင်းဖြင့်ဖြစ်စေ မိုဘိုင်းဖုန်း အသုံးပြုခြင်းဖြင့်ဖြစ်စေ မိမိ၏ အားလပ်ချိန်အများစုကို ကုန်ဆုံးလေ့ရှိကြသည်။ မိမိ၏ အားလပ်ချိန်များသည် ကိုယ်ပိုင်အချိန်ဖြစ်သဖြင့် မိမိစိတ်ဝင်စားသည့်အရာ (သို့မဟုတ်) မိမိအား ပျော်ရွှင်စေသည့်အရာကို လုပ်ဆောင်နိုင်သော်လည်း ကလေးများအနေဖြင့် ၎င်းတို့၏ ဘဝအတွက် အကျိုးဖြစ်စေမည့်အရာကို ရွေးချယ်လုပ်ဆောင်နိုင်ရန် ၎င်းတို့ ကိုယ်တိုင် စိတ်ပါဝင်စားမှုအပြင် ပတ်ဝန်းကျင်၏ ပံ့ပိုးမှုလည်း ရှိသင့်သည်။ သုတေသန တွေ့ရှိချက်များတွင် ကလေး၏ အစောပိုင်း စာဖတ်သင်ကြားခြင်းအတွက် မိဘများ နှင့် ပတ်ဝန်းကျင်၏ ပံ့ပိုးမှုသည် မရှိမဖြစ်လိုအပ်သည်ကို တွေ့ရှိရပြီး မိဘများ ပါဝင်မှုသည် ကလေးများအား စာဖတ်ခြင်းကို ပိုမိုနှစ်သက်စေသည်ဟု ဖော်ပြကြသည်။[၁၂၈] ထို့ကြောင့် ကလေးများအား မိမိတို့၏ အားလပ်ချိန်တွင် ပြင်ပ စာပေများ ဖတ်ရှုစေလိုပါက ပထမအဆင့်အနေဖြင့် ကလေးများအား ပျော်ရွှင်စေမည့် (သို့မဟုတ်) ၎င်းတို့အတွက် ဖတ်ရန်လွယ်ကူမည့် စာအုပ်များကို ရွေးချယ်ဖတ်စေသင့်သည်။ မိဘများ ပူးပေါင်းပါဝင်ပါက ပို၍အောင်မြင်မည် ဖြစ်သည်။ အထူးသဖြင့် ငယ်ရွယ်သော ကလေးများနှင့် စာဖတ်စွမ်းရည်နိမ့်သော ကလေးများအတွက်မူ စာသင်ခန်းပြင်ပတွင် မိမိတစ်ဦးတည်းစာဖတ်ရန် ခက်ခဲနိုင်သောကြောင့် မိဘ/အုပ်ထိန်းသူ (သို့မဟုတ်) ၎င်းတို့ထက် အတန်းကြီးသူ တစ်ဦးဦးနှင့်အတူ စာဖတ်ပါက ပို၍ထိရောက်မည် ဖြစ်သည်။ ကလေးများ ဖတ်ပြီးသည့် စာအုပ်စာရင်းကို ပြုစုထားပြီး မိဘအား သိရှိကြောင်း လက်မှတ်ထိုးစေခြင်းဖြင့်လည်း အားလပ်ချိန်တွင် ကလေးများ၏ စာဖတ်ခြင်းကို မိဘများ၏ ပံ့ပိုးမှုဖြင့် လုပ်ဆောင်နိုင်သည်။

## ဖတ်ရှုရန်စာပေများ စုဆောင်းပြင်ဆင်ခြင်း

ကျောင်းစာအပြင် အခြားသောစာများကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်နိုင်ရန်အတွက် ကလေးများကို ပံ့ပိုးရာတွင် ကလေးများ၏ စာဖတ်တတ်မြောက်မှုအဆင့်နှင့် လိုက်လျောညီထွေသည့် ဖတ်စရာစာအုပ်စာတမ်းများကို ပြင်ဆင်ပေးရန်လိုအပ်ပါသည်။ ထိုသို့ ပြင်ဆင်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစား လုပ်ဆောင်သင့်ပါသည်။

[၁၂၈] Clark, C., & Rumbold, K. (2006). *Reading for pleasure: A research overview*. The National Literacy Trust.

(က) **စာအုပ်များ ရွေးချယ်သတ်မှတ်ခြင်း။** ။ပြင်ပစာများကို ဖတ်စေသည့် အဓိက ရည်ရွယ်ချက်မှာ စာဖတ်သွက်လက်မှုနှင့် ကျွမ်းကျင်မှုကို လေ့ကျင့်ပျိုးထောင်ပေးခြင်း ဖြစ်သဖြင့် စာအုပ်များရွေးချယ်ရာတွင် ကလေးများနှင့် သင့်လျော်မည့်စာအုပ်များကို ရွေးချယ်သင့်သည်။ အကြောင်းရင်းမှာ ခက်ခဲသည့်စာအုပ်များ ဖတ်စေခြင်းသည် ကလေးများ၏ စာဖတ်နှုန်းကို နှေးကွေးစေနိုင်သည့်အပြင် မိခင်ဘာသာစကား မဟုတ်ပါက အဘိဓာန်အသုံးပြုခြင်းကိုသာ အားပေးသည့်အခြေအနေကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် လွယ်ကူသည့်စာအုပ်များကို ရွေးချယ်ကာ ကလေးများ၏ စာဖတ်စွမ်းရည်၊ မိမိကိုယ်မိမိ ယုံကြည်မှုနှင့် စာဖတ်ခြင်းကို နှစ်သက်ခြင်းများ ဖြစ်လာအောင် အစပျိုးလေ့ကျင့်ပေးနိုင်သည်။ ဤသို့ဖြင့် နောက်ထပ်စာများ ဖတ်ရှုရန်လည်း လှုံ့ဆော်ပေးရာ ရောက်မည်ဖြစ်သည်။ ဆရာများအနေဖြင့် ကျောင်းသားများအား ၎င်းတို့၏ စာဖတ်စွမ်းရည်နှင့် ကိုက်ညီသည့် စာအုပ်များကို ရွေးချယ်နိုင်ရန် အတွက်သာ လမ်းညွှန်ပံ့ပိုးပေးရန်ဖြစ်သည်။ (ဥပမာ - ဆရာက ကလေး၏ စာဖတ်စွမ်းရည်နှင့် ကိုက်ညီမည့် စာအုပ်တချို့ကိုပြ၍ ကလေးကို ရွေးချယ်စေခြင်း။) ထို့ကြောင့် ဆရာများအနေဖြင့် မိမိတို့ ကျောင်းစာကြည့်တိုက်မှ စာအုပ်အမြောက်အမြားကို ဖတ်ထားရန် လိုအပ်ပေသည်။

(ခ) **စာအုပ်ရှားပါသော အခြေအနေများတွင် စာဖတ်ကတ်များ (Reading cards) ပြုလုပ်ပေးခြင်း။** ။စာအုပ်ရှားပါးသော အခြေအနေမျိုး (သို့မဟုတ်) ကျောင်းစာကြည့်တိုက်တွင် ကလေးအတွက် သင့်လျော်မည့်စာအုပ် နည်းပါးသော အခြေအနေမျိုးတွင် လုပ်ဆောင်နိုင်သည်။ သို့သော် ကလေးများအတွက် အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသော စာဖတ်ကတ်များကို အင်တာနက်တွင် အလွယ်တကူ ရရှိနိုင်သော်လည်း မြန်မာစာဖြင့် ရေးသားထားသောစာများ၊ အသင့်ပြုလုပ်ထားသော စာဖတ်ကတ်များ ရရှိရန် မလွယ်ကူပေ။ ထို့ကြောင့် ကလေးများအတွက် သင့်လျော်မည့် ဗဟုသုတရဖွယ် ကောင်းနိုးရာရာစာပေများ၊ စာစောင်များ၊ ကာတွန်းများကို ကလေးများ စိတ်ဝင်စားဖွယ်ဖြစ်အောင် တီထွင် ဖန်တီးခြင်း၊ ဖြတ်ညှပ်ကပ်ခြင်း စသည့်နည်းများဖြင့် စာဖတ်ကတ်များပြုလုပ်ကာ အကြောင်းအရာတူ (သို့မဟုတ်) စာဖတ်စွမ်းရည် အဆင့်သတ်မှတ် ချက်တူသည့် စာဖတ်ကတ်များကို စာအုပ်အဖြစ် ပေါင်းချုပ်ခြင်း (သို့မဟုတ်) စက္ကူပုံးတွင် ထည့်ထားခြင်းဖြင့် စာအုပ်ရှားပါးသည့် အခြေအနေတွင် ကလေးများ စာဖတ်နိုင်အောင် လုပ်ဆောင်ပေးနိုင်သည်။

## စာဖတ်လိုစိတ်ကို ပျိုးထောင်ပေးခြင်း (Motivation)

စာဖတ်လိုစိတ်ကို ပျိုးထောင်ပေးခြင်းသည် စာကို ကျယ်ကျယ်ပြန့်ပြန့်ဖတ်ခြင်းကို ဖြစ်ပေါ် စေနိုင်သည့် အဓိကသော့ချက် တစ်ခုဖြစ်သည်။ ကျောင်းသားများ၏ စာဖတ်လိုစိတ်ကို ပျိုးထောင်ပေးနိုင်မည့် နည်းလမ်းအချို့ကို အောက်တွင်ဖော်ပြထားသည်။

(က) **စာဖတ်စေရန် မက်လုံးပေးခြင်း။** ။စာဖတ်လိုစိတ်ကို ပျိုးထောင်ပေးရာတွင် မက်လုံးပေးခြင်း၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ သုတေသန အမြောက်အမြားတွင် အငြင်းပွားနေကြဆဲဖြစ်သည်။ သုတေသန အများအပြားတွင် မက်လုံးပေးခြင်းဖြင့် စာဖတ်လိုစိတ်ကို သိသိသာသာ လှုံ့ဆော်ပေးနိုင်ခြင်းမရှိဟု ဆိုကြသော်လည်း သုတေသနအချို့မှာ ပြောင်းလဲစေလိုသည့် အပြုအမူကို ဖြစ်ပေါ်စေမည့် မက်လုံးပေးခြင်းမျိုးသည် ထိုအပြုအမူကို ဆက်လက်လုပ်ဆောင်စေသည့် လှုံ့ဆော်မှုတစ်ခု ဖြစ်သည်ဟု ထောက်ပြကြသည်။ ထို့ကြောင့် စာဖတ်လိုစိတ်ကို ပျိုးထောင်ရာတွင် စာဖတ်လိုစိတ်ကို လှုံ့ဆော်ပေးနိုင်သည့် မက်လုံးပေးခြင်းမျိုး ဖြစ်သင့်သည်။ ဥပမာ - စာအုပ်အများဆုံး ဖတ်ထားသူ၊ အကောင်းဆုံးမှတ်စုတို ရေးနိုင်သူ / ပြောနိုင်သူ၊ စာဖတ်နှုန်းအမြန်ဆုံးသူ စသောသူများကို ဆုချီးမြှင့်ခြင်း၊ ဆုချီးမြှင့်ရာတွင်လည်း စာအုပ် (သို့မဟုတ်) စာအုပ်ဝယ်ရာတွင် အသုံးပြုနိုင်သည့် ဈေးဝယ်ကတ်များပေးခြင်း၊ စာဖတ်ဖော်သူငယ်ချင်း/ စာဖတ်အဖွဲ့ (Reading club) များ ဖွဲ့စည်းပေးပြီး စာဖတ်ခြင်းအတွေ့အကြုံနှင့် စာဖတ်သည့်အခါ တွေ့ကြုံရသည့် အခက်အခဲများကို ပြန်လည်ဝေမျှစေခြင်း စသည်တို့ဖြစ်သည်။

(ခ) **ပြင်ပစာပေဖတ်ရှုခြင်းကို စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း။** ။ကျယ်ကျယ်ပြန့်ပြန့် စာဖတ်ခြင်းကို အဓိကအားဖြင့် ကလေးများ စာဖတ်သွက်လက်လာစေရန်၊ စာဖတ်နှုန်း တိုးတက်လာစေရန်နှင့် ပို၍အရည်အသွေးပြည့်ဝသော စာဖတ်သူများ ဖြစ်လာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ ကျောင်းသားများကို ဖတ်စေသည့် စာများသည် အများအားဖြင့် ၎င်းတို့၏ စာဖတ်စွမ်းရည်နှင့်ကိုက်ညီပြီး နားလည်ရန်လွယ်ကူသည့် စာများဖြစ်သင့်သည်။ ထို့ကြောင့် ကလေးများ၏ ပြင်ပစာပေဖတ်ရှုခြင်းကို စာမေးပွဲ စစ်ဆေးခြင်းကဲ့သို့ စောင့်ကြည့်လေ့လာအကဲဖြတ်ရန် မလိုအပ်ပေ။ ထို့ပြင် ကလေး များအား စာမေးပွဲများဖြင့် ဖိအားပေးခြင်းမျိုးလည်း မလုပ်ဆောင် သင့်ပေ။ သို့သော် သတ်မှတ်ထားသည့်စာကို ကလေးများတကယ်ဖတ်ခြင်း ရှိ/မရှိနှင့် ဖတ်သည့်စာကို နားလည်သဘောပေါက်မှု ရှိ/မရှိကို သိရှိရန် တိုက်ရိုက်စာမေးပွဲ စစ်ဆေးခြင်းမျိုး မဟုတ်သည့် သက်သောင့်သက်သာဖြစ်မည့် မေးခွန်းများ၊ လုပ်ငန်းများဖြင့် အကဲဖြတ်နိုင်သည်။ ဥပမာ - "ပုံပြင်ရဲ့ အကြောင်းအရာကဘာလဲ၊ အဓိက

ဇာတ်ဆောင်တွေကရော ဘယ်သူတွေလဲ၊ ဒီပုံပြင်ကိုကြိုက်လား၊ ဘာကြောင့်လဲ၊ မကြိုက်ဘူးလား၊ ဘာကြောင့်လဲ" အစရှိသည့် မေးခွန်းများမေးမြန်း၍ ကလေးများအား လွတ်လပ်ပေါ့ပါးစွာ ဆွေးနွေးစေခြင်း၊ ကလေးများအား ၎င်းတို့ဖတ်ထားသည့် စာအုပ်/ပုံပြင်ကို အတန်းရှေ့တွင် ပြန်လည်တင်ပြစေခြင်း၊ အနှစ်ချုပ်ရေးသားခြင်း၊ ပိုစတာပြုလုပ်ခြင်း စသည့်လုပ်ငန်းများဖြင့် အကဲဖြတ်နိုင်သည်။

(ဂ) **အပိုဖတ်စာ သတ်မှတ်ပေးခြင်း။** ။အကယ်၍ အပြင်စာဖတ်ခြင်းကို စာသင်ခန်းအတွင်းတွင် မလုပ်ဆောင်နိုင်ပါက ကျောင်းသားများ မဖြစ်မနေဖတ်ရန် စာအုပ် တစ်အုပ်စီကို ဆရာကသတ်မှတ်ပေးပြီး ထိုစာအုပ်ကို ကျောင်းချိန်ပြင်ပတွင် ဖတ်ခိုင်းကာ ဆရာက စာသင်ခန်းအတွင်းတွင် ဦးဆောင်ဆွေးနွေးသည့် အစီအစဉ်ဖြင့် လုပ်ဆောင်နိုင်သည်။ ဤနည်းလမ်းကို အထူးသဖြင့် အပြင်စာဖတ်ခြင်းအတွက် အချိန်အနည်းငယ်သာပေးနိုင်သော ကျောင်းများက လုပ်ဆောင်သင့်သည်။ ကျောင်းသားများ၏ စွမ်းရည်ပေါ်မူတည်၍ တစ်ပတ်လျှင်တစ်အုပ် (သို့မဟုတ်) တစ်အုပ်ထက်ပို၍ ဖတ်ခိုင်းနိုင်သည်။ စာဖတ်သွက်လက်မှုကို ရည်ရွယ်ပါက တစ်ခါတစ်ရံ ဖတ်ပြီးသည့် စာအုပ်ကိုပင် နောက်တစ်ကြိမ်ပြန်၍ မြန်မြန်ဖတ်ခိုင်းခြင်းမျိုးလည်း ဖြစ်နိုင်သည်။ သုတေသနများအရ ကလေးများသည် မိမိတို့ကိုယ်တိုင် ရွေးချယ်ထားသော စာအုပ်ဖတ်ရခြင်းကို ပို၍နှစ်သက်ပျော်ရွှင်ကြကြောင်း တွေ့ရှိရသည်။[၁၂၉] ထို့ကြောင့် အရေးကြီးသည်မှာ ဆရာက သတ်မှတ်ပေးလိုက်သော အပိုဖတ်စာသည် ကလေးကိုယ်တိုင် ရွေးချယ်ထားသည့် စာအုပ်ဖြစ်ရမည်။ သို့မှသာ ကလေးများ စိတ်ပါဝင်စားစွာ စာဖတ်နိုင်ပြီး စာဖတ်ခြင်းကို နှစ်သက်ပျော်ရွှင်လာမည် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ စာဖတ်ခြင်းနှင့် ရသခံစားမှု အကြောင်းကို တွေး-တွဲ-မျှဝေခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှ စာဖတ်ခြင်းနှင့်ရသခံစားမှုဆိုင်ရာ မေးခွန်း (၃) ခုကို ကျောင်းသားများ တွေး-တွဲ-မျှဝေခြင်းနည်းဖြင့် သင်ယူလေ့လာကြရန်ဖြစ်သည်။

[၁၂၉] Clark, C., & Rumbold, K. (2006). *Reading for pleasure: A research overview*. The National Literacy Trust.

### သင်ယူမှုလုပ်ငန်း (၂)။ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရင့်သန်လာစေရန် ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသော "ကျောင်းသားများ စာဖတ်ခြင်းတွင် ပျော်ရွှင်လာစေရန်ပံ့ပိုးနိုင်သည့် နည်းလမ်း (၃) ခု" အကြောင်းကို ကျောင်းသားတစ်ဦးချင်း ဖတ်ရှုခြင်း၊ အုပ်စုတွင်း ဆွေးနွေးခြင်း၊ ပြန်လည်ရှင်းလင်း တင်ပြခြင်းတို့ လုပ်ဆောင်ခြင်းဖြင့် သင်ခန်းစာကို သင်ယူကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၃)။ စာဖတ်လိုစိတ်ဖြစ်အောင် ပံ့ပိုးခြင်းအကြောင်း ဟောပြောဆွေးနွေးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့်ကလေးများအတွက် ဖတ်စရာ စာအုပ်စာတမ်းများကို စုဆောင်းပြင်ဆင်ရာတွင် ထည့်သွင်းစဉ်းစားလုပ်ဆောင်သင့်သည့် အချက်များနှင့် ၎င်းတို့၏ စာဖတ်လိုစိတ်ကို ပျိုးထောင်ပေးနိုင်သည့် နည်းလမ်းများ အကြောင်း ဆရာက ဦးဆောင်ပြီး ဟောပြောဆွေးနွေးသည်များကို သင်ယူလေ့လာရန် ဖြစ်သည်။

## ၅.၂.၇ စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီပေးခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။

အခြေခံပညာမူလတန်းဆင့်ကို သင်ယူပြီးမြောက်ကြသည့် ကလေးများသည် စာရေးစာဖတ် အခြေခံကို ကောင်းစွာသင်ယူ တတ်မြောက်ပြီးဖြစ်ကြမည်ဟု အများကယူဆထားကြပါသည်။ အလယ်တန်းဆင့်သို့ ရောက်သည့်အခါ ထိုအခြေခံပေါ်တွင် ပိုမိုနက်နဲရှုပ်ထွေးသည့် ကျွမ်းကျင်မှုများကို ထပ်ဆင့်တည်ဆောက် ပေးကြရမည်ဟုလည်း လက်ခံထားကြသည်။

ထိုအယူအဆများမှာ ယေဘုယျအားဖြင့် မှန်ကန်သည်ဟု ဆိုနိုင်သော်လည်း လက်တွေ့တွင်မူ အခြေခံပညာ အလယ်တန်းဆင့်သို့ တက်ရောက်လာသည့် ကလေးအတော်များများသည် စာရေးစာဖတ်အခြေခံကို ကောင်းစွာတတ်မြောက်လာခဲ့ခြင်း မရှိကြကြောင်း နိုင်ငံတကာ သုတေသနများက ထောက်ပြထားပါသည်။[၁၃၀] စာဖတ်ကျွမ်းကျင်မှု အားနည်းသော ကလေးများသည် စာဖတ်ရန် ဝန်လေးကြပြီး စာဖတ်လိုစိတ် နည်းလာကြသည်။ စာဖတ်လိုစိတ် နည်းသဖြင့် စာဖတ်နည်းလာသည်နှင့်အမျှ စာဖတ်ကျွမ်းကျင်မှုလည်း အားနည်းလာသည်။ ဤသို့ဖြင့် "မဖတ်၍ အားနည်း၊ အားနည်း၍ မဖတ်" ဟူသည့် 'စာဖတ်အားနည်းမှုသံသရာ' လည်နေတတ်ကြသည်ဟု ပညာရှင်များက ဆိုပါသည်။ သို့ဖြစ်ရာ အခြေခံပညာ အလယ်တန်းဆင့်တွင် စာဖတ်ကျွမ်းကျင်မှု အားနည်းသောကလေးများကို ဖော်ထုတ်ပြီး လိုအပ်သောပံ့ပိုးမှုများ ပြုလုပ်ပေးရန်မှာ လွန်စွာအရေးကြီးပါသည်။

မြန်မာနိုင်ငံတွင် အလယ်တန်းဆင့်ကလေးများ၏ စာဖတ်ကျွမ်းကျင်မှုကို သုတေသန ပြုကြည့်ခြင်း မရှိသလောက်နည်းသည့်အတွက် တပ်အပ်သေချာစွာ မပြောနိုင်သော်လည်း စာသင်ခန်းအတွင်းမှ ဆရာများ၏ အတွေ့အကြုံများကမူ အထက်တွင် ဖော်ပြခဲ့သည့် အနေအထားမျိုးကိုပင် ညွှန်ပြနေပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း လုပ်ဆောင်ခဲ့သည့် "ရှေးဦးအတန်းများ၌ စာဖတ်စွမ်းရည် စစ်ဆေးအကဲဖြတ်ခြင်း အစီရင်ခံစာ"တွင်မူ တတိယတန်းကလေး (၄၅) ရာခိုင်နှုန်းသည် သတ်မှတ်ထားသည့် စာဖတ်နိုင်စွမ်း အဆင့်ကိုမီအောင် ဖတ်နိုင်ခြင်းမရှိဟု ဖော်ပြထားပါသည်။[၁၃၁] မူလတန်းတွင် အခြေခံကောင်းစွာမရရှိသည့် ကလေးများအနေဖြင့် အလယ်တန်းတွင် ရုန်းကန်ကြရမည်မှာ မလွဲမသွေ ဖြစ်ပါသည်။ အလယ်တန်းဆင့် ကလေးများအနေဖြင့် မြန်မာစာဘာသာရပ်တွင် ပြဋ္ဌာန်းထားသည့် စာများကိုသာမက အခြားသော ဘာသာရပ်အသီးသီးနှင့်ဆိုင်သည့် စာများကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာရန် လိုအပ်သည်ဖြစ်ရာ စာဖတ်ကျွမ်းကျင်မှုသည် သင်ယူမှုအတွက် အရေးတကြီးလိုအပ်သည့် လက်နက်တစ်ခုဖြစ်နေပါသည်။ စာဖတ်နိုင်စွမ်း အားနည်းလျှင် သင်ယူမှုအတွက် ကြီးမားသောအတားအဆီးတစ်ခု ဖြစ်နေပါလိမ့်မည်။ သို့ဖြစ်ရာ စာဖတ်နိုင်စွမ်း အားနည်းသည့် ကလေးများကို ဖော်ထုတ်ပံ့ပိုးပေးရန်မှာ မြန်မာစာပြ ဆရာများသာမက အခြားသော ဘာသာရပ်ပြဆရာများကပါ အာရုံစိုက်၍ လုပ်ဆောင်ပေး ရမည့် လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

---

၁၃၀ Hougen, M. (2014). *Evidence-based reading instruction for adolescents, Grades 6-12* (Document No. IC-13). Retrieved from University of Florida, Collaboration for Effective Educator, Development, Accountability, and Reform Center website: http://ceedar.education.ufl.edu/tools/innovation-configurations/

၁၃၁ The World Bank. (2015). *Myanmar early grade reading assessment for Yangon Region*. Bangkok, Thailand: The World Bank.

## စာဖတ်ကျွမ်းကျင်မှု အားနည်းသောကလေးများကို ဖော်ထုတ်ခြင်း

စာဖတ်ကျွမ်းကျင်မှု အားနည်းသောကလေးများကို ပံ့ပိုးပေးနိုင်ရန်အတွက် ပထမဆုံး ဆောင်ရွက်ရမည့်အလုပ်မှာ ထိုကဲ့သို့သော ကလေးများကိုဖော်ထုတ်ပြီး မည်သည့် အတိုင်းအတာအထိ အားနည်းသည်ကို လေ့လာဆန်းစစ်ကြည့်ရန်ဖြစ်သည်။ ဆရာများ အနေဖြင့် ပုံမှန်သင်ခန်းစာများကို သင်ကြားနေစဉ်အတွင်း ဂရုတစိုက် စောင့်ကြည့် လေ့လာပါက စာဖတ်ကျွမ်းကျင်မှု အားနည်းသည့်ကလေးများကို သတိထားမိလာ နိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် အဆိုပါကလေးများအား တစ်ဦးချင်းတွေ့ဆုံပြီး စကားပြောကြည့်ခြင်း၊ မေးမြန်းကြည့်ခြင်း၊ သင့်တော်သည့် စာပိုဒ်အချို့ကို ဖတ်ပြခိုင်းခြင်း စသည့် နည်းများဖြင့် ကနဦးစစ်ဆေးမှုပြုလုပ်နိုင်ပါသည်။ အကယ်၍ စာဖတ်နိုင်စွမ်း အားနည်းသော ကလေးများသည် အများစုဖြစ်နေပါက ပုံစံတကျ စစ်ဆေးအကဲဖြတ်မှု ပြုလုပ်ပြီး အားနည်းမှုအတိုင်းအတာကို ဖော်ထုတ်နိုင်ပါသည်။ ကလေးများကို အောက်ပါ အချက်များနှင့် စပ်လျဉ်းပြီး စောင့်ကြည့်လေ့လာခြင်း (သို့မဟုတ်) စစ်ဆေးခြင်း ပြုလုပ်နိုင် ပါသည် -

- စာကို ဖတ်ပြီး ဖတ်သည့်စာကို နားလည်ခြင်း ရှိ၊မရှိ။
- အသံထွက်ဖတ်သည့်အခါ စာဖတ်နှုန်း (စာဖတ်နှေးခြင်း၊ စာဖတ်စဉ် ထစ်ခြင်း၊ စာတစ်လုံးကို ထပ်ခါထပ်ခါဖတ်ရခြင်း စသည်)။
- ဝေါဟာရ ကြွယ်ဝမှု ရှိ၊မရှိ။
- စကားလုံးတစ်လုံးချင်း ဖတ်နိုင်စွမ်း (အထူးသဖြင့် ဝဏ္ဏ သို့မဟုတ် စာလုံးတစ်လုံး ထက်ပိုသော စကားလုံးများ)။

## စာဖတ်ကျွမ်းကျင်မှု အားနည်းသောကလေးများအား နယ်ပယ်အလိုက် ပံ့ပိုးခြင်း

စာဖတ်ကျွမ်းကျင်မှု အားနည်းသော ကလေးများကို ၎င်းတို့၏ အားနည်းမှုအနေအထား အလိုက် လိုက်လျောညီထွေသော ဖြည့်ဆည်းသင်ပြမှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ အလယ်တန်းဆင့် ကလေးများ၏ စာရေး စာဖတ် သင်ယူမှုအတွက် အထူးအစီအစဉ်များ ပြုလုပ်ပံ့ပိုးနိုင်ရန် စာရေးစာဖတ် သင်ကြားရေးဆိုင်ရာ နိုင်ငံတကာပညာရှင်များက နယ်ပယ် (၅) ရပ် အကြံပြုထားပါသည်။[၃၂] ၎င်းတို့မှာ -

[၃၂] Boardman, A. G., Roberts, G., Vaughn, S., Wexler, J., Murray, C. S., & Kosanovich, M. (2008). *Effective inruction for adolescent struggling readers: A practice brief.* Portsmouth, NH: RMC Research Corporation, Center on Instruction.

- စကားလုံးများကို သင်ယူလေ့လာခြင်း၊
- စာဖတ်သွက်ခြင်း၊
- ဝေါဟာရ ကြွယ်ဝခြင်း၊
- နားလည်သဘောပေါက်ခြင်းနှင့်
- လှုံ့ဆော်တိုက်တွန်းခြင်းတို့ ဖြစ်ပါသည်။

(က) **စကားလုံးများကို သင်ယူလေ့လာခြင်း။** ။စာဖတ်ကျွမ်းကျင်မှု အားနည်းသည့် အလယ်တန်းဆင့် ကလေးများသည် စာလုံးတစ်လုံးချင်းကိုပင် ကောင်းစွာမဖတ်နိုင်သည့် ကလေးများ ဖြစ်နိုင်ပါသည်။ ထိုကလေးများအနေဖြင့် စာဖတ်မသွက်သည့်အပြင် နားလည်သဘောပေါက်မှု၌လည်း အခက်အခဲရှိကြမည်ဖြစ်သည်။ သို့ဖြစ်ရာ ထိုကဲ့သို့သော ကလေးများအတွက် ဖြည့်ဆည်းသင်ကြားချိန် သီးခြားသတ်မှတ်ပြီး စာလုံးများကိုဖတ်ခြင်းနှင့်ဆိုင်သည့် သင်ခန်းစာများကို စီစဉ်ပေးရန်လိုအပ်ပါသည်။ ထိုကလေးများ၏ အဓိကပြဿနာမှာ အဓိပ္ပာယ်ရှိသော စကားလုံးများ၊ စကားစုများ အဖြစ် ပိုင်းခြားဖတ်နိုင်စွမ်း အားနည်းခြင်းဖြစ်သည်။ သို့ဖြစ်ရာ စကားလုံး အဆင့်မှာပင် ဖတ်ရွတ်ရန် အခက်အခဲတွေ့နေရသည့် ကလေးများကို သီးသန့်အချိန်ပေးကာ အောက်ပါလုပ်ငန်းများဖြင့် ပံ့ပိုးပေးသင့်ပါသည် -

(၁) ဝဏ္ဏ (စာလုံး) တစ်လုံးထက်ပိုသော စကားလုံးများကို လေ့ကျင့်ဖတ်ရွတ်ခြင်း (ဥပမာ - ထမင်း၊ ဆေးဝါး၊ လပြည့်နေ့၊ သဘာဝ၊ စက်ကိရိယာ)။

(၂) စကားလုံးများ တည်ဆောက်ပုံကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (ဥပမာ - စကားလုံး နှစ်ခု ရေ+ အိုး ပေါင်းပြီး စကားလုံးအသစ် ဖန်တီးခြင်း၊ စကားလုံး တစ်ခုကို အဆက်ပစ္စည်းထည့်ကာ ပုဒ်ပြောင်းခြင်း စသည်အားဖြင့်)။

(၃) ပုံမှန်မဟုတ်သည့်စကားလုံးများ အထူးသဖြင့် ပါဠိ၊ အင်္ဂလိပ်စသည့် နိုင်ငံခြား ဘာသာစကားများမှ မွေးစားထားသည့် စကားလုံးများကို လေ့ကျင့်ဖတ်ရွတ်ခြင်း (ဥပမာ - ပဒေသရာဇ်၊ အင်္ဂါ၊ ကွန်ပျူတာ၊ ဆဲလ် စသည်)။

(ခ) **စာဖတ်သွက်ခြင်း။** ။အလယ်တန်းဆင့်သို့ ရောက်ရှိသည့်တိုင် စာကို အဖြတ်အရပ်၊ အသံနေအသံထား မှန်ကန်စွာဖြင့် သွက်သွက်လက်လက် ဖတ်နိုင်စွမ်းမရှိသည့် ကလေးများရှိနိုင်ပါသည်။ စာကို မှန်ကန်ချောမွေ့ သွက်လက်စွာ ဖတ်နိုင်ခြင်းသည် အဓိပ္ပာယ်ကို နားလည်သဘောပေါက်ခြင်းနှင့် ဆက်စပ်မှုရှိပါသည်။ သို့ဖြစ်ရာ

စာဖတ်နှေးသူ၊ စာဖတ်လျှင် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်သူ၊ စာဖတ်ထစ်သူ ကလေးများအား သွက်လက်စွာဖတ်နိုင်စေရန် သီးခြားသင်ခန်းစာများဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။ ထိုသို့သော ကလေးများအတွက် အထူးစီစဉ်သင်ကြားပေးသင့်သည့် လုပ်ငန်း (၂) မျိုးကို ပညာရှင်များက အကြံပြုထားပါသည်။ ပထမတစ်မျိုးမှာ စာတစ်ပုဒ်ကို အသံထွက်ပြီး ထပ်ခါထပ်ခါဖတ်စေသည့် လေ့ကျင့်ခန်းများဖြစ်ပြီး၊ ဒုတိယတစ်မျိုးမှာမူ ကလေးများကို စာများများဖတ်ခွင့်ရစေရန် စီစဉ်ပေးခြင်း ဖြစ်သည်။ ထိုလုပ်ငန်း (၂) မျိုးလုံးအတွက် ကလေးများနှင့် သင့်လျော်သည့် ဖတ်စရာစာများကို ဆရာများက ရှာဖွေစီစဉ်အသုံးပြုရန် လိုအပ်ပါသည်။

(ဂ) **ဝေါဟာရကြွယ်ဝခြင်း။** ။ဝေါဟာရကြွယ်ဝခြင်းသည် ဖတ်သည့်စာကို နားလည် သဘောပေါက်ခြင်းအတွက် သာမက ဘာသာရပ်အကြောင်းအရာများကို သင်ယူတတ်မြောက်မှုအတွက်ပါ အရေးကြီးပါသည်။ ဝေါဟာရကြွယ်ဝခြင်းဟု ဆိုရာတွင် ဝေါဟာရတစ်လုံး၏ အဓိပ္ပာယ်ကို နားလည်ရုံသာမက ဝေါဟာရ အသစ်များကို တွေ့ပါက အဓိပ္ပာယ်ကို ခန့်မှန်းနိုင်စွမ်း၊ ဝေါဟာရအချို့တွင် အဓိပ္ပာယ် အမျိုးမျိုးရှိကြောင်း နားလည်ကာ အဆက်အစပ်အလိုက် အဓိပ္ပာယ်ကောက်ယူနိုင်စွမ်း စသည့် ကျွမ်းကျင်မှုများ ပါဝင်ပါသည်။ စာဖတ်ကျွမ်းကျင်မှု အားနည်းသည့် ကလေးများသည် ဝေါဟာရကြွယ်ဝမှုလည်း နည်းကြပါသည်။ အဆိုပါကလေးများကို ဝေါဟာရကြွယ်ဝစေရန် အောက်ပါနည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ပါသည်။

(၁) **ထပ်ဆောင်းဝေါဟာရသင်ကြားခြင်း။** ။အရေးကြီးပြီး အသုံးများသည့် ဝေါဟာရများကို သီးခြားလေ့ကျင့် သင်ကြားပေးခြင်းဖြစ်သည်။ အထူးသဖြင့် ကလေးများ၏ ဖတ်စာထဲတွင် မကြာခဏတွေ့ရမည့် စကားလုံးများကို အလေးပေးသင်ကြားသင့်ပါသည်။

(၂) **ဝေါဟာရပွားတတ်ရန်သင်ကြားခြင်း။** ။မြန်မာစကားတွင် အဓိပ္ပာယ်ရှိသော စကားလုံးနှစ်လုံး (သို့မဟုတ်) စကားလုံးများကို ပေါင်းပြီး စကားလုံးအသစ်များ ဖန်တီးနိုင်ရာ ထိုသဘောကိုနားလည်ပြီး စကားလုံးများပွားတတ်ရန် သင်ကြားပေးခြင်းဖြစ်သည်။ 'စကားလုံးများကို ဖတ်ခြင်း' နှင့်ဆိုင်သော သင်ခန်းစာများနှင့် ပေါင်းစပ်ပြီး လေ့ကျင့်သင်ကြားပေးနိုင်ပါသည်။

(၃) **ပညာရပ် (သို့မဟုတ်) ဘာသာရပ် ဝေါဟာရများ သင်ကြားခြင်း။** ။ အခြေခံပညာ အလယ်တန်းအဆင့်တွင် ပထဝီ၊ သမိုင်း၊ သိပ္ပံ၊ သင်္ချာ စသည့် ဘာသာရပ် နယ်ပယ်အလိုက် သီးခြားသတ်မှတ်ထားသော ဝေါဟာရများကို အမြောက်အမြား သင်ယူကြရပြီဖြစ်သည်။ စာဖတ်တတ်မြောက်မှု အားနည်းသော

ကလေးများအနေဖြင့် အဆိုပါဘာသာရပ် ဝေါဟာရများကို တွေ့ရသည့်အခါ အခက်အခဲများစွာ ကြုံတွေ့ရပါသည်။ ထိုကဲ့သို့သော ဝေါဟာရများကို မြန်မာစာပြ ဆရာများက သာမက ဘာသာရပ်ပြဆရာများကလည်း ရှင်းလင်းသင်ပြပေးရန် လိုအပ်ပါသည်။

(ဃ) **နားလည်သဘောပေါက်ခြင်း။** ။အလယ်တန်းဆင့် မြန်မာစာသင်ကြားရာတွင် စာဖတ်ပြီးနောက် နားလည်သဘောပေါက်မှုရှိစေရန် သင်ကြားပေးရေးသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ထိုသို့ နားလည်သဘောပေါက်နိုင်စွမ်းရှိမှသာ အခြားသော ဘာသာရပ်များကို သင်ယူရာတွင် အောင်မြင်ပေါက်မြောက်နိုင်မည် ဖြစ်သည်။ စာရေးစာဖတ်တွင် ရုန်းကန်နေရသည့် ကလေးများသည် ဖတ်စာပါ အကြောင်းအရာ နှင့် မိမိ၏သိထားပြီးသည့် အသိများကို ဆက်စပ်နိုင်စွမ်း အားနည်းကြပါသည်။ စာဖတ်နေစဉ်ဖြစ်စေ၊ စာဖတ်အပြီးတွင်ဖြစ်စေ ပြန်လည် စဉ်းစားဆင်ခြင် သုံးသပ်နိုင်စွမ်းလည်းအားနည်းပါသည်။ အဆိုပါ ကလေးများအနေဖြင့် အခြားသော ဘာသာရပ်များတွင်လည်း အခက်အခဲများနှင့် မလွဲမသွေ ကြုံတွေ့ကြရမည် ဖြစ်သောကြောင့် ၎င်းတို့ကို သီးသန့်သင်ခန်းစာများဖြင့် ပံ့ပိုးပေးရန် လိုအပ်ပါသည်။ စာရေးစာဖတ် သင်ကြားရေး ပညာရှင်များက အောက်တွင်ဖော်ပြထားသည့် နည်းလမ်းများဖြင့် ပံ့ပိုးရန် အကြံပြုကြပါသည်။

(၁) စာမဖတ်မီ ဖတ်သည့်အကြောင်းအရာနှင့် စပ်လျဉ်းပြီး ကလေးများ၏ ရှိပြီးအသိများကို ဖော်ထုတ်ခြင်း။

(၂) စာဖတ်နေစဉ် (သို့မဟုတ်) စာဖတ်အပြီးတွင် အကြောင်းအရာ အချက်အလက် များကို ဂရပ်ဖစ်ပုံဖြင့် စုစည်းခြင်း။

(၃) မိမိ၏ နားလည်သဘောပေါက်မှု အခြေအနေကို မိမိဘာသာ စောင့်ကြည့် လေ့လာခြင်း။

(၄) စာဖတ်အပြီးတွင် အကြောင်းအရာကို အနှစ်ချုပ်တတ်ရန် လေ့ကျင့်သင်ကြား ပေးခြင်း။

(၅) စာဖတ်အပြီးတွင်အမေးအဖြေပြုလုပ်ခြင်း(ဆရာကမေး၍ကျောင်းသားများက ဖြေခြင်း မဟုတ်ဘဲ ကျောင်းသားများက မိမိမေးလိုသော မေးခွန်းများကို ပြင်ဆင်ကာ အချင်းချင်း အပြန်အလှန် အမေးအဖြေပြုလုပ်ခြင်း)။

(င) **လှုံ့ဆော်တိုက်တွန်းခြင်း။** ။စာဖတ်ခြင်းကို စိတ်ပါဝင်စားပြီး ပျော်မွေ့သူသည် စာပို၍ဖတ်သည်။ စာပိုဖတ်သူသည် စာပိုတတ်သည် ဟူသောအချက်မှာ အငြင်းပွားဖွယ်ရာမရှိသည့် အချက်ဖြစ်ပါသည်။ သို့ရာတွင် စာဖတ်တတ်ကျွမ်းမှု အားနည်းသည့် ကလေးများမှာ စာဖတ်လိုစိတ် အားနည်းလေ့ရှိပါသည်။ စာဖတ်လိုသည့် ဆန္ဒနည်းသည့်ကလေးများမှာ စာဖတ်အားနည်းသည့်အလျောက် ဖတ်သည့်စာကို နားလည်သဘောပေါက်မှုတွင်လည်း အားနည်းတတ်ကြပါသည်။ ထိုသို့ စာဖတ်အားနည်းမှု သံသရာလည်နေခြင်းကို လွန်မြောက်နိုင်ရန်အတွက် ကလေးများကို စာဖတ်လိုစိတ်ဖြစ်ပေါ်စေရန် လှုံ့ဆော်အားပေး တိုက်တွန်းသည့် အစီအစဉ်များ လိုအပ်ပါသည်။ စိတ်ဝင်စားမှုကို လှုံ့ဆော်ရေးအတွက် ပညာရှင်များက အောက်ပါအချက် (၄) ချက်ကို ဆောင်ရွက်ရန် အကြံပြုထားပါသည် -

(၁) ကလေးများအား စာဖတ်ရသည့် ရည်ရွယ်ချက်ကိုထားရှိစေပြီး အဓိပ္ပာယ်ရှိသည့် စာဖတ်ခြင်း ဖြစ်စေရန်အားပေးခြင်း။

(၂) ကလေးများ နှစ်သက်ရာစာကို ရွေးချယ်ဖတ်ရှုနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

(၃) စိတ်ဝင်စားဖွယ်ကောင်းသော စာသားများကို အသုံးပြုခြင်း။

(၄) ဆယ်ကျော်သက်များသည် အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်ရသည်ကို နှစ်သက်သည့်အလျောက် စာဖတ်ရာတွင် အတူတကွဖတ်ခြင်း၊ အတူတကွ အချက်အလက်ဖလှယ်ခြင်း၊ အပြန်အလှန်ရှင်းပြခြင်း စသည့်တို့ကို လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

## စာဖတ်ကျွမ်းကျင်မှု အားနည်းသောကလေးများကို အဆင့်ဆင့်ပံ့ပိုးခြင်း

စာဖတ်ကျွမ်းကျင်မှုအားနည်းသော ကလေးများကို ပံ့ပိုးသည့် အစီအစဉ်များကို ဆောင်ရွက်သည့်အခါ မည်သည့်နယ်ပယ်ကို အလေးပေးပြီး မည်သို့ပံ့ပိုးမည်ဟူသော နည်းလမ်းများနှင့် ပတ်သက်၍မူ ကလေးများ၏အားနည်းမှု အတိုင်းအတာကိုလိုက်၍ ကွဲပြားနိုင်ပါသည်။ သို့သော် လက်တွေ့ဆောင်ရွက်သည့်အခါတွင် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ရန် စီစဉ်လေ့ရှိကြပါသည်။

ပထမအဆင့်တွင် ပုံမှန် မြန်မာစာသင်ခန်းစာများကို သင်ကြားစဉ်အတွင်း အားနည်းသည်ဟု ယူဆရသည့် ကလေးများကို အထူးအာရုံစိုက် ပံ့ပိုးပေးခြင်းဖြစ်သည်။ ပုံမှန် သင်ခန်းစာများ

အတွင်းမှာပင် အထက်၌ဖော်ပြခဲ့သည့် နယ်ပယ်များအလိုက် နည်းလမ်းများကို ထည့်သွင်း အသုံးပြုခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဝေါဟာရကြွယ်ဝခြင်း၊ နားလည်သဘောပေါက်ခြင်း၊ လှုံ့ဆော်တိုက်တွန်းခြင်းဆိုင်ရာ နည်းလမ်းများသည် ကလေးအားလုံးအတွက် အသုံးပြုနိုင်သော နည်းလမ်းများဖြစ်ရာ ပုံမှန်သင်ခန်းစာများတွင် ထည့်သွင်းလုပ်ဆောင်ရမည့် လုပ်ငန်းများ ဖြစ်နိုင်ပါသည်။

ဒုတိယအဆင့်အနေဖြင့်မှု ကလေးအားလုံးနှင့်အတူ မဟုတ်ဘဲ အားနည်းသည့်ကလေးများကို ခွဲထုတ်ကာ သီးသန့်သင်ခန်းစာများ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းများ စီစဉ်ဖန်တီးပြီး သင်ကြားပေးခြင်းဖြစ်သည်။ အဓိကအားဖြင့် ဝေါဟာရကြွယ်ဝရေး၊ နားလည်သဘောပေါက်မှု တိုးမြှင့်ရေးတို့အတွက် အထူးလေ့ကျင့် သင်ကြားပေးရန်ဖြစ်သည်။ အဆိုပါကလေးများ အတွက် ဖြည့်ဆည်း သင်ကြားပေးသည့် အချိန်များကို သီးခြားသတ်မှတ်၍ဖြစ်စေ၊ တူညီသည့် သင်ခန်းစာအတွင်းမှာပင် မတူညီသောလုပ်ငန်းများပေး၍ဖြစ်စေ ပံ့ပိုးပေးနိုင်ပါသည်။ ထိုသို့ခွဲထုတ်ပြီး လေ့ကျင့်သင်ကြားပေးခြင်းသည် ယေဘုယျအားဖြင့် စာသင်နှစ်တစ်ဝက်ခန့် ကြာနိုင်ပါသည်။

ဒုတိယအဆင့်အနေဖြင့် ပံ့ပိုးလေ့ကျင့်သင်ကြားပေးမှု ပြုလုပ်ပေးသည့်တိုင် စာသင်နှစ်ဝက်ခန့် အတွင်း တိုးတက်ပြောင်းလဲမှုမရှိပါက တတိယအဆင့်အနေဖြင့် ပိုမိုတိကျသော သင်ခန်းစာများဖြင့် ဦးရေအနည်းငယ်သာရှိသည့် အုပ်စုများခွဲကာ အထူးကြပ်မတ် သင်ကြားပေးရမည် ဖြစ်သည်။ ဥပမာ - စကားလုံးများကိုဖတ်ရာတွင် အားနည်းနေပါက ထိုအခြေခံမှစကာ ပြန်လည်ကြပ်မတ် သင်ကြားပေးရမည့်သဘော ဖြစ်ပါသည်။ ထိုသို့ သင်ကြားနေစဉ်အတွင်း အဆိုပါကလေးများ၏ တိုးတက်မှုကို ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်း သာမက အနည်းဆုံး နှစ်ပတ်လျှင်တစ်ကြိမ် စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းကိုလည်း ပြုလုပ်သင့်ပါသည်။

စာဖတ်ကျွမ်းကျင်မှု အားနည်းသည့်ကလေးများကို ဖော်ထုတ်ပြီး ပံ့ပိုးပေးရေးနှင့် ၎င်းတို့၏ တိုးတက်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာရေးတို့သည် အလွန်အရေးကြီးပါသည်။ စာဖတ်နိုင်စွမ်း အားနည်းသည့် ကလေးများအနေဖြင့် အခြားဘာသာရပ်များကို သင်ယူရာတွင် အခက်အခဲများစွာ တွေ့နိုင်သောကြောင့်ဖြစ်သည်။ ထိုကလေးများအနေဖြင့် သင်ယူမှု အခက်အခဲကြောင့် တဖြည်းဖြည်းသင်ယူလိုစိတ် လျော့ပါးလာကာ မကြာမီအတွင်း ကျောင်းထွက်သွားနိုင်သည့် အလားအလာရှိပါသည်။ အလယ်တန်းဆင့်ကလေးများ ကျောင်းနေမြဲရေးအတွက် စာရေးစာဖတ် တတ်မြောက်ရေးသည် အရေးကြီးပါသည်။ သို့ဖြစ်ရာ အလယ်တန်းဆင့်သို့ ရောက်သည့်တိုင် စာဖတ်ကျွမ်းကျင်မှု အားနည်းနေသေးသည့်

ကလေးများကို မြန်မာစာပြဆရာများက အထူးဖြည့်ဆည်းသင်ကြားပေးသည့် အစီအစဉ်များ ပြုလုပ်ပြီး ပံ့ပိုးရန်လိုအပ်ပါသည်။ ထိုသို့ ပံ့ပိုးရာတွင်လည်း မြန်မာစာပြ ဆရာများက သာမက အခြားသောဘာသာရပ်ပြ ဆရာများကပါပူးပေါင်းကာ တစ်ကျောင်းလုံးနှင့်ဆိုင်သော လုပ်ငန်းတစ်ရပ်အနေဖြင့် အကောင်အထည်ဖော်သင့်ပါသည်။

## သင်ယူမှုလုပ်ငန်း (၁)။ သင်ခန်းစာကို မိတ်ဆက်နိဒါန်းပျိုးခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကိုင်စာအုပ်ပါ “စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီပေးခြင်း” အကြောင်းကို ဆရာကဦးဆောင်ပြီး သင်ခန်းစာ နိဒါန်းပျိုးရင်း၊ ဟောပြောပို့ချရင်း မေးမြန်းသည့်မေးခွန်းများကို ကျောင်းသားများဖြေဆိုကြရန် ဖြစ်သည်။ ထို့ပြင် ဆရာများအနေဖြင့် စာသင်ခန်းအတွင်းရှိ စာဖတ်ကျွမ်းကျင်မှု အားနည်းသော ကလေးများကို ဖော်ထုတ်ရာတွင် ကလေးများအား စောင့်ကြည့်၊ လေ့လာ၊ စစ်ဆေးရန် လိုအပ်သည့်အချက်များကိုလည်း သင်ယူလေ့လာကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်ခြင်း

သင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မြန်မာစာ စာသင်ခန်းများတွင် စာဖတ်ကျွမ်းကျင်မှု အားနည်းသည့် အလယ်တန်းဆင့်ကလေးများ စာဖတ်ကျွမ်းကျင်လာစေရန် ပံ့ပိုး ကူညီနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်ရန် ဖြစ်သည်။ ထိုသို့ဖော်ထုတ်နိုင်ရန် လက်ဖက်ရည်စကားဝိုင်းပုံစံဖြင့် ဝိုင်းသုံးဝိုင်းခွဲကာ ဆွေးနွေးဖော်ထုတ်ခြင်းဖြင့် သင်ယူကြရန် ဖြစ်သည်။

# ၅.၂.၈ | သင်ခန်းစာပြင်ဆင်ခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများကို ပြင်ဆင်တတ်မည်။

ပညာရေးဒီဂရီကောလိပ် ပထမနှစ် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၂.၁.၁) တွင် ဖော်ပြထားသည့်အတိုင်း အနာအကြားနှင့် အဖတ်အရွတ်ကို နှစ်ခုပေါင်းပြီး လက်ခံရယူရေး ကျွမ်းကျင်မှုများဟု သတ်မှတ်ကြသည်။ အလယ်တန်းဆင့်အတွက် ရေးဆွဲထားသည့် "မြန်မာစာဘာသာရပ် ဆဋ္ဌမတန်းမှ နဝမတန်းအထိ သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ" ဇယားတွင်လည်း အနာအကြားနှင့် အဖတ်အရွတ်ကို တွဲလျက်ဖော်ပြထားသည်။

အလယ်တန်းဆင့် ကလေးများ၏ ဖတ်ရွတ်မှုစွမ်းရည်များ ဖွံ့ဖြိုးစေရန် သင်ရိုးမာတိကာ အစီအစဉ်များကို အောက်ဖော်ပြပါ ဇယား (၅.၇) တွင် လေ့လာနိုင်ပါသည်။

**ဇယား ၅.၇။ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေရန် သင်ရိုးမာတိကာအစီအစဉ်များ**[၁၃၃]

| စကားပြေ နှင့် ကဗျာ | | | |
|---|---|---|---|
| **ဆဋ္ဌမတန်း** | **သတ္တမတန်း** | **အဋ္ဌမတန်း** | **နဝမတန်း** |
| • သုတစကားပြေများကို ဖတ်၍ ဗဟုသုတအဖြစ် မှတ်သားစရာများကို သတိပြုတတ်လာခြင်း။<br>• ရသစကားပြေများကို ဖတ်၍ ရသကို ခံစားတတ်လာခြင်း။<br>• စာကိုအာရုံပြု၍ ဖတ်တတ်လာခြင်း။<br>• စာ၏ဆိုလိုရင်းကို သတိပြုတတ်လာခြင်း။ | • သုတစကားပြေများမှ အသိသစ်များ ရရှိလာခြင်း။<br>• ရသစကားပြေများမှ ရသကို ခံစားပြီး သဘာဝကျမကျ စဉ်းစားတတ်လာခြင်း။<br>• စာဖတ်သောအသံ အနေအထားကို ပြင်ဆင်တတ်လာခြင်း။<br>• ဖြစ်စဉ်ပြရေးနည်း နှင့် သရုပ်ဖော်ရေးနည်းသဘောကို သိလာခြင်း။ | • သုတစကားပြေများမှ ရသော အသိသစ်များကို လက်တွေ့ဘဝတွင် အသုံးချတတ်လာခြင်း။<br>• ရသစကားပြေများကို ဖတ်၍ အမှားအမှန်ကို စဉ်းစားတတ်လာခြင်း။<br>• အဖြတ်အတောက် မှန်စွာ ဖတ်တတ်သော အလေ့အကျင့်ရလာခြင်း။<br>• ဖွင့်ဆိုရှင်းပြ ရေးနည်းနှင့် ကျိုးကြောင်းပြ ရေးနည်း သဘောကို သိလာခြင်း။ | • သုတအသိများကို စာတွေ့လက်တွေ့ အသုံးချတတ်လာခြင်း။<br>• ရသစာပေများမှ လူ့သဘာဝစရိုက်များကို သတိပြုမိလာခြင်း။<br>• ဘဝအသိ၊ လောကအသိများ ရလာခြင်း။<br>• အချက်အလက်များကို ချိတ်ဆက်ခြင်း၊ စီစဉ်တင်ပြခြင်းတို့ကို သတိပြုမိလာခြင်း။<br>• ရေးနည်းလေးမျိုး၏ ဆက်စပ်ပေါင်းစည်းမှုကို သိလာခြင်း။<br>• အလင်္ကာ၏အမျိုးအမည်နှင့် သဘောသဘာဝကို သိလာခြင်း။<br>• စာပေပုံစံအမျိုးမျိုး၏ သဘောသဘာဝကို သိလာခြင်း။<br>• မီဒီယာများကို လက်တွေ့ စမ်းသပ်လေ့လာနိုင်ခြင်း။ |
| • ကဗျာကို အဖြတ်အတောက် မှန်စွာ ရွတ်ဆိုတတ်လာခြင်း။<br>• ကဗျာရွတ်ဆိုရခြင်းကို ချစ်၍ စိတ်ပါလက်ပါ ရွတ်ဆိုတတ်လာခြင်း။ | • ကဗျာ၏အသံနှင့် ကာရန်ကို သိ၍ ကာရန် အသံကို ပေါ်လွင်အောင် ရွတ်ဆိုတတ်လာခြင်း။ | • ကဗျာများ၏ သံစဉ် အပြောင်းအလဲကို ခွဲခြားသိ၍ ခြားနားစွာ ရွတ်ဆိုတတ်လာခြင်း။ | • ကဗျာ၏ ပုံသဏ္ဌာန်အလိုက် အသံကွဲပြားပုံကို ပိုင်းခြားမှတ်သား၍ ပီသအောင် ရွတ်ဆိုနိုင်ခြင်း။<br>• ကဗျာအသံနှင့် အကြောင်းအရာ ဆက်စပ်မှုကို သိရှိ၍ ရသပေါ်အောင် အားထုတ် ရွတ်ဆိုတတ်ခြင်း။ |

---

[၁၃၃] ပညာရေးဝန်ကြီးဌာန။ (နေ့စွဲမပါ)။ *မြန်မာဘာသာရပ် Grade 6 to 9 သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ* ။ ပုံနှိပ်ထုတ်ဝေခြင်း မပြုသည့် မူကြမ်း

အခြေခံပညာအလယ်တန်းဆင့် မြန်မာစာဘာသာရပ်သင်ရိုးမာတိကာတွင် ကလေးများ၏ ဘာသာစကားစွမ်းရည်များ ဖွံ့ဖြိုးရေးအတွက် သင်ယူမှုရလဒ်များနှင့် ယှဉ်တွဲ၍ တတ်မြောက်မှု အညွှန်းကိန်းများကို အတန်းစဉ်အလိုက် နယ်ပယ်များခွဲကာ သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အထူးသဖြင့် မြန်မာစာဘာသာရပ် ဆရာလမ်းညွှန် ရှေ့ပိုင်းစာမျက်နှာများတွင် အတန်း အသီးသီး၏ သင်ရိုးမာတိကာများကို ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြရာတွင် နယ်ပယ်၊ သင်ယူမှုရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် တတ်မြောက်မှု အညွှန်းကိန်းများဟူ၍ ကော်လံ (၄) ခု ခွဲပြထားသည်။

အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေရန် စကားပြေ နယ်ပယ်ခွဲတွင် အတ္ထုပ္ပတ္တိ၊ စကားထာ၊ စကားပုံ၊ ဆိုရိုးစကား၊ ပုံပြင်၊ ဝတ္ထု၊ ပြဇာတ်နှင့် ရသစာတမ်းတို့ပါဝင်ပြီး ကဗျာ နယ်ပယ်ခွဲတွင်မူ ရှေးကဗျာ၊ ခေတ်ကဗျာ ပုံစံအမျိုးမျိုး ပါဝင်ပါသည်။ ထို့ပြင် အသုံးချဘာသာစကား နယ်ပယ်ခွဲတွင် သွယ်ဝိုက်စကားနှင့် ခိုင်းနှိုင်း စကားတို့ပါဝင်သည်။ သာဓကအားဖြင့် ဆဋ္ဌမတန်း ကလေးများ၏ အဖတ်အရွတ် စွမ်းရည်များ ဖွံ့ဖြိုးရေးအတွက် ကဗျာ၊ စကားပြေနှင့် အသုံးချဘာသာစကား နယ်ပယ်ဆိုင်ရာ သင်ခန်းစာများကို ပြင်ဆင်ရေးဆွဲရာ၌ ဆဋ္ဌမတန်း မြန်မာစာဘာသာရပ် ဆရာလမ်းညွှန်တွင် ဖော်ပြထားသည့် သင်ယူမှုရလဒ်များနှင့် တတ်မြောက်မှု အညွှန်းကိန်းများကို မဖြစ်မနေ လေ့လာကိုးကားရန် လိုအပ်ပါသည်။ သာဓကအနေဖြင့် ဇယား (၅.၈) တွင် ဖော်ပြထားပါသည်။

**ဇယား ၅.၈။ ဆဋ္ဌမတန်း မြန်မာစာဘာသာရပ် သင်ရိုးမာတိကာ (အဖတ်အရွတ်စွမ်းရည်)**

| နယ်ပယ် | သင်ယူမှုရလဒ်များ | တတ်မြောက်မှု အညွှန်းကိန်းများ |
|---|---|---|
| အသုံးချဘာသာစကား | • စာဖတ်ရာတွင် သွယ်ဝိုက်ရေးသား ထားသည်များ၊ ခိုင်းနှိုင်းရေးသားထားသည်များကို သတိပြုဖတ်တတ်လာမည်။ | • စာကိုဖတ်ပြီး သွယ်ဝိုက်ရေးသားထားသည်များ၊ ခိုင်းနှိုင်း ရေးသားထားသည်များကို ထုတ်နုတ်တတ်ခြင်း။ |
| ကဗျာ | • ကဗျာပါကာရန်အဖြတ်အရပ်ကို သိရှိပြီး မှန်ကန်စွာ ရွတ်ဆိုတတ်လာမည်။<br>• ကဗျာကို လေ့လာပြီး ကာရန်တူ စကားလုံးများကို ဖော်ပြတတ်လာမည်။<br>• ကဗျာရွတ်ဆိုမှုနှင့် ကဗျာ အကြောင်းအရာကို လေ့လာမှုတို့မှ ကဗျာအပေါ် နှစ်သက်ခံစားမှုကို ဖော်ပြတတ်လာမည်။ | • ကဗျာပါကာရန်အဖြတ်အရပ်ကို သိရှိပြီး မှန်ကန်စွာ ရွတ်ဆိုတတ်ခြင်း။<br>• ကဗျာတွင်ပါဝင်သော ကာရန်တူ စကားလုံးများကို ရှာဖွေတတ်ခြင်း။<br>• ကဗျာရွတ်ဆိုမှုနှင့် ကဗျာပါ အကြောင်းအရာကို လေ့လာမှုတို့မှ ကဗျာအပေါ် နှစ်သက်ခံစားမိပုံကို ဖော်ပြတတ်ခြင်း။ |
| စကားပြေ | • သုတစကားပြေများကို ဖတ်၍ ဗဟုသုတ အဖြစ် မှတ်သားစရာများကို ရွေးထုတ်တတ်လာမည်။<br>• ရသစကားပြေများကိုဖတ်၍ မိမိခံစားမှုကို ဖော်ပြတတ်လာမည်။<br>• စာကို အာရုံပြု၍ ဖတ်တတ်လာမည်။<br>• ပြဇာတ်များကို သက်ဝင်ခံစားပြီး ဖတ်တတ်လာမည်။<br>• စာ၏ဆိုလိုရင်းကို သတိပြုတတ်လာမည်။ | • သုတစကားပြေများကို ဖတ်၍ ဗဟုသုတအဖြစ် မှတ်သားစရာများကို ထုတ်နုတ်တတ်ခြင်း။<br>• ရသစကားပြေများကို ဖတ်၍ မိမိ၏ခံစားမှုကို ဖော်ပြတတ်ခြင်း။<br>• စာကိုအာရုံစိုက်၍ဖတ်တတ်ခြင်း။<br>• ပြဇာတ်များကိုသက်ဝင်ခံစားပြီး ဖတ်တတ်လာခြင်း။<br>• စာ၏ဆိုလိုရင်းကို ဖော်ပြတတ်ခြင်း။ |

## သင်ခန်းစာအပိုင်းငယ်အတွက် သင်ပြမှုပုံစံ (ပုံကြမ်း)

သင်ခန်းစာအပိုင်းငယ်အတွက် သင်ပြမှုပုံစံ (ပုံကြမ်း) ကို ပြင်ဆင်ရေးဆွဲရာတွင် အောက်ဖော်ပြပါ အချက်များပါဝင်ရန် အကြံပြုပါသည်။

အတန်း။ --------သင်ယူမှုရလဒ်

နိဒါန်းပျိုးခြင်း (- - မိနစ်)

လုပ်ငန်း ၁ (- - မိနစ်)

လုပ်ငန်း ၂ (- - မိနစ်)

ပြန်လည်သုံးသပ်ခြင်း/ (- - မိနစ်)

နိဂုံးချုပ်ခြင်း

## စာသင်ချိန် (၁)

### သင်ယူမှုလုပ်ငန်း (၁)။ အဖတ်အရွတ် စွမ်းရည်ဆိုင်ရာ သင်ရိုးမာတိကာ စီစဉ်ထားမှုကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာကို ပြင်ဆင်နိုင်ရန် အဖတ်အရွတ်စွမ်းရည် နှင့်စပ်လျဉ်း၍ အတန်းတစ်တန်းချင်း၏ သင်ရိုးမာတိကာနှင့် အလယ်တန်းဆင့် အတန်းအားလုံး၏ သင်ရိုးစီစဉ်ထားပုံတို့ကို ပြန်လည်လေ့လာကြရန် ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ စာဖတ်ခြင်းဆိုင်ရာ ယခင်သင်ခန်းစာများကို ပြန်လည် လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ပြီးခဲ့သည့် သင်ခန်းစာများအနက် အလယ်တန်းဆင့် ကလေးများ၏ မြန်မာစာ အဖတ်အရွတ် စွမ်းရည်များ ဖွံ့ဖြိုးအောင် သင်ကြားရေးနှင့် တိုက်ရိုက် သက်ဆိုင်သည့် အောက်ပါသင်ခန်းစာ (၆) ခု ကို ကျောင်းသားများ အုပ်စုဖွဲ့ကာ ပြန်လည် လေ့လာကြပြီး အဓိကအချက်များ ဖော်ထုတ်နိုင်မှု ရှိ/မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ရန် ဖြစ်သည်။

- ၅.၂.၁။ စာပါအကြောင်းအရာကို ယေဘုယျနားလည် သဘောပေါက်ရန် သင်ကြားခြင်း။
- ၅.၂.၂။ ဝေါဟာရကြွယ်ဝရန်အတွက် သင်ကြားခြင်း။
- ၅.၂.၃။ သတင်းအချက်အလက်များ ရယူနိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း။
- ၅.၂.၄။ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူနိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း။
- ၅.၂.၅။ ဝေဖန်ပိုင်းခြား စဉ်းစားဆင်ခြင်နိုင်ရန်အတွက် စာဖတ်ခြင်းကို သင်ကြားခြင်း။
- ၅.၂.၆။ ရသခံစားမှုအတွက် စာဖတ်ခြင်းကို သင်ကြားခြင်း။

### သင်ယူမှုလုပ်ငန်း (၃)။ သင်ခန်းစာအပိုင်းငယ် သင်ပြမှုပုံစံ (ပုံကြမ်း) ကို လေ့လာခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အထက်ဖော်ပြပါ "သင်ခန်းစာအပိုင်းငယ် သင်ပြမှုပုံစံ (ပုံကြမ်း)" တွင် ပါရှိသော ယေဘုယျအဆင့်များကို ကျောင်းသားများ ကောင်းစွာနားလည်

သဘောပေါက်အောင် လေ့လာကြရန်ဖြစ်သည်။ အထူးသဖြင့် အဖတ်အရွတ်စွမ်းရည် ဖွံ့ဖြိုးရေးဆိုင်ရာ သင်ခန်းစာ စာသင်ချိန် (၁) ချိန် (၄၅ မိနစ်) အတွက် အဆိုပါ သင်ပြမှုပုံစံကို တွေး-တွဲ- မျှဝေခြင်းနည်းဖြင့် လေ့လာပြီး မေးခွန်းများအပေါ် တုံ့ပြန်ဖြေဆိုကြရန်ဖြစ်သည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၄)။ အဖတ်အရွတ်စွမ်းရည်ဆိုင်ရာ ကဗျာသင်ခန်းစာများကို ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ သင်ယူလေ့လာခဲ့ပြီး လုပ်ငန်း (၁)၊ (၂) နှင့် (၃) တို့ကို ပြန်လည်ကိုးကား၍ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် ကဗျာသင်ခန်းစာတစ်ခုကို ဆန်းသစ်သည့် စိတ်ကူးစိတ်သန်းများဖြင့် ကျောင်းသားများ အုပ်စုလိုက် ပြင်ဆင်ရေးဆွဲကြရန် ဖြစ်သည်။ အဆိုပါ အဖတ်အရွတ်စွမ်းရည်ဆိုင်ရာ ကဗျာသင်ခန်းစာများကို ပြင်ဆင်ရာတွင် အလယ်တန်းဆင့် မြန်မာစာဘာသာရပ် ကျောင်းသားကိုင်နှင့် သက်ဆိုင်ရာ ဆရာလမ်းညွှန်တို့ကို အခြေခံပြီး စာသင်ချိန် (၄၅) မိနစ်စာဖြစ်ရန်လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၅)။ ပြင်ဆင်ထားသည့် ကဗျာ သင်ခန်းစာများကို ပိုမိုကောင်းမွန်အောင် ပြုပြင်မွမ်းမံခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၄) တွင် ကျောင်းသားများ အုပ်စုလိုက် ပြင်ဆင်ရေးဆွဲထားသည့် အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် ကဗျာ သင်ခန်းစာ တစ်ခုကို ခေါင်းစဉ်တူအချင်းချင်း လဲလှယ်ဖတ်ရှုပြီး အပြုသဘောတုံ့ပြန် သုံးသပ်အကြံပြုချက်ပေးခြင်း၊ လက်ခံရယူခြင်းတို့ဖြင့် ပိုမိုကောင်းမွန် ပြည့်စုံအောင် ပြုပြင်မွမ်းမံကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၆)။ အဖတ်အရွတ် စွမ်းရည်ဆိုင်ရာ စကားပြေ သင်ခန်းစာများကို ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၄) တွင် လုပ်ဆောင်ခဲ့သည့် အဆင့်များ အတိုင်း အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ် စွမ်းရည်များဖွံ့ဖြိုးစေသည့် စကားပြေ သင်ခန်းစာ (၁) ခုစီကို ကျောင်းသားအုပ်စုတိုင်းသည် ကိုယ်ပိုင်စိတ်ကူး စိတ်သန်းများဖြင့် ပြင်ဆင်ရေးဆွဲကြရန်ဖြစ်သည်။ အဆိုပါအဖတ်အရွတ် စွမ်းရည်ဆိုင်ရာ စကားပြေသင်ခန်းစာများကို ပြင်ဆင်ရာတွင် အလယ်တန်းဆင့် မြန်မာစာဘာသာရပ် ကျောင်းသားကိုင်နှင့် သက်ဆိုင်ရာ ဆရာလမ်းညွှန်တို့ကိုအခြေခံပြီး စာသင်ချိန် (၄၅) မိနစ်စာဖြစ်ရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၇)။ ပြင်ဆင်ထားသည့် စကားပြေ သင်ခန်းစာကို ပိုမိုကောင်းမွန်အောင် ပြုပြင်မွမ်းမံခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၆) တွင် ကျောင်းသားများ အုပ်စုလိုက် ပြင်ဆင်ရေးဆွဲထားသော အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် စကားပြေ သင်ခန်းစာ တစ်ခုကို ခေါင်းစဉ်တူ အုပ်စုအချင်းချင်း လဲလှယ်ဖတ်ရှုပြီး အပြုသဘော တုံ့ပြန်သုံးသပ် အကြံပြုချက်ပေးခြင်း၊ လက်ခံရယူခြင်းတို့ဖြင့် ပိုမိုကောင်းမွန် ပြည့်စုံအောင် ပြုပြင်မွမ်းမံကြရန် ဖြစ်သည်။

# ၅.၂.၉ | လက်တွေ့သင်ကြားခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -**

- အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာများကို လက်တွေ့သင်ကြားတတ်မည်။

အလယ်တန်းဆင့်ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေသည့် သင်ခန်းစာ များကို ကျောင်းသားများ ကြိုတင်ပြင်ဆင်ပြီးပါက သင်ကြားရေးစွမ်းရည်များ ဖွံ့ဖြိုးလာရန် အဆိုပါသင်ခန်းစာများကို လက်တွေ့စမ်းသပ် လေ့ကျင့်သင်ကြားရန် လိုအပ်ပါသည်။ လေ့ကျင့်ရန် သတ်မှတ်ချိန်ပေါ် မူတည်၍ အဆိုပါကြိုတင်ပြင်ဆင်ထားသည့် သင်ခန်းစာများကို ကျောင်းသားအချင်းချင်း သင်ကြားခြင်းဖြင့်လည်းကောင်း၊ ရှင်းလင်းတင်ပြခြင်းဖြင့် လည်းကောင်း စီစဉ်ဆောင်ရွက်နိုင်ပါသည်။

## အချင်းချင်းသင်ကြားခြင်း[၁၃၄]


အချင်းချင်းသင်ကြားခြင်း အစီအစဉ်များကို စီစဉ်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းသည် ဆရာအတတ်သင် ကျောင်းသားများအတွက်သာမက သင်ကြားပို့ချသည့် ဆရာအတတ်သင် ဆရာများအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေပါသည်။ အုပ်စုငယ်များဖွဲ့၍ အချင်းချင်းသင်ကြားမှု ရလဒ်အမျိုးမျိုးကိုအခြေခံကာ ကျောင်းသားများအား ရှေ့ဆက်၍ မည်သည့်ပံ့ပိုးမှုကို မည်သို့လုပ်ဆောင်ရန်လိုအပ်ကြောင်း ဆရာအား သိရှိစေနိုင်ပါသည်။ အချင်းချင်းသင်ကြားခြင်း၏ အကျိုးကျေးဇူးများတွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည်။

- ကျောင်းသားများ ကိုယ်တိုင်သင်ယူလေ့လာချိန်ရရှိခြင်း။
- ကျောင်းသားအချင်းချင်း တိုက်ရိုက်ထိတွေ့၊ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ပိုမိုသင်ယူမှုရခြင်း။
- အခြားသူများကို သင်ကြားခြင်းဖြင့် မိမိ၏သင်ယူမှုကို ပိုမိုအားကောင်းစေခြင်း။
- ကျောင်းသားအချင်းချင်းသင်ရသဖြင့် ပိုမိုပွင့်လင်းမှု၊ စိတ်သက်သောင့်သက်သာ ခံစားမှုရှိခြင်း။
- ကျောင်းသားအချင်းချင်း မျှဝေကြသဖြင့် ပိုမိုနားလည်သဘောပေါက်ခြင်း။
- ကျောင်းသားအနေနှင့်သာမက ဆရာအနေနှင့်ပါ အခန်းကဏ္ဍ (၂) မျိုး (သို့မဟုတ်) ရှုထောင့်အမြင် (၂) ခုဖြင့် ကြည့်ရှုလေ့လာရသဖြင့် သင်ခန်းစာအကြောင်းအရာများကို ပိုမိုနားလည် သဘောပေါက်လာခြင်း။
- အထူးသဖြင့် ကျောင်းသားများသည် သင်ခန်းစာအစီအစဉ် (သို့မဟုတ်) သင်ပြမှုပုံစံ တစ်ခုကို ကိုယ်တိုင်ရေးဆွဲခြင်း လိုအပ်သည့်သင်ထောက်ကူများကို ကိုယ်တိုင်ရှာဖွေစုဆောင်းခြင်းအပြင် အဆိုပါသင်ခန်းစာကို ကိုယ်တိုင်သင်ကြားရခြင်း။
- သင်ခန်းစာ သင်ကြားမှုအပေါ် ကိုယ်တိုင်ပြန်လည် ဆင်ခြင်သုံးသပ်၍ သင်ခန်းစာယူရခြင်းတို့ကြောင့် သမားရိုးကျပုံစံမျိုးထက် နှစ်ဆပိုမိုသင်ယူရရှိခြင်း။

[၁၃၄] Whitman, Neal A. (1988). Peer teaching: To teach is to learn twice. ASHE-ERIC Higher Education Report No. 4, 1988.

## အချင်းချင်းရှင်းလင်းတင်ပြခြင်း

ကြိုတင်ပြင်ဆင်ထားသည့် သင်ခန်းစာတစ်ခုကို ကျောင်းသားအချင်းချင်း အုပ်စုထဲတွင် သဏ္ဍာန်လုပ်၍ သင်ကြားခြင်းမဟုတ်ဘဲ ရှင်းလင်းတင်ပြခြင်းသာဖြစ်သည်။ ကျောင်းသား (၆) ဦးခန့်ပါသော အုပ်စုများဖွဲ့၍ ကျောင်းသားတစ်ဦးချင်းသည် မိမိတို့ကြိုတင်ပြင်ဆင်ထားသည့် သင်ခန်းစာသင်ပြမှုပုံစံပါ လုပ်ငန်းစဉ်အဆင့်များကို (ဥပမာ - အချိန် ၅ မိနစ်ခန့်စီ) အုပ်စုဝင်များအား ရှင်းလင်းတင်ပြခြင်းဖြစ်သည်။ ကြိုတင်ပြင်ဆင်ရမည့် သင်ခန်းစာခေါင်းစဉ် (သို့မဟုတ်) အကြောင်းအရာ တူညီမှုမရှိရအောင် ဆရာက စနစ်တကျ စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အုပ်စုဝင် ကျောင်းသားများ၏ သင်ခန်းစာရှင်းလင်းတင်ပြမှု ပြီးစီးပါက ၎င်းတို့၏ သင်ကြားသင်ယူမှု အတွေ့အကြုံအပေါ် ပြန်လည်ဆင်ခြင်သုံးသပ်သည့် နောက်ဆက်တွဲလုပ်ငန်းကို စုပေါင်း၍ လုပ်ဆောင်ကြရန်ဖြစ်သည်။ ဤနည်းဖြင့် ကျောင်းသားအားလုံးသည် ရှင်းလင်းတင်ပြခွင့်၊ မျှဝေခွင့်၊ လေ့လာသင်ယူခွင့်နှင့် သုံးသပ်အကြံပြုခွင့်များကို ညီတူညီမျှ ရရှိကြမည်ဖြစ်ပါသည်။ အောက်ပါပုံ (၅.၁၃) တွင် နမူနာအဖြစ် ဖော်ပြထားပါသည်။




**ပုံ ၅.၁၃။ ကျောင်းသား (၆) ဦးပါ အုပ်စုတိုင်းတွင် သင်ခန်းစာ (၆) ခု ကို ရှင်းလင်းတင်ပြခြင်း**

## ရိုးရှင်းသည့်သုံးသပ်အကြံပြုလွှာ (မူကြမ်း)

၁။ သင်ခန်းစာသင်ပြရာမှာ အကောင်းဆုံး လုပ်ဆောင်သွားခဲ့သည့်အချက်များ

\- - - - - - - - - - - - - - - - - - - - - - - - - - - - - -

၂။ ပြုပြင်လုပ်ဆောင်ရန် / ပြောင်းလဲလုပ်ဆောင်ရန် လိုအပ်သည့်အချက်များ

\- - - - - - - - - - - - - - - - - - - - - - - - - - - - - -

၃။သင်ထောက်ကူပစ္စည်းများကို ဆီလျော်ထိရောက်အောင် အသုံးပြုမှု

\- - - - - - - - - - - - - - - - - - - - - - - - - - - - - -

၄။ ကျောင်းသားများ ပိုမိုသင်ယူတတ်မြောက်အောင် သင်ကြားနိုင်ရန်သုံးသပ် အကြံပြုချက်များ

\- - - - - - - - - - - - - - - - - - - - - - - - - - - - - -

မှတ်ချက် ။ ။အထက်ပါ သုံးသပ်အကြံပြုလွှာ (မူကြမ်း) ကို ဆီလျော်သလို ပြုပြင်မွမ်းမံ၍ အသုံးပြုနိုင်ပါသည်။

**စာသင်ချိန် (၁)**

### သင်ယူမှုလုပ်ငန်း (၁)။ လက်တွေ့လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းဆင့်ကလေးများ၏ အဖတ်အရွတ်စွမ်းရည်များ ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ သင်ခန်းစာ (၅.၂.၈) တွင် ကျောင်းသားများ ပြင်ဆင်မွမ်းမံခဲ့သည့် ခန့်မှန်းစာသင်ချိန် (၄၅) မိနစ်စာ ကဗျာသင်ခန်းစာများကို လက်တွေ့လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ကြရန်ဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ အဖတ်အရွတ်ဆိုင်ရာ ကဗျာသင်ခန်းစာ ပြင်ဆင်ထားမှုကို ရှင်းလင်းတင်ပြခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၁) တွင် ကြိုတင်ပြင်ဆင်ခဲ့သော အဖတ်အရွတ်စွမ်းရည်ဆိုင်ရာ ကဗျာသင်ခန်းစာများတွင် ပါဝင်သည့် လုပ်ငန်းစဉ်အဆင့်များကို အုပ်စုဝင်များအား အချိန် (၅) မိနစ်ခန့် ရှင်းလင်းတင်ပြခြင်းလုပ်ငန်း ဆောင်ရွက်ရန်ဖြစ်သည်။

ထိုသို့လုပ်ဆောင်ရန် အထောက်တွင် နမူနာအဖြစ် ဖော်ပြထားသည့် “ပုံ (၅.၁၃) - ကျောင်းသား (၆) ဦးပါ အုပ်စုတိုင်းတွင် သင်ခန်းစာ (၆) ခု ကို ရှင်းလင်းတင်ပြခြင်း” ကို လေ့လာကိုးကားရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ အဖတ်အရွတ်ဆိုင်ရာ ကဗျာသင်ခန်းစာ ရှင်းလင်းတင်ပြမှု အပေါ် ပြန်လည်သုံးသပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ လုပ်ငန်း (၂) ဖြစ်သည့် ကဗျာသင်ခန်းစာများတွင် ပါဝင်သော လုပ်ငန်းစဉ်အဆင့်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်သုံးသပ်ကြရန် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အောက်ပါအချက် (၃) ချက်ကို အခြေခံကာ ကျောင်းသား တစ်ဦးချင်းက သုံးသပ်ကြရန်ဖြစ်သည်။

- ဤသင်ခန်းစာ ရှင်းလင်းတင်ပြမှုနှင့် ပတ်သက်၍ သင်နှစ်သက်သဘောကျသည့် အချက်တစ်ချက်။
- ဤသင်ခန်းစာရှင်းလင်းတင်ပြမှု မှ သင်ယူလိုက်သည့် အချက်တစ်ချက်။
- ဤသင်ခန်းစာရှင်းလင်းတင်ပြမှု ပိုမိုကောင်းမွန်ရန် အကြံပြုလိုသည့်အချက်တစ်ချက်။

### စကားပြေသင်ခန်းစာများကို အချင်းချင်း ရှင်းလင်းတင်ပြခြင်း

ပြီးခဲ့သည့် စာသင်ချိန်က ကြိုတင်ပြင်ဆင်ခဲ့သော သင်ခန်းစာများကို ဤသင်ခန်းစာအချိန်တွင် လက်တွေ့လေ့ကျင့်သင်ကြားခြင်း (သို့မဟုတ်) ရှင်းလင်းတင်ပြခြင်းတို့ လုပ်ဆောင်ပါသည်။ ပထမစာသင်ချိန်တွင် အလယ်တန်းဆင့် ကလေးများ၏ အဖတ်အရွတ် စွမ်းရည်များ ဖွံ့ဖြိုးရေး ဆိုင်ရာ ကဗျာသင်ခန်းစာများတွင်ပါဝင်သည့် လုပ်ငန်းစဉ်အဆင့်များကို ကျောင်းသားများသည် မိမိတို့အုပ်စုတွင်း အလှည့်ကျရှင်းလင်းတင်ပြခဲ့ကြသည်။ ဤဒုတိယစာသင်ချိန်တွင်မူ စကားပြေသင်ခန်းစာများတွင် ပါဝင်သည့် လုပ်ငန်းစဉ်အဆင့်များကို ရှင်းလင်းတင်ပြကြရန် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ပထမစာသင်ချိန်နှင့် ဒုတိယစာသင်ချိန်ရှိ သင်ယူမှုလုပ်ငန်းများ၊ အချိန်ခွဲဝေမှုများနှင့် လုပ်ငန်းလုပ်ဆောင်ပုံများ အားလုံးလိုလိုသည် တူညီမှုရှိကြပါသည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၄)။ လက်တွေ့လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၁) တွင် လုပ်ဆောင်ခဲ့သည့်အတိုင်း လက်တွေ့လုပ်ငန်း အတွက်ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရန် ဖြစ်သည်။ ဤလုပ်ငန်းတွင် ကျောင်းသားများ ပြင်ဆင်မွမ်းမံခဲ့သည့် ခန့်မှန်းစာသင်ချိန် (၄၅) မိနစ်စာ စကားပြေသင်ခန်းစာများကို လက်တွေ့လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၅)။ အဖတ်အရွတ်ဆိုင်ရာ စကားပြေ သင်ခန်းစာ ပြင်ဆင်ထားမှုကို ရှင်းလင်းတင်ပြခြင်း

ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်း (၂) တွင် လုပ်ဆောင်ခဲ့သည့်အတိုင်း လက်တွေ့လုပ်ငန်း လုပ်ဆောင်ရန်ဖြစ်သည်။ ဤလုပ်ငန်းတွင် အဖတ်အရွတ်စွမ်းရည်ဆိုင်ရာ စကားပြေ သင်ခန်းစာများတွင် ပါဝင်သည့် လုပ်ငန်းစဉ်အဆင့်များကို အုပ်စုဝင်များအား အချိန် (၅) မိနစ်ခန့် ရှင်းလင်းတင်ပြရန်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် နမူနာအဖြစ် ဖော်ပြထားသည့် “ပုံ (၅.၁၃) - ကျောင်းသား (၆) ဦးပါ အုပ်စုတိုင်းတွင် သင်ခန်းစာ (၆) ခု ကို ရှင်းလင်းတင်ပြခြင်း” ကို လေ့လာကိုးကားရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၆)။ အဖတ်အရွတ်ဆိုင်ရာ စကားပြေသင်ခန်းစာ ရှင်းလင်း တင်ပြမှုအပေါ် ပြန်လည်သုံးသပ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ရည်ရွယ်ချက်မှာ လုပ်ငန်း (၅) ဖြစ်သည့် စကားပြေ သင်ခန်းစာများတွင် ပါဝင်သော လုပ်ငန်းစဉ်အဆင့်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်သုံးသပ်ကြရန် ဖြစ်သည်။ လုပ်ငန်း (၃) တွင် လုပ်ဆောင်ခဲ့သည့်အတိုင်း အောက်ပါအချက် (၃) ချက်ကို အခြေခံကာ ကျောင်းသားတစ်ဦးချင်းက သုံးသပ်ကြရန်ဖြစ်သည်။

- ဤသင်ခန်းစာ ရှင်းလင်းတင်ပြမှုနှင့် ပတ်သက်၍ သင်နှစ်သက်သဘောကျသည့် အချက်တစ်ချက်။
- ဤသင်ခန်းစာရှင်းလင်းတင်ပြမှုမှ <u>သင်ယူလိုက်သည့်</u> အချက်တစ်ချက်။
- ဤသင်ခန်းစာရှင်းလင်းတင်ပြမှု ပိုမိုကောင်းမွန်ရန် <u>အကြံပြုလိုသည့်</u>အချက်တစ်ချက်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ

၁။ နီလာဘန်တန်စမစ်၏ စာဖတ်ခြင်းဆိုင်ရာ နားလည်သဘောပေါက်မှု အဆင့် (၄) ဆင့်ကို ဖော်ပြ၍ တစ်ခုနှင့်တစ်ခု မည်သို့ချိတ်ဆက်နေသည်ကို ရှင်းပြပါ။

၂။ စာဖတ်ခြင်းဖြင့် ၂၁ ရာစုတွင် မရှိမဖြစ်လိုအပ်နေသော ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု စွမ်းရည်ကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သည်ဟု ယေဘုယျအားဖြင့် ယူဆကြရာ အဆိုပါစွမ်းရည်တွင် မည်သည့်ကျွမ်းကျင်မှုများ ပါဝင်နေသနည်း။

၃။ စာဖတ်ကျွမ်းကျင်မှုအားနည်းသော အလယ်တန်းဆင့်ကလေးများအား မည်သို့ ပံ့ပိုးပေးသင့်သနည်း။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- အခြေခံပညာ အလယ်တန်းဆင့်တွင် စာဖတ်တတ်မြောက်မှု ဆိုသည်မှာ သာမန် ဖတ်တတ်၊ ရေးတတ်ရုံကိုသာ ရည်ညွှန်းသည့် အခြေခံကျွမ်းကျင်မှုများထက် ပိုမိုရှုပ်ထွေးလေးနက်သည့် ကျွမ်းကျင်မှုများကို သင်ယူတတ်မြောက်ခြင်းဖြစ်သည်။
- စာတတ်မြောက်မှုဟူသည် ဘာသာစကားတစ်ခု၏ အရေးအဖတ် တတ်မြောက်မှုကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ အခြားသောစာတတ်မြောက်မှု အမျိုးပေါင်းများစွာကိုပါ ရည်ညွှန်း သတ်မှတ်ထားကြသည်။ စာတတ်မြောက်မှု အမျိုးမျိုးထဲမှ ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှု (Disciplinary literacy)၊ ဝေဖန်ပိုင်းခြား စာတတ်မြောက်မှု (Critical literacy) နှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ စာတတ်မြောက်မှု (Digital literacy) တို့ကို အခြေခံပညာ အလယ်တန်းကျောင်းသားများ၏ စာဖတ်တတ်မြောက်ရေး အတွက် သင်ကြားပေးရာတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။
- တစ်ဆက်တစ်စပ်တည်း ရေးသားထားသော စာသားများနှင့် တစ်ဆက်တစ်စပ်တည်း ရေးသားမထားသော စာသားများ ပါဝင်သည့် စာသားပုံစံအမျိုးမျိုးနှင့် ထိတွေ့နိုင်ရန် စီစဉ်ပေးခြင်းဖြင့် အခြေခံပညာ အလယ်တန်းဆင့် ကျောင်းသားများ စာအမျိုးမျိုး ဖတ်တတ်စေရန် ပံ့ပိုးနိုင်ပါသည်။
- စာဖတ်ပုံဖတ်နည်း အမျိုးမျိုးရှိသည့်အနက် အသံတိတ်ဖတ်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ခြင်းတို့ကို အခြေခံပညာ အလယ်တန်းဆင့် ကလေးများအား အလေးပေး သင်ကြားသင့်ပါသည်။
- စာဖတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် အဓိကလုပ်ငန်းစဉ် (၃) မျိုး ဖြစ်သည့် (၁) စာဖတ်ပြီး အချက်အလက်များကို ရှာဖွေခြင်း၊ (၂) နားလည်သဘောပေါက်ခြင်း နှင့် အဓိပ္ပာယ်ကောက်ခြင်း၊ (၃) စာသားများကိုဖတ်ပြီး သုံးသပ်အကဲဖြတ်ခြင်းတို့ကို စာဖတ်ရသည့် ရည်ရွယ်ချက်အလိုက် လက်တွေ့အသုံးပြုနိုင်အောင် လေ့ကျင့် သင်ကြားပေးရန် အရေးကြီးပါသည်။

- အလယ်တန်းကျောင်းသားများသည် အင်တာနက်အပါအဝင် မီဒီယာအမျိုးမျိုးနှင့် ထိတွေ့ခွင့် ပိုမိုရရှိလာနေကြသည့် လူငယ်အုပ်စုတစ်ခု ဖြစ်နေပါသည်။ အသုံးပြုတတ်လျှင် အကျိုးဖြစ်ထွန်းနိုင်သော်လည်း အသုံးမပြုတတ်ပါက အန္တရာယ်ရှိနိုင်ပါသည်။ သို့ဖြစ်ရာ အလယ်တန်းကျောင်းသားများအား မီဒီယာအမျိုးမျိုးကို မှန်ကန်စွာ အသုံးပြုနိုင်ပြီး မီဒီယာဝန်းကျင်တွင် လုံခြုံစိတ်ချစွာ နေထိုင်နိုင်စွမ်းရှိစေရန် လေ့ကျင့်ပျိုးထောင် ပေးကြရမည် ဖြစ်ပါသည်။ အလယ်တန်းကျောင်းသား၊ ဆယ်ကျော်သက်များ အနေဖြင့် မီဒီယာစာသား အမျိုးမျိုးကို ဖတ်ရှုကိုင်တွယ်ဖြေရှင်းနိုင်စွမ်း တိုးတက်ဖွံ့ဖြိုးအောင် မြန်မာစာ စာသင်ခန်းများတွင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ပါသည်။

- စာဖတ်တတ်ကျွမ်းမှုကို သင်ကြားရာတွင် စာပါအကြောင်းအရာများကို ယေဘုယျနားလည်သဘောပေါက်ရန် အတွက် စာမဖတ်မီ၊ ဖတ်နေစဉ်နှင့် စာဖတ်ပြီးဟူသည့် အဆင့်သုံးဆင့်ခွဲကာ သင်ယူမှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်သင့်သည်။

- အလယ်တန်းဆင့်ကလေးများ၏ ဝေါဟာရကြွယ်ဝမှုနှင့် စပ်လျဉ်း၍ ပညာသင်ယူရေးဆိုင်ရာ အထွေထွေဝေါဟာရများနှင့် ဘာသာရပ် (သို့မဟုတ်) ပညာရပ်တစ်ခုချင်းဆိုင်ရာ ဝေါဟာရများကို သီးသန့်သင်ကြားပေးရန် လိုအပ်ပါသည်။

- သတင်းအချက်အလက်များ ရှာဖွေရယူနိုင်ရေးအတွက် စာဖတ်ခြင်းကို အခြေခံပညာအလယ်တန်းဆင့်ကလေးများအား သင်ကြားပေးရာတွင် စာဖတ်ပြီး အမေးအဖြေပြုလုပ်သင်ကြားခြင်း ကဲ့သို့သော သမားရိုးကျ သင်ကြားနည်းများအပြင် ကလေးများ၏ စိတ်ဝင်စားမှုကို ဖြစ်ထွန်းစေရန် တက်ကြွစွာပါဝင် လုပ်ဆောင်ရသည့် သင်ယူမှုလုပ်ငန်းများဖြင့်လည်း စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

- စာဖတ်ပြီး အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူခြင်း (သို့မဟုတ်) ကောက်ချက်ချခြင်းသည် စာဖတ်ကျွမ်းကျင်သူတစ်ဦးတွင် ရှိရမည့် အရည်အချင်းတစ်ရပ်ဖြစ်သည့်အလျောက် စကားလုံး အသုံးအနှုန်းအဆက်အစပ်၊ အကြောင်းအရာအဆက်အစပ်၊ မိမိ၏ သိပြီးအသိပညာ အဆက်အစပ်များကို အသုံးပြုကာ အဓိပ္ပာယ်ကို ဆက်စပ်ကောက်ယူတတ်စေရန် (သို့မဟုတ်) ကောက်ချက်ချတတ်စေရန် ကလေးများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးသင့်ပါသည်။

- ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်မှုစွမ်းရည်အတွက် စာဖတ်ခြင်းကို သင်ကြားရာတွင် ကလေးများကို မေးခွန်းမေးခြင်း၊ ကလေးများကိုယ်တိုင် မေးခွန်းထုတ်ရန် အားပေးခြင်း၊ ဆရာနှင့် ကလေးများဖြစ်စေ၊ ကလေးအချင်းချင်းဖြစ်စေ အပြန်အလှန် စကားပြောခြင်းနှင့် ဆွေးနွေးခြင်း၊ အများနှင့်ပူးပေါင်း လုပ်ဆောင်ခြင်းစသည့် နည်းဗျူဟာများကို အသုံးပြုသင့်ပါသည်။
- ကလေးများ စာဖတ်ရာတွင် ဖတ်နေသည့် အကြောင်းအရာပေါ်တွင် ပျော်ရွှင် နှစ်သက်မှုဖြင့် ဖတ်စေရန် ပျိုးထောင်ပေးရာ၌ စာသင်ခန်းအတွင်း ၎င်းတို့ နှစ်သက်ရာစာကို ဖတ်ရှုနိုင်ရန် အချိန်စီစဉ်ပေးခြင်း၊ ကျောင်းစာကြည့်တိုက်ကို အသုံးပြုရန် စီစဉ်ပေးခြင်း၊ စာကိုကျယ်ကျယ်ပြန့်ပြန့် ဖတ်နိုင်ရန်အတွက် ဖတ်စရာ စာအုပ်စာတမ်းများကို ပြင်ဆင်ပေးခြင်း၊ စာဖတ်လိုစိတ်ကို ပျိုးထောင်ပေးခြင်း၊ လှုံ့ဆော်ပေးခြင်း စသည့် နည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ပါသည်။
- စာဖတ်ကျွမ်းကျင်မှု အားနည်းသော ကလေးများကို ၎င်းတို့၏ အားနည်းမှု အနေအထားနှင့် လိုက်လျောညီထွေရှိသည့် ဖြည့်ဆည်းသင်ပြမှုများ ပြုလုပ်ပံ့ပိုးပေးရန် လိုအပ်ပါသည်။ နိုင်ငံတကာ ပညာရှင်များက အကြံပြုထားသည့် နယ်ပယ် (၅) ရပ် ဖြစ်သည့် စကားလုံးများကို သင်ယူလေ့လာခြင်း၊ စာဖတ်သွက်ခြင်း၊ ဝေါဟာရ ကြွယ်ဝခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် လှုံ့ဆော်တိုက်တွန်းခြင်းတို့ကို အခြေခံကာ ကလေးများ၏ လိုအပ်ချက်များကို ဖော်ထုတ်ပြီး လိုအပ်သလို ပံ့ပိုးပေးရပါမည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်း (၅) ကို အဓိကအားဖြင့် စာဖတ်ကျွမ်းကျင်မှုများနှင့် အရေးအသား ကျွမ်းကျင်မှုများ ဟူ၍ အပိုင်းနှစ်ပိုင်း ခွဲထားသည်ဖြစ်ရာ မြန်မာစာအဖတ်အရွတ် ကျွမ်းကျင်မှုများ အပိုင်းကို ဤပထမစာသင်နှစ်ဝက်တွင် ထည့်သွင်းဖော်ပြထားပါသည်။ စာဖတ်တတ်ကျွမ်းမှု၏ အခြေခံသဘောများနှင့် အစပြုကာ စာဖတ်တတ်ကျွမ်းမှုဆိုင်ရာသင်ကြားနည်းများအပြင် စာဖတ်ကျွမ်းကျင်မှု အားနည်းသူများအား ပံ့ပိုးကူညီနိုင်သော နည်းလမ်းများ၊ သင်ခန်းစာ ပြင်ဆင်သင်ကြားခြင်းတို့ကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ ဤအပိုင်းမှ သင်ယူရရှိသည့် အသိပညာ ဗဟုသုတ၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို အသုံးချကာ ဆရာသည် မိမိစာသင်ခန်းရှိ ကလေးများ စာဖတ်ကျွမ်းကျင်မှုများရရှိရန် သင်ကြားပို့ချခြင်း၊ ပံ့ပိုးခြင်း တို့ကို လုပ်ဆောင်ရမည်ဖြစ်သည်။

၂၁ ရာစု မျက်မှောက်ခေတ် အလယ်တန်းဆင့် ကလေးများအနေဖြင့် စာဖတ်ခြင်းကို နှစ်သက်ပျော်ရွှင်လာစေရန် ပံ့ပိုးလုပ်ဆောင်ခြင်း၊ စာဖတ်သည့် အလေ့အထကောင်းများ ဖြစ်လာရန် အားပေးလှုံ့ဆော်ခြင်းတို့လည်း လိုအပ်ပါသည်။ ကျောင်းသားကိုင် စာအုပ်များအပြင် သင်ရိုးပြင်ပမှ ကောင်းနိုးရာရာ သုတ၊ ရသ စာပေအမျိုးမျိုးနှင့် လက်လှမ်းမီစေရေးကိုလည်း အလေးထားလုပ်ဆောင်သင့်ပါသည်။ တစ်ပြိုင်တည်းမှာပင် သတင်းအချက်အလက်များ အရှိန်အဟုန်ဖြင့် တိုးပွားလာနေသည့် ၂၁ ရာစုခေတ်တွင် အလယ်တန်းဆင့် ကလေးများ၏ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးရေးနှင့် မီဒီယာအမျိုးမျိုးမှ သတင်းအချက်အလက်များကိုပါ စိစစ်လက်ခံ ရယူနိုင်ရေးတို့ကို အထူးအလေးပေး လုပ်ဆောင်သင့်ပေသည်။ အလေးပေးဆွေးနွေးရန် သာဓက အနေဖြင့် အောက်ပါအကြောင်းအရာ ခေါင်းစဉ်နှစ်ခုကို ထောက်ခံအကြံပြုပါသည်။

- “အလယ်တန်းဆင့်ကလေးများ အဖတ်အရွတ်ဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးလာရန် စာကောင်းပေမွန်များနှင့် လက်လှမ်းမီစေရေး (အလွယ်တကူရရှိနိုင်ရေး) ဝိုင်းဝန်းပံ့ပိုး လုပ်ဆောင်ပေး။”
- “မီဒီယာမှ ရရှိသော သတင်းအချက်အလက်များသည် သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး။”

# ဆက်လက်ဖတ်မှတ်စရာများ

## ၅.၁။ စာဖတ်ကျွမ်းကျင်မှုများ

Department of Education, Tasmanian Government, Australia. (2016). *Good teaching – Literacy 7 – 10.* For the latest version of this document and additional support materials go to: www.education.tas.gov.au/intranet/

Fellowes, J., & Oakley, G. (2010). *Language, literacy and early childhood education.* Sydney: OUP.

Freire, P. (1985). Reading the world and reading the word: An interview with Paulo Freire. *Language Arts, 62* (1).

IRA. (2012). *Adolescent literacy: A position statement of the International Reading Association.* Retrieved from www.reading.org/Resources/ResourcesbyTopic/Adolescent/Overview.aspx

OECD. (1999). *Measuring student knowledge and skills: A new framework for assessment.* Paris: OECD Publications Service.

OECD. (2018). *PISA 2018 assessment and analytical framework.* Paris: PISA, OECD Publishing. https://doi.org/10.1787/b25efab8-en

OECD. (2019). PISA 2018 assessment and analytical framework. Paris: PISA, OECD Publishing.

Ontario Ministry of Education. (2008). A guide to effective literacy instruction, Grades

4 to 6: *A multi-volume resource from the Ministry of Education, Volume 7, Media literacy.*

Ontario Ministry of Education. (2008). A guide to effective literacy instruction, Grades 4 to 6, Volume 7, Media literacy. A multi-volume resource from the Ministry of Education.

P21. (2016). *Framework for 21st century learning.* Washington DC: Partnership for 21st Century Skills. www.P21.org. *Reciprocal teaching.* Retrieved from https://www.readingrockets.org/strategies/reciprocal_teaching

Shanahan, T., & Shanahan, C. (2012). What is disciplinary literacy and why does it matter? *Topics in language disorders, January- March, 2012,* pp. 7 – 18.

Smith, N. B. (1969). *The many faces of reading comprehension.* Paper presented at the International Reading Association conference, Kansas City, Mo., USA.

Trilling, B., & Fadel, C. (2009). *21st century skills: Learning for life in our times.* San Francisco, CA: Jossey-Bass Books.

## ၅.၂။ စာဖတ်ကျွမ်းကျင်မှုများကို သင်ကြားသင်ယူခြင်း

ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း ။*

ပညာရေးဝန်ကြီးဌာန။ (နေ့စွဲမပါ)။ *မြန်စာဘာသာရပ် Grade 6 to 9 သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ ။* ပုံနှိပ်ထုတ်ဝေခြင်းမပြုသည့်မူကြမ်း။

Point B။ (ခုနှစ်မပါ)။ *၂၁ ရာစုခေတ်ကာလ၊ စွမ်းရည်ပြည့်ဝ ဆရာ၊ ဆရာမ လမ်းညွှန်။*

Boardman, A. G., Roberts, G., Vaughn, S., Wexler, J., Murray, C. S., & Kosanovich, M. (2008). *Effective instruction for adolescent struggling readers: A practice brief.* Portsmouth, NH: RMC Research Corporation, Center on Instruction.

Burbles, N. C., & Berk, R. (1999). Critical thinking and critical pedagogy: Relations, differences and limits. In Thomas S. Popkewitz and Lynn Fendler, (eds.) *Critical theories in education.* New York: Routledge.

Clark, C., & Rumbold, K. (2006). Reading for Pleasure: A research overview. The National Literacy Trust. In Department for education (2012, May). *In Research evidence on reading for pleasure: Education standard research team.* UK.

Gold, J., & Gibson, A. (2001). *Reading aloud to build comprehension.* Retrieved from https://www.readingrockets.org/article/reading-aloud-build-comprehension

Hougen, M. (2014). *Evidence-based reading instruction for adolescents, grades 6-12* (Document No. IC-13). Retrieved from University of Florida, Collaboration for Effective Educator, Development, Accountability, and Reform Center website: http://ceedar.education.ufl.edu/tools/innovation-configurations/

Kispal, A. (2008). *Effective teaching of inference skills for reading: Literature review.* National Foundation for Education Research. Retrieved from www.dcsf.gov.uk/research

NSW Department of Education. (2019). *Reading.* Retrieved from https://education.nsw.gov.au/teaching-and-learning/student-assessment/smart-teaching-strategies/literacy/reading

Oxford Learning. (2017). *How to take study note: 5 effective note taking methods.* Retrieved from https://www.oxfordlearning.com/5-effective-note-taking-methods/

Reciprocal teaching. Retrieved from https://www.readingrockets.org/strategies/reciprocal_teaching

Texas Reading Initiative. (2002). Comprehension Instruction, 2002 online revised edition. Retrieved from http://www.netxv.net/pm_attach/67/TRI-Comprehension_Instr.pdf

The World Bank. (2015). *Myanmar early grade reading assessment for Yangon Region.* Bangkok, Thailand: The World Bank.

Whitman, N. A. (1988). *Peer Teaching: To Teach Is To Learn Twice.* ASHE-ERIC Higher Education Report No. 4, 1988.

Williams, E. (1984). *Reading in the language classroom.* Essential language teaching series. London: Macmillan.

Willingham, D. T. (2007). Critical thinking: Why is it so hard to teach? *American Educator, Summer 2007.*

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ကောက်ချက်ဆွဲခြင်း (Inference) | စာတစ်ပုဒ်ကိုဖတ်ပြီးနောက် စဉ်းစားတွေးတောမှု စွမ်းရည်များကို အသုံးပြုပြီး နားလည်သည့်အဆင့် ဖြစ်သည်။ တိုက်ရိုက်အဓိပ္ပာယ်ကိုယူခြင်းမဟုတ်၊ ထဲထဲဝင်ဝင် နားလည်သဘောပေါက်ခြင်းဖြစ်သည်။ |
| ကျန်းမာရေးဆိုင်ရာ စာတတ်မြောက်မှု (Health literacy) | သာမန်နိုင်ငံသားတစ်ယောက်အနေဖြင့် ကျန်းမာရေးနှင့်ဆိုင်သည့် အခြေခံအသိပညာနှင့် ကျွမ်းကျင်မှုများကို တတ်မြောက်ခြင်း ဖြစ်သည်။ |
| ကျယ်ကျယ်ပြန့်ပြန့် ဖတ်ခြင်း (Extensive reading) | စာသင်ခန်းအတွင်း ပြဋ္ဌာန်းထားသည့် စာအုပ်စာပေများ သာမက ပြင်ပမှစာအုပ်စာပေများကိုပါ ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုလေ့လာခြင်းဖြစ်သည်။ |
| ခြုံယူဆင်ခြင်နည်း (Inductive reasoning) | ယုတ္တိဗေဒသဘောအရ ကြောင်းကျိုးဆက်စပ် ဆင်ခြင်စဉ်းစားသည့်အခါ အသေးစိတ်အချက်များကို ဦးစွာလေ့လာသုံးသပ်ပြီးမှ ယေဘုယျကောက်ချက်ကို ဆွဲခြင်းဖြစ်သည်။ |
| စကားစဉ် (Discourse) | ဝါကျထက်ကြီးသော တစ်ဆက်တည်း ပြောသည့်၊ ရေးသည့်စကားစု အစဉ်အတန်း ဖြစ်သည်။ ပြောသူနှင့် နာသူ ပြောဆိုသောစကား အစဉ်အတန်းကို ဖြစ်စေ၊ နှစ်ယောက်ထက်ပိုသူများ ဝိုင်းဖွဲ့ပြောစကားဝိုင်းဖြစ်စေ အကျုံးဝင်သည်။ (ကိုးကား။ ခင်မင်၊ ၂၀၁၉) |
| စကားစဉ်ခြင်း (Verbal mapping) | လူကြီးက ကလေးနှင့် အတူ့အလှယ် ပြုလုပ်ဆက်သွယ် ပြောဆိုရာတွင် အရာဝတ္ထုတစ်ခု (သို့မဟုတ်) အဖြစ်အပျက် တစ်ခုကို ဖော်ပြရာ၌ အမည်သက်သက်မဟုတ်ဘဲ ကလေး၏ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေသည့် အဆင့်အထိ အသေးစိတ် ဖော်ပြပေးခြင်း ဖြစ်သည်။ စကားစဉ်ခြင်းသည် ယေဘုယျအားဖြင့် လူကြီးက တစ်ဖက်သတ် ပြောနေခြင်းသာ ဖြစ်လေ့ရှိပါသည်။(ကိုးကား။ Otto, 2010) |
| စကားစဉ်ပစ္စည်း (Discourse marker) | ဝါကျ (သို့မဟုတ်) ဝါကျကဏ္ဍ တစ်ခုထက် ကျော်လွန်ပြီး၊ စကားစဉ်တစ်ခုအတွင်း ရှေ့နောက်ဆက်စပ်မှုကို ရည်ညွှန်းအသုံးပြုသည့် အသုံးအနှုန်းများ ဖြစ်သည်။ ဥပမာအားဖြင့် "အဲဒီတော့ ဟိုကောင်နောက်ကျမယ်ပေါ့" ဟူသော စကားရပ်တွင် "အဲဒီတော့" သည် စကားစဉ်ပစ္စည်း ဖြစ်ပါသည်။ |
| စကားလုံးဖွဲ့စည်းပုံ (Morphological construction) | ဘာသာစကားတစ်ခုအတွင်း စကားလုံးများ မည်သို့ တည်ဆောက်ဖွဲ့စည်းထားသည်ဆိုသည့် စည်းမျဉ်းများကို ရည်ညွှန်းသည်။ "စကားလုံး ရုပ်သွင်ဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ" ဟုလည်း အချို့က ခေါ်ကြသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| စကားလုံးမိသားစု<br>(Word family) | မူရင်းစကားလုံးတစ်လုံးကို ရှေ့ဆက်၊ နောက်ဆက်များဖြင့် ချိတ်ပြီး ပွားနိုင်သည့် စကားလုံး အစုအဝေးဖြစ်သည်။ ဥပမာ - “လှ” ဟူသောစကားလုံးမှ “အလှ၊ လှသည်၊ လှသော၊ လှပ၊ လှလှပပ၊ အလှအပ” စသည်ဖြင့် ပွားထားသည့် စကားလုံးများသည် မိသားစုတစ်စု ဖြစ်သည်။ |
| စကားသင်္ကေတ ပြောင်းခြင်း<br>(Code switching) | ဥပမာအားဖြင့် မြန်မာစကားပြောနေရာမှ အင်္ဂလိပ်စကားသို့ ပြောင်းပြောခြင်းသည် စကားသင်္ကေတပြောင်းခြင်း ဖြစ်သည်။ |
| စကားသင်္ကေတရောခြင်း<br>(Code mixing) | ဥပမာအားဖြင့် မြန်မာစကားပြောရာတွင် အင်္ဂလိပ်စကားလုံးများ ညှပ်ပြောခြင်းသည် စကားသင်္ကေတရောခြင်း ဖြစ်သည်။ |
| စာပေဆိုင်ရာ စာသား<br>(Literary text) | ကဗျာ၊ ဝတ္ထု၊ ပြဇာတ် စသည့် စာပေဟု သတ်မှတ်ထားသော အရေးအသားများနှင့်ဆိုင်သည့် စာသားဖြစ်သည်။ |
| စာဖတ်ကတ်<br>(Flash card) | ကျောင်းသားများအတွက် စာဖတ်လေ့ကျင့် သင်ယူနိုင်ရန် ဖတ်စာအုပ်တွင် မပါဝင်သည့် အပိုဖတ်စာများကို ကတ်ပြားပေါ်တွင် ပုံနှိပ်၍ဖြစ်စေ၊ လက်ရေးဖြင့် ရေးသား၍ဖြစ်စေ ပြင်ဆင်ပေးထားသည့် သင်ထောက်ကူပစ္စည်းတစ်မျိုးဖြစ်သည်။ စာအုပ်စာတမ်း ရှားပါးသည့် ဒေသများတွင် အလွန်အသုံးဝင်ပါသည်။ |
| စာဖတ်နိုင်စွမ်း ချွတ်ယွင်းခြင်း<br>(Dyslexia) | ဉာဏ်ရည်နိမ့်သောကြောင့်မဟုတ်ဘဲ စာဖတ်နိုင်စွမ်း ပျက်ယွင်းမှု ဖြစ်သည်။ စာဖတ်နိုင်စွမ်း ချွတ်ယွင်းမှုမှာ ပုံစံအမျိုးမျိုးရှိပါသည်။ |
| စာလုံးများကို<br>ပြောင်းပြန်မြင်ခြင်း<br>(Strephosymbolia) | ပုံရိပ်များကို မှန်တွင် မြင်ရသကဲ့သို့ ပြောင်းပြန်မြင်သည့်အတွက် စာလုံးများကိုလည်း ပြောင်းပြန်မြင်ခြင်း ဖြစ်သည်။ စာဖတ်နိုင်စွမ်းချွတ်ယွင်းမှုတစ်မျိုး ဖြစ်သည်။ |
| စာသား<br>(Text) | ယေဘုယျအားဖြင့် ရေးသားထားသော စာသားကို ညွှန်းခြင်းဖြစ်သော်လည်း ဘာသာဗေဒ ပညာရှင်များက အပြန်အလှန် စကားပြောသည့် အပြောစာသား (စကားသား) ကိုပါ စာသားဟု သတ်မှတ်ထားကြသည်။ |
| စာသားကို မဖတ်တတ်ခြင်း<br>(Hyperlexia) | စကားလုံးတစ်လုံးချင်းကိုပြလျှင် အသံထွက်တတ်သော်လည်း စာသားကို တွေ့လျှင် မဖတ်တတ်ခြင်း၊ နားမလည်ခြင်းဖြစ်သည်။ |
| စာသားအစစ်အမှန်<br>(Authentic text) | ကျောင်းသုံးစာအုပ်များ၊ သင်ထောက်ကူ စာအုပ်စာတမ်းများတွင် ကျောင်းသားများ သင်ယူရန် ရည်ရွယ်ကာ ရေးသားထားသည့် စာသားများ မဟုတ်သည့် ပြင်ပလူနေမှုဘဝတွင် တွေ့ရှိရသည့် စာသားများကို ဆိုလိုသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| စိတ်ကူးပုံဖော်ခြင်း (Mind mapping) | အသိသညာများ၊ စိတ်ကူးများ၏ အချိတ်အဆက်ကို စက်ဝိုင်းများ၊ မျဉ်းများ အသုံးပြုပြီး ပုံဖော်ချိတ်ဆက်ပြခြင်းဖြစ်သည်။ အသိသညာပုံဖော်ခြင်း (concept map)၊ အသိသညာ ကွန်ရက် (concept web) စသည်ဖြင့်လည်း ခေါ်ကြသည်။ |
| တိုက်ရိုက်နားလည်ခြင်း (Literal comprehension) | စာသားတွင်ပါဝင်သည့် စကားလုံးများ၊ အသိသညာများကို မှတ်မိခြင်း၊ ရှာဖွေခြင်း၊ တိုက်ရိုက်ယူခြင်းဖြစ်သည်။ စဉ်းစားတွေးတောမှုမပါ၊ ထဲထဲဝင်ဝင် နားလည်ခြင်းမဟုတ်၊ နားလည်မှုအဆင့်များတွင် အနိမ့်ဆုံးအဆင့် ဖြစ်သည်။ |
| ဒစ်ဂျစ်တယ်ဆိုင်ရာ စာတတ်မြောက်မှု (Digital literacy) | ဒစ်ဂျစ်တယ်ဆိုင်ရာ စာတတ်မြောက်မှုသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများအပေါ်တွင် မှီခိုလာနေရသည့် ကမ္ဘာကြီး၌ ရှင်သန်နေထိုင်ရန်၊ ပညာသင်ယူရန်နှင့် အလုပ်လုပ်ကိုင်ရန်တို့အတွက် လိုအပ်သော ဒစ်ဂျစ်တယ်နည်းပညာ ဆိုင်ရာ တတ်ကျွမ်းမှုများရှိခြင်း ဖြစ်သည်။ |
| နှုန်းစံတန်ဖိုး (Norms and values) | နှုန်းစံ (Norm) ဆိုသည်မှာ လူမှုအသိုက်အဝန်း (သို့မဟုတ်) လူအဖွဲ့အစည်း တစ်ခုတွင် ပါဝင်သူများ၏ အပြုအမူများ၊ စိတ်နေသဘောထားများနှင့် စပ်လျဉ်းပြီး အများက လက်ခံ ထားသည့် သတ်မှတ်ချက်များကို ရည်ညွှန်းခြင်း ဖြစ်သည်။ တန်ဖိုး (Value) ဆိုသည်မှာ လူမှုအသိုက်အဝန်း (သို့မဟုတ်) လူအဖွဲ့အစည်းတစ်ခုတွင် အရေးကြီးသည်ဟု အများက လက်ခံသတ်မှတ်ထားသည့် အရာများဖြစ်သည်။ လူမှုဗေဒ (Sociology) တွင် "နှုန်းစံတန်ဖိုး" ဟု တစ်တွဲတည်း အသုံးပြုလေ့ ရှိပါသည်။ ဥပမာ - "ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား" ဟူသော အယူအဆများသည် မြန်မာ့လူ့အဖွဲ့အစည်း၏ နှုန်းစံတန်ဖိုးများထဲမှ တစ်ခုဟု ဆိုနိုင်ပါသည်။ |
| ပညာရပ်ဆိုင်ရာ စာတတ်မြောက်မှု (Academic literacy) | အခြေခံပညာ သင်ယူပြီးမြောက်ပြီးသည့်နောက် ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန် ယေဘုယျအားဖြင့် လိုအပ်သော ဝေါဟာရများ၊ အသုံးအနှုန်းများကို နားလည်သဘောပေါက် နိုင်စွမ်းနှင့် ဆက်စပ် အသုံးပြုနိုင်စွမ်းရှိခြင်းကို ဆိုသည်။ |
| ပေါရာဏ | ပညာရှင်အဆက်ဆက် ရွေးသုံးအဖြစ် သတ်မှတ်ခဲ့သော ဝေါဟာရကို ခေါ်သည်။ |
| ပုဒ်စပ် (Juncture) | အပြောစကားတွင် ရှေ့စကားသံနှင့် နောက်စကားသံတို့အကြား ဆက်စပ်မှု အတိုင်းအတာကို ရည်ညွှန်းခြင်း ဖြစ်သည်။ ထိုဆက်စပ်မှု အတိုင်းအတာကို မူတည်ပြီး ရှေ့စကားသံနှင့် နောက်စကားသံတို့တွင် စကားသံ အပြောင်းအလဲများ ဖြစ်နိုင်သည်။ ဘာသာဗေဒတွင် ပုဒ်စပ်ပိတ် (Close juncture) နှင့် ပုဒ်စပ်ပွင့် (Open juncture) ဟု နှစ်မျိုးခွဲကာ လေ့လာကြသည်။ |
| ပြည်သူ့ရေးရာ စာတတ်မြောက်မှု (Civic literacy) | နိုင်ငံသားတစ်ဦးအနေဖြင့် ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သော အခြေခံ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ဖွံ့ဖြိုးခြင်းဖြစ်သည်။ ပြည်သူ့နီတိအခြေခံများ တတ်ကျွမ်းခြင်းဟုလည်း ဆိုနိုင်ပါသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဘရိုကာ နယ်ပယ် (Broca's area) | ဦးနှောက်ကြီး၏ လက်ယာဘက်ပိုင်းရှေ့ခြမ်းရပ်ဝန်း တစ်ခုဖြစ်ပြီး စကားပြောရန်အတွက် အရေးကြီးသည့် နယ်တစ်ခု ဖြစ်သည်။ ပြင်သစ်ဆရာဝန် ပေါလ်ဘရိုကာကို အစွဲပြု၍ ဘရိုကာနယ်ပယ်ဟု အမည်ပေးထားခြင်း ဖြစ်သည်။ |
| ဘာသာစကား ငြမ်းဆင်ပေးခြင်း (Linguistic scaffolding) | လူကြီးတစ်ယောက် (သို့မဟုတ်) အသက်ပိုကြီးသည့် ကလေး တစ်ယောက်က ကလေးငယ် တစ်ယောက်၏ ဘာသာစကား တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်လျက် ကူညီပံ့ပိုးသည့် အနေဖြင့် အပြန်အလှန် စကားပြောပေးခြင်း ဖြစ်သည်။ |
| ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှု (Disciplinary literacy) | ကျောင်းတွင်သင်ယူရသည့် ဘာသာရပ် (သို့မဟုတ်) ပညာရပ်တစ်ခုချင်းစီတွင် တစ်ဘာသာစီ ထူးခြားသော ဝေါဟာရအသုံးအနှုန်း၊ စာအရေးအသားပာန်၊ စာသားပုံသဏ္ဌာန်တို့ ရှိကြသည်ဖြစ်ရာ ဘာသာရပ် တစ်ခုချင်းအလိုက် လိုအပ်သောစာကိုဖတ်ပြီး နားလည်နိုင်၊ အချက်အလက်ထုတ်ယူနိုင်၊ အသုံးပြုနိုင်စွမ်းများသည့် ဘာသာရပ်ဆိုင်ရာ စာတတ်မြောက်မှုပင် ဖြစ်သည်။ |
| ဘဏ္ဍာရေးဆိုင်ရာ စာတတ်မြောက်မှု (Financial literacy) | ရင်းနှီးမြှုပ်နှံခြင်း၊ ရသုံးငွေလျာထားခြင်းနှင့် ကိုယ်ပိုင်ငွေ စီမံခန့်ခွဲခြင်း စသည်တို့နှင့် စပ်လျဉ်းသည့် ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုအမျိုးမျိုးကို နားလည် သဘောပေါက်ပြီး ထိရောက်စွာ အသုံးချနိုင်စွမ်း ဖြစ်သည်။ |
| မီဒီယာဆိုင်ရာ စာတတ်မြောက်မှု/ မီဒီယာတတ်ကျွမ်းမှု (Media literacy) | မီဒီယာဆိုင်ရာ စာတတ်မြောက်မှုတွင် မီဒီယာအမျိုးမျိုး၌ တွေ့ရသော သတင်းစကားများကို ကြောင်းကျိုးခိုင်လုံစွာ ဝေဖန်ဆန်းစစ်နိုင်ခြင်း၊ လူ့အဖွဲ့အစည်းအပေါ် မီဒီယာ၏ လွှမ်းမိုးမှုများကို သိမြင်နားလည်ခြင်းနှင့် မီဒီယာများ၏ ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များကို နားလည်သဘောပေါက်ခြင်းတို့ ပါဝင်ပါသည်။ |
| မှန်ကန်တိကျခြင်း (Accuracy) | စာဖတ်သည့်အခါတွင် စကားလုံးများကို မှန်ကန်တိကျစွာ ဖတ်နိုင်ခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။ |
| ယဉ်ကျေးမှုဆိုင်ရာ စာတတ်မြောက်မှု (Cultural literacy) | ယဉ်ကျေးမှုအမျိုးမျိုးကို သင်ယူလိုစိတ်ရှိပြီး မိမိ၏ ယဉ်ကျေးမှုကိုလည်း အများကို မျှဝေနိုင်စွမ်း၊ ယဉ်ကျေးမှု နယ်နိမိတ်များကို ဖြတ်ကျော်ပြီး ဆက်သွယ်ပြောဆိုနိုင်စွမ်းရှိခြင်း ဖြစ်သည်။ |
| ဝါနစ်ကေး နယ်ပယ် (Warnicke's area) | ဦးနှောက်၏ လက်ဝဲဘက်ခြမ်း နားထင်ခြမ်းနှင့် နောက်စေ့ခြမ်း ဆုံရာတစ်ဝိုက်ဖြစ်ပြီး အပြောစကားကို နားလည်သဘောပေါက်မှုအတွက် အရေးကြီးသည့် နယ်ပယ်ဖြစ်သည်။ ဂျာမန်လူမျိုး ဦးနှောက်နှင့် အာရုံကြော ပညာရှင်လည်းဖြစ်၊ စိတ်ဆရာဝန်လည်းဖြစ်သည့် ကားလ်ဝါနစ်ကေးကို အစွဲပြု၍ ဝါနစ်ကေးနယ်ပယ်ဟု အမည်ပေးထားခြင်း ဖြစ်သည်။ |
| ဝေဖန်ပိုင်းခြား စာတတ်မြောက်မှု (Critical literacy) | လူသားများ၏ဆက်ဆံရေးတွင် အာဏာ၊ အင်အား၊ တန်းတူညီမျှမှု၊ တရားမျှတမှု စသည့် အခြေအနေများနှင့် စပ်လျဉ်းပြီး ပိုမိုနားလည်နိုင်ရန် စာဖတ်သည့်အခါ တက်ကြွစွာ ဝေဖန်သုံးသပ် ဖတ်ရှုနိုင်စွမ်း ဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဝေဖန်ပိုင်းခြား စဉ်းစား ဆင်ခြင်ခြင်း (Critical thinking) | ဆီလျော်သောမေးခွန်းများ ထုတ်ခြင်း၊ အချက်အလက်များကို စုဆောင်းပြီး ဖန်တီးစိတ်ကူး နိုင်စွမ်းကို အသုံးပြုကာ အဖြေရှာခြင်း၊ သတင်းအချက်အလက်အသစ်ကို ရှိပြီးအသိပညာနှင့် ချိတ်ဆက်ခြင်း၊ မိမိ၏ အယူအဆများကို ပြန်လည်သုံးသပ်စစ်ဆေးခြင်း၊ ယုတ္တိဗေဒနည်းဖြင့် ကြောင်းကျိုးဆင်ခြင်ခြင်း၊ယုံကြည်ကိုးစားနိုင်လောက်သည့် ကောက်ချက်များချခြင်း စသည့် အဆင့်မြင့် စဉ်းစားတွေးတောမှု ဖြစ်စဉ်များဖြစ်သည်။ |
| ဝဂ်ဗျည်း | အသံဖြစ်ရာနေရာ (ဌာန်) တူရာတူရာ အစု (၅) စုဖွဲ့၍ ရွတ်ဆိုရသော ဗျည်း (၂၅) လုံးကို ဝဂ်ဗျည်းဟု ခေါ်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။<br>က၊ ခ၊ ဂ၊ ဃ၊ င။<br>စ၊ ဆ၊ ဇ၊ ဈ၊ ည။<br>ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။<br>တ၊ ထ၊ ဒ၊ ဓ၊ န။<br>ပ၊ ဖ၊ ဗ၊ ဘ၊ မ။ |
| ဝဏ္ဏ (Syllable) | သရသံတစ်ခုတည်းဖြစ်စေ၊ သရသံတစ်ခုနှင့် ဗျည်းသံ တစ်ခု (သို့မဟုတ်) ဗျည်းသံအချို့နှင့် ပေါင်းစပ်၍ဖြစ်စေ အသံတစ်ချက် အဖြစ် သီသာထင်ရှားစွာ ကြားရသည့် စကားသံယူနစ် တစ်ခုကို ခေါ်သည်။ ဥပမာ - "အား" ဟုဆိုလျှင် သရသံတစ်ခုလည်းဖြစ်ပြီး ဝဏ္ဏတစ်ခုလည်း ဖြစ်သည်။ "ကား" တွင်မူ "က" ဟူသောဗျည်းသံနှင့် "အား" ဟူသော သရသံတို့ ပေါင်းစပ်ပြီး ဖြစ်ပေါ်သည့် အသံတစ်ချက်၊ ဝဏ္ဏ တစ်ခု ဖြစ်သည်။ ဧကဝဏ္ဏ ဆိုသည်မှာ ဝဏ္ဏတစ်ခုသာ ရှိခြင်းကို ဆိုသည်။ "ကား၊ အိမ်၊ ကျောင်း၊ လှ၊ ဖြူ" စသည်တို့သည် ဧကဝဏ္ဏ စကားလုံးများ ဖြစ်သည်။ ဗဟု ဝဏ္ဏ ဆိုသည်မှာ ဝဏ္ဏတစ်ခုမကရှိခြင်းကို ဆိုသည်။ "ကျောင်းသား၊ ဆရာ၊ ကျောင်းအုပ်ကြီး၊ မြန်မာစာ၊ လေ့ကျင့်ရေးကျောင်း" စသည့် စကားလုံးများသည် ဗဟုဝဏ္ဏစကားလုံးများ ဖြစ်သည်။ |
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတတ်မြောက်မှု (Environmental literacy) | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိသညာများ၊ ပြဿနာများ၊ ကိစ္စရပ်များကို ကောင်းစွာသိနားလည်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ရေးရာများတွင် ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်နိုင်စွမ်းရှိခြင်းဖြစ်သည်။ |
| သတင်းအချက်အလက် ဆိုင်ရာ စာတတ်မြောက်မှု (Information literacy) | သတင်းအချက်အလက်ဆိုင်ရာ စာတတ်မြောက်မှုသည် သတင်းအချက်အလက်များကို ထိရောက်မြန်ဆန်စွာ ရယူနိုင်ခြင်း၊ ဝေဖန်သုံးသပ်အကဲဖြတ်နိုင်ခြင်းနှင့် မှန်ကန်စွာ အသုံးပြုနိုင်ခြင်း စသည့် စွမ်းရည်များကို ရည်ညွှန်းခြင်း ဖြစ်သည်။ |
| သင်ရိုးညွှန်းတမ်း (Curriculum) | သင်ရိုးညွှန်းတမ်းဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန် ရည်ရွယ်၍ သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့ အပါအဝင် ကျောင်းတွင်းနှင့် ကျောင်းပြင်တို့၌ လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျ ရေးဆွဲသတ်မှတ်ထားသော အစီအစဉ်များ ဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| သင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံ (Curriculum structure) | သင်ရိုးညွှန်းတမ်းတစ်ခုတွင် ပါဝင်သည့် သင်ယူမှု နယ်ပယ်များ (သို့မဟုတ်) ဘာသာရပ်များနှင့် သင်ချိန်များ ခွဲဝေဖွဲ့စည်းထားပုံ ဖြစ်သည်။ |
| သံညင်းဗျည်း (အဃောသ) | ပင်ကိုအားဖြင့် မပြင်းသောအသံရှိ၍ ရွတ်ဆိုသောအခါ အသံညင်းညင်းထွက်သည့် ဗျည်းတို့ကို အဃောသ (သံညင်း) ဗျည်းဟု ခေါ်သည်။ “က၊ စ၊ ဋ၊ တ၊ ပ၊ ခ၊ ဆ၊ ဌ၊ ထ၊ ဖ၊ သ၊ ဟ” တို့သည် သံညင်းဗျည်းများ ဖြစ်သည်။ |
| သံပြင်းဗျည်း (ဃောသ) | ပင်ကိုအားဖြင့် ပြင်းသောအသံရှိ၍ ရွတ်ဆိုသောအခါ အသံပြင်းပြင်း ထွက်သည့် ဗျည်းတို့ကို ဃောသ (သံပြင်း) ဗျည်းဟု ခေါ်သည်။ “ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ၊ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ၊ င၊ ည၊ ဏ၊ န၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ ဠ” တို့သည် သံပြင်းဗျည်းများ ဖြစ်သည်။ |
| သုံးချောင်းထောက် သင်ရိုးညွှန်းတမ်း (Tripod curriculum) | ဘာသာစကား၊ စာရေးစာဖတ်နှင့် စာပေတည်းဟူသော ကဏ္ဍသုံးရပ်ဖြင့် ဖွဲ့စည်းထားလေ့ရှိသည့် အစဉ်အလာ ဘာသာစကား သင်ရိုးညွှန်းတမ်း ဖြစ်သည်။ |
| သွက်လက်ခြင်း (Fluency) | စာဖတ်ရာတွင် မည်မျှ မြန်မြန်ဖတ်နိုင်သည်ကို ရည်ညွှန်းခြင်းဖြစ်သည်။ တစ်မိနစ်အတွင်း စကားလုံးအရေအတွက် မည်မျှဖတ်နိုင်သည် (word per minute – wpm) (သို့မဟုတ်) တစ်မိနစ်အတွင်း စကားလုံးရေ မည်မျှ မှန်ကန်စွာ ဖတ်နိုင်သည် (correct word per minute – cwpm) ဟူသည့် တိုင်းတာမှုဖြင့် ဖော်ပြလေ့ရှိသည်။ |
| ဘာသာစကားသွင်းအားစု (Language input) | ဘာသာစကားသင်ယူသူတစ်ဦးအနေဖြင့် ကြားရသည့် စကားများ၊ ဖတ်ရှုရသည့် စာများကို ခေါ်ခြင်း ဖြစ်သည်။ |
| အချင်းချင်းသင်ကြားခြင်း (Peer teaching) | သင်ကြားရေးစွမ်းရည် ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ရန် ရည်ရွယ်၍ ကိုယ်တိုင် ပြင်ဆင်ထားသည့် သင်ခန်းစာအပိုင်း တစ်ခုခု (ဥပမာ - လုပ်ငန်း၊ သင်နည်း၊ အသိသညာ၊ ကျွမ်းကျင်မှု) ကို အုပ်စုငယ်များဖွဲ့၍ဖြစ်စေ ကျောင်းသားအချင်းချင်း သင်ကြားသည့် ပညာရေး နည်းဗျူဟာတစ်ရပ်ဖြစ်သည်။ (ကိုးကား။ ERIC) |
| အပြောစာသား (Oral text) | ဟောပြောပို့ချချက်များကဲ့သို့ တစ်ဦးတည်းက ပြောသော စကားဖြစ်စေ၊ ဝိုင်းဖွဲ့ပြီး အပြန်အလှန် ပြောသော စကားဖြစ်စေ စကားအစုအဝေးတစ်ခုကို အပြောစာသား (သို့မဟုတ်) စကားသားဟု ခေါ်ခြင်းဖြစ်သည်။ |
| အရုပ်စာသား (Pictorial text) | အဓိပ္ပာယ်တစ်ခုခုကို ရုပ်ပုံများဖြင့် ကိုယ်စားပြုဖော်ပြသည့် ဖော်ပြချက်တစ်ခုဖြစ်သည်။ အင်တာနက် စာမျက်နှာများပေါ်တွင် အရုပ်စာသားများကို အများအပြားတွေ့နိုင်ပါသည်။ |
| အာရုံစိုက်နိုင်စွမ်း ချို့တဲ့ခြင်းနှင့် တက်ကြွမှုလွန်ကဲခြင်း (Attention deficit and hyper activity disorder) | ADHD ဟု အတိုကောက်အားဖြင့်ခေါ်သည်။ ကလေးဘဝတွင် ဖြစ်တတ်သည့် စိတ်ပိုင်းဆိုင်ရာ အားနည်းချက်တစ်ခု ဖြစ်သည်။ တစ်စုံတစ်ခုအပေါ် အာရုံစိုက်နိုင်စွမ်း နည်းပါးခြင်း၊ စိတ်လိုက်မာန်ပါ ပြုလုပ်တတ်ခြင်းနှင့် တက်ကြွမှုလွန်ကဲခြင်းတို့သည် အဓိကလက္ခဏာများ ဖြစ်သည်။ |

| **အသုံးအနှုန်းများ** | **အသေးစိတ်ရှင်းလင်းချက်** |
|---|---|
| အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (Microteaching) | သင်ကြားရေးစွမ်းရည် ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ရန် ရည်ရွယ်၍ ကိုယ်တိုင်ပြင်ဆင်ထားသည့် သင်ခန်းစာအပိုင်း တစ်ခုခု (ဥပမာ - လုပ်ငန်း၊ သင်နည်း၊ အသိသညာ၊ ကျွမ်းကျင်မှု) ကို အုပ်စုငယ်များဖွဲ့၍ ဖြစ်စေ သင်ယူသူ ကလေးအစစ်ဖြင့် စမ်းသပ်သင်ကြားသည့် ပညာရေး နည်းဗျူဟာတစ်ရပ်ဖြစ်သည်။ ဤနည်းသည် သင်ကြားမည့်သင်ခန်းစာပမာဏကို လျှော့ချခြင်း၊ သင်ချိန်ကို လျှော့ချခြင်း၊ သင်ယူသူကလေးအရေအတွက်ကို လျှော့ခြင်း စသည်တို့ဖြင့် လေ့ကျင့်သင်ကြားခြင်းဖြစ်သည်။ (ကိုးကား။ PACE) |
| အိုင်စီတီဆိုင်ရာ စာတတ်မြောက်မှု (ICT literacy) | အိုင်စီတီဆိုင်ရာ စာတတ်မြောက်မှု ဆိုသည်မှာ အိုင်စီတီနည်းပညာကို အသုံးချနိုင်စွမ်းဖြစ်သည်။ |
| ဘဏ္ဍာရေးဆိုင်ရာ စာတတ်မြောက်မှု (Financial literacy) | ရင်းနှီးမြှုပ်နှံခြင်း၊ ရသုံးငွေလျာထားခြင်းနှင့် ကိုယ်ပိုင်ငွေ စီမံခန့်ခွဲခြင်းစသည်တို့နှင့် စပ်လျဉ်းသည့် ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုအမျိုးမျိုးကို နားလည်သဘောပေါက်ပြီး ထိရောက်စွာ အသုံးချနိုင်စွမ်း ဖြစ်သည်။ |

# ကျမ်းကိုးစာရင်း

ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၉၀)။ *မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာ။* ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၀)။ *လူတိုင်းအတွက် အသုံးချမြန်မာစာ*။ ရန်ကုန်၊ နေလင်း ပုံနှိပ်တိုက်။

ခင်မင်၊မောင်(ဓနုဖြူ)။ (၂၀၁၁)။ *ရေးဟန်ပညာနိဒါန်း*။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ *သက်တံ့ရောင်စုံ ဘာသာစကား* (ဒုတိယအကြိမ်)။ ရန်ကုန်၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၃)။ *မြန်မာစာ ကိုယ်ခံတည်ဆောက်ရေး (အခြေခံ စာအရေးအသားဆိုင်ရာ စာစု)* ။ ရန်ကုန်၊ သင်းစာပေ။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၃)။ *ငယ်ပေါင်းကြီးဖော် မြန်မာစာနှင့် အရေးအသား ပြဿနာများ*။ ရန်ကုန်၊ ကောင်းသန့်ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၄)။ *ဘာသာအမြင် စာပေအမြင်၊* (ဒုတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၆)။ *မြန်မာစကားအကြောင်း တစေ့တစောင်း။* ရန်ကုန်၊ ခိုင်ရဝေ ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၇)။ *နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာ* (ဒုတိယ အကြိမ်)။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၉)။ ဘာသာဗေဒဝေါဟာရများ။ ရန်ကုန်၊ ဒေါင်းစာပေ။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၉)။ အသက်ဆက်ရှင်သန်မှုအတွက် ဘာသာစကားနှင့် မြန်မာစာ ထိန်းသိမ်းစောင့် ရှောက်ရေး။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန။ (၂၀၁၃)။*ပညာရေးကောလိပ်-ဒုတိယနှစ် သင်တန်း၊ မြန်မာစာ သင်ပြနည်း*။ ရန်ကုန်။

တင်လှ၊ ဦး၊ မဟာဝိဇ္ဇာ။ (၂၀၁၈)။ *ဘာသာနှင့်စာပေ*။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ကျောင်းသုံးစာအုပ်၊ မြန်မာစာ၊ ဆဋ္ဌမတန်း*။ ရန်ကုန်။

ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ဆရာလမ်းညွှန်၊ မြန်မာစာ၊ ဆဋ္ဌမတန်း။* ရန်ကုန်။

ပညာရေးဝန်ကြီးဌာန။ (၂၀၁၉)။ *ယေဘုယျ အကြောင်းအရာများ*၊ မြို့နယ်အဆင့်၊ တတိယ တန်းသင်ရိုးသစ်မိတ်ဆက်၊ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းလက်စွဲ။ Retrieved from https://createmm.org

ပညာရေးဝန်ကြီးဌာန။ (၂၀၂၀)။ *ကျောင်းသုံးစာအုပ်၊ မြန်မာစာ၊ သတ္တမတန်း* ။ ရန်ကုန်။

ပညာရေးဝန်ကြီးဌာန (နေ့စွဲမပါ)။ *မြန်စာဘာသာရပ် Grade 6 to 9 သင်ရိုးနယ်ပယ်နှင့် အစီအစဉ်များ* ။ ပုံနှိပ်ထုတ်ဝေခြင်းမပြုသည့်မူကြမ်း။

ဖေမောင်တင်၊ ဦး။ (၁၉၅၅)။ *ကျောင်းသုံးမြန်မာသဒ္ဒါ* ။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မာလေး။ (၁၉၇၇)။ *မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများ*။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၃)။ *မြန်မာသဒ္ဒါအတွဲ (၃)* (ဒုတိယအကြိမ်)။ တက္ကသိုလ်များ ပုံနှိပ်တိုက်။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၁)၊ ပဉ္စမတန်း*။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၂)၊ ဆဋ္ဌမတန်း*။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၅)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၃)၊ သတ္တမတန်း*။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၁)၊ အခန်း(၄)၊ အဋ္ဌမတန်း*။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၇)။ *မြန်မာသဒ္ဒါအတွဲ (၂)၊ အခန်း(၅)၊ နဝမတန်း*။ ရန်ကုန်။

လှဘေ၊ ဒေါက်တာနှင့်အများ။(၂၀၁၂)။ *စည်းနဲ့ကမ်းနဲ့ မြန်မာစာ*။ ရန်ကုန်၊ ရွှေပြည်ဟိန်း ပုံနှိပ်တိုက်။

လှသမိန်။ (၂၀၁၉)။ မြန်မာစာပေ အဆီအနှစ် (ဒုတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

သန်းထွတ် (ဦး)(ပါမောက္ခ)(ငြိမ်း) (၂၀၁၅)။ မြန်မာစာသင်ကြားရေး (အထက်တန်းနှင့် အလယ်တန်း)။ ရန်ကုန်၊ စိန်တိုက်စာပေ။

အောင်မိုး၊ ဦး၊ ပါဠိပါရဂူ။ (၁၉၆၇)။ *ရသဂုဏ်ဆောင်းပါးများ* ။ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၅)။ ဘာသာစကားသုတ။ ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

Point B။ (ခုနှစ်မပါ)။ ၂၁ ရာစုခေတ်ကာလ၊ စွမ်းရည်ပြည့်ဝ ဆရာ၊ ဆရာမ လမ်းညွှန်။

Boardman, A. G., Roberts, G., Vaughn, S., Wexler, J., Murray, C. S., & Kosanovich, M. (2008). *Effective instruction for adolescent struggling readers: A practice brief.* Portsmouth, NH: RMC Research Corporation, Center on Instruction.

Burbles, N. C., & Berk, R. (1999). Critical thinking and critical pedagogy: Relations, differences and limits. In Thomas S. Popkewitz and Lynn Fendler, (eds.) *Critical theories in education.* New York: Routledge.

Clark, C., & Rumbold, K. (2006). Reading for Pleasure: A research overview. The National Literacy Trust. In Department for education (2012, May). *In Research evidence on reading for pleasure: Education standard research team.* UK.

Department of Education, Tasmanian Government, Australia (2016). *Good teaching – Literacy 7 – 10.* For the latest version of this document and additional support materials go to: www.education.tas.gov.au/intranet/

Fellowes, J., & Oakley, G. (2010). *Language, literacy and early childhood education.* Sydney: Oxford University Press.

Freire, P. (1985). Reading the world and reading the word: An interview with Paulo *Freire. Language Arts, 62* (1).

Friedberg, C., Mitchell, A., & Brooke, E. (n.d.). *Understanding academic language and its connection to school success.* Retrieved from www.lexialearning.com

Gold, J & Gibson, A. (2001). *Reading aloud to build comprehension.* Retrieved from https://www.readingrockets.org/article/reading-aloud-build-comprehension

Halliday, M. A. K. (2007). Language and education. Volume 9 in the Collected Works of M. A. K. Halliday. London and New York: Continuum.

Hedge, T. (2008). Teaching and learning in the language classroom. Oxford: Oxford University Press.

Hougen, M. (2014). *Evidence-based reading instruction for adolescents, grades 6-12* (Document No. IC-13). Retrieved from University of Florida, Collaboration for Effective Educator, Development, Accountability, and Reform Center website: http://ceedar.education.ufl.edu/tools/innovation-configurations/

IRA. (2012). *Adolescent literacy: A position statement of the International Reading Association.* Retrieved from *www.reading.org/Resources/ResourcesbyTopic/Adolescent/ Overview.aspx*

Kispal, A. (2008). *Effective teaching of inference skills for reading: Literature review.* National Foundation for Education Research. www.dcsf.gov.uk/ research

Krashen, S., & Brown, C. L. (2007). What is academic language proficiency?

Lambert, D., & Balderstone, D. (2010). Learning to teach Geography in the secondary school (2nd ed.). A Companion to School Experience, London: Routledge. Retrieved from https://www.amazon.com/Learning-Teach-Geography-Secondary-School/dp/0415156769

Leech, G. (1974). *Semantics*. Harmondsworth, Middlesex, England: Penguin Books.

Liddicoat, A. (1991). Bilingualism: An introduction. In Bilingualism and Bilingual Education. NLA Occasional paper No. 2.

Macfadyen, S. (2015). Different Methods of Teaching Grammar, Retrieved from http://www2.vobs.at/ludescher/pdf%20files/grammar.pdf

Madden, C. G., & Rohlck, T. N. (2006). *Discussion interaction in the academic community.* Ann Arbor: The University of Michigan Press.

NSW Department of Education. (2019). *Reading.* https://education.nsw.gov. au/teaching-and-learning/student-assessment/smart-teaching-strategies/literacy/reading

OECD. (1999). *Measuring student knowledge and skills: A new framework for assessment.* Paris: OECD Publications Service.

OECD. (2018). *PISA 2018 assessment and analytical framework.* Paris: PISA, OECD Publishing. https://doi.org/10.1787/b25efab8-en

OECD. (2019). PISA 2018 assessment and analytical framework. Paris: PISA, OECD Publishing.

Ontario Ministry of Education. (2008). A guide to effective literacy instruction, Grades 4 to 6: *A multi-volume resource from the Ministry of Education, Volume 7, Media literacy.*

Oxford Learning. (2017). *How to take study note: 5 effective note taking methods.* Retrieved from https://www.oxfordlearning.com/5-effective-note-taking-methods/

P21. (2016). *Framework for 21st century learning.* Washington DC: Partnership for 21st Century Skills. Retrieved from www.P21.org

Pearson. (n.d.). *Providing eductional feedback* white paper. Retrieved from https://www.pearson.com/content/ dam/one-dot-com/one-dot-com/us/en/ pearson-ed/ downloads/Feedback.pdf Reciprocal teaching. https://www.readingrockets.org/ strategies/reciprocal_teaching

Richards, J. C. (2008). *Teaching listening and speaking: Theory to practice.* Cambridge: Cambridge University Press.

Shanahan, T., & Shanahan, C. (2012). What is disciplinary literacy and why does it matter? *Topics in language disorders, January- March, 2012,* pp. 7 – 18.

Smith, N. B. (1969). *The many faces of reading comprehension.* Paper presented at the International Reading Association conference, Kansas City, Mo., USA.

Texas Reading Initiative. (2002). Comprehension Instruction, 2002 online revised edition. Retrieved from http://www.netxv.net/pm_attach/67/TRI-Comprehension_Instr.pdf

The World Bank. (2015). *Myanmar early grade reading assessment for Yangon Region.* Bangkok, Thailand: The World Bank.

Trilling, B., & Fadel, C. (2009). *21st century skills: Learning for life in our times.* San Francisco, CA: Jossey-Bass Books.

Ur, P. (1984). *Teaching listening comprehension.* Cambridge: Cambridge University Press.

Whitman, N. A. (1988). *Peer teaching: To teach is to learn twice.* ASHE-ERIC Higher Education Report No. 4, 1988.

Williams, E. (1984). *Reading in the language classroom.* Essential language teaching series. London: Macmillan.

Williams, T. (1981). The functions of language. In Communication and the teacher, B. Hodge, Ed. Melbourne: Longman Cheshire.

Willingham, D. T. (2007). Critical thinking: Why is it so hard to teach? *American Educator, Summer 2007.*

# မှတ်စုများ

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန